# တောင်ပုလု၏
# အမေရိကန်ဗုဒ္ဓသာသနာ
# ဖော်ကွန်းတိုင်




ပိုင်၊အမ်၊အီး၊အေ အရှင်ဝိသုတာဘိဝံသ(ဂဏဝါစက)ရေးသည်

ပထမအကြိမ်

အုပ်ရေ — ၇၀၀၀

၁၉၈၀-ခု စက်တင်ဘာလ

ဖြန့်ချိရေးဌာနများ

တောင်ပုလဲ ကပ္ပိယ ကာရက အဖွဲ့

အမှတ်-၆၂၊ ၁၁-လမ်း၊ ရန်ကုန်မြို့။ စကားပြောကြေးနန်း - ၇၃၄၂၁

ဦးရွှေလှ

ရွှေလှမော်တော်ကားအလုပ်ရုံ

၁၈၂-၁၈၆၊ ဆိပ်ကမ်းသာ(လှေစု)လမ်း၊ ရန်ကုန်မြို့။

စကားပြောကြေးနန်း - ၇၁၀၄၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက် နေလင်း စာပုံနှိပ်တိုက်(၀၂၀၃၀)တွင် ဒေါ်တင်လှက ပုံနှိပ်၍ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင် မှတ်ပုံတင်အမှတ်(၀၂၅၂၇)က ထုတ်ဝေသည်။



ကမ္ဘာ့သာသနာပြုကျေးဇူးရှင် တောင်ပုလုတောရ
ကမ္ဘာအေး ဆရာတော်ဘုရားကြီးပုံ၊

# တောင်ပုလု၏ ဘဝနိဒါန်း

## နမော ရတနတ္တယဿ

ဟုံ·စုံးသံ၂ လက်ရုံးပြ

လောကရှိ လူသားတို့သည် ဂုဏ်ကိုမြင်တတ်ကြသည်။ ဂုဏ်ကို မြတ်နိုးတတ်ကြသည်။ ဂုဏ်ကို စွဲမက် ခင်တွယ်တတ်ကြသည်။ ယင်းဂုဏ်ကား ကောင်းဂုဏ်၊ ဆိုးဂုဏ်ဟု နှစ်မျိုးရှိလေသည်။ ယင်းနှစ်မျိုးလုံးကိုပင် လူသားတို့ မြင်တတ်ကြချေသည်။ မမြင်သော်လည်း ဂုဏ်ရှိသူက မိမိဂုဏ်ကို မြင်တတ်လာအောင် ထုတ်ဖော်ပြတတ်ကြသည်။

"ဥပက၊ နတ်နှင့်တကွသော လောက၌ ငါ့ဆရာဟူ၍ မရှိ။ ငါလိုလူ မရှိ။ ငါနှင့်စင်ပြိုင်ပုဂ္ဂိုလ် မရှိ။ ငါကား ပူဇော်အထူးကို ခံထိုက်သူ ဖြစ်၏။ ငါကား အတုမရှိ မြတ်သောဘုရားတည်း။[၁]"

"ချစ်သားတို့၊ ငါဘုရားကို ဂေါတမဟူသော အမည်ဖြင့် ဖြစ်စေ၊ ငါ့ရှင်ဟူသော ခေါ်ဝေါ်ခြင်းဖြင့် ဖြစ်စေ မခေါ်ဝေါ်ကြနှင့်။ ချစ်သားတို့၊ ငါဘုရားကား ပူဇော်အထူးကို ခံတော်မူထိုက်၍ ရှေးဘုရားများကဲ့သို့ လာခြင်းကောင်းတော်မူသည့် အလုံးစုံသောတရားတို့ကို ကိုယ်တိုင် သိမြင်တော်မူသော ဘုရားသာတည်း။[၂]"

---

၁။ ဝိနည်းမဟာဝါ ပါဠိ၊ ၁၂။ ၂။ ဝိနည်းမဟာဝါ ပါဠိ၊ ၁၃။

ဤကား ဗုဒ္ဓ၏မိန့်ဆိုချက်ဖြစ်သည်။ ဗုဒ္ဓသည် ဘုရားဟုမသိသူ ဥပကနှင့် ပဥ္စဝဂ္ဂီငါးဦးတို့အား ဘုရားဟု သိမြင်လာနိုင်စေရန် မိမိ၏ ဗုဒ္ဓဂုဏ်ထူးကို ထုတ်ဖော်ပြသလိုက်ခြင်း ဖြစ်သည်။ စင်စစ် ဂုဏ်ဟူသော အမည်နာမကား လူအများတို့ မြတ်နိုးစရာ အမှတ်အသား ဝိသေသလက္ခဏာ တခုသာ ဖြစ်ချေသည်။

အမေရိကန်၊ အိန္ဒိယ နှစ်နိုင်ငံ သာသနာပြုအဖွဲ့ဦးဆောင် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ဖော်ပြရာဖြစ်သည့် "တောင်ပုလု ဘဝနိဒါန်း"ကိုလည်း တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များနှင့် ဒွန်တွဲသိသင့်သည်ဟု ယူဆသည်။ ယင်းသို့သိသော်သာ ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီး၏ဂုဏ်တော်ကို ပိုမိုမြင်တတ်လာကြမည်ဟု ယုံကြည်သည်။

တောင်ပုလုဟု ကြွေးကြော် ထုတ်ဖော်ရုံမျှဖြင့် တောင်ပုလု၏ဂုဏ်ကို ထင်မြင်လာနိုင်ကြမည်မဟုတ်ချေ။ တောင်ပုလု၏ ဂုဏ်ကို ထင်မြင်လာစေနိုင်သည်ကား ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ဖော်ပြရာဖြစ်သည့် "တောင်ပုလု၏ ဘဝနိဒါန်း" ပင် ဖြစ်ပေသည်။

ထို့ကြောင့် ဤတောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များတွင် တောင်ပုလု၏ ဘဝနိဒါန်းကိုပါ ကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ထည့်သွင်းဖော်ပြလိုက်ခြင်း ဖြစ်ပေသည်။

## ဖွားမြင်ချိန်

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး၏ ဇာတိချက်ကြွေ မွေးရပ်မြေကား မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ တဲစုရွာ ဖြစ်သည်။ တောင်ပုလုဆရာတော် အလောင်းအလျာ ကမ္ဘာကျော် သားရတနာကို ယင်းတဲစုရွာတွင် နေထိုင်လျက်ရှိကြသည့် တောင်သူကြီး ဦးရုံနှင့် ဒေါ်ရွှေသဲတို့မှ သက္ကရာဇ် ၁၂၅၇-ခုနှစ်၊ တပေါင်းလဆုတ် ၃-ရက်၊ စနေနေ့တွင်

မိုးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်မည်တော်ကား "မောင်ပေါ်လာ"ဟု တွင်သည်။

## ပညာရှာချိန်

အသက်ခုနစ်နှစ်သားရှိ မောင်ပေါ်လာသည် ဘုန်းတော်ကြီးကျောင်းသား ဖြစ်လာခဲ့သည်။ အဖဦးရံနှင့် အမိဒေါ်ရွှေသဲတို့က မူလတဲစုရွာ ရေဝန်းကျောင်းဆရာတော် ဦးတေဇထံတွင် သူ့အား အပ်နှံ ပညာသင်ကြားစေခဲ့လေသည်။ မောင်ပေါ်လာသည် သူငယ်တို့ တတ်အပ်ရာ အခြေခံစာပေများကိုသာမက ပန်းချီဆေးရေးစသော အနုပညာ အတတ်များကိုပါ ယင်းရေဝန်းကျောင်းဆရာတော် ဦးတေဇမှပင် လက်ပူးလက်ကြပ် ဆည်းပူးသင်ကြားခဲ့သည်။ တဲစုရွာ ရေဝန်းကျောင်းတွင် ဦးတေဇ၊ဦးလက္ခဏဟု ဆရာတော် ၂-ပါးရှိရာ ဦးတေဇထံတွင် သင်ရိုးနှင့် ဦးလက္ခဏထံတွင် သဒ္ဒါ၊ သင်္ဂြိုဟ်များ သင်ယူခဲ့သည်။

"ဝါသနာပါတယ်လို့တော့ မဟုတ်ပါဘူး။ လုပ်ရင်တော့ ဖြစ်တော့ ဖြစ်တာပဲ။ ဒို့ဆရာဘုန်းကြီးကလဲ သည်ဟာတွေတတ်တယ် ။ အဲဒီတော့ ရွာက ပြောကြတယ်။ သည်ကျောင်းနေတာ အဖျင်းဆုံး ကော်သုတ်တော့ တတ်တယ်ဟာ"တဲ့။

## သာမဏေပြုချိန်

မောင်ပေါ်လာသည် "ရှင်နန္ဒိယ"ဟူသော ဘွဲ့အမည်ဖြင့် သာမဏေကလေး ဖြစ်၍နေပေပြီ။ ပညာရင်နို့ သောက်စို့၍ စကားတတ်ပွန် ပညာဝင်လာသော ၁၄-နှစ်အရွယ်ရှိ မောင်ပေါ်လာကို ဆရာတော်နှင့် မိဘနှစ်ပါးတို့က သင်္ကန်းများ ဆီးပေးခဲ့လေသည်။ ထိုမှမက သာမဏေဝါ-၇-ဝါအရ အသက် ၂၁-နှစ်ရှိ၍ ရဟန်းပြုလောက်ပြီဖြစ်သော သာမဏေ ရှင်နန္ဒိယကို တဲစုရွာရှိ ဦးထွန်းအေး၊ ဒေါ်ကြာမွေးတို့၏ စတုပစ္စယဒါနကို ခံယူစေကာ ဆရာတော်ဦးတေဇက ဥပသမ္ပဒဘုံအရောက် ချီးမြှောက်ခဲ့သည်။ ဥပဇ္ဈာယ် ဆရာတော်ကား တဲစုရွာ ရေဝန်းကျောင်းဆရာတော် ဦးတေဇပင် ဖြစ်လေသည်။

ကမ္ဘာ့သာသနာပြု တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် အလောင်းအလျာ အရှင်နန္ဒိယသည် သက္ကရာဇ် ၁၂၇၉-ခုနှစ်တွင် ရဟန်းဖြစ်လာခြင်း ဖြစ်လေသည်။

## စာသင်ကြွချိန်

တောင်ပုလုဆရာတော် အလောင်းအလျာ အရှင်နန္ဒိယသည် ရဟန်းဖြစ်လျှင်ဖြစ်ချင်း မြို့များသို့ စာသင်ကြွခြင်းမရှိသေးပဲ မိမိ၏ ကျေးဇူးရှင် ဧရဝန်းဆရာတော်ထံမှာပင် ရဟန်း ၄-ဝါရသည်အထိ အခြေခံ စာဝါများကို သင်ကြားဆည်းပူးနေခဲ့သည်။ ရဟန်း ၅-ဝါအရတွင် အရှင်နန္ဒိယသည် အခြေခံစာပေများ လုံလောက်၍ စာဝါကြီးများဖြစ်သည့် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာစသောကျမ်းများကို သင်ကြားလေ့လာဆည်းပူးနိုင်ရန် မန္တလေးသို့ စာသင်ကြွခဲ့သည်။ မန္တလေးအရှေ့ဘက်တွင် ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ ရွှေဘိုကျောင်းကို ပညာဆည်းပူးရာ အခြေခံစခန်းပြုလုပ်၍ ပညာများဆည်းပူးခဲ့လေသည်။

အရှင်နန္ဒိယသည် ရွှေဘိုကျောင်းဆရာတော် အရှင်အာစာရထံတွင် အဘိဓမ္မာ-၇ ကျမ်းကို သင်ကြားဆည်းပူးခဲ့သည်။ ယင်းအချိန်က ဘုရားကြီးဆရာတော်များ ဖြစ်ကြသည့် ဆရာတော် ဦးဥယျ၊ ဆရာတော် ဦးနာရဒနှင့် ဆရာတော်ဦးတေဇဝန္တတို့ထံများတွင်လည်း စာဝါကြီးများ သင်ကြားဆည်းပူးခဲ့လေသည်။ အရှင်နန္ဒိယသည် ပညာရင့်နို့ သောက်စို့စဉ်ကပင် ပဋ္ဌာပိဋကမူတင်ကို ဆောက်တည်ခဲ့လေသည်။

"ဦးဥယျဆီမှာ ညဝါနဲ့ကခ်ါ၊ ဦးတေဇဝန္တဆီမှာ သာရတ္ထဒီပနီဋီကာ၊ ဦးနာရဒဆီမှာ ဝိနည်းများလိုက်ခဲ့တယ်။"

အရှင်နန္ဒိယသည် မန္တလေးမှာသာမက အခြားသော စာချအကျော်အမော်များထံတွင်လည်း ပညာများ ဆည်းပူးခဲ့သေးသည်။ ယင်းစာချအကျော်အမော်များအနက် ပခုက္ကူတိုက်ထွက် ကျွဲပွဲအိုးဆိပ် ဆရာတော်ဦးသာသနထံတွင် ဝိနည်း ၅-ကျမ်းနှင့် သုတ် ၃-ကျမ်းကို ဆိုဝါများဖြင့် ပေါက်ရောက်တတ်မြောက်ရှိလေသည်။

## စာချချိန်

မန္တလေးတွင် စာသင်နှစ် ၄-နှစ်အရ သက္ကရာဇ် ၁၂၇၇-ခုနှစ်တွင် ညီတော်ဖြစ်သူ သာစည်ရွှေ ရေလယ်ကျောင်းဆရာတော် အရှင်နန္ဒောဘာသ၏ တောင်းပန်လျှောက်ထားချက်အရ သာစည်မြို့ ရေလယ်ကျောင်းစာသင်တိုက်ကြီးကို အလှူခံရကာ စာချဆရာတော်အဖြစ် သာသနာတော်ကို စတင်ချီးမြှောက်ခွင့် ရသွားလေသည်။ ယင်းသို့ဖြင့် တောင်ပုလုဆရာတော် အလောင်းအလျာ ဆရာတော်ဦးနန္ဒိယသည် စာသင်သားအဖြစ်မှ စာချဆရာတော်အဖြစ်သို့ ရောက်ရှိသွားခဲ့သည်။ ယင်းအချိန်က သာစည်မြို့ ရေလယ်ကျောင်းတိုက်တွင် စာသင်သား ၁၀၀-ကျော်မျှ ရှိခဲ့လေသည်။ စာချဆရာတော်အဖြစ်သို့ ရောက်ရှိလာသော အရှင်နန္ဒိယသည် "ဂဏဝါစက" ဟူသော စာချဆရာတော်များ၏ ဘွဲ့တော်ကိုလည်းကောင်း၊ မူလဓမ္မာစရိယ ဟူသော ဘွဲ့ထူးကိုလည်းကောင်း ရရှိတော်မူခဲ့လေသည်။ သာစည်မြို့ရေလယ်ကျောင်းတိုက်တွင် စာပေပို့ချနေခဲ့သည်ကား နှစ်ပေါင်း ၂၀-မျှ ကြာမြင့်ခဲ့လေသည်။

## သာစည်မှ သထုံသို့

သာစည်မြို့ ရေလယ်ကျောင်းတိုက်ကြီးတွင် စာချနေစဉ် ဆရာတော် အရှင်နန္ဒိယသည် မူလကြံရွယ်ရင်းရှိသည်နှင့်အညီ သက္ကရာဇ် ၁၂၉၉-ခုနှစ်၊ သီတင်းကျွတ် ၂၀-အရတွင် သာစည်မြို့ ရေလယ်ကျောင်းတိုက်ကြီးကို ပစ်ခွာကာ နောက်ပါသီတင်းသုံးဖော် အရှင်နန္ဒောဘာသ၊ ထူးတွင်းဆရာတော်များနှင့်အတူ သထုံမြို့ ဇေတဝန်ဆရာတော်ဘုရားကြီးထံ ဝိပဿနာနည်းခံရန် သထုံသို့ ထွက်ကြွတော်မူခဲ့သည်။ ယင်းအချိန်မှစ၍ သာစည်မြို့ ရေလယ်ကျောင်းတိုက်ကြီးတွင် ပြန်လည်၍ သီတင်းမသုံးတော့ချေ။

"သထုံဇေတဝန် ဆရာတော်ဘုရားကြီးရဲ့ စည်ကမ်းက ပါတိမောက် ရ-ရမယ်၊ ဆွမ်းခံစားရမယ်၊ ဝတ်ဆောက်တည်ပြီး ဖြစ်ရမယ်တဲ့"ဟ။

ယောဂါဝစရ ရဟန်းဖြစ်လာခဲ့သော အရှင်နန္ဒိယသည် သထုံဇေတဝန် ဆရာတော်ဘုရားကြီးထံ ဝိပဿနာကမ္မဋ္ဌာန်းနည်းများ နည်းခံရန် ၃-နှစ်နေ

ခွင့်ရသော်လည်း သီလရှင်ဆရာကြီး ဒေါ်ကုသလာ၏ လျှောက်ထားတောင်းပန်ချက်နှင့် ဇေတဝန်ဆရာတော်ဘုရားကြီး၏ စေခိုင်းတိုက်တွန်းတော်မူချက်ကြောင့် မော်လမြိုင်မြို့နှင့် ၆-မိုင်ကွာရှိ ခံရှင်းရွာကျောင်းသို့ ကြွရောက်ကာ ၂၂-နှစ်ကြာမျှ ဝိပဿနာကမ္မဋ္ဌာန်းနည်းများ ထပ်ဆင့်ဖြန့်ဖြူးခဲ့ရလေသည်။ ဆရာတော်အရှင်နန္ဒိယသည် သထုံဇေတဝန်ဆရာတော်ဘုရားကြီးထံတွင် ၂-နှစ်နှင့် ခံရှင်းရွာ ၂-နှစ်၊ ပေါင်း ၄-နှစ်တာကာလမျှ အောက်အရပ်ဒေသတွင် ဝိပဿနာကမ္မဋ္ဌာန်းနည်းများ ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့လေသည်။

## ဓူတင်နှင့် တရားကျင့်ချိန်

တောင်ပုလုဆရာတော် အလောင်းအလျာ ဆရာတော် အရှင်နန္ဒိယသည် သက္ကရာဇ် ၁၃၀၃-ခုနှစ်တွင် သထုံမှ ပြန်လည်ကြွချီခဲ့၍ မိမိဇာတိဌာနဖြစ်သော တဲစုရွာဝန်းကျင်တွင် ၁၂-နှစ်ကြာမျှ တောရဆောက်တည်၍ ဓူတင်တရားများနှင့် ဝိပဿနာကမ္မဋ္ဌာန်းနည်းများကို ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ အရိုးကြေကြေ အရေခန်းခန်း ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူခဲ့လေသည်။ ယင်းသို့ အားထုတ်တော်မူရာတွင် ဆရာတော် အရှင်နန္ဒိယသည် တနေရာတည်း၌ အမြဲနေလေ့မရှိပဲ ရံခါကျောက်ဆင်တောရ၊ ရံခါသပြေချောင်း၊ ရံခါတောင်ပုလုစသည်ဖြင့် ပလိဗောဓကြောင့်ကြမှုများကို ဖြတ်ကာ တရားများ အားထုတ်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ကျောက်ဆင်တောရတွင် သီတင်းသုံးခဲ့စဉ်ကစ၍ ဓူတင်တရား ၁၃-ပါးကို နှေ့ညမခြား အားထုတ်တော်မူခဲ့လေသည်။

## တောင်ပုလုဆရာတော် ပေါ်ထွန်းလာချိန်

တောင်ပုလုဆရာတော် ပေါ်ထွန်းလာချိန်သည် တောင်ပုလုဆည်တော်ကြီး ပေါ်ပေါက်လာချိန်မှ စခဲ့လေသည်။

တောင်ပုလုဆည်တော်ကြီး ပေါ်ထွန်းချိန် သက္ကရာဇ် ၁၃၁၃-ခုနှစ်တွင် ဆရာတော်သည် တောင်ပုလုတောင်၏ အနီးတဝိုက်တွင် ဝိပဿနာဖြင့် သစ္စာတရားကို ရှာကြံလျက် ရှိခဲ့သည်။ ယင်းအချိန်က ဆည်တော်ကြီးဆောက်လုပ်ရာတွင် အထူးတာဝန်ကျသော မိတ္ထီလာအမတ် ဆရာထီနှင့် ဆည်မြောင်း

ဌာန ကန်ဗိုလ် ဦးစံငြိမ်းတို့သည် ကျောက်ဆောင်ကျောက်ကမ်းပါးနှင့် သစ်ပင် ကောင်းကောင်းများကို ကျောင်းအဖြစ် သီတင်းသုံး၍ ဓုတင်နှင့် ဝိပဿနာ တရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်လျက်ရှိကြသော ဆရာတော်နှင့် တပည့်တို့အား လျှောက်ထား တောင်းပန်၍ ကပ်မိုးကပ်ကာ ကျောင်းကလေး တဆောင်ကို ဆောက်လုပ် လှူဒါန်းနိုင်ခဲ့လေသည်။ ယင်း ကပ်မိုးကပ်ကာ ကျောင်းကလေးသည် နောင်တချိန်တွင် "တောင်ပုလုရိပ်သာ"ဟူ၍ ပေါ် ထွန်းလာရန် သန္ဓေလောင်းဖြစ်သည်ဆိုခြင်းကို မည်သူမျှ ရိပ်စားမိခဲ့ဟန် မရှိချေ။

ယင်းအချိန်မှစ၍ ဆရာတော်သည် "တောင်ပုလုဆရာတော်"ဟူ သော အမည်တော်ဖြင့် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကျော်ကြားခဲ့လေသည်။

**ကမ္ဘာအေးဆရာတော်ဟု ကျော်ကြားလာချိန်**

တောင်ပုလုဆရာတော်၊ "ကမ္ဘာအေးဆရာတော်"ဟု ကျော်ကြားလာ ခြင်းသည် တောင်ပုလုတောင်ထိပ်ရှိ ကမ္ဘာအေးဘုရားတည်ပြီးချိန်မှ စခဲ့လေ သည်။

တောင်ပုလုဆရာတော်သည် ၁၃၁၅-ခုနှစ်တွင် တပည့်သံဃာ ၃၂-ပါး နှင့်အတူ မိတ္ထီလာအမတ် ဆရာထီနှင့် ဆည်မြောင်းဌာန ကန်ဗိုလ် ဦးစံငြိမ်းတို့၏ လျှောက်ထားတောင်းပန်ချက်အရ တောင်ပုလုတောင်ထိပ်တွင် ကိန်းဝပ်စံပယ် တော်မူမည့် ကမ္ဘာအေးစေတီတော်ကို အုတ်မြစ်ချပေးတော်မူခဲ့သည်။

ယင်းသို့ဖြင့် ၁၃၁၅-ခုနှစ်အတွင်းမှာပင် တောင်ပုလုဆည် ဖွင့်ပွဲနှင့် ကမ္ဘာအေးဘုရား ထီးတော်တင်ပွဲကို တပြိုင်တည်း ပူးတွဲကျင်းပနိုင်ခဲ့လေသည်။ ယင်းအချိန်မှစ၍ ဆရာတော်ဘုရားသည် တောင်ပုလုဆရာတော် ဟူသော အမည်နာမတော်ဖြင့် ကျော်ကြားခဲ့သည့်ပြင် "ကမ္ဘာအေးဆရာတော်"ဟူ သော အမည်နာမတော်ဖြင့်လည်း နိုင်ငံတဝန်းတွင် ထပ်ဆင့်ကျော်ကြားလာ ခဲ့သည်။

ယင်းသို့သော ဝိသေသလက္ခဏာရပ်များကြောင့် ဆရာတော်ဘုရားသည် "ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်"ဟု နိုင်ငံတဝန်းလုံးတွင် ကျော်ကြားခဲ့ခြင်း ဖြစ်လေသည်။

## မြောက်ဖက်စကြံ့ ပြောင်းရွှေ့စံ

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးသည် မိတ္ထီလာအမတ် ဆရာထီနှင့် ဆည်မြောင်းဌာန ကန်ဗိုလ်ဦးစံငြိမ်းတို့ဆောက်လုပ်လှူဒါန်းရာ တောင်ဖက် မူလစကြံ့ကျောင်းတော်တွင် သက္ကရာဇ် ၁၃၁၅၊ ၁၃၁၆-ခုနှစ်များအထိ သီတင်းသုံးကာ သက္ကရာဇ် ၁၃၁၇-ခုနှစ်မှစ၍ ယနေ့တိုင် မြောက်ဖက်စကြံ့ကျောင်းတော်တွင် သီတင်းသုံးလျက်ရှိသည်။

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးသည် တောင်ပုလုကမ္မဋ္ဌာန်းရိပ်သာတွင် တရားအားထုတ်လိုသူများကို ရဟန်းဝတ်များဖြင့်သာ တရားအားထုတ်စေလေသည်။ ရိပ်သာအတွင်းတွင် လူဝတ်ကြောင်နှင့် တရားအားထုတ်သူများကို တွေ့မြင်ရခဲသည်။ ဇေတဝန်ဆရာတော်ဘုရားကြီး၏ နည်းနာနယအတိုင်း တရားအားထုတ်လိုသော ရဟန်းတော်များ ပါတိမောက်ရရသည်။ ဆွမ်းခံ ဘုဉ်းပေးရသည်။ မကြာမကြာ ဝတ်ဆောက်တည်ရသည်။

## ကမ္ဘာ့သာသနာပြု ဆရာတော်

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးသည် အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာရီနာဆာကား အမှူးပြုသော ဗုဒ္ဓဘာသာ အမေရိကန် တပည့်ဒါယကာ၊ ဒါယိကာမတို့၏ ပင့်ဖိတ်လျှောက်ထားချက် အရ အမေရိကန်နိုင်ငံတွင် ၃-လနှင့် ရက် ၂၀-ကြာမျှ သာသနာပြုခဲ့၍ အိန္ဒိယနိုင်ငံတွင် ၁-လနှင့် ၁၅-ရက်ကြာမျှ သာသနာပြုခဲ့လေသည်။ ယင်းသို့သော ဝိသေသလက္ခဏာရပ်များကြောင့် ဆရာတော်ဘုရားကြီးသည် "ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်"ဟူသော အမည်နာမတော်ဖြင့် ပြည်တွင်းနှင့်ပြည်ပ နှစ်ဌာနလုံးမှာပင် ကျော်ကြားလျက်ရှိလေသည်။

ယခုအခါ ကမ္မဋ္ဌာန်းသာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းအေး ဆရာတော်ဘုရားကြီးသည် မြန်မာပြည်အလယ်ပိုင်း မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းမြို့များဆိုရာ တောင်ပုလု ကမ္မဋ္ဌာန်းအေးရိပ်သာတွင် မြန်မာပြည်သူ ပြည်သားများနှင့်တကွ ကမ္မဋ္ဌာန်းသူ ကမ္မဋ္ဌာန်းသားတို့အား ဝိပဿနာ အမြိုက်တရားတော်များ ဝေငှလျက်ရှိပေသည်။

## တာရှည်ကောင်းရန် ခန့်စီမံ

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းအေးဆရာတော်ဘုရားကြီးသည် မိမိအား လှူဒါန်းထားသည့် ကျောင်း၊ ကန်၊ စရပ်၊ မြေ့ရှိတို့ပါဝင်သည့် မဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းတိုက်ကြီးကို ဗုဒ္ဓသာသနာ ပြန့်ပွားတွန်းကားရေးအတွက် အဓွန့်ရှည်စွာ နည်းလမ်းတကျ အသုံးပြုနိုင်ရေးကို မျှော်မှန်းရည်သန်လျက် ဤယုံကြည်အပ်နှံကြောင်း စာချုပ်ကို အောက်ပါတပည့်ဥပါသကာအဖွဲ့ဝင်များဖြစ်သည့်—

| | | |
|---|---|---|
| (၁) | ဆရာကြီး ဦးသာဒင် | (ပဲခူး)၊ |
| (၂) | ဦးမောင် | (ပါမောက္ခဟောင်း)၊ |
| (၃) | ဆရာဝန်ကြီး ဦးကောင်းမြသူ | (ဗိုလ်မှူးဟောင်း၊ မိတ္ထီလာမြို့)၊ |
| (၄) | ဦးဘသင် | (ဒုတိယအင်ဂျင်နီယာချုပ်)၊ |
| (၅) | ဦးဘွန်ရှိန် | (ဒုတိယညွှန်ကြားရေးမှူး)၊ (အမျိုးသား စီမံကိန်းဝန်ကြီးဌာန)၊ |
| (၆) | ဦးမောင်မောင် | (ဗိုလ်မှူးဟောင်း)၊ |
| (၇) | ဦးမောင်မောင် | (ဒဂုံဒေသစိတ်)၊ |
| (၈) | ဦးတောင်လုံး | (၁၁-လမ်း၊ ရန်ကုန်)၊ |
| (၉) | ဦးရွှေလှ | (ရွှေလှမော်တော်ကား အလုပ်ရုံ၊ ရန်ကုန်)၊ |
| (၁၀) | ဦးအောင်ကျော် | (မိတ္ထီလာမြို့)— |

တို့အား တာဝန်ပေးအပ်ရန်အလို့ငှာ အောက်ပါအတိုင်း ၎င်းတို့နှင့်အတူ သဘောတူ ချုပ်ဆိုကြပါသည်—

၁။ (၁) ဆရာတော်ဘုရားကြီးသည် မိမိနှင့်အတူ အထက်ပါ ကမ္မဋ္ဌာန်းတိုက်ကြီးရှိ ရဟန်းယောဂီ၊ လူယောဂီ စသည်တို့ ကောင်းစွာ သီတင်းသုံးနေထိုင် တရားအားထုတ်နိုင်စိမ့်သောငှာ ကမ္မဋ္ဌာန်းတိုက်ကြီးအား ဝိုင်းဝန်းစောင့်ရှောက်ရေးနှင့် မိမိအား လှူဒါန်းထားသည့် ငွေကြေးဝတ္ထုပစ္စည်းရန်ပုံငွေများကို စီမံခန့်ခွဲရေး၊ သံဃာတော်များနှင့် မအပ်စပ်သည့်ကိစ္စများ ဆောင်ရွက်ရေးအတွက် တပည့်ဥပါသကာ အဖွဲ့ဝင်များအား တာဝန်ပေးလိုသည့်ဆန္ဒရှိသည့်အလျောက် မိန့်ကြားရာအဖွဲ့ဝင်များကလည်း ဆရာတော်ဘုရားကြီးပိုင် ပုဂ္ဂလိကပစ္စည်းများနှင့် ငွေကြေးဝတ္ထုပစ္စည်းရန်ပုံငွေများကို ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူလျက် ထိန်းသိမ်းစောင့်ရှောက် စီမံခန့်ခွဲပြီး သံဃဝေယျာဝစ္စများ ဆောင်ရွက်ရန် ဝမ်းမြောက်ဝမ်းသာစွာဖြင့် တာဝန်ယူပါသည်။

(၂) အထက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဆရာတော်ဘုရားကြီး ခန့်အပ်သည့် ဥပါသကာအဖွဲ့ဝင်များ ဖြစ်ကြသည်။

(၃) ဆရာတော်ဘုရားကြီးသည် လစ်လပ်သည့် အဖွဲ့ဝင်နေရာတွင် အဖွဲ့ဝင်သစ် ခန့်နိုင်သည်။ သို့မဟုတ် အဖွဲ့ဝင်ဦးရေ တိုးမြှင့်ခန့်အပ်နိုင်သည်။

၂။ အဖွဲ့သည် ဆရာတော်ဘုရားကြီး၏ ကမ္မဋ္ဌာန်းတိုက်နှင့် ငွေကြေးဝတ္ထုပစ္စည်းရန်ပုံငွေများ ကြည့်ရှုထိန်းသိမ်းစောင့်ရှောက် စီမံခန့်ခွဲရာတွင် အဖွဲ့၏ အဖွဲ့ဝင်အားလုံး၏ သဘောတူဆုံးဖြတ်ချက်၊ သို့မဟုတ် အဖွဲ့ဝင်များ၏ သုံးပုံနှစ်ပုံထက်မနည်းသော အဖွဲ့ဝင်များ တက်ရောက်သည့် အစည်းအဝေး ဆုံးဖြတ်ချက်ရယူပြီး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ (၁) ဤစာချုပ်အရ ဆရာတော်ဘုရားကြီးက လွှဲအပ်သည့် ကိစ္စများကို နေ့စဉ်နှင့်အမျှ တာဝန်ယူဆောင်ရွက်နိုင်ရန်အလို့ငှာ အဖွဲ့

သည့် အဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် အနည်းဆုံး အဖွဲ့ဝင်သုံးဦးပါသည့် အမှုဆောင်အဖွဲ့ကို ဖြစ်စေ၊ သင့်တော်သည်ထင်မြင်သည့် ပုဂ္ဂိုလ်တဦးဦးကို ဖြစ်စေ၊ တဆင့်တာဝန်ခံ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆရာတော်ဘုရားကြီး၏ သဘောတူညီချက်ဖြင့် ထပ်ဆင့်တာဝန်ပေး ခန့်ထားနိုင်သည်။

(၂) အဖွဲ့မှာ ဤစာချုပ်အရ လွှဲအပ်သည့်တာဝန်များ ကျေပွန်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စီမံဆောင်ရွက်ဖွယ်ရှိသမျှကို စီမံဆောင်ရွက်ခွင့် ရှိစေရမည့်ပြင် အမှုဆောင်အဖွဲ့၏၊ သို့မဟုတ် တာဝန်ထပ်ဆင့်လွှဲခံရသူ၏ ဆောင်ရွက်ချက်များကိုလည်း ကြီးကြပ်ပြင်ဆင် ဖြည့်စွက်နိုင်ခွင့် ရှိစေရမည်။

၈။ အဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် ငွေကြေးရန်ပုံငွေများ၊ အဖွဲ့က ရရှိသော အလှူခံငွေများကို အဖွဲ့အမည်ဖြင့် ဘဏ်တွင် အပ်နှံထားရမည်။ အဖွဲ့၏ငွေများကို အဖွဲ့ဝင် ၂-ဦးထက်မနည်း လက်မှတ်ရေးထိုးသည့် ချက်လက်မှတ်ဖြင့်သာ ထုတ်ယူရမည်။

၁၁။ (၁) အဖွဲ့ဝင်တဦးဦး၏ ဘာဝန်ပျက်ကွက်မှုကြောင့် ဖြစ်စေ၊ ဖောက်လွဲဖောက်ပြန်မှုကြောင့်ဖြစ်စေ ငွေ၊ သို့မဟုတ် ပစ္စည်းဆုံးရှုံးနစ်နာလျှင်၊ ပြုန်းတီးလျှင်၊ သို့မဟုတ် အလွဲ၌ အသုံးပြုလျှင် ယင်းသို့ ဆုံးရှုံးနစ်နာမှု၊ ပြုန်းတီးမှု၊ သို့မဟုတ် အလွဲ၌ အသုံးပြုမှုအတွက် သက်ဆိုင်ရာအဖွဲ့ဝင်တွင် တာဝန်ရှိရမည့်ပြင် ထိုသူက စိုက်ထုတ်ပေးဆောင်ရမည်။ ဆိုခဲ့သည့် စိုက်ထုတ်ပေးဆောင်ရမည့်ငွေကို ရရှိစေရန် အဖွဲ့၌ တာဝန်ရှိသည်။ တောင်းခံ၍ မရပါမူ အဖွဲ့သည် ၎င်းငွေအတွက် တရားစွဲဆိုနိုင်သည်။

အထက်ပါစာချုပ်ကို ၁၃၃၃-ခုနှစ်၊ ဝါဆိုလဆန်း ၁၄-ရက် (၁၉၇၁-ခုနှစ် ဇူလိုင်လ ၆-ရက်) နေ့တွင် ဆရာတော်ဘုရားကြီးနှင့်တကွ အဖွဲ့ဝင်အား

လုံး လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ပါသည်။ စာချုပ်တွင် အပိုဒ် ၁၇-အထိ အချက်ကြီးများစွာ ပါရှိရာ ဤ၌ တစိတ်တပိုင်းမျှလောက်ကိုသာ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

အဖွဲ့ဝင် စုံညီတက်ရောက်သော အစည်းအဝေးက အမှုဆောင်အသီးသီးကို အောက်ပါအတိုင်း ရွေးချယ်ခန့်အပ်ပါသည်—

| | |
|---|---|
| ဆရာကြီး ဦးသာဒင် (ပဲခူး) | ဥက္ကဋ္ဌ။ |
| ပါမောက္ခဟောင်း ဦးမောင် | ဒုတိယဥက္ကဋ္ဌ။ |
| အင်ဂျင်နီယာ ဦးဘသင် | ဒုတိယဥက္ကဋ္ဌ။ |
| ဗိုလ်မှူးမောင်မောင် | အတွင်းရေးမှူး။ |
| ဦးတောင်လုံး | ငွေထိန်း။ |
| ဦးဘွန်ရှိန် | စာရင်းစစ်။ |

ဗိုလ်မှူးမောင်မောင်နှင့် ဦးဘွန်ရှိန်တို့ ကွယ်လွန်သွားလေသောအခါ ဦးရွှေလူအား အတွင်းရေးမှူးအဖြစ်၊ ဦးကျော်စိန် (အခိုးရစာရင်းစစ်အရာရှိ) အား အဖွဲ့ပင်စာရင်းစစ်အဖြစ် ခန့်ပါသည်။ ထို့ပြင် ဦးဟန်ဟုံး (သစ်အဝယ်တော်) ဒေါ်အေးကြည် (ဥပဒေဝန်ထမ်းအဆင့်—၁)၊ ဦးအုံကျော် (ဗဟိုတရားရုံးရှေ့နေ)၊ ဦးမောင်မောင်ကြီး (မီးရထားအရာရှိဟောင်း)၊ ဦးသိန်း၊ အောင် (ကုန်သည်)နှင့် ဆရာထိတို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်တင်းပါသည်။

ဝိုင်၊အမ်၊ဘီ၊အေ၊ အရှင်ဝိသုတာဘိဝံသ ဂဏဝါစက

ရွှေစေလူးကျောင်းတိုက်

နန်းတော်ကုန်းရပ်

မိတ္ထီလာမြို့

၁၀-၉-၇၉

**ကျေးဇူးရှင် ကမ္ဘာ့သာသနာပြုအကျော် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး၏ တောင်ပုလုကပ္ပိယကာရကအဖွဲ့**
၁၃၄၂ခု နယုန်လဆန်း (၉)ရက်(၂၂-၅-၈၀)



နောက်တန်း (ဝဲမှယာ) ဦးဟန်တိုး (အဖွဲ့ဝင်) ဦးမောင်မောင်ကြီး (အဖွဲ့ဝင်) ဦးအန့်ကျော် (စာရင်းစစ်) ဦးမောင် (ဒု-ဥက္ကဋ္ဌ) ဦးသာဒင် (ဥက္ကဋ္ဌ) ဦးရွှေလှ (အတွင်းရေးမှူး) ဦးတောင်လုံး (ဘဏ္ဍာရေးမှူး)

ရှေ့တန်း (ဝဲမှယာ) ဦးပဏ္ဍိတ ဒုဥက္ကဋ္ဌ ကျေးဇူးရှင် ကမ္ဘာ့သာသနာပြုအကျော် ဦးဘသင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရား ဒေါ်အေးကြည် (ဥပဒေအကြံပေး) ဦးမောင်မောင် (တွဲဘက်အတွင်းရေးမှူး)

## တောင်ပုလု၏ အမေရိကန် ဗုဒ္ဓသာသနာ့မော်ကွန်းတိုင်ကို ပြုစုရာ၌ ကိုးကားသောကျမ်းစာများ

(၁) ကဗျာဗန္ဓသာရကျမ်း။
(၂) ကဗျာသင်္ဂဟမေဒနီ။
(၃) ကဗျာသေတ္တု။
(၄) ကရင်ရိုးရာဓလေ့။
(၅) ကလျာဏီကျောက်စာ မြန်မာပြန် (ခင်ကြီးဖျော်)။
(၆) ကမ္ဘောဇသမိုင်း (စာပေဗိမာန်)။
(၇) ကုသပျို။
(၈) ခေတ်မီကမ္ဘောဇသမိုင်း။
(၉) ဂါထာခြောက်ဆယ်ပျို။
(၁၀) စတုဓမ္မသာရ ကိုးခန်းပျို။
(၁၁) စာဆိုတော်များ ရတုပေါင်းချုပ်။
(၁၂) စူဠဝါပါဠိတော်။
(၁၃) ဇာတကပါဠိ၊ ပ၊ ဒု။
(၁၄) ဇာတ်အဋ္ဌကထာများ။
(၁၅) တရုတ်သံရောက်မော်ကွန်း။
(၁၆) တောင်တွင်းလာပျို။
(၁၇) ထေရဂါထာပါဠိ၊ အဋ္ဌကထာ။
(၁၈) ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ အဋ္ဌကထာ။
(၁၉) ဓူတင်ရေတုပိုဒ်စုံများ။ (ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ)
(၂၀) ဓမ္မပဒပါဠိ၊ အဋ္ဌကထာ။
(၂၁) နာရဒပျို။
(၂၂) နိဒါနဝဂ္ဂသံယုတ္တပါဠိ။
(၂၃) နိုင်ငံတကာ သမိုင်းဝင်မှတ်တမ်းနှင့် စာချုပ်စာတမ်းများ (ရဲဘော်လှမျိုး)။

# ကိုးကားသော ကျမ်းစာများ

(၂၄) ပဋိသမ္ဘိဒါမဂ္ဂပါဠိ။
(၂၅) ပါရာဇိကဏ်ပါဠိ၊ အဋ္ဌကထာ။
(၂၆) ပဉ္စာဝုဓပျို။
(၂၇) ဗာဟီယန့် ခရီးစဉ်။
(၂၈) ဗွီအို-အေ-အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်။
(၂၉) ဘူရိဒတ်ဇာတ်ပေါင်းပျို။
(၃၀) မဃဒေဝလင်္ကာ။
(၃၁) မဟာဂီတဝိသောဓနီကျမ်း။
(၃၂) မဟာဒွါရနိကာယ သာသနာဝင်။
(၃၃) မဟာဝဂ္ဂပါဠိ၊ အဋ္ဌကထာ။
(၃၄) မဟာဝဂ္ဂသံယုတ္တပါဠိ။
(၃၅) မဟာသတိပဋ္ဌာန် ရှုပွါးနည်း (ဟောင်ပုလုဆရာတော်)။
(၃၆) မိလိန္ဒပဉှာပါဠိ။
(၃၇) မူလပဏ္ဏာသအဋ္ဌကထာ။
(၃၈) ရာဇမတ္တဏ်ကျမ်း (ယမနာဆရာရေး။ ဆရာတော်ဦးဗုဒ်ပြန်ဆို)။
(၃၉) ရွှေစက်တော်သွား တောလားများ (ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ ရှင်ဥတ္တမကျော်၊ ဆရာတော်ဦးဗုဒ်)။
(၄၀) လင်းရောင်ခြည် မဂ္ဂဇင်း၊ ၁၉၇၉-ခုနှစ်ထုတ်။
(၄၁) လန်ဒန်သွားမှတ်တမ်း (ဦးကောင်း)။
(၄၂) သဂါထာဝဂ္ဂသံယုတ္တပါဠိ။
(၄၃) သီလက္ခန္ဓပါဠိ၊ အဋ္ဌကထာ။
(၄၄) သုသောဓိတ မဟာရာဇဝင် (တတိယတွဲ)။
(၄၅) အပဒါန်ပါဠိ၊ အဋ္ဌကထာ။
(၄၆) အမေးတော်အဖြေကျမ်း။
(၄၇) အင်္ဂုတ္တရပါဠိ၊ အဋ္ဌကထာ။
(၄၈) Washingtan Buddhist

အိန္ဒိယပြည် အနောက်ဘင်္ဂလားပြည်နယ် မဟက်ရှ်တလ ဗုဒ္ဓဘာသာ အသင်းမှ ဆရာတော်အား ဆက်ကပ်သော ချီးကျူးဂုဏ်ပြုလွှာ

(မိတ္တူ)

## An Address Of Felicitation
## To
## THE MOST VENERABLE TAUNG PULU SAYA-DAW OF BURMA

Bhadanta,

We the Upasakas and Upasikas of the Maheshtala Bauddha Vihara and the members of the Maheshtala Bauddha Samity, feel proud and take opportunity of according you a hearty welcome on the occasion of your august visit to this centre which has played a very important role in the religious, cultural and social life of the country. We are very much thankful and grateful to you for kindly accepting our invitation and feel fortunate to have you in our midst in spite of your busiest programmes.

It is indeed a matter of gratification that you have inspired millions of people to seek truth in the Vipassana System of Meditation. This technique of Vipassana which frees mankind of all evil, which calms the mind brimming over with tensions and anxiety and teaches man how to be free from all suffering. Having convinced by your spiritual activities thousands of people belongs to the various parts of the globe have followed the right path by taking ordination both higher and lower.

During your sojourn in this country, as an ardent Buddhist you have also taken the opportunity to go on pilgrimage to the sacred places associated with the life and teachings of the Lord Buddha. By your visit you have further strengthened the cultural relations between two countries.

In conclusion, We sincerely invake the blessings of Lord Buddha for your happy and long life.

MAY ALL BEINGS BE HAPPY

Yours respectfully
Upasaka & Upasikas;
Maheshtala Bauddha Vihar
Members; Maheshtala
Bauddha Samity

Gautam Nagar, P.O.
Maheshtala
Dist. 24 Parganas,
West Bengal India.
2522 B.E.
6th January
1979 C.E.

အိန္ဒိယပြည် အနောက်ဘင်္ဂလားပြည်နယ် ဓမ္မံကုရ ဝိဟာရမှ ဗုဒ္ဓဘာသာဝင်တို့က ဆရာတော်အား ဆက်ကပ်သော ချီးကျူးဂုဏ်ပြုလွှာ

(မိတ္တူ)

## NAMO TASSA BHAGAVATO ARAHATO SAMMASAMBUDDHASSA

### An Address of Felicitation

### THE MOST VENERABLE TAUNG PULU SAYADAW OF BURMA

Bhadanta,

We on behalf of the Buddhists of West Benga (India) extend you a most cordial welcome on your august visit to Bauddha Dharmankur Vihar, the oldest Buddhist Vihar of the city. It is indeed a matter of gratification that you have inspired millions of people to seek truth in the Vipassana System of Meditation from time to time in many countries of the globe.

As a monk you have dedicated your pious life for the upliftment of Buddhism and its culture in Burma and abroad. Having convienced by your spiritual activities for the noble cause of Dhamma, thousands of American have followed the right path envisaged in the teachings of Lord Buddha by taking Prabajjya and Upasampada. Your untiring activities to bring up unity in the Buddha Sasana are now in fruitful progress.

It is with the feeling of pride and honour that the Buddhists of West Bengal look upon you as a great teacher of Saddhamma with which Indian Culture

and Religion are closely associated for centuries. We believe that your visit will strengthen further the cultural relation between Burma and India.

In conclusion by the blessings of the Triple Gem Buddha, Dhamma and Sangha we wish you a happy and long life.

The 25th November, 1978
1, Buddhist Temple Street,
Calcutta- 700012.
INDIA

We remain in the
Dhamma Dayakas and
Dayikas of Buddha
Dharmankur Vihar

အိန္ဒိယပြည် ဗုဒ္ဓဂယာ ကမ္ဘဋ္ဌာန်းရိပ်သာမှ ဆရာတော်အား ဆက်ကပ်သော ချီးကျူးဂုဏ်ပြုလွှာ

(မိတ္တူ)

NAMO TASSA BHAGAVATO ARAHATO SAMMĀSAMBUDDHASSA

Marammaraṭṭhassa disāpāmokkhassa Vipassa-nācariyassa Paramasaddhābhājanassa Tounpula-Ārāma-adhināyaka-mahātherassa Buddhagayāya Āntajjātika-Vipassanākhettasmim subhā gamanam ārabbha satossāritam saddhābhinandanam.

BHO VIPASSAKA,

Imasmim Āntajjātika - Vipassanā - bhāvana - khettasmiṁ tumhākaṁ subhāgamanena mayaṁ ativiya pīti-pāmojjam anubhavāma, taṁ ca kho amhākaṁ sobhaggasūcakaṁ ti maññāma. Ito pubbe'pi mayaṁ Vipassanā-rāme bahunnaṁ mahāpurisānaṁ sambaddhanaṁ adāsimhā. Api ca ajja idāni tumhādisānam Vipassanācariyabhūtam pannāvimutta-purisaṁ sampūjetuṁ okāsaṁ labhitvā accādhikam santuṭṭhā homa. Tumhe pana satataṁ samitaṁ amhākaṁ saddhābhinandanaṁ gaṇhatha anukampaṁ upādāya.

BHO ĀCARIYA,

Marammaraṭṭhassa viviṭṭokāse lokadiṭṭhiyā avidūre tumhe jhānasamāhito hutvā vipassanabhavanaṁ sammā vaḍḍhamāno attānaṁ jhanamāggassā uccatare sopāne patiṭṭhāpesittha. Vipassānā - bhāvanāya pana Buddhassa bhagavato ādikalyāṇam majjhe - kalyāṇaṁ pariyosāna - kalyāṇaṁ sammā aññāsittha. Imasmiṁ dhamme manussānam jātijarā - byādhi-maṛa-

ṇamhā mocanatthāya upāyaṁ vijjati. Vipassanā-bhāvanānuyuttānaṁ yogīnaṁ paññāloko sammā uppajjati, mohāndhakāraṁ ca vinassati. Imaṁ sacca-vacanaṁ tumhe yogāvacarānaṁ santike ugghosesittha. Tumhākaṁ siripāda - chāyāya bahavo muccitukāmā sādhakā attānaṁ asesena niyyādetvā 'lokuttaram maggaphalaṁ ca sacchikatvā sukhitā ahesuṁ. Tumhe pana yogīnaṁ maggapadassako mahāpuriso, tasmā tumhākam chāyā pi susītalā hoti. Saṁsāra-vaṭṭadukkhato mocanatthāya tumhe amhākaṁ ujukaṁ maggaṁ sammā padassetha.

BHO MAHĀTĀPASA,

Tumhākaṁ dhiti - cāga - titikkhā - lābhasakkāraṁ ca oloketvā amhākaṁ hadaye lābhīnaṁ aggassa Sīvali-Mahātherassa satim uppajjati. Tumhe pana yasmiṁ yasmiṁ ṭhāne agamāsi tasmiṁ tasmiṁ yeva ṭhāne nānāvividhehi dibba - dānavatthūhi tumhākaṁ bhikkhāpattaṁ paripuṇṇaṁ hoti. Saddhāvantānaṁ upāsaka - upāsikānaṁ saddhanjalīhi ca kusumañjalīhi bhavataṁ gamanamaggaṁ susobhitaṁ bhavati. Api ca tasmiṁ tumhākaṁ cittavikāraṁ pi na dissati. Loke ajjhattaṁ vimutti - sampadam eva seṭṭhaṁ. Yogāvacarānaṁ taṁ sampadam anukkamena samijjhati. Tadatthāya tumhe punappunaṁ ovādaṁ adāsittha, dadatha ca. Tathāgatassa bhagavato arahato sammāsambuddhassa vipassanābhā - vanāya samiddhippattassa bhūmibhūtāya imāyam Buddhagayāyam idāni yam āntajātikam bhāvanākkhettam samāraddhaṁ, tumhākaṁ subhasimsanena tam samiddhiṁ pāpuṇitvā anukkamena mahāmahīruho'va vaḍḍhatu, tumhākam anukampam ca āsimsanam sammā labhatu. Mayam idam tumhākam santike sagāravena abhiyācāma. Tiratanānubhāvena saddhammassa ṭhitiyā bahujana - hitāya ca tumhākam āyuvaṇṇam sukham balam paṭi - bhānam ca bhiyyo bhiyyo vaḍḍhatu'ti amhākam patthanā.

(7)

## CIRAM TITTHATU BUDDHASĀSANAṂ

Buddhagayāyam Buddhassa Bhagavato Parinibbānato pañcasata-dvāvimsati-adhikānam dvesahassa-vassānam kattika-māsassa pañcavimsatidivase ravivāsare.

Samappitam idam amhehi tumhākam guṇappasannehi āntajjātika - sādhanākendassa sabhāsadehi ti daṭṭhabbam.

အိန္ဒိယပြည် ဂါရိယာ ဗုဒ္ဓဝိဟာရမှ ဗုဒ္ဓဘာသာဝင်တို့က ဆရာတော်အား
ဆက်ကပ်သော ချီးကျူးဂုဏ်ပြုလွှာ

(မိတ္တူ)

# NAMO - TIRATANĀYA
# AN ADDRESS OF WELCOME
# To
# THE MOST VENERABLE TAUNGPULU TAWYA KABA - AYE SAYADAW OF BURMA AND HIS COMPANION MONKS

Most Venerable,

We on behalf of the Buddhists of Garia and its surroundings accord our respectful homage to Thee on Thy august visit to Garia Buddha Vihara.

"Rare is the Privilege to be born in human form; Rarer still is the privilege of being able to touch the feet of Lord Buddha." But Thou hast attained both by practicing and propagating Buddha's Dhamma.

As a Monk Thou hast dedicated Thy pious life for the uplift of the Buddha's Dhamma and its culture in Burma and abroad. It is a matter of gratification that in the midst of unrest Thou hast inspired the Millions to seek the Truth in the Vipassana. Thousands of Americans have brightened up themselves in the light of Thy thoughts- "Bahujana-Hitāya, Bahujana Sukhāya."

Indeed, Thou art a Great Religious Teacher irrespective of Caste and Creed. Thy visit, of course, will ensure the better understanding amongst the people of Burma and India.

In conclusion, we pray to Thee:- "Thou livst for long years and leadst us towards the path of Enlightenment. Blessth us with Thy endless venedictions."

8th January, 1979
21, Milan Park,
P.O. Garia,
24 - Parganas,
West Bengal (INDIA)

We remain in the
Dhamma, Members of
GARIA BAUDDHA
SANSKRITI SAMSAD

ဗုဒ္ဓနေ့များ ယောဂနိဒါန်း

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | **တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ** | ၁ |
| ၁။ | ခရီးသွားစာပေ | ၁ |
| ၂။ | ကမ္ဘာ့ခရီးသွားစာပေ | ၂ |
| ၃။ | အင်းဝခေတ် မြန်မာ့ခရီးသွားစာပေ | ၃ |
| ၄။ | ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားစာပေ | ၅ |
| ၅။ | ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် | ၆ |
| ၆။ | တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ | ၇ |
| (၂) | **အမေရိကန် ကြွရန်ဖန်** | ၁၁ |
| ၁။ | သီလရန့် သင်းတပ္ပုံပုံ | ၁၁ |
| ၂။ | သူတော်ဖြစ်လို သူတော်ကောင်းကိုခို | ၁၂ |
| ၃။ | အမေရိကန် ကြွရန်ဖန် | ၁၃ |
| (၃) | **အမေရိကန်သို့ ပင့်ဆောင်ကြပြီ** | ၁၅ |
| ၁။ | သူ့မအကြောင်း သိကောင်းစရာ | ၁၅ |
| ၂။ | အမေရိကန် ဒေါ်ခုဇ္ဇာ | ၁၆ |
| ၃။ | အမေရိကန်သို့ ပင့်ဆောင်ကြပြီ | ၁၈ |
| (၄) | **ကြည်ညိုသမှု အရင်းပြု** | ၂၁ |
| ၁။ | အရှင်ဓဝသာရဇ္ဇအကြောင်း သိကောင်းစရာ | ၂၁ |
| ၂။ | ရှင်မဘောရီအကြောင်း သိကောင်းစရာ | ၂၉ |
| ၃။ | ကြည်ညိုသမှု အရင်းပြု | ၃၄ |
| (၅) | **စေလိုရာရာသို့** | ၃၆ |
| ၁။ | စာရေးသူ၏ ဝန်ခံချက် | ၃၆ |
| ၂။ | တောင်ပုလု ကပ္ပိယကာရကအဖွဲ့၏ ဆန္ဒ | ၄၂ |
| ၃။ | စေလိုရာရာသို့ | ၄၄ |

## တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ရန်ကုန်မှ ဘန်ကောက်သို့ | ၄၆ |
| ၁။ | မင်္ဂလာဒုံ ရံရွှေပုံနှင့် | ၄၆ |
| ၂။ | ထက်ကောင်းကင် ဝေဟင်စွန်းဆီက | ၄၉ |
| ၃။ | အာရှရိပ်မြုံ တည်လုံ | ၅၁ |
| ၄။ | အယုဒ္ဓယမှ ယိုးဒယား | ၅၃ |
| ၅။ | ချက္ကရီမင်း၏ ဘန်ကောက်မြို့တော် | ၅၅ |
| (၂) | ဘန်ကောက်မှ ဟောင်ကောင်သို့ | ၅၆ |
| ၁။ | ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား | ၅၆ |
| ၂။ | ခရီးကြုံ တွေ့ဆုံပေါ့ အသုဘကြီး | ၅၉ |
| ၃။ | သဘာဝဇာတ် ကာမဓာတ်တွင် | ၆၂ |
| ၄။ | ဟောင်ကောင်တွင် ခဏတာ | ၆၄ |
| (၃) | ဟောင်ကောင်မှ ဆန်ဖရန်စစ္စကိုသို့ | ၆၆ |
| ၁။ | အရှေ့ဖျားမှ အနောက်ဖျားသို့ | ၆၆ |
| ၂။ | လေယာဉ်ပေါ်မှ ရုပ်မြင်သံကြား | ၆၉ |
| ၃။ | လောကဓာတ်တွင်ဖြင့် ပြောစမှတ်ဆန်းပေပြီ | ၇၂ |
| ၄။ | အဟောသိက နေ့နှင့်ည | ၇၄ |
| (၄) | ရောက်ကြပေါ့ မြို့ဆန်ဖရန် | ၇၆ |
| ၁။ | ကြိုဆိုရေးအခမ်းအနား | ၇၆ |
| ၂။ | ဆရာကောင်းတပည့် ပန်းကောင်းပန် | ၇၇ |
| ၃။ | တောင်ပုလုကမ္ဘာအေး ဓမ္မရိပ်သာသို့ | ၇၈ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄။ | သတိပဋ္ဌာန်သည် တကြောင်းတည်းသောလမ်း | ၇၉ |
| ၅။ | နက်ဖန်ခါ၊ သို့မဟုတ် သန်ဘက်ခါ | ၈၀ |
| ၆။ | အမေရိကန်၏ အမေရိကန် | ၈၃ |
| ၇။ | ကာလီဖိုးနီးယားပြည်နယ် | ၈၄ |
| (၅) | တောင်ပုလု ကမ္ဘာအေး မွေရိပ်သာ | ၈၅ |
| ၁။ | နေ့ နေ့ဟုသိ၊ ည ညဟုသိ | ၈၅ |
| ၂။ | မောင်ကျန် တတို | ၈၆ |
| ၃။ | အလုပ်သင်ညွှန်းတမ်း | ၈၈ |
| ၄။ | တောတောင်စွယ် သာနယ်တွေ ထွေထူး | ၈၈ |
| ၅။ | ရဟန်းသိက္ခာ မင်းမှာတိသိက် | ၈၉ |
| ၆။ | ရိပ်သာတွင်း တရားပွဲကြီး | ၉၁ |
| ၇။ | အဂ္ဂိဒတ္တနှင့် သရဏဂုံသုံးပါး | ၉၂ |
| ၈။ | တောင်ပုလု ဝိပဿနာရှုမှတ်နည်း | ၉၄ |
| (၆) | သီရိရတနာ ခဏ္ဍသိမ်တော် | ၉၈ |
| ၁။ | မင်းသမီးလဲ ငါပငါပ | ၉၈ |
| ၂။ | တုတ်တုတ်ဖြုန်းရယ်နဲ့ ရိပ်သာက ဆွမ်းလောင်းမင်္ဂလာ | ၉၉ |
| ၃။ | သမ္ဗုဒ္ဓပစ္စ တရားပြ | ၁၀၁ |
| ၄။ | အရည်းတိုတမ်း ကျောင်းသခ်မ်းနှင့် | ၁၀၃ |
| ၅။ | တမလွန်နှင့် အတွေးတစ္ဆေ | ၁၀၅ |
| ၆။ | အင်္ဂတိမင်းကြီးနှင့် တမလွန်ဝါဒ | ၁၀၆ |
| ၇။ | ပစိဖိတ်သမုဒ္ဒရာသို့ ရေကသိုဏ်းရှု | ၁၀၉ |
| ၈။ | တောစိုးသစ်ပင်ကြီး | ၁၁၃ |
| ၉။ | သီရိရတနာခဏ္ဍသိမ်တော်ကြီး ပြီးမြောက်အောင်မြင် | ၁၁၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၇) | ပရိတ်သံ ညံလေပြီ | ၁၁၆ |
| | ၁။ ဆန်ဖရန်စစ္စကိုနှင့် မေတ္တာသုတ်ပရိတ် | ၁၁၆ |
| | ၂။ မေတ္တာသုတ်နှင့် အခြောက်အလှန့် | ၁၁၇ |
| | ၃။ မေတ္တာအကျိုး ဆယ့်တစ်မျိုး | ၁၂၀ |
| | ၄။ စိန်ဆန်ဖရန်စစ်ဇေးဗီးယား၏ ဆန်ဖရန်စစ္စကို | ၁၂၁ |
| | ၅။ ထူးဆန်းသော သမင်ကြီး | ၁၂၄ |
| (၈) | ကောင်ပုလုသာသနာ့ အောင်လံတော်များ | ၁၂၅ |
| | ၁။ သိက္ခာတင် ပဉ္စင်း | ၁၂၅ |
| | ၂။ ရဟန်းတော်များ မမေ့အပ်သော နေ့များ | ၁၂၈ |
| | ၃။ သရဏဂုံဆောက်တည်၊ ဗုဒ္ဓဘာသာသို့ကူး | ၁၃၀ |
| | ၄။ ဆရာဗုဒ္ဓနှင့် နောင်တော်များသို့ | ၁၃၂ |
| | ၅။ သရဏဂုံသည် ရောဂါကင်းဝေး အမြိုက်ဆေး | ၁၃၄ |
| | ၆။ အုတ်ကလန်ဘိချ်ဗရစ်ချ်တံတားကြီး | ၁၃၆ |
| (၉) | အမေရိကန် ဝါဝင် | ၁၃၇ |
| | ၁။ ဝါခေါင်လပြည့်၊ သို့မဟုတ် ဝါကြိုလပြည့် | ၁၃၇ |
| | ၂။ ဥပုသ်စောင့်ခြင်းဟူသည် | ၁၃၉ |
| | ၃။ ရှုတင်ဘေရ သိတရားမြတ် | ၁၄၁ |
| | ၄။ ရှုတင်နှင့် အခွင့်အရေး | ၁၅၀ |
| | ၅။ မြန်မာစာဆိုတို့၏ ရှုဘင်ရတုပိုဒ်စုံများ | ၁၅၂ |
| | ၆။ တဝါတဝါ သုံးလကြာ | ၁၅၈ |
| | ၇။ လမ်းပေါ်က လူနှစ်ယောက် | ၁၆၂ |
| (၁၀) | ဒေသဖုံဖုံ ကြွရေးကြုံသော် | ၁၆၄ |
| | ၁။ ဆန်ဟိုဈေးမြို့သို့ အနေကဇာတင် | ၁၆၄ |
| | ၂။ အနေကဇာ- အဝိဇ္ဇာ၊ ယဒါ၊ ဟေတု၊ ဇယန္တော | ၁၆၇ |
| | ၃။ မောင်တိမ်ဗျူးမြို့သို့ အသုဘရှု | ၁၇၀ |
| | ၄။ သေခြင်းဆိုတာ ချိန်းလား | ၁၇၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁၁) | ဒေသန္တရ ရုပ်ထိမျှသို့ | ၁၇၆ |
| ၁။ | ဗုဒ္ဓဘာသာ ဖွံ့ဖြိုးရေးတက္ကသိုလ် | ၁၇၆ |
| ၂။ | တိဗက်လားမား | ၁၇၈ |
| ၃။ | တောင်စခန်းရိပ်သာသို့ | ၁၈၁ |
| ၄။ | ဂျပန်ဘုန်းတော်ကြီးများ | ၁၈၄ |
| (၁၂) | လော့(စ်)အိန်ဂျလီ(စ်)မြို့သို့ သာသနာပြုခရီး | ၁၈၆ |
| ၁။ | မြန်မြန်ရောက်ချင် ကားမစီးနဲ့ | ၁၈၆ |
| ၂။ | သုဘူတိမထေရ်နှင့် ဗုဒ္ဓါနုဿတိဂုဏ်တော် | ၁၉၀ |
| ၃။ | ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်သို့ | ၁၉၃ |
| ၄။ | ဝိပဿနာပညာသည် ဘဝဆင်ဆာ | ၁၉၆ |
| ၅။ | အရှေ့တိုင်း ဗုဒ္ဓရုပ်ပုံလွှာရှိ ရောင်ခြည်တော် စက်ဝန်းမှ သဲလွန်စ | ၁၉၉ |
| ၆။ | ဆန်ဒီယာဂိုမြို့သို့ တခေါက် | ၂၀၁ |
| ၇။ | ပင်လယ်ကမ္ဘာ ပြပွဲကြီး | ၂၀၄ |
| (၁၃) | လော(စ်)အိန်ဂျလိ(စ်)မှအပြန် ဆန်ဖရန်စစ္စကိုတွင် | ၂၀၈ |
| ၁။ | ကမ္ဘောဒီးယား ဗုဒ္ဓသာသနာ လေ့လာခွင့်ကြုံခြင်း | ၂၀၈ |
| ၂။ | သွေးချင်းတို့၏ အိုဘယ့်ကမ္ဘောဒီးယား | ၂၁၀ |
| ၃။ | အမေရိကန်ပြန်ကြားရေးဌာနမှ မှတ်တမ်းတင် ရုပ်ရှင်ရိုက်ခြင်း | ၂၁၂ |
| ၄။ | မဟာယာနတိဗက်လားမားနှင့် ဂျပန်ဇင်ယောဂီများ ထေရဝါဒ ခံယူခြင်း | ၂၁၆ |
| ၅။ | မက်ဆက်ချူးဆက်ပြည်နယ်မှ ဆရာတော်ကြီး ပြန်ရောက်ခြင်း | ၂၁၈ |
| (၁၄) | ဝါရှင်တန်သို့ သာသနာပြုခရီး | ၂၂၁ |
| ၁။ | ဒင့်ဗားရ်မြို့သို့ တခေါက် | ၂၂၁ |
| ၂။ | ဒါးလပ်စ်မှ အကြိုတော်များ | ၂၂၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ဝါရှင်တန် ဗုဒ္ဓဝိဟာရ | ၂၂၄ |
| ၄။ | သီဟိုဠ်အမေနှင့် ရှင်ဂုဏာဘိလင်္ကာရ | ၂၂၈ |
| ၅။ | အမေရိကန် ဗုဒ္ဓရုပ်ပွားတော်များနှင့် သာသနိက အဆောက်အအုံများ | ၂၃၃ |
| ၆။ | ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤသည့်ည | ၂၃၅ |
| ၇။ | အာလင်တန် သာမဏေ | ၂၃၇ |
| ၈။ | နားသမင်္ဂလာ | ၂၄၀ |
| (၁၅) | သူတို့အမြင်နှင့် သူတို့အတွေး | ၂၄၃ |
| ၁။ | ရှင်ပြုနားသမင်္ဂလာနှင့် ကက်သရင်းအမြင် | ၂၄၃ |
| ၂။ | နားသမင်္ဂလာနှင့် ဒေါ်မြစိန်အမြင် | ၂၄၈ |
| ၃။ | သူတို့အမြင် သူတို့အတွေး | ၂၅၃ |
| ၄။ | သူတို့အမြင် သူတို့အတွေးနှင့် ဘာသာရေး ကြြောချက် | ၂၅၈ |
| ၅။ | ကျော့ဝါရှင်တန်၏ ဝါရှင်တန်မြို့တော် | ၂၆၁ |
| (၁၆) | ရီကာဂိုသို့ သာသနာပြုခရီး | ၂၆၅ |
| ၁။ | ရီကာဂိုနိဒါန်း | ၂၆၅ |
| ၂။ | ရီကာဂို အကြိုတော်များ | ၂၆၇ |
| ၃။ | မစ်ချီကန် ရေကန်ကြီးသို့ | ၂၆၉ |
| ၄။ | ရေဖျန်း၍မစဲ ယိုးဒယားတို့ပရိတ်ပွဲ | ၂၇၂ |
| (၁၇) | တောင်ပုလု၏ အမေရိကန် နောက်ဆုံးနေ့များ | ၂၇၅ |
| ၁။ | အမေရိကန် မဲဇာ | ၂၇၅ |
| ၂။ | အမေရိကန် ရှင်လိင်ပြန် | ၂၇၈ |
| ၃။ | ဗုဒ္ဓဘာသာ အမေရိကန်တို့၏ ပူဇော်ပွဲ | ၂၈၄ |
| ၄။ | ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော် | ၂၈၇ |


တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ မာတိကာ ပြီးပါပြီ။

## တောင်ပုလု၏ ဗုဒ္ဓသာသနာပြု အိန္ဒိယခရီး

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | ကာလကတ္တားသို့ သာသနာပြုခရီး | ၂၉၄ |
| | ၁။ ကာလကတ္တား နိဒါန်း | ၂၉၄ |
| | ၂။ ကာလကတ္တား အကြိုတော်များ | ၂၉၆ |
| | ၃။ ဂုဏ်ပြုအပူဇော်ခံ မင်္ဂလာ | ၂၉၈ |
| | ၄။ ဗုဒ္ဓဓမ္မင်္ကုရဝိဟာရ၏ နှုတ်ခွန်းဆက်ပန်ကြားလွှာ | ၂၉၉ |
| | ၅။ သတုလ္လပကာသယိကသုတ် | ၃၀၁ |
| | ၆။ ကာလိကာတ်မှ ကာလကတ္တား | ၃၀၅ |
| (၂) | ဗုဒ္ဓဂါယာသို့ | ၃၀၇ |
| | ၁။ မဟာဗောဓိနိဒါန်း | ၃၀၇ |
| | ၂။ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင် | ၃၁၁ |
| | ၃။ မင်းတုန်းမင်းကြီး ကုသိုလ်တော် | ၃၁၄ |
| | ၄။ ဥရုဝေလ တောဝမြိုင်ခွင် ခရီးနှင် | ၃၁၆ |
| | ၅။ ဒုက္ကရစရိယတောင် | ၃၁၈ |
| | ၆။ သီလဝိသောခနီသိမ်တော် | ၃၂၀ |
| | ၇။ တောင်ငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ် | ၃၂၃ |
| (၃) | ဗာရာဏသီ ပြည်ပူရီသို့ | ၃၂၅ |
| | ၁။ ဗာရာဏသီသည် ဘာသာရေးမြို့တော် | ၃၂၅ |
| | ၂။ မိဂဒါဝုန် ရန်မျိုးလုံ | ၃၂၇ |
| (၄) | မဒ္ဒရပ်သို့ သာသနာပြုခရီး | ၃၃၁ |
| | ၁။ ပွန်ဒီချယ်ရီ၏ မင်္ဂလာဆင်တော် | ၃၃၁ |
| | ၂။ အင်္ဂတော်ပြသနာ ဖြေရှင်းရေးတရားတော် | ၃၃၃ |
| | ၃။ အချိုပေါ် သကာလောင်း | ၃၃၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | ပွန်ဒီချယ်ရီ၏ မိခင်ကြီး | ၃၃၈ |
| ၅။ | ကြိုဆိုပွဲမှသည် နှုတ်ဆက်ပွဲသို့ | ၃၄၀ |
| (၅) | **တောင်ပုလု၏ အိန္ဒိယနောက်ဆုံးနေ့များ** | ၃၄၂ |
| ၁။ | မဟာသိတလဗုဒ္ဓသမိတိအဖွဲ့ကြီး၏ ဂုဏ်ပြုပူဇော်ပွဲ | ၃၄၂ |
| ၂။ | နှုတ်ခွန်းဆက် ပန်ကြားလျှောက်ထားလွှာ | ၃၄၃ |
| ၃။ | ဂရိယမြို့ ပူဇော်ပွဲ | ၃၄၅ |
| ၄။ | ကြိုဆိုရာတွင် ပန်ကြားလျှောက်ထားလွှာ | ၃၄၆ |
| ၅။ | ရွှေပြည်တော်သို့ | ၃၄၀ |

တောင်ပုလု၏ ဗုဒ္ဓသာသနာပြု အိန္ဒိယခရီး။

မာတိကာ ပြီးပါပြီ။

# ဗုဒ္ဓနေ့များ ယောဂနိဒါန်း

**နမော ရတနတ္တယဿ**

---

**တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ**

**ခရီးသွားစာပေ**

"ခရီးသွားစာပေ"ဟူသည် ခရီးသွားရာမှ မိမိ မြင်ကြား တွေ့သိခဲ့ရသော အမြင်အကြား အတွေ့အသိတို့ကို စုပေါင်းမှတ်တမ်းပြုထားသော စာပေမျိုးပင် ဖြစ်ပေသည်။

အလွန်ရှေးကျသော ခေတ်များဆီက လူသားတို့သည် ရေကြည်ရာ မြက်နုရာများသို့ ခရီးသွားလာလေ့ ရှိခဲ့ကြသည်။ မိမိတို့ သွားလာ ပေါက်ရောက်ဖူးသော အရပ်ဒေသ ဝန်းကျင်ကို တဖန်ပြန်လည် သွားရောက်နိုင်ရန် မြေတွင် အရေးအကြောင်း ခြစ်သား၍ ဖြစ်စေ၊ သစ်ပင်သစ်ခက် တောတောင် အမှတ်အသားပြုလုပ်၍ဖြစ်စေ၊ အင်းအိုင် ချောင်းမြောင်း အမှတ်အသား ပြုလုပ်၍ဖြစ်စေ သွားလာလေ့ရှိခဲ့ကြသည်။

ယင်းသို့ မှတ်သားခြင်းသည် ခရီးသွားစာပေဟူ၍ ပေါ်ထွန်းလာရန် အမွန်အစပင် ဖြစ်ပေသည်။

ခေတ်မီတိုးတက်လာသော မျက်မှောက်ခေတ်တွင်မူ လူသားတို့သည် မိမိတို့ ပေါက်ရောက်ဖူးသည့် ဒေသဝန်းကျင်ရှိ ရေမြေ၏ သဘာဝကိုသာမက ဌာနေတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကအစ ဘာသာစာပေနှင့် အနုပညာ ယဉ်ကျေးမှုများကိုပါ ခရီးသွားမှတ်တမ်းတွင် စာပေဖြင့် မှတ်တမ်းတင်လာခဲ့ကြသည်။

စင်စစ် ခရီးသွားစာပေကား "ကြားဘူးနား၀၊ သုတလောကင်၊ စုံပြည့်လျှံအောင်၊ နာခံမှတ်သား။ သင်ကြားကြံမေး၊ ဆွေးနွေးဆောင်ပြု၊ ရတိုင်းစု" ရသော စာပေမျိုးသာ ဖြစ်ချေသည်။

**ကမ္ဘာ့ခရီးသွားစာပေ**

ခရစ်နှစ် ၄၁၄-ခုနှစ်ခန့်တွင် တရုတ်အမျိုးသား ဖာဟီယန်[၂] အမည်ရှိ ရဟန်းတော်တပါးသည် မဇ္ဈိမဒေသသို့ ၁၅-နှစ်ကြာမျှ တမေ့တမောကြီး ဘုရားဖူးလှည့်လည်ခဲ့ဘူးသည်။

ဖာဟီယန်သည် ဗုဒ္ဓနှင့်ပတ်သက်သည့် ထူးခြားချက်အတော်များများကို သူ့ခရီးသွား မှတ်တမ်းတွင် ရေးတင်ခဲ့လေသည်။ ဖာဟီယန်သည် သူတွေ့မြင်ခဲ့ရသည့် ဗုဒ္ဓ၏ သပိတ်တော်ကြီးအကြောင်းကိုလည်း သူ့ခရီးသွားမှတ်တမ်းတွင် အမှတ်သင်ထင် ရေးတင်ထားခဲ့လေသည်။

ဖာဟီယန် ခရီးသွားရာမှ ပေါ်ပေါက်လာသော ခရီးသွား မှတ်တမ်းကိုလည်း "ဖာဟီယန်ခရီးစဉ်"ဟု ခေါ်တွင်လေသည်။ ဖာဟီယန်ခရီးစဉ်သည် ထူးခြားသည့် ဝိသေသလက္ခဏာများကြောင့် ယနေ့တိုင် ကမ္ဘာကျော်လျက်ရှိပေသည်။

ခရစ်နှစ် ၁၂၀၀-ပြည့်တွင် အီတလီ[၃] နိုင်ငံ ဗင်းနစ်မြို့[၄]သား ကုန်သည်တဦးဖြစ်သူ မာကိုပိုလို[၅]သည် ဥရောပ[၆]မှ အာရှ[၇]တိုက်တခွင်သို့ ခရီးလှည့်လည်ခဲ့ဘူးသည်။ မာကိုပိုလိုသည် တရုတ်ကေရာဇ် ကူဗလေခန်[၈] မင်းထံ၌လည်း ခစားခွင့် ရလိုက်သေးသည်။

---

၁။ မဃဒေဝလင်္ကာ ပိုဒ်ရေ ၂၄၂။

၂။ Fa-Hien

၃။ Italy

၄။ Venice

၅။ Marcopolo

၆။ Europe

၇။ Asia

၈။ Kublaikhan

မာကိုပိုလို ယင်းသို့သော အခွင့်ကောင်းကို ရလိုက်ခြင်းကြောင့် တရုတ်ပြည်ကြီး တိုးတက်ပုံ၊ အထူးသဖြင့် တရုတ်ကေရာဇ် ကူပလေခန်လက်ထက် ငွေစက္ကူများ ရိုက်နှိပ်သုံးစွဲပုံ၊ နိုင်ငံတွင်း ခရီးလမ်းပန်းအဆက်အသွယ်ကောင်းပုံ၊ တနေ့နှင့်တညအတွင်း မိုင်လေးရာကျော် ခရီးသွားနိုင်ပုံမှအစ အာရှတိုက်ကြီး တိုးတက်နေပုံများကိုပါ သူ့မှတ်တမ်းတွင် ပြည့်ပြည့်စုံစုံ ရေးတင်ခွင့်ရသွားခဲ့လေသည်။

မာကိုပိုလိုသည် အပြန်ခရီးတွင် ယိုးဒယား[၁]၊ ဂျဗား[၂]၊ စူမတြာ[၃]၊ သီဟိုဠ်[၄] အိန္ဒိယ[၅]နှင့် အီရန်[၆]တို့ကိုဖြတ်ကာ ရေလမ်းမှ ဥရောပသို့ ပြန်သွားခဲ့လေသည်။ ဥရောပတိုက်သားတို့သည် မာကိုပိုလို၏ ခရီးသွားမှတ်တမ်းကို အံ့ခန်းဖြစ်ကြရသည်။ အချို့ကလည်း မာကိုပိုလို၏ ခရီးသွားမှတ်တမ်းကို အကြွင်းမဲ့ မယုံကြည်ကြချေ။

မည်သို့ဆိုစေ ထိုခေတ်က မာကိုပိုလို၏ ခရီးသွားမှတ်တမ်းက ကမ္ဘာလွှမ်းသွားခဲ့သည်ကိုကား မည်သူမျှ ငြင်းချက်မထုတ်နိုင်ပဲ ရှိခဲ့သည်။

**အင်းဝခေတ် မြန်မာ့ခရီးသွားစာပေ**

မြန်မာ့ခရီးသွား စာပေသမိုင်းကို လှန်လှောကြည့်မည်ဆိုပါက အင်းဝခေတ်ကပင် မြန်မာ့ခရီးသွားစာပေများ သန္ဓေတည်လာခဲ့ပုံကို တွေ့ရှိရမည်ဖြစ်၏။ အင်းဝခေတ်တွင် စာဆိုတော် ရှင်မဟာသီလဝံသကို ရှေးဦး မြန်မာ့ခရီးသွားစာပေ၏ ဖခင်ကြီးအဖြစ် ဦးစွာ တွေ့မြင်ရမည် ဖြစ်သည်။

---

၁။ Saim (Thai land)

၂။ Java

၃။ Sumatra

၄။ Ceylon

၅။ India

၆။ Iran

မှန်၏။ ရှင်မဟာသီလဝံသသည် သက္ကရာဇ် ၈၅၄- ခုနှစ်တွင် မြန်မာ့စာပေတလောကလုံးက ဩချယူရသည့် "ကြားပိမ့်ကျမ်းလာ၊ မှတ်သားနာလော့"၏ တောင်တွင်းလာ ပျို့ကြီးကို ဖွဲ့သီလိုက်လေသည်။

ရှင်မဟာသီလဝံသ၏ တောင်တွင်းလာပျို့သည် "တောင်တွင်းလာ"ဆိုသည်နှင့်အညီ တောင်တွင်းမြို့မှ အင်းဝနေပြည်တော်သို့ မလာမီနှင့် လာစဉ်မိမိ တွေ့ထိခံစားရသမျှကလေးများကို ထူးထွေဆန်းပြားစွာ ဖွဲ့သီထားခြင်းဖြစ်၏။

စင်စစ် တောင်တွင်းလာပျို့သည် မြန်မာနိုင်ငံ ခရီးသွားစာပေ၏ အမွန်အစပင် ဖြစ်ပေ၏။

ရှင်ဥတ္တမကျော်၏ "စက်ဆယ့်နှစ်လီ" ၏ တောလားသည်လည်း ခရီးသွားစာပေ အမျိုးအစားပင် ဖြစ်လေသည်။ ရှင်ဥတ္တမကျော်တောလားသည် တန်ခူးလစသော ရာသီတို့ကို အချိန်ကန့်သတ်ပြီး တော တောင် ရေမြေနှင့် တိရစ္ဆာန် ပန်းမန်တို့အကြောင်းကို စာပန်း၍ ကွန့်မြူးထားခြင်း ဖြစ်၏။

သက္ကရာဇ် ၈၇၉-ခုနှစ် စာပြီးသော ရှင်အုန်းညို၏ "မဟာဗုဒ္ဓဟောဦးထိပ်ငွေဟု" ၏ ဂါထာခြောက်ဆယ်ပျို့သည်လည်း မြန်မာနိုင်ငံ ခရီးသွားစာပေ၏ ရှေးဦးမြန်မာ့ ခရီးသွားစာပေပင် ဖြစ်သင့်လေသည်။

ဂါထာခြောက်ဆယ်ပျို့သည် ဗုဒ္ဓမြတ်စွာ ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းရာတွင် တပေါင်းလရာသီ၏ ပန်းမန်စိမ့်စမ်းမှ ခရီးလမ်းပန်းတို့ အေးမြသာယာပုံကို အဓိကဖော်ကျူးသီဖွဲ့ထားသော ပျို့တစောင်ဖြစ်သည်။

ရှင်မဟာရဋ္ဌသာရ၏ "အောင်ဇေယျတု" ၏ ရွှေစက်တော်သွား တောလားသည်လည်း မြန်မာ့ခရီးသွားစာပေ၏ ရှေးဦးမြန်မာ့ ခရီးသွားစာပေပင် ဖြစ်ပေ၏။

---

၁။ တောင်တွင်းလာပျို့။

ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားသည် ပဘ်ဝန်း ကျင်တွင် ကြားမြင် တွေ့သိနေရသော တောသဘာဝ တောစရိုက်နှင့် ကျေး ငှက်တိရစ္ဆာန်တို့၏ဘဝကို လှပဘဝနှင့် ထင်ဟပ် စပ်ဆိုထားသည့် တောလား တစောင်တဖွဲ့ပင် ဖြစ်သည်။

ဤကား မြန်မာနိုင်ငံ ခရီးသွားစာပေ၏ ရှေ့ဦးအင်းဝခေတ် မြန်မာ့ ခရီးသွား စာပေများတည်း။

**ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားစာပေ**

ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားစာပေများကား ဆရာတော် ဦးဗုဒ် ၏ "ရွှေစက်နှစ်တည်၊ ဖူးအံ့ရည်၍" ချီ ရွှေစက်တော်သွား တောလား၊ ရှင်ထွေးညို၏ "ကြားလော့လွှဲ့ဝှန်း" ချီ ပြည်စုန်မော်ကွန်း စသည်ဖြင့် များလှ စွာ၏။

"စစ်ကိုင်း ထောင်သင်း၊ စလင်း လကျာ၊ ပြည်မှာ နဝဒေး"ဟု ကျော်ကြားသော မြန်မာ့ စစ်သူကြီး နဝဒေး၏ စစ်ချီ စစ်တက်ယင်း ရေး သားသည့် ရတုများသည်လည်း ကုန်းဘောင်ခေတ်ကြို မြန်မာ့ ခရီးသွား စာ ပေများပင် မည်သင့်လေသည်။

နဝဒေးကြီး ရေးသားခဲ့သည့် ခရီးသွားစာပေတို့မှာ မိမိ ကျင်လည်ရ သည့် ခရီးဝန်းကျင်အကြောင်းနှင့် မိမိဘဝ ဝန်းကျင်ရှိ ဘဝကြင်ဖော် အပေါ် လွမ်းရသည့်အကြောင်း စသည့် ပုထုဇဉ်တို့ ဖြစ်ဘတ်မြဲ စရိုက်သဘော ကို ခရီးနှင့် ယှဉ်နှော၍ ဖော်ကျူးထားခြင်း ဖြစ်ပေ၏။

ပထမ နဝဒေးကြီး၏ ခရီးသွားစာပေများအပြင် ကုန်းဘောင်ခေတ် ဒုတိယ နဝဒေး၏ ခရီးသွား စာပေများလည်း ရှိသေး၏။ ဒုတိယနဝဒေး ကား ဝက်မစွတ်မြို့ကို စားရသောကြောင့် "ဝက်မစွတ် နဝဒေး"ဟုလည်း မြန်မာစာပေသမိုင်းတွင် ကျော်ကြားလေသည်။ ၄

ဝက်မစွတ်နဝဒေး၏ ခရီးသွားစာပေကား"မင်္ဂလာဇေယျ၊အောင်မြေ ခံသား"၌ တရုတ်သံရောက် မော်ကွန်းပင် ဖြစ်လေသည်။

ဝက်မစွတ်နဝဒေးသည် တရုတ်မြန်မာ ချစ်ကြည်ရေး ခရီးရှည်ကြီးကို စာပန်း၌ ခြယ်သ,သလို ကလောင်သွားထက်ထက်ဖြင့် "တရုတ်သံရောက် မော်ကွန်း"အဖြစ် ရေးဖွဲ့ခဲ့သည်။

တရုတ်သံရောက်မော်ကွန်းတွင် ဝက်မစွတ်နဝဒေးသည် တရုတ်မြန်မာ ချစ်ကြည်ရေးလမ်းတလျှောက် မိမိမြင်ကြားထိတွေ့ခဲ့ရသော သံခင်း တမန်ခင်း အကြောင်းများကို စာရှုသူတို့ စိတ်အာရုံတွင် ကိုယ်တိုင် ရောက်နေသည့် အလား ထင်မှတ်မှားရလောက်အောင် ထိထိမိမိ စိတ်အေးလက်အေး အသေး စိတ် ဖော်ညွှန်းရေးခဲ့ပေသည်။

ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွားစာပေများတွင် ကင်းဝန်မင်းကြီး ဦးကောင်း၏ လန်ဒန်သွား ခရီးသွားမှတ်တမ်းသည်လည်း ခရီးသွားစာပေ အဖြစ် ရပ်တည်လျက်ရှိသည်။

ဤကား ကုန်းဘောင်ခေတ် မြန်မာ့ခရီးသွား စာပေများတည်း။

**ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်**

ယနေ့မျက်မှောက်ခေတ်တွင် ခရီးသွားစာပေကို စာဖတ်ပရိသတ်တိုင်း က လက်ကမ်း ကြိုဆိုလာကြသည်။ နှစ်သက်လက်ခံလာကြသည်။ စွဲမက် ခင် တွယ်လာကြသည်။

အဘယ့်ကြောင့် လူတိုင်းကြိုက်လာကြသနည်း။

ခရီးသွား စာပေသည် စိတ်ကူးယဉ် စာပေမျိုးမဟုတ်။ တခုသော အာရုံဝန်းဖြင့် ဖန်တီး တည်ဆောက်ထားသည့် စာပေမျိုးမဟုတ်။ စိတ်ကူး ယဉ်စာပေ၏ စေညွှန်းရာသည် အာရုံဝန်း အတွင်းသာရှိ၍ ခရီးသွားစာပေ၏ စေညွှန်းရာသည် ခရီးသွားရာဒေသ နယ်ပယ်၏ အတွင်းဝန်းကျင်မှာ ရှိသည်။

ယင်းသို့ရှိခြင်းသည်ပင် ခရီးသွားစာပေကို ယနေ့စာဖတ် ပရိသတ်များ နှစ်သက်လာစေနိုင် စွဲမက်လာစေနိုင်သည့် ပင်ကိုယ်အရည်အသွေး လက္ခဏာ ဖြစ်သည်။ ခရီးသွားစာပေ၏ အဓိကအင်အားကား ခိုင်မာတိကျမှုပင် ဖြစ်လေသည်။

လူတို့သည် အရပ်ဒေသအသီးသီး၏ အကြောင်းခြင်းရာများကို တွေ့ထိ ခံစားလိုကြသည်။ တွေ့ထိခံစားလိုကြသည်နှင့်အမျှ အရပ်ဒေသ အသီးသီးသို့ ကိုယ်တိုင်သွားရောက်လိုကြသည်။ သို့ရာတွင် မိမိတို့အကြောင်း အားလျော်စွာ မသွားရောက်ဖြစ်ကြချေ။ ယင်းသို့သော လူတန်းစားများသည် ခရီးသွားသူ ခရီးသည်များ၏ ခရီးသွားမှတ်တမ်းဖြင့်သာ ကျေနပ်နှစ်သိမ့်ကြရသည်။

စိတ်ကူးယဉ်စာပေသည်လူ့မနောကို နှိုးစေ၊ ထက်စေသောသတ္တိထူးများ ရစေသလို ခရီးသွားစာပေကလည်း ခရီးသွားစာပေရေးသားသူ၏ အတွေး၊ အပြေး၊ အမေး၊ အရေးတည်းဟူသော "အ- လေးလုံး" ကို အရင်းတည်၍ ရောက်ရှိခဲ့သော ခရီးနှင့်ဆက်စပ်သည့် ဒေသန္တရဗဟုသုတများကို တထိုင်တည်းနှင့် ရစေနိုင်သော သတ္တိထူးများ ရှိသည်။

ထို့ကြောင့် ခရီးသွားစာပေသည် ယနေ့မျက်မှောက်ခေတ်တွင် "ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်" ဖြစ်လာရခြင်းပေတည်း။

**တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ**

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များသည် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး အမှူးပြုသော အမေရိကန်- အိန္ဒိယ သာသနာပြုအဖွဲ့၏ "အမေရိကန် သာသနာပြုခရီးသွားစာပေ" ပင် ဖြစ်သည်။

ဗုဒ္ဓသည် ခရီးသွားယင်း သာသနာပြုသည်ကို အလွန်နှစ်ခြိုက်သဘော ကျတော်မူသည်။ ဗုဒ္ဓကိုယ်တော်တိုင်ကလည်း ခရီးသွားယင်း သာသနာပြုရာ၌ အထူးဝါသနာထုံတော်မူသည်။ တပည့်တပန်းများကိုလည်း ခရီးသွားယင်း သာသနာပြုရန်အတွက်—

"ချစ်သားတို့၊ လူအပေါင်းတို့ စီးပွားဖြစ်ရန်၊ချမ်းသာရန်၊လောက ကြီးကို စောင့်ရှောက်ရန် ဒေသစာရီ (သာသနာပြုခရီး) လှည့်လည် ကြကုန်လော့"[၁]—

ဟူ၍ စေခိုင်းတိုက်တွန်းတော်မူလေ့ရှိသည်။

ယင်းသို့ စေခိုင်းတိုက်တွန်းတော်မူချက်အရ ဘုရားရှင်ပရိနိဗ္ဗာန်မစံမီနှင့် ပရိနိဗ္ဗာန်စံပြီးခေတ်များ၌ တပည့်သား သာဝကများ ဒေသစာရီ လှည့်လည် သာသနာပြုခဲ့ကြပုံကို ဤနေရာတွင် အကျယ်မချဲ့လိုတော့ပြီ။စင်စစ် ဗုဒ္ဓကျမ်းစာ များသည်ပင် ခရီးသွားယင်းသာသနာပြုရာမှ ပေါက်ဖွားလာခဲ့သည့်"သာသနာ ပြုခရီးသွားစာပေ"များပင် ဖြစ်နေပေသည်။

ဦးခေါင်းနှင့်တကွ ရေချိုးပြီး ကောကနဒ ကြာပန်းကို ပန်ဆင်သလို ဗုဒ္ဓ၏ စေညွှန်းချက်ကို ဦးထိပ်ရွက်ပန်ဆင်ကာ တောင်ပုလု သာသနာပြုအဖွဲ့ သည် အမေရိကန်တွင် လေးလနှင့် အိန္ဒိယတွင် တလ၊ ပေါင်း ငါးလတာမျှ ပင်လယ်ရပ်ခြား ရပ်ဝေးဒေသတွင် သာသနာပြုခဲ့ကြသည်။

ယင်း သာသနာပြုအဖွဲ့ကြီးတွင် ကျေးဇူးရှင် တောင်ပုလု တောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီးက ဦးဆောင်မူပြု၍ အဖွဲ့ဝင်များအဖြစ် သာစည် ရေလယ်ကျောင်းဆရာတော် အရှင်နန္ဒာဘာသ၊ ပခုက္ကူဆရာတော် အရှင်သူရိယ၊ တောင်ပုလုတောရ အရှင်နာရဒ၊ တောင်ပုလုတောရ အရှင် ပညာဒီပနှင့် စကားပြန် ကပ္ပိယဒါယကာကြီး ဦးမောင်မောင်တို့ လိုက်ပါခဲ့ ကြသည်။

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များသည် တောင်ပုလု သာသနာပြု အဖွဲ့၏ ဒေသစာရီ ခရီးလှည့်လည်ယင်း သာသနာပြုခဲ့ရာမှ ပေါက်ဖွားလာခဲ့ ခြင်း ဖြစ်ပေ၏။ တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များသည် အမေရိကန် သာသနာပြုခရီး အတွေ့အကြုံကိုသာမက အိန္ဒိယသာသနာပြုခရီး အတွေ့အကြုံ ကိုပါ တပေါင်းတည်း စုစည်းတင်ပြထားခြင်းဖြစ်သည်။

---

၁။ ဝိနည်းမဟာဝဂ္ဂပါဠိတော်၊ ၂၇။



ပုံ (၂) သာသနာပြုအဖွဲ့ဝင် ဆရာတော်များ (ဝဲမှယာ)

(၁) သာစည် ရေလည်ကျောင်း အရှင်နန္ဒောဘာသ (၂) ပခုက္ကူ အရှင် သူရိယ (၃) တောင်ပုလု ဆရာတော် (၄) အရှင်ပညာဒီပ

သို့ဖြစ်သည်နှင့်အညီ တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များတွင် ပါဝင်သော အကြား အမြင် အတွေ့ အသိတို့သည် တောင်ပုလု သာသနာပြုအဖွဲ့၏ စွမ်းပကားတို့ပင် ဖြစ်သည်။ မှန်၏။ တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များတွင် အမေရိကန်နှင့် အိန္ဒိယသာသနာပြုရာ နှစ်ဌာနလုံး၌ တောင်ပုလုသာသနာပြုအဖွဲ့၏ သာသနာရေးလုပ်ငန်းဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက် အားလုံးကို တောင်ပုလု သာသနာပြုအဖွဲ့၏ စွမ်းပကားအဖြစ် တွေ့မြင်ရမည်ဖြစ်သည်။

ယိုးဒယား၊ ကမ္ဘောဒီးယား[၁]၊ အင်ဒိုနီးရှား[၂]၊ ဗီယက်နမ်[၃] စသော နိုင်ငံများသည် တချိန်က ဗုဒ္ဓသာသနာတည်တွန့်းရာ နိုင်ငံများဖြစ်ခဲ့ကြ၏။ ယိုးဒယားနိုင်ငံ၏မြဘုရားသည်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၏ အန်ကောဝပ် ဘုရားရှိခိုးကျောင်းကြီးသည်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ဗောရောဗုဓော[၄] ခေါ် "များလှစေတီ"သည်လည်းကောင်း ကမ္ဘာတွင် ထင်ရှားသော ဗုဒ္ဓသာသနိက အဆောက်အအုံများအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိသည်။

အမေရိကန်သည် တချိန်က ဗုဒ္ဓဘာသာ တည်တွန့်းသောနိုင်ငံ မဟုတ်စေကာမူ ယခုအချိန်တွင်မူကား ဗုဒ္ဓသာသနာ အနယ်ထိုင်လျက်ရှိပြီ ဆိုခြင်းကို မကြားလို မမြင်လို၍ပင် မဖြစ်ချေ။ ယင်းအကြောင်း အရာများကိုလည်း တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များက တာဝန်ယူကာ ရှင်းလင်းပြတ်သားစွာ အဖြေပေးထားသည်။

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များသည် ခရီးသွားစာပေဖြစ်လင့်ကစား အခြားအခြားသော ခရီးသွားစာပေနှင့် မတူညီသော အချက်အလက်များစွာရှိသည်။ ယင်းကား ဘာသာရေးအနှစ်သာရများပင် ဖြစ်တော့၏။ တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များတွင်—

---

၁။ Cambodia(Vigaya)
၂။ Indonesia
၃။ Vietnam
၄။ BoroBudor

(က) တောင်ပုလု သာသနာပြုအဖွဲ့၏ ထူးခြားသော သာသနာပြုနည်း၊

(ခ) ဗုဒ္ဓဘာသာကို လက်ခံယုံကြည်သော အမေရိကန်များ တရားအားထုတ်ပုံနှင့် တရားစစ်ဆေးနေပုံများ၊

(ဂ) အလှူ လှူကြပုံများ၊

(ဃ) ပရိတ်နာကြပုံများ၊

(င) ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသူများ၊

(စ) ဆွမ်းလောင်း လှူကြပုံများ၊

(ဆ) ဒုလ္လဘရဟန်း ဝတ်ကြသူများ၊

(ဇ) သာမဏေဝတ်ကြသူများ၊

(ဈ) ရသေ့မ ဝတ်ကြသူ အမေရိကန် အမျိုးသမီးများ၊

(ည) ယောဂီဝတ်သူ အမေရိကန် အမျိုးသမီးများ—

စသည့်စသည့် အချက်အလက်များသည် အခြားအခြားသော ခရီးသွားစာပေများနှင့် မတူညီသော အချက်အလက်များပင် ဖြစ်ပေသည်။ ယင်းအချက်အလက်များကိုလည်း ကြည်လင်ပြတ်သားသော ဓာတ်ပုံများဖြင့် ပြသထားရာ ကြည်ညိုသဒ္ဓါ ပွားနိုင်ကြမည်သာ ဖြစ်ပေသည်။

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များတွင် ယင်းအချက်အလက်များကိုသာမက စကြဝဠာ ကမ္ဘာလောကကြီး၏ ထူးခြားဆန်းပြားပုံ၊ အမေရိကန်ပြည်ထောင်စုကြီး၏ လူနေမှုအဆင့်အတန်း၊ အမေရိကန်ပြည်သူတို့၏ ဓလေ့စရိုက်၊ ယဉ်ကျေးမှု၊ အမေရိကန် အလုပ်သမား လယ်သမားတို့၏ စီးပွားရေးကဏ္ဍ စသည့်စသည့် အမေရိကန်ခရီးသွား အတွေ့အကြုံများကိုလည်း ဒေသန္တရဗဟုသုတအဖြစ် ရယူနိုင်ကြမည် ဖြစ်ပေသည်။

**အမေရိကန် ကြွရန်ဖန်**
**သီလရှင်နှင့် သင်းတပ့်ပျံ**

"အမြစ်ရန်၊ အနှစ်ရန်၊ အပွင့်အနံ့ဟုဘုရားရှင်သည် မြတ်သောရန့်သုံးမျိုးကို ဖော်ညွှန်းထား၏။ယင်း ရန့်များသည် လေအောက်သို့သာလိုင်ပျံ့နိုင်၏။ လေညာသို့ မလိုင်ပျံ့နိုင်ချေ။ လေညာသို့ လိုင်ပျံ့နိုင်သည့် ရန့်များရှိကောင်း ရှိလေမည်လား။[၁]"

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ်ဖြစ်၏။ အလုပ်အကျွေးဖြစ်သည့် ရှင်အာနန္ဒာအား တခုသော ညချမ်းအခါ တပါးတည်း ကိန်းအောင်းတော်မူရာမှ အကြံတခု ဖြစ်ပေါ်လာသည်။

လေအောက်၊ လေညာ၊ ဝေး၊ နီးရာသို့ လိုင်ပျံ့နိုင်သော ရန့်ရှိ မရှိဝေခွဲမရဖြစ်နေသော တေဒဂ်ငါးတန် ဘွဲ့ထူးခံသည့် ရှင်အာနန္ဒာသည် တပါးတည်း ကိန်းအောင်းရာမှထကာ အထက်ပါအကြံကို ဘုရားရှင်ထံ ချဉ်းကပ်လျှောက်ထား မေးမြန်းခဲ့လေသည်။

ဘုရားရှင်ကလည်း သားတော်ကြီးသဘောကျ နှစ်သက် လက်ခံနိုင်လောက်အောင် "လေအောက်၊ လေညာ၊ ဝေး၊ နီးရာသို့ လိုင်ပျံ့နိုင်သောရန့်ရှိကြောင်းနှင့် ယင်းရန့်သည် သူတော်ကောင်းတို့၏ သီလရန့်သာဖြစ်ကြောင်း ပြေညွှန်းတော်မူခဲ့လေသည်။

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးသည် သာသနာတော်ကြီးသုံးရပ်တွင် ပဋိပတ္တိသာသနာတော်ကြီးကို ဖြည့်ကျင့်စဉ်ကစ၍ ယနေ့တိုင် ဓူတင်သီလတော်မြတ်များကို မပြတ်မလပ် အားသွန်ခွန်စိုက် ဖြည့်ကျင့်လာခဲ့သည်။

ဖြည့်ကျင့်တော်မူရာတွင် အရိုးကြေကြေ အရေခန်းခန်း မလျော့တမ်းသမ္မပ္ပဓာန် လုံ့လတော်မြတ်ဖြင့် ဖြည့်ကျင့်တော်မူခြင်းဖြစ်သည်။ အရှိန်ရ၍ အသားကျလာပြီဖြစ်သော ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာ

---

၁။ ဓမ္မပဒအဋ္ဌကထာ၁၊ ပ ၊ ၂၆၅။

တော်ဘုရားကြီး၏ သီလရနံ့တော်သည် လေအောက်မှ လေညာ၊ ဝေး၊ နီးရာ ဖြစ်သော ပြည်တွင်းပြည်ပ ရပ်ဒေသများသို့ လှိုင်ပျံ့လျက်ရှိလေ၏။

**သူတော်ဖြစ်လို သူတော်ကောင်းကိုခို**

နှမ်းကိုဆီပွတ်က နှမ်းဆီရ၏၊ မီးကိုမှုတ်က မီးတောက်၍ ချက်ပြုတ်ခြင်း ကိစ္စ ပြီးစီး၏။ စပါးကောင်းထောင်းက ဆန်ကောင်းရ၍ ဝမ်းဝ၏။ နွားနို့ ညှစ်က နွားနို့ရ၏။ မြစ်ရိုးတလျှောက် ရေရှာက ရေရ၍ သောက်ချိုးခြင်းကိစ္စ ပြီးစီး၏။ သူတော်ကောင်းကိုမှီခိုက သူတော်ကောင်းဖြစ်၍ သမ္မာအယူရှိကာ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်လေသည်။

"ပညာရှိပေါင်း၊ သူတော်ကောင်းနှင့်၊ အကြောင်းသင့်မျှ၊ ပေါင်း မိကြ၍၊ သဒ္ဓမ္မသဝန၊ ကြားနာရမှ၊ ဝါဒသမ္မာ၊ တည်နိုင်စွာရှင့်"

မန်လည်ဆရာတော်၏ အဆိုအမိန့်ဖြစ်၏။ "ရွှေပေါင်နားတော့ ရွှေကျေး၊ ငွေပေါင်နားတော့ ငွေကျေး၊ လက်ပံပေါင်နားတော့ လင်းတ၊ တံငါနားနီး တံငါ၊ မုဆိုးနားနီးမုဆိုး၊ သူခိုးနားနီး သူခိုး၊ သမဏောန သမဏော၊ ဂေါဏောန ဂေါဏော၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့"ဟူသော စကားတို့ကား ရှေးဦးမြန်မာတို့၏ စကားပုံများ ဖြစ်ချေ၏။

မှန်၏။ တခါက သတ္တိဂုမ္ဗနှင့် ပုပ္ဖသုဝ အမည်ရှိသော ကျေးညီနောင် နှစ်ကောင်ရှိကြ၏။ ငှက်ဘိုဘာသာ ,အပျံသင်ယင်း ပြင်းထန်သော လေပွေ တခုကြောင့် သတ္တိဂုမ္ဗကျေးသားသည် သူခိုးနှင့်ပေါင်းမိ၍ ပုပ္ဖသုဝ ကျေး သားသည် သူတော်ကောင်းနှင့် ပေါင်းမိသွားလေသည်[၂]။

သူခိုးနှင့်ပေါင်းမိသော သတ္တိဂုမ္ဗကျေးသားသည် ရိုင်းစိုင်းယုတ်မာ၍ ပုပ္ဖသုဝ ကျေးသားမူကား လိမ္မာရေးခြားရှိလေသည်။ ပုပ္ဖသုဝကျေးသားသည် ပညာရှိ သူတော်ကောင်းနှင့် ပေါင်းမိ၍ သူတော်ကောင်းတရား ကြားနာရ ကာ သမ္မာအယူများ တည်ရှိနေခြင်းပင် ဖြစ်သည်။ မှိဝဆည်းကပ်သင့်သော ပုဂ္ဂိုလ်ကို မှိဝ ဆည်းကပ်သွားနိုင်ခြင်းလည်း မည်ပေ၏။

---

၁။ မဇ္ဈိမဒေဝ လက်ာဝိုင်ရှေ ၃၂၀။

၂။ ဇာတကပါဠိ၊ ၃၂၀။ ၃၊ ၄၊ ၄၃၂။

မှီခိုရသော ပုဂ္ဂိုလ်များထံတွင် အကုသိုလ်တရားတိုးပွား၍ ကုသိုလ်တရား ဆုတ်ယုတ်လျှင် ယင်းပုဂ္ဂိုလ်များထံ မနေအပ်။ မပန်ကြားပဲပင် အရပ်တပါးသို့ ပြောင်းရွှေ့သွားနိုင်လေသည်။ ကုသိုလ်တရား တိုးပွား၍ အကုသိုလ်တရား ဆုတ်ယုတ်လျှင် ယင်းပုဂ္ဂိုလ်များက နှင်ထုတ်၍ဖြစ်စေ၊ ဒဏ်မည်မျှပေးသည်ဖြစ်စေ တွယ်ကပ်၍ပင် နေသင့်၏[၁]။

ဤကား မှီခိုခံ၊ မှီခိုသူ သူတော်ကောင်းတို့၏ အတွင်းခံတတ်ခံ သဘောပေတည်း။

**အမေရိကန် ကြွရန်ဖန်**

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ သီလရန့်ကို ပြဆိုခဲ့ပြီ။ မှီခိုခံ မှီခိုသူ သူတော်ကောင်းတို့၏ အတွင်းခံတတ်ခံ သဘောကိုလည်း ပြဆိုခဲ့ပြီ။

၁၉၇၇–ခုနှစ်၊ ဩဂုတ်လ ၁၁–ရက်နေ့တွင် ဖြစ်၏။ အမေရိကန်နိုင်ငံ[၂]၊ ကာလီဖိုးနီးယားပြည်နယ်[၃]၊ ကာလီဖိုးနီးယား တက္ကသိုလ် အာရှလေ့လာရေးဌာန ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာရီနာဆာကား[၄] ဦးဆောင်သော အမျိုးသားတပည့် ဒေါက်တာဂျယ်ရီဘရောင်းစတုန်း[၅]၊ မိုက်ကယ်ဂျိုးဇက်[၆]၊ ဗရူမစ်တယ်ဒို(ဖ်)[၇]နှင့် အမျိုးသမီးတပည့် ဟယ်လင်ဂျိုးဇက်[၈]၊ အင်နီတင့်(ချ်)[၉]၊ရီဖြူဇာ[၁၀]တို့ ခြောက်

၁။ နဝင်္ဂသွရပါဠိ၊ ၁၇၅။ ဠ၊ ၂၆၁။
၂။ U.S.A
၃။ Califonia
၄။ Dr.Rina Sircar
၅။ Dr.Jerry Brown Stone
၆။ Michael Joseph
၇။ Bruce Mitteldorf
၈။ Helen Joseph
၉။ Anne Tinch
၁၀။ Refusa

ယောက် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး ရှိရာ တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာသို့ ရောက်လာကြသည်။

ထိုစဉ်က အမျိုးသားတပည့်များက ဒုလ္လဘရဟန်းဝတ်ကြ၍ ဒေါက်တာရီနာနှင့် အမျိုးသမီးတပည့်များက ယောဂီဝတ်ကြသည်။ မြန်မာနိုင်ငံ၏ ပြည်ဝင်ခွင့်ဗီဇာက ရက်သတ္တပတ်သာရ၍ ငါးရက်တာမျှ တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာတွင် ရဟန်းနှင့် ယောဂီဝတ်ခွင့်များရကြကာ အမေရိကန်နိုင်ငံသို့ ပြန်သွားကြရရှာသည်။

ဒေါက်တာဆာကားက အမေရိကန် စာနယ်ဇင်းများနှင့် တွေ့ဆုံရာတွင် "ဗုဒ္ဓကျမ်းစာ ကျောင်းသားများမှာ မြန်မာနိုင်ငံသို့ သွားရောက်လည်ပတ်ရန် သူတို့အားလုံး ဆုံးဖြတ်ရလောက်အောင် တောင်ပုလုဆရာတော်၏ အကြံဉာဏ်ကို သူတို့ကျေနပ်ကြပါတယ်[၁]"ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။

ဒေါက်တာဆာကားက ဆက်လက်၍ "ယုံကြည်ချက်ရှိသည့်အတိုင်း တပည့်တွေကို တောင်ပုလုကျောင်းသာမကပဲ သာစည်မြို့ရှိ သာစည်ဆရာတော်ကျောင်းအပါအဝင် အခြားကမ္မဋ္ဌာန်းရိပ်သာများနဲ့ ဘုန်းကြီးကျောင်းများကိုပါ ခေါ်သွားခဲ့ပါတယ်[၂]" ဟု အမေရိကန် စာနယ်ဇင်းသမားများအား ပြောပြခဲ့လေသည်။

ဗုဒ္ဓဘာသာမြန်မာပြည်သူတို့ ဓလေ့ထုံးတမ်းသော်ကား တနှစ်တဝါ၊ သေတပန်၊ သက်တဆုံး ရဟန်းသာမဏေ မဝတ်နိုင်စေကာမူ ၇-ရက်တော့ဖြင့် ရဟန်းသာမဏေ ဝတ်ကြရသည်။ သို့မှလည်း ဘဝအထုံပါ၍ လူဖြစ်ကျိုးနပ်သည်ဟု အယူရှိသည်။မြန်မာနိုင်ငံတွင်နိုင်ငံခြားအမျိုးသားအမျိုးသမီးများ အနေဖြင့် တရားအားထုတ်ခွင့်များ အပေါ် ဗုဒ္ဓဘာသာ မြန်မာပြည်သူ တယောက်အနေဖြင့် ထောက်ချင့်စာနာစိတ် မွေးကြည့်မိ၏။

---

၁။ လင်းရောင်ခြည်မဂ္ဂဇင်း၊ ၂၅။
၂။ လင်းရောင်ခြည်မဂ္ဂဇင်း၊ ၂၅။



ပုံ (၃) ဆရာတော်ဘုရားနှင့် အမေရိကန်ပြည်မှ ဒေါက်တာရီနာဆာကား တို့အဖွဲ့

"ဩော်—ဗုဒ္ဓတရားတော်တွေကို ဗုဒ္ဓဖော်ညွှန်းသလို အဖန်ဖန်ပွားများ အားထုတ်ခွင့် သူတို့မရရှာကြ။ အဖန်ဖန်ပွားများခွင့်မရခြင်းကြောင့် မစင်ကြယ်။ မစင်ကြယ်ခြင်းကြောင့် တရားမရ။ တရားမရခြင်းကြောင့် လူဖြစ်ကျိုးမနပ်ကြပါတကား" ဟူ၍ဖြစ်သည်။

ဗုဒ္ဓ၏ တရားတော်များကား "ဘာဝေတဗ္ဗဓမ္မ" တို့သာလျှင် ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓကိုယ်တော်တိုင်က တပည့်သား သာဝကတို့ကို ဟောဖော်ညွှန်ကြားရာ၌ "ဘာဝေတဗ္ဗာ ဗဟုလီကာတဗ္ဗာ" ဟုဟောဖော်ညွှန်ကြားလေ့ရှိသည်။ သို့ရာတွင် အကြိမ်ကြိမ် အဖန်ဖန် ပွားများအားထုတ်အပ်သော ဗုဒ္ဓတရားတော်ကို အကြိမ်ကြိမ် အဖန်ဖန် ပွားများအားထုတ်ခွင့်ကို မရရှာကြပြီ။

ဤသည်ပင် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးအတွက် အမေရိကန်သို့ နေ့ရှည်ရက်များကြွရောက် တရားချီးမြှင့်ရန် အကြောင်း ဖန်လာခြင်းပေတည်း။

**အမေရိကန်သို့ ပင့်ဆောင်ကြပြီ**

**သူမအကြောင်း သိကောင်းစရာ**

သူမဆိုသည်ကား အခြားမဟုတ်။ ဒေါက်တာ ရီနာဆာကားပင် ဖြစ်၏။ ဒေါက်တာရီနာဆာကားသည် တချိန်က မြန်မာနိုင်ငံ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနတွင် လက်ထောက်ကထိကအဖြစ်ဖြင့် နှစ်အတော်ကြာ အမှုထမ်းခဲ့သူဖြစ်သည့်ပြင် အခြားသော အိန္ဒိယ၊ အမေရိကန်၊ သီဟိုဠ်နိုင်ငံများမှ M.A, Ph.D စသော ဘွဲ့များကိုလည်း ရယူထားသူ ပညာရှင်တယောက် ဖြစ်လေသည်။ ဒေါက်တာရီနာဆာကားသည် မြန်မာစာနှင့် အင်္ဂလိပ်စာတို့ကိုသာမက ပါဠိစာပေကိုပါ ကောင်းစွာတတ်ကျွမ်းသူ ဖြစ်ပေသည်။

ထို့ကြောင့် ဒေါက်တာရီနာဆာကားအား ကာလီဖိုးနီးယားတက္ကသိုလ် အာရှလေ့လာရေးဌာနက ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူး မါမောက္ခနှင့် ဓမ္မကထိကအဖြစ် ခန့်အပ်လေသည်။

ဒေါက်တာရိနာဆာကားတို့ မိသားစုတွင် မွေးချင်း ခြောက်ယောက်ရှိရာ ရိနာက တတိယအထွေးဖြစ်လေသည်။ ယခုအခါ အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားတက္ကသိုလ်၊ အာရှလေ့လာရေးဌာနတွင် ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ပါမောက္ခနှင့် ဓမ္မကထိကအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်[1]။

ဒေါက်တာရိနာကားကား သူ့ဝါသနာ၊ သူ့ပညာ၊ သူ့အလုပ်နှင့် လိုက်ဖက်ကာ ဂုဏ်ပြုသင့်သောအမျိုးသမီးဖြစ်၍ "ကံသုံးပါးဖြင့် ပြစ်မှားမရှိ၊ သမာဓိနှင့်၊ သတိသမ္ပဇဉ်၊ ယှဉ်သားကမ္မဋ္ဌာန်း၊ စီးဖြန်းတုံးတုံး၊ နှလုံးသိပ်သိပ်၊ မလိပ်မလည်း၊ ကုသိုလ်ချည်းလျှင်၊ ဆည်းသည့်သူအား၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့၊ လိမ္မာမှတ်ပိုက်၊ နှစ်အင်ကြိုက်၏[2]"ဟူသော စာပန်းချီဖြင့် ဂုဏ်ပြုလိုက်ချင်သည်။

**အမေရိကန် ဒေါ်နန္ဒာ**

"ဘုရားလူ့ဘဝ၊ မုန္နလျက်၊ မိန်းမယောကျ်ား၊ လူ့စကားဖြင့်၊
မကြားစဖူးသော၊ မဆိုဖူးသောင်းကို၊ အကြောင်းဆောင်သွေး၊ ဆိုကာ
သေးရှင့်၊ ဆိုရေးရှိက၊ ဆိုအံ့ပင်လှ၏၊ ဆိုစချေးလျှား၊ ယားပချေမိ၊ ငါ
ဝန်ရှိခဲ့၊ ပြုံးမိပြုံးစေ၊ ဆိုလျှင်းပေအံ့[3]။"

မြန်မာစာဆိုကြီး အရှင်မဟာရဋ္ဌသာရ၏ အဆိုအမိန့်ဖြစ်၏။ ဆိုသင့်လို့ ဆိုချင်ပါသည်၊ ဆိုပါရစေ။ ဘုရားမျှင့်လက်ထက်• သာမာဝတီ၏ အိမ်ဖော်မကလေး "ခုဇ္ဇုတ္တရာ" ကို "ဒေါ်ခုဇ္ဇာ" ဟု ဆိုလိုက်ပါမို့။

ဒေါ်ခုဇ္ဇာသည် ဘုရားရှင်အား ဆွမ်းလုပ်ကျွေးခွင့်ရသွားသော ပန်းအလုပ်သမား ကိုသုမန၏ ဖိတ်မံချက်အရ ဘုရားရှင်၏ ဆွမ်းအနုမောဒနာ တရားတော်ကို ကြားနာခွင့်ရကာ သောတာပန်မလေး ဖြစ်လာခဲ့သည်။

---

၁။ V.O.A. အသံလွှင့်ဌာန မြန်မာပိုင်း အစီအစဉ်မှ။
၂။ စတုဓမ္မသာရ ကိုးခန်းပျို့ ပိုဒ်ရေ-၃၄၊
၃။ ဘူရိဒတ်ဇာတ်ပေါင်းပျို့ ပိုဒ်ရေ-၆။

သာမာဝတီ၏ အိမ်ဖော်မလေး ဒေါ်ခုဇ္ဇာ သောတာပန်ဖြစ်သည့်နေ့က စ၍ သာမာဝတီ၏ အိမ်ဖော်မဟုတ်တော့ပြီ။ သာမာဝတီ၏ အမိအရာ၊ ဆရာ့အရာ၌ တည်၍ သာမာဝတီ၏ အမိကြီး ဆရာကြီး ဖြစ်သွားလေတော့သည်။ တနည်းအားဖြင့် သာမာဝတီ အမှူးရှိသော နန်းတွင်းသူများအပေါ် "ဓမ္မကထိက ဆရာမကြီး" ဖြစ်သွားတော့ခြင်းပင် မည်ပေ၏[၁]။

ဒေါ်ခုဇ္ဇာသည် ဘုရားရှင် ဟောကြားတော်မူသော တရားတော်များကို သာမာဝတီ အမှူးပြုသော နန်းတွင်းသူအမျိုးသမီး ငါးရာတို့အား တဆင့်ပြန်၍ ဟောကြားရသည်။ သာမာဝတီအမှူးပြုသော အမျိုးသမီး ငါးရာလည်း ဒေါ်ခုဇ္ဇာထံမှ ဘုရားရှင့် တရားတော်များကို ကြားနာရကာ အားလုံး သောတာပန်ချည်း ဖြစ်ကုန်ကြတော့သည်။

ဒေါက်တာရိနာသည် ကျေးဇူးရှင် တောင်ပုလုဘောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး၏ သမထ ဝိပဿနာတရားတော်များကို နည်းခံ မှတ်သားခွင့် ရသူပီပီ သူမသည် အမေရိကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိသော အချိန်မှစ၍ သူမတပည့်များအား ဗုဒ္ဓအလိုတော်ကျ ကျေးဇူးရှင်တောင်ပုလု တောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ သမထ ဝိပဿနာ နည်းနာများကို အားထုတ်စေလေသည်။ ယင်းသို့ အားထုတ်စေခဲ့ရာ၌ ဒေါက်တာရိနာဆာကားက "တကယ်တော့ မနှစ်ကမှ အားထုတ်မှုလုပ်ငန်း စတင်ခဲ့တာပါ။ ကျမရဲ့ သင်တန်းကာလအတွင်းမှာ အထူးလေ့လာထားတဲ့ ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းကို ကျမ ပြောလေ့ရှိပါတယ်။ ကျမရဲ့သင်ကြားချက် အားလုံးဟာ တောင်ပုလုဆရာတော်ရဲ့ သင်ကြားချက်တွေအပေါ်မှာ အခြေခံထားပါတယ်[၂]"ဟု အမေရိကန် စာ-နယ်-ဇင်းများနှင့် တွေ့ဆုံရာတွင် ဖွင့်ဟဝန်ခံထားလေသည်။

ဒေါက်ရိနာသည် ကိုယ်တိုင်လည်းအားထုတ်၊ တပည့်များအားလည်း အားထုတ်စေကာ ဓမ္မအရသာကို ဝေငှပြန့်ပွားလျက် ရှိသည်။ ယခုအခါတွင်

၁။ ဓမ္မပဒအဋ္ဌကထာ၊ ပ-တွဲ၊ ၁၃၄။

၂။ ၁၉၇၉-ခုနှစ်ထုတ်၊ လင်းရောင်ခြည်မဂ္ဂဇင်း၊ ၂၅။

ဒေါက်တာရိနာ၏ ကာလီဖိုးနီးယားတက္ကသိုလ်တွင် ဗုဒ္ဓဘာသာကျောင်းသား အမျိုးသမီး၊ အမျိုးသားဦးရေ ၆၀၀-ကျော်မျှ ရှိသွားပြီဟု ဒေါက်တာရိနာက ဆိုလေသည်။

ခုဇ္ဇုတ္တရာသည် သာမာဝတီအမှူးရှိသော နန်းတွင်းသူ အမျိုးသမီး ငါးရာတို့၏ အားထားရာကြီးဖြစ်သလို ဒေါက်တာ ရိနာသည်လည်း အမေရိကန်အမျိုးသမီး အမျိုးသား ၆၀၀-ကျော်တို့၏ အားထားမှီခိုရာကြီး ဖြစ်နေပေတော့သည်။ သို့ရာတွင် ခုဇ္ဇုတ္တရာ၏ ရုပ်ဆင်းသဏ္ဌာန်ဟူသော ဂုဏ်နှင့် ဒေါက်တာရိနာ၏ ပုထုဇဉ်ဟူသောဂုဏ်တို့ မနှိုင်းယှဉ်သာအောင် ကွာခြားသလို ဒေါက်တာရိနာ၏ ပါမောက္ခ ဟူသောဂုဏ်နှင့် ခုဇ္ဇုတ္တရာ၏ ကျွန်မဟူသောဂုဏ်တို့ကား ဆီးစေ့နှင့် မြင်းမိုရ်တောင်လို မည်သို့မျှ မနှိုင်းယှဉ်သာအောင် ကွာခြားလှပါကြောင်း အစီရင်ခံရပါသည်။

## အမေရိကန်သို့ ပင့်ဆောင်ကြပြီ

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး အမေရိကန်သို့ကြွရန် အကြောင်းဖန်လာခြင်းကို တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ဒေါက်တာ ရိနာနှင့် တပည့် ၆-ယောက်တို့သည် မြန်မာနိုင်ငံ တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာတွင် ၅-ရက်ကြာမျှ တရားအားထုတ်၍ အမေရိကန်သို့ ပြန်လည်ခဲ့ကြသည်။ ဒေါက်တာရိနာက အမေရိကန် စာနယ်ဇင်းများနှင့် တွေ့ဆုံရာတွင် "ကျမရဲ့ ကျောင်းသားများဟာ ထိုဆရာတော်ကို သိပ်ပြီး လေးစားကြည်ညိုခဲ့တဲ့အတွက် ထိုဆရာတော်ကို အမေရိကန်ပြည်ထောင်စုသို့ ပင့်ဖိတ်ရန် အလိုရှိခဲ့ကြပါတယ်"ဟု ထုတ်ဖော်ပြောဆိုခဲ့လေသည်။ ယင်းသို့ အလိုရှိသည်အားလျော်စွာ ဒေါက်တာရိနာဆရာကားနှင့် တပည့် ၆ –ယောက်တို့သည် မြန်မာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ဆိုက်ရောက်ပြီးနောက် ၁၀ -ရက်အတွင်းမှာပင် တောင်ပုလု ဆရာတော်ဘုရားကြီးကို အမေရိကန်ပြည်ထောင်စုသို့ ပင့်ဆောင်ရန် ဆုံးဖြတ်ခဲ့ကြလေသည်။ယင်းသို့

---

၁။ ၁၉၇၉-ခုနှစ်ထုတ်၊ လင်းယုန်ရောင်ခြည်မဂ္ဂဇင်း၊ ၂၅။

ဆုံးဖြတ်ချက် ချလိုက်သည်နှင့် တပြိုင်နက် အထူးစီမံချက်များ ချမှတ်ကာ ပင့်ဆောင်ရေးအစီအစဉ်များ ရေးဆွဲကြလေတော့သည်။ ရှေးဦးစွာ အဖွဲ့ပင် ၁၈-ဦး ပါဝင်သော တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ အဖွဲ့ကြီးကို ၁၉၇၈-ခုနှစ် ဖေဖော်ဝါရီလတွင် အောင်မြင်စွာ ဖွဲ့စည်းလိုက်ကြသည်။ ယင်းအဖွဲ့ကြီးလက်အောက်တွင် ပင့်ဆောင်ရေးအဖွဲ့ကြီးကိုလည်း အောင်မြင်စွာ ဖွဲ့စည်းလိုက်ကြပြန်သည်။

တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာအဖွဲ့ကြီးတွင်—

(၁) ဒေါက်တာရိနာဆာကား — ဥက္ကဋ္ဌ၊
(၂) တောင်ဝီလီယံစ်[၁] — ဥက္ကဋ္ဌ၊
(၃) မိုးရီးရ်မက်ကွယ်ယား[၂] — ဒု - ဥက္ကဋ္ဌ(ဘဏ္ဍာရေးမှူး)၊
(၄) ဟယ်လင်ဂျိုးဇက်[၃] — ဒု - ဥက္ကဋ္ဌ၊
(၅) အမေရိကန် အမျိုးသား အမျိုးသမီးများနှင့် တပည့်များကို အဖွဲ့ဝင်များ အဖြစ်ဖြင့်လည်းကောင်း၊

ပင့်ဆောင်ရေးအဖွဲ့ကြီးတွင်—

(၁) ဒေါက်တာရိနာဆာကား — ဥက္ကဋ္ဌ၊
(၂) တောင်ဝီလီယံစ် — ဥက္ကဋ္ဌ၊
(၃) မိုးရီးရ်မက်ကွယ်ယား — ဒု - ဥက္ကဋ္ဌ၊
(၄) ဟယ်လင်ဂျိုးဇက် — ဒု - ဥက္ကဋ္ဌ၊
(၅) ဗုဒ္ဓဘာသာ အမေရိကန် အမျိုးသား အမျိုးသမီးများနှင့် တပည့်များကို အဖွဲ့ဝင်များအဖြစ်ဖြင့်လည်းကောင်း ဖွဲ့စည်းလိုက်ကြလေသည်။

---

၁။ Ton Williams
၂။ Maureen Maguire
၃။ Helen Joseph

အဖွဲ့များ ဖွဲ့စည်းပြီးသောအခါတွင် ပင့်ဆောင်ရေးလုပ်ငန်း၏ အဓိက အစိတ်အပိုင်းဖြစ်သည့် ကောင်ပုလုကမ္ဘာအေး ဓမ္မရိပ်သာ ဖွင့်နိုင်ရန် မြေနေရာကို ရှာကြံကြရလေသည်။ ဒေါက်တာ ရီနာဆာကားသည် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးသည် တောရမှာမှ နေသည် ဟူသောအချက်ကို ကောင်းစွာ သိရှိပြီးဖြစ်သည်။

ထို့ကြောင့် ဒေါက်တာရီနာဆာကားနှင့် တပည့်များသည် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး သီတင်းသုံးရန် ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့နှင့် မိုင် ၅၀-အကွာရှိ ပါလိုအာတို[၁] မြို့ကလေးအနီး တောင်ကုန်းကလေး တခုပေါ်တွင် မြေညီမြေဖို့ လုပ်ကာ "တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ"ကြီးကို ခန့်ညားလှပစွာ တည်ဆောက် လိုက်ကြလေသည်။ "တောင်ပုလု ကမ္ဘာအေး ဓမ္မဆပ်တာ" ဟူသော ဆိုင်းဘုတ် ကြီးကိုလည်း အောင်မြင်စွာ တင်ထားလိုက်ကြသည်။ ဒေါက်တာရီနာဆာကား နှင့် တပည့်များသည် တရားအားထုတ်လိုသော အမေရိကန် အမျိုးသား အမျိုးသမီးများ တရားအားထုတ်ရန် အလွယ်တကူ လာနိုင်ရေးအတွက် တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာ တည်ရှိရာကို မြေပုံဆွဲ၍ လက်လှမ်းမှီသမျှ ဖြန့်ဝေထားလိုက်ကြသေးသည်။

ပင့်ဆောင်ရေးအစီအစဉ်တွင် အဓိကအစိတ်အပိုင်းကြီး ပြီးပြေသွား သောအခါတွင် သူမတို့စစ်ဦးကို ရိုက်ချိုးထားရန် စီမံချက်များ ချမှတ်ကြရ ပြန်၏။ ယင်းကားအခြားမဟုတ်။ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး အမေရိကန်တွင် သီတင်းသုံးနေစဉ်အတွင်း သူမတို့ရိုးရာ ဆင်ယင်ထုံးဖွဲ့မှုများ ခေတ္တပယ်ရှောင်ထားရန်ဖြစ်၏။

အချို့မြန်မာတို့က ခေတ်မီလှပသည်ဟု ယူဆနေသော အနောက်တိုင်း သူတို့၏ ဆင်ယင်ထုံးဖွဲ့မှုများသည် ဗုဒ္ဓဘာသာမျက်စိတွင် အံမဝင် ခွင်မကျဟု မြန်မာလူမျိုးမဟုတ်သူ ဒေါက်တာရီနာဆာကားက ထင်မြင်လာသည်။ မြန်မာ အမျိုးသမီးတို့ အတုယူဖွယ်ပင် ဖြစ်ပေ၏။

---

၁။ Paloalto.

ပါဠိစာပေကို တတ်ကျွမ်း၍ ဗုဒ္ဓဘာသာ အရည်ဝနေပြီဖြစ်သော ဒေါက်တာရီနာဆာကားသည် အနောက်တိုင်း ဆင်ယင်ထုံးဖွဲ့မှုများကို သူမ အနေဖြင့် "ဒုန္နိဝတ္ထ ဒုပ္ပါရုတ" ဟု ရှုမြင်ထားသည်။ ဘုရားရှင်၏ ပဉ္စဂုဏ္ဍာ၍ ပါဠိတော်လာ ယောခာဇီဝသုတ်ကို ကောင်းစွာ သင်ကြား ဘူးထားသော ဒေါက်တာရီနာဆာကားသည် ဤအတိုင်းပင် ရှုမြင်ခြင်းမှာ သဘာဝကျလှ ပေ၏။

ဒေါက်တာရီနာဆာကားကား "စာပေကျွမ်းဂန်၊ ဝိနည်းပွန်၍၊ ကျင့်မှန်သိပ်သည်း၊ လှန်စောင့်စည်း" သော ဇိန္ဒိယအနွယ် မြန်မာပြည်ဖွား ဗုဒ္ဓဘာသာ အမျိုးကောင်းသမီး တယောက်ဖြစ်သည်ဟု ဝှချီးရမည်သာဖြစ် ပေသည်။

ထို့ကြောင့် ဒေါက်ဘာရီနာဆာကားသည် သူမ၏ တပည့်မ အားလုံး အား ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် ဘုရားကြီး အမေရိကန်တွင် သာသနာပြု သီတင်းသုံးနေစဉ်အတွင်း မြန်မာအမျိုးသမီးတို့ ဆင်ယင်ဝတ်စားသော မြန်မာမှု မြန်မာဓလေ့ ဆင်ယင်ထုံးဖွဲ့မှုများဖြင့်သာ ရိပ်သာတွင် ဆည်းကပ်ဝပ်တွားကြရမည်ဟု သွန်သင်ညွှန်ကြားထားလိုက်လေ သည်။ သူမတို့ စိမ့်ချက်ကား ပြီးပြည့်စုံလှသည်ဟု ဆိုရမည်ဖြစ်ပေ၏။

ယင်းသို့သော ပြင်ဆင်ဖွယ်ကိစ္စများအားလုံး ပြီးပြေသောအခါတွင်မှ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် ဘုရားကြီးအား အမေရိကန်သို့ ကြွရောက်၍ တရားရေအေး ဇမြိုက်ဆေး တိုက်ကျွေးတော်မူ ပါရန် ပင့်ဆောင်ခဲ့ကြခြင်း ဖြစ်ပေသည်။

## ကြည်ညိုသမှု အရင်းပြု

### အရှင်ဝေသာရဇ္ဇအကြောင်း သိကောင်းစရာ

"နာဂိတ၊ ငါးလုံနေတဲ့ တံငါသည်တွေလို ဆူညံနေသူတွေဟာ ဘယ်သူတွေလဲ"

အခါတပါး ဂေါတမဗုဒ္ဓသည် ကောသလတိုင်း ကောသလမင်းတို့၏ ဣစ္ဆာနင်္ဂလ အမည်ရှိသော နိဂုံးရွာကလေးတခုတွင် သီတင်းသုံး စံပျော်တော်

၂၄၈၆၉

မှုလျက်ရှိသည်။ ဣစ္ဆာနင်္ဂလနိဂုံးနေသူ ပုဏ္ဏားနှင့် အမျိုးသားများသည် ဂေါတမဗုဒ္ဓ၏ သာကီဝင်ဟူသော မျိုးနွယ်မှပေါက်ဖွား၍ ရဟန်းပြုခဲ့သူဖြစ်ခြင်း၊ ဂေါတမဗုဒ္ဓ၏ လူလောကနှင့် နတ်လောကတွင် ကြေငြာသတင်းကျော်စောခြင်း ဟူသော အချက်အလက်များကြောင့် ဂေါတမဗုဒ္ဓအပေါ် စိတ်ဝင်တစား ရှိခဲ့ကြသည်။

စိတ်ဝင်စားခဲ့ကြသည့်အတိုင်းလည်း ဣစ္ဆာနင်္ဂလနိဂုံးနေ ပုဏ္ဏားနှင့် အမျိုးသားများသည် မိုးသောက်ခါနီး လင်းအားကြီးအချိန်တွင် လှူဖွယ်တန်းဖွယ်များ ယူဆောင်ကာ ဂေါတမဗုဒ္ဓ သီတင်းသုံးရာဌာန တံခါးဝတွင် ကြွက်ကြွက်ဆူမျှ လာရောက်စုရုံးနေကြ၏။ ဂေါတမဗုဒ္ဓသည် ယင်းအသံများကို ကြားတော်မူသည်နှင့်တပြိုင်နက် အလုပ်အကျွေးဖြစ်သော အရှင်နာဂိတအား အထက်ပါအတိုင်း မိန့်ကြားတော်မူခဲ့သည်။

"မှန်လှပါအရှင်ဘုရား၊ အရှင်ဘုရားနှင့် ရဟန်းအပေါင်းအား လှူရန်ရည်စူး၍ များလှစွာသော လှူဖွယ် တန်းဖွယ်များယူဆောင်ကာ တံခါးဝတွင် လာရောက်စုရုံး၍ ကြွက်ကြွက်ဆူနေသူတို့ကား ဣစ္ဆာနင်္ဂလနိဂုံးနေ ပုဏ္ဏားနှင့် အမျိုးသားများပါဘုရား"

ဂေါတမဗုဒ္ဓ၏ အလုပ်အကျွေးဖြစ်သော အရှင်နာဂိတသည် မကွယ်မထောင့် အဖြောင့်အတိုင်း လျှောက်ထားလိုက်သည်။ အရှင်နာဂိတ၏ ဘုရားရှင်အား လျှောက်လဲသံသည် တဖက်သားအပေါ် သောကပို့မှုကလေးများက လွှမ်းမိုးကြီးစိုးနေသည်။ အရှင်နာဂိတ မည်သူ့အား သောကပိုနေသနည်း။ ဂေါတမဗုဒ္ဓအပေါ်တွင်လော။ ဘုရားဖူးလာသူ ပရိသတ်ထုအပေါ်တွင်လော။ အရှင်နာဂိတ မည်သူ့အပေါ် သောကပိုနေသည် ဆိုခြင်းကို နောက်ပိုင်းအဖြစ်အပျက်များက အဖြေပေးသွားပေလိမ့်မည်။

"နာဂိတ၊ ငါဘုရားသည် အခြံအရံအကျော်အစောနှင့် မဆက်ဆံလို။ အခြံအရံ အကျော်အစောသည်လည်း ငါဘုရားနှင့် မဆက်ဆံစေနှင့် နာဂိတ"

ဂေါတမဗုဒ္ဓ၏ ရွှေခန္ဓာတော် မြွက်ကြားမှုကား ထန်ပြင်းတော်မူလှဘိသည်။ ထန်ပြင်းလှသည်နှင့် အမျှလည်း ပြတ်သားတော်မူလှဘိသည်။ အလုပ်အကျွေးဖြစ်သူ အရှင်နာဂိတသည်ပင် အသံများ တုန်ယင်နေချေပြီ။ ဖူးအုံ့ ဟု ရည်၍ တံခါးဝတွင် ငေးမောစောင့်စားနေကြသူ ဣစ္ဆာနင်္ဂလ နိဂုံးသူ နိဂုံးသားတို့မှုကား ဂေါတမဗုဒ္ဓ၏ "တံငါသည်" ဟူသော ပြစ်တင်ရှုတ်ချမှုကြောင့် ဝမ်းနည်းပက်လက်ဖြစ်ကာ မဖူးအုံ့ရသို့ ရှိနေဘိသည်။ ဘုရားဖူးအုံ့သော အခြေအနေများကား မျှော်လင့်ချက် ခန်းသလောက်ဖြစ်ခဲ့ပြီ။ သို့ရာတွင် အခန်းတွင်းရှိ အရှင်နာဂိတကို မျှော်လင့်အားကိုးသော အကြည့်ဖြင့် ကြည့်နေကြဆဲဖြစ်၏။

"အရှင်ဘုရား၊ ယခုအကြိမ် သည်းခံတော်မူပါဘုရား။ ယခုအခါသည် အရှင်ဘုရား၏ သည်းခံဘော်မူရာ အခါပါ။ အရှင်ဘုရား မည်သည့်အရပ်သို့ ကြွသည်ဖြစ်ပါစေ။ ပုဏ္ဏားနှင့် အမျိုးသားများသည် အရှင်ဘုရား ကြွတော်မူရာအရပ်တိုင်းကို လိုက်ပါကြမည် ကေန်ပါဘုရား။ ယင်းသို့လိုက်ပါကြမည့် အကြောင်းကလည်း အရှင်ဘုရား၏ သီလတော် ပညာတော်သည် မိုးကဲ့သို့ ကြီးကျယ်တော်မူခြင်းကြောင့် ဖြစ်ပါသည်ဘုရား[၁]"

အရှင်နာဂိတခမျာ ကြိုးစားလျှောက်ထားပါသော်လည်း ဘုရားရှင်၏ ရေးနည်းတူ ရွှေခန္ဓာတော်မြွက်ကြားမှုကြောင့် နောက်တွန့်တော်မူခဲ့ရရှာသည်။ ဖူးအုံ့ ဟု ရည်၍ တံခါးဝတွင် ကြွက်ကြွက်ဆူမျှ လာရောက်စုရုံးနေကြသူ ဣစ္ဆာနင်္ဂလနိဂုံးမှ ပုဏ္ဏားနှင့်အမျိုးသားများကား ခဲလေသမျှ သဲရေကျဖြစ်ကာ ကြွက်ကြွက်ဆူသျှက်ပင် ပြန်ခဲ့ကြသည်။

ဤကား တချိန်က ကောသလတိုင်း ဣစ္ဆာနင်္ဂလနိဂုံး၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တခုဖြစ်သည်။ ယင်းအဖြစ်အပျက်မျိုးသည် မကြာမီက မန္တလေးတိုင်း တောင်ပုလုနိဂုံးတွင် ဖြစ်ပျက်ခဲ့သည်။ တောင်ပုလုနိဂုံး ဟူသည်ကား တောင်ပုလုတောရ ကမ္ဘာ့အေးရိပ်သာ ဝန်းကျင်ရှိ ရွာကလေးများကို ဖော်ညွှန်းလိုခြင်းဖြစ်၏။

---

၁။ အင်္ဂုတ္တရပါဠိ၊ ပဥ္စကနိပါတ်၊ ၂၅။

ယင်းကျေးရွာများရှိ အမျိုးသားနှင့် အမျိုးသမီးများသည် အရှင်ဝေသာရဇ္ဇအပေါ် စိတ်ဝင်စားခဲ့ကြသည်။ ယင်းတို့၏ စိတ်ဝင်စားခြင်းကလည်း တချိန်က ဣစ္ဆာနင်္ဂလ နိဂုံးသူ နိဂုံးသားများ စိတ်ဝင်စားခြင်းများနှင့် အတူ အရှင်ဝေသာရဇ္ဇ၏အမေရိကန်လူမျိုးမှ ရဟန်းပြုလာသူဖြစ်ခြင်း၊ ဓုတင်တရား ဆယ့်သုံးပါးကို ကျားကုပ်ကျားခဲ အားထုတ်ခြင်းဟူသော အကြောင်းများကြောင့် ဖြစ်ပေသည်။

ယင်းသို့သော စိတ်ဝင်စားစရာ အကြောင်းခြင်းရာများကြောင့် အမေရိကန်အမျိုးသား အရှင်ဝေသာရဇ္ဇအား ယင်းကျေးရွာရှိ အမျိုးသမီး အမျိုးသားများက စိတ်ဝင်တစား လာရောက် ဖူးမျှော်နေကြသည်။ နေ့ရေမခြား အုပ်စုနှင့်ချီ၍ လာရောက်ဖူးမျှော်နေကြသည်။ တနေ့တချိန် မဟုတ်သဖြင့် အရှင်ဝေသာရဇ္ဇက မြင်လာသည်။ ယခုလို အဖူးမျှော်ခံနေရခြင်းဖြင့် သူ့အတွက် အလုပ်ထိခိုက်လာသည်ဟု မြင်လာသည်။

ယင်းအကြောင်းများကို ကျေးဇူးရှင် ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ကျေးဇူးရှင် ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီးက မဆိုင်းမတွပင် အရှင်ဝေသာရဇ္ဇ သိမ်ကျောင်းပရိဝုဏ်အတွင်း တစုံတယောက်မျှ ဝင်ထွက်သွားလာခြင်း မရှိစေရဟု အမိန့်ပေးတော်မူခဲ့ရသည်။ ယင်းနေ့မှစ၍ ယင်းကျေးရွာသူ အမျိုးသမီး အမျိုးသားများသည် အရှင်ဝေသာရဇ္ဇအား ဖူးခွင့်မရကြရှာတော့ပြီ။ အရှင်ဝေသာရဇ္ဇသည်လည်း ဝိပဿနာ တရားအလုပ်ကို ချမ်းသာစွာ အားထုတ်နိုင်ခဲ့ပြီ ဖြစ်သည်။

ဤနိုင်းယှဉ်ချက်များတွင် အကြောင်းခြင်းရာချင်း တူညီပုံကိုသာ နှိုင်းယှဉ်ပြလိုခြင်းဖြစ်၍ ပုဂ္ဂိုလ်ချင်း နှိုင်းယှဉ်ပြလိုခြင်း မဟုတ်ချေ။ တနည်းဆိုရသော် ဤအကြောင်းခြင်းရာများကို ဖော်ပြနေခြင်းသည် အမေရိကန်ပြည်သား အရှင်ဝေသာရဇ္ဇ၏ အကြောင်းကို ဖော်ကျူးလိုခြင်းသက်သက်ကြောင့်ပင် ဖြစ်သည်။

အရှင်ဝေသာရဇ္ဇသည် တောင်ပုလုဘောရ ကမ္မဋ္ဌာန်းရိပ်သာသို့ ရောက်သည့်နေ့ကစ၍ ဓုတင်တရား ဆယ့်သုံးပါးကို ကျားကုပ်ကျားခဲ ဆောက်

တည်ခဲ့သည်။ အရှင်ဝေသာရဇ္ဇသည် သူ၏ ဓူတင်အပိုင်းကဏ္ဍကို မြန်မာနိုင်ငံသို့ မရောက်မီ အိန္ဒိယနိုင်ငံကပင် အစပျိုးခဲ့သည်။

အရှင်ဝေသာရဇ္ဇ မြန်မာနိုင်ငံရောက်၍ မကြာမီ ရန်ကုန်မြို့တွင် ဖြစ်သည်။ အရှင်ဝေသာရဇ္ဇသည် အင်းလေးဓမ္မာရုံတွင် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးနှင့် အတူရှိနေစဉ် ရန်ကုန်မြို့ သရက်တောကျောင်းတိုက်တွင် ဘုန်းကြီးပျံတခုနှင့် ကြုံကြိုက်ရ၏။ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးက အရှင်ဝေသာရဇ္ဇအား ဘုန်းကြီးအလောင်းမှ သင်္ကန်းကို ပံ့သကူကောက်ရန် ညွှန်ကြားတော်မူခဲ့သည်။ အရှင်ဝေသာရဇ္ဇသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသည့်အတိုင်း မီးသင်္ဂြိုဟ်အံ့ဆဲဆဲ ဘုန်းကြီးအလောင်းမှ သင်္ကန်းကို ပံ့သကူသင်္ကန်းအဖြစ် ကောက်ယူခဲ့ခြင်းဖြင့် သူ၏ ပံ့သကူဓူတင်ဆောင် ရဟန်းအဖြစ်ကို မွေးမြူနိုင်ခဲ့လေသည်။

ယခုအခါ အရှင်ဝေသာရဇ္ဇသည် တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာဝန်းကျင် ဝေါစရဂံဆွမ်းခံရွာများရှိ သုသာန်တကာတွင် သောသာနိကဓူတင် မဆောက်တည်ဘူးသော ပံ့သကူသင်္ကန်း မကောက်ဖူးသော သုသာန်ဟူ၍ မရှိတော့ပြီ။ အရှင်ဝေသာရဇ္ဇသည် ယင်းဂေါစရဂံရွာများရှိ သုသာန်တကာသို့ ဖိနပ်မစီး၊ ဖော်မမိုးပဲ တပါးတည်းသွား၍ သောသာနိကဓူတင်ကို ဆောက်တည်ခြင်းဖြင့် မိမိ၏ သုသာန်ဓူတင်ဆောင် ရဟန်းအဖြစ်ကို မွေးမြူနိုင်ခဲ့သည်။

"ဟာ—မင့်ခြေထောက်တွေ ဖူးရောင်တာ ဘာဟုတ်တာလိုက်လို့။ ဒို့ ဘုရားလက်ထက်တော်က သူဌေးသားယသ သူ့ဝိသဘာဂအာရုံတွေ့ စက်ဆုပ်ပြီး ဘုရားထံ ညကြီးမင်းကြီး ပြေးလာတုန်းက ကွဲခဲ့တဲ့ ခြေထောက်တွေဟာ သွေးများတောင် ဖြာဆင်းခဲ့သေးတယ်"

ရွှေသင်ပန်းနှင့် အချင်းဆေး မင်းမွေးသော မင်းသား မဟုတ်ခဲ့ကာမူ ဖိနပ်ပင် မစီးခဲ့သော အရှင်ဝေသာရဇ္ဇ၏ ခြေအစုံသည် မြန်မာနိုင်ငံ အညာမြေဝသုန်၏ ခဆောင်းနှင့် ကျောက်စရစ်ခဲများကြောင့် ဖူးရရှုးထ ရောင်ရမ်း

လာခဲ့သည်။ ယင်းကို အရှင်ဝေသာရဇ္ဇက ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီးအား လျှောက်ထားခဲ့ရာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အထက်ပါအတိုင်း အမိန့်ရှိခဲ့ခြင်း ဖြစ်သည်။

အရှင် ဝေသာရဇ္ဇသည် မိမိ၏ ပံ့သကူစုတင်ဆောင် ရဟန်းအဖြစ်ကို ဆက်လက်မွေးမြူနိုင်ရန် ယင်းသုသာန်များမှ အဝတ်စုတ် အစအနများကို ဖွေရှာရယူလျက်ရှိသည်။ အရှင်ဝေသာရဇ္ဇက "ဘောရွာ သုသာန်တွေဟာ ဆင်းရဲကြလို့ ထင်တယ်။ ပံ့သကူသင်္ကန်းကောက်လို့ မရဘူး။ မြို့ကသုသာန်တွေ သွားကောက်ချင်တယ်"ဟု ဆိုလာသည်အထိ မိမိ၏ ပံ့သကူစုတင်ဆောင် ရဟန်းအဖြစ်ကို ဆက်လက်မွေးမြူနိုင်ရန် အားသစ်လျက်ရှိသည်။

"မင်းတို့နိုင်ငံရာသီဥတုနှင့် ဒို့နိုင်ငံရာသီဥတုတို့က မတူဘူး။ အထူးသဖြင့် မြန်မာနိုင်ငံ ဒို့အညာဒေသ ရာသီဥတုက ပိုပြင်းတယ်။အဲဒီတော့ အဗ္ဘောကာသိကဓုတင်ကို အခုလောက် မပြင်းထန်စေနဲ့ပေါ့။ မင်း အကျိုးမရှိဖြစ်သွားမယ်"

အရှင်ဝေသာရဇ္ဇသည် အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်ရာတွင် ပြင်းပြင်းထန်ထန်ပင် ဆောက်တည်ခဲ့သည်။ အဗ္ဘောကာသိကဓုတင်ဆိုသည်ကား အမိုးအကာမဲ့သောနေရာတွင် နေထိုင်ကျင့်သုံးရသော ဓုတင် ဖြစ်သည်။ ယင်းသို့ ဆောက်တည်ခဲ့ရာ မြန်မာနိုင်ငံ အညာဒေသ ကဆုန် နယုန်နေက အရှင်ဝေသာရဇ္ဇ၏ နီတွေးသောအသားများကို ညိုယောင်းယောင်း ဖြစ်စေခဲ့သည်။

ခန္ဓာကိုယ်အတွင်း၌ လှည့်ပတ် သွားလာလျက်ရှိသည့် သွေးသားများကို အညာနေပူဒဏ်က ပြောင်းလဲစေခဲ့သည်။ ဆီးနှင့်ခါတ်များ ခန်းခြောက်စေခဲ့သည်။ ရုပ်၏ဖောက်ပြန်တတ်သော သဘာဝကို ထင်မြင်လာရန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အထက်ပါအတိုင်း ညွှန်ကြားတော်မူခဲ့ရသည်။ ယခုအခါ အရှင်ဝေသာရဇ္ဇသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ညွှန်ကြားတော်မူသည့်အတိုင်း အဗ္ဘောကာသိက ဓုတင်ကို ဆောက်တည်လျက်ရှိသည်။

အရှင်ဝေသာရဇ္ဇကား ဆွမ်းနှင့်စပ်သော မှုတင်များကို ဆောက်တည် ရာ၌လည်း ပြတ်သားလှသည်။

"တောချောင်ခိုအောင်း၊ သားငှက်ပေါင်းကို၊ ချောင်း၍အစာ၊ ခုပ် သော့ခါလျှင်၊ လက်ျာကျမှ၊ စားကြစရိုး၊ အမျိုးလေ့ကျက်၊ မြဲမပျက် သည့်၊ သစ်နက်ကျင့်နေ၊ ဥပဒေကို၊ သက်သေပြုရှောင်း၊ အကြောင်း တမျဉ်၊ နိမိတ်ယှဉ်၍[၁]"

၎င်းကား မန်လည်ဆရာတော်၏ အဆိုအမိန့်ဖြစ်သည်။ အရှင်ဝေသာ ရဇ္ဇသည် "တောကျောင်းဘုန်းကြီး သစ်ကျောင်းနည်း"ဖြစ်သော သစ်နက်တို့ ၏ နယူပဒေကို အမိအရယူ ကျင့်သုံးကာ ဆွမ်းခံရာ၌ သူ့လက်ျာဖက်မှ လာ ရောက်လောင်းလှူသော ဆွမ်းကိုသာ အလှူခံ ဘုဉ်းပေးခဲ့လေသည်။

ရှမ်းပြည် တောင်ကြီးမြို့တွင်ဖြစ်သည်။ တောင်ကြီးမြို့သူ မြို့သားများ ကလည်း ဖော်ပြခဲ့ပြီးဖြစ်သောအကြောင်းများကြောင့် အရှင်ဝေသာရဇ္ဇအား စိတ်ဝင်စားခဲ့ကြသည်။ ဆွမ်းဖြင့်လည်း ဖိတ်မန္တက ပြုခဲ့ကြသည်။ သို့ရာတွင် အရှင်ဝေသာရဇ္ဇက လူကုံထံ ကြေးရတတ်တို့၏ ဆွမ်းများကို မသာယာ။ မွဲပြေ တေပေဆိုသော ဘောင်ကြီးမြို့၏ အနိမ့်ဆုံးရပ်ကွက်များသို့သာ ကြွကာ ဆွမ်းခံဘုဉ်းပေးခဲ့လေသည်။

တနေ့တွင် ပိုက်ဆံရှိသူ ဒကာတဦးသည် တာဝတိံသာကို အစိုးရ သော ဦးမာဃနှင့် ဒေါ်သုဇာတာလို လူမွဲယောင်ဆောင်ကာ လမ်းဘေးမုန့် ကြော် တဲပေါင်းကလေးတခုမှာနေ၍ အရှင်ဝေသာရဇ္ဇ ဘုဉ်းပေးနိုင်လောက် သော ဆွမ်းဘောဇဉ်များကို သပ်သပ်ရပ်ရပ် ပြင်ဆင်လောင်းလှူလိုက်သည်။ အရှင်ဝေသာရဇ္ဇလည်း ယင်းနေရာမှ ဒုံရင်းသို့ ပြန်လှည့်လာခဲ့၏။

အရှင်ဝေသာရဇ္ဇက ဉာဏ်ဖြင့် ဆင်ခြင်စဉ်းစားသည်။ အရှင်ဝေသာ ရဇ္ဇသည် အဘိညာဉ်ဏ်ဖြင့် ဆင်ခြင် စဉ်းစားခြင်းမဟုတ်။ ကာလီဖိုးနီးယား

---

၁။ မဃဒေဝလင်္ကာ ပိုဒ်ရေ-၄၁၇။ မိလိန္ဒပဉ္ဟာပါဠိ၊ ၃၅၂ စသည်။

တက္ကသိုလ်မှ ရရှိခဲ့သော B-A ဘွဲ့ဖြင့်၎င်း၊ အောဒီဆာတက္ကသိုလ်မှ ရရှိခဲ့သော A-A ဘွဲ့ဖြင့်၎င်း ဆင်ခြင်စဉ်းစားခဲ့ခြင်း ဖြစ်သည်။ အသို့နည်း။

မိမိ နေ့စဉ်လာရာ၌ ဤတဲငယ်၌ အကြောင်ကြောင်နေသည်ဟူ၍လည်း မတွေ့စဖူး။ တွေ့ဖူးသည်တိုင်အောင် ဤမျှကောင်းမွန် မြိန်ရှက်၍ အရသာရှိစဖွယ် ဟင်းကျွေးဟင်းလျာများကို မည်သည့်နည်းနှင့်မျှ မလောင်းလှူနိုင်ဟု ဆင်ခြင်စဉ်းစားကာ ယင်းနေရာမှ ပြန်လှည့်ခဲ့ခြင်းဖြစ်သည်။ ကျောင်းရောက်လျှင် ယင်းဆွမ်းများလှယ်ထားကာ တဖန်ဆွမ်းခံ ထွက်ပြန်သောဟူ၏။ သို့ရာတွင် နောက်တကြိမ် ဆွမ်းခံရာ၌ နေမြင့်နေပြီဖြစ်ရကား အရှင်ဝေသာရဇ္ဇမှာ ဘယာနကြောင်တခုဖြင့်သာ ယင်းနေ့အဖို့ ဆွမ်းကိစ္စ ပြီးစီးလိုက်ရသောဟူပေ၏။

နောက်တခုကား မြစ်သားမြို့တွင် ဖြစ်သည်။ အရှင်ဝေသာရဇ္ဇအနေဖြင့် မြစ်သားမြို့တွင် ဘဝအဆက်ဆက်က ဒါနမျိုးစေ့များ အောင်မြင်ခဲ့သည်ဟု ဆိုရချိမ့်မည်။ အရှင်ဝေသာရဇ္ဇသည် မြစ်သားမြို့၌ ဆွမ်းခံရာတွင် မူဆလင်ရပ်ကွက်များကိုမှ ရွေး၍ ဆွမ်းခံခဲ့သည်။ အရှင်ဝေသာရဇ္ဇ၏ ဒါနမျိုးစေ့ကြောင့် ဆွမ်းများပြည့်စုံရုံမျှမက အမောက်အလျှံ ရခဲ့သည်ဟု ဆိုလေသည်။ အကျိုးပေးသန့်လှသော အရှင်ဝေသာရဇ္ဇကို ဘဝတူ ရဟန်းအချင်းချင်းကပင် ချီးကျူးမဆုံးရှိခဲ့သည်ဟု အဆိုရှိသည်။

ဤမည် ထိုမည်သော အကြောင်းများကြောင့် အနီးရှိ ဂေါစရဂံ ဆွမ်းခံရွာများမှ ဒကာ ဒကာမများက အရှင်ဝေသာရဇ္ဇအား ပိုမိုကြည်ညိုခဲ့ကြသည်။ ကြည်ညိုကြသည်နှင့် အမျှလည်း လာရောက်ဖူးမြော် မစဲ ရှိခဲ့ရသည်။ သို့ရာတွင် ဖော်ပြပြီးဖြစ်သော အကြောင်းများကြောင့် ဖူးမြော်ခြင်းမှ ခေတ္တရပ်စေခဲ့ရသည်။ အရှင်ဝေသာရဇ္ဇ၏ အရှေ့ပိုင်း အကြောင်း အရာများကို တောင်ပုလု အိန္ဒိယဗုဒ္ဓနေ့များစာကိုယ်တွင်ဖော်ပြထားသည်။အရှင်ဝေသာရဇ္ဇသည် တောင်ပုလုတောရ ကမ္ဘာ့အေးရိပ်သာဘွင် တရားအားထုတ်လျက်ရှိရာမှ အသည်းအသန် နာမကျန်း ဖြစ်လာခဲ့လေသည်။ သို့နှင့် သိက္ခာချပေးပါရန် သူကိုယ်တိုင် လျှောက်တား တောင်းပန်သဖြင့် သူ၏ဆန္ဒအတိုင်းဖြစ်

အောင် ဆောင်ရွက်ပေးခဲ့ရသည်။ ထို့နောက် သူသည် ဆေးဝါးကုသရန် အမေရိကန်နိုင်ငံ သူ၏မိဘရပ်ထံသို့ ပြန်သွားသည်။ များမကြာမီ သူ့ထံမှ စာများရရှိသည်။ ယခုအခါ ကောင်းစွာကျန်းမာလာပြီဖြစ်၍ ဆရာတော်ဘုရားကြီး၏ အရိပ်အာဝါသအောက်တွင် ဆက်လက် တရားအားထုတ်လိုပါသောကြောင့် ခွင့်ပေးသနားပါမည့်အကြောင်း အလွန်လိုက်လှဲကြည်ညိုစွာ ပန်ကြားရေးသားထားလေသည်။

## ရှင်မဘောရီအကြောင်း သိကောင်းစရာ

အရှင်ဝေဘာရဇ္ဇအကြောင်းကို သီးသန့်ဖော်ပြလျှင် ရှင်မဘောရီ ၏ အကြောင်းကိုလည်း သီးသန့်ဖော်ပြပေးမှ ဗုဒ္ဓနေ့များ ယောဂနိဒါန်းကြီးသည် ပြည့်စုံပေမည်။အကြောင်းသော်ကား ရှင်မဘောရီလည်း အရှင်ဝေဘာရဇ္ဇကဲ့သို့ အမေရိကန်နိုင်ငံသူ ဖြစ်သောကြောင့်ပေတည်း။ တနည်းဆိုရသော် ရှင်မဘောရီအားလည်း မြန်မာပြည်သူတို့က စိတ်ဝင်စားနေခြင်းကြောင့်ပင် ဖြစ်သည်။

မှန်ပါသည်။ မြန်မာပြည်သူတို့သည် ရှင်မဘောရီအားလည်း အရှင်ဝေဘာရဇ္ဇကိုစိတ်ဝင်စားသကဲ့သို့ စိတ်ဝင်တစားရှိခဲ့သည်။ မြန်မာပြည်သူတို့သည် အဘယ့်ကြောင့် ရှင်မဘောရီအား စိတ်ဝင်စားကြသနည်း။ရှင်မဘောရီသည် အမေရိကန်နိုင်ငံသူ ဖြစ်ခြင်း မိန်းမသားဖြစ်ကျက် နိုင်ငံနှင့် မိဘဆွေမျိုးများကို ပစ်ခွါကာ မြန်မာနိုင်ငံသို့ သက်စွန့်ဆံဖျား လိုက်လာ၍ တရားအားထုတ်သူ ဖြစ်ခြင်းကြောင့် ဤသို့လျှင် ရှင်မဘောရီအား စိတ်ဝင်စားနေခဲ့ကြခြင်း ဖြစ်သည်။

ရှင်မဘောရီသည် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့၊ တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာတွင် သီတင်းသုံး သာသနာပြုစဉ်ကပင် ရောင်တလုံး အဆုံးခံကာ ဖန်ရည်စွန်းသော အဝတ်ကိုဝတ်ဆင်၍ လူဝတ်ကြောင် ဘဝမှ ထွက်မြောက်ခဲ့သူလေး ဖြစ်သည်။ အသက်အားဖြင့် ၂၀-နှစ်မျှရှိ၍

အမေရိကန်နိုင်ငံ မီး(လ်)ဘယ်လီမြို့သူကလေးတယောက်ဖြစ်သည်။ ရှင်မဘောရီ၏ နာမည်အရင်းကား ခတ်ထလီနာ ဖြစ်၏။

ခတ်ထလီနာသည် အမေရိကန်နိုင်ငံ ဝင်ကိုဆင် တက္ကသိုလ်ကျောင်းကြီး တွင် သူမ၏ အသက်မွေးပညာရပ်များ ဆည်းပူးသင်ကြားနေစဉ် ဇင်ဝါဒ ကျင့်စဉ်ကို အားထုတ်နေယင်းက ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလု တောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး၏ သမထ ဝိပဿနာ နည်းနာများ ကို သဒ္ဓါကျ နားလည်ကာ လူဝတ်ကြောင်ဘဝမှ ရှင်မဘောရီ ဟူသော အမည်နှင့် ထွက်မြောက်လာခဲ့သူလေး ဖြစ်သည်။

ရှင်မဘောရီသည် အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့၊ တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာ၌ ရှိနေစဉ်ကပင် ထင်ရှားခဲ့သူဖြစ်သည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သမထ ဝိပဿနာ နည်းနာများကို အားထုတ်ရာတွင် ရှင်မဘောရီ၏ ဝီရိယ သီလ သမာဓိ ပညာများက ရှင်မဘောရီအား ထင်ရှားသူ အဖြစ်သို့ ရောက်စေခဲ့လေသည်။ ရှင်မဘောရီ၏ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ခဲ့သည်မှစ၍ အလိုနည်းအောင် ကျင့်ခြင်း၊ ရတတ်သမျှနှင့် ရောင့်ရဲ တင်းတိမ်ခြင်း၊ အလှူခံ စားသောက်ခြင်း စသည်များက အမေရိကန် ယောဂီ လောကတွင် ရှင်မဘောရီအား ထင်ရှားသူအဖြစ်သို့ ရောက်စေခဲ့ခြင်း ဖြစ်လေ သည်။

ရှင်မဘောရီ၏ ယင်းသို့သော စွမ်းစွမ်းတမံ အားထုတ်မှုများကြောင့် ဗုဒ္ဓဘာသာ အမေရိကန်ပြည်သူတို့က ရှင်မဘောရီအား လေးစားကြည်ညိုခဲ့ကြ သည်။ အပေါင်းအသင်းနှင့် ရောင်းရင်း ယောဂီများက ရှင်မဘောရီအား အလေးအနက် ထားလာခဲ့ကြသည်။ ရှင်မဘောရီသည် စင်စစ် အမေရိကန်ယောဂီ များ၏ လေးစားကြည်ညိုမှုကို ခံယူရရန်၊ အလေးအနက်ထားမှုကို ခံယူရရန်၊ ချစ်ခင်သနားမှုကို ခံယူရရန် မျှော်မှန်း၍ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင် ကာ သမထ ဝိပဿနာ နည်းနာများကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ခဲ့ခြင်း ကား မဟုတ်ပါချေ။

ရှင်မဘောရီ မျှော်မှန်းခဲ့သည်ကား စင်စစ် သစ္စာတရားသာ ဖြစ်သည်။ သမထ ဝိပဿနာ နည်းလမ်းကို စွမ်းစွမ်းတမံ ကြိုးစားအားထုတ်ခြင်းဖြင့် သစ္စာတရားကို အရရှာရန်သာ ရှင်မဘောရီ မျှော်မှန်းခဲ့သည်။ ရှင်မဘောရီ မျှော်မှန်းခဲ့သော သစ္စာတရားကလည်း တဘဝ တခန္ဓာ ဒုက္ခဇာတ်သိမ်း အပြီးတိုင် ချုပ်ငြိမ်းနိုင်သော ပရမတ္ထ သစ္စာတရားမျိုးသာ ဖြစ်သည်။

ကိုယ်ကျင့်သိက္ခာ ဖောက်ဖျက်ကျူးလွန်ခြင်း ဟူသော အကြောင်းကြောင့် ထောင်ကျရခြင်း ဆင်းရဲ ဟူသော ဒုက္ခသစ္စာတရားမျိုးကို ရှင်မဘောရီ သိရန် မမျှော်မှန်း။ ရှင်မဘောရီ သိရန် မျှော်မှန်းခဲ့သည်ကား ကံ အကြောင်းတရားဖြင့် အတ္တထူထောင်မှု တည်းဟူသော ပရမတ္ထ ဒုက္ခသစ္စာတရားမျိုးသာ ဖြစ်သည်။

မေတ္တာတခုက မေတ္တာတခုကို တုံ့ပြန်သောအားဖြင့် စွဲမက်ခဲ့ရသော သမုဒယသစ္စာတရားမျိုးကိုလည်း ရှင်မဘောရီ သိရန် မမျှော်မှန်းခဲ့။ ယင်းသမုဒယ သစ္စာတရားမျိုးကို ပြန်လှန်ငြင်းဆန်သောအားဖြင့် ပယ်သက်နိုင်သည်ဟူသော အချက်ကိုလည်း ရှင်မဘောရီ သိပြီးဖြစ်သည်။ ထို့ကြောင့် ယင်းသမုဒယသစ္စာ တရားမျိုးကို သိရန်လည်း ရှင်မဘောရီ မမျှော်မှန်းခဲ့။ ရှင်မဘောရီမျှော်မှန်းသည်ကား တဘဝ တခန္ဓာ စသည်အပေါ် လိုချင်မက်မောမှု ပရမတ္ထ သမုဒယ သစ္စာတရားမျိုးကို မည်သည့်နည်းနှင့် ပြန်လှန်ငြင်းဆန်ရမည် ဆိုခြင်းပင် ဖြစ်သည်။

အချင်းချင်း ပေါင်းသင်းမှု ပေမတဏှာဟူသော သမုဒယသစ္စာတရားမျိုးကို ပြန်လှန်ငြင်းဆန်သောအားဖြင့် ဂေဟဿိတ အာဝေဏိကခေါ် အိမ်ထောင်မှု သားမွေးမှုဟူသော ဒုက္ခသစ္စာ တရားများ ချုပ်ငြိမ်းရာ နိရောဓ သစ္စာတရားမျိုးကိုလည်း ရှင်မဘောရီ သိရန် မမျှော်မှန်းခဲ့ချေ။ ရှင်မဘောရီ မျှော်မှန်းခဲ့သည်ကား တဘဝ တခန္ဓာစသည် ဒုက္ခဇာတ်သိမ်း၍ အပြီးတိုင် အတ္တချုပ်ငြိမ်းရာ ပရမတ္ထ နိရောဓသစ္စာ တရားမျိုးသာ ဖြစ်သည်။

အချင်းချင်း ပေါင်းသင်းမှု ပေမတဏှာ ချုပ်ငြိမ်းမှုကြောင့် အိမ်ထောင်မှု သားမွေးမှုကင်းခြင်းအပေါ် ပွားများမှုသဘောဆန်သော အဖန်ဖန်ကြည်နူး

မှုဟူသော မဂ္ဂသစ္စာတရားမျိုးကိုလည်း ရှင်မဘောရီ မည်သည့်နည်းနှင့်မျှ သိရန် မမျှော်မှန်းချေ။ ရှင်မဘောရီ မျှော်မှန်းခဲ့သော မဂ္ဂသစ္စာကား လောကမှ ထွက်မြောက်ရာ လောကုတ္တရာမဂ်စိတ္တုပ္ပါဒ်ရှိ မဂ္ဂင်တရားကိုယ် ၈-ပါးလျှပ် အခြံအရံရှိသော စင်စစ် ပရမတ္ထမဂ္ဂသစ္စာတရားသာဖြစ်သည်။

သမုတိသစ္စာ မဟုတ်သော ပရမတ္ထသစ္စာတရားမျိုးကို ပယ်သတ်ရန်မှာ ဝိပဿနာနည်းလမ်းဖြင့် အတ္တဝါဒကို ပြုံလှန်ငြင်းဆန်ခြင်းသာ ဖြစ်သည်။ အတ္တဝါဒကို ပြုံလှန်ငြင်းဆန်သောအားဖြင့် ပရမတ္ထ သမုဒယသစ္စာ တရားမျိုးကို ပယ်သတ်နိုင်ကာ အနတ္တဝါဒကို ဖူထောင်နိုင်မည်ဟု ရှင်မဘောရီက မျှော်မှန်းထားသည်။ အနတ္တဝါဒကို ထူထောင်လိုက်ခြင်းဖြင့် ရှင်မဘောရီ၏ ဝိပဿနာနည်းလမ်းဖြင့် သစ္စာတရား ရှာပုံတော်ဖွင့်ခန်းသည် အဆုံးတိုင်ပေမည်ဟု ရှင်မဘောရီ မျှော်မှန်းခဲ့သည်။

သို့ရာတွင် ရှင်မဘောရီ၏ သစ္စာရှာပုံတော်လမ်းစဉ် အပြီးမတိုင်မီမှာပင် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင်တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီးနှင့် ခွဲခွာခဲ့ရသည်။ အခြားအခြားသော ရဟန်းသာမဏေနှင့် သီလရှင်ယောဂီများ လူပတ်လဲခဲ့ကြသော်လည်း ရှင်မဘောရီကမူ လူဝတ်မလဲပဲမျှမက "အမေရိကန်နိုင်ငံမှာမနေ၊ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မြန်မာနိုင်ငံအထိပင် လိုက်တော့မည်" ဟု စိတ်နှလုံးတုံးတုံးချကာ သူ့လမ်းစဉ် သူ့စိတ်ဓာတ်ကို ပရိသတ်ပိုလ်ပုံအလယ်တွင် ခင်းကျင်းပြသခဲ့ပြီး ဖြစ်သည်။ ရှင်မဘောရီ၏ ဖြေပုံးအကြောင်းအရာများကို တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များစာကိုယ်တွင် ဖော်ပြထားသည်။

သို့ဖြင့် ရှင်မဘောရီသည် သူ့လမ်းစဉ် သူ့စိတ်ဓာတ်၏ သံမဏိကဲ့သို့ ခိုင်မာတောင့်တင်းမှုသဘောကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရှိရာ မြန်မာနိုင်ငံသို့ တကောင်ကြွက် တမျက်နှာ လိုက်လာခြင်းက ဗုဒ္ဓဘာသာ မြန်မာပြည်သူများနှင့် အမေရိကန်ပြည်သူများကို ပြသနိုင်ခဲ့သည်။

ရှင်မဘောရီသည် နိုင်ငံနှင့် မိဘဆွေမျိုးများကို မချစ်မဟုတ်။ ရင်နှင့်အောင် အလွန်ချစ်၏။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဝါးဖတ်ဘော

ကစိန္နစ်ဖြင့် မိမိအား လူတလုံးသူတလုံးဖြစ်အောင် မွေးကျွေးခဲ့သော အနန္တ မေတ္တာပိုင်ရှင် မိဘနှစ်ပါးကို အသက်မကာ ချစ်သည်။ ချစ်သော်လည်း ''ပျော် ရာမှာ မနေရ၊ တော်ရာမှာနေရမည်''ဟူသော ဂေါတမဗုဒ္ဓ၏ လမ်းညွှန်ချက် နှင့်အညီ မိမိ၏ အတ္တဝါဒ တွန်းလှန်ဖြိုဖျက်နိုင်ရေးတွင် ဆရာနှင့်ကင်း၍ မဖြစ် ဟူသော အချက်ကို ရှင်မဘောရီက ခိုင်ခိုင်မာမာ သိထားသည်။

ထို့ကြောင့် ရှင်မဘောရီသည် ဝိပဿနာပညာဖြင့် သစ္စာတရားကို အရရှာရာ၌ နိုင်ငံကိုလည်း ပစ်ခဲ့သည်။ အနန္တမေတ္တာပိုင်ရှင် မိဘနှင့် ဆွေမျိုးများကိုလည်း ပစ်ခဲ့သည်။ ထိုမျှသာမက မိမိ၏ ဝိပဿနာပညာဖြင့် သစ္စာတရားကို ရယူနိုင် ရေးတွင် အသက်ကိုပါ စွန့်ပစ်ထားပြီး ဖြစ်သည်။

ယင်းသဘောတရားများကိုလည်း ရှင်မဘောရီ၏ ပင်လယ်ရင်ခြား ရပ် ဝေးဒေသသို့ မိန်းမသားဖြစ်လျက် တကောင်ကြွက် တမျက်နှာ သစ္စာတရား ကိုသာ အားကိုးတခု အမှီပြု၍ လိုက်ပါလာခြင်းက လှစ်ဟဖော်ကျူးလျက် ရှိသည်။ ထို့ကြောင့် ရှင်မဘောရီအား မြန်မာပြည်သူတို့က စာနာစိတ်များ ဖိတ်လျှံကာ လေးစားကြည်ညိုခဲ့ကြသည်။ စိတ်ဝင်တစား ရှိခဲ့ကြသည်။ ချစ် ခင်သနားခဲ့ကြသည်။ စိတ်ဝင်စားခဲ့ကြသည်နှင့်အမျှ မြန်မာပြည်သူတို့က ရှင်မ ဘောရီအား လာရောက်အားပေးခဲ့ကြသည်။

သို့ရာတွင် မြန်မာပြည်သူတို့က ရှင်မဘောရီအား နေ့ရေမခြား လာ ရောက်အားပေး ကြည်ညိုနေကြခြင်းသည် ရှင်မဘောရီ၏ ဝိပဿနာနည်းလမ်းဖြင့် သစ္စာတရား ရယူနိုင်ရေးတွင် အကျိုးမပြု ဖြစ်နေရကား ကျေးဇူးရှင်ဆရာတော် ဘုရားကြီးက မြန်မာပြည်သူတို့၏ လာရောက်အားပေး ကြည်ညိုခြင်းကို ပိတ်ပင် ခဲ့ရသည်အထိ ဖြစ်သည်။

ယခုအခါ ရှင်မဘောရီသည် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလု တောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အတိုင်း စားတော် ခွက်ဖြင့် အလှူခံ စားသောက်ကာ တောင်ပုလုကမ္ဘာအေးရိပ်သာတွင် သစ္စာ တရားကို အရယူရန် ဝိပဿနာတရားတော်မြတ်ကို ချမ်းသာစွာ အားထုတ်လျက် ရှိပါကြောင်း ဖော်ပြလိုက်ရပေသည်။

## ကြည်ညိုသမှု အရှင် ပြု

တောင်ပုလုသာသနာပြုအဖွဲ့သည် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံသို့ ကြွရောက်သာသနာပြုခဲ့ရာ တောင်ပုလုသာသနာဝင်တွင် ကြည်ညိုသမှု အရှင်းပြုသူ နှစ်ဦးကို ထူးခြားစွာ ရရှိခဲ့ပေသည်။ ယင်းနှစ်ဦးကား မြန်မာနိုင်ငံသို့ လိုက်ပါလာကြသော အရှင်ဝေသာရဇ္ဇနှင့် ရှင်မဘေရိတို့ ဖြစ်ကြသည်။

အရှင်ဝေသာရဇ္ဇသည် အမေရိကန်နိုင်ငံ မစ်(ဒ်)လန်-တက်စက်မြို့သား ဖြစ်သော်လည်း တောင်ပုလုသာသနာပြုအဖွဲ့ အိန္ဒိယနိုင်ငံသို့ ကြွရောက်သာသနာပြုရာတွင်မှ ရဟန်းပြုလာခဲ့သူ ဖြစ်သည်။

ရှင်မဘေရိမှုကား အမေရိကန်နိုင်ငံ မီး(လ်)ဘယ်လ်မြို့သူကလေး ဖြစ်၍ တောင်ပုလုသာသနာပြုအဖွဲ့ အမေရိကန်နိုင်ငံ ဆန်ဖရန့်စစ္စကိုမြို့၌ သာသနာပြုစဉ်ကပင် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်ကာ ယောဂီပြုလုပ်လာခဲ့သူ ဖြစ်သည်။

ယင်းမှတ်တိုင်နှစ်ခုကို အရှင်းပြု၍ ကျွန်ုပ်တို့ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့သည် တောင်ပုလုသာသနာပြုအဖွဲ့အပေါ် အထူးအာရုံစိုက်လာကာ ယုံကြည်ကိုးစားစိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့ကြသည်။ တောင်ပုလုသာသနာပြုအဖွဲ့အပေါ် ယုံကြည်ကိုးစားစိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ကြသည့်အလျောက် တောင်ပုလု သာသနာပြုအဖွဲ့ကို ကြည်ညိုလေးစားခဲ့ကြသည်။ တောင်ပုလုသာသနာပြုအဖွဲ့သည် ပင်လယ်ရပ်ခြား ရပ်ဝေးဒေသများတွင် ခြေခြေမြစ်မြစ် သာသနာပြုနိုင်ခဲ့သဖြင့်လည်း တောင်ပုလုသာသနာပြုအဖွဲ့အပေါ် ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့က ယခင်ကနှင့်မတူ ပိုမိုအလေးအမြတ် ပြုလာခဲ့ကြသည်။

ဝိပဿနာနည်းလမ်းဖြင့် သစ္စာတရားကို အရှရှာရာ၌ သဗ္ဗညုတ ဉာဏ လောင်းလျာ ပညာမုန်သောက် စွယ်စုံမြောက်သော ပုဂ္ဂိုလ် မဟုတ်ကြသူတို့ အတွက် ဆရာသည် အရေးကြီး၏။ ဆရာမရှိဟု ဝန်ခံထားပြီးဖြစ်သော ဂေါတမ

ဗုဒ္ဓ ဘုရားရှင်ကိုသော်ပင် "အမှီရှိမှ ပွင့်နိုင်သည်"ဟု ဆိုထားသည်ဖြစ်ရာ ဆရာသည် မည်မျှလောက် အရေးပါ အရာရောက်ကြောင်း ပေါ်လွင်ထင်ရှားနေပေသည်။

ယင်းအချက်ကို အလေးအနက်ထားသော တောင်ပုလု သာသနာပြုအဖွဲ့သည် ဆရာများကို ဦးစွာ မွေးထုတ်ပေးနိုင်ခဲ့သည်။ ယင်းဆရာများကား ရဟန်းအဖြစ်ကို ရယူပေးခြင်းများပင် ဖြစ်ဘော့၏။ လူဆရာထက် ရဟန်းဆရာသည် ဃရာဝါသ ဗဟုကိစ္စ မများရကား ဝိပဿနာနည်းလမ်းဖြင့် သစ္စာတရားကို ရှာရာ၌ ချောမွေ့လွယ်ကူစွာ ရှာရန် ညွှန်ကြားနိုင်သော သတ္တိထူးများရှိသည်။

ယနေ့ မြန်မာနိုင်ငံသို့ လိုက်ပါလာကြသော သမိုင်းမှတ်တိုင် နှစ်ခုသည် တနေ့ဟာချိန်တွင် ဆရာကြီးများ ဖြစ်သွားကြမည်ဆိုခြင်းကို ကျွန်ုပ်တို့ မမှိတ်မသုန် ယုံကြည်လျက်ရှိသည်။ ယင်းသို့ ယုံကြည်ရင်း ရှိသည့်အလျောက် ယင်းသို့မှတ်တိုင်နှစ်ခုကို အရင်းပြု၍ အမေရိကန်နိုင်ငံတွင် ဂေါတမဗုဒ္ဓသာသနာတော်ကြီး နေ လပမာ စည်ပင်ပြန့်ပွားဦးမည်ဆိုခြင်းကိုလည်း ကျွန်ုပ်တို့ ဦးလည်မသုန် ယုံကြည်မျှော်မှန်းလျက်ပင် ရှိသည်။

အချုပ်ဆိုရသော် ယင်းသမိုင်းမှတ်တိုင်နှစ်ခု အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးသည်၎င်း၊ ဝိပဿနာတရား စည်ပင်ပြန့်ပွားရေးသည်၎င်း တောင်ပုလု သာသနာပြုအဖွဲ့၏ အဓိက တာဝန်ကြီးဖြစ်သည်။ ကျွန်ုပ်တို့ ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့အနေဖြင့် တောင်ပုလု သာသနာပြုအဖွဲ့သို့ ချဉ်းကပ်ကာ ယင်း သမိုင်းမှတ်တိုင်နှစ်ခုကို အစဉ်မပြတ် တွန်းအားပေးသွားရန်ပင်ဖြစ်သည်။ မှတ်တိုင်နှစ်ခုကို အရင်းပြုကာ တွန်းအားပေးသွားခြင်းဖြင့် ၂၀-ရာစု နှင့် အထက် ရာစုနှစ်များစွာတွင် အမေရိကန်နိုင်ငံ၌ ဂေါတမဗုဒ္ဓသာသနာ နေ လပမာ ထွန်းကားလာအံ့ အရေးကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာမြန်မာပြည်သူတို့က မျှော်လင့် စောင့်စားလျက်ရှိပါသတည်း။

## ဇော်လိုရာရာသို့

## စာရေးသူ၏ ဝန်ခံချက်

စာရေးသူသည် တောင်ပုလု ကပ္ပိယကာရက အဖွဲ့၏ လျှောက်ထားချက်အပေါ် တောင်ပုလုတောရ ကမ္ဘာ့အေးရိပ်သာကြီး၏ မူလပဘာဝ အာဒိကမ္မိကဖြစ်တော်မူ၍ ကမ္မဋ္ဌာနာစရိယ ပဓာနပ ါရဂူ တံခွန်ထူတော်မူသော ကမ္ဘာ့သာသနာပြုကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးနှင့် မိတ္ထီလာမြို့၊ ရွှေစေတီလူးကျောင်းတိုက်ကြီး၏ မဟာဝိနာယက၊ မိတ္ထီလာမြို့၊ မြို့လုံးကျွတ် သံဃာ့အဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်တော်မူ၍ ပိဋကတ္တယဆောက ပိဋကတ္တယပ ါရဂူ တံခွန်ထူတော်မူသောရွှေစေတီလူးဆရာတော်ဘုရားကြီးများ၏ ခွင့်ပြုတော်မူချက်အရ "တောင်ပုလု၏အမေရိကန် ဗုဒ္ဓသာသနာမော်ကွန်းတိုင်" အမည်ရှိ ဤစာအုပ်ကို ရုပ်လုံးဖော်ခဲ့ရပါကြောင်း ရှေးဦးစွာ ဝန်ခံလိုပါသည်။

တောင်ပုလု၏အမေရိကန် ဗုဒ္ဓသာသနာမော်ကွန်းတိုင် အမည်ရှိ ဤစာအုပ်သည် အဘယ်မှ မြစ်ဖျားခံခဲ့သည် ဆိုပြင်းကို ဗုဒ္ဓနေ့များ ယောဂနိဒါန်း အစပိုင်းတွင် ဖော်ညွှန်းခဲ့ပြီး ဖြစ်သည်။ ဤတွင် စာရေးသူ အနေဖြင့် အထူး ဖော်ညွှန်းလိုသည်မှာ ဤစာအုပ်ကို ရုပ်လုံးဖော်ရာ၌ မည်သို့ မည်ပုံ ရုပ်လုံးဖော်ထားသည်ဟူသောအချက် ဖြစ်သည်။

တောင်ပုလု ကပ္ပိယကာရကအဖွဲ့သည် သာသနာရေးဆိုင်ရာ ဓာတ်ပုံ မြောက်မြားစွာနှင့် မှတ်တမ်းနှစ်ခုကို ကိုင်ဆောင်လာ၍ စာအုပ်အဖြစ် ရုပ်လုံးဖော်နိုင်ရန် စာရေးသူအား ချဉ်းကပ်ခဲ့ကြသည်။ ဓာတ်ပုံများသည် တောင်ပုလုသာသနာပြုအဖွဲ့ အမေရိကန်နှင့် အိန္ဒိယသို့ ကြွရောက် သာသနာပြုရာမှ ပေါက်ဖွားလာကြသည့် ဓာတ်ပုံများဖြစ်သည့်အလျောက် သာသနာရေးဆိုင်ရာ ဓာတ်ပုံများချည်းဖြစ်၍ ဘာသာရေး ရှုထောင့်ဖြင့် ကြည့်ရှုသုံးသပ်ပါက ကြည်ညိုဖွယ်ကို အထူးဆောင်စွမ်းနိုင်သော ဓာတ်ပုံများဖြစ်သည်။

ဓာတ်ပုံများတွင် အိန္ဒိယသာသနာဝင်ဆိုင်ရာ ဓာတ်ပုံများက နည်း၍ အမေရိကန်သာသနာဝင်ဆိုင်ရာ ဓာတ်ပုံများက ပိုမိုများပြားသည်ကို လေ့လာတွေ့ရှိရသည်။ ယင်းသို့ဖြစ်ရခြင်းကလည်း တောင်ပုလုသာသနာပြုအဖွဲ့

အမေရိကန်တွင် သာသနာပြုရာ ကာလချိန်တာကများ၍ အိန္ဒိယတွင် သာသနာပြုရာ ကာလချိန်တာက နည်းသောကြောင့် ဖြစ်တန်ရာသည်။ အမှန်လည်း ဤအတိုင်းပင်ဖြစ်သည်။ ဓာတ်ပုံကိုင်းတွင် ဆွဲဆောင်မှုအင်အားများ အသီးသီးရှိကြပေရာ အချို့ဓာတ်ပုံများသည် ရှုစားသူ တဖက်သားအား သာသနာ့ဘောင်သို့ ဝင်လာချင်လောက်အောင်ပင် ဆွဲဆောင်မှု အင်အားများက ထက်မြက်လျက် ရှိကြသည်။

မှတ်တမ်းနှစ်ခုအနေဖြင့်ကား စာတစောင် ပေတဖွဲ့အဖြစ်သို့ ရောက်ရန် မျှော်မှန်း၍ မှတ်တမ်းမပြုခဲ့သည့်အလျောက် ဗိုင်ယာယီသဘောသာဆန်လှသည်ကို လေ့လာတွေ့ရှိရသည်။ သို့နှင့်တွင် ယင်းမှတ်တမ်းနှစ်စောင်အနက် တစောင်သည် ကြိုးကြိုးကုတ်ကုတ် မှတ်တမ်းပြုလာသော မှတ်တမ်းတခု ဖြစ်သည်ဟု ဆိုရအံ့ ထင်သည်။ ယင်းမှတ်တမ်းတွင် တောင်ပုလု သာသနာပြုအဖွဲ့ မြန်မာနိုင်ငံမှ ထွက်သည့်နေ့ကစ၍ မြန်မာနိုင်ငံသို့ပြန်လည်ဆိုက်ရောက်ခဲ့သည်အထိ သာသနာပြု ခရီးစဉ်တလျောက် တွေ့ကြုံခဲ့ရသော အတွေ့အကြုံကလေးများကို ရက်စွဲကလေးများဖြင့် မပျင်းမရိ တိတိကျကျ အသေးစိတ် မှတ်တမ်းပြုထားသည်ကို တွေ့ရှိရသည်။

ယင်းမှတ်တမ်းတွင် သာသနာပြုရာ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတွင် နေ့စဉ်ကြုံတွေ့ခဲ့ရသော ဒေသန္တရ ဗဟုသုတ အတော်များများကို တွေ့ရှိရာ ယင်းမှတ်တမ်းကို "ကြားဘူးနား၀၊ သုတလောကံ၊ စုံပြည့်လျှံအောင်၊ နာခံမှတ်သား၊သင်ကြားကြံမေး၊ဆွေးနွေးဆောင်ပြု၊ ရတိုင်းစု" ခဲ့သော မှတ်တမ်းတခုဟု ဆိုရချိမ့်မည်။ မှတ်တမ်းပြုစုခဲ့သူတို့ကား ပခုက္ကူဆရာတော်နှင့် တပည့်အရှင်ပညာဒီပတို့ ဖြစ်ကြသည်။

သို့ရာတွင် စာရေးသူသည် ဤမှတ်တမ်းကို မှိုင်မြိမ်းပြုရကာမျှဖြင့် စာတစောင် ပေတဖွဲ့အဖြစ် ရုပ်လုံးဖော်ရန် မဝံ့သေးရကား ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီးအား တွေ့ဆုံလျှောက်ထားခွင့်ပြုပါရန် ကပ္ပိယ ဦးမောင်မောင်အား လျှောက်ထားစေခဲ့ရသည်။ ယင်းအချိန်က ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့၊ အင်းလေးမြောရုံတွင် သီတင်းသုံးတော်မူခိုက် ဖြစ်သည်။

စာရေးသူသည် ပြည့်စုံသော မှတ်တမ်းများအပေါ် ပြည့်စုံသည်ထက် ပြည့်စုံလာစေရန် ၁၉၇၉–ခုနှစ်၊ မတ်လ ၃-ရက်နေ့မှ ၁၀-ရက်နေ့အထိ ရက်သတ္တတပတ်လုံးလုံးကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား အင်းလေးမှော်ရုံ မှာပင် တွေ့ဆုံလျှောက်ထားခွင့်ရခဲ့သည်။ မှတ်တမ်းကြီး ပြည့်စုံလာစေရေးနှင့် ပတ်သက်၍ မှတ်တမ်းပြုစုခဲ့သူ သာသနာပြုအဖွဲ့ဝင် ရန်ကုန်မြို့၊ ဗဟန်း၊ဝိသုဒ္ဓါရုံ ကျောင်းတိုက်၊ ပါဠိမဥ္ဇူကျောင်းမှ အရှင်ပညာဒီပကိုပါ အင်းလေးမှော်ရုံတွင် တွေ့ဆုံခဲ့သည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား တနေ့လျှင် မိနစ် ၂၀-မျှ တွေ့ဆုံ လျှောက်ထားခွင့်ရခဲ့သည်။ ကျန်အချိန်များတွင် စာရေးသူသည် မှတ်တမ်း နှစ်ခုကို ခြုံငုံ၍ အရှင်ပညာဒီပအပြင် သာသနာပြုရာတွင် စကားပြန်အဖြစ် ပါဝင်လိုက်ပါခဲ့သော ကပ္ပိယ ဦးမောင်မောင်နှင့်ပါ ဆွေးနွေးခြင်း၊ မရှင်းလင်း သည့်အကြောင်းအရာများကို ရှင်းလင်းစေရခြင်း၊ မပြည့်စုံသော အကြောင်း အရာများ ပြည့်စုံလာစေခြင်း၊ ခေတ်ပုံ အကြောင်းအရာများ ရှင်းလင်းစေခြင်း၊ နိုင်ငံခြားစာ၊ နယ်၊ ဇင်းပါ တောင်ပုလုသာသနာပြုအဖွဲ့၏ အကြောင်းအရာ များကို စုဆောင်းခြင်း စသည်ဖြင့် မှတ်တမ်းကို အတိုင်းအတာ တခုအထိ ပြည့်စုံ သည်ထက် ပြည့်စုံလာစေကာ ဤစာအုပ်ပြုစုနိုင်ရေးတွင် ရဲဆေး တင်လာ ခဲ့ရပါသည်။

သို့ဖြစ်သည်နှင့်အညီ စာရေးသူသည် တောင်ပုလုကပ္ပိယကာရက အဖွဲ့၏ လျှောက်ထားချက်အပေါ် ကမ္ဘာ့သာသနာပြုကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးနှင့် စာရေးသူ၏ကျေးဇူးရှင် ရွှေစောလူး ဆရာ တော်ကြီး၏ ခွင့်ပြုဘော်မူချက်အရ တောင်ပုလုသာသနာပြုအဖွဲ့၏ သာသနာပြု ခရီးအတွေ့အကြုံကို လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းများနှင့် နှီးနွှောတိုက်ဆိုင်ကာ “တောင်ပုလု၏ အမေရိကန်ဗုဒ္ဓသာသနာမော်ကွန်းတိုင်” ဟူသော အမည်ဖြင့် ကမ္ဗည်းတင်၍ ရေးသားပြုစုခဲ့ပါသည်။

ဤနေရာတွင်ရှင်းလင်းချက် ပေးလိုသည်ကား “တောင်ပုလု၏အမေရိကန် ဗုဒ္ဓ သာသနာ မော်ကွန်းတိုင်” ဟူသော ဤစာအုပ်၏ အမည်ပင် ဖြစ်ပါသည်။ ကုသိုလ်စိတ်တကာတွင် အခြားကုသိုလ်စိတ်များ “မဟာ” ဟူသော အမည်ထူးကို

မရရှိကြပါ။ အရေအတွက်အားဖြင့်လည်း များ၍ အကျိုးပေးအားဖြင့်လည်း ကျယ်ပြန့်သော ကာမကုသိုလ်စိတ် ရှစ်ပါးသာ "မဟာ" ဟူသော အမည် ထူးကို ရပါသည်။ တောင်ပုလု သာသနာပြုအဖွဲ့သည် အမေရိကန်နှင့် အိန္ဒိယ နှစ်နိုင်ငံလုံးတွင် သာသနာပြုခဲ့လင့်ကစား အမေရိကန်နိုင်ငံမှာသာ အချိန်အား ဖြင့် ကြာလည်းကြာ များလည်းများ၊ ဂေါတမဗုဒ္ဓ သာသနာဝင် ဆိုင်ရာတွင် ကျေးဇူးတရားလည်း အထူးဖြစ်ထွန်းရကား အထူး ကျေးဇူးများသော အမေရိကန်ကိုသာ ခေါင်းတည်၍ ဤစာအုပ်ကြီး၏အမည်ကို "တောင်ပုလု၏ အမေရိကန်ဗုဒ္ဓသာသနာမော်ကွန်းတိုင်" ဟူသော အမည်ဖြင့် ကမ္ပည်း မော်ကွန်း ထိုးခဲ့ရခြင်း ဖြစ်ပါသည်။

သို့ရာတွင် အချိန်လည်းမကြာ များလည်းမများ၍ နည်းသော တောင်ပုလုသာသနာပြုအဖွဲ့၏ အိန္ဒိယနိုင်ငံများတွင် သာသနာပြုပုံ အကြောင်း အရာများကိုလည်း "တောင်ပုလု၏ အိန္ဒိယဗုဒ္ဓနေ့များ" ဟူသောအမည်ဖြင့် ကမ္ပည်းမော်ကွန်းတင်ကာ တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များနှင့် အတူ ပူးတွဲဘင်ဆက်ထားပါသည်။

ယင်းသို့ပြုစုခဲ့ရာ တောင်ပုလု၏ အမေရိကန်ဗုဒ္ဓနေ့များ မည်သို့မည်ပုံ ဖြစ်ပေါ်လာခြင်းအကြောင်းပြ နိဒါန်းကို ပါဠိ အဋ္ဌကထာ မျိုး ကဗျာ လင်္ကာ ရတု မော်ကွန်း ရာဇဝင်စသော ကျမ်းများအပြင် ဘာသန္တရကျမ်း စာများဖြင့် တန်ဆာဆင်ကာ အခန်းကြီး အခန်းငယ်များဖွင့်ပြီး "ဗုဒ္ဓနေ့ များ ယောဂနိဒါန်း" ဟူသောအမည်ဖြင့် တခမ်းတနား ရေးသားပြုစုခဲ့ပါ သည်။ ယင်းစကားခွန်းများတွင် စာပေသုတေသီတို့ အခြားစကားလုံးများ ကို မျက်နှာကျက်မိမည်ဖြစ်သော်လည်း "ယောဂ" ဟူသော စကားလုံးနှင့် ကား မျက်နှာစိမ်းကောင်း စိမ်းနေကြပါမည်။ ယင်းစကားလုံး၏ အဓိပ္ပာယ် များစွာတွင် ဤနေရာ၌ "အားထုတ်ခြင်း" ဟူသော အဓိပ္ပာယ်ကိုသာ ဖော် ဆောင် ညွှန်ပြလိုခြင်းဖြစ်ပါသည်။ ယင်းစကားလုံး၏ အဓိပ္ပာယ်တခုချင်းကို ကောက်ယူဆက်စပ်လိုက်လျှင်"တောင်ပုလု၏အမေရိကန်ဗုဒ္ဓသာသနာမော်ကွန်း တိုင်ကို အားထုတ်ခြင်းအကြောင်း" ဟူသော အဓိပ္ပာယ်ကို ရရှိမည်ဖြစ်ပါသည်။

ဗုဒ္ဓနေ့မျှားယောဂ နိဒါန်းတွင်"ယောဂ"ဟူသောစကားလုံးထည့်သွင်း ရခြင်းအကြောင်းကလည်း စာပေသုတေသီတို့ တွေ့မြင်ဖတ်ရှုကြရသည့်အတိုင်း ဗုဒ္ဓနေ့မျှား ယောဂနိဒါန်း၏ ရှေ့ပိုင်းအစတွင် "တောင်ပုလု၏ ဘဝနိဒါန်း" ကို တင်ဆက်ထားခြင်းကြောင့် ဖြစ်ပါသည်။ တောင်ပုလု၏အမေရိကန် ဗုဒ္ဓနေ့ မျှားကျမ်းစာကို စာပေသုတေသီတို့ လေ့လာရာတွင် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ် ကိုပါ လေ့လာမိမှ စာပေသုတေသီတို့ စိတ်အာရုံတွင် ပိုမိုထင်လင်းလာမည် ဖြစ်ပါသည်။

ဤသို့ဖြစ်သည်နှင့်အညီ ကျေးဇူးရှင် ဆရာတော်ဘုရား၏ ဘဝဖြစ်စဉ် ကိုလည်း "တောင်ပုလု၏ ဘဝနိဒါန်း"ဟူသောအမည်ဖြင့် အကျဉ်းမျှ ဖော် ပြလိုက်ရပါသည်။ စာပေသုတေသီများအနေဖြင့် ကမ္ဘာ့သာသနာပြု ကျေး ဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေး ဆရာတော်ဘုရားကြီး ၏ ဘဝဖြစ်စဉ် အကျယ်ကို မကြာမီကာလအတွင်း ဖတ်ရှုကြရတော့မည် ဖြစ်ကြောင်းကိုလည်း ဤနေရာမှ သတင်းကောင်း ပါးလိုက်ရပါသည်။

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့မျှား စာကိုယ်ကို ရေးသားရာတွင် လည်း လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းများနှင့် နှီးနွှော၍ ပါဠိ အဋ္ဌကထာ၊ ဋီကာ၊ ကဗျာ၊ လင်္ကာ၊ ရတု၊ မော်ကွန်း၊ သမိုင်း၊ ရာဇဝင်များ အပြင် အခြားသော ဘာသန္တရကျမ်းစာများနှင့်ပါ တန်ဆာဆင်ကာ တောင် ပုလုသာသနာပြုအဖွဲ့ သာသနာပြုရာ နေရာဒေသကိုင်းကို အခန်းကြီး၊ အခန်း ငယ်များဖွဲ့ပြီး တခမ်းတနား တင်ဆက်ထားပါသည်။

ဆက်ဦးအံ့။ ယင်းသို့ တင်ဆက်ရာတွင် ပါဠိ၊ အဋ္ဌကထာ၊ဋီကာ၊ ကဗျာ၊ လင်္ကာ၊ ရတု၊ မော်ကွန်း၊သမိုင်း၊ ရာဇဝင်များအပြင် ဘာသန္တရကျမ်းစာများ လာ အကြောင်းအရာများကို ကိုးကားမှီငြမ်းပြုရာတွင် ပါဠိနှင့် အင်္ဂလိပ် စာပေများကို မြန်မာစကားပြေပြန်ဆို၍ တင်ဆက်ထားခြင်း၊ ယင်းကိုးကားမှီ ငြမ်း၍ တင်ဆက်ထားသော အကြောင်းအရာများနောက်တွင် ၁-၂-စသော ဂဏန်းများထိုးကာ ယင်းဂဏန်းများဖြင့် စာမျက်နှာအောက်ခြေရှိ ကိုးကား

မှီငြမ်းပြုရာ ကျမ်းစာများကို စာမျက်နှာနှင့်တကွ လမ်းညွှန် ပြသထားခြင်းများဖြင့် ခြေခြေမြစ်မြစ် တင်ဆက်ထားပါသည်။ ကိုးကားမှီငြမ်းပြုရာ ကျမ်းစာစာရင်းကိုလည်း သီးသန့်တင်ဆက်ထားခြင်းဖြင့် စာပေသုတေသီတို့၏ သံသယစိတ်ကို ငြိမ်းအေးစေလိုက်ပါသည်။

ယင်းသို့ လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းများနှင့် နှီးနွှော၍ ပါဠိ အဋ္ဌကထာ၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု၊ မော်ကွန်း၊ သမိုင်း၊ ရာဇဝင်များအပြင် အခြားဘာသန္တရ ကျမ်းစာများကို ကိုကားမှီငြမ်းပြု၍ တင်ဆက်ထားသည် မှန်စေကာမူ စာရေးသူအနေဖြင့် စာရေးသူ၏ စာအုပ်ကြီး "အားလုံးကောင်းပါသည်"ဟု မဆိုချင်ပါ။ စာရေးသူဆိုချင်သည်ကား "ဆင်ခြင်နိုင်စွမ်း တောက်လှမ်းနိုင်စွမ်းသော ပညာရှိသည် မှန် မမှန် သင့်မသင့်ကို ဆင်ခြင်၍ သင့်သည်ကိုသာယူပါ၊ မသင့်သည်ကိုတွေ့ရှိက ကျေးဇူးကန်းကာ အပြစ်မပြုရာ"ဟူသော အရှင်ဗုဒ္ဓပိယ၏ စကားကို နှလုံးသွင်းရန်ပင် ဖြစ်ပါသည်။

ဂန္ထန္တရဗဟုသုတ၊ ဒေသန္တရဗဟုသုတ သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်တွင် ဒိုးလိုမွေ့ ရေလိုနှောက်၍ ပါမောက်တံခွန် ဉာဏ်ရည်ချွန်သော အရှင်ဗုဒ္ဓပိယလို ပုဂ္ဂိုလ်မျိုးက ဤသို့ စကားဦးသန်းရသေးသည်ဆိုပါလျှင် ဂန္ထန္တရဗဟုသုတ၊ ဒေသရန္တဗဟုသုတ သမုဒ္ဒရာပြင်ကျယ် ရေပင်လယ်တွင် အခြေနှုနယ် ယုန်သူငယ်ကဲ့သို့ အထောက်အလှမ်း မမှီသော စာရေးသူအဖို့မှာကား အဘယ်သို့လျှင် စကားဦးမသန်းပဲ ရှိချိမ့်မည်နည်း။

သို့ဖြစ်ပေရာ "ဆုတ် တက် ဆပွား၊ စဉ်တလျားဖြင့်၊ စကားသွေလှန်၊ မှားမေ့ကျန်၍၊ မမှန်ယိမ်းချော်၊ တိမ်းပါးသော်လည်း၊ သူတော်တကာ၊ သည်းခံပါ"ဟူသော အဘိရုတပျို့လာ စကားပုံကို ဥုံခံကာ နုတ်ဝယ်တွတ်တွတ် ရွရွရွတ်၍ စာရေးသူ ရုပ်လုံးဖော်ခဲ့သော ဤစာအုပ်ကြီးတွင်လည်း အပိုအလို အမေ့အကျန် အမှားအယွင်းများ မုချအမှန် ကေန်တွေ့ရှိကြမည်ပင် ဖြစ်ပါသည်။ ယင်းသို့တွေ့ရှိပါက ဓမ္မမိတ်ဆွေ သူတော်စင်များအနေဖြင့် သည်းခံတော်မူကြပါလို့ တောင်းပန်လိုက်ရပါသတည်း။

## ဘောင်ပုလု ကပ္ပိယကာကရအဖွဲ့၏ ဘန္ဒ

တောင်ပုလု၏အမေရိကန်ဗုဒ္ဓသာသနာမော်ကွန်းတိုင်အမည်ရှိ ဤစာအုပ်သည် ကျေးဇူးရှင် တောင်ပုလုတောရကမ္ဘာ့အေးဆရာတော်ဘုရားကြီး အမှူးပြုသော တောင်ပုလုသာသနာပြုအဖွဲ့ အမေရိကန်နှင့်အိန္ဒိယနိုင်ငံများတွင် လှည့်လည် သာသနာပြုခဲ့ရာမှ ပေါ်ကွန်းလာခဲ့သည်ဆိုခြင်းကို အထူးဖော်ပြရန် မလိုပါချေ။ အထူးဖော်ပြရန် လိုသည်ကား ဤစာအုပ်ကြီး၏ မူလဖြစ်စဉ်ပင် ဖြစ်သည်။

တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး အမှူးပြုသော တောင်ပုလု ကမ္ဘာ့သာသနာပြုအဖွဲ့၏ နိုင်ငံရပ်ခြားသို့ ကြွသွားရခြင်း၏ အဓိကမျှော်မှန်းချက်မှာ သာသနာပြု လုပ်ငန်းစဉ်များ အောင်မြင်ထမြောက်ရေးနှင့် ဗုဒ္ဓသာသနာတော်မြတ်ကြီး အမေရိကန်နိုင်ငံတွင် အရှည်သဖြင့် တည်တန့်နိုင်ရေးပင် ဖြစ်သည်။ သာသနာ့ လက်တွေ့လုပ်ငန်းကြီးများဖြင့်သာ သာသနာ့မှတ်တိုင် တူလိုသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နဂိုရှိရင်းစွဲ ဆန္ဒသည် တောင်ပုလုသာသနာဝင်၏ အစဉ်အလာပင် ဖြစ်ခဲ့ပါသည်။

သို့ဖြစ်သည်နှင့်အညီ မှတ်တမ်းမှတ်စု ပြုစုရေးအပေါ်တွင် အလျင်းပင် ဆန္ဒပရှိခဲ့သည့်အလျောက် ယင်းကိစ္စများ ဆောင်ရွက်ရန် သာသနာပြုအဖွဲ့တွင် အစီအစဉ်လည်း မရှိခဲ့ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။ သို့ရာတွင် မှတ်တမ်းပပြုစုခဲ့ကြမဟုတ်။ မှတ်တမ်းမှတ်စု ပြုစုခဲ့ကြပါသည်။ ပြုစုခဲ့ကြသော မှတ်တမ်းမှတ်စုများသည် နောက်ပါ သာသနာပြု အဖွဲ့ဝင်များနှင့် ကပ္ပိယကာရကအဖွဲ့၏သာသနာ့လုပ်ငန်းပြင်ပတွင် သာမန်အတွေ့အမြင်များကိုသာ ရသမျှအချိန်အတွင်း အလျဉ်းသင့်သလို မှတ်တမ်းမှတ်စု ပြုခဲ့ကြရသည် ဖြစ်ရာ ဒိုင်ယာရီသဘောမျှသာ ဖြစ်ခဲ့ပါသည်။ စာတစောင် ပေတဖွဲ့အဖြစ်သို့ ရောက်ရန် မျှော်မှန်း၍ မှတ်တမ်းပြုစုခဲ့ကြခြင်းကား မဟုတ်ပါချေ။

သို့တစေ နိုင်ငံခြား ရေဒီယိုများမှ အသံလွှင့်သော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တရားသံကို တခွန်းတပါဒမျှ နာခံမှတ်သားလိုက်ရ

သော ပုဂ္ဂိုလ်များ ပြည်တွင်း ပြည်ပ အင်္ဂလိပ် မြန်မာ စာ·နယ်·ဇင်းများတွင် တောင်ပုလုသာသနာပြုအဖွဲ့၏ အမေရိကန်နှင့် အိန္ဒိယ နှစ်နိုင်ငံ သာသနာပြု လုပ်ငန်းဆိုင်ရာ သတင်းအတိုအထွာများကို တစွန်းတစမျှ ကြားသိဖတ်ရှုကြရ သော ပုဂ္ဂိုလ်များက သာသနာပြု ခရီးစဉ်ကို စာတစောင် ပေတဖွဲ့အဖြစ် ပြုစု ပါရန် ကပ္ပိယကာရကအဖွဲ့အား မေတ္တာရပ်ခံတိုက်တွန်းလာကြပါသည်။ ထိုနည်း အတူ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအားလည်း ရဟန်း ရှင် လူ တပည့် ဒကာအပေါင်းတို့က အကြိမ်ကြိမ် ဘောင်းပန်လျှောက်ထားလာကြပါတော့ သည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ မူလရည်ရွယ်ရင်း မည်သို့ရှိစေ ကာမူ တပည့် ဒကာအပေါင်းတို့အား ထောက်ထား ငဲ့ညှာသောအားဖြင့် သာသနာပြု ခရီးစဉ်ကို ကျမ်းစာတစောင်တဖွဲ့အဖြစ် ရေးသားပြုစုနိုင်စေရန် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက် ရရှိနိုင်ရေးကို ဦးစွာကြိုးပမ်းခဲ့ရပါသည်။

သာသနာပြုအဖွဲ့ဝင်များမအားမလပ်သည့်ကြားမှ ကြားညှပ်ရေးသား ခဲ့ကြသော သာသနာပြုမှတ်တမ်းများကို စာတစောင်ပေတဖွဲ့အဖြစ် ရုပ်လုံး ဖော်ရန် ထပ်ဆင့်၍ တောင်ပုလုကပ္ပိယကာရကအဖွဲ့ အနေဖြင့် မိတ္ထိလာမြို့၊ နန်းဘော်ကုန်းရပ်၊ ရွှေစေလူးကျောင်းတိုက်၊ ပိုင်၊ အမ်၊ ဘီ၊ အေ၊ အရှင် ဝိသုတာဘိဝံသ ဂဏဝါစက မဟာစရိယအား ချဉ်းကပ်ခဲ့ကြရပါသည်။

ဤစာအုပ်ကို ရုပ်လုံးဖော်သူ အရှင်ဝိသုတာဘိဝံသ အနေဖြင့် ဂန္ထန္တရ ဗဟုသုတ ဒေသန္တရဗဟုသုတနှင့် ပြည့်စုံသော ပုဂ္ဂိုလ် မှန်သော်ငြားလည်း အခြေခံအားဖြင့် မှိုင်းမြိုင်ကိုးကားရသော မှတ်တမ်းမှတ်စုများ၏ ရည်ရွယ်ချက် တွင် စာတစောင် ပေတဖွဲ့အဖြစ်သို့ ရောက်ရန် မမျှော်မှန်းခဲ့ရကား ဤစာအုပ် တွင်လည်း အားနည်းချက်များ ရှိတန်သရွေ့ ရှိဘန်ကောင်းပါသည်။ ယင်းသို့ ရှိရာ၌ စာရေးသူအားလည်းကောင်း၊ တောင်ပုလု ကပ္ပိယကာရက အဖွဲ့အား လည်းကောင်း တစုံတရာ အပြစ်မတင်မူ၍ "မအားလပ်သည့်ကြားမှ ကုသိုလ် စေတနာအလျောက် ရွက်ဆောင်ကြသူများ ပါတကား" ဟု မေတ္တာရှေ့ထား၍

သုံးသပ်ကြစေလိုပါကြောင်း ဓမ္မမိတ်ဆွေ သူတော်စင်အပေါင်းတို့အား ကြိုတင် အစီရင်ခံရပါသည်။

ဤစာအုပ်ကို ပြုစုထုတ်ဝေလိုက်ခြင်းဖြင့် ဗုဒ္ဓသာသာ သူတော်စင် များ၏ ဆန္ဒကို အပြည့်အဝ ဖြည့်စွမ်းပေးလိုသော တောင်ပုလု ကပ္ပိယကာရ က အဖွဲ့၏ ထပ်ဆင့် စေတနာဆန္ဒပြုမှုသည် ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွား ရေးနှင့် အဓွန့်ရှည်ရေးသို့ တထောင့် တကွေ့မှ ဖြည့်စွမ်းနိုင်ငြားအံ့။ တောင် ပုလုကပ္ပိယကာရကအဖွဲ့၏ ဆန္ဒသည် ပြီးပြည့်စုံပြီဖြစ်ပါကြောင်း ဓမ္မမိတ်ဆွေ အပေါင်းအား အလေးအနက် ဖော်ပြအပ်ပါသည်။

တဆက်တည်းမှာပင် တိုက်တာ၏ နဝကမ္မ ပလိဗောဓ၊ ဂဏဝါစက ပလိဗောဓ၊ ဂန္ထကာရက ပလိဗောဓ စသည့် အထွေထွေသော ပလိဗောဓများ အကြားမှ ဤစာအုပ်ကို အောင်မြင်ပြီးဆုံးသည်အထိ ရေးသားပြုစုပေး တော်မူသော Y.M.B.A. အရှင်ဝိသုတာဘိဝံသ ဂဏဝါစကအား တောင်ပုလု ကပ္ပိယကာရကအဖွဲ့အနေဖြင့် လိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း အလေး အနက် မှတ်တမ်းတင်အပ်ပါသည်။

## စေလိုရာရာသို့

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များအမည်ရှိ ဤစာအုပ် ဖြစ်ပေါ် လာရခြင်းသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ စေတနာနှင့် သဒ္ဓါကြောင့် ပေါ်ပေါက်လာရသည်ဟု တောင်ပုလုကပ္ပိယ ကာရက အဖွဲ့က အလေးအနက်ခံယူပါသည်။ ယင်း ခံယူချက်နှင့်အညီ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရအားလည်းကောင်း၊ သာသနာပြုရေ ရပ်ဝန်းဒေသတွင် အထူးအကူအညီပေးခဲ့သော အိန္ဒိယ အမေ ရိကန် နှစ်နိုင်ငံအစိုးရများအားလည်းကောင်း၊

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး အမေရိကန် အိန္ဒိယ နှစ်ဌာနသို့ သာသနာပြုကြွချီရာတွင် ပစ္စယာနုဂ္ဂဟဖြင့် လှူဒါန်းခဲ့ကြသော ဗုဒ္ဓဘာသာ မြန်မာ၊ အိန္ဒိယ၊ အမေရိကန် သုံးနိုင်ငံရှိ သပ္ပု ရိသနွယ်ဝင် သူတော်စင် အပေါင်းအားတို့လည်းကောင်း၊

ဤစာအုပ်ဖြစ်ပေါ်လာရန် အခြေခံမှတ်တမ်းပြုခဲ့ကြသော ကျောက်ဆင်တောရ ပခုက္ကူဆရာတော်၊ ရန်ကုန်မြို့ ဗဟန်း ဝိသုဒ္ဓါရုံကျောင်းတိုက် ပါဠိမဉ္ဇူကျောင်းမှ တောင်ပုလု အရှင်ပညာဒီပတို့အားလည်းကောင်း၊ ဤစာအုပ်ရေးသားနေစဉ် စာရေးသူ၏ ကျန်းမာရေးအတွက် အဖက်ဖက်မှ တာဝန်ယူ စောင့်ရှောက်ခဲ့သော မိတ္ထီလာမြို့ မင်းရပ် မေတ္တာဆေးတိုက် ဒေါက်တာဦးချစ်မင်းနှင့် ဒေါ်ခင်မြင့်မင်း မိသားစုတို့အားလည်းကောင်း၊

ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး အမေရိကန်နှင့် အိန္ဒိယ နှစ်နိုင်ငံသာသနာပြုရာမှ မြန်မာနိုင်ငံသို့ ပြန်လည်ကြွချီရာတွင် ပါဝင်ကြိုဆိုခဲ့ကြသော အထက် အောက် မြန်မာနိုင်ငံ ပါတီကောင်စီဝင်များနှင့် ရပ်ကွက်ကျေးရွာရှိ သပ္ပုရိသနွယ်ဝင် သူတော်စင် အပေါင်းတို့အားလည်းကောင်း၊

ဤစာအုပ်ကို ရေးသားနေစဉ် အဖက်ဖက်မှ လိုအပ်သော အကြံဉာဏ်များ ပေးခဲ့ကြသော မိတ္ထီလာမြို့ ဆုတောင်းပြည့်ရပ် ဆရာထိနှင့် မိသားစု၊ ဦးညွန့်နှင့် မိသားစု၊ ဆည်မြောင်းဌာန ဦးစံပြုံးနှင့် မိသားစုတို့အားလည်းကောင်း၊ စာမူများ တိုက်ဆိုင်ပေးကြသော စာရေးသူ၏ တပည့်များဖြစ်သည့် အရှင်ယသ အရှင်မင်္ဂလ စသော ရဟန်းတပည့်များနှင့် ရှင်ဉာဏိန္ဒစသော သာမဏေတပည့်များအားလည်းကောင်း၊

ဤမည် ထိုမည်သော ကျေးဇူးဥပကာရပြုသင့်သူ ရဟန်း ရှင် လူ ဟူသမျှတို့အား စာရေးသူအနေဖြင့်လည်းကောင်း၊ တောင်ပုလု ကပ္ပိယကာရကာ အဖွဲ့အနေဖြင့်လည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ဤနေရာမှ အလေးအနက် ဖော်ပြမှတ်တမ်းတင်အပ်ပါသည်။

ဝိုင်၊ အမ်၊ ဘီ၊ အေ၊ အရှင်ဝိသုတာဘိဝံသ၊ ဂဏဝါစက။

၃၊၈၊၇၉။

ရွှေစောလူးကျောင်းတိုက်
နန်းတော်ကုန်းရပ်
မိတ္ထီလာမြို့

# တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ

နမော တိရတနာယ

**ရန်ကုန်မှ ဘန်ကောက်သို့**
**မင်္ဂလာဒုံ ရှိရွေပုံနှင့်**

အချိန်ကား (၁-၈-၇၈)အင်္ဂါနေ့ဖြစ်သည်။ ဤနေ့သည် သာသနာ့ဘူမိဟု ခေါ်ဆိုလောက်သည့် အမိမြန်မာ့မြေမှ အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ သာသနာပြု စတင်ထွက်ခွါရမည့် နေ့ဖြစ်ပေသည်။

နေ့ ၂-နာရီကိုးတိတွင် ရန်ကုန်မြို့ ဒူးဗုန်းလမ်း ဦးဟန်တိုး ဒေါ်သန်းကြွယ်တို့၏ နေအိမ် မင်္ဂလာယာယီစံကျောင်းတော်မှ မင်္ဂလာဒုံ လေဆိပ်သို့ တောင်ပုလုအမေရိကန် သာသနာပြုအဖွဲ့ ထွက်ခွါလာခဲ့သည်။

သာစည်ဆရာတော်နှင့် အရှင်ပညာဒီပကား တောင်ပုလု ကပ္ပိယကာရကအဖွဲ့ အတွင်းရေးမှူး ဦးရွှေ၏ကားနှင့်ရင်း၊ ပခုက္ကူဆရာတော်နှင့် အရှင်နာရဒတို့ကား တောင်ပုလု ကပ္ပိယကာရက အဖွဲ့ဝင် ဦးဟန်တိုးကားနှင့်ရင်း ရှေ့ပြေးလိုက်ပါလာကြ၏။

တောင်ပုလု သာသနာပြုအဖွဲ့ ဦးဆောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား နောက်မှ လိုက်ပါလာမည်ဟု သိရသည်။ ၂- နာရီ မိနစ် ၃၀-တွင် မင်္ဂလာဒုံ လေဆိပ်သို့ ရောက်ရှိကြ၏။

တောင်ပုလုအကျိုးဆောင် ဦးကေသဝနှင့် တောင်ပုလုကပ္ပိယကာရကအဖွဲ့ ကြီးမှူးသော ဒါယကာ ဒါယိကာမ တပည့်သာဝက ၁၀၀-ကျော်မျှ လေဆိပ်ခန်းမဆောင်အတွင်း ရောက်ရှိနေကြသည်ကို တွေ့ရ၏။

လေဆိပ် ခန်းမဆောင်ကြီးအတွင်းတွင် ခရီးသွားလိုက်ပါပို့ဆောင်သူတို့၏ ပြောမြဲမမှတ ထွေရာလေးပါး စကားလက်ဆုံ ကျကြ၏။ လိုက်ပါ ပို့ဆောင်သူတို့၏ မျက်နှာများတွင် အုံ့ဩခြင်း ဝမ်းသာခြင်း ကြည်နူးခြင်းတို့က လွှမ်းမိုးလျက်ရှိသည်ကို အထင်းသား တွေ့မြင်ရ၏။

သာသနာပြုအဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း ယင်းသို့သော ရသများ ခံစားမိရကြောင်း ရိုးသားစွာ ဝန်ခံမိသည်။ဘာသာတရားတိုင်းသည် လူမျိုးတိုင်း၏ ဦးထိပ်ထားရာဖြစ်၏။ မိမိတို့ ဦးထိပ်ထားရာ ဘာသာကို အခြားသော လူမျိုးတို့က ဦးထိပ်ထားလာကြရာ၌ ဗုဒ္ဓဘာသာ မြန်မာတဦး အနေဖြင့် အဘယ်မှာ ဝမ်းမမြောက်ပဲ နေချိမ့်မည်နည်း။

ဤခန်းမဆောင် အတွင်းကို မျက်စိ ဝေ့ရမ်း ကြည့်လိုက်ပါက တောင်ပုလုကို ဦးထိပ်ထားသော တောင်ပုလု တပည့်သာဝက ဒကာ ဒကာမများသာ တွေ့မြင်ရ၏။ တပည့်သာဝက ဒကာ ဒကာမတို့၏ ဦးထိပ်ထားရာ ကျေးဇူးရှင် တောင်ပုလုဆရာ ကမ္ဘာအေးဆရာတော်ဘုရားကြီးကို ယခုကဲ့သို့ အမေရိကန်လူမျိုးတို့က ဦးထိပ်ထား ပင့်ဆောင်ကြရာ၌ တောင်ပုလု သာဝကတို့ အဘယ်မျှ ဝမ်းမြောက်ကြည်နူးနေကြမည်ကို ဖော်ပြနိုင်စွမ်းပင် မရှိချေ။

ရာသီဥတု အေးမြသော အမေရိကန်နိုင်ငံတွင် အစား၊အသွား၊ အနေအထိုင်မှစ၍ ဆင်ခြင်သုံးဆောင်ပါရန် သတိပေးလျှောက်ထားသူက လျှောက်ထားပြီး အမေရိကန်မှ အမှတ်တရ စာရေးပါရန် မှာသူက မှာကြ၏။ ၃-နာရီ မိနစ် ၄၀-တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကြွလာ၏။ လိုက်ပါပို့ဆောင်သူများနှင့် စကားလက်ဆုံကျနေ၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကြွလာမှန်းပင် မသိလိုက်တော့ချေ။

သာသနာပြုအဖွဲ့ ဦးဆောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဝိုင်းဝန်းကန်တော့ကြ၏။ ယင်းသို့ ကန်တော့ကြစဉ် နိုင်ငံခြားသားခရီးသည်များက ဓာတ်ပုံ ရိုက်ယူကြ၏။ တိုးကြ ဝေ့ကြနှင့် ဆူညံနေပေတော့သည်။

လေဆိပ် ခန်းမဆောင်အတွင်းသို့ ဝင်ခွင့်ရရေးကလည်း မလွယ်ကူလှ။ ၁- ရက် ၂- ရက်က ကြိုတင်၍ ဝင်ခွင့်လက်မှတ်များ လုပ်ဆောင်ထားရ၏။ လက်မှတ်မဲ့တို့ကား ခန်းမ အဝင်ဝတွင် တစ်လစ်တစ်လစ် လုပ်၍ မကျေမချမ်း ဖူးမြော်နေကြရ၏။ စစ်ဆေးသူများကလည်း ခန်းမအဝင်ဝတွင် စောင့်ဆိုင်း စစ်ဆေး၍ ဝင်ခွင့်ပြုနေသည်။

သို့ရာတွင် ဖူးမြော်ကန်တော့လိုသူများ များသထက် များလာကာ စစ်ဆေးသူများ မနိုင်မနင်းဖြစ်ပြီး လက်မှတ်ရှိရော လက်မှတ်မဲ့ပါ ခန်းမအတွင်းသို့ တိုးကြိတ်ဝင်ရောက် လာကြတော့၏။ သူတို့၏မျက်နှာကား ယခုမှ ကျေနပ်သွားပုံရသည်။ ကြည်လင်ရွှင်ပျလာကြ၏။

သို့သော် အချိန်များများ မဖူးလိုက်ကြရချေ။ ၃-နာရီ မိနစ် ၅၀-တွင် လေဆိပ်၏အတွင်းခန်းမဆောင်ကြီးထဲသို့ သာသနာ့ပြုအဖွဲ့ ကြွရောက်ရတော့ရာ လူကြီးအချို့သာ ဝင်ခွင့်ရကြတော့၏။ လိုက်ပါပို့ဆောင်သူများသည် သူတို့၏ တဘက် ဆံပင်များ ခင်းကျင်း၍ မျက်ရည် လည်ရွဲဖြင့် ရှိခိုးဦးတင် ကန်တော့ကြ၏။

နိုင်ငံခြားသားများ၏ ဓာတ်ပုံရိုက်ချက်များကား ရှေးကထက်များလာ၏။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ခွင့်ပန်ကာ ဆရာတော်ဘုရားကြီး၏ ပုံတော်ကို ရှေ့ နောက် ဝဲ ယာ ရိုက်သူက ရိုက်ယူကြ၏။ ဆရာတော်ဘုရားကြီးကလည်း သည်းခံ ခွင့်ပြုတော်မူသည်။ကင်မရာ အချက်ပေါင်းရေတွက်ကြည့်ရာ ၆၀-ကျော်မျှ ရှိလေသည်။

သက်ဆိုင်ရာမှလေယာဉ်အရာရှိကြီးငယ်များ ရောက်လာကာ ယိုးဒယားသို့ ထွက်ခွါမည့် လေယာဉ် ဆိုက်ကပ်နေပါကြောင်း ဆရာတော်ဘုရားအား လျှောက်ထား၏။ ခန်းမဆောင် အပြင် ဝရံတာဘက်ကို ကြည့်လိုက်ရာ နှုတ်ဆက်ရန် စောင့်ကြိုနေကြသော လူအုပ်ကြီးကို တွေ့လိုက်ရ၏။

၄-နာရီ ၅၅-မိနစ်တွင် ခန်းမဆောင်ကြီးမှ လေယာဉ်သို့ အပြည်ပြည်ဆိုင်ရာ ထိုင်းလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် မိုက်ကရိုဘတ်ကားဖြင့် ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီး ... အမှူးရှိသော တောင်ပုလု

သာသနာပြုအဖွဲ့ကို အခြား ခရီးသည်များအလျင် ပို့ဆောင်ပေးလေသည်။လေယာဉ်ပေါ်သို့ ကြွရောက်သောအခါ ထိုင်းလေယာဉ်မှူး လေယာဉ်မယ်တို့သည် လက်အုပ်ချီကာ အသင့်စောင့်ကြိုနေသည်။

နောက်သို့ မျက်စိတချက် ဝေ့ကြည့်လိုက်ရာ လက်များဝှေ့ရမ်း နှုတ်ဆက်နေကြသော လိုက်ပါပို့ဆောင်သူ သာဝကများကို ငမ်းနည်းစွာ တွေ့လိုက်ရ၏။ သို့နှင့် သာသနာပြုအဖွဲ့ကိုယ်စား လက်နှစ်ချက်ခန့် ဝှေ့ရမ်းနှုတ်ဆက်ကာ အတွင်းသို့ ဝင်ခဲ့လေသည်။

မိမိတို့ သာသနာပြုအဖွဲ့ လိုက်ပါသော လေကြောင်းကား အပြည်ပြည်ဆိုင်ရာ ထိုင်းလေကြောင်းဖြစ်သည်။ သပိတ်များကို အပေါ်သို့ တင်ထားလိုက်ပြီး ထိုင်ခုံတွင် အသင့်နေရာယူကာ ခါးပတ်များ ပတ်ထားလိုက်၏။

မြန်မာစံတော်ချိန် ၅-နာရီ ၅-မိနစ်တွင် အမိမြန်မာပြည်မှ ယိုးဒယားသို့ သာသနာပြုခရီး စခဲ့လေသည်။

## ထက်ကောင်းကင် ဝေဟင်စွန်းဆီက

လေယာဉ်ကား အတက်ကြမ်းလှ၏။ ကောင်းကင်သို့ ထိုး၍ထိုး၍ တက်သွားသည်။ ပက်လက်နီးပါးလိုက်ပါကြရ၏။ ဤအဖြစ်မျိုးကိုလည်း ပြည်တွင်းလေကြောင်းတခုတွင် ကြုံခဲ့ဘူး၏။ ၁၉၆၇-ခုနှစ် ဇူလိုင်လက တောင်တန်းဒေသ ဂန့်ဂေါမြို့တွင် ဤကဲ့သို့ပင်ဖြစ်သည်။ လေယာဉ်ထွက်ခါနီး မိုးကြီးရွာချလိုက်ရာ တမိုးလုံးမှောင်နေတော့သည်။ ဂန့်ဂေါမြို့သည် တောင်တန်း ဒေသဖြစ်သည်နှင့်အညီ မိုးရွာသည်နှင့် တပြိုင်နက် လေယာဉ်ကွင်း ပတ်ဝန်းကျင်ရှိ တောင်တန်းများကို မမြင်ရတော့။ ကောင်းကင်ယံတွင် အနည်းငယ် ပြောင်လက်နေသော ကြောင်တောင်တောင် နေလုံးကလေးကိုသာ တွေ့မြင်ရသည်။ လေယာဉ်မှူးသည် သူ၏လေယာဉ်ကို လိုအပ်သော အမြင့်ပေသို့ ရောက်နိုင်ရန် ကြောင်တောင်တောင် နေလုံးကို ကြည့်ကာ လေယာဉ်ကို မတ်စောက်စောက် ထိုးတက်စေသည်။လေယာဉ်ပေါ်တွင် လက်ဆွဲတန်ဆာ အဖြစ် ကိုင်ဆောင်သော ရဲဘော်တယောက်၏ ချင်းတောင်ထွက် ပန်းသီးများသည် လေယာဉ်ပေါ် လိုက်

ပါသူအားလုံး၏ နှဖူးနှင့် ရင်ဘတ်များကို စေ့သေလောက် လိုက်လံ နှုတ်ဆက်လေတော့သည်။

ယခုမူကား ထိုစဉ်ကလောက် မဆိုး။ အားလုံး ပစ္စည်းများ ထားရာတွင် နေဖော်ရကြ၏။ ပန်းသီးလိုလုံးသော သပိတ်သည်လည်း ထားသည့်နေရာမှ တုတ်တုတ်မျှ မလှုပ်ပါချေ။ ခဏကြာသော် လေယာဉ်သည် ငြိမ်သက်စပြုလာ၏။ ပြတင်းဆီသို့ ကြည့်လိုက်ရာ တိမ်ဘောင် တိမ်လိပ် တိမ်ရွက်များအကြား တိုးဝှေ့ ပျံသန်း နေသည်ကို တွေ့ရ၏။ နေကို ကြည့်ခြင်းအားဖြင့် လေယာဉ်သည် တောင်စူးစူးသို့ ပျံသန်းနေသည်ဟု မှန်းဆရသည်။

ခဏကြာသော် ပုံစံ စာရွက်ငယ်များ လာရောက် ဝေသဖြင့် တောင်ပုလု သာသနာပြုအဖွဲ့၏ စကားပြန်လည်းဖြစ် ကပ္ပိယလည်းဖြစ်သော ဦးမောင်မောင်က ပုံစံတွင် လိုအပ်သော အချက်အလက်များ ဖြည့်စွက် ရေးပေးလိုက်သည်။

မိမိထိုင်ခုံ၏ ရှေ့ထိုင်ခုံ နောက်ကျောရှိ ဂလန့်ငယ်ကိုလက်ဖြင့် လှည့်ကြည့်လိုက်ရာ ပိုးထားသော ပလပ်စတစ်ပြားကလေးသည် စားပွဲငယ်ကလေး တခုအဖြစ် သံချောင်းနှင့် ထောက်လျက်သား ပေါ်လာ၏။ လက်တင်စားပွဲကလေးသည် မြန်မာနိုင်ငံ မီးရထားများ၏ အထက်တန်း တွဲထိုင်ခုံများတွင် တပ်ဆင်လေ့ရှိသည့် လက်တင် စားပွဲကလေးများကဲ့သို့ပင် ဖြစ်သည်။

ယင်းစားပွဲကလေး အောက်တွင် အင်္ဂလိပ်ဘာသာရေး စာအုပ်နှစ်အုပ်ကို တွေ့ရှိရ၏။ စာတအုပ်က လေယာဉ်ပေါ်တွင် အသုံးပြုရမည့် စက်ခလုတ်များအကြောင်းနှင့် စာတအုပ်က ဗဟုသုတ ဖြစ်ဖွယ်များ ပါရှိသည်။

ချိုးချိုးချွင်ချွင် ဒိုးဒိုးဒေါက်ဒေါက်သံများကြား၍ သတိပြုလိုက်ရာ လေယာဉ်မှ အစားအသောက်များဖြင့် ညှော်ခံကျွေးမွေးနေသည်ကို တွေ့ရ၏။ ကြည့်လက်စစာအုပ်ကို စားပွဲပေါ်တွင် အသာတင်ထားလိုက်သည်။ သာသနာပြုအဖွဲ့ ဖြစ်သည့် မြန်မာ ရဟန်းတော်များ အတွက်ကိုကား လိမ္မော်ရည်နှင့် ဘီလပ်ရည်များ ဆက်ကပ်ကြ၏။

ဆက်ကပ်လာသော ဘီလပ်ရည်များ ဘုဉ်းပေးပြီး၍ အားလုံးသော ကမ္ဘာသူ ကမ္ဘာသားများ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟု ထက်

ကောင်းကင် ဝေဟင်စွန်းဆီက မေတ္တာကမ္မဋ္ဌာန်း အဖန်ဖန်စီးဖြန်းလိုက်ပါသည်။ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းနေစဉ် ဘန်ကောက်မြို့ ဒွန်မောင်း လေဆိပ်သို့ လေယာဉ် ဆင်းသက်တော့မည်ဖြစ်ကြောင်း လေယာဉ်မယ်၏ ကြေငြာချက် နှုတ်ခွန်းသံ ပေါ်လာ၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းမှု ရပ်ထား လိုက်ရသည်။

ဟုတ်ပေပြီ။ ပြတင်းမှ ကြည့်လိုက်သောအခါ လေယာဉ်ကြီးသည် ခေတ်လှေကား ဆင်းသလို တဆင့်ပြီးတဆင့် နိမ့်၍ ဝဲ၍ ဆင်းသက်စပြုနေသည်ကို တွေ့ရသည်။ ယင်းနှင့် တဆက်တည်းမှာပင် ဘန်ကောက်မြို့၏ ရှုခင်းများကို မြင်စပြုလာပြီ ဖြစ်၏။

မြို့၏ ဝန်းကျင်တွင် ရှည်လျားသော တူးမြောင်းကြီးများ၊ စုလစ်မွန်းချွန် အထွဋ်ရှိတင်သော ဘုန်းတော်ကြီး ကျောင်းများ၊ ဘုရား တန်ဆောင်း ပြာသာဒ်များ၊ ဖြောင့်တန်းညီညာသော ကားလမ်းမကြီးတလျှောက် မိုးရွာခါနီး အလုပ်များရှာကြသည့် ပုရွက်ဆိတ်များကဲ့သို့ ပြေးသွားနေကြသည့် ကားကြီး ကားငယ်များနှင့် မြို့ပြအဆောက်အအုံများကို တစထက် တစ ထင်ထင်ရှားရှား တွေ့မြင်နေရပေပြီ။

လေယာဉ်သည် မြေပြင်တွင် ခြေတင်လိုက်သည်နှင့် တပြိုင်နက် ယင်းမြင်ကွင်းများ ပျောက်ကာ ထိုင်းနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ဘန်ကောက်မြို့ ဒွန်မောင်း လေဆိပ် ရှုခင်းက ကွက်ကွက်ကွင်းကွင်း ပေါ်လာလေသည်။ ဘန်ကောက်မြို့ ဒွန်မောင်း လေဆိပ်သို့ လေယာဉ် ဆင်းသက်ပြီးဖြစ်၏။ မြန်မာစံတော်ချိန် ည ၇- နာရီတိတိတွင် လေယာဉ် ဆင်းသက်ပြီး ဖြစ်၏။ လေယာဉ်ကြီးကား အဆောက်အအုံ တခုဘေးတွင် ကပ်လျက်သား ရပ်နေသည်။

**အာရှရိပ်မြုံ တည်လုံ့**

အာရှရိပ်မြုံ ဆိုသည်ကား သာသနာပြုအဖွဲ့ တည်းခိုရမည့် အာရှဟော်တယ်ပင် ဖြစ်၏။

ဦးမောင်မောင်မှာ ပတ်စပို့များနှင့် အလုပ်များနေသည်။ မစ္စတာကော်လင်းမာ့ (ဒ်) လင်း (ဒ်) အမ်ဒီ (ဆီးရောဂါပါရဂူ) ကလည်း ဝေယျာဝစ္စများ

ရင်းနှီးစွာ ကူညီလုပ်ကိုင်ပေးနေသည်ကို တွေ့ရှိရသည်။ ကြိုဆိုသူများနှင့်ကား ဆုံဆည်းခွင့်မရသေး။ အပြင်ဘက်တွင်မူ ဦးခင်မောင်လွင်တို့ လာရောက် ကြိုဆိုနေကြောင်း စာတစောင်ဖြင့် သိရသည်။

အားလုံးကိစ္စပြီးစီးသွားသောအခါ အဆောက်အအုံတနေရာသို့ သွား၍ ကြိုဆိုသူများနှင့် ဆုံဆည်းရသည်။ ကြိုဆိုသူများသည် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့၏ နှမ်းနယ်မှုကို ဘိလပ်ရည်များဖြင့် ဖြေဖျောက်ပေးကြသည်။ ည ၈-နာရီ ၂၅-မိနစ်တွင် လေဆိပ်မှကားနှင့်ပင် အာရှဟော်တယ်သို့ ထွက်ခဲ့သည်။ အာရှဟော်တယ်ကား လေဆိပ်နှင့် မိုင် ၂၀-မျှဝေးသည်။

ယိုးဒယား နိုင်ငံတွင် ကားကို လက်ဝဲမောင်းပင် မောင်းကြသေးသည်။ ကားလမ်းမကြီးတလျှောက်တွင် မီးဝါတိုင်ကြီးများနှင့် မီးပြာတိုင်ကြီးများ ထွန်းညှိထား၍ တမျိုးအရသာ ခံစားမိရ၏။ ည ၉-နာရီတိတိတွင် အာရှဟော်တယ်သို့ ရောက်ကြသည်။ သို့ရာတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မရောက်လာသေးသည်နှင့် အနည်းငယ် စောင့်နေရသည်။

အညောင်းအညာ ဖြေယင်း အာရှဟော်တယ်ကြီးကို တစေ့တစောင်း အကဲခတ်ကြည့်မိ၏။ အာရှဟော်တယ်ကား ကြီးမားလှသည်။ အထပ်ပေါင်း ၁၂-ထပ်မျှရှိ၏။ ယိုးဒယားနိုင်ငံတွင် အကြီးဆုံး ဟော်တယ်ကြီးဟု ဆိုသည်။ အာရှဟော်တယ်ကြီး၏ အကျယ်အဝန်းကိုမူ အတိအကျ မသိခဲ့ရချေ။

ည ၉-နာရီ ၅၀-မိနစ်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ရောက်လာသည်နှင့် အာရှဟော်တယ်ကြီးပေါ်သို့ ဓာတ်လှေကားဖြင့် တက်ကြ၏။ မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့ တည်းခိုရမည့်အထပ်သည် အထပ်ခြောက်ဖြစ်ပေရာ နံပါတ် ၆ ခလုတ်ကို နှိပ်လိုက်ရုံမျှဖြင့် လိုအပ်သော အထပ်တွင် ရပ်၍ အလိုအလျောက် ခန်းဆီးတံခါးများ ဖွင့်ပြီးဖြစ်နေ၏။ သို့ရာတွင် အခြားသော အထပ်များက တက်ဆင်းလိုသော် ခေတ္တစောင့်ကြရသည်။

အပေါ်သို့ ရောက်လျှင် အခန်း နံပါတ်များ ရှာယူရသည်။ မိမိတို့ အခန်း၏ အရှေ့ဘက်စကြံလမ်းသဖွယ် အတွင်းခန်းတွင် ခြေလှမ်းရေ၍ လမ်း

လျှောက်ကြည့်ရာ ခြေလှမ်းပေါင်း ၁၇၀-မျှ ရှိလေသည်။ အခြားအခန်း များကား ပိတ်ထားကြ၏။

ဟော်တယ်တွင် တခန်းနှစ်ယောက်ကျ တည်းခိုနိုင်သည်။ အခန်းတွင်း၌ လူသုံးပစ္စည်းဆိုင်ရာတွင် ရေဒီယို- စားပွဲ- တယောက်အိပ် တတောင်ခန့်မြင့် ဖုံကြီး ဆိုဖာရှည်ကြီးများနှင့် မျက်နှာသုတ် စက္ကူများ၊ စာသောက်ရေးဆိုင်ရာ တွင် ရေခဲသေတ္တာ ခွက်ဖူးနှင့် ဘီလပ်ရည်များ၊ စာရေးကရိယာ ဆိုင်ရာတွင် စာရေးစက္ကူနှင့် စာအိတ်များ၊ လူတကိုယ် သန့်ရှင်းရေးအတွက် ရေချိုးခန်း လက်ဆေးခွက်နှင့် အိမ်သာ ထားရှိပေးသည်။

ရာသီဥတု မျှတရေးဆိုင်ရာတွင် အအေးစက်နှင့် အနွေးစက်ပါ ပူးတွဲထား ရှိပေးသည်။ လိုအပ်သလို အသုံးပြုနိုင်၏။ ဆက်သွယ်ရေးဆိုင်ရာတွင် တယ်လီဖုန်း တခုလည်း တပ်ဆင်ပေးထားသည်။ မိမိတို့ အိပ်ရာများတွင် ခြင်ထောင် လုံးဝ မရှိ။ အခန်းတွင်းတွင် ခြင်မရှိ၍ ခြင်ထောင်များ တပ်ဆင် မပေးခြင်း ဖြစ်ပေ၏။

လိုလေသေးမရှိ ဤမျှပြည့်စုံလှသော အာရှဟော်တယ်ကြီးကို သာသ နာပြုအဖွဲ့က "အာရှရိပ်မြုံ"ဟု ကင်ပွန်းတပ်လိုက်ကြလေသည်။

လေဆိပ်တွင် လာရောက် ကြိုဆိုသူများဖြစ်သည့် ဦးခင်မောင်လွင်- ဦးဝေ လင်း- ခင်ခင်ရီ- ဒေါ်ခင်လှ- အမြင့်- သင်းသင်းရှိန် စသူများလည်း ဟော်တယ် သို့ လာရောက်တွေ့ဆုံကြသေး၏။ ယိုးဒယားရဟန်းတော်များ သုံးလေ့သုံးထ ရှိသည့် လွယ်အိတ်နှင့် အခြား လှူဘွယ် ပစ္စည်းများ လှူဒါန်းကြကာ ပြန်သွား ကြလေသည်။

မိမိတို့ သာသနာပြုအဖွဲ့ကား "အာရှအလှရိပ်မြုံတွင်" တညတာ ခိုလှုံ လိုက်ကြလေသည်။

**အယုဒ္ဓယမှ ယိုးဒယား**

ယိုးဒယား နိုင်ငံသည် အင်ဒိုချိုင်းနား ကျွန်းဆွယ် မဲနန်မြစ်ဝှမ်း တွင် တည်ရှိသည်။ ယခုအခါ ရှမ်း ဟူ၍လည်းကောင်း၊ ထိုင်းလင်း ဟူ၍လည်းကောင်း ခေါ်ကြသည်။

ရှေးအခါက ယိုးဒယားနိုင်ငံတွင် မွန်ခမာ လူမျိုးများ နေထိုင်ကြသည်။ မွန်ခမာတို့၏ မြို့တော်မှာ **လော့ပူရီ** ဖြစ်သည်။ ၆- ရာစုခေတ်တွင် လော့ပူရီ ပြည်ကြီး ထွန်းကားလာပြီးနောက် ၈-ရာစုခေတ်တွင် မဲနန်မြစ် မြောက်ဖက်၌ ဟရိဘုဥ္စပြည် ပေါ်လာပြန်သည်။

၁၂-ရာစုခေတ်တွင် လော့ပူရီပြည်၌ ကဿရိမမင်း စိုးစံ၏။ ထိုမင်း **လက်ထက်** နိုင်ငံကျယ်ပြန့်လာသည်။ အရှေ့ဘက်ရှိ ကမ္ဘောဇ(ကမ္ဘောဒီး ယား) မှတဆင့် အိန္ဒိယနှင့် အဆက်အသွယ်ရကာ ယဉ်ကျေးမှုများ ထွန်း ကားလာသည်။ ၁၃-ရာစုခေတ်တွင် ကမ္ဘောဇနှင့် စစ်ဖြစ်ခဲ့၏။ ယင်းအချိန် တွင် မဲနန်မြစ်မှ ထိုင်းခေါ် ရှမ်းလူမျိုးများ ဝင်ရောက်လာကြသည်။

၁၃-ရာစုခေတ်တွင် ဟရိဘုဥ္စခေါ် ဟရိပွန်ချယာ၊ အရှေ့ဖက်၌ ထိုင်းခေါ်ရှမ်းပြည်ကို တည်ထောင်ကြသည်။ ဟရိပွန်ချယာနှင့် လော့ပူရီခေါ် ဒွါရာဝတီကို သိမ်းယူပြီး လော့ပူရီမင်း ရာမာဓိပတိလက်ထက် အယုဒ္ဓယ မြို့ကို တည်ထောင်ခဲ့ရာ နောင် ယိုးဒယားဟု အမည်တွင်လာခဲ့သည်။ **ထို့ကြောင့်** ယိုးဒယားဟူသော အမည်သည် အယုဒ္ဓယမှ ဆင်းသက်လာသော အမည်ဖြစ်ပေသည်။

၁၆-ရာစုခေတ်တွင် ယိုးဒယားနှင့် မြန်မာ စစ်ဖြစ်ကြသည်။ ထိုစဉ်က မြန်မာမင်းမှာ ဘုရင့်နောင် ဖြစ်လေသည်။ ဘုရင့်နောင်သည် အယုဒ္ဓယကို သိမ်းယူ၍ မြန်မာဘုရင်ခံ ခန့်ထား အုပ်ချုပ်စေခဲ့သည်။ ၁၅၆၅-ခုတွင် ယိုးဒယားသူရဲကောင်း ဗြနရာဇ်သည် မြန်မာဘုရင်ခံကို တော်လှန်ပုန်ကန်၍ ယိုးဒယားတည်ထောင်ပြန်သည်။ ဗြနရာဇ်လက်ထက် တရုတ်နိုင်ငံနှင့် အဆက် အသွယ်ရ၍ ယိုးဒယားနိုင်ငံကြီး ထွန်းကားလာခဲ့သည်။

၁၈-ရာစုခေတ် ရောက်သောအခါ ယိုးဒယားနှင့် မြန်မာစစ်ဖြစ်ကြ ပြန်၏။ မြန်မာမင်း အင်းဝဆင်ဖြူရှင်သည် ၁၇၆၃-ခုတွင် ယိုးဒယားကို စတင် တိုက်ခိုက်၍ ၁၇၆၇-ခုတွင် အယုဒ္ဓယနေပြည်တော်ကို ဖျက်ဆီးပစ်သည်။ ယိုးဒယားဗိုလ်မှူး တဦးဖြစ်သူ ဘုရားတက်ဆင် (ဗြတက်ဆင်)သည် ဘန် ကောက်မြို့ကို အသစ်တည်ထောင်၍ ချက္ကရီမင်းအဖြစ် စိုးစံခဲ့သည်။

ယိုးဒယားနိုင်ငံတွင် ယနေ့တိုင် စိုးစံအုပ်ချုပ်လျက်ရှိသော မင်းဆက်ကား ချက္ကရီမင်းဆက်များသာ ဖြစ်လေသည်။

## ချက္ကရီမင်း၏ ဘန်ကောက်မြို့တော်

ယိုးဒယားနိုင်ငံ၏ ဘန်ကောက်မြို့တော်ကို ချက္ကရီမင်း စတင်တည်ထောင်ခဲ့ကြောင်း တင်ပြခဲ့ပြီး ဖြစ်သည်။

ဘန်ကောက်မြို့တော်သည် စတုရန်းမိုင် ၁၀–ခန့် ကျယ်ဝန်း၏။ ယိုးဒယားနိုင်ငံတွင် အကြီးဆုံး မြို့တော်လည်း ဖြစ်သည်။ ယိုးဒယား ပင်လယ်ကွေ့ထဲသို့ စီးဝင်သော မဲနန်မြစ်၏ ကမ်းနဖူးပေါ်တွင် တည်ရှိ၍ ယိုးဒယား ပင်လယ်ကွေ့နှင့် ၁၅-မိုင်ခန့်သာ ဝေးသည်။ ယခု မဲနန်မြစ်ကို ချောင်းဖရားမြစ်ဟု ခေါ်သည်။

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ စီးပွားရေး အသက်သွေးကြောဖြစ်သကဲ့သို့ မဲနန်မြစ်သည်လည်း ယိုးဒယား နိုင်ငံ၏ စီးပွားရေး အသက်သွေးကြောဖြစ်လေသည်။ နိုင်ငံတော်၏ အလယ်ပိုင်း ဒေသများနှင့် မြစ်ကြောင်း တလျှောက်ရှိ ဆန်၊ စပါး၊ ကျွန်းသစ်၊ ကြက်ပေါင်စေး၊ သစ်စေးနှင့် ငရုတ်ကောင်း စသော နိုင်ငံတော်၏ ထွက်ကုန်ပစ္စည်းများကို ဤမဲနန်မြစ်မှပင် ပေးပို့ရသည်။

နိုင်ငံခြားသို့ တင်ပို့မည့် ကုန်ပစ္စည်းများကိုလည်း မဲနန်မြစ်နှင့် အလုပ်လုပ်ကာ ဘန်ကောက်မြို့မှပင် တင်ပို့ ဖြန့်ဖြူးရသည်။ အနောက်ဖက်မှ ဖြတ်သန်းစီးဆင်းနေသော မဲနန်မြစ်၏တဖက်တချက်တွင် တူးမြောင်းကြီးများ ဖောက်လုပ်ထားကာ မြို့တွင်း ကူးသန်း သွားလာရေး လမ်းကြောင်းအဖြစ် အသုံးပြုလျက်ရှိ၏။ ထို့ကြောင့် ဘန်ကောက်မြို့သည် နိုင်ငံခြားသားတို့၏ နှုတ်ဖျားတွင် "အရှေ့တိုင်း ဗင်းနစ်မြို့"ဟု ရေပန်းစားလျက်ရှိသည်။

ယင်းတူးမြောင်းကြီးများထဲတွင် လှေအိမ်များနှင့် ရေပေါ် ဈေးဆိုင်များကို ဗေဒါပန်းများသဖွယ် တွေ့မြင်ရသည်။ ၎ မြန်မာနိုင်ငံ အင်းလေးဒေသလိုပါလား ဟူ၍လည်း မှတ်ချက်ချမိ၏။ ရေတက်သော် စိတ်ပျက်စရာကောင်း၏ ဟု ဌာနေတို့က ဆိုလေသည်။

ဘန်ကောက်မြို့တွင် အမေရိကန် အိန္ဒိယ တရုတ် စသော နိုင်ငံခြား တိုင်းပြည်များမှ စျေးဆိုင်ကြီးများကိုလည်း တွေ့ရှိရ၏။ နိုင်ငံခြား ပစ္စည်း လိုသလောက်ရသည်။ မြို့တော်၏ ခေတ်အဆန်ဆုံးနှင့် အလှပဆုံး လမ်းကား ရာဇဒမ်ဏာန် ရိပ်သာလမ်းဖြစ်၏။

ယင်းလမ်းမကြီး၏အဆုံးတဖက်တွင် နန်းမြို့ရှိ၏။ နန်းမြို့အတွင်းမြောက်ဖက်၌ ယိုးဒယား မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့သော တန်ခိုးကြီး မြသား ဆင်းတုတော် ရှိလေသည်။ အခြားတဖက်တွင် သမကုန်း နန်းတော်ကြီး ရှိ၏။ ယခုအခါ သမကုန်းနန်းတော်ကြီးကား စစ်ရုံးချုပ်ကြီးအဖြစ် "ဘဝ"ပြောင်းလဲခဲ့ချေပြီ။

မြသား ဆင်းတုတော် တန်ဆောင်းကြီး၏ နံရံတို့တွင် နိပါတ်တော်လာ ဇာတ်လမ်းများ၊ ရာမဇာတ်တော်လာ အချို့သော ဇာတ်ကွက်ဇာတ်လမ်းများကို ယိုးဒယားဟန် ယိုးဒယားမှုဖြင့် ပန်းချီသရုပ်ဖော်ထားသည်မှာ ရှုမငြီးစရာဖြစ်တော့သည်။

ယိုးဒယား ဗိသုကာ လက်ရာ အတိုပြီးနေသော ဘုရားတန်ဆောင်းစသည်တို့ကား တမျိုးတဖုံ တင့်တယ်လှပနေပြန်သည်။ မြန်မာပြည်ရှိဘုရားများတွင် ခြသေ့ရုပ်ကြီးများနှင့် မကင်းကြသကဲ့သို့ ယိုးဒယားပြည်ရှိ ဘုရားပုထိုးများတွင်လည်း ဘီလူးရုပ်ကြီးများနှင့် မကင်းကြသည်ကို တွေ့ရှိရသည်။ ဘန်ကောက်မြို့တွင် ဘုန်းတော်ကြီးကျောင်းပေါင်း ၄၀၀-ကျော် ရှိသည်ဟု ဌာနေတို့က ဆိုလေသည်။

**ဘန်ကောက်မှ ဟောင်ကောင်သို့**
**ဝမ်းနည်းရမှာလား ဝမ်းသာရမှာလား**

> "ချစ်သားတို့၊ အပိုင်းအခြားရှိသော ခရီးသွားရာ၌ အကျိုးတို့သည် ငါးမျိုးတို့တည်း။ အဘယ်ငါးမျိုးတို့နည်းဟူမူ မကြားဘူးသည်ကို ကြားရ၏။ ကြားဘူးသည်ကို ခိုင်မာစေ၏။ ကြားဘူးသော အချို့သော သုတဖြင့် ရဲရင့်၏။ ပြင်းထန်စွာ ရောဂါစွဲကပ်ခြင်း မရောက်နိုင်။ မိတ်ဆွေကောင်း ရ၏" [၁]

---

၁။ ပဉ္စင်္ဂုတ္တရပါဠိ၊ ၂၂၄။

ဂေါတမဗုဒ္ဓက ခရီးသွားရာ၌ ရရှိအပ်သော အကျိုးတရားငါးပါး ကို ဖော်ညွှန်းထားသည်။ တောင်ပုလု သာသနာပြုအဖွဲ့ သာသနာပြု ခရီး ထွက်ခဲ့သည်ကား ၂-ရက်မြောက် ရှိပြီဖြစ်သည်။ အတိအကျ ဖော်ညွှန်းရ သော် ၁၉၇၈-ခုနှစ်၊ ဩဂုတ်လ ၂-ရက်နေ့ ဖြစ်သည်။ တောင်ပုလု သာ သနာပြုအဖွဲ့ သာသနာပြုခရီး၏ အပိုင်းအခြားကား အမေရိကန်နှင့် အိန္ဒိယ တို့ဖြစ်လေသည်။

ဤခရီးရှည်ကြီးသည် ထူးခြားသည့်အသွင်ကို ဖော်ဆောင်လျက်ရှိ သည်။ အဘယ့်ကြောင့်ဆိုသော် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ အေး ဆရာတော် ဘုရားကြီး ဦးဆောင်သော တောင်ပုလု သာသနာပြုအဖွဲ့ အနေဖြင့် ပင်လယ်ရပ်ခြား ရပ်ဝေးဒေသသို့ ပထမဆုံးအကြိမ် သာသနာပြု ထွက်သည့် သာသနာပြုခရီးရှည်ကြီးဖြစ်ခြင်းကြောင့် ဖြစ်သည်။

တဖက်မှ သုံးသပ်ပြန်ကလည်း ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် အစိုးရအနေဖြင့် လွန်ခဲ့သည့် ၁၉၆၂-ခုနှစ်၊ မတ်လ ၂-ရက် ဆိုရှယ်လစ်ဒီမိုကရေစီကို ပြန်လည်ထုတ်ဖော်သည့် နေ့မှစ၍ ယခုအချိန်ထိ ပင်လယ်ရပ်ခြား ရပ်ဝေးဒေသသို့ သာသနာပြုအဖွဲ့ စေလွှတ်ခဲ့ခြင်း မရှိသေးချေ။

ဆိုရှယ်လစ် အမြုတေများ ယခုလို အသားကျလာသောအချိန်တွင် ဗုဒ္ဓဘာသာ သာသနာတော်ကြီး ရှင်သန်ကြီးပွားရေးအတွက် ပြည်တွင်း၌သာ မက ပြည်ပ၌ပါ လိုအပ်လာပြီဟူသောအချက်ကို နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းစွာရှုမြင် နှလုံးသွင်းမိလာသည်။

အခြားတဖက်တွင်မူ ပြည်ပဗုဒ္ဓဘာသာသုတေသီတို့သည် အနိုင်နိုင်ငံတွင် ရှိကြသည့် ဗုဒ္ဓဘာသာများအနက် မြန်မာနိုင်ငံရှိ ထေရဝါဒ ဗုဒ္ဓဘာသာကသာ ဂေါတမဗုဒ္ဓအလိုတော်နှင့် ကိုက်ညီသည်အားလျော်စွာ ဂေါတမဗုဒ္ဓအလိုတော် ကျ ကျင့်သုံးလိုက်နာကြသည်ဟူသော အချက်များကို ကောင်းစွာ သုံးသပ်မိ လာကြသည်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အင်ဒိုချိုင်းနား နိုင်ငံ များရှိ ဗုဒ္ဓဘာသာဝင်များသည် ယင်းသို့ ရှုမြင် သုံးသပ်လာမိကြ၍ မြန်မာဗုဒ္ဓ

ဘာသာဝင်များအပေါ် မေတ္တာထားကာ စိတ်ဝင်စားလာကြသည်။ ဂေါတမ ဗုဒ္ဓသာသနာ၏ သံဃာ့ယနာသမိုင်းတလျှောက်တွင် သံဃာ့ယနာ ခြောက်တန်ရှိခဲ့သည့်အနက် သံဃာ့ယနာနှစ်တန်သည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်သည်ဟူသော အချက်ကြောင့်လည်း မြန်မာဗုဒ္ဓဘာသာဝင်များအပေါ် အာရုံစိုက်လာကြရသည်။

မျက်မြင်အခြေအနေတွင် ဗုဒ္ဓဘာသာသည် အရှေ့တောင်အာရှကိုသာမက တကမ္ဘာလုံးသို့ပါ ပျံ့နှံ့တည်ရှိလျက် ရှိပေသည်။ ဘာသာတကာတို့တွင် စိတ်ကိုဆုံးမကွပ်ညှပ်နိုင်သော ဘာသာမှာ ဂေါတမဗုဒ္ဓဘာသာသာ ဖြစ်ကြောင်းကိုလည်း တကမ္ဘာ့လုံးရှိကမ္ဘာသိပ္ပံပညာရှင် ပရော်ဖက်ဆာများက အသိအမှတ်ပြုလာကြရသည်။

ယင်းကမ္ဘာ့သိပ္ပံပညာ ပရော်ဖက်ဆာများသည် ဂေါတမဗုဒ္ဓဘာသာကို အခွင့်သင့်တိုင်း သွေးထိုးစမ်းသပ်ကြည့်သည်။ ယင်းသို့ သွေးထိုး စမ်းသပ်ကြည့်ရာတွင် ဂေါတမဗုဒ္ဓဘာသာ၌ စိတ်လုပ်ငန်းဖြစ်သည့် သမထဝိပဿနာလုပ်ငန်း ကျင့်စဉ်ကသာ နာမ်ခေါ်စိတ်ကို ထိန်းချုပ်ပေးနိုင်ကြောင်း တွေ့လာရသည်။

ယင်းစိတ်လုပ်ငန်းဖြစ်သည့် သမထ ဝိပဿနာ ကျင့်စဉ်လုပ်ငန်းများကလည်း မြန်မာနိုင်ငံ၌သာ ထွန်းကားလျက်ရှိရာ မြန်မာဗုဒ္ဓဘာသာကိုပင် အားကိုးကြရပြန်သည်။ နိုင်ငံတော်အစိုးရသည် ပြည်ပဗုဒ္ဓဘာသာတို့၏ ယင်းသို့သော အားနည်းချက်များကိုလည်း ဘက်ပေါင်းစုံမှ ရှုမြင် သုံးသပ်ထားပြီး ဖြစ်ပေ၏။

ထို့ကြောင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် ဆိုရှယ်လစ် ဒီမိုကရေစီခေတ်တွင် တည်ကြည်သန့်ရှင်း၍ ရိုးသားဖြောင့်မတ်သော ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး ဦးဆောင်သည့် တောင်ပုလု သာသနာပြု အဖွဲ့ကို ပြည်ပသို့ ပထမဆုံး သာသနာပြုရန် ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ဤခရီးရှည်ကြီးကား ထူးခြားလှပေ၏။

ဤမျှ ထူးခြားအရေးပါလှသည့် သာသနာ့ပြု ခရီးရှည်ကြီးတွင် ဗုဒ္ဓ ဖော်ညွှန်းချက်အတိုင်း မကြားဘူးသည်များကို ကြားလာရ၏။ မမြင်ဘူး သည်များကို မြင်လာရသည်။

ခေါင်းတွင် ဆံပင်ရိတ်ထားကာ အဝတ်နီညိုရောင် ဝတ်ရုံပြီး မည် သည့် ပစ္စည်းဟု မှန်းဆမရသော ခွက်နက်လုံးကြီးကို မလုံခြုံသည့် အိတ်တွင် ထည့်၍ လွယ်ထားကြသော မြန်မာရဟန်းတော်တို့၏ ရုပ်ပုံလွှာသည် နိုင်ငံ ခြားသူ နိုင်ငံခြားသားတို့၏ စက္ကူနှစ်ကွင်းတွင် ဆန်းသစ်နေကြ၍လားမသိ၊ ဓာတ်ပုံများ ရိုက်လို့မဆုံး ရှိချေတော့၏။

အစကတော့ မြန်မာဗုဒ္ဓဘာသာ ရဟန်းတော်များဟူသည် ဤသို့ဟု တကမ္ဘာလုံးက သိစေချင်သော ဆန္ဒကြောင့် ဓာတ်ပုံများရိုက်ကြပါစေဟု ဆန္ဒစောမိကြောင်း ရိုးသားစွာ ဝန်ခံလိုပါသည်။ ဗီဇာသက်တမ်းရှည်သော ယိုးဒယားလိုနိုင်ငံများတွင် နိုင်ငံခြားသားများကား အမြဲ့ရှာသဖွယ် ပေါ လှ၏။ ကင်မရာများရှိ ဖလက်စဂမ်းများမှ လျှပ်စီးများကြောင့် မျက်စိများ ကျိန်းစပ်စပ် ဖြစ်လာသည်။ ဝမ်းနည်းရမှာလား။ ဝမ်းသာရမှာလားပင် မသိ နိုင်တော့ချေ။

ဘန်ကောက်မြို့ ဒုန်မောင်း လေဆိပ်သို့ တကြော့ပြန်ရောက်ခဲ့သည် မှာ ၂-နာရီ ကြာမျှ ရှိနေပြီဖြစ်၏။ အာရှဟော်တယ်မှ ဒုန်မောင်းလေဆိပ် သို့ ၅-နာရီ မိနစ် ၄၀-တွင် ရောက်ရှိခဲ့ခြင်းဖြစ်၍ ယခု ၇-နာရီ မိနစ် ၄၀-ရှိနေပေပြီ။ ဟောင်ကောင်သို့ ထွက်ခွာမည့် လေယာဉ်ကား ယခုထိ မပေါ်လာသေးချေ။ ခရီးသည်အားလုံး လေဆိပ်အဆောက်အအုံတွင် စုပြုံ စောင့်နေကြသည်။

## ခရီးကြုံ တွေ့ဆုံပေါ် အသုဘကြီး

လေယာဉ်ထွက်ချိန် စောလွန်းနေသေး၍ ဦးခင်မောင်လွင်တို့ ဦး ဆောင်ကာ အနီးရှိ ဘုန်းတော်ကြီးကျောင်း တကျောင်းသို့ လေ့လာရေး ခရီး ထွက်ခွာခဲ့ကြ၏။ ကျောင်းသို့ ရောက်သောအခါ သိမ်ထဲတွင် ဘုန်း တော်ကြီးများစုဝေး၍ စာဖတ်နေကြသည်ကို တွေ့ရှိရ၏။

ယိုးဒယားဘုန်းတော်ကြီးတပါးနှင့် ဦးခင်မောင်လွင်တို့ စကားစမြည် ပြောကာ "ကြွတော်မူကြပါဘုရား"ဟု ဦးခင်မောင်လွင်ကပင် ဖိတ်မန္တကပြု၍ မိမိတို့အတွက် သီးသန့်ခင်းပေးသော နေရာတွင် သီတင်းသုံး ထိုင်နေကြရ၏။

ဦးခင်မောင်လွင်က ယခုကြွရောက်တော်မူလာသော ဆရာတော်ဘုရား ကြီးသည် မြန်မာနှင့် ကမ္ဘာတွင် ထင်ရှားလျက်ရှိသည့် ကျေးဇူးရှင် တောင်ပုလု တောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး ဖြစ်ပါကြောင်းနှင့် အမေရိကန်သို့ သာသနာပြုအသွား လေယာဉ်စောသေး၍ ဘုန်းတော်ကြီးများကျောင်းသို့ ခေတ္တမျှ ကြွရောက်လာခြင်း ဖြစ်ပါကြောင်းများကို ယိုးဒယားဘုန်းတော်ကြီး များအား မိတ်ဆက်စကား လျှောက်ထားလေသည်။

ယိုးဒယားဘုန်းတော်ကြီးများကလည်း ယခုကဲ့သို့ ကမ္ဘာကျော် မြန်မာ ဆရာတော်ဘုရားကြီးနှင့် ကြုံတောင့်ကြုံခဲ ဆုံတောင့်ဆုံခဲ ကြုံခွင့်ဆုံခွင့်ရ၍ အလွန်ပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ယိုးဒယား အသုဘနှင့်လည်း မကြုံစတောင်း မဆုံစတောင်း ကြုံရဆုံရသည့် ဤတိုတောင်းလှသော အခိုက် အတန့်ကလေးတွင် ကာယကံရှင်များကို သနားချီးမြှောက်တော်မူသောအား ဖြင့် မိမိတို့နှင့်အတူ အသုဘရှုတော်မူကြစေလိုကြောင်းများကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား လျှောက်ထားလေသည်။

ယိုးဒယားဘုန်းတော်ကြီးများ သိမ်ထဲတွင် ဘာလုပ်နေကြသည်ဆိုခြင်း ကို စောစောက မသိနိုင်သော်လည်း သိမ်အတွင်းရှိ ရုပ်ဝတ္ထု မြင်ကွင်းများက ဖော်ညွှန်းပြဆိုနေသဖြင့် သာသနာပြုအဖွဲ့ ကောင်းစွာသိရှိကြပြီ ဖြစ်ပါ၏။ ယိုးဒယားဘုန်းတော်ကြီးများကား—

"ဤရုပ်ဆွေးမို၊ ခန္ဓာကိုယ်ကား၊ အိုတရွေရွေ၊ မီးနှယ်မွေ၏၊ အငွေ့မထင်၊ ခိုးမမြင်လည်း၊ ရုပ်သွင်ဖောက်ပြား၊ ရေသားကြုံလှီ၊ သွေးဆီမတိုး၊ ဆံဖြူညိုး၍၊ ဆိုးခဲ့အရွယ်၊ မတင့်တယ်ပြီ၊ အမယ်တို့ကို၊ ငါ၏ကိုယ်ပင်၊ ပျို အိုနံ့ ရင့်၊ မဟုသင့်ဘူး၊ သေမင့်အစာ၊ မှန်ကြ စွာ၏"—

---

၁။ မဃဒေဝလင်္ကာ ပိုဒ်-၄၀၀။

ဟု မရဏာသတိ ကမ္မဋ္ဌာန်းစီးဖြန်းပွားနေကြခြင်း ဖြစ်၏။ ယိုးဒယားဘုန်းတော်ကြီးတို့၏ ဖိတ်မန္တကပြုမှုကို သာသနာပြုအဖွဲ့က သည်းခံသာယာတော်မူသောအားဖြင့် ကွယ်လွန်သူနှင့် ကျန်ရစ်သူတို့အပေါ် ယိုးဒယားဘုန်းတော်ကြီးများနှင့်အတူ မေတ္တာဘာဝနာများ ပွားများကာ အသုဘကမ္မဋ္ဌာန်း စီးဖြန်းလိုက်ကြသည်။

"ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် စင်စစ် အမြဲမရှိကြကုန်။ ဖြစ်ပျက်ခြင်းသဘောရှိကြကုန်၏။ ဖြစ်ပြီး၍ ချုပ်ပျောက်ကြကုန်၏။ ယင်း ရုပ်နာမ် ဓမ္မသင်္ခါရတရားအားလုံးတို့၏ ငြိမ်းအေးရာသည် ချမ်းသာလှ၏"[၁]

မြန်မာဘုန်းတော်ကြီး၊ ယိုးဒယားဘုန်းတော်ကြီးများ အသုဘကမ္မဋ္ဌာန်းစီးဖြန်းပြီးကြသောအခါ အာလာပ သလ္လာပ စကားများ ဆက်လက်ပြောဆိုကြရ၏။ အထူးအားဖြင့် ယိုးဒယားလူမျိုးတို့၏ နာရေး ထုံးတမ်းဓလေ့ကို လျှောက်ထားကြသည်။

လူသေလျှင် လူသေအလောင်းကို ဘုန်းတော်ကြီးကျောင်းသို့ ပို့ကြရသည်။သုံးရက်မှ ရက်ပေါင်းတရာအထိ တတ်နိုင်လျှင် တတ်နိုင်သလို ထားကြခြင်းသည် ယိုးဒယားတို့ ဓလေ့ထုံးတမ်းကို ဖော်ဆောင်ပြသနေခြင်းပင် ဖြစ်သည်။ ယိုးဒယားတို့သည် လူသေလျှင် ကျောင်းထဲမှာပင် ညှော်ခံကျွေးမွေးကြသည်။ ကျောင်းထဲမှာပင် မီးသင်္ဂြိုဟ်ကြသည်။ ပြာနှင့်အရိုးကိုယူကာ ရေထဲသို့ မျှောပစ်လေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် ရက်ရှည်ထားသော အသုဘများမှာ ဘုန်းကြီးပျံ ဘိုးတော်ပျံနှင့် မယ်တော်ပျံများ ဖြစ်ကြ၏။ ယင်းသို့ ရက်ရှည်ထားခြင်းသည် ဓလေ့ထုံးတမ်းအရ သေသူ၏ဂုဏ်ကို အလေးအမြတ်ပြုကာ ရက်ရှည်ထားခြင်းက များသည်။

---

၁။ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ၁၆၀။

မြန်မာနိုင်ငံ တိုင်းရင်းသားကရင်အမျိုးသားတို့ သေဆုံးရာ၌ ပွဲလမ်းသဘင်တခုရှိသည်။ ယင်းကား "အော်ပွဲ"ဖြစ်၏။ အော်ပွဲဟူသည် အပျိုလူပျိုပွဲကို ဆိုလိုသည်။ တိုင်းရင်းသား ကရင်အမျိုးသားတို့သည် လူတယောက်သေ၍ နောက်ထပ် လူများများ ပွားတိုးလာအောင် အပျို လူပျိုပွဲများ ထည့်ပေးရသည်ဟု အယူရှိကြသည်။ ယင်းပွဲ၌ အပျို လူပျိုတို့ကား တယောက်နှင့်တယောက် ကဗျာ လင်္ကာများဖြင့် စကားဆိုကြရ၏[၁]။ ၈-နာရီ ထိုးနေပြီဖြစ်၍ သာသနာပြုအဖွဲ့များ ယိုးဒယား ဘုန်းတော်ကြီးကျောင်းမှ လေဆိပ်သို့ပြန်လည်ထွက်ခွါလာခဲ့သည်။

## သဘာဝဇာတ် ကာမဇာတ်တွင်

သဘာဝဇာတ် ကာမဇာတ်ဖြင့် ပေါက်ဖွားလာကြသည့် သတ္တလောကရှိ သတ္တဝါတို့ကား ထိုပုံညှိပုံ ထိုဘဝ ဤဘဝ စသည်အားဖြင့်သာ ကွဲပြားခြားနားကြ၏။ ပညတ်အားဖြင့် "သတ္တဝါ"ဟူသော အချက်၌လည်း တူကြ၏။ ပရမတ္ထအားဖြင့် "သတ္တဝါမရှိ"ဟူသော အချက်၌လည်း တူညီကြသည်။

သဘာဝဇာတ် ကာမဇာတ် အရာတွင် စွဲမက်ဖွယ်အာရုံ၌ စွဲမက်ကြချင်းလည်း တူညီကြသည်။ ပြစ်မှားဖွယ် အာရုံ၌ ပြစ်မှားမိချင်းလည်း တူညီကြသည်။ တွေဝေဖွယ်အာရုံ၌ တွေဝေကြချင်းလည်း တူညီကြသည်။ အမျက်ထွက်ဖွယ်အာရုံ၌ အမျက်ထွက်ကြချင်းလည်း တူညီကြသည်။ ယစ်မူးဖွယ်အာရုံ၌ ယစ်မူးကြချင်းလည်း တူညီကြသည်။

တရုတ် ကုလား ဗမာစသည်ဖြင့် လူမျိုးနှင့် အသားအရောင် ဆံကြိုးနိမ့်မြင့်သာ ကွဲပြား ခြားနားကြသည်။ အထက်ပါ အရာအားလုံး တူညီကြ၏။

အိမ်ထောင်မှု ဇာတိချင်းလည်း တူညီကြ၏။ သားမွေးမှု ဇရာချင်းလည်း တူညီကြ၏။ နာကျင်ကိုက်ခဲ ညောင်းညာမှု ဗျာဓိချင်းလည်း တူညီကြ

---

၁။ ဟင်္သာချင်ရိုးရာဓလေ့၊ ၁၀၃။

၏။ မမြဲမှု မရဏချင်းလည်း တူညီကြ၏။ တရုတ် ကုလား ဗမာစသည်ဖြင့် လူမျိုးနှင့် အသားရောင် ဆံပင်ကိုနိမ့်မြင့်သာ ကွဲပြား ခြားနားကြသည်။ အထက်ပါအရာအားလုံး တူညီကြ၏။

သာသနာပြုအဖွဲ့ဝင်အကျွန်ုပ် (ပညာဒီပ)၏ မြင်ကွင်းတွင် အနီးဆုံး ကာမဇာတ်တို့ကား ထမင်းငတ်ခြင်း၊ ရေငတ်ခြင်း၊ အိပ်ရေးငတ်ခြင်း များနှင့် လေယာဉ်မလာနိုင်၍ ငြီးငွေ့ခြင်း၊ ပျင်းရိခြင်း၊ စိတ်ပျက်ခြင်းများပင် ဖြစ်၏။ ထို၏အကျိုးဆက်များအဖြစ် ရယ်မောခြင်း၊ ပြုံးရွှင်ခြင်းများကလည်း တူနေကြပြန်ချေသည်။

ထမင်းဆာခြင်းဒဏ်ကို သည်းမခံနိုင်သူများက ပေါင်မုန့်ကြီးများကို စားလျက်၊ ရေဆာသူများက ရေနှင့် အဖျော်ယမကာကို သောက်သုံးလျက် နေကြသည်။ အိပ်ငိုက်ခြင်းကို သည်းမခံနိုင်သဖြင့် ချိုးလို ကူ၍ ပုတ်သင်လို ခေါင်းတညိတ်ညိတ်ဖြစ်နေကြသည့် လူများကလည်း မရှားလှ၊ အင်္ဂလိပ် အဖွား ကြီး တယောက်မူကား အိပ်ပျော်၍ပင် နေချေပြီ။

ယင်းမြင်ကွင်းကိုမြင်ရသူအားလုံးက အချင်းချင်းလက်တို့ကြ၏။ပြုံးကြ၏။ ထိုအထဲတွင် ထမင်းမဆာ၊ အိပ်မငိုက်သော်လည်း ရေငတ်သော သာသနာပြု အဖွဲ့ဝင်များလည်း ပါဝင်နေ၏။ သတ္တလောကရှိ သဘာဝဇာတ် ကာမဇာတ် တွင် အသားအရောင်ကွဲ၍ လူမျိုးခြားသော်လည်း "ဆာလောင် မွတ်သိပ် ခြင်းစသော တရားတို့ကိုကား အတူတူသာ ခံစားကြပါတကား"ဟု အမှန် အတိုင်း နှလုံးသွင်းကာ မန်လည်ဆရာတော် ဘုရားကြီး၏ လင်္ကာစာပိုဒ်ကို ဖတ်ရွတ်လိုက်မိပေသည်။

> "ဤလောက၌၊ သဘာဝဇာတ်၊ ကာမဇာတ်ဖြင့်၊ သတ္တဝါခပင်း၊
> ကိုယ်အတွင်းဝယ်၊ ထမင်းမွတ်ဆာ၊ ရေဆာသိပ်ခြင်း၊ အိပ်ငိုက်ခြင်းနှင့်၊
> တပ်ခြင်းရာဂ၊ ဤလေးဝကား၊ တူကြသတတ်၊ မှန်မချွတ်တည့်"[၁]—

ဟူ၍တည်း။

---

၁။ မင်္ဂလဒီပနီလင်္ကာ၊ ပိုဒ်ရေ ၃၂၅။

**ဟောင်ကောင်တွင် ခဏတာ**

ဟောင်ကောင်သို့ လေယာဉ်ထွက်ခဲ့ပါလေပြီ။ ဘန်ကောက်တွင် ၅-နာရီမျှ အချိန်ဖြုန်းနေခဲ့ရခြင်းကို တစိမ့်စိမ့်ပြန်၍ စိတ်ပျက်နေမိ၏။ ဘန်ကောက် လေဆိပ် ခန်းမဆောင်ကြီးအတွင်း တည်းခိုခကလည်း လူတကိုယ် နှစ်ဒေါ်လာကျသည်။ မြန်မာငွေ ၁၄-ကျပ်နှင့် ညီမျှ၏။ ၁၄-ကျပ်ဖိုး ပျင်းရိအောင် နေခဲ့ရသည်။ ဟောင်ကောင်သို့ လေယာဉ်ထွက်ခဲ့သည်ကား နံနက် ၁၀-နာရီ ၂၅-မိနစ်တွင် ဖြစ်၏။

လေယာဉ်ကား ထိုင်းမြန်မာလေကြောင်းနှင့်မတူ အလွန်ကြီးမား ခန့်ထယ်သော လေယာဉ်ကြီးဖြစ်၏။ တနာရီလျှင်မိုင် ၆၀၀-ကျော်၊ ၇၀၀-ပျံသန်းနိုင်သည်။ ခရီးသည်ပေါင်းလည်း ငါးရာကျော် တင်ဆောင် ပျံသန်းနိုင်သည်။ ယခုခရီးစဉ်တွင် ခရီးသည်ပေါင်း လေးရာကျော်မျှပါမည်ဟု ခန့်မှန်းရလေသည်။

တောင်ပုလု သာသနာပြုအဖွဲ့ကား လေယာဉ် တောင်ပံ တည့်တည့် ကိုယ်လုံးခန်းမကြီးထဲတွင် နေရာရကြလေသည်။ လေယာဉ်ကြီး၏ အစီအမံများကား အစစအရာရာ အားလုံးအဆင်ပြေ၊ အားလုံးခန့်ညားလှပသည်ချည်း ဖြစ်ကြပါ၏။ သို့ရာတွင် အချို့သော အစီအမံများမှာ သာသနာပြုအဖွဲ့နှင့် အံမဝင်ခွင်မကျဖြစ်နေ၍ ဘဝင်မကျ ဖြစ်ခဲ့ရ၏။

ထိုင်ခုံများအထက်ရှိ ပစ္စည်းတင်စရာ စင်မြင့်ကလေးကား သေတ္တာလေးလို လှပပါ၏။ သို့ရာတွင် ယင်းသေတ္တာကလေးထဲသို့ မြန်မာရဟန်းတော်များ၏ မပါမဖြစ်သည့် သပိတ်ကား မည်သို့မျှ ထည့်မဖြစ်၍ လမ်းတလျှောက်လုံး အောက်ချထားကာ လိုက်ပါခဲ့ရသည်။

တောင်ပုလု သာသနာပြုအဖွဲ့ ဘန်ကောက် ဟောင်ကောင် ခရီးစဉ်ကား အမေရိကန် နိုင်ငံသို့သွားနိုင်ရန် ဟောင်ကောင်တွင် ခေတ္တဆင်း၍ဟောင်ကောင်မှတဆင့် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ တိုက်ရိုက်ပျံသန်းမည့်လေယာဉ်ကြီးကိုစီးရန် ဖြစ်လေသည်။

လေယာဉ်ကြီးကား ကြီးသလောက်မြန်၍ မြန်သလောက်လည်း ငြိမ်ချက်သား ကောင်းလှသည်။ ထို့နှင့် ခါးပတ်ကိုဖြုတ်ကာ အိမ်သာစသည်များကို ကြည့်ရှု လှေ့လာလိုက်သည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး တရားမှတ်လျက်ရှိသည်ကို လှမ်းမျှော်ဖူးမြင်ရ၏။

ဤခရီးစဉ်တွင် အမေရိကန်၊ ဂျပန်၊ အိန္ဒိယ၊ မြန်မာစသည်ဖြင့် လူမျိုးစုံလှသည်။ အချို့သော နိုင်ငံခြားခရီးသည်များက "ဘာလူမျိုးလဲ" ဟု တိုက်ရိုက်မေးမြန်းကြ၏။ အချို့ခရီးသည်များက အနီးအပါးလာရောက်၍ ခါးထောက်ကြည့်ကြသည်။ အထက်ကအစီရင်ခံခဲ့သလို မြန်မာရဟန်းတော်တို့၏ ရုပ်ပုံလွှာသည် နိုင်ငံခြားသူ နိုင်ငံခြားသားတို့၏ စက္ခုနှစ်ကွင်းတွင် ဆန်းသစ် နေပေရသည်။

နံနက် ၁၁-နာရီတွင် လေယာဉ်ကြီးပေါ်မှာပင် နေ့ဆွမ်းကပ်လှူကြ၏။ မြန်မာတို့ ညစာစားပွဲတွင် တွေ့ရလေ့ရှိသော ဆေးလိပ်ယှဉ်းဗျတ်ခွက်လောက်ရှိ ကော်ခွက်ကလေးတွင် ဆွမ်း ကြက်သားဟင်းနှင့် ပေါင်မုန့်အလုံးအပြား အစုံထည့်၍ ထောပတ်ကို သပ်ရပ်လှသောစက္ကူနှင့် ခွက်ကလေးသဖွယ် ထုပ်ကာ ဆက်ကပ်ကြလေသည်။ ရေခဲမုန့်ကလည်း ကော်ခွက်တခွက်နှင့် ဖုံးလျက် ပါရှိသေးသည်။

ထို့ပြင် ရေတ်ကောင်းမှုန့်ထုပ်၊ သကြားထုပ်၊ နို့မှုန့်ထုပ်၊ ရေနွေးကြမ်းတခွက်၊ သီးစုံအချိုပွဲတခွက်၊ ဆားထုပ်၊ လက်သုတ်စက္ကူ၊ ဇွန်းခက်ရင်းစသည်ကိုလည်း လေးထောင့် ဗျတ်ငယ်နှင့်ထည့်၍ ဆက်ကပ်လေသည်။ ယင်းတို့ကို ရှေ့ခုံနောက်ရှိ စားပွဲလေးပေါ်တွင်တင်၍ ဘုဉ်းပေးရသည်။

ရေတ်ကောင်းမှုန့်ထုပ်ကို ဖြေ၍ကြည့်ရာသာ ကြည့်လိုက်မိသည်။ နို့မှုန့်ထုပ်ကိုကား အသင့်ပါလာသော သကြား ရေနွေးကြမ်းများနှင့် လမ်းဆုံးစေလိုက်သည်။ ဆာလို့ထင့် ဘုဉ်းပေး၍ကောင်းလှ၏။ ယခုအချိန်ထိတော့ မြန်မာ့အစားအစာများနှင့် အိုးစားမကွဲရသေးချေ။

အစာဝ၍ ထိုင်းမှိုင်းလေးလံလာသောစိတ်ကို စာကြည့်ရှုခြင်းဖြင့် လွင့်ပျောက်စေလိုသည်။ စာကြည့်၍ မည်မျှအချိန်ကြာသွားသည်မသိ၊ လေယာဉ်

ဆင်းသက်တော့မည်ဖြစ်ကြောင်း လေယာဉ်မယ်၏ အသိပေးသံက မိုက်ကရိုဖုန်းမှပေါ်ထွက်လာသည်။ အောက်သို့ ကြည့်လိုက်ရာ ပင်လယ်ထဲရှိ ပင်လယ်ကူးသင်္ဘောကြီးများနှင့် ဆိပ်ကမ်းရှိ ပင်လယ်ကူးသင်္ဘောကြီးများကို အနီးကပ်တွေ့မြင်လိုက်ရ၍ လေယာဉ်ကြီးဆင်းသက်ရန် အလွန်နီးကပ်နေပြီ ဖြစ်ကြောင်း သိရသည်။

ကြည့်လက်စ စာအုပ်ကို သိမ်းဆည်းကာ ဟောင်ကောင်မြို့၏ ရှုပ်ထွေးပွေလီလှသော ရှုခင်းများကို အထက်စီးမှ ရှုမြင်သုံးသပ်မိပါသည်။ မြို့ပေါ်ရှိ မိုးမျှော်တိုက်ကြီးများ၊ လမ်းကြီးများ တလျှောက် ပြေးသွားနေကြသော ကားကြီး ကားငယ်များနှင့် လေယာဉ်ကွင်းတွင် ဆင်းသက် ပျံသန်းနေကြသည့် လေယာဉ်များကိုပါ တွေ့မြင်ရလေသည်။ ဟောင်ကောင်၏ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကား သင်္ဘောဆိပ်ကမ်းနှင့် ကပ်လျက်ဖြစ်၍ ရှုပ်ထွေးပွေလီလှ၏။

ဟောင်ကောင်သို့ မြန်မာစံတော်ချိန် နေ့ ၂-နာရီ ၅ - မိနစ်နှင့် ဟောင်ကောင် စံတော်ချိန် နေ့ ၃-နာရီ၊ ၁၀-မိနစ်တွင် လေယာဉ်ဆင်းသက်ခဲ့သည်။

ဟောင်ကောင်ရှိ မြန်မာသံရုံးမှ ဒကာတဦးနှင့် သင်းသင်းတို့ လာရောက်ကြိုဆိုကြသည်။ ဒကာနှင့်သင်းသင်းတို့က တောင်ပုလု သာသနာပြုအဖွဲ့ကို မိမိတို့နေအိမ်သို့ ပင့်ဖိတ်ကြသော်လည်း ဟောင်ကောင်လေဆိပ်တွင် ခေတ္တခဏမျှသာ နေရမည်ဖြစ်၍ မလိုက်နိုင်ခဲ့ပါ။သို့နှင့် မိနစ် ၂၀-မျှအကြာတွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ တိုက်ရိုက်ပျံသန်းသည့် လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြသည်။

### ဟောင်ကောင် မှ ဆန်ဖရန်စစ္စကိုသို့
### အရှေ့ဖျား မှ အနောက်ဖျားသို့

ဟောင်ကောင် လေဆိပ်မှ ဟောင်ကောင် စံတော်ချိန် နေ့ ၃-နာရီ မိနစ် ၃၀-တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့သို့ဆက်လက်ထွက်ခွာခဲ့သည်။ ဤခရီးစဉ်ကား အရှေ့တိုင်းမှ အနောက်တိုင်းသို့ ဆက်လက်ထွက်ခွာရာ ခရီးစဉ်

ဖြစ်ခြင်းကြောင့် "အရှေ့ဖျားမှ အနောက်ဖျားသို့" ဟူ၍လည်း ဆိုနိုင်၏။ တနည်းအားဖြင့် ဟောင်ကောင်မှ ဆန်ဖရန်စစ္စကိုသို့ ဆက်လက် ထွက်ခွာရာ ခရီး ဖြစ်ခြင်းကြောင့် " ဟောင်ကောင်မှ ဆန်ဖရန်စစ္စကိုသို့ " ဟူ၍လည်း ဆိုနိုင်၏။

လေယာဉ်ကြီးကား အရှေ့တောင် ဆီသို့ ဦးတည် ပျံသန်းနေသည်။ အောက်သို့ ကြည့်လိုက်သောအခါ ကမ်းမမြင် လမ်းမမြင်အောင် ကျယ်ပြန့်၍ စကြဝဠာ အနားရစ်နှင့်အမျှ နခမ်းသတ်ထားသော ပစိဖိတ် သမုဒ္ဒရာကြီးကို တွေ့မြင်ရလေရာ ၁၂၆၀ မှ ၁၂၉၄ အေဒီအတွင်း တရုတ်ပြည်၏ ထင်ရှားသော မွန်ဂိုလ်ခေါင်းဆောင် ကူဗလေခန်လက်ထက်တွင် ဤမျှကျယ်ပြန့်လှသော ပင်လယ်သမုဒ္ဒရာကြီးများကို ရွက်သင်္ဘောငယ်ဖြင့် ဖြတ်ကျော်ခဲ့ဘူးသူ အီတလီနိုင်ငံ၊ ဗင်းနစ်မြို့သား မာကိုပိုလိုကို သွားသတိရမိသည်။

အလွန်အပြောကျယ်၍ အလွန်နက်ရှိုင်းလှသော ပင်လယ်သမုဒ္ဒရာကြီးကို မာကိုပိုလိုဖြတ်ကျော်ခဲ့စဉ် မည်သို့ခံစားရမည် မခန့်မှန်း နိုင်သော်လည်း ဝေဟင်မှ လေယာဉ်ဖြင့် ပျံသန်းကျော်ဖြတ်နေရသော မတောင်ပုလုသာသနာပြုအဖွဲ့ဝင် အကျွန်ုပ်အနေဖြင့်မူ ကျောစိမ့်လှ၏။

ဥရောပတိုက်သားတို့သည် ပင်လယ်ရပ်ခြား ရပ်ဝေးဒေသသို့ စွန့်စားသွားလာကြရာ၌ သက်သက်စွန့်စားလိုခြင်း၊ကူးသန်းရောင်းဝယ်လိုခြင်း၊နယ်ချဲ့လိုခြင်း၊ သာသနာပြုလိုခြင်းဟူသော အခြေခံအကြောင်းများကြောင့် စွန့်စားသွားလာတတ်ကြပေရာ မည်သည့် အကြောင်းများကြောင့်ပင်ဖြစ်စေ စက်မှုလက်မှု မထွန်းကားသေးသော သူတို့ခေတ်က သူတို့၏ စွန့်စားမှုများကို မချီးကျူးပဲ မနေနိုင်တော့ချေ။

၁၅-ရာစုခေတ်တွင် အဆိုပါအကြောင်းခံတို့ဖြင့် ပင်လယ်သမုဒ္ဒရာကြီးများကို ကျော်ဖြတ်ခဲ့ကြသော ကိုလံဘတ်နှင့် မက်ဂျလန်တို့၏ ပင်လယ်သမုဒ္ဒရာဖြတ်သန်းရေးခရီးစဉ်ကြီးတွင် မှောင်မိုက်၍ ကြောက်ဖွယ်လိလိဖြစ်သည့် ညခရီးစဉ်ကြီးများ ပါသလို သာသနာပြုအဖွဲ့၏ ပစိဖိတ်သမုဒ္ဒရာ ဖြတ်သန်းရေးခရီးစဉ်သည်လည်း အကာလ ညအခါဆီသို့ ရှေးရှူဦးတည်လျက်ရှိချေပြီ။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ စာပန်းချီအရဆိုလျှင် ဖန်ဝါရောင် နေမင်းကြီးသည် အနောက်ဂေါယာကျွန်းဆီသို့ ယွန်းလုနီး ဖြစ်နေလေပြီ။ ပစိဖိတ်သမုဒ္ဒရာကြီးထဲတွင် နေလုံးတခြမ်းဝင်၍ကျန်နေလုံးတခြမ်းက တနေ့တာ ကုန်းဆုံးသည့် အထိမ်းအမှတ်အဖြစ် လောကသားတို့အား လက်ရမ်း နှုတ်ဆက် နေဘိသို့ ရှိချေပြီ။ ဒေါင်းဖန်ဝါ နေစကြာသည် မကြာမီသော အခိုက်အတန့် ကလေးမှာပင် လောကသားတို့အား ကျောခိုင်းသွားပေတော့သည်။

လေယာဉ်ပေါ်တွင် မီးများထိန်ညီးနေသလောက် အပြင်လောကတွင် အမှောင်ထုကြီးက စိုးမိုးလျက်ရှိချေပြီ။ စိတ္တုတြာသဘယခေါ် စိတ်နှလုံး ထိတ် လန့်ခြင်းကြောင့် ကြောက်ခြင်းမျိုးဟု ဆိုရမည်လား၊ အာရမ္မဏာဘယခေါ် အာရုံ ပျံ့လွင့်မှုကြောင့် ကြောက်ခြင်းမျိုးဟု ဆိုရမည်လား၊ မည်သည့်အကြောင်း ကြောင့် ကြောက်သည်ဟု ဝေခွဲမရ။ မိမိ စိတ်သန္တာန်တွင် ယင်းသို့သော ကြောက်ခြင်းများက လွှမ်းမိုးစ ပြုလာလေတော့သည်။

ဝေဟင်တွင် အလင်းရောင်ဆိတ်သုဉ်း၍ တိမ်ပုပ်တိမ်မည်းတွေကြား လမ်းညွှန်မြေပုံနှင့် အိမ်မြှောင်ကိုသာ အားကိုးပျံသန်းနေရသော ဤလေယာဉ် ကြီးသည် မြင့်မားမတ်စောက်သည့် တောင်ကြီးကိုများ ဝင်တိုးမိလေမည်လား ဟူသော ကြောက်စိတ်များက ဖိစီးလာပြန်သေးသည်။

ဤလေယာဉ်ကြီးသည် အမြင့်ပေ သုံးသောင်းကျော်မှ ပျံသန်းနေခြင်း ဖြစ်၍ ကမ္ဘာပေါ်တွင် ဤမျှမြင့်မားမတ်စောက်သော တောင်တန်း တောင် စွယ်ကြီးများ မရှိသဖြင့် ဤသို့လည်း မဖြစ်နိုင်ဟု အားပေးကာ ကြောက်စိတ်ကို လွှင့်ထုတ်ပစ်လိုက်နိုင်သည်။

သို့ရာတွင် တိုက်စရာ ခိုက်စရာကင်းမဲ့၍ လောကဓာတ်ကြီး၏ အဖြစ် မှန်ကို ဆန်းစစ်ကာကြောက်စိတ်ကို ယင်းသို့နှင်ထုတ်ပစ်နိုင်သော်လည်း မိမိတို့ စီးနင်းလိုက်ပါလျက်ရှိသည့် ဤလေယာဉ်ကြီးကကော မိမိတို့အသက်ရှင်နေနိုင် ရေးအတွက် အာမခံချက်အပြည့်အဝ ပေးနိုင်ပါမည်လောဟု တွေးတောကာ ကြောက်အားပိုမိုလာရပြန်သည်။

မတတ်နိုင်ပြီ။ "ချစ်ခင်မှုမေတ္တာဖြင့်လည်းကောင်း၊ သနား ကြင်နာမှု ကရုဏာဖြင့်လည်းကောင်း ဖြောင့်မှန်စွာ ခရီးသွားသောသူသည် ရွာ၌လည်း ထိတ်လန့်ခြင်းမရှိ။ တော၌လည်း ထိတ်လန့်ခြင်းမရှိ"¹ဟူသော ဗုဒ္ဓ၏အားပေး ညွှန်ကြားချက်အပေါ် အာရုံများ ပြန်လည်သိမ်းသွင်းကာ ဗြဟ္မစိုရ်တရားလက် ကိုင်ထားခြင်းဖြင့် မိမိကြောက်စိတ်ကို အပြီးတိုင် ချေမှုန်းပစ်လိုက်နိုင်သည်။

မိမိ၏စိတ်အာရုံ ကြောက်အားပိုမှုများ ရဲဆေးတင်နေစဉ် ပတ်ဝန်း ကျင်မှအသံဗလံများ ပျံ့လွင့်ထွက်ပေါ်လာချေသည်။ ယင်းအသံများကို သတိ ထားလိုက်မိရာ လေယာဉ်ခရီးသည်အားလုံးအား လေယာဉ်မောင်မယ် များက ညစာတည်ခင်း ဧည့်ခံကျွေးမွေးနေသည်ကို တွေ့ရှိရ၏။ လေယာဉ်ခရီးသည်တွင် ပါဝင်သည့် တောင်ပုလု သာသနာပြုအဖွဲ့ မြန်မာရဟန်းတော်များအတွက် လည်း စားတော်ပွဲကြီးများ ရောက်လာပါချေပြီ။

တောင်ပုလု သာသနာပြုအဖွဲ့၏ စကားပြန်ကပ္ပိယ ဦးမောင်မောင်က မြန်မာ ဗုဒ္ဓဘာသာရဟန်းတော်များဟာ ညစာမစားကြကြောင်း၊ ပေါင်မုန့် စသည်ကိုလည်း မစားကြကြောင်း၊ လဖက်ရည်အချို့မျိုးကိုလည်း ယခုလိုညတွင် မသောက်ကြကြောင်း၊ ထမင်း စသော စားဖွယ်မျိုးများကို နံနက် ၄–နာရီမှ နေ့မွန်းတည့် ၁၂–နာရီ အတွင်းသာ စားသောက်ကြကြောင်းများနှင့် အဖျော် ယမကာများတွင် လိမ္မော်ရည်နှင့် ဘိလပ်ရည်ကိုသာ ညတွင် သောက်သုံးကြ ကြောင်းများကို လေယာဉ် မောင်မယ်များအား ရှင်းလင်းပြောပြရာ လေယာဉ် မောင်မယ် များမှာ အားတုံ့ အားနာဖြစ်နေကြရှာသည်။

## လေယာဉ်ပေါ်မှ ရုပ်မြင်သံကြား

အားလုံးခရီးသည်များ စားသောက်ပြီးနေကြပြီ။ အချို့က သွားကြား ထိုးတံဖြင့် သွားကြားထိုးနေကြ၍ အချို့က အိမ်သာပြေးနေကြ၏။ အိမ်သာ လည်း တဦးချင်းလက်ခံကာ လာသမျှရှင်းလင်းပစ်နေရ၍ လက်မလည်နိုင်အောင်

---

၁။ ဇာတက ပါဠိ။ ၁၀။

ရှိတော့သည်။ အိမ်သာတွင်လည်း လက်ဆေးကန်၊ ရေချိုး၊ ရေအေး၊ လက်သုတ် စက္ကူများမှအစ ဆပ်ပြာခဲများပါ ထားရှိသည်။

သာသနာပြုအဖွဲ့ဖြစ်သည့် မြန်မာရဟန်းတော်များ ကံဆိုးပါလေပြီ။ သို့ရာတွင် အခြားခရီးသည်များအတွက်မူကား ကံကောင်းခြင်း ဖြစ်နေတော့၏။ အခြားခရီးသည်များ ကံကောင်းသည်နှင့်အမျှ မြန်မာရဟန်းတော်များအတွက်မူကား သွားယင်းလာယင်း ငှက်သင့်သလို ဖြစ်နေတော့သည်။ အကြောင်းသော်ကား လေယာဉ်ခရီးသည်များအား ၇–နာရီတွင် ညပွဲအဖြစ် တယ်လီဗီးရှင်းခေါ် ရုပ်မြင်သံကြားဖြင့် ညှော်ခံဖြေဖျော် လိုက်ခြင်းကြောင့် ဖြစ်သည်။

အကုသိုလ်ဟူသည် ရှာ၍လည်းတွေ့တတ်၏။ မရှာပဲနှင့်လည်းတွေ့တတ်၏။ပွဲကိုတမင်ရှာ၍ကြည့်ခြင်းသည် အကုသိုလ်ကိုရှာ၍တွေ့ခြင်းမျိုးဖြစ်၍ မမျှော်လင့်ပဲ ပွဲကြည့်ရတာမျိုးသည် မရှာပဲနှင့် တွေ့ခြင်းပင် ဖြစ်သည်။ ယခုလည်း မရှာပဲနှင့် ပွဲတွေ့နေချေပြီ။ မကြည့်ချင်၍ ဘယ်လိုမှမဖြစ်တော့။ မတတ်နိုင်ပြီ။ "မကြည့်တတ်တော့တဏှာ၊ကြည့်တတ်တော့ ဘာဝနာ[၁]"ဟူသော ထေရဂါထာလာ စကားပုံအတိုင်း ဘာဝနာဖြစ်အောင်တော့ ကြည့်ရပေဦးတော့မည်။

လိမ္မာလှသော ကပ္ပိယက တောင်ပုလုသာသနာပြုအဖွဲ့အတွက် နားကြပ်ကလေး ငါးခုဝယ်လာသည်။ တခုလျှင် ၂–ဒေါ်လာကျ၏။ မြန်မာငွေ ၁၄–ကျပ်နှင့် ညီမျှသည်။ နားမဆင်လိုသူခရီးသည်များ အနှောင့်အယှက် ဖြစ်မည်စိုး၍ အသံကို နားကြပ်မှလွှတ်ပေးခြင်းဖြစ်၏။ သာသနာပြုအဖွဲ့လည်း နားကြပ်ကလေးကိုယ်စီနှင့် အသံသဒ္ဒါရုံကို နားကြပ်ဖြင့်ရှုမှတ်၍ အဆင်းရူပါရုံကို မျက်စိဖြင့် ရှုမှတ်ကြသည်။ နားထဲတွင် ယားကျိကျိနိုင်လှ၏။

သွားယင်းလာယင်း ငှက်သင့်ခြင်းဟု ဆိုနိုင်သော်လည်း စင်စစ်မူ ငှက်သင့်ခြင်းမဟုတ်။ တဏှာဖြစ်ခြင်းမဟုတ်။ တဏှာဖြစ်ဖို့ နေနေသာသာ ဘာကိုခံစားရမှန်းပင် မသိနိုင်တော့။ ကြားရသည့် သဒ္ဒါရုံက အင်္ဂလိပ်စကားချည်း

---

၁။ ဋ္ဌထေရဂါထာ ပါဠိ၊ ၂၆၉။

ဖြစ်နေ၍ အင်္ဂလိပ်စကားကို မရေလည်သော မိမိအနေဖြင့် ဘာကို သာယာရမည်ပင် မသိနိုင်။

သို့ရာတွင် ပြိုင်ပွဲခြင်းကစ၍ ငိုခြင်းလျှင် အဆုံးသတ်ကြရစမြဲဖြစ်သော လောကဇာတ်ခုံ၏ သဘောဓမ္မတာများကို ဖော်ကျူးထားခြင်းဟူ၍ကား ပုထုဇဉ်၏ လောကအမြင်ဖြင့် ရှုမြင်သုံးသပ်မိသည်။ လောကတွင် ရချင်တာရအောင် နည်းမျိုးစုံဖြင့် ရှာသည်။ ရလာသောအခါ ပြုံးကြသည်။ မရသောအခါ မဲ့ကြသည်။ ဝိသမလောဘ အဓမ္မရာဂ ဖက်၍ မရ ရအောင် သေကွင်းကို ဇွတ်တိုး၍ ရှာဖွေသောအခါ သေကွင်းကို တိုးမိ၍ သေပြကြသည်။ ပစ်ခတ်ကြသည်။ နောက် သေပြကြသည်။

ဤကား လောကဇာတ်ခုံ၏ သဘောဓမ္မတာများကို ပြဇာတ်ဖြင့် ဖော်ကျူးထားခြင်းဖြစ်၏။ လောကကြီး၏ သဘာဝဇာတ်လိုင်းသည် ဤအတိုင်းပင်တည်း။

ယင်းသို့သော လောကဓမ္မတာပြဇာတ်၏ အခြင်းအရာကို ရှုမြင်မိရသော မိမိအနေဖြင့် ယနေ့လောကသားတို့အား သေတွင်းနစ်စေသော ဝိသမလောဘ အဓမ္မရာဂတို့ကို စက်ဆုပ်လာသည်။ မုန်းတီးလာသည်။ ယင်းတရားတို့ကြောင့် ရုန်းယင်းကန်ယင်း လူပ်ရှားယင်းဖြင့် လောကစည်းစိမ် မခံစံရမီ ငယ်ငယ်ရွယ်ရွယ်နှင့် သေကြကျေကြရသော သတ္တဝါများအပေါ်တွင် သံဝေဂတရားများ ပွားများမိလာသည်။

> "လူ့အဖြစ်၌၊ နှမျစ်ငယ်သွေး၊ ရုပ်ကွေးလေးတို့၊ လူရေးလူရာ၊ ဝင်သေးစွာပဲ၊ လူ့ရွာနှစ်သိမ့်၊ ပျော်စံငြိမ့်သား၊ စည်းစိမ့်သဘင်၊ မရင်လတ်မီ၊ သေမင်းချီ၏"[၁]

ဤသို့ဖြင့် လေယာဉ်မှ ညှော့ခံဖျော်ဖြေသော ရုပ်မြင်သံကြားဇာတ်လမ်းအပေါ် အမြတ်တရား ရှာမိသည်။ ပထမတကား ပြီးဆုံးသွားသောအခါ မရောင်းချင်ပါဘူးဆို ချိန်သာချိန် ဆိုသကဲ့သို့ ဒုတိယတကားဖြင့် ဆက်လက်

---

၁။ မဃဒေဝလင်္ကာ ပိုဒ်ရေ ၄၀၀။ ဓမ္မပဒ အဋ္ဌကထာ၊ ပဉ္စမတွဲ၊ ၂၂၀။

ညှော်ခံပြန်သည်။ ဤ ဒုတိယတကားကိုကား သပိတ်မှောက်ထားလိုက်၏။ ယားကျိကျိနိုင်လှသော နားကြပ်ကလေးကိုလည်း ဖြုတ်ထားလိုက်တော့သည်။

"ကတ္တီပါညိုလွှင် စိန်ပြောက်တွေဆင်သလို ကြည်လင်လတ်ဆတ် ကြယ်ရောင်စုံဟပ်သဖြင့် သပ်ရပ်ဆန်းကြယ်လှသော ဤညဥ့်သည်ကား ကာမဂုဏ် အရိပ်တောစမှာ အပြာပြာအစုံစုံ စိတ်သောကတွေနှင့် အိပ်မောကျနေခြင်းငှာမဟုတ်။ ရောင်းရေးဝယ်တာ လူ့ရွာကိစ္စ အားလပ်ကြ၍ အေးမြသာယာသော ဤညဥ့်အခါသည် ပညာရှိသူတော်ကောင်းတို့ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ရေးအတွက် ကြိုးစားအားထုတ်ဖို့သာ ဖြစ်ပေ၏"[၁]

ထေရဂါထာလာ အဆိုအမိန့်ကို အလေးအနက်ထား၍ ဆိတ်ငြိမ်လှသော အကာလညအခါ၏ အနှစ်သာရကို အသင့်အားဖြင့် နှလုံးသွင်းဆင်ခြင်မိခြင်း ဖြစ်ပေ၏။

## လောကဓာတ်တွင်ဖြင့် ပြောစမှတ်ဆန်းပေပြီ

အကာလညအခါ ပစိဖိတ်သမုဒ္ဒရာကြီးပေါ်တွင် လေယာဉ်ခရီးသည်များ ရုပ်မြင်သံကြား ကြည့်နေခဲ့ကြသည်မှာ နှစ်ကားတိတိ ရှိသွားပြီ။ တကားလျှင် ၁-နာရီခွဲ၊ နှစ်ကားဖြစ်၍ ၃-နာရီတိတိ ကြာခဲ့သည်။ ၃-နာရီဆိုသော ကာလသည် ချိန်တာအားဖြင့် အတော်ကလေး ကြာညောင်းသွားပြီ ဖြစ်ပေ၏။ မျက်စိအာရုံ နားအာရုံ ခံစားနိုင်သူတို့အဖို့ မျက်စိနှင့်နားများ ညောင်းညာလာခဲ့ချေပြီ။

ဝူးဝူးဝါးဝါးနှင့် အညောင်းဆန့်သူက အညောင်းဆန့်၏။ သမ်းဝေသူက သမ်းဝေကြ၏။ အိပ်သူများလည်း အိပ်တုန်းပင် ရှိကြသေးသည်။ သို့ရာတွင် မှောင်စပြိုးချိန် မြန်မာရဟန်းတော်များအား ညစာထမင်းဖြင့် ညှော်ခံမည်ဟု လာကြစဉ်က အဖြစ်မှန်ကိုသိကာ အားတုံ့အားနာအမူအရာဖြင့် ပြန်သွားကြ

---

၁။ ဥထေရဂါထာပါဠိ၊ ၂၅၇။ ထေရဂါထာ အဋ္ဌကထာ၊ ပတွဲ၊ ၄၀၅။

ရှာသော လေယာဉ်မောင်မယ်များသည် စားဖွယ်သောက်ဖွယ်များဖြင့် ယခု တဖန် ထပ်မံ ပေါ်လာခလေပြီ။

ကပ္ပိယ ဦးမောင်မောင်က လင်းပြီဖြစ်၍ အကပ်ခံပါရန် တောင်ပုလု သာသနာပြုအဖွဲ့အား လျှောက်ထား၏။ လောကခေတ်တွင်ဖြင့် ပြောစမှတ် ဆန်းပေပြီ။ အကြောင်းသော်ကား ၃-နာရီအချိန်မျှလောက်ဖြင့် တညတာ ကုန်ဆုံးသွားခြင်းကြောင့် ဖြစ်ပေသည်။

ရုပ်မြင်သံကြားမပြသမီက ခရီးသွားအတွေ့အကြုံရှိသူ ခရီးသည်များ က ပစိဖိတ်သမုဒ္ဒရာကြီးအလယ် ဟိုနိုလူလူကျွန်းငယ်တခုကို ဖြတ်သန်းစဉ် မိမိတို့နာရီများ အချိန်ကိုက်အောင် ရွှေ့ပြောင်းကြရမည် ဖြစ်ကြောင်းနှင့် ထိုကျွန်းငယ်ကိုဖြတ်သန်းလျှင် သက်ဆိုင်ရာလေယာဉ်မှူးများကလည်း သတိပေး မည်ဖြစ်ကြောင်းများကို လျှောက်ထားကြသည်။

အတွေ့အကြုံရှိသူ ယင်းခရီးသည်များ လျှောက်ထားသည့်အတိုင်းပင် ဟိုနိုလူလူကျွန်းပေါ်အရောက် သက်ဆိုင်ရာလေယာဉ်မှူးများက “အပြည်ပြည် ဆိုင်ရာအချိန်ရွှေ့ပြောင်းသည့် မျဉ်းကြောင်းကိုဖြတ်ကျော်မိပါပြီ။ မိမိတို့နာရီ များကို ရွှေ့ပြောင်းထားလိုက်ကြပါ” ဟု သတိပေး ကြေငြာလေတော့သည်။ သို့နှင့် ရန်ကုန်မှ ဟိုနိုလူလူကျွန်းပေါ်အထိ မရွှေ့မပြောင်းပဲ ထားခဲ့ကြသော မိမိတို့နာရီများကိုကြည့်လိုက်သောအခါ မြန်မာနိုင်ငံ စံတော်ချိန်ကား ညဉ့်၁၀- နာရီသာရှိသေးသည်ကို တွေ့ရှိရသည်။ သူတို့၏စံတော်ချိန်ကား နံနက် ၄-နာရီ ပင် ရှိနေချေပြီ။

တောင်ပုလု သာသနာပြုအဖွဲ့ ဦးဆောင်ကျေးဇူးရှင် ဆရာတော်ဘုရား ကြီးသည်လည်း စဉ်စားတော်မူ၏။ စဉ်းစားယင်း စဉ်းစားယင်းဖြင့် မြန်မာ စံတော်ချိန် ညဉ့် ၁၁-နာရီထိုးကာ အပြင်လောကတွင် ပစိဖိတ်သမုဒ္ဒရာ ရေပြင်အရှေ့စပ်မှ ဖန်ဝါရောင်နေမင်းကြီးက ဝင်းဝင်းကြီး ပေါ်ထွက်လျက် ရှိချေပြီ။

တညတာ၏ ကာလချိန်တာ "၁၂-နာရီ"ဟူသော အခိုင်အမာစွဲလမ်းမှုကို အရင်းခံထား၍ ယခု ၃-နာရီမျှနှင့် ကုန်ဆုံးခဲ့ရသော ညကလေးကို "ကာလဒေသ စံ" အဖြစ် သတ်မှတ်လိုက်သည်။

ဂေါတမဗုဒ္ဓဘာသာလောကတွင် ဗုဒ္ဓတရားတော်ကို ရှာကြံရာ၌ နေသည်လည်း အဓိကအခန်းမှ ပါဝင်လျက်ရှိရာ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာရဟန်းဇတော်များအဖို့ နေသည်အရေးကြီး၏။ နေဖြင့် စားချိန်သောက်ချိန်ကို ပိုင်းခြားသတ်မှတ်ကြရ၏။ နေတည်းဟူသော အရောင်အလင်းမရှိမှသာ နာရီကို အသုံးပြုလေ့ရှိကြသည်။

ယခုမူ မြန်မာစံတော်ချိန်သည် ည၌ ၁၁- နာရီဖြစ်နေရုံမျှမက တညတာ၏ ကာလချိန်တာသည် ၃-နာရီပင်ဖြစ်နေလင့်ကစား ညသည် "ည" ပင်ဖြစ်သည်။ နေ့သည်"နေ့"ပင်ဖြစ်သည်။ နေတည်းဟူသော အရောင်အလင်းကြီးကို မြင်နေကြပြီဖြစ်၍ တောင်ပုလု သာသနာ့ပြုအဖွဲ့အနေဖြင့် သံသယတစိုးတစိမရှိ။ ထို့ကြောင့် လေယာဉ်မောင်မယ်များ၏ ဆွမ်းကို အကပ်ခံဘုဉ်းပေးလိုက်သည်။ မိမိတို့နာရီများကိုလည်း အချိန်ကိုက် ရွှေ့ပြောင်းထားလိုက်ကြသည်။

## အဟောသိက နေ့နှင့်ည

ဟောင်ကောင် ဆန်ဖရန်စစ္စကို ခရီးစဉ် လေယာဉ်ပေါ် အိပ်စက်ခဲ့ရသော နေ့နှင့်ညကား "အဟောသိက နေ့နှင့်ည" သာဖြစ်သည်။

ရှင်းဦးအံ့။ အဟောသိက နေ့နှင့်ညဟူသော စကားခွန်း၌ "အဟောသိက" ဟူသောစကားခွန်းသည် ပါဠိစကားခွန်းဖြစ်သည်။ အဟောသိက ဟူသော ပါဠိစကားခွန်းကို မြန်မာကလည်း "အဟောသိက" ဟူ၍ပင် မွေးရာပါအတိုင်း မြန်မာမှုပြုထားခြင်းဖြစ်သည်။ အဟောသိက၏ အဓိပ္ပာယ်ကား "အချည်းနှီး" ဟု အဓိပ္ပာယ်ရသည်။

အချည်းနှီး ဟူသော စကားခွန်း၏ဆင့်ပွားအဓိပ္ပာယ်သည်"အရာမထင် မပီပြင်"ဟူသော အနက်အဓိပ္ပာယ်ကို ဖော်ဆောင်ညွှန်ပြသည်။

တောင်ပုလဲ့ သာသနာပြုအဖွဲ့၏ ပြီးခဲ့သည့်ခရီးစဉ်များတွင် ရန်ကုန်မှ ဘန်ကောက်သို့ ဝါဆိုလပြည့်ကျော် ၁၃-ရက်၊ (ဩဂုတ်လ ၁-ရက်) အင်္ဂါနေ့တွင် စတင်ထွက်ခွာခဲ့ကြောင်းကို တင်ပြခဲ့ပြီးဖြစ်သည်။ ဝါဆိုလပြည့်ကျော် ၁၄-ရက်၊ (ဩဂုတ်လ ၂-ရက်) ဗုဒ္ဓဟူးနေ့တွင် ဘန်ကောက်မှ ဟောင်ကောင်၊ ဟောင်ကောင်မှ ဆန်ဖရန်စစ္စကိုသို့ ထွက်ခဲ့ကြောင်းကိုလည်း တင်ပြခဲ့ပြီး ဖြစ်သည်။

တင်ပြခဲ့ပြီးဖြစ်သော ခရီးစဉ်၏ နေ့ရက်များတွင် ဘန်ကောက်မှ ဟောင်ကောင်၊ ဟောင်ကောင်မှဆန်ဖရန်စစ္စကိုသို့ ထွက်ခွာလာခဲ့ရာ လေယာဉ်ပေါ်တွင် အိပ်စက်ခဲ့ရသည့် ဝါဆိုလပြည့်ကျော် ၁၄-ရက် (ဩဂုတ်လ ၂-ရက်၊) ဗုဒ္ဓဟူးနေ့သည် မြန်မာနိုင်ငံမှ လာရောက်သူများအတွက် "အဟောသိက နေ့နှင့်ည" သာ ဖြစ်ပေ၏။

အဘယ့်ကြောင့်ဆိုသော် လေယာဉ်ပေါ်တွင် ဝါဆိုလပြည့်ကျော် ၁၄-ရက်၊(ဩဂုတ်လ ၂-ရက်၊)ဗုဒ္ဓဟူးနေ့ကုန်ခဲ့၍ နောက်တနေ့ နေထွက်လျက်ရှိသော၊ သို့မဟုတ် ဆန်ဖရန်စစ္စကိုသို့ရောက်သော နေ့ရက်သည် ဝါဆိုလပြည့်ကျော် ၁၅-ရက်၊ (ဩဂုတ်လ ၃-ရက်၊) ကြာသပတေးနေ့ ဖြစ်ရမည့်အစား ယင်းနေ့ဖြစ်မလာပဲ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ နေ့စဉ်မှတ်တမ်းအရ ဝါဆိုလပြည့်ကျော် ၁၄-ရက်၊ (ဩဂုတ်လ ၂-ရက်၊) ဗုဒ္ဓဟူးနေ့ပင် ဖြစ်သောကြောင့်ပေတည်း။

မြန်မာနိုင်ငံမှ လာရောက်သူများအဖို့ ဤသို့လျှင် တရက်ပျောက်လျက်ရှိရစမြဲဖြစ်၏။ ထို့ကြောင့် ဘန်ကောက်မှ ဟောင်ကောင်၊ ဟောင်ကောင်မှ ဆန်ဖရန်စစ္စကိုသို့ ထွက်ခွာခဲ့ရာ ဝါဆိုလပြည့်ကျော် ၁၄-ရက်၊ (ဩဂုတ်လ ၂-ရက်) ဗုဒ္ဓဟူးနေ့သည် မြန်မာနိုင်ငံမှ လာရောက်သော သာသနာပြုအဖွဲ့အတွက် "အဟောသိက နေ့နှင့်ည" သာ ဖြစ်သည်။

**ရောက်ကြပေါ့ မြို့ဆန်ဖရန်**
**ကြို့ဆိုရေး အခမ်းအနား**

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာနအေး ဆရာတော် ဘုရားကြီး ဦးဆောင်သော တောင်ပုလု သာသနာပြုအဖွဲ့သည် အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့သို့ ဝါဆိုလပြည့်ကျော် ၁၄–ရက်၊ (ဩဂုတ်လ ၂–ရက်) ဗုဒ္ဓဟူးနေ့ အမေရိကန် စံတော်ချိန် နေ့ ၂–နာရီ၊ ၅၅–မိနစ်တွင် အောင်မြင်ချောမောစွာ ဆိုက်ရောက်ခဲ့သည်။

လေဆိပ် ခန်းမဆောင်ကြီးအတွင်းသို့ ပင့်ဆောင်ရေးအဖွဲ့ ဥက္ကဋ္ဌ မစ္စတာ တောင်ဝေလီယံစ် တဦးသာ ဝင်လာသည်ကို တွေ့ခဲ့ရ၏။ အခြား ကြို့ဆိုရေး အဖွဲ့ဝင်များ ခန်းမဆောင်ကြီးအတွင်းသို့ ဝင်ခွင့်ရဟန်မတူချေ။ ဒေါက်တာ ရီနာဆာကား အမှူးပြုသော အပြင်ဘက်ရှိ အခြားကြို့ဆိုရေးအဖွဲ့ဝင်များကိုမူ မှန်တံခါးများမှတဆင့် ပြုံးပြုံးရွှင်ရွှင် တွေ့မြင်နေရသည်။ လက်ကိုင် ရေဒီယို များမှတဆင့် သက်ဆိုင်ရာသို့ သတင်းပို့နေကြသော သတင်းထောက် များကို လည်း တွေ့မြင်နေရသည်။

တောင်ပုလု သာသနာပြုအဖွဲ့ ခန်းမဆောင်အပြင်ဘက်သို့ ရောက်သော အခါ မြန်မာခရုသင်းကြီးများ မှုတ်၍တမျိုး၊ ငွေမောင်းကြီးများ တီး၍တဖုံ ပီတိတွေတပြုံ့ကြီးနှင့် ကြို့ဆိုရေးအခမ်းအနား စတင်တော့သည်ကို ကြည်နူးဖွယ် ရာ တွေ့မြင်ရပြန်သည်။

ခင်းထားအင်သော ကော်ဇောကမ္မလာ ဖဲမွေ့ရာများနှင့် ထိုင်ခုံများ ပေါ်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအမှူးပြုသော တောင်ပုလုသာသ နာပြုအဖွဲ့ ခေတ္တသီတင်းသုံးရကာ လာရောက်ကြို့ဆိုသူ ဗုဒ္ဓဘာသာအမေရိကန် တို့၏ ရှိခိုးပူဇော်ဖူးမြော်ကန်တော့ခြင်းကို ဦးစွာပထမ ခံယူရလေသည်။

ကန်တော့ကြရာတွင် တကာယ်ဗုဒ္ဓဘာသာ အရိုးစွဲနေသူ များပမာ ခြေ၊ လက်၊ နဖူး၊ တတောင်၊ ဒူး ဟူသော "ပဉ္စပတိဋ္ဌိတ"ခေါ် ငါးပါးသောထိခြင်း ဖြင့် အမည်နာမများကိုပါ ထုတ်ဖော်လျှောက်ထား၍ တဦးချင်း ရှိခိုးပူဇော် ဖူးမြော်ကန်တော့ကြသည်။

ခရုသင်းသံ၊ ငွေမောင်းသံတို့ကား မိုးထက်နဘ် ပဲ့တင်ညံမျှရှိတော့၏။ သို့ရာတွင် ဗုဒ္ဓဘာသာ အမေရိကန်ပြည်သူတို့၏ ငွေမောင်းသံကား "ဘု" မပါ၍မို့ ရွှေစောင်းသံမပြည်နိုင်ပဲ ရှိချေသည်။

သူတို့တတွေက မြန်မာခရုသင်းကြီးများကို ဤပွဲအတွက် တကူးတက ရှာဖွေထားရပါသည်ဟု ဝမ်းသာအားရ ပြောဆိုကြသည်။ မြန်မာ စည်တော်ကြီးများ ရှာလို့ရဲသေးလျှင်ကား မြန်မာစည်တော်ကြီးများနှင့် ကိုဆိုပွဲဆင်ယင် ကျင်းပကြမည်မှာ မလွဲမသွေဖြစ်ပေရာ၏။

မြန်မာဆန်လှသော နားဝင်ပီယံ ခရုသင်းသံများကို ကြားရသဖြင့် "မင်္ဂလာအောင်ဆု၊ အောင်ဇေတုနှင့်၊ ခရုသင်းသံ၊ မှုတ်ညံမဆိတ်၊ မွှမ်းမွှမ်းထိတ်တည့်"[၁] ဟူသော မန်လည်ဆရာတော်၏ စာပန်းချီကို မနှောဆီမှ ကျူးသိမိပေသည်။

## ဆရာကောင်းတပည့် ပန်းကောင်းပန်

ကိုဆိုရေးအဖွဲ့ဝင်ဖြစ်သူ သူတို့တတွေကို ရှုမြင်ရသည်မှာ မြန်မာအမျိုးသမီးလေးတွေလားဟု ထင်မှတ်မှားရပါ၏။ သူတို့တတွေ မြန်မာအမျိုးသမီးများမဟုတ်ကြပါ။ ဗုဒ္ဓဘာသာ အမေရိကန်အမျိုးသမီးကလေးများသာ ဖြစ်ကြချေသည်။

မြန်မာအမျိုးသမီးကလေးများမပါမဟုတ်။ ပါကြပါသည်။များသော အားဖြင့် ဗုဒ္ဓဘာသာအမေရိကန်အမျိုးသမီးကလေးတွေကသာ များပါသည်။ သူမတို့တတွေ မြန်မာမှု မြန်မာ့ဟန်ဖြင့် မြန်မာဆန်နေကြသည်ကို မြန်မာ အမျိုးသမီးများ မြင်စေချင်ဘိသည်ဟု တောင့်တမိသည်။

မြန်မာအမျိုးသမီးလေးများ ဝတ်စား ဆင်ယင်လေ့ရှိသည့် ချိတ်ထမီ စကလက်တိုအင်္ကျီများ ဝတ်ဆင်၍ ဆံမြိတ်ကျောလယ်မျှ ဆင်ယင်ထုံးဖွဲ့ ထားကြသည်မှာ မြန်မာအမျိုးသမီးများနှင့် တထေရာတည်းပင် ဖြစ်နေပါ၏။

---

၁။ မဃဒေဝ လင်္ကာပိုဒ်ရေ ၅၆။

ပင့်ဆောင်ရေးအဖွဲ့၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်၊ တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာ၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူ မိုးရွှီးရ်မက်ကွယ်ယားခေါ် မိုး တို့လို အမေရိကန်အမျိုးသမီးများဆိုလျှင် မြန်မာအမျိုးသမီးမှ တကယ့်မြန်မာအမျိုး သမီးဟု ထင်မှတ်မှားရပါချေသည်။

စုံစမ်းသိရှိရသည်ကား ပင့်ဆောင်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ တောင်ပုလု ဓမ္မရိပ်သာကြီး၏ဥက္ကဋ္ဌ ကာလီဖိုးနီးယားတက္ကသိုလ်၊ အာရှလေ့လာရေးဌာန၊ ဗုဒ္ဓဘာသာ လေ့လာရေး ဆိုင်ရာ ညွှန်ကြားရေးမှူး ပါမောက္ခနှင့် ကထိက ဒေါက်တာရီနာဆာကား၏သွန်သင်ချက်များဖြင့် သူမတို့တတွေ ဤသို့ဆင်ယင် ထုံးဖွဲ့မှု ပြုပါကြောင်း သိရှိရသည်။ "ဆရာကောင်းတပည့်၊ ပန်းကောင်းပန်၊ နောက်ဆံတပင့်ပင့်၊ ဟန်တဝင့်ဝင့်"ဆိုသည်မှာ ဒါမျိုးပေလားဟု စကားပုံ၏ အနှစ်သာရကို ရှာကြံကြည့်မိသည်။

အမှန်တကယ်လည်း ဤအတိုင်းပင် ဖြစ်ပါပေသည်။ ဒေါက်တာရီနာ သည် ဗုဒ္ဓဘာသာလေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူးဖြစ်ရုံမျှမက ဓမ္မကထိက တဦးလည်းဖြစ်သည်နှင့်အညီ ဗုဒ္ဓအလိုတော်ကျ ဆင်ယင်ထုံးဖွဲ့မှုများနှင့် ကိုက် ညီအောင် သူ့တပည့်မအားလုံးကို ဤသို့လျှင် သွန်သင်ခဲ့ခြင်း ဖြစ်ပေသည်။

**တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာသို့**

လေဆိပ်တွင် ဗုဒ္ဓဘာသာ အမေရိကန်တို့၏ အဖူးအမြော်ကို ခံယူပြီး နောက် အသင့်စီစဉ်ထားသော ကားများဖြင့် တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ် သာရှိရာဆီသို့ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။

ဘောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာကား လေဆိပ်နှင့် မိုင် ၅၀-မျှ ဝေး၏။ အမေရိကန်ပြည်တွင် ကားများကို လကျ်ာမောင်းကြသည်။ တနာရီ လျှင် မိုင် ၇၀-နှုန်း မောင်းကြရ၏။ မိုင် ၇၀—နှုန်းအောက် လျော့မောင်း လျှင်ဖြစ်စေ၊ မိုင် ၇၀-နှုန်းထက် ပိုမောင်းလျှင်ဖြစ်စေ အရေးယူခံကြရသည်။

ဆန်ဖရန်စစ္စကိုမြို့နှင့် မိုင် ၅၀-မျှဝေးကွာသော တောင်ပုလု ကမ္ဘာ့ အေးဓမ္မရိပ်သာသို့ တနာရီ မိုင်၇၀-နှုန်းဖြင့် မောင်းခဲ့ကြရာ နာရီဝက် ကျော် ကျော်တွင် ရောက်ရှိကြတော့သည်။

တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာကား ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့နှင့် မိုင် ၅၀-အကွာ စိန့်ကလဲမြို့၊ စကိုင်းလိုင်း လမ်းမကြီး အနီး အမှတ် ၂၁၁၅၅-တွင် တည်ရှိလေသည်။ တောင်ပုလု ကမ္ဘာ့အေး ဓမ္မ ရိပ်သာ တည်ရှိရာကိုလည်း မြေပုံဖြင့် လမ်းညွှန်ပြသထားသည်။

ယင်းတောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာလမ်းညွှန်မြေပုံကို ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီးပုံတော်နှင့် တွဲဖက်၍ တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာသို့ လာရောက် တရားအားထုတ်လိုသူတို့အတွက် ရည်ရွယ်၍ ဦးလှ အောင်မိသားစုက တာဝန်ယူကာ လက်လှမ်းမှီရာများသို့ ဖြန့်ချိထားသည်။

"ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် နောက်ပါ သံဃာတော် များ ချမ်းသာစွာ သီတင်းသုံးနိုင်ရန် တပည့်တော်တို့ဘာတွေ ရာသီဥတု အကောင်းဆုံးနေရာကို ရွေးချယ်ထားပါသည်ဘုရား။ ဤနေရာ ဤ ဌာနကား ရာသီဥတု အကောင်းဆုံး ဖြစ်ပါသည်ဘုရား"

ဟု ပင့်ဆောင်ရေးအဖွဲ့ တာဝန်ခံများက လျှောက်ထားကြသည်။

မှန်ပါသည်။ တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာတည်ရှိရာ တောင်ကုန်း ကလေးဝန်းကျင်တွင် သစ်ပင်တောတောင် လျှိုမြောင်စိမ့်စမ်းများရှိနေသည်။ သာယာ လှပသော အသွင်ကိုလည်း ဆောင်နေသည်။ သဏ္ဌာန်အားဖြင့် မြန်မာ နိုင်ငံ မေမြို့ရှိ တောင်တန်းကလေးပေါ်က ဗိုလ်အိမ်ကလေးများနှင့် တူလှ၏။

ကျေးဇူးရှင် တောင်ပုလု ကမ္ဘာ့အေးဆရာတော်ဘုရားကြီးသည် တော ရဍ္ဍသာ ပျော်မွေ့တော်မူသည်ဖြစ်၍ ဒေါက်တာရီနာ အမှူးရှိသော ပင့်ဆောင် ရေးအဖွဲ့က ယင်းသို့ စီစဉ်ထားခြင်း ဖြစ်ပေလိမ့်မည်ဟု တွေးထင်မိပါသည်။

## သတိပဋ္ဌာန်သည် တခုကြောင်းတည်းသောလမ်း

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် ပင့်ဆောင်ရေးအဖွဲ့ဝင်များကား ခရီးရောက်မဆိုက် နှုတ်ဆက် ကန်တော့ခံ တရားပွဲကလေး ဖြစ်နေသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံပါးတွင် ဗုဒ္ဓဘာသာ မြန်မာနှင့် အမေရိကန် များ ဝိုင်းဝိုင်းလည်နေကြသည်။

အာရှ လေ့လာရေးဌာန၊ ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူး ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာရီနာ၏ ညွှန်ကြားချက်ဖြင့် သူတို့တတွေ တရားအားထုတ်ကြပုံနှင့် မိမိတို့ တွေ့သိကြပုံများကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးထံ အစစ်ဆေးခံနေကြခြင်း ဖြစ်သည်။

နှုတ်ဆက် ကန်တော့ခံနှင့် တရားအစစ်အဆေးခံယူပွဲတွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ပြန်လည်မိန့်ကြားသော မိန့်ခွန်းအနှစ်သာရကား ဤသို့ဖြစ်သည်—

"သတိပဋ္ဌာန် တရားတော်သည် သတ္တဝါတွေ ကိလေသာအညစ်အကြေး ကင်းစင်ရန်၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ရန်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကို ရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော လမ်းဖြစ်ပေ၏"[1] ဟူ၍ ဖြစ်၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သက်တော် ၈၂–နှစ် ရှိပြီဖြစ်၍ ခရီးစဉ်တလျှောက် မရပ်မနား ကြွတော်မူခဲ့ရသဖြင့် ခရီးပန်းမည့်လက္ခဏာ ရှိမည်ထင်ရသော်လည်း ဆရာတော်ဘုရား မျက်နှာမှာ ခရီးပန်းခြင်းအရိပ်အရောင် စိုးစဉ်းမျှ မတွေ့ရပဲ ကြည်လင်မြဲ ကြည်လင်လျက်ရှိသည်ကို တွေ့ရ၏။

နှုတ်ဆက်ကန်တော့ခံတရားပွဲ တနာရီခန့်မျှအကြာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ပင်ပန်းတော်မူမည်စိုး၍ ရပ်နားလိုက်ကြလေသည်။

## နက်ဖန်ခါ၊ သို့မဟုတ် သန့်ဘက်ခါ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် နှုတ်ဆက်ကန်တော့ခံ တရားပွဲမှ အနားယူပြီးဖြစ်၍ အမေရိကန်သို့ လိုက်ပါလာကြသည့် သာစည်ဆရာတော် ပခုက္ကူဆရာတော်စသော တပည့်ကြီးငယ်များနှင့် မျက်နှာစုံညီစည်းဝေးကာ နေ့ရက်များကို ပြန်လည်တွက်ချက် စစ်ဆေးတော်မူသည်။

---

၁။ ဒီဃနိကာယ မဟာဝဂ္ဂ ပါဠိ၊ ၂၃၁။

ဤလောကကြီးအတွင်းရှိ သက်ရှိ သက်မဲ့ ရေ မြေ တောတောင် ဟူသမျှတို့သည် သင်္ကြန် ဦးခေါင်းနေ့ရက်အလှည့်အပြောင်းများဖြင့် ရှင်သန်ကြီးပွားတိုးတက် နေကြပေရာ ရှင်သန်ကြီးပွားတိုးတက်မည့် အခိုက်အတန့်ကြုံလျှင် ရှင်သန်ကြီးပွားတိုးတက်ကြရစမြဲဖြစ်၍ ဆုတ်ယုတ်ပျက်ပြားမည့် အခိုက်အတန့်နှင့်ကြုံလျှင်လည်း ဆုတ်ယုတ်ပျက်ပြားကြရစမြဲဖြစ်သည်။

သက်ရှိဝတ္ထုဖြစ်သည့် ရဟန်းသားတို့သည်လည်း သင်္ကြန်ဦးခေါင်းနေ့ရက်အလှည့်အပြောင်း အချိန်နာရီများနှင့် ဈာန်မဂ်ဖိုလ်တရားများ ရှာမှီးနေကြရသည် ဖြစ်ရာ နေ့ရက် အချိန်နာရီ မတိကျမမှန်ကန်ပါက မဂ်ဖိုလ်ကို ရှာမှီးခြင်း၌ အန္တရာယ်ကြီးစွာဖြစ်စေနိုင်၏။ ဈာန်မဂ်ဖိုလ်ရခြင်းငှာလည်း ပျက်ပြားဆုတ်ယုတ်နိုင်၏။ ထို့ကြောင့် နေ့ရက်များကို ပြန်လည်စစ်ဆေးကြခြင်းဖြစ်ပေ၏။

နေ့ရက်များကို လောကသမုတိနတ်ခေါ်သော မင်းများ၏ ပြဋ္ဌာန်းချက်နှင့် ကိုက်ညီအောင် တွက်ချက်စစ်ဆေးကြရသည်။ ဤနေ့ရက်များ တွက်ချက်စစ်ဆေးခြင်းနှင့်ပတ်သက်၍ အဟောသိက နေ့နှင့်ညအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။

ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှ မထွက်ခွါမီ တပည့်ဒကာများက လျှောက်ထားကြ၏၊ "အရှင်ဘုရားများ ဆန်ဖရန်စစ္စကိုသို့ နက်ဖြန်၊ သို့မဟုတ် သန်ဘက်ခါ ရောက်ကြပါမည်ဘုရား" ဟု အမေရိကန်ရောက်ဖူးကြသူ တပည့်ဒကာများက လျှောက်ထားလိုက်ကြသည်။

တပည့်ဒကာများ လျှောက်ထားကြသည့် နက်ဖြန်၊ သို့မဟုတ် သန်ဘက်ခါ ဟူသောစကားတွင် နက်ဖြန်ဟူသောစကားသည် ဝါဆိုလပြည့်ကျော် ၁၃-ရက် (ဩဂုတ်လ ၁-ရက်) အင်္ဂါနေ့တွင် ရန်ကုန်မှ ဆန်ဖရန်စစ္စကိုသို့ ထွက်ခွါလာခဲ့ရာ လမ်းတွင် တရက်ပျောက်သည်ဖြစ်၍ နက်ဖြန်ဖြစ်သည့် ဝါဆိုလပြည့်ကျော် ၁၄-ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရောက်မည်ဟု ရည်ညွှန်းလျှောက်ထားခြင်းဖြစ်သည်။

သို့မဟုတ်၊ သန့်ဘက်ခါ ဟူသော စကားသည် ခရီးစဉ် ရက်စဉ်အတိုင်း တွက်ချက်ယူပါက ရန်ကုန်မှ ဘန်ကောက်သို့ ဝါဆိုလပြည့်ကျော် ၁၃-ရက်၊ (ဩဂုတ်လ ၁-ရက်)အင်္ဂါနေ့၊ ဘန်ကောက်မှ ဟောင်ကောင်၊ ဟောင်ကောင်မှ ဆန်ဖရန်စစ္စကိုသို့အသွား လေယာဉ်ပေါ်မှာပင် ဝါဆိုလပြည့်ကျော် ၁၄-ရက် (ဩဂုတ်လ ၂-ရက်) ဗုဒ္ဓဟူးနေ့ မိုးလင်းခဲ့၍ ဆန်ဖရန်စစ္စကိုသို့အရောက် ဝါဆိုလပြည့်ကျော် ၁၅-ရက်၊(ဩဂုတ်လ ၃-ရက်၊)ကြာသပတေးနေ့ဟု အစဉ်အတိုင်း တွက်ချက်ရသည်။

ယင်းသို့ ရက်စဉ်အတိုင်း တွက်ချက်ယူပါက တပည့်ဒကာတွေ လျှောက်ထားရသည့်အတိုင်း"သို့မဟုတ်၊ သန့်ဘက်ခါ" ဟူသောရက်သည် ဆန်ဖရန်စစ္စကိုသို့ ရောက်သည့်နေ့ ဝါဆိုလပြည့်ကျော် ၁၅-ရက်၊ (ဩဂုတ်လ ၃-ရက်၊) ကြာသပတေးနေ့ဖြစ်သည်။ ထို့ကြောင့် "သို့မဟုတ် သန့်ဘက်ခါ"ဟု လျှောက်ထားကြခြင်းဖြစ်လေသည်။

ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အမိန့်ရှိသည်မှာ "ယနေ့ ငါတို့ရောက်သောနေ့သည် ရက်စဉ်အားဖြင့်ယူလျှင် ဝါဆိုလပြည့်ကျော် ၁၅-ရက်၊ လကွယ်နေ့ဖြစ်၍ ဥပုသ်ပြုရမည်ဖြစ်သော်လည်း 'ရာဇာ ပမာဏံ' ဆိုသောအတိုင်း အပြည်ပြည်ဆိုင်ရာပြက္ခဒိန် တွက်ချက်သည့် မြန်မာနိုင်ငံတော်အစိုးရ နေ့စဉ်မှတ်တမ်းထုတ်ပြန်ချက်အရ ဒီနေ့ ဥပုသ်နေ့မဟုတ်သေးဘူး။ ဝါဆိုလပြည့်ကျော် ၁၄-ရက်ပဲ ရှိသေးတယ်။ ဥပုသ်ပြုဖွယ်မလိုသေး"ဟု အမိန့်ရှိတော်မူသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်ကို သာစည်ဆရာတော်၊ ပခုက္ကူဆရာတော်စသော တပည့်ကြီးငယ်များ ဦးထိပ်ရွက်ပန်ဆင်ကာ—

ရပ်ကြီးပြည်မ၊ လူများအလေ့၊ ယဉ်သိမ်မွေ့လည်း၊ မရွှေ့နေရာ၊ မခွာအရပ်၊ ပရိကပ်ဖြင့်၊ ပါးစပ်စကြာ၊ ဟူစပါသို့၊ လျှာမနိ့နှေး၊ နွတ်မလေးဖူး၊ အတွေးနှင့်ထောင်း၊ ဟူတတ်ရှောင်း၏"

---

၁။ မဃဒေဝ လင်္ကာပိုဒ်ရေ၊ ၂၄၄။

ဟူသော မန်လည်ဆရာတော်၏ သွန်သင်ချက်ကို သတိရကာ "ဩ"နက်ဖြန်၊ သို့မဟုတ် သန်ဘက်ခါ၊" ဟု မြည်တမ်းမိပါသတည်း။

**အမေရိကန်၏ အမေရိကန်**

နှုတ်ဆက်ကန်တော့ခံ တရားပွဲကလေး ပြီးမြောက်သွားသော်လည်း ဗုဒ္ဓဘာသာ အမေရိကန်များကား လူစုမကွဲနိုင်ပဲ ရှိသေး၏။ ဗုဒ္ဓဘာသာ မြန်မာတို့လည်း ကြိုဆိုရေးအဖွဲ့ဝင်များအဖြစ် ပါဝင်ကြသည်ဖြစ်ရာ သူတို့ အားလုံးလည်း လူစုမကွဲပဲ ဖြစ်နေသေး၏။ ဤပွဲကား စပ်မိစပ်ရာ မိတ်ဆုံ စကားပွဲကြီးပေတည်း။

အမေရိကန်ဆိုသည်မှာ အီတလီပြည်သား အမေရိကဆိုသူ၏ နာမည် ဖြစ်ကြောင်းနှင့် အမေရိကဟူသော စကားမှ အမေရိကန်ဖြစ်လာကြောင်း ဌာနေတို့က ဆိုကြ၏။

မှန်ပါသည်။ အမေရိကန်၏ သမိုင်းကြောင်းကြီးကို ပြန်ပြောင်းကြည့် မည်ဆိုပါလျှင် ဤသို့ပင် တွေ့ရှိမည် ဖြစ်သည်။ ဥရောပတိုက်သားတို့ ပင်လယ် ရပ်ခြား ရပ်ဝေးဒေသသို့ စွန့်စားခရီးသွားလာကြရာ၌ အခြေခံအကြောင်း ကြီးများကို တင်ပြ အစီရင်ခံခဲ့ပြီး ဖြစ်သည်။

လွန်ခဲ့သော ၁၄၉၉-နှစ်တွင် အီတလီပြည် ဖလောရင့်မြို့သား အမေ ရိဂိုဗက်စပုပ်ချီဆိုသူ သင်္ဘောသားတယောက်သည် စပိန်မင်း၏ အထောက် အပံ့ဖြင့် စူးစမ်းရှာဖွေရန် ပင်လယ်သို့ ခရီးထွက်ခဲ့သည်။

တောင်အမေရိကတိုက်သို့ ရောက်ရှိသွားသောအခါ ကိုလံဘတ် တွေ့ရှိ ခဲ့သော နယ်မြေများသည် အာရှတိုက်မှ မဟုတ်ကြောင်း အသေအချာ သိရှိရတော့၏။

ယင်းသို့ အသေအချာ သိရှိရသောအခါ တွေ့ရှိသူ အမေရိဂိုဗက်စပုပ် ချီကို အစွဲပြု၍ တောင်–မြောက် အမေရိကတိုက်သစ်ကြီး နှစ်တိုက်ကို "အမေရိ က"ဟု ဂုဏ်ပြုခေါ်ဆိုခဲ့ကြသည်။ ယခုမူ အမေရိကမှ အမေရိကန် ဖြစ်လာ ကြောင်း ဌာနေများက ဆိုလေသည်။

## ကာလီဖိုးနီးယားပြည်နယ်

တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာကား ကာလီဖိုးနီးယားပြည်နယ်တွင် တည်ရှိသောကြောင့် ကာလီဖိုးနီးယားပြည်နယ်၏ အကြောင်းကိုလည်း စပ်မိကြပြန်သည်။ တရားပွဲအပြီး မိတ်ဆုံစကားပွဲကလည်း အတော်ကလေး အရှိန်အဟုန် ရလာပြီ ဖြစ်သည်။

တောင်ပုလု သာသနာပြုအဖွဲ့ကား ချမ်းသာသလို မိတ်ဆုံစကားပွဲကို ချီးမြှင့်နေလျက် ရှိသည်။

ကာလီဖိုးနီးယားပြည်နယ်၏ မြောက်ဖက်တွင် ဩရီဂန်ပြည်နယ်၊ အရှေ့ဖက်တွင် နီဗားဒါးနှင့် အယ်ရီဇိုးနာပြည်နယ်၊ တောင်ဖက်တွင် မက္ကဆီကိုနိုင်ငံအတွင်းရှိ အောက်ပိုင်း ကာလီဖိုးနီးယားပြည်နယ်၊ အနောက်ဖက်တွင် ဆိပ်ငြိမ်သမုဒ္ဒရာကြီးဖြစ်သည့် ပစိဖိတ်သမုဒ္ဒရာကြီးများဖြင့် နယ်နိမိတ် ပိုင်းခြားကန့်သတ်လျက် ရှိလေသည်။

၁၅-ရာစုခေတ်တွင် အင်္ဂလိပ်လူမျိုး ဆာဖရန်စစ်ဒရိတ်သည် ဤကာလီဖိုးနီးယားပြည်နယ်သို့ ပထမဆုံး ရောက်ရှိခဲ့သည်။ ယင်းနောက် နှစ်ပေါင်း နှစ်ရာခန့် အကြာတွင် လူများ အတည်တကျ နေထိုင်စပြုလာကြ၏။ ရှေးဦးစွာ လာရောက်နေထိုင်သူများကား မက္ကဆီကိုနိုင်ငံမှ ဖရန်စစ္စတန်ဘုန်းကြီးများ ဖြစ်သည်။

၁၇-ရာစုခေတ်တွင် စပိန်အစိုးရသည် ကာလီဖိုးနီးယားပြည်နယ်ကို သိမ်းပိုက်လိုက်သည်။ နှစ်ပေါင်း ငါးဆယ်မျှ စပိန်အစိုးရ လက်အောက်တွင် ကျရောက်ခဲ့၏။ ၁၈-ရာစုခေတ်တွင် မက္ကဆီကိုနိုင်ငံသည် စပိန်အစိုးရကို တော်လှန်ပုန်ကန်၍ စပိန်အစိုးရ အရေးနိမ့်ရာမှ ဤကာလီဖိုးနီးယားပြည်နယ်သည် မက္ကဆီကိုနိုင်ငံ၏လက်အောက်ခံပြည်နယ်တခုအဖြစ် ဘဝတဖြစ်လဲခဲ့ရပြန်သည်။ ၂၅-နှစ်တာမျှ ကြာ၏။

၁၈၄၈-ခုနှစ် မက္ကဆီကို စစ်ပွဲအပြီး ချုပ်ဆိုခဲ့သော စာချုပ်အရ အမေရိကန်အစိုးရသည် ကာလီဖိုးနီးယားပြည်နယ်ကို ပိုင်ဆိုင်လိုက်သည်။

ယင်းနှစ်မှာပင် ဆန်ဖရန်စစ္စကိုအနီး ကင်နေဒီရွှေတွင်းများမှ ရွှေများ တွေ့ရှိခြင်းကြောင့် အမေရိကန်များ တဖွဲဖွဲ ရောက်လာခဲ့ကြသည်။ ယင်းသို့ အမေရိကန်များ ရေကြည်ရာ မြက်နုရာများသို့ လာရောက်နေထိုင်ကြရာမှ စည်ကားလာပြီး ၁၈၅၀-ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ပြည်နယ်တခုအဖြစ် ပါဝင်လာခဲ့ခြင်းဖြစ်သည်။

စပ်မိစပ်ရာ မိတ်ဆုံစကားပွဲ ပြီးသွားသောအခါ တောင်ပုလု သာသနာပြုအဖွဲ့လည်း ညောင်းညာပြီဖြစ်၍ အမေရိကန်တို့ ဆောက်လုပ်အပ်သော ကျောင်းခန်းကလေးများသို့ အသီးအသီး ဝင်ခဲ့ကြတော့၏။ ခရီးစဉ်တလျှောက်လုံး ပင်ပန်းနွမ်းနယ်ခဲ့သမျှကို တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာအတွင်းတွင် အေးဆေးစွာ ပထမဆုံး ဖြေဖျောက်ကြရလေတော့သည်။

**တောင်ပုလို ကမ္ဘာအေးဓမ္မရိပ်သာ**

**နေ့- နေ့ဟု သိ၊ ည- ညဟု သိ၊**

ဤနေ့ကား အမေရိကန်သို့ရောက်သည့် ၂-ရက်မြောက်သော နေ့ဖြစ်ပေ၏။ ၁၉၇၈-ခုနှစ်၊ ဩဂုတ်လ ၃-ရက်၊ ကြာသပတေးနေ့ပေတည်း။

ခရီးစဉ်တလျှောက် ပင်ပန်းနွမ်းနယ်မှုများကို အိတ်သွန် ဖာမှောက် ဖြေဖျောက်လိုက်မည်ဟု ကြုံးဝါးကာ ထိုညက အိပ်ရာဝင်ခဲ့သော်လည်း တဒင်္ဂမျှသာ အိပ်ပျော်ခဲ့သည်။ မှန်းချက်နှင့်နှမ်းထွက် မကိုက်ဖြစ်ရတော့၏။

အကြောင်းသော်ကား အမေရိကန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ကား နေ့ည အပြောင်းအလဲချင်း မတူညီကြသောကြောင့် ဖြစ်သည်။

မြန်မာနိုင်ငံက နေ့အလုပ် လုပ်ချိန်သည် အမေရိကန်နိုင်ငံ၌ အိပ်မောကျနေချိန်ဖြစ်၏။ အမေရိကန်နိုင်ငံ၌ နေ့အလုပ် လုပ်နေချိန်သည် မြန်မာနိုင်ငံ၌ အိပ်မောကျနေချိန် ဖြစ်၏။

ထို့ကြောင့် တောင်ပုလု သာသနာပြုအဖွဲ့အနေဖြင့် အလုပ်လုပ်ရမည့်အချိန်၌ အိပ်နေရ၍ အိပ်ရမည့်အချိန်၌ အလုပ်လုပ်နေရကာ အိပ်ရေးမနပ်

ဇိမ့်ဇတ်ဇတ် ဖြစ်နေတော့ခြင်း ဖြစ်သည်။ ညဖြစ်၍သာ အိပ်လိုက်ရသည်။ လုံးဝမအိပ်ချင်။ နေ့ဖြစ်၍သာ အိပ်ရာမှ ထလိုက်ရသည်။ လုံးဝမထချင် ဖြစ်နေ၏။

အမေရိကန်နိုင်ငံတွင် နေ့ဖြစ်၍ အိပ်ရာမှထရသော်လည်း မြန်မာနိုင်ငံတွင် ညဖြစ်နေပြန်၍ မြန်မာဖြစ်သူ တောင်ပုလုသာသနာ့ပြုအဖွဲ့ဝင်အချို့မှာ ရွှင်ရွှင်ပျပျ ကြည်ကြည်လင်လင် မရှိကြ။ အိပ်ချင်နေကြပြန်၏။ မိမိတို့စိတ်သန္တာန်၌ လေးလံထိုင်းမှိုင်းကာ ထိနမိဒ္ဓများက ဝင်ရောက်သောင်းကျန်းလျက်ရှိချေ၏။

နေ့ည အပြောင်းအလဲများကြောင့် လေးလံထိုင်းမှိုင်းမှု ထိနမိဒ္ဓဝင်ရောက် အသောင်းကျန်းခံနေရသော မြန်မာသာသနာပြုအဖွဲ့ဝင် အချို့သည် မိမိတို့လက်ဝယ်ရှိသော သတိပဋ္ဌာန်လက်နက်ဖြင့်ပင် သောင်းကျန်းသူ ထိနမိဒ္ဓကို ချေမှုန်းပစ်ကြရသည်။

"နေ့-နေ့ဟု သိ၊ ည-ညဟု သိ" ဟူ၍တည်း။

**မောင်ကျန် တတို**

အိပ်ရေးမနပ် ဇိမ့်ဇတ်ဇတ်ရှိသော်လည်း "နေ့-နေ့ဟုသိ" ဟူသော သတိပဋ္ဌာန် ရှုမှတ်မှုဖြင့် သောင်းကျန်းသူ ထိနမိဒ္ဓကို နှင်ထုတ်လျက် အမေရိကန်တို့၏ အရုဏ်ဆွမ်းကို ပထမဦးဆုံး ဘုဉ်းပေးရလေသည်။

သာသနာ့ဝေါဟာရဖြင့် ဆွမ်းဟုခေါ်ရသော်လည်း စင်စစ် ဆွမ်းမဟုတ်ချေ။ ယာဂုနှင့်သစ်သီးများသာ ဖြစ်၏။ ဒေါက်တာရီနာဆာကားနှင့် တပည့်များက ဆက်ကပ်လှူဒါန်းကြခြင်း ဖြစ်သည်။ သစ်သီး ဝလုံများထဲတွင် မြန်မာသာသနာပြုအဖွဲ့နှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးပြီးဖြစ်သော ဝလံခေါ် နွယ်သီးကြီးတလုံးလည်း ပါလာ၏။ သူကား သခွါးသီးတည်း။

သူ့ကိုမြင်လျှင်မြင်ချင်း တောင်ပုလု သာသနာပြုအဖွဲ့က သခွားသီးဟု သိပြီးဖြစ်သောကြောင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးပြီးဟု ဆိုခြင်းဖြစ်သည်။

မှန်ပါသည်။ မြန်မာနိုင်ငံကျေးလက်ဒေသ အနှံ့အပြားတွင် သူရှိ၏။ သူ့ကို တွေ့မြင်နိုင်၏။ သူ့အကြောင်းကို သိပြီးဖြစ်၏။

သူနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးပြီးဖြစ်သည်ကလည်း တကြောင်း သူ့အကြောင်းကို သိပြီးဖြစ်သည်ကလည်း တကြောင်းများကြောင့် သူ့ကို အားလုံးက စိတ်ဝင်စားမှု မရှိချေ။ စိတ်ဝင်စားမှု မရှိရုံမျှမက အထင်အမြင် ပင် သေးလိုက်မိသေး၏။ သခွားသီး သိသာပဲဟူ၍ဖြစ်၏။

သို့ရာတွင် ရှေးသိတာက မြန်မာသခွားသီး။ နောက်သိတာက အမေရိကန် သခွားသီးဟူသော မနသိကာရ နာမ်တရား၏ အစွမ်းသတ္တိကြောင့် အာရုံများ ပြောင်းလဲဖြစ်ပေါ်လာကာ စူးစမ်းလိုသောစိတ်များ ပေါ်ပေါက် လာ၏။ ယင်းစိတ်ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် နာမ်တရားသည် ရုပ် တရားကို သခွားသီးဆီသို့ အပါခေါ်ဆောင်သွားကာ သခွားသီး ပွဲရုံတွင် ထိုးစိုက်လျက်ရှိသော ဇွန်း ခက်ရင်းနှင့် ထိတွေ့မိရတော့၏။

"ဘုဉ်းပေးတော်မူပါဘုရား။ အရှင်ဘုရားများ မြန်မာ့သခွားသီး နှင့် ကွာမည်ထင်ပါဘုရား။ အမေရိကန် သခွားသီးက ဖရဲသီးနှင့် မျိုးဖောက် စိုက်ပျိုးထားတာမို့ တမျိုးအရသာ ရှိပါဘုရား။ ချိုမြိန် အောင်လဲ ဓာတ်မြေသြဇာ အထူး ကျွေးထားပါတယ်ဘုရား"။

ဒေါက်တာရီနာဆာကားက လျှောက်ထားသည်။ မှန်ပါသည်။ ကြီးမား လှသော အမေရိကန် သခွါးသီးကြီးမှာ ကြီးမားသလောက်လည်း အလွန် အရသာရှိ၍ အလွန်ချိုလှပါသည်။ ချိုသမှ "မောင်ကျန် တတို့" ဟု ပြော ရလောက်အောင် အားကြီးချိုလှပါသည်။ ခင်မင်ရင်းနှီးပြီးဖြစ်သော သခွားသီး ကြီးမို့ ပိုမိုခင်မင်ရင်းနှီး ပြန်ရလေပြီ။

ဤသည့် သခွားသီးကြီးနှင့် အတူ အခြားသစ်သီးကြီးငယ် များလည်း လှပသော စက္ကူများနှင့်ထုပ်လျက်ပါရှိ၏။ သူတို့နိုင်ငံတွင် လတ်ဆတ်သော သစ်သီးကြီးငယ်များကိုသာ ဈေးတွင်ရောင်းချခွင့် ပေးလေသည်။ မလတ်ဆတ် ပါက ဖမ်းဆီးအရေးယူသည်ဟု ဆိုကြ၏။

## အလုပ်သင် ညွှန်းတမ်း

တောင်ပုလု သာသနာပြုအဖွဲ့သည် အမေရိကန်တွင် ဝါကပ်၍ ငါးလ တာမျှ သီတင်းသုံးမည်ဖြစ်ရကား ရဟန်းတော်များနှင့်အပ်စပ်သည့် လုပ်ကျွေး ပြုစုနည်းများကိုလည်း ဗုဒ္ဓဘာသာအမေရိကန် တပည့်ဒကာ ဒကာမ အပေါင်း ရှေးဦးစွာ သိထားဘို့ လိုအပ်လာသည်ဖြစ်ရာ ယင်းလုပ်ကျွေး ပြုစုနည်းများ ကိုလည်း သူတို့အား လမ်းညွှန်ပြသပေးရသေး၏။

ယင်း လုပ်ကျွေးပြုစုနည်းများကို စာရွက်ဖြင့် ညွှန်ကြားပြသထားသည် ဖြစ်ရာ သူတို့က "အလုပ်သင်ညွှန်းတမ်း" ဟု ခေါ်ကြသည်။

ယင်းအလုပ်သင်ညွှန်းတမ်းတွင် ရဟန်းတော်များ စားဖွယ်ကပ်လျှင် သုံးပေအတွင်းက ကပ်ရမည်။ လက်နှစ်ဖက်ဖြင့် ကိုင်၍ကပ်ရမည်။ ထိုင်ရက် ဖြစ်လျှင် ဒူးထောက်၍၊ မတ်ရပ်ထဖြစ်လျှင် ခြေကိုစုံရပ်၍ ကပ်ရမည်။ သစ်သီး များကို ကပ္ပိပြီး ကပ်ရမည်။ နံနက် အရုဏ်တက်မှ မွန်းတည့် ၁၂-နာရီ အတွင်း သာ စားဖွယ်များကို ကပ်ရမည် စသည်တို့ပါဝင်သည်။

ယင်း အလုပ်သင်ညွှန်းတမ်းကို ဒေါက်တာရီနာဆာကားက သူ့တပည့် အားလုံးကို ပို့ချပေး၏။ ဒေါက်တာ ရီနာဆာကားတွင် ဗုဒ္ဓဘာသာဝင် တပည့်ဦးရေ ယနေ့အထိ ခြောက်ရာကျော် ရှိသွားပြီဟု ဆိုလေသည်။ ဒေါက် တာရီနာဆာကားကား ဗုဒ္ဓဘာသာအတွက် အားကိုးလောက်သော အမျိုး ကောင်းသမီးတယောက်ပေတည်း။

## တောတောင်စွယ် သာနယ်တွေ့ ထွေထူး

အမေရိကန်တပည့် ဒကာဒကာမတို့၏ အရုဏ်ဆွမ်းကို ဘုဉ်းပေး မျှဘ ပြီးဖြစ်၍ "နေ့-နေ့ဟု သိ" ဟူသော သတိပဋ္ဌာန် ရှုမှတ်မှုဖြင့် သောင်းကျန်းသူ ထိနမိဒ္ဓများကို ဖြိုဖျက်နိုင်ရန် ဆရာ တပည့်တတွေ တောင်ပုလု ကမ္ဘာအေး မမ္မရိပ်သာအနီးရှိ တောင်တန်းကလေးဆီသို့ စကိုင်းလိုင်း လမ်းမကြီးအတိုင်း လမ်းလျှောက် ထွက်ခဲ့ကြသည်။

"တောတောင်စွယ်၊ သာနယ်တွေထွေထူး၊ ပန်းစုံငယ်လေး၊ ငုံကင်း မာလာဖူး[1]"ဟု ချီးကျူးရတော့မလောက် တောစဉ်တောင်စဉ်တလျှောက်တွင် သစ်ပင် ပန်းမန်များက ပေါများလှပါဘိသည်။ ဘယ်ယိမ်း ညာနွဲ့ အလှည့် အပတ်ကလေးများဖြင့် လေပူညာတိမ်းလို့ ယိမ်းကနေကြသည်မှာ သာသနာပြု အဖွဲ့အား ကြိုဆိုနေသယောင် ထင်ရ၏။ ရှိပါစေတော့။

သူတို့နိုင်ငံတွင် လျှပ်စစ်မီးဖြင့် ထမင်းဟင်းချက်ကြ၍ သစ်ပင်တွေ ဤမျှ များပြားနေခြင်းဖြစ်တန်ရာ၏။ အမေရိကန်သမီးပျိုတို့သည် မြန်မာသမီးပျိုများ ကဲ့သို့ ဆံခထုံးကြ၍မို့ ပန်းမပြုန်းကြခြင်းလည်းဖြစ်တန်ရာ၏။ ပန်းများကလည်း တောတောင်တဝိုက်တွင် ဝေဆာလျက်ရှိချေ၏။

တောတောင်ဟူ၍သာ ဆိုရသည်။ လျှပ်စစ်မီး ရေမှအစ တယ်လီဖုန်း အထိရှိလေသည်။ ဤတောင်တန်းတစိုက်ကို အမေရိကန်တဦးက ပိုင်ဆိုင်သည် ဟု ဌာနေတို့က ဆိုကြ၏။ ဆရာတပည့်တတွေ အနည်းငယ်မျှ လမ်းလျှောက်ပြီး ရိပ်သာသို့ ပြန်လှည့်ခဲ့ကြသည်။

## ရဟန်းသိက္ခာ မင်းမှာဘိသိက်

နေ့ဆွမ်းကား သာသနာပြုအဖွဲ့ ခံတွင်းတွေ့သော ဆွမ်း ဖြစ်၏။ အကြောင်းသော်ကား ဒေါ်ခင်ထွေးစသော မြန်မာဒါယိကာမကြီးများက မြန်မာထမင်း ဟင်းများကို အမေရိကန်ဟန်ပန်နှင့် ပေါင်းစပ်၍ ဆက်ကပ် လှူဒါန်းသောကြောင့် ဖြစ်သည်။

မြန်မာ ထမင်းဟင်းများနှင့် ကင်းကွာလျက်ရှိသော တောင်ပုလုသာသနာပြုအဖွဲ့ကား ခံတွင်း တွေ့နေကြပေပြီ။ ဆက်ကပ်သူ အမေရိကန် ရောက် မြန်မာဒါယိကာမကြီးများကလည်း မြန်မာထမင်း ဟင်းများကို ဂုဏ်တယူယူ နှင့် ချီးကျူး ဝံ့ထာမနာ နေကြ၏။ ဟုတ်ပါသည်။ သိပ်ကို ဟုတ်ပါသည်။ မည်သည့်သတ္တဝါပင်ဖြစ်စေ၊ ကိုယ့်သဘာဝ ကိုယ့်အစာနှင့် ကိုယ်မှ ရောင့်ရဲ တင်းတိမ်မှု ရှိတတ်ကြစမြဲမဟုတ်ပါလော။

---

၁။ မဟာဂီတ ဝိသောခနီ၊ ၁၁။

ရဟန်းသိက္ခာ၊
မင်းမှာ ဘိသိက်၊
သူတော်စိတ်။

နံနက်ကဉပုသ်ပြုရန် ရေသိမ်လေ့လာရှာဖွေရေးနှင့်စပ်လျဉ်း၍ ဤစကား သုံးခွန်းကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အမိန့်ရှိခြင်းဖြစ်ပေ၏။ရဟန်း မှာ သိက္ခာရှိမှ ရဟန်းဟု ခေါ်ရကြောင်း၊ မင်းမှာ ရာဇာဘိသေက မင်္ဂလာ ဆင် ယင်ပြီးပါမှ မင်းဟုခေါ်ရကြောင်းနှင့် သူတော်ကောင်းတွင်လည်း စိတ်ကောင်း နှလုံးကောင်းရှိပါမှ သူတော်ကောင်းဟု ခေါ်ဆိုရကြောင်း များကို အမိန့်ရှိ လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ရည်ညွှန်းချက်ကား နံနက က ဒေါက်တာရိနာဆာကား၊ မစ္စတာတောင်ဝီလီယံစ်၊ မိုးရွှီးရ်မက်ကွယ်ယား၊ ဟယ်လင်ဂျိုးဇက်စသော တောင်ပုလုကမ္ဘာအေး မမ္မရိပ်သာ ဂေါပကအဖွဲ့ဝင် များအား သာသနာပြုအဖွဲ့ဖြစ်သည့် ရဟန်းတော်များ ဉပုသ်ပြုနိုင်ရန် ရေ သိမ်ပြုလုပ်နိုင်မည့် နေရာများကို ရှာဖွေ လေ့လာ စူးစမ်းစေခဲ့လေသည်။

ယင်းမှတဆင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ထပ်မံ မျှော်မှန်း တော်မူချက်ကား ရေရှည်တွင် ရေသိမ်၌ ဗုဒ္ဓဘာသာရဟန်းတော်များ ချမ်း ချမ်းသာသာ ကံကြီးကံငယ် မပြုနိုင်။ နောင်အနာဂတ်တွင်လည်း အမေရိကန် နိုင်ငံ၌ ဗုဒ္ဓသာသနာတော်ကြီး အရှည်သဖြင့် တည်ထွန်းစေရန်နှင့် ဗုဒ္ဓဘာသာ ရဟန်းတော်များ ချမ်းချမ်းသာသာ ကံကြီးကံငယ် ဆောင်ရွက်နိုင်ရန် မူလ အစီအစဉ်ကို ဖျက်၍ သိမ်တလုံး သမုတ်တော်မူမည်ဟူသော မျှော်မှန်းချက်ပင် ဖြစ်သည်။

သိက္ခာရှိမှ ရဟန်းဟု ခေါ်ဆိုနိုင်ရာ၌ ရဟန်းတော်များသည် သိမ်မရှိပဲ နှင့် မည်သည့်နည်းနှင့်မျှ သိက္ခာရှိ မဖြစ်နိုင်ချေ။ သိက္ခာမရှိလျှင်လည်း ရဟန်း မဟုတ်တော့ပြီ။ ထို့ကြောင့် သိက္ခာရှိဘို့ထက် သိမ်ရှိဘို့က အရေးကြီးနေပြန် ၏။ "ရဟန်းသိက္ခာ"ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ စကား သည် ဤသည်ကိုပင် ရည်ညွှန်းမိန့်ကြားတော်မူခြင်းဖြစ်သည်။

## ရိပ်သာတွင်း တရားပွဲကြီး

အမေရိကန်တွင် ပထမဆုံးတရားပွဲကြီးကား တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာအတွင်းတွင် ဖြစ်သည်။ ညတရားပွဲကြီးဟု ဆိုရသော်လည်း အမေရိကန်နိုင်ငံတွင် ၈-နာရီထိုးပြီးသည့်တိုင်အောင် နေမဝင်သေးပဲ ရှိသေး၏။ ညတရားပွဲကြီးကို ၈-နာရီ၊ မိနစ် ၃၀-က စတင်ကျင်းပခဲ့သည်။

ယင်းတရားပွဲကြီးတွင် တောင်ပုလု သာသနာပြုအဖွဲ့ဝင်အားလုံး ပါဝင်ကာ ပရိတ်တရားပေါ် ချီးမြှင့်ရသည်။ မြန်မာနှင့် အမေရိကန်ဗုဒ္ဓဘာသာတို့ကား တရားပွဲ အစအဆုံးကို ကက်ဆက်ဖြင့် ဖမ်းယူထားကြ၏။ မြန်မာရဟန်းတော်များ သံပြိုင်ပရိတ်ရွတ်ဆိုသည်ကို မြန်မာနှင့် အမေရိကန် ဗုဒ္ဓဘာသာအားလုံးတို့ အထူးနှစ်ခြိုက်သဘောကျနေကြသည်။

ထိုနေ့ ထိုညမှ စ၍ မြန်မာနှင့် အမေရိကန်ဗုဒ္ဓဘာသာဝင်တို့၏ အိမ်ဂေဟာများတွင် ပရိတ်တရားသံများ ဖုံးလွှမ်းသွားခဲ့ပေပြီ။

ယင်းတရားပွဲတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဗုဒ္ဓဘာသာ အမေရိကန်တို့အား တသက်ပန် သရဏဂုံတည်စေခြင်း၊ လူတို့ ဆောက်တည်အပ်သော ငါးပါးသီလသိက္ခာပုဒ်ကို ဆောက်တည်စေခြင်း သရဏဂုံအကျိုးနှင့် ဝိပဿနာတရားများကို ချီးမြှင့်တော်မူလေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သရဏဂုံအကျိုးပြ အနှစ်သာရကား "ဤ ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါး တရားအပေါင်းသည် ဘေးမရှိ။ ဤ ရတနာသုံးပါး တရားအပေါင်းသည် အမြတ်ဆုံး ဖြစ်၏။ ဤ သရဏဂုံသုံးပါး အမြတ်ဆုံးတရားကို ဆည်းကပ်ခြင်းကြောင့် ဆင်းရဲဒုက္ခ အလုံးစုံမှ လွတ်မြောက်ရ၏[၁]"ဟူ၍ ဖြစ်ပေ၏။

---

၁။ ဓမ္မပဒပါဠိ၊ ၄၂။ ဒု၊ ၄၊ ၁၆၇။

## အင်္ဂုဒတ္တနှင့် သရဏဂုံသုံးပါး

အင်္ဂုဒတ္တကား ကောသလမင်းကြီး၏ ပုရောဟိတ်တယောက် ဖြစ်၏။ ကောသလမင်းကြီးသည် အင်္ဂုဒတ္တ၏ ကွယ်လွန်ပြီးဖြစ်သော အဖ ပုရောဟိတ် ပုဏ္ဏားကြီးကို ရိုသေလေးစားသောအားဖြင့် သား အင်္ဂုဒတ္တကိုလည်း အဖရာထူးကို ပေးသနားခြင်းဖြင့် ချီးမြှင့်မြှောက်စားထားလေသည်။

ကောသလမင်းကြီးသည် အင်္ဂုဒတ္တ၏ ဖခင်ပုရောဟိတ်ပုဏ္ဏားကြီးကို ရိုသေလေးစားသလို သား အင်္ဂုဒတ္တအားလည်း ရိုသေလေးစား၏။ ခရီးဦးကို ပြု၏။ သို့ရာတွင် "မင်းတို့စိတ်မည်သည် အခါခပ်သိမ်း အမြဲတမ်း မကြည်နိုင်" ဟူသော အချက်ကို ကောင်းစွာသုံးသပ်ရှုမြင်မိသော အင်္ဂုဒတ္တသည် ကောသလမင်းအား ပန်ကြားရှ် "မုန်းတီးမှု ခွဲခွာရသည်ထက် ချစ်ခင်နှစ်သက်စဉ်က ခွဲခွာရသည်က မြတ်၏" ဟူသော ရည်ရွယ်ချက်ဖြင့် ကောသလမင်း၏ မြတ်နိုးတသရှိစဉ် ခွဲခွာကာ သာသနာပ ရဟန်းတပါးအဖြစ် ရဟန်းပြုခဲ့လေသည်။

အင်္ဂုဒတ္တရဟန်းပြုချိန်တွင် လောကသုံးပါး၌ ဘုရားမပွင့်သေးချေ။ ထို့ကြောင့် သာသနာပဟူသော စကားခွန်းကို သုံးနှုန်းထားခြင်း ဖြစ်၏။

အင်္ဂုဒတ္တတွင် နောက်ပါရဟန်း တသောင်း ရှိ၏။ အင်္ဂုဒတ္တသည် နောက်ပါ ရဟန်းတသောင်းနှင့်အတူ အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းတို့၏အကြား တခုသော အရပ်တွင် နေထိုင်လေသည်။ နောက်ပါ တပည့်ရဟန်းတို့အားလည်း ဤသို့ သွန်သင်ညွှန်ကြား၏။

"တပည့်တို့၊ ကာမဂုဏ်ကြံစည်မှု ကာမဝိတက်စသော ဝိတက်ဖြစ်ပေါ်သူသည် မြစ်မှသဲကို ယူ၍ သဲဒဏ်ထမ်းရမည်"—

ဟူ၍ ဖြစ်၏။

နောက်ပါတပည့်ရဟန်းများကလည်း အင်္ဂုဒတ္တ ညွှန်ကြားချက်နှင့်အညီ လိုက်နာပြုလုပ်ကြရကား ကာမဂုဏ်ကြံစည်မှု ကာမဝိတက် ဖြစ်ပေါ်လာတိုင်း သဲဒဏ်ထမ်းကြရသည်။ ထို့ကြောင့် နောင်သောအခါတွင် ယင်းအရပ်၌သဲပုံကြီး

တခု ဖြစ်ပေါ်လာလေသည်။ သို့ရာတွင် ယင်းသဲပုံကြီးကို အဟိဆတ္တဒမည်ရှိ နဂါးတကောင်က သိမ်းပိုက်လိုက်လေသည်။

အင်္ဂတိုင်း၊ မဂဓတိုင်း၊ ကုရုတိုင်းသူ လူအပေါင်းတို့ကလည်း အဂ္ဂိဒတ္တနှင့် တပည့်များအား လစဉ်လတိုင်း ကြီးစွာသော ပူဇော်မှုကို ပြုကြလေသည်။ ပူဇော်မှုပြုကြသူ လူအပေါင်းတို့အားလည်း အဂ္ဂိဒတ္တက—

တော တောင် အရာမ် သစ်ပင်တို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ရမည်၊ ယင်းသို့ ကိုးကွယ်ဆည်းကပ်ခြင်းအားဖြင့် ဒုက္ခအားလုံးမှ လွတ်ငြိမ်းချမ်းသာနိုင်၏—

ဟု ဆုံးမညွှန်ကြားလေသည်။

တနေ့သောအခါ ဗုဒ္ဓသည် အဂ္ဂိဒတ္တအား သရဏဂုံဘည်ဗေ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်စေရန် အဂ္ဂိဒတ္တထံ သားတော်ကြီး ရှင်မဟာမောဂ္ဂလာန်ကို စေလွှတ်၍ ကြိုတင်စီမံမှုများ ပြုလုပ်စေရတော့သည်။

ယင်းသို့ဖြင့် ရှင်မဟာမောဂ္ဂလာန်သည် အဂ္ဂိဒတ္တဘိုဆရာတပည့်များနှင့် အဂ္ဂိဒတ္တတို့ ဆရာဘပည့်ဘတွေ့ လက်မြှောက်အရှုံးပေးထားသော အဟိဆတ္တနဂါးအပေါ် တန်ခိုးဖြင့် အောင်နိုင်မှုများ ရယူကာ ကြိုတင်စီမံမှုများ ပြုလုပ်ခဲ့လေသည်။

"အဂ္ဂိဒတ္တ၊ သစ်ပင်တောဘောင်တို့ကို ကိုးကွယ်ဆည်းကပ်သူသည် အလုံးစုံသော ဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်ချေ။ စင်စစ်သော်ကား ဘုရား တရား သံဃာဟူသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူသည်သာ ဆင်းရဲဒုက္ခအားလုံးမှ လွတ်ငြိမ်းနိုင်ပေ၏[၁]"

ဟု ဗုဒ္ဓက ညွှန်ကြားဆုံးမတော်မူလေသည်။

အဂ္ဂိဒတ္တနှင့် တပည့်များသည် ဗုဒ္ဓညွှန်ကြားတော်မူသည့် အတိုင်း သရဏဂုံဆောက်တည်၍ တရားတော်အဆုံး ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ဒု-တွဲ၊ ၁၅၆။

အာသဝေါကုန်ခန်း ရဟန္တာများဖြစ်ကြကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခဲ့ကြလေသည်။

**တောင်ပုလု ဝိပဿနာရှုမှတ်နည်း**

ယနေ့ည တရားအားထုတ်လိုသူများရှိသဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး စေခိုင်းတိုက်တွန်းတော်မူချက်အရ ဗုဒ္ဓဘာသာ အမေရိကန်တို့အား တရားပြရသည်။ အမေရိကန်ရောက်၍ ၂–ရက်မြောက် ဖြစ်သောနေ့တွင် တရားပြရခြင်းကြောင့် အမေရိကန်တွင် ပထမဆုံးတရားပြခြင်းဟု ဆိုနိုင်သည်။ တရားမပြမီ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ရေလာကောင်းအောင် မြောင်းပေးသော အနေဖြင့် "တရားရှုမှတ်ရာတွင် စိတ်ကို နှာသီးဖျားမှာ ထားပြီး ရှုမှတ်တဲ့နည်းလဲရှိတယ်။ စိတ်ကို နားမှာထားပြီး ရှုမှတ်တဲ့နည်းလဲ ရှိတယ်။ ဘယ်နည်းနဲ့ရှုမှတ် ရှုမှတ် နည်းမှန်လမ်းကျဘို့က အရေးကြီးတယ်" ဟု လမ်းကြောင်းပေးတော်မူသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး လမ်းကြောင်းတော်မူချက်တွင် "နည်းမှန် လမ်းကျဘို့က အရေးကြီးတယ်" ဟူသော မိန့်ကြားတော်မူချက်သည် လေးနက်သောအဓိပ္ပာယ်ကို ဖော်ဆောင်ညွှန်ပြလျက် ရှိသည်။ ဝိပဿနာယောဂီ အားထုတ်ရှုမှတ်သော ဝိပဿနာနည်းသည် နည်းမမှန် လမ်းမကျဖြစ်လျှင် ဝိပဿနာယောဂီ၏ သန္တာန်၌ အစဉ်ကိန်းလျက် ရှိသော အနုသယကိလေသာများကို အစင်ဆေးကြောနိုင်သေးမည် မဟုတ်ချေ။

ရန်သူဝိုင်းထားစဉ် လွတ်မြောက်ရန် လမ်းရှာသော ယောကျ်ားအတွက်သော်လည်းကောင်း၊ မစင်လူးစဉ် ဆေးကြောရန် ရေရှာသော ယောကျ်ားအတွက်သော်လည်းကောင်း နည်းမှန်လမ်းကျသော လမ်းနှင့်ရေသည် အားကိုးထောက်တည်ရာ လွတ်မြောက်ရာ ဖြစ်သကဲ့သို့ နည်းမှန်လမ်းကျသော ဝိပဿနာရှုမှတ်နည်းသည်လည်း ဝိပဿနာယောဂီသန္တာန်၌ အနုသယ အစေးခံတ်များကို အစင်ဆေးကြောရေးတွင် ဝိပဿနာယောဂီအတွက် အားကိုးထောက်တည်ရာ လွတ်မြောက်ရာ ဖြစ်ပေမည်။ ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရား

ကြီး၏ ဝိပဿနာ ရှုမှတ်နည်းသည် စိတ်ကို နားမှာထားပြီး ရှုမှတ်ရသော နည်းဖြစ်သည်။

ဝိပဿနာ ရှုမှတ်နည်း နည်းမှန်လမ်းကျ ဖြစ်ပြန်ကလည်း မိမိစိတ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဘို့က အရေးကြီးကြောင်း ဗုဒ္ဓဘာသာ အမေရိကန်တို့အား သွန်သင်ပြသရသည်။ ရဟန်းသာမဏေများတွင် သိက္ခာ၊ မင်းများတွင် ဘိသိက်မင်္ဂလာသည် အရေးကြီးသော အစိတ်အပိုင်း ဖြစ်သကဲ့သို့ သူတော်ကောင်း ဖြစ်ကြသော ဝိပဿနာယောဂီများတွင်လည်း စိတ်သည် အရေးကြီးသော အစိတ်အပိုင်းကြီးပင် ဖြစ်သည်။ ဝိပဿနာယောဂီတွင် စိတ်ကောင်း နှလုံးကောင်း ရှိရမည့်အပြင် စိတ်ကို မရွေ့မလျား ထားသည့်နေရာတွင် တသမတ်တည်း စိုက်နေအောင် တည်နေမှသာလျှင် ယောဂီ၏ ဝိပဿနာလမ်းကို ဖြောင့်တန်းစေမည်ဖြစ်ကြောင်း တရားအားထုတ်တော့မည့် ဗုဒ္ဓဘာသာ အမေရိကန်တို့အား ညွှန်ကြားပြသရသည်။

ယင်းသို့ ညွှန်ကြားပြသပြီးနောက် "ခွေတင်ပလ္လင်၊ ထိုင်စေချင်၊ ကိုယ်လျှင် ဖြောင့်ဖြောင့်ထား" ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ချက်ကို တရားအားထုတ်တော့မည့် ဗုဒ္ဓဘာသာ အမေရိကန်တို့အား နှုတ်တိုက် ချပေးလိုက်ပြီးလျှင် "တင်ပျဉ်ခွေထိုင်ပါ၊ ကိုယ်ကို ဖြောင့်ဖြောင့်ထားပါ" ဟု ထပ်ဆင့် လမ်းညွှန်ရပြန်သည်။ အလေ့အကျင့်မရှိ၍ တင်ပျဉ်ခွေ မထိုင်တတ်ဖြစ်နေသော ဗုဒ္ဓဘာသာ အမေရိကန်များကို ဒေါက်တာ ရီနာဆာကားက စိတ်ရှည် လက်ရှည် အားပေးကူညီနေသည်ကို တွေ့ရှိရသည်။

"အာရုံများဖြင့်၊ ကြားမဝင်၊ စိတ်လျှင် မလွင့်ပြား" ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဒုတိယလမ်းညွှန်ချက်ကို နှုတ်တိုက်ချပေးလိုက်ပြီးလျှင် "ဘာမှ မစဉ်းစားနဲ့၊ စိတ်ကို ဘယ်မှ မရောက်စေနဲ့" ဟု ထပ်ဆင့် လမ်းညွှန်လိုက်သည်။ ယင်းသို့ ညွှန်ကြားလိုက်သဖြင့် တရား အားမထုတ်ဖူးသော အချို့ ယောဂီများက အကူအညီ ပေးစေချင်ဟန်ဖြင့် စိုက်ကြည့်နေကြပြန်သည်။ ယင်းသို့သော ယောဂီများအား နားလည် သဘောပေါက်အောင် ရှင်းပြရသည်။ ဗုဒ္ဓဘာသာ အမေရိကန်များသည် နားလည်သဘောပေါက်

အောင် ရှင်းပြက နားလည် သဘောပေါက်ကြသည်။ အထူးအားဖြင့် နားလည်သဘောပေါက်အောင် ရှင်းပြတတ်ဖို့က သာအရေးကြီးသည်။ တရားအားထုတ်ဖူးကြသော ယောဂီအချို့ ကိုယ်နေကိုယ်ဟန် အသင့်ဖြစ်နေချေပြီ။

"မျက်နှာတည့်ကာ၊ မှိတ်ထားပါ၊ နားမှာ စိတ်ကိုထား"ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တတိယ လမ်းညွှန်ချက်ကို တရားအားထုတ်တော့မည့် ဗုဒ္ဓဘာသာ အမေရိကန်တို့အား နှုတ်တိုက်ချပေးလိုက်ပြီးလျှင် "မျက်နှာတည့်တည့်ထားပါ၊ မျက်စိမှိတ်ထားပါ၊ စိတ်ကို နားမှာထားပါ" ဟု ထပ်ဆင့် ညွှန်ကြားရပြန်သည်။ ဤတွင် ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီး၏ ဝိပဿနာ နည်းနာကို ရှုမှတ်ဖူးသော ဗုဒ္ဓဘာသာ အမေရိကန် ယောဂီအချို့အနေဖြင့် မည်သို့မျှ အခက်အခဲမရှိသော်လည်း အသစ်ဖြစ်နေသော အမေရိကန် ယောဂီအချို့မှာကား အခက်အခဲ တွေ့နေကြသည်။

ယင်းသို့သော ဗုဒ္ဓဘာသာ အမေရိကန်ယောဂီတို့အား "နားမှာ စိတ်ကိုထားခြင်းဖြင့် လက်ဖျစ်တတွက်အတွင်း စိတ္တက္ခဏ ကုဋေမကဖြစ်နိုင်သော စိတ်ကလေး၏ ကျယ်ပြောလှသော အာရုံဝန်းကို ဟုံ့စေလိုက်ခြင်းနှင့် တံခါးသို့ ငင်ရောက်လာသူ လူအားလုံးကို စစ်ဆေးနိုင်ရန် တံခါးဝတွင် တံခါးစောင့် ချထားရသကဲ့သို့ နားပသို့ ဝင်လာသော သဒ္ဒရုပ် မှန်သမျှကို ရှုမှတ်နိုင်ရန် နားဝတွင် အသိစိတ်ကို အစောင့်ချထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြသရသည်။ ယင်းသို့ ရှင်းပြ၍ သဘောကျလျှင် ဗုဒ္ဓဘာသာ အမေရိကန် ယောဂီတို့သည် ခေါင်း တညိတ်ညိတ် ဖြစ်နေတတ်ကြသည်။

"ကြားသည့်အသံ၊ စိတ်စိုက်ပြန်၊ ရှုရန် ယောဂီများ"ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ စတုတ္ထလမ်းညွှန်ချက်ကို နှုတ်တိုက် ချပေးလိုက်ပြီးလျှင် နားမှ ကြားရသည့်အသံ သဒ္ဒရုပ်ကို "ကြားတယ် ကြားတယ်"ဟု စိတ်ဖြင့် ရှုမှတ်နေရန် ထပ်ဆင့် လမ်းညွှန်ရသည်။ "ကြားတယ် ကြားတယ်"ဟု ရှုမှတ်နေယင်းက စိတ်လွတ်ပြီး အာရုံတခုမြင်လာလျှင် မြင်လာသော အာရုံကိုသာ "မြင်တယ် မြင်တယ်"ဟု ရှုမှတ်ရမည်။ ရှုမှတ်နေယင်းက ယင်းအာရုံပျောက်သွားလျှင် မူလရှုမှတ်မြဲ နားမှကြားရသော အသံကိုသာ "ကြားတယ် ကြားတယ်"ဟု ဆက်လက် ရှုမှတ်ရမည်ဟု ထပ်ဆင့် လမ်းညွှန်ရသည်။



ပုံ (၄) အမေရိကန် ဗုဒ္ဓဘာသာဝင်တို့က ဆရာတော်အား ဆွမ်းလောင်းလှူနေကြစဉ်

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းသည် ကမ္မဇပထဝီဓာတ်နှင့် စိတ္တဇပထဝီဓာတ်တို့ ပေါင်းဆုံ ထိခိုက်ရာမှ ဖြစ်ပေါ်တိုးတက်လာသော အသံသဒ္ဒရုပ်နှင့် နှီးနွှယ်၍ မိမိခန္ဓာ ကိုယ်အတွင်းတွင် ဖြစ်ပေါ်တိုးတက်နေသော သဒ္ဒရုပ်ကို အမိဖမ်းကာ ရှုမှတ်ရသော နည်းဖြစ်သည်။ အပသဒ္ဒရုပ်ကို ရှုမှတ်၍ အသားကျလာသောအခါ ယင်း အပသဒ္ဒရုပ် အလိုအလျောက် ပျောက်ကွယ်ပြီး မိမိခန္ဓာကိုယ်အတွင်းမှ "ဂျုံး ဂျုံး"ဟူသော သဒ္ဒရုပ်တခု ပေါ်လာသည်၊ ယင်းအတွင်းသဒ္ဒရုပ်သည် ခန္ဓာ ကိုယ်အနှံ့အပြားမှ ဖြစ်ပေါ်လာတတ်သည်။

ခန္ဓာကိုယ်အတွင်းမှ အမျှင်မပြတ် တရစပ် ဖြစ်ပြီးကပျက် ပျက်ပြီးက ဖြစ်နေသည့် ယင်း ဂျုံးဂျုံးဟူသော သဒ္ဒရုပ်၏ မမြဲမှု အနိစ္စ၊ ဆင်းရဲမှု ဒုက္ခ၊ အစိုးမရ အလိုသို့မလိုက်မှု အနတ္တဟူသော ခန္ဓာဉာဏ်ရောက် ဖြစ်ပျက်မှုသဘော ကို ခန္ဓာမှ ပြသည့်အတိုင်း ထင်မြင်လာအောင် ရှုမှတ်ရသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ အမေရိကန်များအား "ဖြစ်ပြီးကပျက်၊ အဆက်ဆက်၊ ဖြစ် ပျက် မြင်အောင်ပွား"ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ပဌမ လမ်း ညွှန်ချက်ကို နှုတ်တိုက်ချပေးလိုက်သည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ လမ်းညွှန်ချက်ငါးရပ်ကို နှုတ် တိုက်ချပေးကာ ဗုဒ္ဓဘာသာ အမေရိကန်တို့အား ပထမဆုံး တရားအားထုတ် စေခဲ့သည်။ ၁၅-မိနစ်ခန့်အကြာတွင် ရပ်နား၍ ကျေးဇူးရှင် ဆရာတော် ဘုရားကြီးက တရားစစ်ဆေးတော်မူသည်။ တရားအားထုတ်သော ဗုဒ္ဓဘာသာ အမေရိကန်များထံမှ "ဆရာတော်ဘုရား၏ ဝိပဿနာ နည်းနာသည် တပည့် တော်အား စိတ်ချမ်းသာစေပါသည်"ဟူသော လျှောက်ထားချက်ကို ပထမ ဦးဆုံး ကြားလာရသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ဆက်လက်အား ထုတ်ရန် တိုက်တွန်းတော်မူသည်။ အမေရိကန် စံတော်ချိန် ညဥ့် ၁၀-နာရီ ရှိပြီ ဖြစ်၍ တရားပွဲကို ရပ်နားလိုက်ကြသည်။

**သီရိရတနာ ခဏ္ဍသိမ်တော်**
**မင်းသမီးလဲ့ ငါပ ငါပ**

ပခုက္ကူဆရာတော်၏ရှေ့မှောက်တွင် ဦးမောင်မောင်၊ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌဖြစ်သည့် မစ္စတာတောင်ဝီလီယံစ်၊ ဒေါက်တာရိနာဆာကား၊ ဟယ်လင်ဂျိုးဇက်၊ မိုးရှီးရ်မက်ကွယ်ယားစသော ပုဂ္ဂိုလ်များသည် သိမ်မြေနေရာကို မြေညှိစက်ဖြင့် စည်မျက်နှာပြင်ပမာ ညီညွတ်အောင် သုတ်သင်ရှင်းလင်းနေကြပြီ ဖြစ်သည်။

သိမ်မြေနေရာကို ကမ္ဘာအေး ဓမ္မရိပ်သာအတွင်းမှာပင် ရရှိခဲ့ကြသည်။ သိမ်မြေ ဒါယကာကား စတင်းဖို့(ဒ်)တက္ကသိုလ် ပါမောက္ခ ဘော့မက္ကင်းနှင့် ဇနီး ဗာဂျီးနီယားတို့ ဖြစ်၍ သိမ်အဆောက်အအုံ ဒါယကာကား ဗုဒ္ဓဘာသာ အမေရိကန်တို့ ဖြစ်လေသည်။

ဗုဒ္ဓဘာသာ အမေရိကန်တို့က သိမ်ကို စိတ်ဝင်စားကြသည်။ သိလိုသော စိတ်ဖြင့်လည်း မေးမြန်းကြ၏။ "သိမ်ဆိုသည်မှာ သီးသန့်အဆောက်အအုံတခုဖြစ်ကြောင်း၊ သီးသန့်အဆောက်အအုံ ဆိုသည်နှင့်အညီ အခြားအဆောက်အအုံများနှင့် မထိစပ်စေရကြောင်း၊ နိမိတ်များလည်း သတ်မှတ်ပေးထားရကြောင်း၊ သိမ်သမုတ်မည့် နေရာသည် စည်မျက်နှာပြင်ပမာ ညီညွတ်စေရကြောင်း၊ ဂေါတမဗုဒ္ဓ၏ သာမုက္ကံသိကဒေသနာတော်ဖြင့်သာ နှုတ်ရ သမုတ်ရကြောင်းနှင့် ဂေါတမဗုဒ္ဓ သာသနာတော်မြတ်အတွင်းရှိ ရဟန်းတော်ဟူသမျှကို ဤကဲ့သို့သော သိမ်တွေက မွေးထုတ်ယူရကြောင်း"များကို အချိန်အနည်းငယ်အကြားမှ တတ်အားသရွေ့ ဖြေကြားရသည်။

ဗုဒ္ဓဘာသာ အမေရိကန်များလည်း သိမ်မြေနေရာကို ဝမ်းမြောက်ဝမ်းသာ တက်ကြွစွာ ပါဝင် ရှင်းလင်း သုတ်သင်ပေးကြသည်။ သို့သော် စက်မှုထွန်းကားသော အမေရိကန်ကဲ့သို့သော နိုင်ငံကြီးမျိုးတွင် မြေညှိ၍ တမုဟုတ်ချင်း ပြီးစီးစေနိုင်ကာမှု "မင်းသမီးလဲ ငါပ ငါပ၊ မင်းသားလဲ့ ငါပ ငါပ" ဟူသော မြန်မာတို့ ဆိုထုံးနှင့်အညီ သာသနာရေးကိစ္စ၊ ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စ အဝဝတွင် သည်လူစုချည်း ဖြစ်နေ၍ အလုပ်မတွင်ကျယ်ပဲ ရှိရလေသည်။

တဖက်မှလည်း သိမ်အဆောက်အအုံကိုပါ ဒွန်တွဲ လုပ်ဆောင်နေရသဖြင့် မြန်မြန်ဆန်ဆန် ပြီးစီးနိုင်ဘို့ဆိုသည်မှာ လက်တွေ့တွင် ပြောသလောက် မလွယ်ကူကြောင်း တွေ့ရှိရလေသည်။ ထို့ကြောင့် သိမ်ဖြစ်မြောက်ရေးကို တဖြေးဖြေးသာ ဆောင်ရွက်နိုင်ကြသည်။

**တုတ်တုတ်ပြုံးရယ်နှင့် ရိပ်သာက ဆွမ်းလောင်းမင်္ဂလာ**

နေ့ ၁၀-နာရီ၊ မိနစ် ၃၀-တွင် ဗုဒ္ဓဘာသာ အမေရိကန်တို့၏ ရိပ်သာတွင်း ဆွမ်းလောင်းလှူပွဲကြီးတွင် ဆွမ်းအလှူခံကြရသည်။ ဆွမ်းခံချင်တော်မူလှသော ပခုက္ကူဆရာတော်၏ အလိုဆန္ဒမှာ ပြည့်မြောက်သွားပြီ ဖြစ်သည်။ သာသနာပြု ခရီးစဉ်တလျှောက်တွင် ဆွမ်းခံဝတ် ပျက်ရ၍ စိတ်မချမ်းမသာ ဖြစ်ရရှာသော ပခုက္ကူဆရာတော်မှာ စိတ်ချမ်းသာမှု အပြည့်အဝ ရရှိသွားပေပြီ။

တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာ ဂေါပကများကလည်း အမေရိကန်နိုင်ငံတွင် ဆရာတော်များ သီတင်းသုံးတော်မူသရွေ့ ရိပ်သာအတွင်းတွင် နေ့စဉ် ဆွမ်းလောင်းလှူသွားကြပါမည့်အကြောင်း လျှောက်ထားကြလေသည်။ သို့သော် သူတို့ နိုင်ငံတွင် တောင်ရမ်းစားသောက်သူ မရှိပါ၍ အပြင်သို့ ဆွမ်းခံကြွသွားတော်မူခြင်းမှ သည်းခံတော်မူကြပါရန်လည်း လျှောက်ထားကြသေးသည်။ အမေရိကန်တို့၏ စေတနာကို ကြားသိရ၍ တောင်ပုလုသာသနာပြု အဖွဲ့မှာ များစွာနှစ်ထောင်းအားရ ဖြစ်ရတော့သည်။

အကြောင်းသော်ကား ကပ္ပိလဝတ်ပြည်သူ ယသောဓရာသည် သပိတ်ဖြင့် တရားသဖြင့် ဆွမ်းခံစားသောက်သော ဘုရားရှင်ကို လေသာပြတင်းမှ တွေ့မြင်ရသဖြင့် သူတို့ သာကီဝင်မင်းမျိုးတွင် တောင်းရမ်း စားသောက်သူ တခါဘူးမျှ မရှိပါ၍ ယခုကဲ့သို့ တောင်းရမ်း စားသောက်ခြင်းမှာ မသင့်မြတ်ပါကြောင်း ယောက္ခမဖြစ်သူ သုဒ္ဓေါဒနမင်းကြီးအား လျှောက်ထားရာ သုဒ္ဓေါဒနမင်းကြီး ထိတ်ထိတ်ပျာပျာဖြစ်ကာ ပုဆိုးစွန်တောင်ပင့်ပြီး ဘုရားရှင်နောက် အလျင်အမြန်လိုက်၍ "ဤမျှလောက်သော ရဟန်းများအတွက် ယခုကဲ့သို့ ဆွမ်းခံနေစရာ မလိုပါဘုရား" ဟု ဘုရားရှင်အား လျှောက်ထားခဲ့ဘူး

လေသည်။ ထိုစဉ်က သုဓမ္မာဒါနမင်းကြီးစေတနာသည် ဘုရားရှင်အား အား တက်စေခဲ့လေသည်။ 'ယခုလည်း အမေရိကန်တို့၏ စေတနာကြောင့် တောင် ပုလု သာသနာပြုအဖွဲ့ များစွာအားတက်ခဲ့ပြီ ဖြစ်သည်'။

ဗုဒ္ဓဘာသာ အမေရိကန်ပြည်သူတို့သည် ရိပ်သာတွင်း လမ်းတလျှောက် ကော်ဇောများ၊ တဘက်များ ဆံပင်များခင်းကျင်း၍ ခရုသင်းများ၊ မောင်း များ၊ သံချောင်းများ တီးကြ မှုတ်ကြကာ သာသနာပြုအဖွဲ့အား နေ့စဉ် ဆွမ်းလောင်းလှူကြသည်။

ယနေ့ တဘာသာထူးခြားနေသည်ကား ဆွမ်းလောင်းပွဲတွင် ပြော စည်သံများ မြိုင်ဆိုင်နေခြင်းပင် ဖြစ်သည်။ မည်သူက ရှာလာသည် မသိ။ ရှားရှားပါးပါး မြန်မာ့ကြည်နူးဖွယ် ပြောတီတ်ခွေများကို ကက်ဆက်ဖြင့် ဖွင့် လျက် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဆွမ်းလောင်းလှူနေကြသည်။

မြန်မာ့ ပြောစည်သံကို ကြားရ၍ မြန်မာနိုင်ငံကို ဆွမ်းလောင်းယင်း လွမ်းဆွတ်ကြေကွဲနေကြသော မြန်မာ ဒါယိကာမကြီးများကိုလည်း မျက်ရည် လည်ရွှဲဖြင့် တွေ့မြင်ရသည်။ ကြားရခဲလှသော မြန်မာ့ပြောစည်သံကို ကြား လာရ၍ တနေ့ကမှ အမေရိကန်နိုင်ငံသို့ ရောက်ခဲ့ရသော မိမိသည်ပင် မြန်မာ နိုင်ငံကို လွမ်းဆွတ်ကြည်နူးမိသလိုခံစားရချေသည်။

သို့ဆိုပါလျှင် အမေရိကန်နိုင်ငံသို့ ကြာမြင့်စွာက ရောက်ရှိနှင့်ကြသော မြန်မာရင့်မကြီးများအဖို့ အဘယ်မှာလျှင် မလွမ်းဆွတ် မကြေကွဲပဲ ရှိခိုမ့်မည် နည်း။ ဗုဒ္ဓဘာသာ အမေရိကန်တို့ကား စတုမဟာရာဇ် နတ်မင်းလေးပါး၏ ကောင်းမှုရှင် ပုရပိုက်တွင် ကောင်းမှုရှင် စာရင်းဝင် ဖြစ်သွားကြပေပြီ။ ဗုဒ္ဓ ဘာသာ အမေရိကန်တို့၏ နာမည်များသည် တာဝတိံသာရှိ သုဓမ္မာခန်းမ တော်ကြီးတွင် ထင်ပေါ်လျက် ရှိနေတော့ မည်မှာ မလွဲမသွေပင် ဖြစ်ပေ တော့၏။

ဗုဒ္ဓဘာသာ အမေရိကန်တို့အား မုံရွေးဆရာတော်၏ စာပန်းချီဖြင့် ဝှဲချီးရသော်—

---

၁။ ဇာတကအဋ္ဌကထာ ပ-တွဲ၊ ၁၀၅။

"အလှူသီလ၊ အားထုတ်ကြသော်၊ မိုးဝရပ်ခွင်၊ နတ်ပေါင်း
မြင်က၊ စိတ်ရွှင်ဝမ်းသာ၊ ရွှေပေလွှာနှင့်၊ ရွှေစာရေးလျက်၊ ချမ်းအေး
ရိပ်သာ၊ သုခမ္မာမည်တွင်၊ စရပ်ပြင်မှာ၊ ထင်ထင်ရှားရှား၊ မောင့်ဖြစ်
လားကို၊ သိကြားဖုန်းခေါင်၊ သိစေအောင်လျှင်၊ ဖောင်ဖောင် အုန်း
အင်း၊နတ်တလင်းသည်။ ။စာရင်းသံချို လျှောက်စေတည်း"
ဟု ဝှဲချီးရအံ့ထင်သည်။

## သမ္မာဉာဏ်ပဗ္ဗ တရားပြ

ညတိုင်းညတိုင်း တရားပွဲကျင်းပလေ့ရှိရာ ယခုည၌လည်း တရားပွဲကြီး စတင်ကျင်းပလေပြီ။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် "ဤသတ္တဝါ သံသါရတွေ ဘယ်အကြောင်းကြောင့် ဖြစ်လာ တာလဲဆိုတော့ အဝိဇ္ဇာ နှင့် တဏှာကြောင့်ဖြစ်တာတဲ့" အစချီသော စကားဖြင့် တရားပွဲကို စတင်ဖွင့်လှစ်လေသည်။

တောင်ပုလု သာသနာပြုအဖွဲ့ အမေရိကန်သို့ရောက်ခဲ့သည်မှာ ရက်များ တစထက်တစ မြင့်လာပြီဖြစ်သောကြောင့်လည်းကောင်း၊ တရားအားထုတ်လိုသူ တို့ တရားအားထုတ်နိုင်ရန် တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာ တည်ရှိရာကို လမ်း ညွှန်မြေပုံဆွဲ၍ ဖြန့်ဝေ ထားသောကြောင့် လည်းကောင်း တရားနာ ပရိသတ် များ တစထက်တစ များပြားလာလျက်ရှိလေသည်။

တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာ အဆောက်အအုံသည် တရားနာ ပရိသတ် လေးငါးဆယ်ခန့်သာ နေရာပေးနိုင်လေသည်။ ထို့ကြောင့် အချို့ တရားနာပရိသတ်များသည် ရိပ်သာဝန်းအတွင်းမြေကြီးပေါ်ကလည်းကောင်း၊ အချို့ တရားနာပရိသတ်များသည် ရိပ်သာအပြင်ဘက်ရှိမိမိတို့ကားများပေါ်က လည်းကောင်း ရှိခိုးတရားနာလျက် ရှိသည်ကို တွေ့ရှိရ၏။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သာသနာပြုအဖွဲ့ အမေရိကန်သို့ ရောက်သော ရက်များတစထက်တစ မြင့်မားလာပြီဖြစ်ရာ လေ့လာသူများက

---

၁။ ပဋ္ဌာဝုဓ္ဓ၏၊ ပိဒ်ရေ-၅၅။ ဒီဃနိကာယ မဟာဝဂ္ဂအဋ္ဌကထာ၊ ၂၄၃။

လည်း တစထက်တစ များပြားလာလျက်ရှိပေ၏။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကလည်း မေးမြန်းလိုသူတို့ မေးမြန်းနိုင်ကြောင်း ခွင့်ပြုထားသဖြင့် မေးလားမြန်းလား လေ့လာလား ပြုလုပ်လာကြသည်ကို များစွာ တွေ့ရှိရ၏။

တခါတရံ တရားဟောနေစဉ်မှာပင် မိမိတို့ယုံမှား၍ ဝေခွဲမရဖြစ်နေသော အချက်အလက်များကို မေးမြန်းကြ၏။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးလည်း ဟောလက်စတရားကို ရပ်တန့်ကာ မေးမြန်းသူတို့ နှစ်ခြိုက်သဘောကျလောက်အောင် ဖြေကြားတော်မူလေသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဖြေကြားတော်မူချက်ကို ဒေါက်တာ ရိနာဆာကားနှင့် ဦးချမ်းထွန်းတို့က ဘာသာပြန် ဖြေရှင်းပေးကြလေသည်။

သူတို့၏ မေးခွန်းများသည် များသောအားဖြင့် ဟောလက်စတရားတွင် ပါဝင်သော အကြောင်းအရာတို့နှင့်သာ ဆက်စပ်ပတ်သက်လျက်ရှိသည်။ ဥပမာ "သတ္တဝါတွေ အဝိဇ္ဇာနှင့် တဏှာကြောင့် ဖြစ်လာရတယ်" ဟု ဟောပြောရာ၌ "အဝိဇ္ဇာဆိုတာ ဘာလဲ၊ တဏှာဆိုတာ ဘာလဲ" ဟူသော မေးခွန်းမျိုးများ ဖြစ်ပေ၏။

ယင်းသို့သောအခါမျိုးတွင် အဝိဇ္ဇာဆိုတာ မသိတာ၊ တဏှာဆိုတာ လိုချင်မက်မောတာကို ဆိုလိုတယ်။ ဆင်းရဲကို "ဆင်းရဲ" ဟု မသိ၍ လူ့ဘဝ နတ်ဘဝကို လိုချင်မက်မောမှုတဏှာဖြင့် လူ့ဘဝ နတ်ဘဝ ရရပါလိုကြောင်း မျှော်မှန်းတောင့်တလာတယ်။ တောင့်တတဲ့အတိုင်း လူ့ဘဝ နတ်ဘဝကို ရရှိလာတယ်။ လူ့ဘဝ နတ်ဘဝကို သည်လိုရရှိလာတာဟာ မသိမှု အဝိဇ္ဇာနှင့် လိုချင်မက်မောမှု တဏှာကြောင့် ရလာတာပဲ။ ဒါ့ကြောင့် သတ္တဝါတွေ အဝိဇ္ဇာနှင့် တဏှာကြောင့် ဖြစ်ပေါ်လာတယ် စသဖြင့် ရှင်းလင်းဖြေကြားလေသည်။

ယင်းသို့ ဖြေကြားရှင်းလင်းနေရသဖြင့် တခါတရံ တရားပွဲကြီး မျှောသွားလေသည်။ ယနေ့ည ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော်ကား "သမ္မဒေဿနပဗ္ဗ" ဖြစ်လေသည်။ ဆရာတော်ဘုရားကြီး

က "သိလွယ်အောင် တပိုင်းတစဖြတ်ပြီး ဟောပြမယ်" ဟု အစချီကာ သမ္မာဒိဋ္ဌိ ပဗ္ဗ တရားတော်ကို ဟောကြားတော်မူလေသည်။

"စားတယ်၊ သောက်တယ်၊ ကိုက်တယ်၊ လျက်တယ်၊ ကျင်ကြီး ကျင်ငယ်စွန့်တယ်" ဆိုတဲ့ သတိပဋ္ဌာန် ရှုမှတ်မှုထဲမှာ စားတာကို "စားတယ်" လို့သိလျှင် ဝိဇ္ဇာဖြစ်တယ်။ စားတဲ့အခါတိုင်း "စားတယ်၊ စားတယ်" လို့ အထူးသိတာကို ဝိဇ္ဇာလို့ခေါ်တယ်။ စားတာကို "စား တယ်၊ စားတယ်" လို့ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။ စားတဲ့အခါ တိုင်း မသိတာကို အဝိဇ္ဇာလို့ ခေါ်တယ်။

သောက်တယ်ဆိုတဲ့ သတိပဋ္ဌာန် ရှုမှတ်မှုလဲ သည်အတိုင်းပဲ။ ရေကိုပဲ သောက်သောက်၊ လက်ဖက်ရည် ကော်ဖီပဲ သောက်သောက်၊ သည့် အတိုင်း ရှုမှတ်ပွားများရမယ်။ သောက်တာကို "သောက်တယ်" လို့ အသိပါလျှင် ဝိဇ္ဇာဖြစ်တယ်။ "သောက်တယ်" လို့ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။ ကိုက်တယ် လျက်တယ် ဆိုတဲ့ သတိပဋ္ဌာန် ရှုမှတ်မှု များမှာလဲ သည့်အတိုင်းပဲ ရှုမှတ်ပွားများသွားရမယ်။

ကျင်ကြီးကျင်ငယ် စွန့်တဲ့အခါ ကျင်ကြီးကျင်ငယ် စွန့်တာကို "စွန့် တယ်" လို့ အသိပါလျှင် ဝိဇ္ဇာဖြစ်တယ်။ စွန့်တဲ့အခါတိုင်း "စွန့်တယ်၊ စွန့်တယ်" လို့ အထူးအသိပါလျှင် ဝိဇ္ဇာလို့ခေါ်တယ်။ စွန့်တာကို "စွန့်တယ်၊ စွန့်တယ်" လို့ အသိမပါလျှင် အဝိဇ္ဇာဖြစ်တယ်။ စွန့်တဲ့ အခါတိုင်း မသိတာကို အဝိဇ္ဇာလို့ခေါ်တယ်—"

စသည်ဖြင့် သမ္မာဒိဋ္ဌိပဗ္ဗ တရားတော်မြတ်ကို ဟောကြားတော်မူလေသည်။

## အရည်းတို့တမ်း ကျောင်းသခ်မ်းနှင့်

တောင်ပုလု သာသနာပြုအဖွဲ့၏ အမေရိကန်တွင် သာသနာပြုလုပ်ငန်း ဆိုင်ရာများ အရှိန်အဟုန်မရ ဖြစ်နေရသေး၏။ ယင်းသို့ဖြစ်ရခြင်းမှာ သမုတ် လတ္တံ့သော သီရိရတနာ ခဏ္ဍသိမ်တော်ကြီး မပြီးစီးသေးသောကြောင့် ဖြစ်၏။ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာနအေးဆရာတော်ကြီး၏ နှလုံးသွင်းကား

လူဝတ်ကြောင်နှင့် တရားအားထုတ်စေသည်က နည်းပါး၍ ရဟန်းဝတ် ရသေ့မဝတ် ယောဂီဝတ်များဖြင့် တရားအားထုတ်စေသည်က များလေသည်။

ရဟန်းဝတ်နှင့် တရားအားထုတ်စေလိုသော်လည်း ယနေ့တိုင် သိမ်မပြီး ပြတ်သေး၍ ရဟန်းဝတ်များဖြင့် တရားအားမထုတ်စေနိုင်ပဲ ရှိရလေသည်။ သို့ရာတွင် ရသေ့မဝတ် ယောဂီဝတ်များနှင့် တရားအားထုတ်ကြသူတို့ကား တစထက်တစ များပြားလာလျက်ရှိပေ၏။

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် ဘုရားကြီး၏ ဆန္ဒတော်ကား ဤသို့ဖြစ်၏—

လောကလူသားတွေ ကုသိုလ်ကံထောက်မ၍ ရခဲလှသောလူ့အဖြစ်ကို ကောင်းစွာ ရရှိလာကြ၏။ ကြားနာရခဲသည့် သူတော်ကောင်းတရား ဝိပဿနာများကိုလည်း ကြားနာအားထုတ်ခွင့် ရလာကြ၏။ ယင်းသို့သော အခွင့်ကောင်းကို ရကြပါလျက် ရခဲလှသော ရဟန်းအဖြစ်ကို လက်တကမ်းမျှဖြင့် လက်လွတ်ဆုံးရှုံးကြရမည် ဆိုသော် လောကလူသားများအတွက် ဆိုးရွားသော နစ်နာချက်ကြီးဖြစ်၏—

ဟု မြင်တော်မူ၏။

လူဝတ်ကြောင်နှင့် တရားအားထုတ်စေသည်ထက် ဝတ်ကြောင်ကို ပယ်ရှင်း၍ ရဟန်းအဖြစ်နှင့် ဝိပဿနာတရား 'အားထုတ်ဆည်းပူး စေခြင်းကသာ မဂ်ဖိုလ်နှင့် အနီးကပ်ဆုံး ဟူသော အချက်ကို အလေးအနက်ထားတော်မူ၏။ ထို့ကြောင့် ကျေးဇူးရှင်ဆရာတော် ဘုရားကြီးသည် ရခဲလှစွာသော ရဟန်းအဖြစ်ကို အရယူပေးတော်မူ၍ ရဟန်းဝတ်နှင့်သာ ဝိပဿနာတရားတော်မြတ်ကို အားထုတ်စေလေသည်။ မြန်မာနိုင်ငံ တောင်ပုလုတောရကမ္ဘာအေးရိပ်သာတွင်လည်း လူဝတ်ကြောင်အမျိုးသားယောဂီများ မရှိသလောက်ပင် ဖြစ်ချေ၏။

တောင်ပုလု သာသနာပြုအဖွဲ့ အမေရိကန်တွင် သာသနာပြုဆိုင်ရာ လုပ်ငန်းများ အရှိန်အဟုန်ရရေးသည် သိရိရတနာသုံးဂ္ဂ သိမ်တော်ကြီးကသာ ပြဋ္ဌာန်းလျက်ရှိလေသည်။ ထို့ကြောင့် တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာ

ဂေါပကများဖြစ်သည့် မစ္စတာတောင်ဗီလီယံစ် စသော ဗုဒ္ဓဘာသာအမေရိကန်တို့သည် သိမ်တော်ကြီး ပြီးမြောက်ရေးအတွက် မိုင်းပြင်းလျက်ရှိကြပေသည်။

သီရိရတနာခဏ္ဍသိမ်တော်ကြီး မပြီးမြောက်သေးစေကာမူ ရိပ်သာဝန်းကျင်တွင် သင်္ခမ်းကျောင်းခေါ် ရှက်ဖျင်တဲကလေးများကား အလျှိုအလျှိုပေါ်ပေါက်လာလျက်ရှိ၏။ တချို့ယောဂီများသည်ပင် ကျောင်းသင်္ခမ်းကလေးများနှင့် တရားအားထုတ်လျက် ရှိနေပေပြီ။ ထို့ကြောင့် "အရည်းတို့တမ်း ကျောင်းသင်္ခမ်းနှင့်" ဟုပင် ဆိုနိုင်ပေပြီ။ အရည်း ဟူသည်ကား သူတော်စင်ဟူသရွေ့ကို ဆိုလို၏။

## တမလွန်နှင့် အတွေးတစ္ဆေ

ရိပ်သာတွင် လေ့လာသူများ တစထက်တစ များပြားလာပြီဖြစ်ရာ မေးခွန်းများကလည်း ထူလာပြီဖြစ်၏။ သူတို့၏မေးခွန်းများမှာ အလုပ်စခန်းနှင့်ပတ်သက်သည့် မေးခွန်းများသာ ဖြစ်ပါ၏။ သို့ရာတွင် "တမလွန်လောကရှိသလား" ဟူသော သူတို့၏အတွေးတစ္ဆေက သာသနာပြုအဖွဲ့အား ခြိမ်းခြောက်လျက်ရှိနေသည်။ ထိုတစ္ဆေကား အတွေးနယ်ကျယ်သရွေ့ ခြောက်နေပေဦးမည်။

ကမ္ဘာပေါ်ရှိ ဘာသာတကာအားလုံးတွင် "တမလွန်လောကရှိ၏" ဟူသောဝါဒကို ဂေါတမဗုဒ္ဓဘာသာက လက်ခံထားသည်။ "တမလွန်လောကရှိသလား" ဟူသော ဝိတဏ္ဍဝါဒီတို့၏ မေးခွန်းများသည် အခြားဘာသာခြေချမရလောက်အောင် ဗုဒ္ဓဘာသာထွန်းကားသော မြန်မာနိုင်ငံအတွင်းမှာပင် မကြာမကြာ ခေါင်းထောင်ခေါင်းထောင် လာတတ်သေး၏။

သို့ဖြစ်၍ ဗုဒ္ဓဘာသာမထွန်းကားသေးသော အမေရိကန်လိုနိုင်ငံများ၌ ဤဝါဒကန့်မှချ ရှိရမည်ဟု တွက်ဆထားသည့်အတိုင်း တမလွန်အတွေးတစ္ဆေ အခြောက်ခံနေရခြင်းဖြစ်၏။

ဂေါတမဗုဒ္ဓသည် အကြောင်းတရားနှင့် အကျိုးတရား နှစ်ပါးစုံကို ဟုတ်မှန်စွာ ခံယူလျက်ရှိသောကြောင့် "တမလွန်လောကရှိ၏" ဟု ဟောကြား

၏။ အကြောင်းတရားဟူသည် ကုသိုလ် အကုသိုလ်စိတ် စေတသိက်တရားစုကို ဆိုလို၍ အကျိုးတရားဟူသည် ဝိပါက်စိတ် စေတသိက်တရားစုကို ဆိုလို၏။

"ကုသိုလ် အကုသိုလ်အကြောင်းအားလျော်စွာ ဝိပါက်အကျိုးတရား သတ္တဝါသခါရများ၊ ပေါ်ပေါက်လာရ၏"ဟု ဂေါတမဗုဒ္ဓလက်တွေ့သိမြင် တော်မူထားသည်။

ထို့ကြောင့် ပစ္စုပ္ပန်၊ တမလွန်ဟူသော ဝေါဟာရများလည်း ပေါ် ပေါက်လာရလေသည်။ ပစ္စုပ္ပန် ဟူသည် ကုသိုလ် အကုသိုလ်အကြောင်းခံ ဖြစ်ဆဲဘဝဆိုလို၍ တမလွန်ဟူသည် ပစ္စုပ္ပန်ဖြစ်ဆဲဘဝက ကုသိုလ် အကုသိုလ် အကြောင်းခံအားလျော်စွာ အကျိုးဘဝသစ် ရရှိလာခြင်းကို ဆိုလို၏။

အချုပ်ဆိုရသော် ဂေါတမဗုဒ္ဓဝါဒသည် ကံ ကံ၏အကျိုးကို ယုံကြည် ခြင်းပင် ဖြစ်ပေ၏။ ဂေါတမဗုဒ္ဓဘာသာဝင် ဟူသမျှတို့ကလည်း ကံ ကံ၏အကျိုး ကို မမှိတ်မသုံ ယုံကြည်ကြ၏။ ထို့ကြောင့် "တမလွန်လောကရှိ၏" ဟု ယုံမှား ကင်းစွာ ယုံကြည်ထားကြပေသည်။

**အဂ်ိတမင်းကြီးနှင့် တမလွန်ဝါဒ**

"တမလွန်လောက ရှိသည်။ တမလွန်လောက မရှိ"ဟူသော ဝိတဏ္ဍ ဝါဒီတို့၏ စကားနှင့် ပတ်သက်၍ [တမလွန်လောက မရှိဟု ခံယူသော အဂ်ိတိ မင်းကြီးအကြောင်းကို တင်ပြလို၏။ အဂ်ိတိမင်းကြီးသည် တမလွန်လောက မရှိဟု ခံယူသူများတွင် ပြိုင်စံရှားသော ပုဂ္ဂိုလ်ဖြစ်၏။

အဂ်ိတိမင်းကြီးကား ဝိဒေဟနိုင်ငံ မိထိလာမြို့ကို အုပ်ချုပ်ကွပ်ကဲရ၏။ အဂ်ိတိမင်းကြီးတွင် ရုစာမည်သော သမီးချောတယောက် ရှိလေသည်။ လော က လူသားတို့၏ စိတ်ကား ဆန်းကြယ်လှ၏။ တမိဝမ်းတွင်း အတူဆင်း ဖြစ် လင့်ကစား အသက်ရှူရာတွင် ကွဲပြားလျက် ရှိကြ၏။ သွေးရင်းသားရင်း ခေါက်ခေါက် ဖြစ်လင့်ကစား အမိအဖနှင့် အသက်ရှူချင်း မတူကြ။

ဆရာက ဗုဒ္ဓဝါဒကို ခံယူကျင့်သုံးလင့်ကစား တပည့်က အခြားဘာသာ ဝါဒကို ခံယူကျင့်သုံးလား ကျင့်သုံး၏။ အဖက ဗုဒ္ဓဝါဒကို ကျင့်သုံးလင့်ကစား

သားသမီးများက အခြားဘာသာဝါဒကို ခံယူကျင့်သုံးလား ကျင့်သုံး၏။ တပည့်နှင့် သားသမီးများက ဗုဒ္ဓဝါဒကို ခံယူကျင့်သုံးလင့်ကစား ဆရာနှင့် မိဘက အခြားဘာသာဝါဒကို ခံယူကျင့်သုံးလား ကျင့်သုံး၏။

ယခုလည်း အင်္ဂုတ္တိမင်းကြီးတွင် သမီးချော ရုစာရှိရာ သားအဖချင်း အယူမတူ တမူကွဲပြား ခြားနားလျက် ရှိ၏။ ဖခင် အင်္ဂုတ္တိမင်းကြီးကိုယ်တိုင်က တမလွန်လောက မရှိဟု ခံယူ၍ သမီးရုစာက တမလွန်လောက ရှိ၏ဟု ခံယူလေသည်။ သူကိုယ်တိုင် မေ့ပါလျက် သူ့လို ဖြစ်မလာ၍ အင်္ဂုတ္တိမင်းကြီး စိတ်နာ၏။ လောကလူသားတို့၏ စိတ်ကား ဤသို့လျှင် ဆန်းကြယ်လှ၏။

ဖခင် အင်္ဂုတ္တိမင်းကြီး စိတ်နာလိုး နာသော်လည်း သမီးရုစာအနေဖြင့် တမလွန်လောက ရှိ၏ဟု ခံယူရုံမျှမက ဖခင်ကြီးအား တမလွန်လောက မရှိဟူသောဝါဒ စွန့်လွှတ်ရန်ပင် တောင်းပန်တိုးလျှိုးလိုက်သေးသည်။ ရုစာမင်းသမီးကား ရှေးနောက် ခုနစ်ဘဝကို မြင်စွမ်းနိုင်သော အမျိုးသမီးထူးတယောက် ပေတည်း။

ရုစာမင်းသမီးသည် မိမိ တွေ့ရှိခံစားရပြီး ခံစားရလတ္တံ့သော ရှေ့နောက် ခုနစ်ဘဝအတွေ့အကြုံကို သက်သေသာဓကပြုလုပ်၍ မိမိ ဖခင်ကြီးအား တမလွန်လောက ရှိပါကြောင်းနှင့် တမလွန်လောက မရှိဟူသော ဝါဒကို စွန့်လွှတ်ရန် ပန်ကြား လျှောက်ထားလေသည်။

သို့ရာတွင် ရုစာမင်းသမီး သက်သေသာဓက မည်သို့ပြ၍ မည်သို့လျှောက် ထားစေကာမူ အင်္ဂုတ္တိမင်းကြီးကား တမလွန်လောက မရှိဟူသော ဝါဒကို စွန့်ပယ်ရန် စိုးစဉ်းမျှ စိတ်မညွတ်ပဲ ရှိနေ၏။ ဖခင်အား မိစ္ဆာအယူမှ ကယ်တင်ရန် အခက်ကြုံနေသော သမီးတော်ရုစာသည် လောကပါလ နတ်မင်းကြီး များအား တိုင်တမ်းပြောဆိုလိုက်လေသည်။

ထိုအချိန်တွင် ဂေါတမဗုဒ္ဓအလောင်းသည် ဗြဟ္မာ့ပြည်တွင် နာရဒ အမည်နှင့် ဗြဟ္မာမင်းကြီး ဖြစ်လျက်ရှိသည်။ ရုစာ၏ တိုင်တမ်းသံကို နားနှင့် ဆတ်ဆတ်ကြားရသော နာရဒဗြဟ္မာကြီးသည် လူ့ပြည်သို့ သက်ဆင်းလာခဲ့ လေသည်။ ၊ ရုစာ၏ တိုင်တမ်းသံကို အခြား လောကပါလနတ်မင်းကြီးများ

ကြားသော်လည်း အင်္ဂတိမင်းကြီးအား အမှန်တရား မပြနိုင်ကြချေ။ ထို့ကြောင့် နာရဒမြဟ္မာကြီးက လူ့ပြည်သို့ သက်ဆင်း လာရောက်ရခြင်း ဖြစ်ပေ၏။

နာရဒမြဟ္မာကြီးသည် ရသေ့အသွင်ကို ယူလျက် အင်္ဂတိမင်းကြီးအား တမလွန်လောက ရှိကြောင်း သွန်သင်ပြသ ဆုံးမလေ၏။ သို့ရာတွင် အင်္ဂတိမင်းကြီးကား တမလွန်လောက မရှိဟု ခံယူသူများတွင် နှစ်ယောက် မရှိသည်နှင့်အညီ ခေါင်းမာနေရုံမျှမက "ဗြဟ္မာမင်းကြီး၊ တမလွန်လောက ရှိသည်ဟု ဆိုပါလျှင် အကျွန်ုပ်အား ငွေငါးရာ ချေးပါ။ တမလွန်လောကကျမှ တထောင် ပေးပါမည်"ဟုပင် ပြက်ရယ်ပြုလိုက်သေး၏။

"ရှင်ရှင်း နတ်ကျော်၊ သေသော် ရောက်ရာ၊ လမ်းတာ တဖန်၊ တမလွန်ဇာတိ၊ ရှိ၏ အယူ၊ မှန်သည်မှုအံ့၊ ဤလူဖြစ်ငြား၊ ကျွန်ုပ်အား ကို၊ ငွေငါးရာမျှ၊ ကြွေးမြီချလော့၊ ဘဝနောင်ခါ၊ သူ့ရွာမရှောင်၊ တထောင်ဥစ္စာ၊ ပေးဆပ်ပါအံ့[၁]"

အင်္ဂတိမင်းကြီးက နာရဒမြဟ္မာကြီးအား ပြက်ရယ်ပြုပုံကို မုံရွေးဆရာတော်က စာပန်းချီ မှုန်းထားခြင်း ဖြစ်ပေ၏။ နာရဒမြဟ္မာကြီးကလည်း "ရွှေထီးဆောင်းသော မင်းကောင်းဖြစ်လျက် မင်းကျင့်တရား မြတ်ဆယ်ပါးနှင့် ပြည့်စုံ၍ ကံ ကံ၏အကျိုးကို ယုံကြည်ကာ သမ္မာဒိဋ္ဌိအယူ မှန်ကန်ကျင့်သုံးသူ ဖြစ်ပါမူ သင်တောင်းသော ငွေငါးရာကို ငါပေးအံ့"ဟု ရဲရဲကြီး အဖြေပေးခဲ့လေသည်။

"မင်းသားစင်စစ်၊ ဖြစ်သည်မင်းရိုး၊ ရွှေထီးမိုးလျက်၊ မင်းမျိုးတကာ၊ ကျင့်မြဲရာဖြင့်၊ ကောင်းစွာကြိုင်သင်း၊ သီတင်းသီလ၊ အာစာရနှင့်၊ ဒါနတမူ၊ တံခွန်ထူ၍၊ အလှူခံကို၊ လွန်ကြည်ညိုလျက်၊ ကုသိုလ်ပျော်ပါး၊ တရားယုံကြည်၊ သမ္မာတည်မူ၊ သင်ရည်တိုင်းသာ၊ ငါးရာရွှေငွေ၊ ငါပေးပေအံ့[၂]"

၁။ နာရဒပျို့ ပိုဒ်ရေ ၁၄၅။ ဇာတကအဋ္ဌကထာ၊ သတ္တမတွဲ၊ ၁၃၀။
၂။ နာရဒပျို့ ပိုဒ်ရေ ၁၅၄။ ဇာတကအဋ္ဌကထာ၊ သတ္တမတွဲ၊ ၁၃၀။

နာရဒပြဟ္မာမင်းကြီး၏ အင်္ဂတိမင်းကြီးအား တမလွန်လောကရှိကြောင်း ရဲရဲကြီး အဖြေပေးထားဟန်ကို မုံရွေးဆရာတော်က စာပန်းချီခြယ်မှုန်းထားခြင်းပင် ဖြစ်သည်။ နောက်ဆုံးတွင် အင်္ဂတိမင်းကြီးသည် "ငရဲခံနေရသူထံ ငါ့ငွေတထောင်ပေးလို့ ဘယ်သူက လိုက်တောင်းနေမှာလဲ"ဟူသော နာရဒပြဟ္မာမင်းကြီး၏ ကြိမ်းမောင်းသောစကားဖြင့် တမလွန်လောက မရှိဟူသော ဝါဒကို စွန့်လွှတ်ခဲ့ရသည်။

**ပစိဖိတ် သမုဒ္ဒရာသို့ ရေကသိုဏ်းရှု**

ရိပ်သာအတွင်းတွင် ၅-ရက်တာမျှ တဝဲလည်လည် အခန်းအောင်းနေခဲ့ရ၍ စိတ်များ ညှိုးနွမ်းနေရာမှ သြဂုတ် ၈-ရက်နေ့တွင် စိတ်များပြန်လည်လန်းဆန်းလာသည်။ စိတ်များက ပေါ့သလိုလိုလည်း ဖြစ်လာသည်။'

မြန်မာနိုင်ငံ ကျေးလက်သုံး ဒေသိယဝေါဟာရအနေဖြင့် မမြင်ဘူး၍ သွားကြည့်သည်ဟုဆိုဆို၊ ရပ်ကြီး ပြည်မသူတို့၏ ယဉ်ကျေးသိမ်မွေ့သော အသုံးအနှုန်းဖြင့် လေ့လာရေး ခရီးထွက်သည်ဟုပင် ပြောပြော၊ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အနေဖြင့် ရေကသိုဏ်းရှုသွားသည်ဟုပင် မိန့်မိန့်၊ ပစိဖိတ်သမုဒ္ဒရာကြီးသို့ ခရီးထွက်ကြရမည်ဖြစ်၍ စိတ်များပေါ့သလိုလို ဖြစ်လာရခြင်းဖြစ်သည်။ ကျွန်ုပ်သန္တာန်တွင် ခရီးသွားလိုသော စိတ်များကသာ လွှမ်းမိုး ကြီးစိုးလျက်ရှိရာ ဖျောက်ဖျက်မရပဲ ရှိတော့သည်။

> "ဖြစ်ပေါ်လာသည့် စွဲမက်မှုရာဂကို ဖျောက်နိုင်ခဲလှ၏။ ဖြစ်ပေါ်လာသည့် အမျက်ထွက်မှု ဒေါသကို ဖျောက်နိုင်ခဲလှ၏။ ဖြစ်ပေါ်လာသည့်တွေဝေမှု မောဟကို ဖျောက်နိုင်ခဲလှ၏။ ဖြစ်ပေါ်လာသည့် ဉာဏ်၌ထင်မြင်မှုကို ဖျောက်နိုင်ခဲလှ၏။ ဖြစ်ပေါ်လာသည့် ခရီးသွားလိုမှု စိတ်ကို ဖျောက်နိုင်ခဲလှ၏"

ဤကား ဂေါတမဗုဒ္ဓ၏ ဟောကြားချက် ဖြစ်လေသည်။ ဂေါတမဗုဒ္ဓသည် ကိုယ်တိုင်သိ ကိုယ်တိုင်တွေ့သော တရားများကိုသာ ဟောကြားတော်

---

၁။ ပဥ္စင်္ဂုတ္တရပါဠိ၊ ၁၆၂။

မှုခြင်းဖြစ်ရာ ယင်း ဟောကြားတော်မူသော တရားဒေသနာတော်တိုင်းကို မည်သည့်ပုဂ္ဂိုလ်ကမျှ "မမှန်ကန်"ဟု ပြန်လှန်ငြင်းဆန်နိုင်ခြင်း မရှိခဲ့ချေ။ ဂေါတမဗုဒ္ဓ၏ တရားဒေသနာတော်အယဉ်ကို မိမိဉာဏ် အထောက်အလှမ်းမမှီ၍ ကနဦးတွင် ငြင်းဆန်ကောင်း ငြင်းဆန်ကြမည်ဖြစ်သော်လည်း နောက်ဆုံးတွင် ပုဂ္ဂိုလ်တိုင်းက လက်ခံရသည်ချည်းဖြစ်သည်။ ကျွန်ုပ်၏သန္တာန်မှ ဖြစ်ပေါ်လာသော ခရီးသွားလိုစိတ်များသည် ဖျောက်ဖျက်မရပဲ ရှိချေပြီ။

ဂေါတမဗုဒ္ဓက "ကျေနပ်ပြုရမည့် အမှုကိစ္စများ မပြုရသေးမီအချိန်၊ အမှုကိစ္စများပြုပြီးချိန်၊ ကျေနပ်သွားရမည့်ခရီးသို့ မသွားရသေးမီအချိန်၊ သွားပြီးချိန်၊ စားသောက်ဖွယ်များ မစားသောက်ရသေးမီ အချိန်၊ စားသောက်ပြီးအချိန်၊ ရောဂါကင်းနေသောအချိန်နှင့် ရောဂါပျောက်ပြီးအချိန်"[၁]များတွင် သတ္တဝါများသန္တာန်၌ စိတ်စောမှုကလေး ဖြစ်ပေါ်လာတတ်ကြောင်းကိုလည်း ဟောညွှန်ခဲ့ပါသေးသည်။ စင်စစ် ယင်းဟောညွှန်ချက်များသည် ဂေါတမဗုဒ္ဓ၏ ကိုယ်တွေ့တရားများသာ ဖြစ်ပေရာ ခရီးသွားလိုသော သတ္တဝါတိုင်း သန္တာန်၌ စိတ်စောမှုများရှိကြောင်း ဝန်ခံရမည်သာ ဖြစ်ချေသည်။ ကျွန်ုပ်၏ သန္တာန်တွင် စိတ်စောမှုကလေးများသည်ပင် ထပ်ဆင့် ပူးကပ်လာခဲ့ချေပြီ။

သို့ဖြစ်သည်နှင့်အညီ ကျွန်ုပ်၏သန္တာန်မှ ဖြစ်ပေါ်လာသော ခရီးသွားလိုစိတ်သည် ဖျောက်ဖျက်မရရုံမျှမက စိတ်စောမှုကလေးများ ထပ်ဆင့် ပူးကပ်လာကာ "သွားကြမှာ အတူတူဖြင့် မြန်မြန်သာသွားကြပါ"ဟူ၍ပင် မည်သူ့အားမျှ မရည်ညွှန်းပဲ စိတ်ထဲမှ ကျိတ်ခဲ၍ အခါခါ တိုက်တွန်း နေမိပြန်ချေသည်။

သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့အနေဖြင့် ရိုးရိုးယဉ်ယဉ်ကလေး ရေကသိုဏ်း သွားရှုသည်ဟုပင် ဆိုလိုက်ကြပါစို့။ ဖျောက်ဖျက်မရသောစိတ်ဖြင့် ကျိတ်ခဲ၍ တိုက်တွန်းရကျိုး နပ်ပါပြီ။ ပစိဖိတ်သမုဒ္ဒရာကြီးဆီသို့ မြန်မြန်ဆန်ဆန်ပင် ကားလေးစီးဖြင့် ရေကသိုဏ်းရှုထွက်ခဲ့ကြသည်။

---

၁။ သုတ်ပါထေယျ ပါဠိ၊ ၂၁၂။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးမှာ ၂-ပါးသာ စီးလို့ရသော ကား ငယ်ကလေးဖြင့်၎င်း မိမိတို့က လိုက်ပါပို့ဆောင်သူများနှင့်အတူ ကားသုံးစီး ဖြင့်၎င်း သွားကြ၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ကားကလေးရှိ အမိုးအကာတို့မှာ အားလုံး ခေါက်ထားလို့ရ၏။ မိမိတို့စီးသော ကားများကလည်း ခေလှသည် မဟုတ်ပါချေ။ ကားအတွင်း၌ အနွေးစက် အအေးစက် အပြင် အသက်ရှူလေ ဝင်ရန် စက်ခလုတ်စသည်ဖြင့် ခေတ်မီအာရိယာစုံများ တပ်ဆင်ထားလေသည်။

မြင်ချင်လွန်း၍ စိတ်နှင့်ပင် အတူမြန်နေကြသလား မသိ။ ကားများက လျင်မြန်နေကြသည်။ ကားမူးတတ်သော အကျွန်ုပ် ပညာဒီပကား အခင်းကြုံနေ ရ၏။ ထူးခြားသည်မှာ သူတို့ကားများပေါ်တွင် ပထဝီဝင် မြေပုံများ ပါရှိနေ ခြင်းပင် ဖြစ်ပေသည်။ မြေပုံများထဲမှ မိမိခရီးစဉ်တွင် လိုအပ်သောမြေပုံကို စတီယာယာဉ်ဘီး ရှေ့ထား၍ ကြည့်ကာရှုကာ မောင်းကြသည်။

ပစိဖိတ်သမုဒ္ဒရာကြီးသို့ မရောက်မီ ကားလမ်းတနေရာ တောင်ကုန်းတခု ပေါ်တွင် ကားရပ်၍ ပစိဖိတ်သမုဒ္ဒရာကြီး၏ ရှုခင်းကို အဝေးမှ ရှုစားရသည်။ မျက်စိတဆုံး မိုးအဖုံးရှိသော ပစိဖိတ်သမုဒ္ဒရာကြီး၏ အဝေးရှုခင်းကား တိမ်ခိုး တိမ်ငွေ့များနှင့် အတိပြီးနေဘိ၏။ ဆက်လက်ထွက်ခွါလာရာ မော်တော်ကား ပြင် စက်ရုံတခုကိုလည်း လမ်းတွင်တွေ့ရှိရသေး၏။ ယင်းမှတဖန် ထွက်ခွါခဲ့ပြန်ရာ စိုက်ခင်းကြီးများကြား ဖြတ်၍ဖြတ်၍ မောင်းနှင်ကြရပြန်၏။

စိုက်ခင်းကြီးများကား အလွန်ကြီးမားကျယ်ပြန့်၍ လေယာဉ်နှင့်မျိုးကြဲ ကြရသည်ဟု ဆို၏။ စိုက်ခင်းများအကြားတွင် ပိုက်လုံးအကြီးအငယ်များ စိုက် ထူ၍ ရေများလွှတ်ကာ သဘာဝ မိုးသေးမိုးဖွဲကလေးပမာ မိမိတို့စိုက်ခင်းများကို ရေလောင်းခြင်းကိစ္စ ပြီးစေကြ၏။

တောဇ်သူလယ်သမား ဆိုသော်လည်း ကြွယ်ဝသော တောင်သူလယ် သမားများသာ ဖြစ်ချေ၏။ တဦးလျှင် ကားလေးငါးစီးခန့် ရှိနေတတ်သည်။ အချို့ လယ်သမားတို့သည်ပင် လေယာဉ်ပျံ ပိုင်ဆိုင်၏ဟု ဆိုကြ၏။ အမေရိကန် တောင်သူဦးကြီးတို့၏ ကားများကလည်း နှစ်စင်းတွဲ နှစ်ထပ်ကား စသည်ဖြင့်

ထူးထွေလှ၏။ မကြာမီတွင် ပစိဖိတ်သမုဒ္ဒရာကြီးသို့ ရောက်ခဲ့ကြလေပြီ။ သဲသောင်ပြင်ကြီးဘေးတွင် ကားများရပ်ကာ ခြေလျင်လျှောက်၍ ရေကသိုဏ်း သွားရှုကြ၏။

၁၅၁၉-ခုနှစ်က ဖြစ်၏။ မက်ဂျလန်သည် စပိန်မင်းက ပေးသော သင်္ဘောငါးစင်းဖြင့် အတ္တလန်တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပြီး တောင်အမေရိက တိုက် ဘရာဇီးကမ်းခြေသို့ ပေါက်ရောက်သော ကမ်းရိုးတန်းအတိုင်း ဆက်လက် ၍ သင်္ဘောလှော့လာခဲ့၏။ တောင်အမေရိက တောင်ဘက်အစွန်းသို့ ရောက်သော အခါ အလွန်ကျဉ်းမြောင်းသော ရေလက်ကြားတခုကို တွေ့ရှိရ၏။ မက်ဂျလန် သည် ယင်းရေလက်ကြားကို တလကျော်မျှ ဖြတ်ကျော်ရသည်။ သို့နှင့် မက်ဂျလန်ကို ဂုဏ်ပြုသောအနေဖြင့် ယင်းရေလက်ကြားကို "မက်ဂျလန် ရေလက်ကြား" ဟု ခေါ်ဆိုလိုက်ကြ၏။

မက်ဂျလန်သည် ရေလက်ကြားကို ဖြတ်ကျော်မိသောအခါ အလွန် ကျယ်ဝန်းသော သမုဒ္ဒရာကြီးတခုကို တွေ့ရ၏။ ယင်းသမုဒ္ဒရာသည် အလွန် ငြိမ်သက်သောကြောင့် "ငြိမ်သက်သော သမုဒ္ဒရာ (ဝါ) ပစိဖိတ်သမုဒ္ဒရာ" ဟု မက်ဂျလန်က အမည်ပေးခဲ့လေသည်။ ယခု သာသနာပြုအဖွဲ့ ရောက်ရှိနေသော သမုဒ္ဒရာကား မက်ဂျလန်၏ ငြိမ်သက်သော သမုဒ္ဒရာကြီးပင် ဖြစ်ပေ၏။

ပင်လယ်ပျော်ငှက်ကြီးများ ဇင်ယော်ငှက်ကြီးများနှင့် ပင်လယ်ကမ်းခြေ တွင် လာရောက် အပန်းဖြေသူ လူစုလူဝေးကြီးများကို တွေ့ရှိရ၏။ အလွန် ကြီးမားသော လှိုင်းလုံးကြီးများက ကမ်းနဖူးရှိ အရောဝတ္ထုများနှင့် လူစုလူဝေး ကြီးများကို မကြာမကြာ လာရောက်နှုတ်ဆက်တတ်၏။

ပင်လယ်ရေပြင်ပေါ်တွင် ပင်လယ်ကူး သင်္ဘောကြီးများမှ ကျကျန်ရစ် ခဲ့သော အသက်ကယ်ဖော့ကုံးကြီး တခုကိုလည်း လှိုင်းပုတ်ကမ်းတွင် လှမ်းမျှော် မြင်ရ၏။ ယင်းပစိဖိတ်ကမ်းခြေတွင် နာရီဝက်ခန့် ရေကသိုဏ်းရှု၍ ပြန်လာခဲ့ ကြသည်။

## တောစိုးသစ်ပင်ကြီး

တောစိုးသစ်ပင် ဟူသော ဝေါဟာရသည် လည်းကောင်း၊ သစ်တပင်ကောင်း ငှက်တသောင်း ခိုနိုင်၏ ဟူသော စကားပုံသည် လည်းကောင်း ဗုဒ္ဓဘာသာ မြန်မာတို့နားဝယ် ယဉ်ပါးနေပြီးဖြစ်ပေ၏။ အလွန်ကြီးမားသော သစ်ပင်ကို တောစိုးသစ်ပင်ဟု ဗုဒ္ဓဘာသာ မြန်မာတို့က ခေါ်လေ့ရှိကြ၏။

အလွန်ကြီးမားသော သစ်ပင်ကြီးကို စွဲမှီ၍ ဗုဒ္ဓဘာသာ မြန်မာတို့က "သစ်တပင်ကောင်းက ငှက်တသောင်းခိုနိုင်၏" ဟု ဂေါတမဗုဒ္ဓ ညွှန်ကြားဆုံးမချက်အရ ပြောဆိုကြ၏။အလွန်ကြီးမားသောသစ်ပင်ဖြစ်မှလည်း ငှက်တသောင်း ခိုနိုင်ပေမည်။အရိပ်ကိုလိုသော ငှက်သည် အရိပ်ကိုခိုနိုင်ပေ၏။ အသီးကိုလိုသော ငှက်သည် အသီးကိုမှီခိုစားသုံးနိုင်ပေ၏။ ဤကား သစ်ပင်ကြီးမှ ရရှိအပ်သော မဟာကျေးဇူးတော်များ ဖြစ်ပေ၏။

ပစိဖိတ်သမုဒ္ဒရာမှ အပြန်လမ်းခရီးတွင် တွေ့မြင်ခဲ့ရသော သစ်ပင်ကြီးကလည်း ဆိုခဲ့ပြီးသော အရည်အသွေးများအောက် တလက်မမျှ မနိမ့်ကျသည်ကို တွေ့ရှိရပေ၏။ သစ်ပင်အမျိုးအစားကား ထင်းရှူးနီပင် အမျိုးအစားတည်း။ အမြင့်ပေပေါင်း ၂၂၅-ပေ၊ လုံးပတ်ပေပေါင်း ၃၉-ပေနှင့် သက်တမ်း တထောင့်ငါးရာ ရှိပြီဟု မှတ်တမ်းများက ဆိုလေသည်။

တနေရာတွင် အမြင့်ပေ ၂၆၀၊ သက်တမ်း ၃၅၀၀-ရှိ၍ သက်န်းရောင်အဆင်းရှိသော သစ်ပင်ကြီးတပင်လည်း ရှိသေးကြောင်း ဌာနေတို့က ဆိုကြ၏။ အချိန်မရ၍ သွားရောက် မကြည့်ဖြစ်တော့ချေ။ သစ်ပင်ကြီး နှစ်ပင်လုံးကိုပင် သစ်တောဌာနက စောင့်ရှောက်ထားသည်ဟု လိုက်ပါပို့ဆောင်သူများက ပြောသည်။

သစ်ပင်ကြီးများ အကြားတွင် လေ့လာသူများ နားနေစရာ ထိုင်ခုံ၊ ချက်ပြုတ်စားသောက်ရန် မီးဖိုနှင့် ရေပိုက်များပါ အဆင်သင့် ရှိလေသည်။ မြန်မာနိုင်ငံ ပေလီကမ်းချေ၊ အင်းလေးခေါင်တိုင်၊ မေမြို့ ပွဲကောက် ရေတံခွန်များတွင် လူရည်ချွန်စခန်းများကဲ့သို့သော စခန်းများ ဖွင့်လှစ်ထားကြလေ

သလား မသိ။ ရုပ်ရှင်ပြနိုင်ရန် ပိတ်ကားထူဘိုတိုင်၊ လူနေထိုင်ခုံ၊ လောက်စပီကာနှင့် ယူနစ်များကိုပါ မဖြုတ်ပဲ ထားရှိသည်ကို တွေ့ရှိရ၏။

သန့်ရှင်းရေးကလည်း မြို့မှ တောထဲအထိ ဖြစ်ပေ၏။ တောခေါင်ခေါင်တွင် အမှိုက်ထည့်စရာ အမှိုက်ပုံးကြီးများက နေရာတိုင်းမှာလို တွေ့ရှိနေရတတ်၏။ အမေရိကန်နိုင်ငံ ကမ်းခြေတလျှောက်တွင် နေမမြင်ရ၍ အေးမြလှသော်လည်း ယခု ၅-မိုင်မျှလောက် အရောက်တွင် ပူစပ်ပူလောင်ကြီးဖြစ်ကာ အိုက်လာ၏။ ရိပ်သာသို့ နေ့ဆွမ်းမှီ ပြန်ရောက်ခဲ့ကြသည်။ ရိပ်သာနှင့် ပစိဖိတ်သမုဒ္ဒရာကား မိုင် ၃၀-မျှ ဝေးလေသည်။

သီရိရတနာ ခဏ္ဍသိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် ပဏာမလုပ်ငန်းဖြစ်သည့် မြေညှိခြင်းကိစ္စများ ပြီးဆုံးသွားချေပြီ။ ထို့ကြောင့် ညဘက်တွင် သိမ်နှုတ်ရန်အတွက် အကွက်များ ရေးဆွဲကြရ၏။ သိမ်မြေနေရာကား ၄၅-ပေ ပတ်လည် ရှိလေသည်။ အမေရိကန် လုပ်အားပေးများကပါ ပါဝင်လုပ်အားပေးကြသဖြင့် ည ၈-နာရီ၊ ၃၀-မိနစ်တွင် အကွက်များ ရေးဆွဲပြီးစီးသွား၏။

**သီရိရတနာ ခဏ္ဍသိမ်တော်ကြီး ပြီးမြောက်အောင်မြင်**

၄၅-ပေပတ်လည် ညောင်စောင်းကွက်သဏ္ဌာန် အကွက်ချလျက်ရှိသော သိမ်မြေနေရာတွင် ကျေးဇူးရှင် ဆရာတော်ဘုရား အမှူးရှိသော သာသနာပြုအဖွဲ့ ရင်ဘောင်တန်းနုတ်နည်းဖြင့် သိမ်နုတ်ကြရသည်။ ကျယ်ပြန့်လှသော သိမ်မြေနေရာတွင် ရဟန်းတော် ငါးပါးမျှဖြင့် သိမ်နုတ်နေကြရ၍ ခရီးမတွင်ကျယ်ပဲ ရှိသည်။

ဗုဒ္ဓဘာသာ အမေရိကန်တို့က ကြည့်ကြသည်။ လေ့လာကြသည်။ အဝေးကပင် မှန်ပြောင်းကြီးများဖြင့် ဆွဲ၍ ကြည့်ကြသည်။ လေ့လာကြသည်။ နောက် မေးမြန်းကြသည်။

"အခုလို သိမ်နုတ်ရတာက ရှေးက သိမ်ဟောင်းများကို သန့်စင်ပစ်တာပါပဲ။ သည်နေရာမှာ သိမ်ဟောင်းများ၊ မရှိဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ရေးဆွဲထားတဲ့ အကွက်တိုင်းမှာ နုတ်ရတာက သည်ဘက်အကွက်မှာ



ပုံ (၅) သင်္ကန်းဝတ်ရန် ပြင်ဆင်နေကြသည့် အမေရိကန် ရှင်လောင်းကြီးများ

သိမ်ဟောင်းနှင့် မစပ်ပေမဲ့ ဟိုဘက်အကွက်မှာ သိမ်ဟောင်းများနှင့်စပ်ကောင်း စပ်နေပါလိမ့်မယ်။ သိမ်ဟောင်းများနှင့် စပ်နေလျှင် ပြုသမျှကံအားလုံး ပျက်ပြယ်သွားပါတယ်။ ဒါကြောင့် ရေးဆွဲလျက်ရှိတဲ့ အကွက်တိုင်းမှာ လှည့်လည်ပြီး သိမ်နုတ်ရခြင်းပဲ ဖြစ်ပါတယ်။ သည်ကျောက်တိုင်ကလေးများက တော့ ယခင်က ပြောခဲ့ဘူးတဲ့ သီးသန့်နယ်နိမိတ်များ ပိုင်းခြားမှတ်သားပေးရ တယ်ဆိုတဲ့ သဘောပါပဲ စသည်ဖြင့် ရှင်းလင်းပြသရ၏။

သိမ်နုတ်ပြီးသောအခါ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "သည် နေ့ပဲ ပြီးအောင် သမုတ်ကြမယ်"ဟု အမိန့်ရှိကာ ဆရာတော်ဘုရားကြီးက အရှေ့အရပ်ကစ၍ နိမိတ်ကြားတော်မူ၏။ ကပ္ပိယဦးမောင်မောင်က ဖြေလေ သည်။ ဗုဒ္ဓဘာသာ အမေရိကန်များ ပို၍ စိတ်ဝင်စားနေကြ၏။ အပြင်ဘက်မှ လက်အုပ်ချီမိုး ရှိခိုးဦးတင်၍ တွင်တွင်ကြီး ကြည်ညိုနေကြ၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး နိမိတ်ကြားပြီးသည့်နောက် သာ စည်ဆရာတော် နိမိတ်ကြားတော်မူ၏။ သာစည်ဆရာတော် နိမိတ်ကြားပြီး သည့်နောက် ပခုက္ကူဆရာတော် နိမိတ်ကြားတော်မူ၏။ ကပ္ပိယဦးမောင်မောင် ကပင် ဖြေကြားလေသည်။

သိမ်နိမိတ်ကြားပြီးသည့်နောက် "ပုဒ်စပ်ချောပြေ၊ သန္ဓေကြားဖြတ်၊ သံလွတ်ဖွင့်ဆို၊ ရှည်-တို-လေး-ပေါ့၊ တင်း-လျော့ နိဂ္ဂဟိတ်၊ အစိတ်အဖြာ၊ အင်္ဂါ ဆယ်ခု"ဟူသော ဗျဉ္ဇနဗုဒ္ဓိဆယ်ပါးနှင့်အညီ ကမ္မဝါများ ရွတ်ဖတ်တော်မူကြ၍ သိမ်သမုတ်ခြင်းကိစ္စ ပြီးစီးအောင်မြင်သွားလေတော့သည်။

အမေရိကန်နိုင်ငံ၊ စိန့်ကလဲမြို့၊ စကိုင်းလိုင်းလမ်းမကြီးအနီး၊ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာတွင် ၁၉၇၈-ခုနှစ် ဩဂုတ်လ ၁၁-ရက်၊ ညနေ ၅-နာရီ မိနစ် ၅၀-အချိန်၌ သိမ်သမုတ်ခြင်းကိစ္စ အောင်မြင်ပြီးမြောက်ခဲ့လေသည်။

နိမိတ်၏ ပြည့်စုံခြင်း၊ ရဟန်းပရိသတ်၏ ပြည့်စုံခြင်း၊ ကမ္မဝါစာ၏ ပြည့်စုံခြင်းဟူသော သုံးပါးသောပြည့်စုံခြင်းနှင့် ပြည့်စုံသော ဤသိမ်တော်ကြီး ကို "သီရိရတနာ ခဏ္ဍသိမ်တော်"ဟု ဘွဲ့နာမံ ချည်တော်မူလေသည်။

---

၁။ စတုဓမ္မသာရ ကိုးခန်းပျို့ပိုဒ်ရေ-၁၂၉။ ရှုဋ္ဌဝါပါဠိ ၃၇၁။

သိမ်သမုတ်အပြီးတွင် သိမ့်ဒ့ါယကာ ဗုဒ္ဓဘာသာ အမေရိကန်တို့သည် ပြုမြဲဝတ်အတိုင်း ခရုသင်းများမှုတ်၊ မောင်းသံချောင်းများတီး၍ လှူဖွယ်ဝတ္ထုများလှူဒါန်းကာ ရေစက်ချ အမျှပေးဝေခြင်းအမှုကို ပြုကြလေသည်။

**ပရိတ်သံညံလေပြီ**

**ဆန်ဖရန်စစ္စကိုနှင့် မေတ္တာသုတ်ပရိတ်**

သာသနာပြုအဖွဲ့အား ဆန်ဖရန်စစ္စကိုမြို့သို့ ပင့်ဆောင်သည်ဟု ဆိုသော်လည်း ဆန်ဖရန်စစ္စကိုမြို့ကို မြင်ရုံသာ မြင်ခဲ့ရသည်။ ဆန်ဖရန်စစ္စကိုမြို့တွင်းသို့ ခြေချခွင့်မရသေး။ ပင့်ဆောင်ရေးအဖွဲ့က သာသနာပြုအဖွဲ့အား လေဆိပ်မှ တောက်လျှောက် တောထဲသို့ ပင့်ဆောင်သွားကြသည်။

ကိုယ့်အတတ်နှင့် ကိုယ်ဟူ၍ပင် အောက်မေ့ရချေမည်။ "ဝိပဿနာသမားသည် တောကောင်ဖြစ်၏" ဟူသော ဆိုထုံးနှင့်အညီ ဝိပဿနာသမားများဖြစ်ကြသော သာသနာပြုအဖွဲ့အား တောထဲသို့အောင်မြင်စွာ ပင့်ဆောင်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် သာသနာပြုအဖွဲ့ ဆန်ဖရန်စစ္စကိုမြို့တွင်းသို့ ခြေချခွင့် မရခဲ့ခြင်းဖြစ်တော့၏။

ယခုမူ ဆန်ဖရန်စစ္စကိုမြို့တွင်းသို့ ဆက်ဆက်ကြီး ခြေချခွင့် ရကြပြီ။ ဆန်ဖရန်စစ္စကိုမြို့ကြီးနှင့် သာသနာပြုအဖွဲ့ အကျွမ်းတဝင် ခင်မင်ရင်းနှီးခွင့်ရကြတော့မည်ဖြစ်ပေ၏။ အကြောင်းသော်ကား ဆန်ဖရန်စစ္စကိုမြို့ ဦးလှအောင်အိမ်သို့ ပရိတ်တရား ချီးမြှင့်ခွင့်ရရှိသောကြောင့်ပေတည်း။

ဆန်ဖရန်စစ္စကိုမြို့ကြီးကို ကြည့်ရသည်မှာ ပေါက်ပေါက်ဆုပ်တွေ ကြဲထားသလား ထင်ရ၏။ မြေမျက်နှာပြင်မညီညာသော တောင်တန်းကလေးများပေါ်တွင် လူနေအိုးအိမ်များ ဆောက်လုပ်ထားသောကြောင့် ဖြစ်၏။ မြန်မာနိုင်ငံတွင် ပေါက်ပေါက်ဆုပ် ကြဲထားသည်နှင့်တူသော လူနေအိုးအိမ်များစွာကိုလည်း တောင်တန်းဒေသရှိ မြို့များတွင် အများအပြား တွေ့မြင်နိုင်ပေ၏။

မြို့တွင်းကားလမ်းမကြီးများကား ကျယ်ပြောလှ၏။ လက်ဝဲလက်ယာ ကားငါးစီးစီ ယှဉ်မောင်းနိုင်၏။ ကားများလည်း ရှုပ်ထွေးလှ၏။ မြန်မာနိုင်ငံ မြေလတ်ဒေသတွင် သိုးအုပ်ကြီးများ မောင်းလာသည်နှင့် တူလှ၏။ သို့တစေ သူတို့၏ကားများမှာ တနာရီမိုင် ၆၅၊၇၀ အတွင်း မောင်းနေကြ၍ သိုးအုပ်ကြီးများကို ရှောင်ရသလို မနှေးကွေးလှချေ။

လမ်းများပေါ်တွင် မြန်မာနိုင်ငံကဲ့သို့ ဆေးဝါမျဉ်းများ မတွေ့ရ။ ကားတစင်းမောင်းနိုင်ရုံနေရာကို ဖန်မှန်များမြှုပ်၍ ပြသလမ်းညွှန်ထား၏။ ဖန်မှန်များလည်း မီးရောင်နေရောင်ဖြင့်တောက်ပကာ ကားများကို လမ်းညွှန်ပြသကြ၏။

ပင်လယ်ရေမျက်နှာပြင်အောက် ခုတ်မောင်းသော ဘတ်တစ် ဓာတ်ရထားတစင်းကိုလည်း မြို့အတွင်း တံတားတခုပေါ် ဖြတ်ကျော်စဉ်တွေ့မြင်ရ၏။ ဦးလှအောင်အိမ်သို့ နံနက် ၅-နာရီ၊ မိနစ်၅၀-တွင် ရောက်ရှိခဲ့ကြ၏။အိမ်အတွင်းတွင် ဗုဒ္ဓဘာသာ အမေရိကန်များဖြင့် ပြည့်နှက်လျက်ရှိ၏။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ဖူးချင်ကြပါ၍ အလုပ်နှင့်သင့်မြတ်အောင် အချိန်ကို ယခုလို စီစဉ်ရပါကြောင်း လျှောက်ထားကြ၏။

ဦးလှအောင်၏ အန္တရာယ်ကင်းပရိတ်တော် မင်္ဂလာပွဲတွင် တောင်ပုလုကမ္ဘာအေး ဓမ္မရိပ်သာ ဥက္ကဋ္ဌများဖြစ်သည့် မစ္စတာ တောင်စီလီယံစ်နှင့် ဒေါက်တာရီနာဆာကားတို့လည်း ပါဝင်တက်ရောက်ကြ၏။ အားလုံးသော ဗုဒ္ဓဘာသာ အမေရိကန်များအား သရဏဂုံသီလ ဆောက်တည်စေ၍ မေတ္တာသုတ် ပရိတ်တော်ဖြင့် ချီးမြှင့်တော်မူခဲ့ပေသည်။

## မေတ္တာသုတ်နှင့် အခြောက်အလှန့်

ပရိတ်ရွတ်အပြီးတွင် မေတ္တာသုတ်၏ အကျိုးကျေးဇူးတရားများကို ဟောကြားတော်မူခဲ့၏။စောင်ဖြူ စောင်ကောင်း ထောင်သောင်းခြုံသော်လည်း မလုံ။ မေတ္တာခြုံမှ လုံ၏။ မေတ္တာဖြင့် ခြုံစေ ထုံစေလို၍ ဤတရားကို ဟောကြားတော်မူခြင်းဖြစ်ပေ၏။

အချိန်ကား ဂေါတမဗုဒ္ဓ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံပယ်ခိုက် ဖြစ်ပေ၏။ ယင်းအချိန်တွင် ရဟန်းငါးရာတို့သည် ကမ္မဋ္ဌာန်းကိုယ်စီနှင့် ဂေါတမဗုဒ္ဓထံမှ သာဝတ္ထိမြို့နှင့် မိုင်တထောင့်သုံးရာဝေးသည့် ရွာကြီးတရွာသို့ ထွက်ခွာလာခဲ့ကြလေ၏။

ကျေးရွာပြည်သူ လူအများကလည်း နှစ်လိုအားရမ်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုကြကာ ရွာနှင့် မနီးမဝေးရှိသော တောအုပ်ကြီးတခုအတွင်း တပါးနေ ကျောင်းသခ်မ်းငါးရာ ဆောက်လုပ်၍ လှူဒါန်းကိုးကွယ်ကြ၏။ ရဟန်းတို့လည်း ကမ္မဋ္ဌာန်းတရား ပွားများကြ၏။ ရဟန်းများ ကမ္မဋ္ဌာန်းတရား ပွားများချိန်မှစ၍ ယင်းတောအုပ်ရှိ ရုက္ခစိုးနတ်များသည် ရဟန်းတို့၏ သီလ တန်ခိုးကြောင့် သစ်ပင်များပေါ်တွင် မနေနိုင်ကြတော့ပဲ သားတွဲလဲ သမီးတွဲလဲဖြင့် သစ်ပင်များအောက်တွင် ဆင်း၍ ဆင်းရဲစွာ နေကြရတော့သည်။

သူတော်ကောင်းများ ရောက်ရာအရပ်၌ မသူတော်များ ဆင်းရဲကြရသည်မှာ ဓမ္မတာဖြစ်ပေ၏။

ရုက္ခစိုးနတ်များ၏ ထင်မြင်ချက်ကား ဤသို့ဖြစ်၏။ ဤရဟန်းများသည် ဤအရပ်သို့ ခေတ္တခဏမျှသာ လာရောက်ခြင်း ဖြစ်ပေမည်။ တာရှည်လေးမြင့်စွာ ဆင်းရဲကို ခံစားကြရမှာမဟုတ်ဟူ၍ ဖြစ်၏။ သို့သော် ရုက္ခစိုးနတ်များ ထင်မြင်သလို ဖြစ်မလာချေ။ ရဟန်းတွေ တနေ့ပြန်နိုး တနေ့ပြန်နိုးနှင့် မျှော်ကိုး စောင့်စားခဲ့ရသည်မှာ ရက်တွေညောင်း၍ လတွေပင် ပြောင်းခဲ့ရပေပြီ။

ရုက္ခစိုးနတ်များသန္တာန်တွင် အရိပ်လာမှာကို နေပူက စောင့်နေရသည်ဟု ထင်မြင်လာ၏။ ယင်းတို့သန္တာန်တွင် ရဟန်းများ ဤအရပ်မှ ဖဲခွါရေးသည် အဓိကဖြစ်တော့၏။ ထို့ကြောင့် ခြောက်ကြ၏။ လှန့်ကြ၏။ ကြောက်မက်ဖွယ် အဆင်းသဏ္ဍာန်များကို ပြသကြတော့၏။ နားမချမ်းသာသည့် ကြောက်မက်ဖွယ် အသံဗလံများကိုလည်း ပြုလုပ်လာကြတော့၏။

ယင်းသို့သောအခါများတွင် ရဟန်းတော်များမှာ စေတသိကဒုက္ခနှင့် ကာယိကဒုက္ခများ ခံစားရလာတော့၏။ အချို့ရဟန်းတော်များ ချောင်းဆိုးကြ

ရ၏။ အချို့ရဟန်းတော်များ ခေါင်းခဲ့ကြရတော့၏။ အချို့ရဟန်းတော်များ ဖျားနာလာကြရတော့၏။ ကြုံလှီဖျော့တော့လာကြ၏။

ယင်းသို့သော အကြောင်းများကြောင့် ရဟန်းများသည် ဤအရပ်၌ သပ္ပာယမဖြစ်ဟု ထင်မြင်ကာ လာရင်း ဂေါတမဗုဒ္ဓထံသို့ ပြန်လည်ချဉ်းကပ်၍ လျှောက်ထားကြလေသည်။

ဂေါတမဗုဒ္ဓကလည်း "သင်တို့နှင့် သပ္ပာယဖြစ်သော နေရာကား ဤနေရာပင်ဖြစ်၏"ဟု ပြန်လည်မိန့်ကြားကာ မေတ္တာသုတ်နှင့် မေတ္တာသုတ်စီစဉ် အသုံးချပုံကိုပါ သွန်သင် လမ်းညွှန်လိုက်လေသည်။ ရဟန်းများလည်း ဂေါတမဗုဒ္ဓ၏ စီစဉ်လမ်းညွှန်ချက်အတိုင်း တောအုပ် အဝင်ဝမှစ၍ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ကာ နေရင်း သခ်မ်းကျောင်းကလေးများဆီသို့ ရှေ့ရှုဦးတည် လာခဲ့ကြသည်။

> "အခြားသူတဦးသည် အခြားသူတဦးကို အမျက်မထွက်ရာ၊ တစုံတခုသောကိစ္စမျိုး၌ ယင်းအခြားသူတဦးကို ချုပ်ချယ်သော စကားဖြင့်ဖြစ်စေ၊ အမျက်ထွက်သောအမှတ်ဖြင့်ဖြစ်စေ တစိုးတစိမျှ မထိမဲ့မြင် မအောက်မေ့ရာ၊ အချင်းချင်း၏ ဆင်းရဲကို အလိုမရှိရာ"

မေတ္တာသုတ်ဒေသနာတို့ကို နာခံမှတ်သားရ၍ ချစ်ခင်မြတ်နိုးစိတ်ရှိလာကြသော ရုက္ခစိုးနတ်များသည် ငါးရာသောရဟန်းတို့အား နှစ်လိုအားရမ်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုခဲ့ကြ၏။ ရဟန်းများ၏ သပိတ်သင်္ကန်းများကို လှမ်းယူသော ရုက္ခစိုးနတ်များက လှမ်းယူ၍ ခြေဆုပ်လက်နယ် ပြုသော ရုက္ခစိုးနတ်များက ခြေဆုပ်လက်နယ်ပြုကြသည်။

ရဟန်းများလည်း နေရင်းတောအုပ် နေရင်းကျောင်းများ၌ ချမ်းချမ်းသာသာ နေထိုင်ကြရကာ ယူခဲ့ရင်းကမ္မဋ္ဌာန်းကို အားထုတ်၍ မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ခဲ့ကြသည်။ ဤသည်တို့ကား မေတ္တာသုတ်၏ ကျိုးဆက်ဂုဏ်အင် အာနိသင်တို့ပေတည်း[၁]။

---

၁။ ဓမ္မပဒ အဋ္ဌကထာ၊ ပ - တွဲ၊ ၁၉၉။

**မေတ္တာ့အကျိုး ဆယ့်တမျိုး**

သတ္တလောကကြီးတွင် မေတ္တာသည် အရေးကြီးလှ၏။ မေတ္တာသည် သတ္တဝါတိုင်း၏ ပွဲတွေ့ပီယဆေးအကျော်လည်း မည်ပေသည်။ သတ္တဝါတိုင်း၏ ချစ်ခင်ရင်းနှီးမှုကို ရယူရာ၌ မေတ္တာဖြင့်သာ ရင်းနှီးယူရ၏။ မေတ္တာတုံးက အများမုန်းကြ၏။ မေတ္တာမရှိက အချင်းချင်း အိုးစားကွဲ ခွာပြဲကြ၏။

ထို့ကြောင့် ဗုဒ္ဓက "နို့တညှစ် နှံသာတရှုပ်ရှုသောကာလမျှ မေတ္တာကို ပွားများရသည်က ဆွမ်းဟင်းကောင်း အိုးကြီးတရာချက် လှူရသည်ထက် အကျိုးများ၏"[၁] ဟု မေတ္တာကို အလေးကဲဟောကြားတော် မူခဲ့လေသည်။ ထိုမျှသာမက မေတ္တာစျာန်ကို အခြေခံ၍ မဂ်ဖိုလ်နိဗ္ဗာန်တိုင် မျက်မှောက်ပြုနိုင်ကြောင်းများကိုလည်း ဂေါတမဗုဒ္ဓက ညွှန်ကြားတော်မူခဲ့ပေသေးသည်။

ယင်းမေတ္တာသည် ကာယကံမှုမေတ္တာ၊ ဝစီကံမှုမေတ္တာ၊ မနောကံမှုမေတ္တာဟူ၍ သုံးမျိုးရှိသည်။ ယင်းသုံးမျိုးလုံးကိုပင် ရဟန်းရှင်လူတို့ ပွားများ အားထုတ်နိုင်ကြသည်။

ကာယကံမေတ္တာဟူသည် ရဟန်းတို့အနေဖြင့် မေတ္တာစိတ်နှင့်ယှဉ်ကာ အထူးကျင့်ဝတ် တရားနှင့် ပြည့်စုံစေခြင်းပင် ဖြစ်သည်။ လူပုဂ္ဂိုလ်များအနေဖြင့် ဘုရားပုထိုး ရှိခိုးရန် ရဟန်းသံဃာပင့်ဖိတ်ရန် သွားခြင်း၊ ဆွမ်းခံကြွလာသော ရဟန်းကို ခရီးဦးကြိုပြုခြင်း၊ သပိတ်လှမ်းယူခြင်း၊ နေရာခင်းခြင်း၊ နောက်မှ လိုက်ပို့ခြင်းများသည် ကာယကံမေတ္တာများပင် ဖြစ်ပေသည်။

ဝစီကံမေတ္တာဟူသည် ရဟန်းတော်များအနေဖြင့် မေတ္တာစိတ်နှင့်ယှဉ်ကာ ကမ္မဋ္ဌာန်းပြခြင်း၊ တရားဟောခြင်း စသည်များသည် ဝစီကံမေတ္တာများပင် ဖြစ်သည်။ လူပုဂ္ဂိုလ်များအနေဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြ၊ လှူကြ၊ တန်းကြ၊ အမှုကြီးငယ်ကို ပြုလုပ်ဆောင်ရွက်ကြ စသည်ဖြင့် နိဗ္ဗာန်ဆော်ပြုလုပ်ခြင်းများသည် ဝစီကံမေတ္တာများ ဖြစ်သည်။

---

၁။ နိဒါနဝဂ္ဂသံယုတ္တပါဠိ၊ ၄၅၅။

မနောကံမေတ္တာဟူသည် ရဟန်းတော်များအနေဖြင့် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ကာ"ကမ္ဘာသူ ကမ္ဘာသားများ ကျန်းမာကြပါစေ ချမ်းသာကြပါစေ"ဟု စိတ်ဖြင့်ရည်မှန်း မေတ္တာပို့ခြင်းပင် ဖြစ်သည်။ လူပုဂ္ဂိုလ်များအနေဖြင့် မနောကံမေတ္တာကို ထိုနည်းအတူ ပွားများအားထုတ်နိုင်ပေသည်[၁]။ ယင်းသို့ ပွားများခြင်းဖြင့် ရရှိအပ်သော မေတ္တာအကျိုး ဆယ့်တမျိုးကား ဤသို့တည်း။

(၁) ချမ်းသာစွာ အိပ်ရခြင်း၊
(၂) ချမ်းသာစွာ နိုးရခြင်း၊
(၃) မကောင်းအိပ်မက် မမက်ခြင်း၊
(၄) လူ နတ် ချစ်ခင်သနားခြင်း၊
(၅) ဘေးလွတ်ရာသို့ နတ်များ စောင်မပို့ဆောင်ခြင်း၊
(၆) မီးကင်းခြင်း၊
(၇) လက်နက် မထိပါးနိုင်ခြင်း၊
(၈) အဆိပ်မသင့်နိုင်ခြင်း၊
(၉) မကောင်းစိတ်များ ပျောက်ကင်းခြင်း၊
(၁၀) အဆင်းလှခြင်း၊
(၁၁) မတွေဝေပဲ သေရခြင်းတို့ဖြစ်သည်[၂]။

## စိန့်ဖရန်စစ်စ်ဗေးဗီယား၏ ဆန့်ဖရန်စစ္စကို

ပရိတ်တရား ဟောကြားအပြီးတွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးမှုကား ရိပ်သာသို့ ပြန်လည်ကြွသွားတော်မူနှင့်၏။ သာစည်ဆရာတော်၊ ပခုက္ကူဆရာတော် အရှင်နာရဒနှင့် အကျွန်ုပ် ပညာဒီပတို့ ကျန်ရစ်ကြ၏။ ကျန်ရစ်ခဲ့သော သာသနာပြုအဖွဲ့ကို မစ္စတာ တောင်ဝီလီယံစ်နှင့် ဒေါက်တာရီနာဆာကားတို့က ကားဖြင့် ဆန့်ဖရန်စစ္စကိုမြို့တွင်း စည်ကားသိုက်မြိုက်သော နေရာများသို့ လိုက်လံပို့ဆောင်ကြပေ၏။

---

၁။ ဒီဃနိကာယ မဟာဝဂ္ဂအဋ္ဌကထာ၊၁၂၁။
၂။ ပဋိသမ္ဘိဒါမဂ္ဂပါဠိ၊၃၁၃။

ဆန်ဖရန်စစ္စကိုမြို့တွင်း လှည့်လည် ကြည့်ရှုယင်း ဈေးဟောင်း နှောင်းဖြစ်များကို ပြန်လည် သတိရမိလာ၏။ ၁၆-ရာစုခေတ်က ဖြစ်ပေ၏။ ဥရောပတလွား ကမ္ဘာတွင် ထင်ရှားသော ခရစ်ယန်ဂိုဏ်းကြီးသည် ရိုမန်ကက်သလစ်ဂိုဏ်း၊ ပရိုတက်စတင့်ဂိုဏ်းဟု ဂိုဏ်းကြီးနှစ်ဂိုဏ်းကွဲသွားခဲ့သည်။ ပရိုတက်စတင့်ဂိုဏ်း ဟူသည် ရိုမန်ကက်သလစ် ဂိုဏ်းသားများကို ကန့်ကွက်သူများဟု အဓိပ္ပာယ်ရလေသည်။

ယင်းသို့ ကွဲသွားပြီးနောက် ဥရောပမြောက်ပိုင်းနိုင်ငံများဖြစ်သော ဂျာမနီမြောက်ပိုင်း၊ ဆွစ်ဇာလန်၊ ဟော်လန်၊ ဆွီဒင်၊ နော်ဝေး၊ အင်္ဂလန်၊ နှင့် စကော့တလန်ပြည်များသည် ပရိုတက်စတင့် ဂိုဏ်းဝင်များဖြစ်ကြပြီး ဂျာမနီတောင်ပိုင်း၊ အီတာလီ၊ စပိန်၊ ပေါ်တူဂီနှင့် ပြင်သစ်စသော ဥရောပတောင်ပိုင်း နိုင်ငံများသည် ရိုမန်ကက်သလစ် ဂိုဏ်းဝင်များ ဖြစ်လာကြသည်။

ရိုမန်ကက်သလစ် ဂိုဏ်းသားတို့သည် ပရိုတက်စတင့် ဂိုဏ်းသားများကို တိုက်ရာတွင် ရှေးဦးစွာ ဂျက်စွတ်အသင်းကြီးကို တည်ထောင်ကြရသည်။ ယင်းအသင်းကြီးကို စပိန်ပြည်သား လွိုင်အိုးလားဆိုသူက တည်ထောင်လေသည်။ ဂျက်စွတ်အသင်းဆိုသည်မှာ သခင်ယေရှုအသင်းဟု အဓိပ္ပာယ်ရသည်။ ဂျက်စွတ် အသင်းသားများသည် ရိုမန်ကက်သလစ် ဘုန်းကြီးများသာဖြစ်၏။

ယင်းတို့အား ဘာသာရေးသင်တန်း၊ ပညာရေးသင်တန်း၊ နိုင်ငံရေးသင်တန်းမှအစ ဆေးပညာသင်တန်းများကိုပါ အထူးလေ့ကျင့် သင်တန်းပေးလေသည်။

ဥရောပတိုက်သားတို့၏ ပင်လယ်ရပ်ခြား ခရီးသွားလာခြင်း အကြောင်းရင်းများကို တင်ပြခဲ့ပြီးဖြစ်၏၊ ဥရောပကုန်သည်ကြီးတို့ သွားလေရာတွင်လည်း ဂျက်စွတ်ဘုန်းကြီးများ လိုက်ပါကြ၏။ ဂျက်စွတ်ဘုန်းကြီးများသည် ဥရောပဒ္ဒသာမက အာရှ, အာဖရိကနှင့် အမေရိကတိုက်သို့ပါ အများအပြား သာသနာပြု သွားရောက်ကြ၏။

ခရစ်ယန်ဘာသာထဲသို့ဝင်ရန် လူကြီးများထက် ကလေးငယ်များကို တိုက်တွန်းရခြင်းက ပိုမိုလွယ်ကူ၏။ ထို့ကြောင့် ဂျက်စွတ်ဘုန်းကြီးများသည် ရောက်ရာအရပ်တွင် ရှေးဦးစွာ စာသင်ကျောင်းကို တည်ထောင်ဖွင့်လှစ်ကြ၏။ ကျောင်းမှ ကလေးများကို ခရစ်ယန်ဘာသာထဲသို့ ဝင်ရန် တဖြည်းဖြည်း သိမ်းသွင်းတတ်ကြ၏။

အမေရိကန်တိုက်သို့ ခရစ်ယာန်သာသနာ ဖြန့်ဖြူးခဲ့ကြသော ဂျက်စွတ်ဘုန်းကြီးများတွင် စိန်ဖရန်စစ်စ်ပေးဗီယားဆိုသူ ဂျက်စွတ်ဘုန်းကြီးလည်းပါလာခဲ့၏။ ယခု မြောက်အမေရိကတိုက်တွင် ဆန်ဖရန်စစ္စကိုမြို့စသော မြို့နာမည်များတွင် "ဆန်" ပါနေခြင်းများက ယင်း ဂျက်စွတ်ဘုန်းကြီးများကိုဂုဏ်ပြုခေါ်ဆိုထားခြင်းဖြစ်သည်ဟု အဆိုရှိသည်။

ဆန်ဖရန်စစ္စကိုမြို့ကား အနောက်ဖက်ရှိ ပစိဖိတ်သမုဒ္ဒရာနှင့် အရှေ့ဖက်ရှိ ဆန်ဖရန်စစ္စကို ပင်လယ်အော်ကြား ငေါထွက်လျက်ရှိသော ကျွန်းဆွယ်ပေါ်တွင် တည်ရှိသည်။

မြို့၏ ကြီးမားသော မိုးမျှော်တိုက်ကြီးများကား အထပ်ပေါင်း ငါးဆယ်ကျော်ရှိ၏။ လှပခန့်ညားသော ကြိုးတံတားကြီးများ၊ မြေအောက်ကားလမ်းမကြီးများကလည်း မြို့၏ကျက်သရေဆောင် ဟု ဆိုရမည် ဖြစ်ပေ၏။ ကြိုးတံတားကြီးသို့ အချိန်မရ၍ မရောက်ခဲ့ရချေ။ ဆန်ဖရန်စစ္စကိုမြို့ကား ကမ္ဘာ့အလှဆုံးမြို့ဟု ကျော်ကြားသည့်အတိုင်းပင် လှပလျက်ရှိပေ၏။

ဒေါက်တာရီနာဆာကား၏ နေရာသို့လည်း ခေတ္တဝင်ရောက်ခဲ့ရသည်။ ဒေါက်တာရီနာက နေအိမ်သို့ ပင့်ဖိတ်လိုပါသော်လည်း သာသနာပြု လုပ်ငန်းများနှင့် မအားလပ်ရသဖြင့် ပင့်ဖိတ်ခွင့် မရပါကြောင်း လျှောက်ထား၏။ "မင်းသမီးလည်း ငါပ ငါပ" ဟု ဆိုသည့်အတိုင်း ဒေါက်တာရီနာမှာ နေရာတကာတွင် ပါဝင်လှုပ်ရှားနေရသောကြောင့် ပင့်ဖိတ်ခွင့် မရခဲ့ချေ။

ယခုမူ ခေတ္တမျှ သူမနေရာထိုင်ခင်းဆီသို့ ပင့်ဆောင်ခွင့်ရခဲ့ပြီ ဖြစ်၏။ စာကြည့်ခန်းထဲ လှည့်လည် ပြသ၏။ တရားအားထုတ်ရာ နေရာများကိုလည်း

လိုက်လံပြသ၏။ သဒ္ဓါထက်သန်သော အမျိုးကောင်းသမီး ပေတကားဟု ချီးကျူးထောပနာ ပြုမိပေ၏။ သူမ စာကြည့်တိုက်ထဲတွင် ဂေါတမဗုဒ္ဓ ပိဋကတ်တော်များမှာ ပါဠိ၊ အင်္ဂလိပ် နှစ်ဘာသာလုံးနှင့် ရှိပေ၏။

ဒေါက်တာရီနာဆာကား ကား အိန္ဒိယတက္ကသိုလ်တခုမှ Ph-D ဘွဲ့ကို ရယူခဲ့၍ သူမဝါသနာ၊ သူမအလုပ်နှင့် အံဝင်ခွင်ကျဖြစ်ကာ ဂေါတမ ဗုဒ္ဓသာသနာ အခြေခံအုတ်မြစ်ကို စံနစ်တကျ ချပေးနိုင်သော အမျိုးသမီး ကောင်းတယောက် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပေသည်။

## ထူးဆန်းသောသမင်ကြီး

ညနေဘက်တွင် ဦးထင်ပေါ်တယောက် ရောက်လာသည်။ တပည့်တော်တို့အိမ်တွင် ဆရာတော်ဘုရား တရားဟောစဉ် သမင်ကြီးတကောင် ရောက်လာပါကြောင်း၊ သည်မြို့မှာ သားကောင်အင်မတန် ရှားပါးတာကြောင့် တပည့်တော်များ မတွေးတတ်အောင် ဖြစ်ရသည့်ပြင် အလွန်အံ့ဩပါကြောင်းဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား လျှောက်ထား၏။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကမူကား "ထူးတော့ ထူးတာပေါ့" ဟု အမိန့်ရှိလိုက်လေသည်။

ထူးဆန်းသော လောကကြီးတွင် ထူးထူးဆန်းဆန်း ကြုံကြရတတ်၏။ ယင်းသို့သောအခါမျိုးတွင် သတ္တဝါတို့သန္တာန်၌ အံ့ဩခြင်း၊ ထိန့်လန့်ခြင်း စသော ဗျာဘိစာရိဘာဝများ ခံစားမိလာရ၏။

ယခုလည်း ဦးထင်ပေါ်တယောက် ယင်းဗျာဘိစာရိဘာဝများ ခံစားလာရပြီ ဖြစ်ပေ၏။ ကြုံတောင့်ကြုံခဲ၊ ဆုံတောင့်ဆုံခဲကို ကိုယ်တိုင်ကိုယ်ကျ ကြုံရဆုံရ၍ ဤသို့အံ့ဩခြင်းစသော ဗျာဘိစာရိဘာဝများ ခံစားလာရခြင်း ဖြစ်တော့သည်။ ဦးထင်ပေါ်က ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မယုံမည်စိုး၍ ဆက်လက် လျှောက်ထားသည်မှာ—

"သမင်ကြီးတကောင် တပည့်တော်များရဲ့ အိမ်ပေါက်ဝမှာ လာရပ်နေတာကို အခြားအိမ်က မိတ်ဆွေများပင် မြင်ကြရပါတယ်။ တပည့်တော်များရဲ့ အိမ်ပေါက်ဝမှာ ခြေရာများပင် ထင်ကျန်ရစ်ပါတယ်။ မြို့သူမြို့သားများ စိုင်းလိုက်ကြလို့ သမင်ကြီး ထွက်ပြေးပျောက်ကွယ်သွားပါတယ် ဘုရား"

ထိုအရာမျိုးသည် မဖြစ်ဖူးမဟုတ်၊ မမျှော်လင့်ပဲ ဖြစ်တတ်တာမျိုးလဲ ရှိ၏။ မကြုံဖူးမဟုတ်၊ မမျှော်လင့်ပဲ ကြုံရတတ်တာမျိုးလဲ ရှိ၏။ မဆုံဖူးမဟုတ်၊ မမျှော်လင့်ပဲ ဆုံရတတ်တာမျိုးလဲ ရှိ၏။ ထိုအရာမျိုးကို စွဲမှီ၍ မြန်မာပညာရှိ ကဝိသူမွန်တို့က "ထန်းသီး ကြွေခိုက်၊ ကျီးနင်းခိုက်"ဟု ဥဒါန်းပြုထားကြ၏။

ထန်းသီးကလည်း ကြွေလုခိုက်၊ ကျီးကလည်း နင်းလာခိုက်နှင့် ကြုံ၍သာ ထိုထန်းသီး ကြွေကျတာမျိုး ဟု အလျော်အားဖြင့် ယူသော်သာ ဗျာဒိတ်ရှိတာဝဒကကို ခံနိုင်စွမ်း ရှိကြပေမည်။

ယင်းသို့မဟုတ်မူပဲ ဆန့်ကျင်ဘက်အားဖြင့် ယူဆပါက ဗျာဒိတ်ရှိတာဝဒ တွင် တဝဲလည်လည် တမှုန်မွှားမွှား ဖြစ်နေတတ်တာကို သတိချပ်စရာ ကောင်းလှတော့၏။ ထန်းသီးတလုံးကြွေအောင် မည်မျှလောက် ခဲခဲယဉ်းယဉ်း ချွေယူရသည်ကို မြန်မာနိုင်ငံ ကျေးလက်ဒေသ၌ ထန်းတောင်သူ ဦးကြီးများကသာ ရေရေလည်လည် သိရှိနိုင်ကြ၏။

မည်သို့ဆိုစေ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး တရားဟောနေခိုက် ဆိုက်ရောက်လာသော သမင်ကြီးကား "ထူးဆန်းသော သမင်ကြီး"ဟူ၍သာ အသင့်အားဖြင့် နှလုံးသွင်းကြရသည်။

**တောင်ပုလု၏ ဗုဒ္ဓသာသနာ့ အောင်လံတော်ကြီး**

**သိက္ခာတင် ပဥ္စင်္ဂ**

ဘေးပတ်လည်တွင် ရာဇမတ်တိုင်များကာရံ၍ ဗုဒ္ဓသာသနာ့ အောင်လံတော်များ စိုက်ထူကာ အမိုးအကာမဲ့ တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာကုန်းမြေရှိ သိမ်ရိရတနာ ခဏ္ဍသိမ်တော်ကြီးကား တမျိုးကြည့်၍ လှနေပြန်သည်။

နည်းအားဖြင့်ဆိုသော် သီရိရတနာ့ခဏ္ဍ သိမ်တော်ကြီးသည်ကား တောင်ပုလု၏ ဗုဒ္ဓသာသနာ့ အောင်လံတော်ကြီးပင် ဖြစ်ပေတော့၏။

တောင်ပုလု ကမ္ဘာအေးစမ္ပရိပ်သာတွင် ခရုသင်းသံများ၊ မောင်းသံ၊ သံချောင်းသံများ၊ ရေကင်းမြည်သံများသာမက မောင်ထွန်းရွှေ၏ ဒိုးပတ်သံများပါ ညံလျက်ရှိပေသည်။ မောင်ထွန်းရွှေ၏ ဒိုးပတ်သံများကား ကမ္ဘာအေးစမ္ပရိပ်သာကုန်းမြေ တဝိုက်တွင် ပျံ့ဝဲလျက်ရှိနေချေ၏။

တညလုံးလိုလို သာသနာ့အောင်လံတော်များ ချုပ်လုပ်ကြရ၍ အိပ်ရေးပျက်ကာ မျက်နှာညှိုးလျလျရှိကြသောသူများပင် မြန်မာ့ဒိုးပတ်သံကြောင့် တက်ကြွမြူးထူးလာကြ၏။ ဒိုးပတ်သံ အရသာကို စိတ်ထဲတွင် ရိုးတိုးရွတ ခံစားလာကြရ၏။ က–ချင်၊ ခုန်ချင်စိတ်များ တဖွားဖွား ပေါက်လာကြရ၏။ အကြောင်းသော်ကား ဤဒိုးပတ်သံသည် ဦးချစ်ထွန်းနှင့် အခြား အမေရိကန်သုံးဦးတို့၏ ရဟန်းခံပွဲကို ဖော်ညွှန်းသီကျူးလိုက်သော ဒိုးပတ်သံ ဖြစ်နေပေ၏။

ရဟန်းခံပွဲကြီးကား မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှ၏။ အားလုံး ဝမ်းမြောက်ရွှင်မြူး နေကြ၏။ လေ့လာသူများကလည်း ကင်မရာတပြင်ပြင်နှင့် အလုပ်ရှုပ်နေကြ၏။ အဝေးကြည့် မှန်ပြောင်းကြီးများဖြင့်လည်း ဆွဲ၍ဆွဲ၍ ကြည့်ရှုနေကြ၏။

မေး။ ။ဂေါတမဗုဒ္ဓသာသနာမှာ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ သံဃာဖွဲ့စည်းပုံ ချင်းမတူဘူးလို့ ဆိုပါတယ်။ အဲဒါဘယ်လိုပါလဲ။

ဖြေ။ ။အိန္ဒိယကမဇ္ဈိမဒေသဖြစ်ပြီး မြန်မာနိုင်ငံက ပစ္စန္တရစ် ဖြစ်လို့ပါပဲ။ ပစ္စန္တရစ်ဟာ မြန်မာနိုင်ငံမှ မဟုတ်ပါဘူး။ အိန္ဒိယမှ အခြားသော နိုင်ငံအားလုံးကို ရည်ညွှန်းခေါ်ဆိုထားခြင်းပါပဲ။ ဒါ့ကြောင့် သည် အမေရိကန်နိုင်ငံဟာလဲ ပစ္စန္တရစ်နိုင်ငံ တနိုင်ငံဖြစ်ပါတယ်။

မေး။ ။မဇ္ဈိမဒေသနဲ့ ပစ္စန္တရစ်ဆိုတာကို ဘယ်လိုလုပ်သိသလဲ။

ဖြေ။ ။အရှေ့အလား ဂဇင်္ဂလနိဂုံးအရှေ့ဖက်ရှိ အင်ကြင်းပင်ကြီး၊ အရှေ့တောင်ဖက်မှာ သလ္လဝတီမြစ်၊ တောင်ဖက်မှာ သေတကဏ္ဏိက

နိဂုံး၊ အနောက်ဖက်မှာ ထူဏပုဏ္ဏားရွာ၊ မြောက်ဖက်မှာ ဥသိရဒ္ဓဇတောင်[၁] သည်နယ်နိမိတ်ငါးရပ်ဖြင့် ပိုင်းခြားကန့်သတ်ထားတဲ့ အလျားမိုင် ၃၈၀၀၊ အနံမိုင် ၃၂၅၀၊ အချင်းမိုင် ၁၁၇၀၀-ရှိ ရပ်ဝန်းဒေသကို မဇ္ဈိမဒေသလို့ ခေါ်ပါတယ်။ သည်နယ် ငါးရပ်မှ ပြင်ပရပ်ဝန်းဒေသများဟာ ပစ္စန္တရစ် အရပ်များပါဘဲ။

မေး။ ။အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့ သံဃာဖွဲ့စည်းပုံကို သိလိုပါတယ်။

မေး။ ။ရဟန်းခံနိုင်ခွင့်ရှိတဲ့ သံဃာဖွဲ့စည်းပုံကို မေးတာလား။

ဖြေ။ ။ဟုတ်ပါတယ်။

ဖြေ။ ။အိန္ဒိယနိုင်ငံတွင် သံဃာဆယ်ပါးရှိမှ ရဟန်းပြုလို့ရပြီး မြန်မာနိုင်ငံတွင် သံဃာငါးပါးရှိလျှင် ရဟန်းပြုနိုင်ပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံမှာလဲ ရဟန်းငါးပါးနှင့် ရဟန်းပြုပေးမှာ ဖြစ်ပါတယ်။

မေး။ ။ဂေါတမဗုဒ္ဓဘာသာ သာသနာတွင် သိက္ခာတင် ပဥ္စင်လို့ဆိုပါတယ်။ အဲဒါဘာယ်လိုပါလဲ။

ဖြေ။ ။သိက္ခာတင် ပဥ္စင်ဆိုတဲ့ စကားခွန်းထဲမှာ သိက္ခာတင်ဆိုတာက အခုလို ရဟန်းပြုတာကို ဆိုလိုပါတယ်။ ရဟန်းပြုခြင်းသည် သိက္ခာတင်ခြင်း ပင်မည်ပါတယ်။ ပဥ္စင်ဆိုတဲ့ စကားခွန်းက သည်လိုသိက္ခာတင်တဲ့ နေရာမှာ အင်္ဂါငါးပါးရှိတာကို ရည်ညွှန်းပါတယ်။

အင်္ဂါငါးပါးက ရဟန်းလောင်း အသက်နှစ်ဆယ်ပြည့်ခြင်း၊ ဉာတ်နှင့် ပြည့်စုံခြင်း၊ သိမ်နှင့်ပြည့်စုံခြင်း၊ ကမ္မဝါစာနှင့် ပြည့်စုံခြင်းနှင့် ပရိသတ်နှင့်ပြည့်စုံခြင်းများ ဖြစ်ပါတယ်။

အရှေ့တိုင်းဘာသာများတွင် ဗုဒ္ဓဘာသာကို လေ့လာရင်းရှိကြသူများ မေးကြသည်။ နှီးနှောကြသည်။ ဗုဒ္ဓဘာသာရဟန်းတော်များ မည်သည့်နေရာမှ မည်သို့ရဟန်းဖြစ်လာကြသနည်းဟူသော ပြဿနာကို ရှေးယခင်က ဗုဒ္ဓဘာသာ အမေရိကန်များ မသိရှိကြရ။ ယခုမူ မျက်မြင်ကိုယ်တွေ့ မြင်တွေ့ကြရပြီ

---

၁။ ဒီဃနိကာယ သီလက္ခန္ဓအဋ္ဌကထာ၊ ၁၅၆။

ဖြစ်သည်။ ရဟန်းပြုရာတွင် အမေရိကန်သုံးဦးလည်း ပါဝင်နေ၍ ဗုဒ္ဓဘာသာ မဟုတ်သူအပေါင်းအသင်းသူငယ်ချင်းများလည်း လာရောက်လေ့လာကြသည်။

မေးမြန်းကြသည့်အထဲတွင် "ဆံပင်တွေ ဘာ့ကြောင့်ရိတ်ပစ်သလဲ"ဟူသော မေးခွန်းများကလည်း ပလူပျံလျက်ရှိ၏။ သာသနာပြုအဖွဲ့က ရှင်းလင်းပြသရ၏။ သည်ဆံပင်တွေ မုတ်ဆိတ်တွေ ထားရခြင်းဖြင့် ရဟန်းတော်များ လို့လကြောင့်ကြ ဗျာပါရစိုက်ရကြောင်းနှင့် ဆံပင်မုတ်ဆိတ်တွေ ရိတ်ပယ်ပစ်ခြင်းဖြင့် ဆံပင်နှင့်ပတ်သက်သည့် ကြောင့်ကြမှု တဆယ့်ငါးမျိုး ကို အကြွင်းမဲ့ ချုပ်ငြိမ်းစေသည် မည်ပါကြောင်းများကို ရှင်းလင်းပေးကြရ၏။

ဦးချစ်ထွန်းနှင့် အမေရိကန်သုံးဦးတို့ ရဟန်းပြုရာ၌ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်တာဝန်ယူ၍ ပခုက္ကူဆရာတော်က အနုသာသနခန်းကို တာဝန်ယူသည်။ ဂေါတမဗုဒ္ဓဘာသာတွင် ရဟန်းပြုနိုင်ခွင့် အရည်အသွေးများကို အမေရိကန်တို့ လေ့လာသိရှိကြရသောအခါ လက်ဖျားခါကြ၏။ စည်းကမ်း ရှိပါသည်ဟုလည်း ချီးကျူးထောမနာပြုကြ၏။

**ရဟန်းတော်များ မှမေ့အပ်သောနေ့များ**

ဗုဒ္ဓတွင် မစွန့်အပ်သော ဌာနကြီးလေးပါးရှိသလို ရဟန်းတော်များ တွင်လည်း မမေ့အပ်သောနေ့များ ရှိနေပေ၏။ ယင်းတို့ကား ရဟန်းဖြစ်ရာ သိမ်၊ အရပ်၊ အချိန်ကာလ၊ သောတာပန်ဖြစ်ရာအရပ်၊ အချိန်ကာလ၊ ရဟန္တာ ဖြစ်ရာအရပ်၊ အချိန်ကာလတို့ဖြစ်ပေ၏။ ယင်းနေ့များတွင် ပထမဆုံးအနေဖြင့် ရဟန်းဖြစ်ရာသိမ်၊ အရပ်၊ အချိန်ကာလကို မှတ်သားထားရန် ရဟန်းသစ်များအား သွန်သင်ပြသ ဆုံးမရ၏။

ယင်းသို့ မှတ်သားထားခြင်းဖြင့် ဂေါတမဗုဒ္ဓ သာသနာတော်တွင် မိမိအား အလေးအမြတ်ပြုစေခြင်း၊ မိမိက အလေးအမြတ်ပြုရခြင်းဟူသော ဂုဏ်များကို ရရှိနိုင်ကြမည်ဖြစ်ပေ၏။ ဂေါတမဗုဒ္ဓသာသနာတော်၌ ရှေးဦးရဟန်းပြုသူကို အကြီးဟုခေါ်၍ နောက်မှရဟန်းပြုသူကို အငယ်ဟု ခေါ်လေသည်။

---

၁။ မိလိန္ဒပဥှာ ပါဠိ၊ ၁၁။

ဂေါတမဗုဒ္ဓသာသနာတော်တွင် ငယ်သူသည် ကြီးသူကို အလေးအမြတ်ပြုရစမြဲ ဖြစ်ပေ၏။ ထို့ကြောင့် ယင်းသို့ သွန်သင်ပြသ ဆုံးမရခြင်း ဖြစ်ပေ၏။

ဂေါတမ ဗုဒ္ဓသာသနာတွင် အမျိုးဇာတ် ဝါဒမရှိ။ လူမွဲဟူ၍လည်းကောင်း၊ လူချမ်းသာ ဟူ၍လည်းကောင်း၊ တရုတ်ဟူ၍လည်းကောင်း၊ ဗမာဟူ၍လည်းကောင်း၊ လူမျိုးရေးဝါဒနှင့် အဆင့်အတန်းဟူ၍ လည်းကောင်း ခွဲခြားမှုမရှိချေ။ မည်သည့်လူမျိုး ရဟန်းတော်ဖြစ်စေ ဝါငယ်သူသည် ဝါကြီးသူကို အလေးအမြတ် ပြုရစမြဲဖြစ်ပေ၏။ ဤကား ဂေါတမဗုဒ္ဓသာသနာတော်မြတ်ကြီး၏ အနုစ်သာရအများတွင် ထင်ရှားသော အနှစ်သာရအနည်းငယ်ကို ဖော်ပြခြင်းဖြစ်သည်။

ဂေါတမ ဗုဒ္ဓသာသနာတော်တွင် ရဟန်းတော်များသည် ဆောင်အပ်သော လေးမျိုးကို အသက်ထက်ဆုံး ဆောင်ကြရ၍ ရှောင်ကြဉ် အပ်သော လေးမျိုးကို အသက်ထက်ဆုံး ရှောင်ကြဉ်ကြရလေသည်။ ဆောင်အပ်သော လေးမျိုးကား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ လေးပါးသော ပစ္စည်းဖြစ်၍ ရှောင်ကြဉ်အပ်သော လေးမျိုးကား ကာမရာဂစပ်ယှက်ခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ လူသတ်ခြင်း၊ ဈာန်မဂ်ဖိုလ်မရပဲလျက် ရသည်ဟု လိမ်ညာပြောဆိုခြင်းများ ဖြစ်လေသည်။

ယင်းတို့တွင် ဆောင်အပ်သော လေးမျိုးကို ပစ္စဝေက္ခဏာဆင်ခြင်၍ အသက်ထက်ဆုံး သုံးဆောင်ရမည်ကိုလည်းကောင်း၊ ရှောင်ကြဉ်အပ်သော လေးမျိုးကို အသက်ထက်ဆုံး ရှောင်ကြဉ်ရမည်ကိုလည်းကောင်း အမေရိကန်ရဟန်းသစ်များအား သွန်သင်ညွှန်ကြားရပေ၏။ ရှောင်ကြဉ်အပ်သော လေးမျိုးကို မရှောင်မကြဉ်ကျူးလွန်မိပါက ရဟန်းမဟုတ်တော့ကြောင်းကိုပါ အမေရိကန် ရဟန်းတော်များအား ဆုံးမညွှန်ကြားထားရ၏။

တောင်ပုလု သာသနာပြုအဖွဲ့သည် ရရှိသော အမေရိကန် ရဟန်းသစ်လေးပါးနှင့်အတူ သိမ်ထွက်ခဲ့ကြသည်။ ဗုဒ္ဓဘာသာ အမေရိကန် များသည် မြန်မာဗုဒ္ဓဘာသာများနှင့်အတူ သိမ်ထွက်ပွဲဆင်နွှဲကြသည်။ လှူဖွယ်ဝတ္ထုများ လောင်းလှူကြသည်။ လေ့လာသူများအနေဖြင့်လည်း ဓာတ်ပုံများ ရိုက်လို့မဆုံး

တရှိုးရှိုး ရှိတော့၏။ ရဟန်းခံပွဲကြီး အောင်မြင်ပြီးဆုံးသွားသဖြင့် ဒိုးပတ်သံ ရေကင်းသံများ အကြားတွင် နစ်မွန်းကာ ပျော်သူတို့ကလည်း ပျော်၍မဆုံး တပြုံးပြုံးရှိတော့၏။

လောလုပ္ပတဏှာ နည်းပါး၍ ရဟန်းပြုကာ ကမ္မဋ္ဌာန်းတရား စီးဖြန်း ပွားများကြသော အမေရိကန်ယောဂီရဟန်းတို့ကား တိစီဝရိတ်၊ သပိတ်၊ ရေစစ်စသော ရဟန်းပရိက္ခရာ အသုံးအဆောင်များနှင့် သင့်လျော်လျောက်ပတ် လှပါပေသည်တကား။

"တဏှာလောလုပ်၊ မှုမရှုပ်ပဲ၊ ရှင်လုပ်ဖြောင့်တန်း၊ ကမ္မဋ္ဌာန်းနှင့်၊ စီးဖြန်းယှဉ်မှီ၊ ရှင်ယောဂီတို့၊ တိစီဝရိတ်၊ သပိတ်ရေစစ်၊ တဆစ်ပဲခွပ်၊ အပ်နှင့်ခါးပန်း၊ ရှစ်ခန်းပရိက္ခရာ၊ လျောက်ပတ်စွာတည့်[၁] "

**သရဏဂုံဆောက်တည်၊ ဗုဒ္ဓဘာသာသို့ကူး**

ဩဂုတ်လ ၁၅-ရက်၊ ၂-နာရီ၊ မိနစ် ၂၀-တွင် ဆန်ဖရန်စစ္စကိုမြို့ အိမ်တအိမ်သို့ သရဏဂုံချီးမြှင့်ရန် ထွက်လာခဲ့ကြသည်။ သရဏဂုံချီးမြှင့်ရမည့် သူများကား မြန်မာအမျိုးသား မိသားစုများပင် ဖြစ်ပေ၏။ ယင်းတို့ကား သရဏဂုံ ဆောက်တည်၍ ဗုဒ္ဓဘာသာသို့ကူးပြောင်းရန် ဖြစ်လေသည်။

အိမ်ထဲတွင် ဗုဒ္ဓဘာသာ မြန်မာအမေရိကန် များနှင့် ပြည့်နှက်လျက် ရှိပေ၏။ အခမ်းအနား ပြင်ဆင်မွမ်းမံမှုများတွင် ဗုဒ္ဓဘာသာ ရတနာသုံးပါး အခမ်းအနားများနှင့် လိုက်ဖက်အောင် ကြိုးစားမွမ်းမံထားသည်ကို တွေ့ရှိရ၏။ ရတနာသုံးပါး အခမ်းအနားများတွင် မြန်မာများစိုက်ထိုးလေ့ရှိသော ပရိတ်ချည်နှင့် ပန်းများကိုလည်း ညောင်ရေအိုးခေါ်ရမည့် ပန်းအိုးလှလှကလေးတွင် အခန့်သား တွေ့မြင်နေရ၏။

---

၁။ မင်္ဂလဒီပနီလင်္ကာပိုဒ်ရေ ၄၃၅။

"တပည့်တော် သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းရန်ပါဘုရား။ တပည့်တော်များ၏ ချွတ်ယွင်းချက်များကို သည်းခံခွင့်လွှတ်တော်မူပါဘုရား။

ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အပိုးမသေသေးသော အဆင်အပြင် များကို ယင်းတို့၏အမူအရာများက ထုတ်ဖော်ပြသလျက်ရှိကြပါ၏။ ရှိပါစေ။ အမှိုက်ထဲက ရွှေဖြစ်လာသည်ကိုပင် နှစ်သက်ဝမ်းမြောက်လှပါ၏။အမှိုက်ထဲက ရွှေကို သန့်စင်မှန်မြတ်သည့် မိုက်ခွက်ဖြင့် လှော်ရ၊ ဥရမည့်တာဝန်သည် ပန်းထိမ်ဆရာ၏တာဝန်မဟုတ်ပါလော။

ဗုဒ္ဓဘာသာဝင်ဦးရေ တိုးပွားလာ၍ အမိဗုဒ္ဓဘာသာအတွက် အားတက်မိရ၏၊ ဝမ်းမြောက်ကြည်နူးမိရ၏၊ အပိုးမသေလျှင်ရှိပါစေ၊ ဗုဒ္ဓဘာသာသို့ အလိုအလျောက် ကူးပြောင်းလာသည်ကိုပင် နှစ်လို့ အားရမ်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုမိ၏။ ဗုဒ္ဓဘာသာဝင် မထွန်းကား မတိုးတက်သေးသော အမေရိကန်နိုင်ငံကြီးမျိုးတွင် ဗုဒ္ဓဘာသာဝင်ဦးရေ ယခုကဲ့သို့ တိုးပွားလာရာ၌ အဘယ်သို့လျှင် နှစ်လို့အားရပ်း ဝမ်းပန်းတသာ လက်ကမ်း မကြိုဆိုပဲ ရှိချိမ့်မည်နည်း။

ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ မိသားစုအား ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါး၊ ငါးပါးသီလတော်မြတ်၏ ဂုဏ်တော်ကျေးဇူးတော်များကို ရှေးဦးစွာ ဟောကြားပြသလိုက်၏။ ယင်းသို့ ဟောကြားပြသလိုက်ခြင်းဖြင့် ရတနာသုံးပါးနှင့် ငါးပါးသီလမြတ်အပေါ် သက်ဝင်ယုံကြည်ခြင်း ခိုင်မြဲမှုကို ရယူလိုက်နိုင်ပေ၏။

ရတနာသုံးပါးနှင့် ငါးပါးသီလတော်မြတ်၏ ဂုဏ်တော် ကျေးဇူးတော်များကို ဟောကြားပြသပြီးနောက် "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသော ရတနာသုံးပါးကို ပီပီသသဆည်းကပ် ကိုးကွယ်မှု ပြုနိုင်စေရန် နှုတ်တိုက်ချပေးလိုက်၏။ ယင်းသို့ ချပေးလိုက်သည့်အပြင် "ယနေ့မှစ၍ တပည့်တော်များမိသားစုအား ရတနာသုံးပါးကို အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်သူ မိသားစုများဟူ၍ မှတ်တော်မူကြပါကုန် ဘုရား" ဟူ၍လည်း သရဏဂုံ စတင်တည်သူတို့၏ ဆိုရိုးစကားကိုလည်း ထုံးစံရှိသည်နှင့်အညီ နှုတ်တိုက်ချပေးလိုက်၏။

သရဏဂုံ စတင်တည်သူတို့၏ ပြုလုပ်မြဲဝတ္တရားများ ပြီးဆုံးသွားသော အခါ ဗုဒ္ဓဘာသာ အရိုးစွဲပြီးဖြစ်သော မြန်မာ အမေရိကန်တို့နှင့် ရောနှော၍ ကန်တော့စေ၏။ သို့ရာတွင် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခါစ ဖြစ်သည်နှင့် အညီ ကန်တော့ခန်း မရကြ၍ ကပ္ပိယကြီးဦးမောင်မောင်ကို နှုတ်တိုက်ချပေး စေရ၏။ ဩြော်–ငါတို့၏ သာသနာပြုခြင်းသည်ကား တကယ့် သာသနာပြု နည်းပေတကားဟူ၍လည်း ပီတိသောမနဿ ပွားများမိရ၏။

## ဆရာဗုဒ္ဓနှင့် နောင်တော်များသို့

အချိန်ကား ဗုဒ္ဓဘာသာနယ်ခံ ပုဂ္ဂိုလ်မရှိသေးသော အချိန်ဖြစ်ပေ ၏။ ယင်းအချိန်က ဆရာဗုဒ္ဓနှင့် နောင်တော်များသည် အခက်အခဲများစွာကို ကျော်လွှားကာ ဆင်းဆင်းရဲရဲ သာသနာပြုခဲ့ကြရ၏။ ဘာသာသွေးများ ခက် ခက်ခဲခဲ စုစည်းခဲ့ကြရ၏။

ဗုဒ္ဓသည် ဘီစီ-၅၃၄-ခုနှစ်အကြုံ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအဖြစ်ကို ရရှိခဲ့၏။ ဗုဒ္ဓသည် မိမိကိုယ်ကို "ဗုဒ္ဓဟု" ဝန်ခံပြီးသည့်နောက် ဓမ္မစကြာတရား ဟောကြားတော်မူသည်က အစ မိမိ၏ သာသနာနယ်ပယ်ကို ချဲ့ထွင်ခဲ့၏။ သတ္တဝါတို့၏ အလိုဆန္ဒနှင့် ပါရမီအနုအရင့်ကို ကြည့်ရှုသုံးသပ်ကာ မိမိ၏ အဆုံးအမ မိမိ၏ဝါသနာကို ကြည်ညိုလက်ခံလာသူတွေ ပွားလာအောင် ရွက်ဆောင်တော်မူခဲ့သည်။

ယင်းသို့ ရွက်ဆောင်ရာ၌ ဗုဒ္ဓသည် အခက်အခဲအမျိုးမျိုးကို ကိုယ် တော်အားဖြင့်လည်း ကျော်လွှားခဲ့ရ၏။ ဉာဏ်တော်အားဖြင့်လည်း ကျော် လွှားခဲ့ရ၏။ ကိုယ်တော်အား ဉာဏ်တော်အားတို့ကို အသုံးချကာ ဤသို့လျှင် စုစည်းသာသနာပြုခဲ့ရ၏။

ဗုဒ္ဓသည် မိမိသာသနာဖြန့်ချီရာ၌ မိမိကိုယ်တော်တိုင် ကိုယ်တော်အား ဉာဏ်တော်အား အသုံးချခဲ့ရုံသာမက တပည့်သာဝကများကိုလည်း ကိုယ်အား ဉာဏ်အား အသုံးချစေခဲ့၏။ အရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း တင်ပြ ရာ၌ မည်သည့်ဝိတဏ္ဍဝါဒီကိုမျှ မကြောက်ရန် အားလည်းပေးတော်မူလိုက် သေး၏။

ဗုဒ္ဓသည် ယင်းသို့ သာသနာပြုခဲ့ရာတွင် ဥရုဝေဠကဿပစသော ရသေ့ညီနောင် ရှင်တထောင်ကို တိမ်မှောင်မိစ္ဆာ ဒိဋ္ဌိခွါရာ၌ သဗ္ဗညုတ ဉာဏ်ကွန်ရက်ကို ဖြန့်ကြက် ခင်းကျင်းတော်မူ၍ ဖြန့်ကြက်ခင်းကျင်းအပ် ပြီးသော သဗ္ဗညုတဉာဏ်ကွန်ရက်၌ ရူပကာယတော်ဖြင့် တင့်တယ်စံပယ်ခြင်း တည်း ဟူသော ကိုယ်တော်အား ဉာဏ်တော်အားများကို အစီအစဉ်ဘက်ကျ အသုံးချကာ ချွေချွတ်သာသနာပြုတော်မူခဲ့ရပေ၏။

သာကီဝင် မင်းမျိုးများအား မာနခက်ထန်စေသော ဇာတ်စိုနစ်ကို ဖျက်ဆီးပစ်ရာ၌သည်း ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်ကွန်ရက်ဖြင့် ဖြန့်ကြက်ခင်းကျင်း တော်မူ၍ ပေါက္ခရဝဿမိုး ရွာစေခဲ့၏။ ယင်းဖြန့်ကြက် ခင်းကျင်းအပ်ပြီးသော သဗ္ဗညုတဉာဏ်ကွန်ရက်ဖြင့် ရူပကာယတော် တင့်တယ်စံပယ်ခဲ့ပေ၏။

ဗုဒ္ဓသည် မိမိ သာသနာဖြန့်ချီရာ၌ ဤသို့လျှင် ကိုယ်တော်အား ဉာဏ် တော်အားများကို အသုံးချတော်မူခဲ့လေသည်။ ဗုဒ္ဓ၏ ယင်းသို့သော အသုံး ချနည်းများကား ဗုဒ္ဓပထဝီဝင်တွင် အမြောက်အမြားပင် ရှိလေသည်။

ဗုဒ္ဓပရိနိဗ္ဗာန်စံပြီးနောက် တတိယသံဂါယနာအပြီး ကိုးတိုင်းကိုးဌာန သို့ သာသနာပြု ကြွတော်မူခဲ့သော ဗုဒ္ဓ၏ တပည့်သာဝကများကလည်း ဗုဒ္ဓ၏ ညွှန်ကြားချက်အတိုင်း ကိုယ်အား ဉာဏ်အား အသုံးချကာ သာသနာ ပြုခဲ့ကြသည်။ သာသနာစည်ကားပြန့်ပွားအောင် မြောက်မြားစွာ စုစည်းခဲ့ ကြသည်။

ကသ္မီရ ဂန္ဓာရတိုင်းသို့ သာသနာပြု တာဝန်ကျသော မဇ္ဈန္တိကထေရ် သည် အရဝါဠ နဂါးမင်းအား ကိုယ်အား ဉာဏ်အား အသုံးချကာ သာသနာ ပြုတော်မူခဲ့ရသည်။ ဗုဒ္ဓဘာသာနယ်ခံ မရှိကြသေးသော ခေတ်များဆီက ဆရာမြတ်ဗုဒ္ဓနှင့် ရဟန္တာဖြစ်တော်မူကြသော ပရမတ္ထသံဃာတော်များသည် အခက်အခဲများစွာကို ကျော်လွှား၍ ဤသို့လျှင် သာသနာပြုတော်မူခဲ့ကြသည်။

ဗုဒ္ဓဘာသာ နယ်ခံပုဂ္ဂိုလ်များ တောင့်တင်း ခိုင်မာလာပြီး ဖြစ်သော ယခုကဲ့သို့သော နေရာမျိုးများတွင် သာသနာပြုကြရသော သာသနာပြုအဖွဲ့ များအနေဖြင့် အခက်အခဲများစွာကို ကျော်လွှားကာ သာသနာပြုခဲ့ကြသော

ဆရာမြတ်ဗုဒ္ဓနှင့် နောင်တော်ထေရ်အရှင်များအား တစိမ့်စိမ့် ဦးညွှတ် ဂါရဝ ပြုမိရ၏။

ဆရာမြတ်ဗုဒ္ဓနှင့် နောင်တော်များ၏ ဂုဏ်တော်အနန္တ ကျေးဇူးတော် အနန္တကြောင့် ငါတို့တတွေသည် ယခုကဲ့သို့ မပင်မပန်း ချမ်းချမ်းသာသာ သာသနာပြုနိုင်ခဲ့ကြပေပြီဟူ၍ အတိုင်းမသိ ရှိသေသဒ္ဓါ ကြည်ညိုစွာဖြင့် ရှိခိုး ဦးတင်မိပါတော့သည်။

## သရဏဂုံသည် ရောဂါကင်းဝေး အမြိုက်ဆေး

သရဏဂုံနှင့် ငါးပါးသီလကို ဆောက်တည်၍ ဗုဒ္ဓဘာသာသို့ကူးပြောင်း လာသူ ဗုဒ္ဓဘာသာဖြစ်သစ်စ အိမ့်ရှင်များအား သရဏဂုံနှင့် ငါးပါးသီလ အကျိုးတရားများကို ဟောကြားခဲ့၏။ ဤတရားတော်ကို ဟောကြားခြင်း၏ ရည်ရွယ်ချက်မှာ "သရဏဂုံသည် ရောဂါကင်းဝေး အမြိုက်ဆေး" ဟူသော အချက်ကို ဖော်ညွှန်းလိုသောကြောင့် ဖြစ်ပေ၏။

နေရာကား သာဝတ္ထိပြည် အနာထပိဏ်သူဌေးကြီး အိမ်ဂေဟာတွင် ဖြစ်ပေ၏။

"ဒါယကာကြီး၊ ဒါယကာကြီးသည် ဘုရားကိုလည်း သက်ဝင် ယုံကြည်သူ၊ တရားကိုလည်း သက်ဝင်ယုံကြည်သူ၊ သံဃာကိုလည်း သက်ဝင်ယုံကြည်သူ၊ အရိယာတို့ နှစ်သက်မြတ်နိုး၍ တည်ကြည်မှု သမာဓိကို ရစေနိုင်သော ငါးပါးသီလကိုလည်း စောင့်ထိန်းသူဖြစ်ပေ ၏။ ယင်းသို့ ရတနာသုံးပါး သီလငါးပါး၌ သက်ဝင် ယုံကြည်ကာ စောင့်ထိန်းသော ဒါယကာကြီးအား ဝေဒနာများ ပျောက်ကင်း ချမ်းသာနိုင်ရာ၏။"

အရှင်သာရိပုတ္တရာသည် ဝေဒနာပြင်းထန်စွာ ခံစားနေရရှာသော အနာထပိဏ်သူဌေးကြီးအား သရဏဂုံနှင့် ငါးပါးသီလ တရား ရေအေး အမြိုက်ဆေးများကို တိုက်ကျွေးနေခြင်းဖြစ်ပေ၏။

မှန်၏။ ဝေဒနာများ မသက်မသာ ခံစားနေရရှာသော အနာထပိဏ်သူဌေးကြီးသည် အရှင်သာရိပုတ္တရာရှိရာသို့ အိမ်ဖော်ယောကျ်ားတယောက်ကို စေလွှတ်ကာ အရှင်သာရိပုတ္တရာအား ပင့်ဆောင်စေခဲ့ခြင်း ဖြစ်ပေ၏။ အရှင်သာရိပုတ္တရာသည် နောက်လိုက် အရှင်အာနန္ဒာနှင့်အတူ ကြွတော်မူကာ ယခုကဲ့သို့ အနာထပိဏ်သူဌေးကြီးအား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနေခြင်းပင် ဖြစ်ပေ၏။

အနာထပိဏ်သူဌေးကြီးကား ဝေဒနာ ပြင်းပြစွာ ခံစားယင်း အိပ်ရာထက်မှ အရိုအသေပြု တရားနာလျက်ရှိ၏။ ပါးစပ်မှလည်း "မကျန်းမာ မချမ်းသာတဲ့အကြောင်း၊ ဝေဒနာပြင်းပြလှတဲ့ အကြောင်းများနှင့် ဝေဒနာများ ရှောသိုသာ တိုးတက်ဖွယ်ရှိတဲ့အကြောင်း"များကို ညည်းတွား လျှောက်ထားလျက်ရှိ၏။

"ဒါယကာကြီး၊ ဘုရား တရား သံဃာနှင့် အရိယာများ မြတ်နိုးနှစ်သက်၍ တည်ကြည်မှု သမာဓိကို ရစေနိုင်သော ငါးပါးသီလဉ္စ မယုံကြည်သောသူများသာ အပါယ်လေးပါးသို့ လားရောက်နိုင်၏။ ရတနာသုံးပါး ငါးပါးသီလဉ္စ ယင်းသို့သော မယုံကြည်မှုမျိုးသည် ဒါယကာကြီး၌ လုံးဝမရှိ။

"ဒါယကာကြီး၊ ဘုရား တရား သံဃာ ရတနာသုံးပါးနှင့် အရိယာများ မြတ်နိုးနှစ်သက်မှု သမာဓိကို ရစေနိုင်သော ငါးပါးသီလဉ္စ မသုန်မလည် ယုံကြည်မှုကို အသင့်အားဖြင့် ရှုဆင်ခြင်သော ဒါယကာကြီးအား ဝေဒနာများ ပျောက်ကင်းချမ်းသာနိုင်ရာ၏။ ၁"

အရှင်သာရိပုတ္တရာ၏ သရဏဂုံသုံးပါးနှင့် ငါးပါးသီလတည်းဟူသော တရားရေအေး အမြိုက်ဆေးကို သောက်သုံးမှီဝဲလိုက်ရသော အနာထပိဏ်သူဌေးကြီးသည် ဝေဒနာမှ ပျောက်ကင်း ချမ်းသာလာတော့၏။ အနာထပိဏ်သူဌေးကိုယ်မှ ပြင်းထန်လှစွာသော ဝေဒနာများသည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ လျှောစင် လွင့်ပျောက်လေတော့သတည်း။

---

၁။ မဟာဝဂ္ဂသံယုတ္တပါဠိ၊ ၃၃၂။

## အုတ်ကလန်ဘိချ်ဗရစ်ချ်တံတားကြီး

ဗုဒ္ဓဘာသာ ဖြစ်သစ်စအိမ်တွင် သရဏဂုံနှင့် ငါးပါးသီလ အကျိုးတရားများဟောကြားပြီးသောအခါ ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားအမှူးရှိသော သာသနာ့ပြုအဖွဲ့သည် ဧကာများပင့်ဆောင်ရာ အုတ်ကလန်ဘိချ် ဗရစ်ချ်တံတားကြီးသို့ လိုက်ပါသွားခဲ့ကြတော့၏။ တံတားကြီးကား ကိုးမိုင်ခွဲ ရှည်လျား၏။ ဆန်ဖရန်စစ္စကိုမြို့နှင့် အုတ်ကလန်မြို့အကြား ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကာ ဖောက်လုပ်ထားသော တံတားကြီးဖြစ်ပေ၏။

တံတားကြီးကား နှစ်ထပ်ဖြစ်၏။ သာသနာ့ပြုအဖွဲ့ကားသည် အလာတွင် အောက်ထပ်မှ လာခဲ့၍ အပြန်တွင် အထက်ထပ်မှ ပြန်ခဲ့သည်။ ယင်းတံတားကြီးပေါ်တွင် တနေ့လျှင် ကားစင်းရေခြောက်သောင်းကျော် မောင်းနှင်သည်ဟု ဌာနေတို့က ဆို၏။ တံတားပေါ်ရှိ ကားလမ်းကလည်း ကျယ်ဝန်းလှ၏။ ကားလေးစီး ယှဉ်မောင်းနိုင်၏။

တံတား၏ အောက်တည့်တည့်တွင် ရေအောက် ဥမင်လိုဏ်ခေါင်းလမ်းလည်းရှိသေးကြောင်းနှင့် ယင်းရေအောက် ဥမင်လိုဏ်ခေါင်းလမ်းတွင် ဓာတ်ရထား ပြေးဆွဲကြောင်းလည်း သိရှိရ၏။

ပစိဖိတ် သမုဒ္ဒရာပေါ်ရှိ ကောင်းကင်ပြင်တွင် အပျော်စီးစက်မဲ့လေယာဉ်များကို အဝေးမှ ငေးမောကြည့်မိရ၏။ စက်မဲ့လေယာဉ်များမှာ မြန်မာနိုင်ငံ အမောင်းသင်စက်မဲ့လေယာဉ်များနှင့်မည်သို့မျှထူးခြားခြင်း မရှိသလိုပျံဝဲနိုင်ရန် ကောင်းကင်သို့လွှတ်တင်ရာ၌လည်း မည်သို့မျှထူးခြားခြင်းမရှိသည်ကို တွေ့ရ၏။

စက်မဲ့လေယာဉ်တွင် သစ်သားနှင့် ကြိုးသာပါရှိ၍ စက်လေယာဉ်ဖြင့် ကောင်းကင်သို့ဆွဲတင်ကာ အရှိန်ရမှဖြုတ်ချလိုက်ခြင်းပင်ဖြစ်ပေ၏။နှစ်ယောက်စီးလေယာဉ်ငယ်များကလည်း အစာလုနေသည့် ခိုအုပ်ကြီးပမာ များပြားလှစွာ၏။

ပစိဖိတ် သမုဒ္ဒရာကမ်းခြေတွင် လာရောက်အပန်းဖြေကြသည့် နှစ်ထပ်ကားကြီးများကိုလည်း သုံးပင်အိမ်ငယ်ပမာ တွေ့ရှိရ၏။ လေ့လာရေးခရီး

ထွက်ရာတွင် အမေရိကန်များသည် ယင်းနှစ်ထပ်ကားမျိုးကို အသုံးချခြင်းဖြင့် ခရီးသွားဟော်တယ်စရိတ်ကို လျှော့ချနိုင်ခဲ့ကြ၏။

နှစ်ထပ်ကားများပေါ်တွင် အိပ်ခန်း၊ အိမ်သာ၊ မီးဖို၊ ရေချိုးခန်း၊ ရေခဲသေတ္တာ ရေဒီယိုမှအစ ရုပ်မြင်သံကြားအထိ တပ်ဆင်ထားကြ၏။ဒေသန္တရ ဗဟုသုတလည်းဖြစ်၊ ကုန်ကျစရိတ်လည်း သက်သာစေသော ဤကားကြီးမျိုးဖြင့် ခရီးထွက်ခြင်းသည် အမေရိကန်နိုင်ငံတွင် ရေပန်းစားလျက်ရှိ၏။

တံတားကြီး၏ အောက်တွင် ရှစ်ထပ်တိုက်တလုံးရှိ၏၊တံတားနှင့် မလှမ်းမကမ်းတွင် ရေလယ်ကျွန်းတခုရှိလေသည်။ ယင်းရေလယ်ကျွန်းကား အမေရိကန်နိုင်ငံ၏ အကြီးကျယ်ဆုံးသော ရေတပ်စခန်းကြီးပေတည်း။

သင်္ဘောဆိပ်များသို့လည်း ရောက်ကြရပြန်၏။ဤဆန်ဖရန်စစ္စကိုမြို့သည် ကမ္ဘာပေါ်တွင် သင်္ဘောဆောက်လုပ်ရာ အကြီးဆုံးဌာနကြီး ဖြစ်ရုံသာမက ကမ္ဘာ့အရပ်ရပ်မှ ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့ကြီးလည်းဖြစ်ပေ၏။ တည်ဆောက်ဆဲ သင်္ဘောကြီးများကိုလည်း တွေ့မြင်ခဲ့ရသေး၏။ ထို့ကြောင့် ဆန်ဖရန်စစ္စကိုမြို့သည် ပြည်တွင်းသာမက ပြည်ပမှာပါ ထင်ရှားသော မြို့ကြီးအဖြစ် ကျော်ကြားလျက်ရှိချေ၏။

ယင်းနေ့က ၁၀-နာရီ မိနစ် ၂၀-တွင် တောင်ပုလု ကမ္ဘာ့အေးမမှရိပ်သာသို့ ပြန်လာခဲ့ကြတော့၏။

## အမေရိကန် ဝါဝင်

## ဝါခေါင်လပြည့်၊ သို့မဟုတ် ဝါကြိုလပြည့်

ယနေ့ကား ဝါခေါင်လပြည့်နေ့ဖြစ်ပေ၏။ ပုရိမဝါသား ရဟန်းတော်များအနေဖြင့် ဝါဆိုလပြည့်နေ့ကပင် ဝါဝင်ခဲ့ပြီးဖြစ်ပေပြီ။ ဝါဆိုလပြည့်နေ့က ဝင်ခဲ့ပြီးဖြစ်သော ဝါကို သာသနဝေါဟာရအနေဖြင့်“ပုရိမဝါ” ဟုခေါ်၏။ ပစ္ဆိမဝါသား ရဟန်းတော်များ၏ ဝါကား ဝါခေါင်လပြည့်နေ့မှ ဝင်ကြမည်ဖြစ်ပေ၏။ ယင်းဝါသည် နောက်မှဝင်ရခြင်း ဖြစ်သောကြောင့် “ပစ္ဆိမဝါ”

ဟု ခေါ်ရ၏။ ယင်းပစ္ဆိမဝါ၌ ဝါကပ် ဝါဆိုတော်မူကြသော ရဟန်းတော်များကိုလည်း "ပစ္ဆိမဝါသား ရဟန်းများ"ဟု ခေါ်ဆိုရလေသည်။

တောင်ပုလု သာသနာပြုအဖွဲ့ကား အမေရိကန်နိုင်ငံ၌ ပစ္ဆိမဝါကပ်ရမည်ဖြစ်ပေ၏။ ယနေ့ကား ဝါကြိုနေ့ဖြစ်သည့် ဝါခေါင်လပြည့်နေ့တည်း။ ယင်းဝါကိုကြိုသည့် ဝါကြိုလပြည့်နေ့ ဖြစ်ပေသည်။

ယခုလို ဝါခေါင်လပြည့်နေ့ အခါကြီး ရက်ကြီးများတွင် အမိမြန်မာနိုင်ငံရှိ ရွှေတိဂုံစေတီမြတ်ကြီးကို အမှတ်ရ ကြည်ညိုသခွါ ပွားမိရသည်။ ဘုရား၏ ရင်ပြင်ပေါ်တွင် ကြက်ပျံမကျ စည်ကားလှသော ဘုရားဖူးသူ၊ သီတင်းသီလဆောက်တည်သူများမှအစ ပန်း ရေချမ်းကပ်သူ၊ ဆီမီးကပ်သူများ အထိ မိမိ၏စိတ်အာရုံတွင် စွဲထင်လာလျက် ရှိသည်။

စေတီတော်မြတ်ကြီး၏ လေးဘက်လေးတန်တွင် ကောင်းချီးနှုမော်သာခုံခေါ်နိုင်ကြရန် အမျှဝေကာ ဆုတောင်းဆုယူ ကုသိုလ်ယူနေကြသူတို့၏ ကြေးစည်သံများကိုလည်း မိမိ၏ သောတအာရုံတွင် ကြားယောင်လာသည်။ စေတီတော်မြတ်ကြီး၏စောင်းတန်းလေးသွယ်တွင် တက်ယင်းသက်ယင်းလှူယင်း တန်းယင်း ဒါနဆူဆူ ကုသိုလ်ယူနေကြသော ဗုဒ္ဓဘာသာမြန်မာပြည်သူများကိုလည်း မိမိ၏စက္ခုအာရုံတွင် အထင်းသား အစင်းသား ထင်ယောင် မြင်ယောင်လျက်ရှိသည်။

ယခု ဗုဒ္ဓဘာသာ အမေရိကန်တို့၏ ဝါခေါင်လပြည့်နေ့ကလည်း မြန်မာနိုင်ငံ ဝါခေါင်လပြည့်နေ့လောက် မစိုပြေစေကာမူ ခြောက်ကပ်ကပ်ကြီးတော့ မဟုတ်ချေ။ ဗုဒ္ဓသာသာ အမေရိကန်တို့၏ ဝါခေါင်လပြည့်နေ့ကား အလှပေါ် အယဉ်ဆင့်ထား၍ ရှုချင်စဖွယ် အနေအထားမျိုးတွင် ရှိသည်။ အကြောင်းသော်ကား ဝါခေါင်လပြည့်နေ့တွင် မစ္စတာဒေးဗစ်၏ ရဟန်းပြုပွဲကြီးရှိနေသောကြောင့် ဖြစ်၏။

ထို့ကြောင့် ဗုဒ္ဓဘာသာ အမေရိကန်တို့၏ ဝါခေါင်လပြည့်နေ့ကား လူဝင်လူထွက်များနှင့် စည်ကားလျက် ရှိသည်။ အမေရိကန်တွင် တသက်

လုံးက ရဟန်းသံဃာနှင့် ဥပုသ်မစောင့်ခဲ့ကြရသော ဗုဒ္ဓဘာသာ မြန်မာရင့်မကြီးများသည် စိတ်ပုတီးနှင့် ရိပ်ကြီးနှင့်၊ ပန်းသပြေနှင့် ညောင်ရေနှင့်၊ ထမင်းထုပ်နှင့် ဆွမ်းအုပ်နှင့်ဆိုသလို ဖြစ်နေကြသည်။

ဗုဒ္ဓဘာသာ အမေရိကန်များကလည်း အညံ့မခံကြချေ။ ဗုဒ္ဓဘာသာ မြန်မာများနည်းတူ စိတ်ပုတီးနှင့် အရိပ်ကြီးနှင့်၊ ပန်းသပြေနှင့် ညောင်ရေနှင့်၊ ထမင်းထုပ်နှင့် ဆွမ်းအုပ်နှင့်ပင် ဖြစ်နေကြ၏။

တောင်ပုလု ကမ္ဘာ့အေးရိပ်သာဝန်းကျင်တွင် ခရုသင်းသံ ငွေမောင်းသံ၊ သံချောင်းသံများနှင့်တကွ ပြောစည်သံများပါ ညံလျက်ရှိပြန်သည်။ ရိပ်သာတွင် သံဃာများနှင့် သာမဏေများ ရသေ့မ ယောဂီနှင့် လူယောဂီများ တိုးပွားလာပြီဖြစ်၍ သက်န်းရောင် ညိုရွှေသွေးများကို ကောင်းစွာ တွေ့မြင်နေရပေပြီ။

ဗုဒ္ဓဘာသာ အမေရိကန်တို့၏ ဝါခေါင်လပြည့်နေ့ကား—

"ရှင်ပျော်စိတ်ယဉ်၊ ကုသိုလ်ယှဉ်လျက်၊ အစဉ်မပြောင်း၊ နှံ့သာပျောင်းနှင့်၊ သွန်းလောင်းခရစက်၊ ညန်နက်ဖြင့်၊ ဝတ်တက်ဆွမ်းပန်း၊ ညီထွန်းဆီမီး၊ ရှုမငြီးအောင်။ ညီးညီးမိုးယံ၊ ထိန်ထိန်လျှံသည်။ ။စည်သံနေ့ညဉ့် ပြုန်းပြုန်းတည်း[၁]"

ဟု ဝှဲချီးရအံ့ ထင်သည်။

## ဥပုသ်စောင့်ခြင်းဟူသည်

ဝါခေါင်လပြည့် ဥပုသ်နေ့တွင် ဥပုသ်စောင့်သုံးကြသော ဗုဒ္ဓဘာသာ မြန်မာနှင့် အမေရိကန်တို့အား ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "ဥပုသ်စောင့်ခြင်းဟူသည်" စသောစကားဖြင့် ဩဝါဒစကား မြွက်ကြားတော်မူသည်။

"ဥပုသ်စောင့်တယ်ဆိုတာ သိလွယ်အောင် ပြောရရင်တော့ မိမိတို့စိတ်ကို စောင့်ထိန်းထားတာ ပါပဲ။ စွဲမက်ဖွယ်အာရုံ၌ မစွဲမက်အောင်

---

၁။ မဃဒေဝ လင်္ကာပိုဒ်ရေ - ၅၀၉။

မိမိစိတ်ကို စောင့်ထိန်းထားရမယ်။ အမျက်ထွက်ဖွယ်အာရုံ၌ အမျက်မထွက်အောင် မိမိစိတ်ကို စောင့်ထိန်းထားရမယ်။ ယစ်မူးဖွယ်အာရုံ၌ မယစ်မူးအောင် မိမိစိတ်ကို စောင့်ထိန်းထားရမယ်။ သည်လိုစောင့်ထိန်းထားတာကို ဥပုသ်စောင့်တယ်လို့ ခေါ်တာပဲ''

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ပဥ္စုပေါသထဇာတ်ကို ရည်ညွှန်း၍ ယင်းဩဝါဒစကား မြွက်ကြားတော်မူခြင်းဖြစ်၏။ ယင်းဇာတ်တော်တွင် ရသေ့၊ ခို၊ မြွေ၊ မြွေ၊ ဝံတို့သည် စွဲမက်ဖွယ်အာရုံ၌ စွဲမက်သောရာဂများကြောင့် စိုးရိမ်ခြင်း ငိုကြွေးခြင်းစသော ကာယိကဒုက္ခ၊ စေတသိကဒုက္ခများကို ခံစားခဲ့ရ၏။

မြွေသည်လည်း အမျက်ထွက်ဖွယ် အာရုံကြောင့် အမျက်ထွက်ကာ စိတ်လွှတ်ပြီး ဥသဘနွားလားကို သတ်မိခဲ့၏။ ဥသဘနွားလား သေဆုံးခြင်းကြောင့် ရပ်ရွာပြည်သူများ စိုးရိမ်ခြင်း ပူဆွေးခြင်းစသော စေတသိက ဒုက္ခများ ခံစားကြရသည်ကို မိမိမျက်ဝါးထင်ထင် တွေ့မြင်ရ၏။ ယင်း၏ အကျိုးဆက်များက မိမိအား ရောင်ပြန်ဟပ်ခြင်း ခံလာရတော့၏။

ရသေ့သည် အမျိုးဇာတ် မြင့်မားခြင်းဟူသော ယစ်မူးဖွယ်အာရုံ၌ ယစ်မူးကာ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ပြစ်မှားမိခဲ့၏။ ယင်းသတ္တဝါငါးဦးသားတို့သည် စွဲမက်ဖွယ်အာရုံ၌ စိတ်ကိုမချုပ်တည်းနိုင်ပဲ စွဲမက်ခဲ့ကြ၏။အမျက်ထွက်ဖွယ် အာရုံ၌ စိတ်ကိုမချုပ်တည်းနိုင်ပဲ အမျက်ထွက်ခဲ့ကြတော့၏။ ယစ်မူးဖွယ်အာရုံ၌ စိတ်ကိုမချုပ်တည်းနိုင်ပဲ ယစ်မူးမိခဲ့ကြတော့၏။

ယင်းအကျိုးဆက်များကြောင့် မိမိတို့သန္တာန်တွင် ကာယိကဒုက္ခနှင့် စေတသိကဒုက္ခများ အသီးသီးခံစားခဲ့ကြရ၏။ ယင်းသို့ခံစားခဲ့ကြရသဖြင့် မိမိတို့ကိုယ်ကို မိမိတို့ ဝေဖန်ရေးများ ပြုလုပ်ကြရတော့၏။ ငါတို့သည် စွဲမက်ဖွယ်အာရုံ၊ အမျက်ထွက်ဖွယ် အာရုံ၊ ယစ်မူးဖွယ် အာရုံများ၌ စိတ်ကိုမချုပ်တည်းနိုင်ပဲ စွဲမက်မိခဲ့၏။ အမျက်ထွက်မိခဲ့၏၊ ယစ်မူးမိခဲ့၏။ ယင်းသို့ စွဲမက်ခြင်း အမျက်ထွက်ခြင်း ယစ်မူးခြင်းဖြင့် ဝမ်းရေး ရှာမှီခြင်းငှါ မသင့်ဟု မိမိတို့ကိုယ်ကို မိမိတို့ အသီးသီးဆန်းစစ်လာကြတော့၏။

ယင်းသို့ မိမိကိုယ်ကို မိမိဆန်းစစ်ခြင်းဖြင့် ယင်းသတ္တဝါ ငါးဦးသားတို့သည် မိမိတို့စိတ်ကို ချုပ်တည်းနိုင်ရန် ဥပုသ်ဆောင် ဝင်ခဲ့ကြတော့သည်။ ဥပုသ်စောင့်သုံးကြတော့သည်။ ဥပုသ်စောင့်သုံးခြင်းဖြင့် မိမိတို့စိတ်ကို မိမိတို့ နှိပ်ကွပ်၏။ ချုပ်တည်း၏။

စိတ်ကို ချုပ်တည်းခြင်းသည် တည်ကြည်မှုသမာဓိ ရရှိခြင်း၏ နီးစွာသောအကြောင်း၊ တည်ကြည်မှု သမာဓိ ဖြစ်ပေါ်လာရခြင်းသည် ဈာန်ကို ရရှိခြင်း၏ နီးစွာသောအကြောင်း၊ ဈာန်ကိုရရှိခြင်းသည် မဂ်ကိုရရှိခြင်း၏ နီးစွာသောအကြောင်း၊ မဂ်ကို ရရှိခြင်းသည် ဖိုလ်ကို ရရှိခြင်း၏ ဦးစွာသော အကြောင်း၊ ဖိုလ်ကိုရရှိခြင်းသည် နိဗ္ဗာန်ကို ရရှိခြင်း၏ နီးစွာသောအကြောင်းများဖြစ်ပေ၏။

"ပဥ္စသီဥပုသ်၊ မယုတ်အားကြိုး၊ ဤကျင့်ရိုးကား၊ ကောင်းကျိုးကုသိုလ်၊ မကင်းလိုတည့်၊ နေ့ကိုစောင့်က၊ နေ့ကိုရ၏။ ညလည်းထို့တူ၊ မှတ်ဖွယ်မူလော့"[၁]

## ဓုတင်တေရသ် တရားမြွတ်

"ဓုဘင် ဆိုတာ ပါဠိ ဓုတင်္ဂသဒ္ဒါမှ ဆင်းသက်လာတဲ့ ပါဠိသက်စကားခွန်းပဲ၊ ဓုတင်္ဂဟူသော ပါဠိစကားခွန်းကို မြန်မာက "ဓုဘင်လို့ မြန်မာမှု ပြုထားတာ။ သည်စကားထဲမှာ လိုရင်းကတော့ ဓုတသဒ္ဒါပဲ။ ဓုတ သဒ္ဒါက "ခါတွက်ခြင်း"လို့ အဓိပ္ပာယ်ရတယ်။ဘာကို ခါတွက်သလဲဆိုတော့ ကိလေသာကို ခါတွက်တာတဲ့။

"ဓုတင်ကို ဆောင်ခြင်း ဆောက်တည်ခြင်းဖြင့် အလိုနည်းခြင်း၊ ကိလေသာကို ခါတွက်ခြင်း၊ ဆိတ်ငြိမ်ရာအရပ်၌ နေနိုင်ခြင်း၊ ထက်သန်သော ဝီရိယကိုရရှိခြင်း၊ ဒါယကာများ လုပ်ကျွေးလွယ်ခြင်း၊ ပလိဗောဓနည်းပါးခြင်း၊ ပေါ့ပါးစွာ အသက်မွေးနိုင်ခြင်းစသော အကျိုးများကို ရရှိနိုင်တယ်။ ဒါ့ကြောင့် မိမိတို့နှင့် ထိုက်သက်ရာ ဓုတင်များကို သဒ္ဓါသက်သလောက် ဆောက်တည်ကြပါ။"

---

၁။ မဃဒေဝလင်္ကာပိုဒ်ရေ-၂၃၁။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ရဟန်းတပည့်၊ သာမဏေတပည့်၊ ရသေ့မ ယောဂီတပည့်၊ လူယောဂီတပည့်များအား ဥပုသ်စောင့်သုံးခြင်း အကြောင်းကို မြွက်ကြားပြီးနောက် ဓုတင်တရားတော်မြတ်ကို ဤသို့ဟော ကြားတော်မူသည်။ ဝါတွင်း ရောက်ပြီဖြစ်၍ တပည့်အားလုံး ဝါတွင်းသုံးလ ဓုတင်ဆောက်တည်ရန် တိုက်တွန်းတော်မူခြင်း ဖြစ်ပေ၏။

မြန်မာနိုင်ငံ တောင်ပုလု ကမ္ဘာ့အေးရိပ်သာတွင်မူ ရဟန်းဖြစ်လာ သည်နှင့်တပြိုင်နက် ဝါတွင်းဝါပမဟူ ဓုတင်ကို ဆောက်တည်စေသည်။ ဓုတင် ဆောက်တည်ယင်း သတိပဋ္ဌာန်တရား ရှုမှတ်ပွားများစေသည်။ ဓုတင်ဆောက် တည်စေရာ၌ ဓုတင် တဆယ့်သုံးပါးလုံးကို အချိန်ပိုင်းဖြင့် ဆောက်တည်စေ သည်။

မြန်မာနိုင်ငံတွင် ဓုတင်ဆောက်တည်ယင်း သတိပဋ္ဌာန်တရား ရှုပွား စေသော ကမ္မဋ္ဌာန်းတိုက်ကား တောင်ပုလုတောရ ကမ္ဘာ့အေးရိပ်သာပင် ဖြစ်သည်။ ထို့ကြောင့် ဓုတင်ဆောက်တည်ယင်း သတိပဋ္ဌာန်တရား ရှုပွား စေသော ကမ္မဋ္ဌာန်းတိုက်ကို ညွှန်ပြပါဆိုလျှင် ဤတောင်ပုလုတောရ ကမ္ဘာ့ အေးရိပ်သာကို ညွှန်ပြရမည်ဖြစ်ပေ၏။

တောင်ပုလုတောရ ကမ္ဘာ့အေးရိပ်သာသည် ပြည်တွင်းမှသာမက ပြည်ပမှာပါ ထင်ရှားကျော်ကြားလျက် ရှိချေသည်။

တောင်ပုလုတောရ ကမ္ဘာ့အေးရိပ်သာသည် တောရကျောင်းဖြစ်၏။ ရဟန်းဖြစ်လာသည်နှင့် တပြိုင်နက် မည်သည့်ပုဂ္ဂိုလ်မဆို ရွာနီးချုပ်စပ်သို့ ဆွမ်းခံစားသောက်ရသည်။ နီးစပ်ရာသုသာန်သို့ သုသာန်ဓုတင်ဆောက်တည် ယင်း သတိပဋ္ဌာန်တရားရှုမှတ်ပွားများရသည်။ ကိလေသာ့ဒဏ်ကင်းကျွန်းမှုကို ချေမှုန်းရာတွင် ဓုတင်အကျင့်မြတ် ပဋိပတ်သည် ထိရောက်လှ၏။ သာသနာ့ရေး လောကတွင် ကြည်ညိုဖွယ်ဆောင်သော တံရေးသည်လည်း ဓုတင်တရားသာ ဖြစ်ပေ၏။

ဗုဒ္ဓလက်ထက်တော်အခါက ဖြစ်၏။ ရှင်ဥပသေန၏ ကြည်ညိုဖွယ် ကောင်းလှသော သံဃပရိသတ်ထုကြီးကို ဗုဒ္ဓမြင်တော်မူ၍ ဗုဒ္ဓက ရှင်ဥပသေန အား မေးတော်မူဘူး၏။ ရှင်ဥပသေနက ပြန်လည်လျှောက်ထားသည်။

"တပည့်တော်ကို ရှင်ရဟန်းအဖြစ် နိဿရည်းဆရာအဖြစ် တောင်း ခံလာသည့် မည်သည့်ပုဂ္ဂိုလ် မဆို "ငါက အရညကင်စူတင်၊ ပိဏ္ဍ ပါတ်စူတင်၊ ပံ့သကူစူတင်၊ တိစီဝရိတ်စူဘင်များကို ဆောင်တယ်။ သင်တို့လည်း ယင်းစူတင်များကို ဆောင်နိုင်ပါက ရှင်ရဟန်းအဖြစ်ကို ပေးမယ်။ သင်တို့ရဲ့ နိဿရည်းဆရာအဖြစ်ကို လက်ခံမယ်"ဟုပြော ဆို သွန်သင်ထားပါတယ် ဘုရား"ဟု လျှောက်ထားလေသည်။

ရှင်ဥပသေန၏ ဩဝါဒကြောင့် ရှင်ဥပသေနထံ နည်းခံရဟန်းပြုတော်မူ ကြသည့် မည်သည့် ရဟန်းတော်မဆို ရှင်ဥပသေနဆောင်သော စူတင်များ ကို ဆောင်ကြ ဆောက်တည်ကြရ၏။ ရှင်ဥပသေန၏ သံဃပရိသတ်ထုကြီး မှာ စူတင်များဖြင့် ကြည်ညိုဖွယ်အတိ ပြီးနေဘိရကား ဗုဒ္ဓကိုယ်တော်တိုင်ပင် စိတ်ဝင်စား မေးမြန်းတော်မူရဘူးလေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည်လည်း စူတင်ဆောင် ဖြစ် ပေ၏။ မိမိကိုယ်ကိုင်က စူဘင်ဆောင်ဖြစ်သည့်အတွက် မိမိထံနည်းခံ ရဟန်းပြု ကြသည့် ပုဂ္ဂိုလ်တိုင်းကို စူဘင်များ ဆောက်တည်စေချင်၏။ ယခု အမေ ရိကန်တွင်လည်း တပည့်ဘပန်း ရဟန်းသာမဏေများ တိုးတက်လာပြီဖြစ်ရာ မြန်မာနိုင်ငံ တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာမှာကဲ့သို့ စူတင်ဆောင် ရဟန်းသာမဏေများချည်း ဖြစ်စေရန် ယခုကဲ့သို့ တိုက်တွန်းတော်မူခြင်း ဖြစ် ပေ၏။ ဆောက်တည်ကြရမည့် စူတင်တို့ကား ဤသည်တို့ပေတည်း။

## (၁) ပံ့သကူစူတင်

သင်္ချိုင်းကုန်း၊ ဈေးပြင်ကနား၊ လမ်းဆုံလမ်းမ၊ လမ်းလေးခွနှင့် အမှိုက်သရိုက်စွန့်ပစ်ရာ အရပ်စသည်မှ ရရှိသော အဝတ်စ အစုတ်အပြတ်များ ချုပ်စပ်ဖာထေး၍ဝတ်ရုံအပ်သောသင်္ကန်းကို "ပံ့သကူသင်္ကန်း"ဟုခေါ်ဆိုရ၏။

ယင်းသက်န်းကို ကိုင်ဆောင်အသုံးပြုခြင်းဖြင့် ဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို ပယ်ပြီးဖြစ်ကာ ပံ့သကူဓုတင်ကို ဆောက်တည်သည် မည်တော့၏။

ပံ့သကူဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "ဒါယကာတို့ ကိုယ်ထိလက်ရောက် လှူဒါန်းသောသင်္ကန်းကို ပယ်ပါ၏။ ပံ့သကူသင်္ကန်း ဆောင် လေ့ရှိသော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟု ဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ ဒါ ယကာတို့ လှူဒါန်းသောသင်္ကန်းကို လက်ခံသာယာသည်ဖြစ်စေ ပံ့သကူဓုတင် ပျက်တော့၏။

## (၂) တိစီဝရိတ်ဓုတင်

ဒါး၀တ်သင်းပိုင်၊ ကိုယ်ရုံကေသီ၊ နှစ်ထပ်သင်္ကန်းကြီး၊ ပေါင်းသုံး ထည်ကို "တိစီဝရိတ်"ဟု ခေါ်ဆို၏။ ယင်းကိုပင် မြန်မာဆန်ဆန် သင်္ကန်းသုံး ထည်ဟု ခေါ်ဆိုထားခြင်း ဖြစ်ပေ၏။ ယင်းသင်္ကန်းသုံးထည်ကို ဆောင်ခြင်းဖြင့် လေးထည်မြောက် သင်္ကန်းကိုပယ်ပြီးဖြစ်ကာ တိစီဝရိတ်ဓုတင်ကို ဆောက် တည်သည် မည်တော့၏။

တိစီဝရိတ်ဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "လေးထည် မြောက်သော သင်္ကန်းကို ပယ်ပါ၏။ တိစီဝရိတ်ဓုတင်ကို ဆောင်လေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟု ဆို၍ တည်ဆောက်ရသည်။သို့ရာတွင်မိမိဆန္ဒဖြင့်ဖျက်သည်ဖြစ်စေ၊လေးထည်မြောက် သော သင်္ကန်းကို လက်ခံသာယာသည်ဖြစ်စေ တိစီဝရိတ်ဓုတင် ပျက်တော့၏။

## (၃) ပိဏ္ဍပါတ် ဓုတင်

ပိဏ္ဍပါတ်ဓုတင်ကား သလုံးမြင်းခေါင်း ခြေနှစ်ချောင်းကို အရင်းတည် ပြီး ဆွမ်းခံစားသောက်ရသော အကျင့်ဖြစ်ပေ၏။ ယင်းသို့ ဆွမ်းခံစား သောက် ခြင်းဖြင့် အပိုအလျှံဖြစ်သော လာဘ်လာဘကို ပယ်ပြီးဖြစ်ကာ ပိဏ္ဍပါတ်ဓုတင် ကို ဆောက်တည်သည် မည်တော့၏။



ပုံ (၆) ဗုဒ္ဓဘာသာ အမေရိကန် သမီးပျိုယောဂီများ

ပိဏ္ဍပါတ်ဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "ပိုလွန်သော လာဘ်လာဘကို ပယ်ပါ၏။ ဆွမ်းခံ စားသောက်လေ့ ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟု ဆို၍ ဆောက်တည် ရလေသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ ဆွမ်းခံမသွားလျှင်ဖြစ်စေ ပိဏ္ဍပါတ်ဓုတင်ပျက်တော့၏။

## (၄) သပဒါနစာရိက ဓုတင်

သပဒါနစာရိက ဓုတင်ဟူသည် ဆွမ်းခံစားသောက်ရာ၌ တရုတ်အိမ် ကုလားအိမ်ဟူ၍ ရှောင်မသွားမူပဲ အိမ်စဉ်အတိုင်း ဆွမ်းခံစားသောက်ခြင်းကို ဆိုလို၏။ ယင်းသို့ ဆွမ်းခံစားသောက်ခြင်းဖြင့် လျှပ်ပေါ်လော်လီသော ဆွမ်းခံ စားသောက်ခြင်းကို ပယ်ပြီးဖြစ်ကာ သပဒါနစာရိက ဓုတင်ကို ဆောက် တည်သည် မည်တော့၏။

သပဒါနစာရိကဓုတင်ကိုဆောက်တည်လိုသောပုဂ္ဂိုလ်သည်"လျှပ်ပေါ် လော်လီသော ဆွမ်းခံခြင်းကို ပယ်ပါ၏။ အိမ်အစဉ်တိုင်း ဆွမ်းခံသွားလေ့ ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟု ဆို၍ ဆောက်တည်ရလေသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ အိမ်ကျော်၍ ဆွမ်းခံသည်ဖြစ်စေ သပဒါနစာရိကဓုတင် ပျက်တော့၏။

## (၅) ကောသနိုက် ဓုတင်

ကောသနိုက် ဓုတင်ဟူသည် တနေရာတည်း၌ သုံးဆောင် စားသောက်ခြင်း ကို ဆိုလို၏။ ယင်းသို့ စားသောက်ခြင်းဖြင့် နေရာအများ၌ အထပ်ထပ် သုံး ဆောင် စားသောက်ခြင်းကို ပယ်ပြီးဖြစ်ကာ ကောသနိုက် ဓုတင်ကို ဆောက် တည်သည် မည်တော့၏။

ကောသနိုက် ဓုတင်ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "နေရာအများ၌ အထပ်ထပ် စားလိုသော လောလုပ္ပဘာဏကို ပယ်ပါ၏။ တနေရာတည်း၌ စား သောက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏" ဟုဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ နေရာ အများ၌ အထပ်ထပ် သုံးဆောင်စားသောက်သည်ဖြစ်စေ ကောနိုက်ဓုတင် ပျက်တော့၏။

## (၆) ပတ္တပိဏ္ဍိကင်္ဂဓုတင်

ပတ္တပိဏ္ဍိကဓုတင်ဟူသည် ထမင်းရေဟင်းပါ တပေါင်းတည်း သုံးဆောင်စားသောက်ခြင်းကို ဆိုလိုသည်။ ယင်းသို့ ထမင်းရေဟင်းပါ တပေါင်းတည်း တခွက်တည်း စုပေါင်း သုံးဆောင် စားသောက်ခြင်းဖြင့် နှစ်ခုမြောက်သော ခွက်ကို ပယ်ပြီးဖြစ်ကာ ပတ္တပိဏ္ဍိကဓုတင်ကို ဆောက်တည်သည်မည်တော့၏။

ပတ္တပိဏ္ဍိကဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "နှစ်ခုမြောက်သောခွက်ကို ပယ်ပါ၏။ တခွက်တည်း စားလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟုဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည် ဖြစ်စေ၊ နှစ်ခုမြောက်သော ခွက်ဖြင့် သုံးဆောင်စားသောက်သည်ဖြစ်စေ ပတ္တပိဏ္ဍိကဓုတင်ပျက်တော့၏။

## (၇) ခလုပစ္ဆာဘတ္တိကဓုတင်

ခလုပစ္ဆာဘတ္တိက ဓုတင်ဟူသည် အတိရိတ်ဘောဇဉ်ကို ပယ်မြစ်သော အကျင့်ဟုအဓိပ္ပာယ်ရသည်။အတိရိတ်ဘောဇဉ်ဟူသည် ဆွမ်းစားဆဲ"တော်ပြီ" ဟု ပယ်မြစ်မိသဖြင့် နောက်ထပ်မံ စားခွင့်ရရန် ဂိလာနရဟန်း၏ ပကတိအပိုစားကြွင်းနှင့် ဝိနည်းဓိုရ်ရဟန်း၏ ဝိနည်းကံဖြင့် ပြုအပ်သော အပိုစားကြွင်းကို ဆိုလိုသည်။ဆွမ်းစားဆဲတင်းမတိမ်သေးပဲလျက် တင်းတိမ်သယောင် 'တော်ပြီ" ဟု ပယ်မြစ်ပြီး နောက်ထပ်မံစားလိုသော ရဟန်းသည် ယင်းသို့သော အပိုစားကြွင်းမျိုးကိုမှ စားနိုင်ခွင့်ရှိသည်။

ခလုပစ္ဆာဘတ္တိက ဓုတင်ဆောင်ပုဂ္ဂိုလ်သည် အတိရိတ္တ ဘောဇနခေါ် အပိုစားကြွင်းကို ပယ်မြစ်ခြင်းဖြင့် ခလုပစ္ဆာဘတ္တိကဓုတင်ကို ဆောက်တည်သည်မည်တော့၏။

ခလုပစ္ဆာဘတ္တိကဓုတင်ကို ဆောက်တည်လိုသောပုဂ္ဂိုလ်သည် "ဆွမ်းစားဆဲ တော်ပြီဟု ပယ်မြစ်ပြီးနောက် ပေါ်ပေါက်လာသောအပိုစားကြွင်းကို ပယ်ပါ၏။ ခလုပစ္ဆာဘတ္တိကဓုတင်ဆောင်ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟုဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆင်

ဖြင့် ဖျက်သည်ဖြစ်စေ၊ အပိုစားကြွင်းကို သုံးဆောင်စားသောက်သည်ဖြစ်စေ ခလုပစ္ဆာဘတ္တိကဓုတင်ပျက်တော့၏။

## (၈) အရညကင် ဓုတင်

အရညကင်ဓုတင်သည် အာရညိကင်္ဂဟူသော ပါဠိစကားခွန်းကို မြန်မာမှု ပြုထားခြင်းပင်ဖြစ်ပေ၏။ယင်းပါဠိကိုစွဲ၍ မြန်မာတို့က "အာရညိကဓုတင်" ဟူ၍လည်းကောင်း၊ "အရညကင်ဓုတင်" ဟူ၍လည်းကောင်း မြန်မာမှုပြု၍ ခေါ် ဆိုထားခြင်းဖြစ်ပေ၏။ ဆိုလိုရင်းအဓိပ္ပာယ်ကား "တောရနေခြင်း" ကို ဆိုလို၏။

တောရနေခြင်းဟု ဆိုရာ၌ တောရသည် ဆိုသည်မှာ မြို့/ရွာမှ ကုလလေးတာ အပြန်ငါးရာဝေးကွာမှ တောရသည်။ ကုလလေးကား အရှည်လေး တောင့်ထွာရှိ၏။ကုလားများကိုင်ဆောင်ခြင်းကိုစွဲ၍ ယင်းလေးကို ကုလားလေး ဟူ၍လည်းကောင်း၊ လေးတင်စဉ်လေးညှို့ ကုပ်လုပ်နေခြင်းကိုစွဲ၍ ယင်းလေးကို ကုပ်လုပ်လေးဟူ၍လည်းကောင်း ခေါ်ဆိုကြ၏။ယင်းလေးဖြင့် တိုင်းတာခြင်း ကို "ကုပ်လုပ်လေးတာ"ဟု ခေါ်ဆိုသည်။ ယင်းကုလားလေး(ဝါ)ကုပ်လုပ် လေးဖြင့် အပြန်ငါးရာ ဝေးကွာရမည်ဟု ဆိုလို၏။

တောရနေသော ပုဂ္ဂိုလ်သည် မြို့/ရွာအနီး ကျောင်း၌ နေခြင်းကို ပယ်ပြီးဖြစ်ကာ အရညကင်ဓုတင်ကို ဆောက်တည်သည် မည်တော့၏။ အရည ကင်ဓုတင် ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "မြို့/ရွာနီးကျောင်း၌ နေခြင်း ကို ပယ်ပါ၏။ တောရနေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟုဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊တောမရသောအရပ်၌ အရုဏ်တက်သည်ဖြစ်စေ အရညကင် ဓုတင်ပျက်တော့၏။

## (၉) ရုက္ခမူဓုတင်

ရုက္ခမူဓုတင်သည် သစ်ပင်ရင်း၌နေခြင်းကို ဆိုလို၏။ ရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်သည် သစ်ပင်ရင်း၌နေခြင်းဖြင့် အမိုးအကာရှိသော အရပ်ကိုပယ်ပြီး ဖြစ်ကာ ရုက္ခမူဓုတင်ကို ဆောက်တည်သည် မည်တော့၏။

ရုက္ခမူဓုတင် ဆောင်လိုသောပုဂ္ဂိုလ်သည် "အမိုးရှိသောအရပ်ကို ပယ်ပါ၏။ သစ်ပင်ရင်း၌နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်းကုသိုလ်စေတနာကို ဆောက်တည်ပါ၏" ဟုဆို၍ ဆောက်တည်ရလေသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ ခွင့်ပြုချက်မှတပါး အမိုးအကာအောက် ဝင်သည်ဖြစ်စေ ရုက္ခမူဓုတင်ပျက်တော့၏။

## (၁၀) အဗ္ဘောကာသိကဓုတင်

အဗ္ဘောကာသိကဓုတင်ဟူသည် လဟာပြင်၌ နေခြင်းကို ဆိုလို၏။ အဗ္ဘောကာသိက ဓုတင်ဆောင်ပုဂ္ဂိုလ်သည် လဟာပြင်၌ နေခြင်းဖြင့် အမိုးနှင့် သစ်ပင်ရိပ်ကိုပယ်ပြီးဖြစ်ကာ အဗ္ဘောကာသိကဓုတင်ကို ဆောက်တည်သည် မည်တော့၏။

ယင်း ဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "အမိုးအကာ အဆောက်အအုံနှင့် သစ်ပင်ရိပ်၌နေခြင်းကို ပယ်ပါ၏။ လဟာပြင်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏" ဟုဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ အမိုးအကာနှင့် သစ်ပင်ရိပ်တို့တွင် နေသည်ဖြစ်စေ အဗ္ဘောကာသိက ဓုတင် ပျက်တော့၏။

## (၁၁) သောသာနိကဓုတင်

သောသာနိက ဓုတင်ဟူသည် သုသာန်၌ နေခြင်းကို ဆိုလိုသည်။ ယင်းသို့ နေခြင်းဖြင့် အရပ်တပါး၌ နေခြင်းကို ပယ်ပြီးဖြစ်ကာ သောသာနိက ဓုတင်ကို ဆောက်တည်သည် မည်တော့၏။ ယင်း ဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "သုသာန်မဟုတ်သောအရပ်၌ နေခြင်းကို ပယ်ပါ၏။ သုသာန်၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏" ဟုဆို၍ ဆောက်တည်ရသည်။

သို့ရာတွင် မိမိဆန္ဒဖြင့်ဖြစ်စေ၊ သုသာန်မဟုတ်သော အရပ်၌ နေသည်ဖြစ်စေ သောသာနိက ဓုတင် ပျက်တော့၏။

## (၁၂) ယထာသန္ထတိကဓုတင်

ယထာသန္ထတိက ဓုတင်ဟူသည် ရှေးဦးစွာ နေရာ၌ နေလေ့ရှိသော အကျင့်ကို ဆိုလို၏။ ယင်းသို့ ညွှန်ပြအပ်သော နေရာဖြင့် ရောင့်ရဲခြင်းသည် နေရာကောင်းလိုလားမှု လျှပ်ပေါ်လော်လီခြင်းကို ပယ်ပြီးဖြစ်ကာ ယထာသန္ထတိကဓုတင်ကို ဆောက်တည်သည် မည်တော့၏။

ယင်း ဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "ကျောင်း အလှူခံရာ၌ လျှပ်ပေါ်လော်လီ၍ ကျောင်းအလှူခံခြင်းကို ပယ်ပါ၏။ ညွှန်ပြအပ်သော ကျောင်း၌ ကိန်းအောင်းလေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟုဆို၍ ဆောက်တည်ရလေသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ ကျောင်းကောင်းတိုင်လို၍ လျှပ်ပေါ်လော်လီကာ ကျောင်းအလှူခံသည်ဖြစ်စေ ယထာသန္ထတိကဓုတင် ပျက်တော့၏။

## (၁၃) နေသဇ္ဇိကဓုတင်

နေသဇ္ဇိက ဓုတင်ဟူသည် ထိုင်၍အိပ်ခြင်းကို ဆိုလို၏။ ထိုင်လျက် အိပ်သော ပုဂ္ဂိုလ်သည် လျောင်းလျက်အိပ်ခြင်းကို ပယ်ပြီးဖြစ်ကာ နေသဇ္ဇိက ဓုတင်ကို ဆောက်တည်သည် မည်တော့၏။

ယင်း ဓုတင်ကို ဆောက်တည်လိုသော ပုဂ္ဂိုလ်သည် "လျောင်း၍ အိပ်ခြင်းကို ပယ်ပါ၏။ ထိုင်၍ အိပ်လေ့ရှိသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ကုသိုလ်စေတနာကို ဆောက်တည်ပါ၏"ဟုဆို၍ ဆောက်တည်ရသည်။ သို့ရာတွင် မိမိဆန္ဒဖြင့် ဖျက်သည်ဖြစ်စေ၊ လျောင်း၍ အိပ်သည်ဖြစ်စေ နေသဇ္ဇိကဓုတင် ပျက်တော့၏။

ဤသည်တို့ကား ဓုတင်တေရသ် တရားမြွတ်ဖြစ်ပေ၏။ အမေရိကန် တပည့်တပန်း ရဟန်းသာမဏေ၊ ဥပါသကာ ယောဂီ၊ လူယောဂီများကလည်း ဝါတွင်းသုံးလပတ်လုံး မိမိတို့နှင့် ထိုက်သင့်ရာ ဓုတင်တရားကို ဆောက်တည်ယင်း သတိပဋ္ဌာန်တရား ရှုပွားပါမည့်အကြောင်း အာမဝန္တံ ရရှိကြီး ခံကြတော့သည်။

တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာ ဝန်းကျင်တွင် သခ်မ်းကျောင်းပေါင်း တဆယ့်ခြောက်ကျောင်းမျှ ရှိလာပြီဖြစ်၏။ တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာသည် တောတောင်အတိပြီးနေရကား သားရဲစသော တိရစ္ဆာန်များကိုပင် တွေ့နိုင်စရာ အကြောင်းရှိပေ၏။ ကြောက်မက်ဖွယ် ကောင်းလှသော နေရာလည်း ဖြစ်ပေ၏။

ထိုရာတွင် ရဟန်း ယောဂီ၊ သာမဏေယောဂီ၊ ရသေ့ယောဂီ၊ လူယောဂီများကား မည်သည့် ကြောက်မက်ဖွယ်ကိုမျှ ဂရုမစိုက်ကြ။ မိမိတို့ သခ်မ်းကျောင်းရှိရာ ရှုံမြောင် ချောက်ကြားအတွင်းတွင် အေးဆေးစွာ တရားထိုင်ကြ၏။ ညအိပ်ကြ၏။ ည နံနက် တရားစခ်ျိန်ကျမှ အလျှိုအလျှို ပေါ်လာတတ်ကြ၏။ တကျောင်းနှင့်တကျောင်းကလည်း နီးသည် မဟုတ်။ တဖာလုံ နှစ်ဖာလုံ သုံးဖာလုံမျှ ဝေးကွာကြ၏။

ချိုးကျူးဖွယ် ကောင်းသည်ကား အမျိုးသမီး ယောဂီများ ဖြစ်ကြ၏။ တော မြောင် ချောက်ကြား များပြားလှသော မိမိတို့သခ်မ်းကျောင်းများတွင် သတိပဋ္ဌာန်တရား လက်ကိုင်ထား၍ ညဉ့်အိပ်ညနေ အားထုတ်ကြသည်။သူမတို့ ထံမှ အမြဲတစေ ကြားရလေ့ရှိသော စကားကား "သူတော်ကောင်းတွေပဲ၊ ဘာကြောက်စရာလိုလဲ" ဟူ၍တည်း။

## ဓူတင်နှင့် အခွင့်အရေး

ရှင်ဥပသေန၏ သံဃပရိသတ်ထုကြီး ကြည်ညိုဖွယ်ကောင်းလှ၍ ဗုဒ္ဓကိုယ်တော်တိုင် မေးယူရပုံအကြောင်းကို အမြွက်မျှ တင်ပြခဲ့ပြီးဖြစ်ပေ၏။ ယခု ဓူတင်ဆောင်ခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓ၏ အခွင့်အရေးပေးခြင်းကို ခံယူရသော ရှင်ဥပသေန၏ အကြောင်းကို ဆက်လက်တင်ပြလိုသည်။

ရှင်ဥပသေနကား ဝင်္ဂန္တပုဏ္ဏားကြီး၏ သားဖြစ်၏။ ဗုဒ္ဓနှင့် ရှင်ဥပသေနတို့ တွေ့ခဲ့သောအချိန်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓတပါးတည်း နေတော်မူချိန် ဖြစ်ပေ၏။ ဆွမ်းကပ်သူမှတပါး ဗုဒ္ဓက မည်သူကိုမျှ အတွေ့မခံသော အချိန်တည်း။

ယင်းအချိန်တွင် ရှင်ဥပသေနသည် ဘုရားရှင်အား ဖူးမြော်ရန် အထက်က တင်ပြခဲ့သည့်အတိုင်း ကြည်ညိုဖွယ် သူ့သံဃာပရိသတ်ထုကြီး နှင့် လာရောက်ဖူးတွေ့ခဲ့ခြင်း ဖြစ်ပေ၏။

ယင်းအချိန်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ရှိ သံဃာထု အကြားတွင် "ဗုဒ္ဓသို့ ချဉ်းကပ်လာသော ရဟန်းအား ပါစိတ်အာပတ်သင့်စေ" ဟူသော ကြေငြာချက်တရပ် ထုတ်ပြန်ထား၏။ ယင်းထုတ်ပြန်ချက်ကား သံဃာအချင်းချင်း ထုတ်ပြန်ထားခြင်း ဖြစ်ပေ၏။

ယင်းထုတ်ပြန်ချက်ကို ပြန်တမ်းဝင်များဖြစ်သည့် မြို့နေရဟန်းများသာ သိကြသည်ဖြစ်၍ ပြန်တမ်းမဝင်သည့် ရှင်ဥပသေနတို့လို တောနေရဟန်း တော်များ မသိရှိကြချေ။

"ဥပသေန၊ သင့်ပရိသတ် အုပ်ချုပ်ရေးက ကောင်းမွန်လှပါပေ တယ်။ ဒါပေမဲ့ ဥပသေန၊ ဇေတဝန်ကျောင်းတော်ရှိ သံဃာထု အကြား သံဃာအချင်းချင်း မဟုတ်မမှန် ထုတ်ပြန်ထားတဲ့ ထုတ် ပြန်ချက်ဆိုတာကိုကော သင်သိပြီလား။"

ဗုဒ္ဓက ရှင်ဥပသေနအား မေးမြန်းတော်မူသည်။ ရှင်ဥပသေနက မသိ ရပါသေးကြောင်းနှင့် ဗုဒ္ဓက မထုတ်ပြန်ပဲလျက် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုပ် ကြံထုတ်ပြန်တာကို စိတ်ဝင်စားမှုမရှိပါကြောင်း ဦးတိုက်လျှောက်ထား၏။

"ကောင်းလှပါတယ် ဥပသေန။ ငါဘုရားထုတ်ပြန်ထားတဲ့ ထုတ် ပြန်ချက်အတိုင်းသာ လိုက်နာကျင့်သုံးရမယ်။ အရညကင်မှုဘင်၊ ပိဏ္ဍ ပါတ်မှုဘင်၊ပံ့သကူမှုဘင်ဆောင်ကြတဲ့ရဟန်းများအလိုရှိသလို ငါ့အား ဖူးမြော်နိုင်ရန် ချဉ်းကပ်ကြစေလို့လဲ ငါခွင့်ပြုတယ် ဥပသေန။"

ယင်းအချိန်၌ ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်အပြင်ဖက်တွင် ရဟန်းများ စုရုံးစုရုံးလုပ်နေကြ၏။ ရှင်ဥပသေန ဗုဒ္ဓထံချဉ်းကပ်နေသည်ဖြစ် ရကား ယင်းတို့ ထုတ်ပြန်ထားသည့် ထုတ်ပြန်ချက်အရ "ရှင်ဥပသေန ပါစိတ် အာပတ်သင့်ပြီ" ဟူ၍လည်း တယောက်တပေါက် စကားတီးတိုး ပြောဆို နေကြ၏။

တံခါးမှုခ်အပြင်ဖက်ရှိ ရဟန်းအများ ရှင်ဥပသေနအကြောင်း ယင်းသို့ပြောဆိုနေစဉ်မှာပင် ရှင်ဥပသေနသည် ဗုဒ္ဓအား အရိုအသေပြုကာ ဗုဒ္ဓထံမှ ထွက်ခွါလာခဲ့သည်။ အပြင်သို့ ရောက်ရှိလာကြသောအခါ ရှင်ဥပသေနနှင့် နောက်လိုက် တပည့်ရဟန်းများအား သူ့ထက်ငါ ဝိုင်းဝန်း၍ ရန်တွေ့ပြောဆိုလိုက်ကြ၏။

ယင်းသို့ ကဒယာက်ဘပေါက် ရောက်တတ်ရာရာ ပြောဆိုနေကြသော ရဟန်းထုကြီးအား ရှင်ဥပသေနက ဗုဒ္ဓနှင့်တွေ့ဆုံစဉ်က အတွေ့အကြုံကို ပြန်လည် ရှင်းလင်းပြလိုက်၏။ ရှင်ဥပသေန၏ အတွေ့အကြုံ ရှင်းလင်းပွဲမှ အမြင်မှန်ရကြသော ရဟန်းတော်များသည် ရှင်ဥပသေနနှင့် တပည့်နောက်လိုက်များကို အားကျကာ မိမိတို့နေထိုင်ရာ အခင်းများကိုပင် မသိမ်းဆည်းနိုင်ပဲ အံ့ရည်ကင်မှုတင် ဆောက်တည်ရန် တောသို့ထွက်သွားကြလေတော့၏။

အကြောင်းသော်ကား ဗုဒ္ဓက ဓုတင်ဆောင် ရဟန်းတော်များအား အလိုရှိသလို ဖူးမြော်ခွင့် ပေးသနားတော်မူခြင်းကြောင့် ဖြစ်ပေ၏[၁]။ ဓုတင်ပဋိပတ်အကျင့်မြတ်သည်ကား ဤသို့လျှင် ဘုရားအစရှိသော သူတော်ကောင်းတို့၏ အချီးမွမ်းခံ အကျင့်တရားမြတ် ဖြစ်ပေသတည်း။

## မြန်မာ့စာဆိုတို့၏ ဓူတင်ရတုပိုဒ်စုံများ

မြန်မာနိုင်ငံ စာပေလောက သာသနာရေးရှုထောင့်တွင် ပဋိပတ်ဆိုင်ရာ၌ ဓူတင်ရတုပိုဒ်စုံများ ရှိကြ၏။ ယင်း ဓူတင်ရတုပိုဒ်စုံများကို ရှင်မဟာသီလဝံသစသော စာဆိုအသီးသီးတို့ ဖွဲ့ဆိုသီကုံးခဲ့ကြ၏။

ရှင်မဟာသီလဝံသသည် အေဒီ ၁၄၉၈-ခုနှစ်ခန့်တွင်"အရညကင်"ချီ ဓူတင်ရတုပိုဒ်စုံကို ရေးသားခဲ့ပေ၏။ ယင်းနှစ်မှာပင် ရှင်မဟာရဋ္ဌသာရက "အရညဝါ" ချီ ဓူတင်ရတုပိုဒ်စုံကို ရေးသားပြန်၏။ ယင်းပုဂ္ဂိုလ်ကြီး နှစ်ဦး၏နောက်တွင် ရှင်လက်ာသာရက"အရညဝါသီ"ချီ ဓူတင်ရတုပိုဒ်စုံကိုလည်း

---

၁။ ပါရာဇိကဏ် ပါဠိ၊ ၃၃၆။

ကောင်း၊ ရှင်လက်ာသာရ လူဝတ်လဲပြီးနောက် တွင်းသင်းတိုက်ဝန် ဦးထွန်းညို အဖြစ်နှင့်"အရည်ကင်"ချီ ဓူတင်ရတုပိုဒ်စုံကိုလည်းကောင်း ရေးသားခဲ့ကြပေ၏။

ဓူတင်ရတုပိုဒ်စုံများသည် ယင်းသို့ စာဆိုအသီးသီး၏ လက်ရာဖြစ်ကြသော်လည်း အတွေးအခေါ် အာရုံဝန်းဆိုင်ရာတွင် ထပ်တူထပ်မျှ ရှိကြသည်သာ ဖြစ်ပေ၏။ အကြောင်းသော်ကား တဦးက တဦးရတုကို လိုက်၍ဖွဲ့ဆိုကြသောကြောင့်တည်း။ ယင်းသို့ ဓူတင်ရတုပိုဒ်စုံများအလိုက်ရတုအဖြစ် ဖွဲ့ဆိုကြရာတွင် ရှင်မဟာရဋ္ဌသာရသည် ရှင်မဟာသီလဝံသ၏ ဓူတင်ရတုအလိုက်ကို ဖွဲ့ဆိုသည်။ရှင်လက်ာသာရသည် စာဆိုကြီးနှစ်ဦးလုံး၏ ဓူတင်ရတုပိုဒ်စုံများအလိုက်ကို ဖွဲ့ဆိုခဲ့ပေ၏။

ယင်းဓူတင်ရတုပိုဒ်စုံများတွင် အခြားဓူတင်ရတုပိုဒ်စုံများ စာပေဇာတ်ခုံတွင် အငြင်းပွားမှုမရှိသော်လည်း "အရည်ကင်" ချီ ဓူတင်ရတုပိုဒ်စုံနှင့် ပတ်သက်၍ အငြင်းပွားမှုများရှိခဲ့သည်။

ယင်းရတုကို "ကဗျာသေတ္တု"[1] က မဲထီးဆရာတော်ရေး ဟူ၍လည်းကောင်း၊ "ကဗျာသင်္ဂဟမေဒနီ"[2]က ရှင်မဟာသီလဝံသရေး ဟူ၍လည်းကောင်း၊ "ကဗျာဗန္ဓသာရ"[3]က ဝံတောင်လယ် ရှင်သဒ္ဓမ္မဇောတ ရေးဟူ၍လည်းကောင်း အသီးသီးအဆိုပြုထားကြ၏။ယင်းအဆိုများနှင့်ပတ်သက်၍စာဆိုတော်များ ရတုပေါင်းချုပ်တည်းဖြတ်သူ ဆရာကြီး ဦးအုန်းရွှေကမူ "တွင်းသင်းသတ်ညွှန်း"နှင့်"ကဗျာဗန္ဓသာရ" အဆိုများကို ကိုးကားကာ ဝံတောင်လယ် ရေးသာ ဖြစ်သင့်သည်ဟု အဆုံးအဖြတ် ပေးသွားခဲ့ပေသည်[4]။

"ကဗျာသင်္ဂဟမေဒနီ" အဆိုသည် မည်သည့် အချက်အလက်ကို ကိုးကား၍ ဆိုသည်ဟု မသိရသော်လည်း ယင်း၏အဆိုလည်း သင့်မြတ်သည်ဟု

---

၁။ ကဗျာသေတ္တု-၉၀။

၂။ ကဗျာသင်္ဂဟမေဒနီ၊ ၁၁၇။

၃။ ကဗျာဗန္ဓသာရ၊ ၃၃၁။

၄။ စာဆိုတော်များ ရတုပေါင်းချုပ်၊ ၃၅။

ယူဆရပေ၏။ မြန်မာစာပေဇာတ်ခုံတွင် စာပေပွဲကြည့်ပရိသတ်များအနေဖြင့် စာပေဇာတ်ဆောင်ကြီး ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရတို့၏ သရုပ်ဆောင်ကြဟန်ကို ကြားမြင်တွေ့သိခဲ့ကြဘူးပေပြီ။

မြန်မာစာပေဇာတ်ခုံတွင် စာပေသရုပ်ဆောင် ပုဂ္ဂိုလ်ကြီးနှစ်ဦးသည် တဦးနှင့်တဦး အားကျမခံ ရတု၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းများ ရေးသားခဲ့ကြပေ၏။ ပိုစံပြုရသော် "တံတားဦးတည်မော်ကွန်း" စသည်များ ဖြစ်ကြပေ၏။ ယင်းမော်ကွန်းအပြင် မေတ္တာစာများလည်း အပြိုင်အဆိုင်ရေးကာ ဘုရင်မင်းခေါင်ထံ ဆက်သွင်းခဲ့ကြသေး၏။ ယင်းသို့ အပြိုင်အဆိုင် ရေးသားဆက်သွင်းခဲ့ကြရာတွင် ယခုဖူတင်ရတုပိုဒ်စုံများလည်း အပါအဝင်ဖြစ်ပေမည်။

နောက်ဆုံးတွေ့ရှိရသော မှတ်ချက်မှတ်တမ်းများအရ စာဆိုကြီးနှစ်ဦး၏ စာကိုယ်နှင့်တကွ "အရည်ဝါ" ချီ ရှင်မဟာရဋ္ဌသာရ၏ ဖူတင်ရတုပိုဒ်စုံသည် ရှင်မဟာသီလဝံသရေး "အရည်ကင်" ချီ ဖူတင်ရတုပိုဒ်စုံအလိုက် ဖြစ်သည်ဟု သိရှိရလေသည်။

"သာသနဗဟုသုတပကာသနီ" "ဝံသဒီပနီ" စသော ကျမ်းပေါင်းများစွာပြုစီရင်သည့် ရန်ကုန်မြို့၊ ဗိုလ်တထောင်အရှေ့ပိုင်း၊ ဘုရားဖြူကျောင်းတိုက် ဆရာတော် အရှင်ရာဇိန္ဒ၏လက်ရေးမူမှတ်တမ်းများတွင်လည်း စာဆိုတို့၏ စာကိုယ်များကို စာဆိုနှင့်တကွ ယှဉ်တွဲပြသထားလေသည်။

ထို့ကြောင့် ကဗျာသဂ်ဟ မေဒနီ၏ အဆိုသည်လည်း သင့်မြတ်သည်ဟု ယူဆရခြင်းဖြစ်ပေ၏။ မည်သို့ဆိုစေ၊ ယင်းရတုများကို နောက်တွေ့မှတ်တမ်းမှတ်ရာများအတိုင်း ဖူတင်ဆောင်ပုဂ္ဂိုလ်တို့ ဗဟုသုတပွားများစေခြင်းအကျိုးငှာ ဤတောင်ပုလု၏ အမေရိကန်ဗုဒ္ဓနေ့များတွင် ထည့်သွင်း ဖော်ပြလိုက်ရပေ၏။

### ရှင်မဟာသီလဝံသရေး ဖူတင်ရတုပိုဒ်စုံ

၁။ အရည်ကင်၊ ဖူတင်ရအောင်၊ ရွှာကိုရှောင်၍၊ လေးတောင့်ထွာမြတ်၊ အစွန်းလွတ်သား၊ ကိုင်းညွတ်ကွေးကွေး၊ ကုလလေးတာ၊ ပြန်ငါးရာဖြင့်၊ သချာမှန်လှ၊ တကောသတွင်၊ နေထကိန်းအောင်း၊ သင်မှီး

ကျောင်းလည်း၊ ညောင်စောင်းဆံ ရှုံ၊ တစုံသက်နှီး၊ ဖန်ရည်စွန်းသား၊ ခါးပန်းသင်းပိုင်၊ ကရိုဏ်ပဲခွပ်၊ သပိတ်အပ်နှင့်၊ ဖိနပ်ထီးကုပ်၊လက်ဆုပ်ကိုင်သွား၊ ကရားသားရေနယ်၊ ပခုံးလွယ်၍၊ လေးဆယ်ကမ္မဋ္ဌာန်း၊ ကသိုဏ်းဝန်းလည်း၊ စီးဖြန်းထစ်ထစ်၊ ထွာလေးသစ်ဖြင့်၊ မချစ်ဖော်ရွှေ၊ ကိုယ်ထီးနေ၍၊ ဧကစာရ၊ မာန်စောင်ချလျက်၊ လောဘမစော၊ ဖော်မနှောဘည့်၊တတောထွက်လျှင်၊တဘောဝင်၍၊ တပင်ထွက်သွား၊ တပင်နားလျက်၊ ခေါင်းပါးအစာ၊ မျှရုံသာတည့်၊ ပမာနှိုင်းတု၊ ကြက်ဥထက်မြောက်၊ ဒေါင်းဥလောက်လျှင်၊ ချောက်ချောက်မများ၊ လုတ်ရေစား၍၊ လေး ဝါး လုတ်လျှော့၊ ဖျော့တော့ကိုယ်လက်၊ ပစ္စဝေက်လည်း၊ လေ့ကျက်အမြဲ၊သုံးစွဲတိုင်ပင်၊ ရွတ်ဆင်ခြင်၍၊ သုတ်သင်အာပတ်၊ ပရိဝတ်နှင့်၊ မာနတ်ဘာန်သွင်း၊ မကင်းစောင့်စည်း၊ သီလဆည်း၍၊ ပလလည်းဆင်၊ကျင့်သောသွင်သို၊အောင်မြင်တံခွန်၊သာမျိုးလွန်သည်။ ။နိဗ္ဗာန်ရွှေမြို့ ပျော်မည်ဘို။

၂။ မယှဉ်သဘင်၊ စိတ်ကိုသင်၍။ တောဝင်ပီပီ၊ ညရီနံနက်၊ ခတ်တံမြက်နှင့်၊ ကိုယ်လက်ကျန်းအောင်၊ သုံးရေဆောင်၍၊ ညောင်ဗောဓိပင်၊ စေတီပြင်မှာ၊ သုတ်သင်ဝတ်တက်၊ ရှိခိုးလျက်ပင်၊ ကျောင်းထက်ရောက်ခါ၊ မဟာသမယ၊ အဋ္ဌဇေယျာ၊ မင်္ဂလာနှင့်၊ ရတနာရွှေချိုင့်၊ တံတိုင့်ပမာ၊ စောင်ရန်းကာမှ၊ မေတ္တာရွတ်ပြီး၊ ဆုမ်းခံနီးသော်၊ ကြယ်ကြီးနက္ခတ်၊ အခါမှတ်၍၊ လွယ်သွတ်သပိတ်၊ ပရိတ်ရွတ်သွား၊ သင့်ရာနားမှ၊ သုံးပါးအဝန်း၊ ခါးပန်းပတ်ရစ်၊ ပုဆစ်ဒူးမှ၊ ရှစ်သစ်ချ၍၊ ဝတ်ထသင်းပိုင်၊ ထပ်ပြိုင်ရုံရွတ်၊ ဒုကုဋ်တို့ထက်၊ လေးသစ်တက်၍၊ နှစ်ဖက်အစွန်း၊ ညီဝန်းသပ်သပ်၊ ထိုးစွပ်ကမွတ်၊ အနားပတ်လည်း၊ မကျွတ်တာရှည်၊ လည်လက်ကောက်ဝတ်၊ ဖုံးလွှမ်းပတ်လျက်၊ အိတ်ချွတ်ရေကျင်း၊ မကင်းလက်ဒ္ဓ၊ သပိတ်ပိုက်၍၊ ငိုက်စိုက်မျက်နှာ၊ ပြင်းစွာမသွား၊ ရထားထမ်းပိုး၊ မျှော်ရှိုးတည့်တည့်၊ လေးတောင်ကြည့်လျက်၊ မလှည့်အာရုံ၊ ရေလုတ်ငုံသို့၊ ခြေစုံရွှေတွင်၊ ရပ်သည်မြင်သော်၊ ပွတ်စင်ရောင်မောင်း၊ စလောင်းလက်စွဲ၊

လှူဆဲဆဲ၌၊ လက်ဝဲဖော်ထုတ်၊ ဒုကုဋ်လှစ်ခွာ၊ လကျာညွှတ်ခံ၊ ဝိနည်းကံနှင့်၊ တစံတည်းပင်၊ ယှဉ်းမဆင်သည်။ ။မဂ္ဂင်ကူးတို့ လှော်မည်ဘို့။

၃။ တစဉ်တပြင်၊ ဘုံသုံးခွင်မှ၊ လွှတ်ချင်သောထွေ၊ ကျင့်ဘူးလေသား၊ သက်သေသော်ကား၊ ရေသော်များ၏၊ မင်းသားဘောမိ၊ ဥလ္လိဇနက်၊ တောထွက်ရှေးခါ၊ သုမေဓာတို့၊ မြိုင်သာစုံပြား၊ သစ်သီးစားလျက်၊ လေးပါးဗြဟ္မ၊ ဝိဟာရကို၊ ရှုရှုစီးဖြန်း၊ ကမ္မဋ္ဌာန်းဖြင့်၊ မစွန်းသီလ၊ ဈာန်ပျံ့ရ၍၊ ဗြဟ္မဘုံနေ၊ ဖြစ်ဖူးလေချင့်၊ လူ့မြေခါသင့်၊ သစ္စာပွင့်၍၊ ထိုနှင့်အမျှ၊ ဈာန်မရလည်း၊ နောက်မှဝါသနာ၊ ပါစိမ့်ငှာလျှင်၊ သစ္စာဓိဋ္ဌာန်၊ ပြုသင့်တန်ဟု၊ သုသာန်ရုက္ခ၊ အရည်နှင့်၊ တကူမကူ၊ ဘောကာနိသင်၊ ကြိုက်လစ်ပုံသကူ၊ ဆောင်ယူမြဲကြိတ်၊ တိစီဝရိတ်နှင့်၊ ကောင်းစိတ်မကွာ၊ အရိယာတို့၊ ယထာသန္တတိ၊ မရှိနိုင်းပြိုင်၊ ပတ္တပိုဏ်နှင့်၊ ထပ်ပြိုင်ရောရှု၊ ခလုပစ္ဆာ၊ သပဒါနှင့်၊ ကောသန၊ မလွှတ်ရတည့်၊ ခံထဆွမ်းဝတ်၊ ပိဏ္ဍပါတ်နှင့်၊ မချွတ်မြဲပင်၊ ဓူတင်အမျိုး၊ သုံးဆယ့်ကိုးတို့၊ ကျင့်ရိုးအမှန်၊ ဓိဋ္ဌာန်ဝိကပ်၊ ရှစ်ဆပ်လုံ့လ၊ ကြောင့်ကြဆယ်ဖြာ၊ ပစ်ခွါရှောင်ထ၊ အရိယ၏၊ ဝံသလေးသွယ်၊ စင်ကြယ်သီလ၊ သန္တောသဟု၊ ဓမ္မကျင့်မှု၊ ဆယ့်နှစ်ခုသည်။ ။သာဓုနတ်တို့ ခေါ်မည်ဘို့။

### ရှင်မဟာရဋ္ဌသာရရေး အရှည်ကင်ဒလိုက်
### ဓူတင် ရတုပိုဒ်စုံ

၁။ အရှည်ဝါ၊ ရှာကိုခွာ၍၊ ကိုးထွာကိုင်းညွှတ်၊ အစွန်းလွှတ်လျက်၊ ချင့်မှတ်စင်စစ်၊ ဆယ့်ခုနစ်တန်၊ နွားလားထွန်ဖြင့်၊ ကေန်တာချပါးရာကျတွင်၊ သာလှစုံခွင်၊ ငါးမည်အင်နှင့်၊ ဆံမျှင်မယှဉ်း၊ နေခင်းဆိတ်ဆိတ်၊ ကိုယ်စိတ်ငြိမ်းချမ်း၊ ကျောင်းသခ်မ်း၌၊ မဂ်ငြိမ်းဆုရှယ်၊ ညောင်စောင်းငယ်ထက်၊ ရှစ်သွယ်ပရိက္ခရာ၊ ကိုယ်မကွာလျှင်၊ သွားရာဆောင်လွယ်၊ သားရေနယ်နှင့်၊ လေးဆယ်ဘာဝနာ၊ ဒွတ္တိ



ပုံ (၇) ဗုဒ္ဓဘာသာ ရဟန်းသာမဏေတို့၏ အသက်မွေးမှုကို သိနားလည်စေရန် အမေရိကန် သီလရှင်နှင့် ယောဂီတို့အား ဤသို့အလှူခံသုံးဆောင်စေခဲ့သည်။

သာလည်း၊ မချာစီးဖြန်း၊ ကာသိကျား၀န်းမူ၊ တင့်ရှန်းညီရစ်၊ ဆယ့်လေးသစ်တည့်၊ မချစ်ဖော်ကွဲ၊ ကိုယ်တည်းရှဲ၍၊ မြိုင်ထဲသာခေါင်၊ ချမာန်စောင်နှင့်၊ မိုက်မှောင်မောဟ၊ လောဘမပြွမ်း၊ လူမကျွမ်းတည့်၊ စိတ်ဝမ်းရွှင်မော၊ တတောသက်ကာ၊ တတောခွာ၍၊ တပင်မှာပြောင်း၊ တပင်အောင်းလျက်၊ ခေါင်းခေါင်းပါးပါး၊ ကိုယ်စားမျှစေ၊ လုတ်ရေမှတ်ပြု၊ ဒေါင်းဦမရောက်၊ ကြက်ဦမြောက်လျှင်၊ ရေသောက်ခန့်သင့်၊ ချင့်လတ်တုံလျက်၊ ပေစ္စဝေက်လည်း၊ နေ့ရက်သုံးဆောင်၊ အာပတ်ရှောင်၍၊ ဆင်ပြောင်တင့်ရည်း၊ ပလလည်းသို့၊ ကျင့်နည်းကြည်ယုံ၊ သာမျိုးစုံသည်။ ။ဓုတ္တာဘိုခအောင်ဆု ပျော်ဘွဲ့ဟု။

၂။ မယှဉ်သဘာ၊ ဗိတ်ကိုခွာ၍၊ တောမှာသေခွေ၊ နေသည်ပြိုပြို၊ မှိုင်းရိချုပ်တက်၊ ညနံနက်လည်း၊ တံမြက်လှည်းခတ်၊ စကြံ၀တ်နှင့်၊ ဖြည့်မှတ်ပင်ပန်း၊ ကိုယ်ဂျုန်းလက်သာ၊ ရှိစေပါဟု၊ သန့်စွာသုတ်သင်၊ စေတီပြင်၍၊ ညောင်ပင်ညွန့်ညောင်း၊ ညောင်ရေလောင်းလျက်၊ ရှိပျောင်းညွတ်သင်၊ ကျောင်းသို့ဝင်မှ၊ သန့်စင်ထက်မြက်၊ ဓမ္မစက်နှင့်၊ အနုမတဂ္ဂ၊ လက္ခဏာသုတ်၊ မေ့နုတ်ဟောချီ၊ သတိပဋ္ဌာန်၊ စောင့်ရန်မကွာ၊ ရတနာရွှေချိုင့်၊ တံတိုင့်းအတု၊ စောင်ရန်းပြုလျက်၊ ဥပဋ္ဌက၊ စောင့်ထမျှားစွာ၊ နတ်တကာတို့၊ မေတ္တာနှံ့ရှိန်၊ ဆွမ်းခံချိန်၌၊ ရောင်ထိန်ကြယ်ကြွေး၊ နက္ခတ်မှိုးလျက်၊ လွယ်ပြီးသပိတ်၊ ပရိတ်ရွရွ၊ သံချိုမြနှင့်၊ တည်ချစခမ်း၊ သင့်ရာမှန်းမှ၊ အ၀န်းသုံးပါး၊ အနားညီညွတ်၊ ကမ္ပတ်အိမ်ကွင်း၊ မြဲအောင်သွင်း၍၊ မယှွင်းမယိမ်း၊ မတိမ်းရဖအောင်၊ မျက်မှောင်မချီ၊ ရှုအီဆင်ခြင်၊ အလျင်မလှမ်း၊ မကြမ်းမှေ့နု၊ လေးတောင်ရှုလျက်၊ မုဒုခြေစုံ၊ အာရုံမလှုပ်၊ ရင့်လုတ်သို့၊ မြဲချုပ်သတိ၊ ရပ်သည့်ရှိက၊ ကြေးညှိပွတ်တွန်း၊ ယောက်ဇွန်းစလောင်း၊ ရောင်မောင်းနွဲ့ကြိုက်၊ လှူစဉ်ကြိုက်တွင်၊ နှစ်ခြိုက်ညင်သာ၊ လက်ယာညွတ်နွဲ့၊ လက်ဝဲလှစ်ဖော်၊ ဝိနည်းတော်နှင့်၊ သင့်လျော်လျက်ပင်၊ ကူးတို့ဆင်သည်။ ။မဂ္ဂင်ပျိုနု လျှော်ဘွဲ့ဟု။

၃။ တစဥ်တဖြာ၊ ဘုံသုံးရွာမှ၊ ခေမာနုပျို၊ ပြည်နှဂိုရ်သို့၊ ရောက်လိုစူး စူး၊ ကျင့်ကုန်ဖူးသား၊ အဦးသက်သေ၊ ရေသော်များစွာ၊ သုမေ ဓာနှင့်၊ လောင်းလျာဇနက၊ တေမိယတို့၊ မှိုင်စတောင်ခြေ၊ သစ် သီးခြွေ၍၊ လေးထွေဓမ္မ၊ ဝီရိယဟု၊ အပ္ပမညာ၊ ဘာဝနာဖြင့်၊ အာကာမိုးပြင်၊ စျာန်ယာဥ်ဝင်၍၊ ထက်ခွင်ဗြဟ္မာ၊ ဖြစ်ဖူးစွာ၏။ လူ့ရွာခါကျော်၊ နိုင်းလျော်ပုံယူ၊ ထို့တူဘမျှ၊ နောက်ကာလဝယ်၊ ဝါသနာ့စတော၊ ထုံပါစေဟု၊ တွက်ရေသုံးပါး၊ ဆယ်ခုပြားကို၊ မြှောက်ပွားယုတ်လတ်၊ အမြတ်အတိုး၊ သုံးဆယ့်ကိုးကို၊ ကျင့်မျိုး ရှုဘင်၊ စိတ်ရှင်ရှယ်ပျို၊ မှိုင်ညိုညိုတွင်၊ ကြံ့ချိုသဏ္ဌာန်၊ မိဋ္ဌာန်လုံ့ လ၊ ကြောင့်ကြဆယ်ဖြာ၊ ရှင်းရှင်းခွာ၍၊ အရိယာစံသ၊ သီလပုလဲ၊ လည်ဝယ်ဆွဲလျက်၊ ရောင့်ရဲလွယ်မှု၊ နှစ်ဆယ်ခုနှင့်၊ မျော်ရှုဆင်ခြင်၊ ခုနစ်အင်လည်း၊ သန့်စင်စလွယ်၊ ဆယ့်ရှစ်သွယ်ဟု၊ ရှောင်ဖွယ်အပြစ်၊ ကင်းသည်ဖြစ်၍၊ ခုနှစ်ပဏ္ဏာ၊ ဝေးဝေးခွာလျက်၊ ဣရိယာပိုထ်၊ နှစ်ခြိုက်မညောင်း၊ မှိုင်ရောဟောင်းတွင်၊ ကိန်းအောင်းဖြိုးဖြိုး၊ မြတ်ရာ ကြို့သည်။ ။နတ်တို့သာစု ခေါ်ဘို့ဟု။

## တဝါတဝါ သုံးလကြာ

အမေရိကန် ဝါဝင်တွင် ဝါခေါင်လပြည့်ကျော် ၁-ရက်၊ ၂-ရက် နေ့များသည် စနေနှင့် တနင်္ဂနွေနေ့များ ဖြစ်ကြရကား တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာတွင် အထူးစည်ကားနေပေ၏။ တရုတ်ဗုဒ္ဓဘာသာ၊ အမေရိကန် ဗုဒ္ဓဘာသာနှင့် မြန်မာဗုဒ္ဓဘာသာ ဟူသော ဗုဒ္ဓဘာသာ လူမျိုးစုများ တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာတွင် ဝင်ထွက်မစဲ တဖွဲဖွဲရှိတော့၏။

အချို့သော ဗုဒ္ဓဘာသာဝင်များမှ သတင်းကြား၍ လာချင်သော်လည်း လမ်းမသိ၍ မလာတတ် ဖြစ်ကြရကြောင်းနှင့် တောင်ပုလု ကမ္ဘာ့အေး ဓမ္မ ရိပ်သာ လမ်းညွှန်မြေပုံကို တနိုင်ငံလုံး ဖြန့်ချိနိုင်ပါက ပိုမိုသင့်မြတ်လှပါ ကြောင်းနှင့် လူမျိုးစု ဗုဒ္ဓဘာသာအနွယ်ဝင်များက အဆိုပြုလာကြ၏။

---

၁။ ရှုတင်ရတု ပိုဒ်စုံများ။ (လက်နှိပ်စက် ကော်ပီမှ)

တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ဂေါပက လူကြီးများသည် ရေပက်မဝင်အောင် ကြားလပ်မရှိ အဖက်ဖက်မှ ပြင်ဆင် မွမ်းမံကြသော်လည်း ဟာကွက်ကလေးများကို တကွက်တကွက်တွင် တွေ့လာရတတ်၏။ ယင်းသို့သော ဟာကွက်ကလေးများကို နေ့မအား ညမအားဖြင့် အပူတပြင်း လုပ်ဆောင်ကြကာ ပြုပြင် ဖာထေးကြသည်။

လမ်းညွှန် မြေပုံကို ဆန်ဖရန်စစ္စကိုမြို့မှသာမက ကာလီဖိုးနီးယားပြည်နယ် တနယ်လုံးသို့ပါ ရိုက်နှိပ် ဖြန့်ချိလိုက်ကြသည်။ မြေပုံ၏ တဖက်တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ပုံတော်ပါရှိ၍ တရားတော်ကောက်နုတ်ချက်များလည်း ထည့်သွင်း ဖော်ပြထားလေသည်။ နည်းနည်းနှင့် ကျဲကျဲဝိုင်းလိုက်ခြင်းပင်ဟု ဆိုနိုင်၏။

ဘောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ဂေါပကလူကြီးများ အလိုလိုမှ နည်းရသည့်အထဲ ရှင်နည်းရာ အဂ္ဂလူထွက်သလို အဖွဲ့ဥက္ကဋ္ဌ မစ္စတာဘောင်ဝီလီယံစ် ရဟန်းပြုလာခဲ့ပြန်သည်။ ဘွဲ့အမည် ရှင်သူရဓမ္မာ တွင်၏။ ရှင်သူရဓမ္မကား အသက်အားဖြင့် သုံးဆယ့်တနှစ်မျှသာ ရှိသေးသည်။

သာသနာပြုအဖွဲ့၏ ကမ္ပိယကြီး ဦးမောင်မောင်ကလည်း အထူးအားထားစိတ်ချရသူ ဖြစ်ပေ၏။ တော်တော်တန်တန်ကိစ္စများ သူနှင့် ပြီးစီးနေတတ်ပေ၏။ မစ္စတာ တောင်ဝီလီယံစ် ရဟန်းပြုသော်လည်း တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာအဖွဲ့ကြီးတွင် အခြားအမာခံ ဂေါပကလူကြီးများရှိကြသေး၏။

"တပည့်တော်တို့ ဗုဒ္ဓဘာသာ ရဟန်းတော်များ အဘယ့်ကြောင့် ဝါကပ် ဝါဆိုကြရတယ်ဆိုတာ သိလိုပါတယ်"

အမေရိကန် ရဟန်းတော် ရှင်သူရဓမ္မ၏ မေးခွန်းစကား ဖြစ်သည်။ ဗုဒ္ဓဘာသာ ရဟန်းတော်များအကြောင်းကို အခြားသော ဘာသာခြားရဟန်းတော်များနှင့် အခြားဘာသာဝင်တို့က မေးမြန်းကြသည်ဟု ဆိုသည်။ ယင်းသို့သောအခါ သူတို့အမေရိကန်ဗုဒ္ဓဘာသာများ အနေနှင့် ရေရေလည်လည်ဖြစ်အောင် မည်သူမျှ မရှင်းလင်းနိုင်ကြဟု ဆိုသည်။

ဗုဒ္ဓဘာသာ ရဟန်းတော်များအကြောင်းကလည်း ချစ်စရာ ကောင်းလှသည်။ လူတို့နှင့် အသွင်အပြင် အသုံးအဆောင်မှအစ ထူးခြားသောဗုဒ္ဓဘာသာ မြန်မာရဟန်းတော်များ၏ အကြောင်းကို အခြားသော ဘာသာခြား တို့က စိတ်ဝင်စားကြပေမည်။ နှစ်စဉ်နှစ်တိုင်း မိုးတွင်းရောက်လျှင် သုံးလပတ်လုံး မည်သည့်အရပ်မှမသွားပဲ နေကြရသည်။ သွားလျှင်လည်း ရက်သတ္တတပတ်ရှိက ဒိုရင်းသို့ ပြန်လည်ဆိုက်ရောက်ကြရသည်။ တဝါတပါ သုံးလမျှကြာရသော ယင်းအချက်များကလည်း ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာ ရဟန်းတော်များတွင် စိတ်ဝင်စားစရာ အချက်များ ဖြစ်နေပြန်သည်။ ထို့ကြောင့် ရှင်သူရခမ္မက မေးခြင်းဖြစ်သည်။

"ဝါသာမ ဗုဒ္ဓဟာ ဂါနှစ်ဆယ် ရသည့်တိုင်အောင် ရဟန်းတော် များ ဝါဆိုရန် ပညတ်ချက် မထုတ်ရသေးပါဘူး။ ဝါနှစ်ဆယ် ရပြီး နောက် နှစ်ဆယ့်တဝါမြောက်မှာမှ ရဟန်းတော်များ ဝါဆိုရန်ပညတ် ချက်များ ထုတ်ပြန်ခဲ့ပါတယ်။

"ဘာ့ကြောင့်ထုတ်ပြန်ရတာယ် ဆိုတာကတော့ ရဟန်းတော်များဟာ ရာသီမရွေး နေ့ရာမရွေးမှာ လှည့်လည်သွားလာနေကြခြင်းကို လူများ က ကဲ့ရဲ့လာကြတာကြောင့်ဖြစ်ပါတယ်။ နွေရာသီနှင့် ဆောင်းရာသီ မျိုးမှာ သီးနှံများမပျက်စီးနိုင်စေကာမူ သီးနှံဖွံ့ဖြိုးလာပြီဖြစ်တဲ့ မိုးရာ သီမျိုးမှာ လယ်ယာ လုပ်ခင်းထဲ ဖြတ်ကျော်သွားကြခြင်းက သီးနှံများ ပျက်စီးကြရပါတယ်။ ဒါကြောင့် ယခုလို မိုးရာသီမှာ တနေရာတည်း၌ သုံးလနေဘို့ ဗုဒ္ဓက ပညတ်ချက်များ ထုတ်ပြန်ထားခဲ့ပါတယ်။"

"နေပါအုံးအရှင်ဘုရား။ ပထမဝါ၊ ဒုတိယဝါလို့လဲ ရှိသေး တယ် မဟုတ်လားဘုရား"

အရှင်ကုသလအမည်ခံ ဦးချစ်ထွန်းက မြန်မာအမျိုးသားကြီးပီပီ မြန်မာ စကားဖြင့် ဝင်ရောက်လျှောက်ထားခြင်းဖြစ်သည်။ အရှင်ကုသလကား အသက် ခြောက်ဆယ့်သုံးနှစ် ရှိပြီ ဖြစ်သည်။ မြန်မာဗုဒ္ဓဘာသာပီပီ ဗုဒ္ဓဘာသာ၏ အကြောင်းကိုလည်း အတော်အတန် တီးမိခေါက်မိရှိသည်။

"ရှိပါတယ်။ (ဝါဆို လပြည့်ကျော် ၁-ရက်နေ့) ဝါဆိုပြီး သီတင်းကျွတ်လပြည့်နေ့ ကုန်ဆုံးသောဝါကို "ပထမဝါ၊ သို့မဟုတ် ပုရိမဝါ"လို့ ခေါ်ပါတယ်။ ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့ ဝါဆိုပြီး တန်ဆောင်မုန်း လပြည့်နေ့ ကုန်ဆုံးသော ဝါကို "ဒုတိယဝါ၊ သို့မဟုတ် ပစ္ဆိမဝါ"လို့ ခေါ်ရပါတယ်။ ယခု ကိုယ်တော်တို့ တပည့်တော်တို့ ဆိုကြရမဲ့ဝါက "ဒုတိယဝါ၊ သို့မဟုတ် ပစ္ဆိမဝါ"လို့ ခေါ်ရမဲ့ ပစ္ဆိမဝါပါပဲ။ တန်ဆောင်မုန်း လပြည့်နေ့မှာမှ ကုန်ဆုံးမှာ ဖြစ်ပါတယ်။ သည်သုံးလအတွင်းမှာ ဘယ်ကိုမှ မသွားကြရပါဘူး"

"ဒါဖြင့် ဒုက္ခတွေ လာပင့်ရင်ကော"

အရှင်ဝိသုဒ္ဓ အမည်ခံ တရုတ် ဗုဒ္ဓဘာသာ ဦးချန်တိတ်က ဝင်ရောက် လျှောက်ထားလိုက်ခြင်းဖြစ်သည်။ အရှင်ဝိသုဒ္ဓကား အမေရိကန်ရဟန်းတော်များတွင် အကြီးဆုံးဖြစ်လေသည်။ အသက်အားဖြင့် ၇၃-နှစ်တိတိ ရှိသွားပေပြီ။ ဖရီးမေ့မွှိုသားကြီးဖြစ်သည်။

"ဝါတွင်းမှာ ဘယ်မှ မသွားရဘူး ဆိုပေမဲ့ ခြွင်းချက်နဲ့ သွားခွင့်ပြုထားတာရှိပါတယ်။ သည်ခြွင်းချက်များက အလှူပေးလို၍ပင့်ခြင်း၊ တရားနာလို၍ပင့်ခြင်းနှင့် ဖူးမြော်လို၍ပင့်ခြင်းများဖြစ်ပါတယ်။ သည်ခြွင်းချက်သုံးခုကို သာသနာ့ဝေါဟာရအနေဖြင့် "တိုသုံးချက်" လို့ ခေါ်ကြပါတယ်။ သည်တိုသုံးချက်မှာ တပါးပါးရှိလျှင် ဝန်ခံချက်ပေး၍ ရက်သတ္တတပတ်တိတိ သွားခွင့်ရှိပါတယ်။"

"ဩြော်-ဗုဒ္ဓရဲ့ ခရီးသွားဗီဇာကလဲ ရက်သတ္တတပတ်ထဲကို"

အရှင်ပဏ္ဍိတ စကားကြောင့် အားလုံးပြုံးမိကြ၏။ အရှင်ပဏ္ဍိတကား လူမည် ဂျိုးဘိုက်စစ်သားရစ် အမည်ရှိသော ပုဂ္ဂိုလ်ဖြစ်၏။ အသက်သုံးဆယ့်သုံးနှစ်မျှသာ ရှိသေးသည်။ မောင့်တယ်ရီမြို့သားကြီးပေတည်း။ ဗုဒ္ဓသာသနာများ ဆွေးနွေးနိုးနှောနေစဉ် ၇-နာရီရှိနေပြီဖြစ်၍ ဆန်ဖရန်စစ္စကိုမြို့တွင်းသို့ ပရိတ်တရားချီးမြှင့်ရန် ထွက်ခဲ့ကြရတော့သည်။

**လမ်းပေါ်က လူနှစ်ယောက်**

သာသနာပြုအဖွဲ့နှင့် အမေရိကန် ရဟန်းတော်ကိုးပါး ဆန်ဖရန်စစ္စကို မြို့တွင်းသို့ ပရိတ်တရားချီးမြှင့်ရန် ထွက်လာခဲ့ကြ၏။ ပုရှက်ကြောင်းလိုက်သလို ကားများ ရှုပ်ထွေးနေသည့် ကားလမ်းမကြီး တနေရာတွင် လူနှစ်ယောက် သည် မြန်မာနိုင်ငံတွင် အအေးရောင်းသော လက်တွန်းလှည်းကလေးကဲ့သို့သော လှည်းကလေးတွင် လက်ကိုင်တန်းကို ကိုင်ကာ အေးအေးဆေးဆေး တွန်းသွား လျက်ရှိ၏။ လက်တွင်လည်း သင်္ကန်းတခုစီ ပါကြ၏။

"ဦးကုသလ၊ ဟိုမှာတွေ့လား။ အဲဒီလမ်းပေါ်က လူနှစ်ယောက် ဘာလုပ်နေတာလဲ"

"သွားနေတာ"

အဖြစ်ကတော့ ဤမျှဖြစ်၏။ အရှင်ကုသလ၏အဖြေကို သဘောမကျ ဖြစ်နေကြစဉ် မိမိတို့ကားများ အဆိုပါလူနှစ်ယောက်အနီး ဖြတ်သန်းမောင်း နှင်မိပြီးဖြစ်ရကား အရှင်ကုသလအဖြေကို သဘောကျလာမိ၏။ ဟုတ်ပေပြီ။ ထိုလူနှစ်ယောက်ကား မည်သည့်ကားကိုမှ ဂရုမစိုက် သွားနေကြ၏။ သူတို့ကား မျက်မမြင်များတည်း။

သွားနေကြသမှ အကောင်းနှင့် မည်သို့မျှမခြား ရဲရဲဘင်းတင်းကြီးပင် သွားနေကြသည်။ သူတို့တွန်းသွားလျက်ရှိသော တွန်းလှဲကလေးနှင့်တူသော အရာကား သူတို့၏လမ်းညွှန်ကိရိယာဖြစ်ပေ၏။ ယင်းခေတ်မီလမ်းညွှန်ကိရိယာ သည် ရှေ့မှာတိုက်ခိုက်စရာရှိပါက တန်းကိုကိုင်လျက်ရှိသော လက်ကိုကျဉ်စေ ခြင်းဖြင့် အချက်ပြကာ လမ်းညွှန်၏။ လက်ထဲရှိ သင်္ကန်းကား ဆက်သွယ်ရေး ရေဒီယိုတည်း။

အမေရိကန်မျက်မမြင်များသည် ခရီးသွားရာ၌ဖြစ်စေ၊ စီးပွားရေးလုပ် ဆောင်ရာ၌ဖြစ်စေ ယင်းခေတ်မီလမ်းညွှန်ချက်များဖြင့် အဆက်အသွယ်ပြုလေ့ ရှိကြသည်။ လမ်းညွှန်စက် ဆက်သွယ်ရေး ရေဒီယိုများနှင့် မိမိတို့အသိဉာဏ် ပေါင်းစပ်လိုက်သောအခါ အမေရိကန်မျက်မမြင်တို့ဘဝခရီးသည် ပြောင့်ဖြူး သော အနေအထားသို့ ရောက်ရှိလာတော့သည်။

သို့ရာတွင် အမေရိကန်မျက်မမြင်တို့၏ လိုရာအရပ်သို့ တည့်တည့်မတ်မတ် သွားနိုင်ခြင်းသည် လမ်းညွှန်စက်ကြောင့်ချည်းမဟုတ်။ ပတ်ဝန်းကျင်တွင် ပုရွက်ကြောင်းလိုက်သလို မောင်းနှင်နေသည့်ကားကြီးကားငယ်များ၏ စာနာမှု စိတ်ဓာတ်ကလည်း အပြည့်အဝရှိသောကြောင့် ဖြစ်၏။ ယင်းသို့ ဆိုရခြင်းထက် အမေရိကန်ပြည်သူတို့၏ စိုးကြောက်မှု စိတ်ဓာတ်က အပြည့်အဝပါရှိသည်ဟု ဆိုက ပိုမိုသဘာဝကျပေမည်။

အကြောင်းသော်ကား အမေရိကန်နိုင်ငံတွင် ကားပိုင်ရှင်ဘိုင်းသည် ကားလမ်းပေါ်တွင် လူဘယောက်ယောက်အား ကားတိုက်မိမည်ကို အထူး စိုးကြောက်ကြ၏။ လမ်းပေါ်တွင် လူတယောက်ယောက်အား ကားတိုက်မိ၍ သေဆုံးသွားပါက လျော်ကြေးအဆမတန် ပေးရရုံမျှမကသေးပဲ ကိုယ်လက် အင်္ဂါချို့တဲ့သွားပါကလည်း တသက်သုံး ကျွေးမွေးထားရလေတော့သည်။

ထို့ကြောင့် အမေရိကန်ပြည်သူများသည် ကားမောင်းမြန်ကြသော် လည်း လူကိုမူ အထူးသတိသားကာ မောင်းနှင်ကြသည်။ ခံရသူက သေကြေ ပျက်စီးမှုနှင့် ကိုယ်သက်အင်္ဂါချို့တဲ့မှုကို အလိုမရှိသလို ကားပိုင်ရှင်များက လည်း လျော်ကြေးအဆမတန်ပေးရမှုနှင့် တသက်လုံး ကျွန်ခံကျွေးနေရမှုကို မလိုလားကြချေ။

လမ်းမကြီးပေါ်မှ ထိုလူနှစ်ယောက်သည် ယင်းသို့သော အကြောင်း များကြောင့် အစွမ်းကောင်းနေကြသလားဟု တွေးထင်မိရသော်လည်း အကယ် သော်ကား မျက်မှောက်ခေတ် သိပ္ပံကိရိယာနှင့် အမေရိကန်ဥပဒေများက ကြားကန်ပေးထားခြင်းကြောင့်သာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပေ၏။

မျက်မမြင်များ အစွမ်းထက်ကြရာတွင် အမေရိကန်မျက်မမြင်များသာ အစွမ်းထက်ကြသည် မဟုတ်သေး။ မြန်မာနိုင်ငံ ပခုက္ကူမြို့ရှိ မျက်မမြင်များက လည်း အစွမ်းထက်ကြ၏။ မျက်မမြင်ကျောင်းနှင့် တမိုင်သာသာ ဝေးသော ဈေးဝန်းကျင်သို့ မည်သည့် ခေတ်မီသိပ္ပံပစ္စည်း ကိရိယာမျှ အကူအညီမပါပဲ တည့်တည့်မတ်မတ် သွားလာနိုင်ကြ၏။

ယင်းသို့သွားရာတွင် သူတို့၏ခေတ်မီကရိယာကား နွားခေါင်းနှင့်ကိုယ်ရွှေလျားနှုန်းဖြစ်၏။ မိမိတို့ တူရှုရှိအရာဝတ္ထုနီး မနီးကို နွားခေါင်းဖြင့်လည်းကောင်း၊ ကိုယ်ရွှေလျားနှုန်းများဖြင့်လည်းကောင်းထောက်လှမ်းအသုံးပြုကြ၏။ သွားလာကြရာတွင် နှစ်ယောက်တွဲ၊ သုံးယောက်တွဲစသည်ဖြင့် သွားလာကြ၏။ သို့ရာတွင် သူတို့၏အစွမ်းထက်ခြင်းကလည်း လူအများ၏ စာနာစိတ်ပေါ်မှာသာ တည်ရှိလေသည်။

၇-နာရီ မိနစ် ၂၀-တွင် ယင်းအိမ်သို့ရောက်ကြ၏။ ရောက်လျှင်ရောက်ချင်း ပရိတ်တရားများချီးမြှင့်ကာ နောက်တအိမ်သို့ရွှေ၍ ပရိတ်တရားချီးမြှင့်ရပြန်သည်။ ဓူတင်ဆောက်တည်ထားသဖြင့် နံနက်စာ စားသုံးမှု မရှိရကား တထွာမျှရှိသောဝမ်းက ဆန္ဒပြလာ၏။ တထွာမျှရှိ၍ တော်ပေသေးသည်။ တတောင်လောက်ရှိလျှင် ကောင်းကောင်းကြီး ခက်ရချေတော့မည်။

နောက်တကြိမ် ပရိတ်တရားချီးမြှင့်အပြီး ကျောင်းတွင်းရှိ ဆွမ်းလောင်းပွဲကြီးကို ချီးမြှင့်ရန် အမှီပြန်ခဲ့ကြသည်။ ပြန်သည်ဆိုသော်လည်း ခရီးကနီးသည်မဟုတ်။ မိုင်ငါးဆယ်ဝေးကွာလေသည်။ သို့ရာတွင် အမေရိကန်တို့၏ကားများက မိနစ်၂၀-မျှသာ မောင်းကြ၏။

**ဒေသဖုံဖုံကြွရောက်သော်**

**ဆန်ဟိုဇေးမြို့သို့ အနေကဇာတင်**

ဩဂုတ်လ ၂၇-ရက်ကား တနင်္ဂနွေနေ့ဖြစ်၏။ တောင်ပုလု ကမ္ဘာ့အေးရိပ်သာတွင် စနေနှင့် တနင်္ဂနွေနေ့တိုင်း လူပြည့်တတ်သည်။ ကားကြီးကားငယ်များဖြင့် ဟိုမှသည်မှ လှေ့လာရေးလာတတ်ကြသည်။ မနားတမ်း ရှင်းပြရတတ်သည်။ ဗုဒ္ဓဘာသာကိုစိတ်ပါဝင်စားသူများ တနေ့ထက်တနေ့ များလာသည်။

လေ့လာသူများအား ရိပ်သာအတွင်းရှိ သိမ်ကျောင်းကလေးများကို လိုက်လံပြသကြရသည်။ ဗုဒ္ဓဘာသာ သူတော်စင်တို့ အမြိုက်တရားရှာသည့် သိမ်ကျောင်းဖြစ်ကြောင်း ရှင်းလင်းပြသကြရသည်။ ယင်းသို့သော အခါမျိုးတွင် လေ့လာသူများထံမှ "အခြားနေရာများမှာ အားထုတ်ကော မဖြစ်

ဖူးသလား'' ဟူသော လေ့လာစူးစမ်းသံများ ထွက်လာလေ့ ရှိတတ်စမြဲ ဖြစ်ပေ၏။

''ဖြစ်ပါသည်။ သမာဓိရသည့် နေရာမျိုးဖြစ်လျှင် မည်သည့်နေရာမှာမဆို အမြိုက်တရားရှာ၍ ရပါကြောင်း''.ရှင်းလင်းကြရ၏။ ယင်းသို့ရှင်းလင်းကြရသည်မှာလည်း စနေ တနင်္ဂနွေနေ့တို့၏ ဓမ္မတာလုပ်ငန်းကြီး တခုလို ဖြစ်နေခဲ့သည်။

အချို့လေ့လာသူများသည် ဗုဒ္ဓဘာသာကို လေ့လာယင်းဖြင့် ကြည်ညိုသဒ္ဓါပွားကာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာတတ်ကြသည်။ ယင်းသို့သော ဖြစ်ရင်ကလေးများကို ကျိတောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များတွင် ကြိုးကြား ကြိုးကြား တွေ့မြင်ရမည် ဖြစ်ပေ၏။

စနေ တနင်္ဂနွေနေ့များတွင် လေ့လာသူများ ပေါသလို ပရိတ်ရွတ်ဆွမ်းစားပင့်များကလည်း ပေါလှ၏။ ရိပ်သာအတွင်း စနေနှင့် တနင်္ဂနွေနေ့တိုင်းဆွမ်းလောင်းပွဲရှိကြောင်းကို တင်ပြခဲ့ပြီးဖြစ်၏။ ယင်းဆွမ်းလောင်းပွဲကို ရိပ်သာ၏ စည်းကမ်းအတိုင်း ၉-နာရီ မိနစ် ၃၀-တွင် ပြုလုပ်စေမြဲ ဖြစ်၏။

သာသနာပြုအဖွဲ့ ညအိပ် ညဥ့်နေမဟုတ်ပဲ မည်သည့်အရပ်သို့ ခရီးထွက်သည်ဖြစ်စေ ယင်းရိပ်သာအတွင်းရှိ ဆွမ်းလောင်းပွဲကိုကား အမြဲချီးမြှင့်ပေးလေ့ရှိသည်။ ယနေ့လည်း ဆန်ဟိုဈေးမြို့သို့ အနေကဇာတင် ကြွရမည် ဖြစ်ပေ၏။ ယနေ့ကြွရခြင်းကား အခါတိုင်းနေ့များက ကြွရခြင်းနှင့် မတူ။ ရိပ်သာအတွင်းရှိ ရဟန်း၊ သာမဏေ၊ ရသေ့မ ယောဂီ၊ လူယောဂီများပါ မကျန် အကုန်ကြွကြရမည် ဖြစ်၏။

ရိပ်သာတွင်''သင်္ဃနေ''ပင့်ခြင်းကား ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပေ၏။ မြန်မာတို့စကားတွင် ရဟန်းနှင့် သာမဏေများပါမကျန် သံဃာငယ်များပါ ပင့်ဆောင်ခြင်းကို ''သင်္ဃနေပင့်သည်''ဟု ခေါ်စမှတ်ပြုကြ၏။ သင်္ဃနေဟူသည် ''သံဃ နဝ'' ဟူသော ပါဠိမှ ရွေ့လျောဆင်းသက်လာသော ပါဠိသက် စကားခွန်းဖြစ်၏။ သံဃ ဟူသော စကားခွန်းက ''သံဃာ''ဟု အဓိပ္ပာယ်ရ၍ နဝဟူသော စကားခွန်းက ''အငယ်''ဟု

အခိပ္ပာယ် ရလေသည်။ ထို့ကြောင့် "သဃ်နေဘ"ဟူသည် သံဃာငယ်ကိုပါ ပင့်ဆောင်ခြင်းဖြစ်သည်"ဟု နားလည်ရ၏။

နံနက် ၅-နာရီ မိနစ် ၃၀-တွင် ကားဆယ်စီးဖြင့် ဆန့်ဟိုဆေးမြို့သို့ ထွက်ခဲ့ကြ၏။ အမေရိကန်၏ ဝါဆိုဝါခေါင်ရာသီကား ချမ်းစိမ့်စိမ့်ကြီးရှိလှ၏။ ကားထဲမှ အနွေးစက်ကို ဖွင့်မောင်းသွားရ၏။ မြန်မာနိုင်ငံတွင် ဝါဆို ဝါခေါင် ရေတော့ကြီးလို့ သပြေသီးများ ကောက်ကြမည် ဖြစ်သော်လည်း အမေရိကန် နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်မှာတော့ သပြေသီးမကောက်နိုင် ဖြစ်နေရ ပေသေးသည်။ အကြောင်းသော်ကား ကာလီဖိုးနီးယားပြည်နယ်တွင် ယခုထိ မိုးတပေါက်မျှ မကျသေးခြင်းကြောင့်တည်း။

မိုးတပေါက်မျှ မကျသေးစေကာမူ အမေရိကန်၏ လဝါခေါင်ကား မြန်မာနိုင်ငံ၏ "ခြေသို လက်သို လပြာသို"လောက် အေးမြလှ၏။ ယင်း အအေးဒဏ်ကို အနွေးစက်ဖြင့် တန်ပြန်ရလေသည်။

ဆန့်ဟိုဆေးမြို့ ဒကာအိမ်သို့ ၆-နာရီတိတိတွင် ရောက်ရှိကြ၏။ သပ် ရပ်လှပသော စင်မြင့်ပေါ်တွင် ဉာဏ်တော်တပေခန့်ရှိ ကြည်ညိုဖွယ်ရာ ဗုဒ္ဓ ရုပ်ပွားတော်တဆူကို ဖူးတွေ့ရသည်။ မြန်မာဗုဒ္ဓဘာသာတို့၏ အပြင်အဆင် အမွှမ်းအမံအတိုင်း တံခွန်၊ ကုက္ကား၊ မုလေးပွားနှင့် ကြက်လျှာစသည်တို့ကို တွေ့ရှိရပေ၏။

အမေရိကန်နိုင်ငံတွင် တပေခန့်ရှိ ဗုဒ္ဓရုပ်ပွားတော်တဆူကို အမေရိကန် ဒေါ်လာ ခြောက်ဆယ်ပူဇော်ရသည်ဟု ဆိုသည်။ မြန်မာငွေနှင့်သော်ကား လေး ထောင့်နှစ်ရာ ပူဇော်ရ၏။ ဗုဒ္ဓရုပ်ပွားတော်ကား မြန်မာ့အနုပညာ လက်ရာဖြစ် ၏။ ရုပ်ပွားတော်မှာ ရွှေမရှိ၍ ရောင်တော်မကွန့်မြူးနိုင်ပဲ ရှိသည်။ အမေရိကန် နိုင်ငံတွင် ရွှေချတတ်သူမရှိဟု ဆို၏။

အနေကဇာမတင်မီ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက အမိန့်ရှိ၏။ "အနေကဇာတင်ပုံကို ကြည်ညိုလေလို၍ ယခုလို အားလုံးပင့်ကြရတာ။ သေ သေချာချာကြည်ညိုကြ"ဟု အမိန့်ရှိ၏။ အနေကဇာတင်ပွဲသို့ ကြွရောက်လာ ကြသော တင့်တိ၊ မြန်မာ၊ အမေရိကန်ဗုဒ္ဓဘာသာဝင်တို့အား သရဏဂုံငါးပါး

သီလ သောက်တည်စေ၍ ပရိတ်တရားတော်များ နာကြားစေပါသည်။ ယင်း နောက် အနေကဇာတင်ရပုံ အကြောင်းကို ဟောကြားလေသည်။

**အနေကဇာ၊ အဝိဇ္ဇာ၊ ယဒါဟဝေ ဇယန္တော**

အနေကဇာတင်ခြင်း အကြောင်းကို ဗုဒ္ဓဘာသာမြန်မာတို့ အနေဖြင့် သိပြီးဖြစ်သော်လည်း ဗုဒ္ဓဘာသာ အမေရိကန်တို့အနေဖြင့်ကား ရေရေ လည် လည် သိရှိဖို့ ခဲယဉ်းနေပေလိမ့်မည်။ ဂေါတမဗုဒ္ဓ၏ တရားတော်များကို ကျကျနန ဟောတတ် ပြောတတ်သော လူရဟန်းတို့နှင့် ကင်းကွာနေရသဖြင့် လည်း ယင်းသို့ ခဲယဉ်းနေရခြင်း ဖြစ်ပေ၏။ ထို့ကြောင့် အနေကဇာတင်ခြင်းနှင့် တင်ပုံအခြင်းအရာများကို ဗုဒ္ဓဘာသာ အမေရိကန်တို့အား လက်တွေ့ကျကျ ဟောကြားပြသခဲ့ပေ၏။

အနေကဇာတင်ခြင်းဟူသော အစဉ်အလာကား ဤသို့လျှင်ပေါ်ပေါက် လာခဲ့ခြင်း ဖြစ်ပေ၏။

ဘီစီ-၅၃၄-ခုနှစ်အကြို ကဆုန်လပြည့်နေ့ ဗုဒ္ဓအဖြစ်သို့ ရောက်တော် မူစ တဆယ့်ကိုးချက်မြောက်သော ပစ္စဝေက္ခဏာဉာဏ်တော်၏ အခြားမဲ့တွင် "အနေကဇာတိ သံသာရံ"စသော စကားတော်ကို စိတ်တော်ဖြင့် ဗုဒ္ဓဆင်ခြင် တော်မူခဲ့သည်။

ယင်းစိတ်တော်ဖြင့် ဆင်ခြင်တော်မူသမျှသော စကားတော်အပေါင်း တွင် ယင်းအနေကဇာတိသံသာရံစသော စကားတော်သည် အမှန်အစ ဖြစ်ပေ ရကား "ပထမ ဗုဒ္ဓဝစန"မည်၏။

ဗုဒ္ဓအဖြစ်သို့ ရောက်ပြီးနောက် ကဆုန်လပြည့်ကျော် တရက်နေ့တွင် "ယဒါ ဟဝေ"စသော သုံးဂါထာကို နှုတ်တော်ဖြင့် ကျူးရင့် ဆင်ခြင်တော် မူသည်။ ဤသို့ နှုတ်တော်ဖြင့် ကျူးရင့်ဆင်ခြင်တော်မူသော တရားတော် အပေါင်းတွင် ယဒါဟဝေစသော ယင်းသုံးဂါထာသည် အမှန်အစ ဖြစ်ပေ ရကား" ပထမဗုဒ္ဓဝစန မည်ပေ၏။

---

၃။ အမေးတော်အဖြေကျမ်း၊ ၂၆၅။

ယင်းသို့ ဗုဒ္ဓဖြစ်စ ဆင်ခြင်တော်မူသော အကြောင်းကိုစွဲ၍ အသစ်ထုလုပ်စ စေတီရုပ်ပွားပုထိုးများအား ယင်းဂါထာများကိုရွတ်၍ ပူဇော်ပသခြင်းကိုပင် "အနေကဇာတတင်သည်"ဟု မြန်မာတို့ ခေါ်ရိုးပြုထားခဲ့ကြပေ၏။

ဤနေရာတွင် ပထမဗုဒ္ဓဝစနဟူသော စကားနှင့်ပတ်သက်၍ အနေကဇာတိ သံသာရံနှင့် ယဒါဟဝေ ဂါထာများအပေါ် သံသယ မရှင်းမလင်း ဖြစ်နေကြ၏။ ယင်းသို့ ဖြစ်နေရခြင်းမှာ မဟာဝါ ပါဠိတော်နှင့် ဥဒါန်းပါဠိတော်တို့၏ သဘောသွား ခြားနားနေသောကြောင့် ဖြစ်၏။

မဟာဝါပါဠိတော်၌ ညဉ့်၏ ပထမယံတွင် ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံနှင့် ပထမ ယဒါဟဝေဂါထာကို ဆင်ခြင်ကြောင်း ပြထား၏။ ညဉ့်၏ မဇ္ဈိမယံတွင် ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံနှင့် ဒုတိယ ယဒါဟဝေဂါထာကို ဆင်ခြင်ကြောင်း ပြထားသည်။ ညဉ့်၏ပစ္ဆိမယံတွင် ပဋိစ္စသမုပ္ပါဒ် အနုလုံပဋိလုံနှင့် တတိယ ယဒါ ဟဝေဂါထာကို ဆင်ခြင်ကြောင်း ပြထားသည်။

ဥဒါန်းပါဠိတော်တွင် ညဉ့်သုံးယံပတ်လုံး ယဒါ ဟဝေဂါထာသုံးပုဒ် ဆင်ခြင်သုံးသပ်တော်မူပုံချင်း မဟာဝါပါဠိတော်နှင့် တူညီပြီး ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်သုံးသပ်တော်မူပုံချင်းက ကွဲပြားခြားနားလျက်ရှိသည်ကို တွေ့ရှိရ၏။

ဥဒါန်းပါဠိတော်တွင် ညဉ့်သုံးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရား ဆင်ခြင်သုံးသပ်တော်မူရာ၌ ပထမယံတွင် ပဋိစ္စသမုပ္ပါဒ် အနုလုံကို ဆင်ခြင်သုံးသပ်တော်မူ၍ ဒုတိယယံတွင် ပဋိစ္စသမုပ္ပါဒ် ပဋိလုံကို ဆင်ခြင်သုံးသပ်တော်မူကာ ညဉ့်၏ တတိယယံ၌သာ ပဋိစ္စသမုပ္ပါဒ် အနုလုံ ပဋိလုံ နှစ်ပါးစုံကို ဆင်ခြင်သုံးသပ်တော်မူသည်ဟု ဖော်ပြ၏။

ပါဠိတော်ကြီးနှစ်ဆူကား ဤသို့လျှင် မတူကွဲပြားခြားနားလျက် ရှိခဲ့၏။ ယင်းသို့သောအကြောင်းများကြောင့်လည်း ဗုဒ္ဓဝါဒီတို့ သန္တာန်၌ သံသယ ဝင်ခြင်းများ ဖြစ်နေ၏။ ဤနေရာတွင် ရှင်မဟာဗုဒ္ဓဃောသက ဤသို့ ရှင်းပြထား၏။



ပုံ (၇) စတင်းဖို့တက္ကသိုလ် ပါမောက္ခ သော့မက္ကင်နှင့် ဇနီး ဗာဂျီးနီးယားတို့ လှူဒါန်းသော သိမ်မြေနေရာတွင် သိမ်သမုတ်ရန် သန့်ရှင်းနေကြပုံ

"ဥဒါန်းပါဠိတော်လာ စကားကို ခုနစ်ရက်လွန်သော အခါ၌ 'နက်ဖန် ငါ နေရာမှ ထအံ့'ဟု ညဥ့်၌ ဖြစ်စေအပ်သော နှလုံးသွင်းခြင်းကို ရည်ရွယ်၍ ဟောဘော်မူ၏"

ရှင်မဟာဗုဒ္ဓဃောသ၏ အဆိုအမိန့်အတိုင်း ဥဒါန်းပါဠိတော်လာ အစဉ်သည် ပဌမသတ္တာဟလွန်သောအခါ၌ ဖြစ်သော အစဉ်ဟု သိရှိရပြီး မဟာဝါပါဠိတော်လာအစဉ်သည် ဘုရားဖြစ်ပြီးနောက် ကဆုန်လပြည့်ကျော် တရက်နေ့ ညဥ့်အခါမှ နှလုံးသွင်း၍ ဥဒါန်းကျူးရင့်သော အစဉ်ဟု သိရှိရပေ၏။

အနေကဇာတိ သံသာရံ ဂါထာနှင့် ယဒါ ဟဝေ ဂါထာများတွင် မည်သည့်ဂါထာက ရှေ့နောက်ကျသည်ဟူသော နေရာတွင်လည်း ရှင်မဟာဗုဒ္ဓဃောသက "အနေကဇာတိ သံသာရံ"ဟူသော ဂါထာသည်သာ ဘုရားဖြစ်လျှင် ဖြစ်ချင်း စိတ်တော်ဖြင့်ရွတ်သော "ပဌမဗုဒ္ဓဝစန"ဖြစ်၍ "ယဒါ ဟဝေ"သုံးဂါထာကား ကဆုန်လပြည့်ကျော် တရက်နေ့မှာမှ နှုတ်တော်ဖြင့် ရွတ်သော "ပဌမဗုဒ္ဓဝစန"ဖြစ်ကြောင်းများကို ရှင်းလင်းခဲ့ပေ၏[၂]။

ထို့ကြောင့် ရှေးဆရာတော်ကြီးတို့သည် မဟာဝါပါဠိတော်နှင့် ပါရာဇိကဏ် အဋ္ဌကထာများ၏ အဆိုအမိန့်များကို အစဉ်အားဖြင့် လိုက်နာကျင့်သုံးကာ အနေကဇာတင် အစီအစဉ်ကို "အနေကဇာ၊ အဝိဇ္ဇာ၊ ယဒါ ဟောတု ဇယန္တော"ဟု စီစဉ်ထားခဲ့ကြပေ၏။

ဆိုလိုဟန်ကား နမော တဿ သုံးကြိမ်ရွတ်ပြီးလျှင် အနေကဇာတိ သံသာရံဂါထာကို သုံးခေါက်ရွတ်။ ဒုတိယ အဝိဇ္ဇာပစ္စယာ သင်္ခါရာ စသော ပဋိစ္စသမုပ္ပာဒ်ကို အနုလုံ ပဋိလုံ တခေါက်စီရွတ်။ တတိယ ယဒါ ဟဝေ သုံးဂါထာကို အစဉ်အတိုင်း တခေါက်ရွတ်။ စတုတ္ထ ဟေတုပစ္စယော စသော ပဋ္ဌာန်းပစ္စယုဒ္ဒေသကို တခေါက် ရွတ်။ ပဉ္စမ ဇယန္တော ဗောဓိယာ မူလေ စသော ဂါထာကို တခေါက် ရွတ်ရမည်ဟု ဆိုလို၏။

---

၁။ မဟာဝါ အဋ္ဌကထာ၊ ၂၀။

၂။ ပါရာဇိက အဋ္ဌကထာ၊ ပ-တွဲ၊ ၁၄။

တဦးခေါင်း တပညာ၊ တကျောင်း တဂါထာ၊ တရွာ တပုဒ်ဆန်း ဟူသည်နှင့်အညီ မြန်မာနိုင်ငံ အချို့ဒေသများတွင် ပဋ္ဌာန်း ပစ္စယုဒ္ဒေသကို မရွတ်ကြချေ၊ ပဋ္ဌာန်း ပစ္စယုဒ္ဒေသကို ရွတ်ခြင်း၏ အဓိပ္ပာယ်ကား ဤသို့ ဖြစ်ပေ၏။

ဗုဒ္ဓသည် အခြားသော သုတ်၊ ဝိနည်း တရားတော်များကို ဆင်ခြင်သုံးသပ်တော်မူသောအခါ ဗုဒ္ဓ၏ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ဆိုင်တို့ ဘာဂ်တိုင် မကွန့်မြူး မလွန့်လူးကြ။ သဏ္ဍာ သုခုမဖြစ်သော အဘိဓမ္မာ သဘာဝကို ဆင်ခြင်သုံးသပ်တော်မူသောအခါမှသာ ဗုဒ္ဓ၏ ကိုယ်တော်မြတ်မှ ရောင်ခြည်တော်ခြောက်ဆိုင်တို့သည် ဘာဝဂ်တိုင် ကွန့်မြူး၍ လွန့်လူး ထွက်ပေါ်ခဲ့ပေ၏။ ယင်းသို့သောအကြောင်းကို အစွဲပြုကာ ပဋ္ဌာန်းပစ္စယုဒ္ဒေသကို ထည့်သွင်းရွတ်ဆိုခဲ့ကြခြင်း ဖြစ်ပေ၏[၁]။

ဇယန္တော ဗောဓိယာ မူလေ ဂါထာအဆုံးတွင် ဣတိပိ သော ဘဂဝါ စသော ဗုဒ္ဓဂုဏ်တော်၊ ဓမ္မဂုဏ်တော်၊ သံဃဂုဏ်တော်၊ ဧဝံ ဗုဒ္ဓံ သရန္တာနံ စသော ဂါထာနှင့် ယံ ဒုန္နိမိတ္တံ စသော ဂါထာသုံးပုဒ်ဖြင့် နိဂုံးအုပ်ကာ အနေကဇာတင် ကိစ္စ ပြီးပြေကြမြဲဖြစ်ပေ၏။

သို့ရာတွင် "ဤသို့တင်ရမည်"ဟု စာပေကျမ်းဂန်များတွင် ခိုင်လုံသော အဆိုအမိန့် မရှိချေ။ လိုရင်းအချုပ်သော်ကား ပုံတော်ကို ဂုဏ်တော်နှင့် ထပ်မိအောင် ကြည်ညိုနိုင်ခြင်းကသာလျှင် ပိုမိုထိရောက်သော အကျိုးကို ပေးပေလိမ့်မည်။

**မောင်းတိန်းဗျူးမြို့သို့ အသုဘရှု**

ဩဂုတ်လ ၂၈-ရက်နေ့တွင် သာသနာ့ပြုအဖွဲ့နှင့် အမေရိကန် ရဟန်းတော်များ အသုဘရှု ကြွကြရ၏။ ကွယ်လွန်သူကား ဗုဒ္ဓဘာသာ တရုတ်အမျိုးအနွယ်ဝင်တဦး ဖြစ်လေသည်။ အမေရိကန်တွင် ပထမဆုံး အသုဘရှုရခြင်းဟု ဆိုနိုင်၏။

---

၁။ မူလပဏ္ဏာသအဋ္ဌကထာ၊ ၂၉။

ကျန်ရစ်သူများကား ကွယ်လွန်သူကို အကြောင်းပြု၍ တရားလက်လွတ် ဖြစ်ကာ နေမခါ ထိုင်မသာ ဖြစ်နေကြ၏။ ငိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းလျက် ရှိကြ၏။ သတ္တဝါများတွင် ကွေကွင်းခြင်း နှစ်မျိုး ရှိ၏။ ယင်းတို့ကား ရှင်လျက်ကွေကွင်းခြင်းနှင့် သေလျက်ကွေကွင်းခြင်းတို့ ဖြစ်ကြလေ၏။ ယင်း ကွေကွင်းခြင်းနှစ်မျိုးတွင် ယခုကွေကွင်းခြင်းကား သေလျက်ကွေကွင်းခြင်းဖြစ် ၍ အဆုံးစွန် ကွေကွင်းခြင်းဖြစ်လေသည်။

သို့ဖြစ်ပေရာ ကျန်ရစ်သူများအနေဖြင့် ဘဝတကွေ့တွင် ခဏသာတွေ့ ကြရချိန်၌ အဆုံးစွန်သော ကွေကွင်းခြင်းဖြင့် ကွေကွင်းရခြင်းဖြစ်ရကား ရင်ထုမနာဖြစ်ကြရရှာ၏။ မည်သို့တတ်နိုင်မည်နည်း။ အနိစ္စသေဘေးကြီးကား မည်သူမျှ မကယ်နိုင်သော ဘေးကြီးသုံးပါးတွင် တပါးအပါအဝင်ဖြစ်ပေ၏။

မည်သူမျှ မကယ်နိုင်သော ဘေးကြီးသုံးပါးကား အိုဘေး နာဘေး သေဘေး များဖြစ်ကြ၏။ ယင်းဘေးကြီးသုံးပါး ဆိုက်ရောက်လာသောအခါ အဘယ်သူကယ်နိုင်တော့အံ့နည်း။

လောကလူ့ဘောင်တွင် အိမ်တဆောင် မီးတပြောင်နှင့် လင်နှင့်မယား၊ သားနှင့်သမီး၊ မြေးနှင့် ဥစ္စာ၊ ညာတကာအပေါင်းနှင့် ဥမကွဲသိုက်မပျက် နေထိုင်လိုကြ၏။ ယင်းသို့ နေထိုင်လိုကြသော်လည်း ယင်းဘေးသုံးပါးနှင့် ဆုံကြုံလာရသောအခါမျိုးတွင် မည်သူက မည်သူ့ကိုမှ မကယ်နိုင်တော့ချေ။

ထို့ကြောင့် ယင်းဘေးကြီးသုံးပါးကို ကြောက်ကြ၏။ မသေလို၍ မိုးပျံ မြေလျှိုး အမျိုးမျိုး ပုန်းလျှိုးနေကြသော်လည်း ပြေးစရာမြေမရှိ ဖြစ်နေကြ ၏။ ယင်းသဘောတရားမှန်ကို ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီးက "မဟာသတိပဋ္ဌာန် ရှုပွားနည်း" တွင် သွန်သင်ဆုံးမ ထားလျက်ရှိ၏။

"မိုးပျံမြေလျှိုး၊ အမျိုးမျိုးနှင့်၊ ပုန်းလျှိုးနေခို၊ မသေလို၍၊ ဤကိုယ် မှုချ၊ မနေရဘူး"။

"လင်နှင့်မယား၊ သားနှင့်သမီး၊ မြေးနှင့်ဥစ္စာ၊ ဆွေမျိုးညာနှင့်၊
မကွာမကွေ၊ မသေရပဲ၊ အတူမြဲ၍၊ မလွဲဘစိ၊ ဘယ်မှာရှိလိမ့်[၁]"။

ကျန်ရစ်သူ တရုတ်ဗုဒ္ဓဘာသာ မျိုးနွယ်တစုကား ယင်းသဘောတရားကို မမြင်ကြတော့။ သာသနာပြုအဖွဲ့၏ တာဝန်သည် မိမိတို့အတွက် အသုဘရှုရုံသာမကပဲ တရားလက်လှတ် ကျန်ရစ်သူများအား သရဏဂုံပြန်လည်တည်စေရေးလည်း ပါဝင်ပေ၏။ ထို့ကြောင့် သာသနာပြုအဖွဲ့သည် ယင်းတို့အားအမြင်မှန်တရားရစေရန် မေတ္တာဖြင့် ချဉ်းကပ်ရမည်ဖြစ်ပေ၏။

ကွယ်လွန်သူ၏ ရုပ်ကလာပ်ကို အိမ်ထဲတွင် အမွှေးနံ့သာများဖြင့် ပြုပြင်ထားသည်ကို တွေ့ရှိရပေ၏။ မပုပ်မသိုးအောင်လည်း ခေတ်မီဆေးဝါးများဖြင့် ပြုပြင်မွမ်းမံထားသည်ဟု ဆိုသည်။ အသုဘရှုရန် အသင့်မြတ်ဆုံးပါဟူ၍လည်း ထပ်ဆင့်လျှောက်ထား၏။ သူတို့နိုင်ငံတွင် အသုဘကို မြန်မာနိုင်ငံမှာကဲ့သို့ ဂုသင်းသင်္ဂြိုဟ်သည်ဟု ဆိုသည်။

ဒကာများလျှောက်ထားခြင်းနှင့်ပတ်သက်၍ သေတဗျမြို့နယ် ယင်းတိုက်ရှိသား မဟာကာဠထေရ်မူကား နုပျိုလတ်ဆတ်သော အသုဘရုပ်ကလာပ်တခုကို ရှုဆင်ခြင်ခဲ့ခြင်းဖြင့် အမြတ်ဘသား ရရှိခဲ့ဘူးသည်ကို ပြန်လည်သတိရမိ၏။ ရှိစေတော့။ သာသနာပြုအဖွဲ့သည် အသင့်ပြင်သားသော နေရာများတွင် နေရာယူလိုက်ကြ၏။

"လူအဖြစ်၌၊ နုမျစ်ငယ်သွေး၊ ရုပ်ကွေးလေးတို့၊ လူရေးလူရာ၊
ဝင်သေးစွာပဲ၊ လူ့ရွာနှစ်သိမ့်၊ ပျော်စံငြိမ့်သား၊ စည်းစိမ့်သဘင်၊
မစံခင်တိ၊ မရင်လတ်မီ၊ သေမင်းချီ၏[၂]"။

ငယ်သော်လည်း သေခြင်းတရားမှ မလွတ်ကင်းကြောင်း မရဏဿတိတရားကို စိတ်သန္တာန်၌ အသင့်အားဖြင့် ရှုပွားမိရပါ၏။ သေသူအပါး ကျန်ရစ်သူအများတို့အား သရဏဂုံနှင့် ငါးပါးသီလများဆောက်တည်စေကာ တရားဓမ္မများ သွန်သင် ပြသ ဆုံးမခြင်းဖြင့် သက်သာရာရစေရ၏။

---

၁။ သတိပဋ္ဌာန်တရား ရှုပွားနည်း ၃၃။

၂။ မဃဒေဝလင်္ကာ ပိုဒ်ရေ ၄၀၀။ ဓေတ္ထိရဂါထာပါဠိ ၄၀၃။

## သေခြင်းဆို ချိန့်လား

တချိန်က"သေခြင်းဆိုချိန့်လား"ဟု မေးရလောက်အောင် မရဏာသတိ တရား အရှုပွားသန့်လှသော လယ်သမားသားအဖ ငါးယောက်အကြောင်းကို သွန်သင်ပြသ ဆုံးမခြင်းဖြင့် ကာယကံရှင်များ၏ စိတ်ဓာတ်ကို ခိုင်စေရ၏။

ဂေါတမဗုဒ္ဓ ပါရမီနုစဉ်က ဖြစ်၏။ ဗုဒ္ဓအလောင်းသည် ဗာရာဏသီမြို့ကြီး၏ ဆင်ခြေဖုံးရွာငယ်ကလေးတခုတွင် လယ်သမားဘဝဖြင့် ရုန်းကန်လှုပ်ရှားရ၏။ လယ်သမားကြီးတွင် မယားနှင့်၊သားနှင့်၊ချွေးမနှင့်၊သမီးနှင့်၊အိမ်ဖော်နှင့် အပြည့်အစုံပင် ဖြစ်ပေ၏။ ပုထုဇဉ်တို့၏ လောကအမြင်ဖြင့် ရှုမြင်သုံးသပ်သော်ကား အထက်တန်းကျသော အိမ်ထောင်ရေးကြီး တခုအဖြစ် ရှုမြင်သုံးသပ်နိုင်၏။ သို့သော် လယ်သမားသည် လယ်သမားပင် ဖြစ်ပေ၏။

လယ်သမားကြီးကား လောကလူ့ဘောင် သာယာရေးကိုသာမက ဘဝကူး ပြောင့်ဖြူးသာယာရေးကိုပါ အလေးအနက်ထားလေသည်။ မိမိ မိသားစုကိုလည်း သီလဆောက်တည်ရမည်၊ သေခြင်းကို အောက်မေ့ရမည်ဟု အစဉ်အမြဲ သွန်သင်လေ့ရှိ၏။ မိမိကိုယ်တိုင်လည်း သေခြင်းသည်မြဲ၏၊အသက်ရှင်ခြင်းသည် မမြဲ၊ သင်္ခါရဟူသည် ကုန်ခြင်းပျက်ခြင်း သဘောရှိ၏ ဟု အမြဲတမ်း ခံယူထားလေသည်။

လယ်သမားကြီး၏ လယ်တောသည် ရွာနှင့် မလှမ်းမကမ်းတွင် ရှိ၏။ မိမိ၏ အိမ်နီးချင်း လယ်သမားများသည်လည်း မိမိနှင့် ယာချင်းကပ်လျက်ပင် ရှိကြ၏။ တနေ့သော် လယ်သမားကြီးသည် မိမိသားနှင့်အတူ လယ်တောသို့ ထွက်ခဲ့၏။ ယမန်နေ့က စုပုံပစ်ခဲ့သော အမှိုက်သရိုက်များကို မီးရှို့ မြေဩဇာလုပ်ရန် သားအဖနှစ်ယောက် လယ်တောသို့ ထွက်လာခဲ့ခြင်း ဖြစ်ပေသည်။

လယ်တောသို့ ရောက်သော် လယ်သမားကြီးသည် လယ်ကွက်တနေရာတွင် ထွန်ယက်လျက်ရှိ၏။သားမှာမူကား လယ်ကွက်တနေရာက စုပုံလျက်ရှိသော အမှိုက်သရိုက်များကို မီးရှို့လျက် ရှိလေ၏။ ယင်းအချိန်တွင် မီးခိုးသင့်၍ ဒေါသထွက်နေသော မြွေတကောင်သည် တောင်ပို့တခုမှ ထွက်လာကာ လယ်

သမားကြီးသားအား ဒေါသတကြီး ပေါက်သတ်လိုက်လေသည်။ လယ်သမားကြီးသားကား နေရာတွင်ပင် ပွဲချင်းပြီး သေရှာ၏။

ယင်းသို့သော အခြင်းအရာကို မြင်သော လယ်သမားကြီးသည် လဲကျလျက်ရှိသော သားအလောင်းကို ပွေ့ချီကာ သစ်ပင်ရိပ်သို့ ယူဆောင်ခဲ့၏။ အဝတ်များဖြင့် ကောင်းစွာဖုံးလွှမ်းပြီးလျှင် "ပျက်တတ်သော သဘောတရားသည် ပျက်တတ်၏"ဟု ဆင်ခြင်အောက်မေ့ကာ မျက်ရည်မစို မငိုသောမျက်နှာဖြင့် အိမ်နီးချင်း လယ်သမားတယောက်အား အိမ်သို့သတင်းစကား မှာကြားလိုက်၏။

လယ်သမားကြီး၏ ဇနီးချောသည် လယ်သမားကြီး၏ ယခင်ကနှင့် မတူတမူခြားသော အမှာစကားကြောင့် သားဖြစ်သူ သေဆုံးကြောင်း ကောင်းစွာ သိပြီး ဖြစ်၏။ "ထမင်းတယောက်စာသာ ယူခဲ့။ ရှေးကလို တယောက်တဲ မလာနဲ့။ ပန်းနံ့သာ လက်စွဲပြီး အိမ်ရှိလူကုန်လာခဲ့"ဟူသော လယ်သမားကြီး၏ အမှာစကားများက သားသေဆုံးပြီဖြစ်ကြောင်း သိရှိခွင့်ပေးပြီးဖြစ်၏။

ထို့ကြောင့် လယ်သမားကြီး၏ ဇနီးချောသည် သမီး၊ ချွေးမ၊ အိမ်ဖော်မများနှင့်အတူ မျက်ရည်မစို မငိုသောမျက်နှာဖြင့် ပန်းနံ့သာ လက်စွဲကာ လယ်တောသို့ ထွက်လာခဲ့သည်။ လယ်တောသို့ ရောက်သောအခါ ပါလာသော ပန်းနံ့သာများဖြင့် သားအလောင်းကို ထင်းပုံထက် တင်ဆောင်ကာ အေးဆေးစွာ မီးသင်္ဂြိုဟ်နေကြ၏။ ယင်းသို့ မီးသင်္ဂြိုဟ်နေကြသော်လည်း မည်သူမျှ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မရှိကြ။

"အမောင်တို့၊ ဘာလုပ်နေကြတာလဲ"

"သေသော သားအလောင်းကို မီးသင်္ဂြိုဟ်နေကြတာပါ လုလင်"

"သေသော သားအလောင်းကို မီးသင်္ဂြိုဟ်နေတယ်သာ ဆိုတယ်၊ အမောင်တို့ မျက်နှာများက သားကောင်မီးမြိုက်နေတဲ့ မျက်နှာများနဲ့ မခြားပါလား"

"အို–ခရီးသွားလုလင်၊ ငါတို့ သားကလေးသည် 'လာပါ'ဟူ၍ မခေါ်ပဲ သူ့အလိုအတိုင်း ငါတို့အိမ်သို့ လာခဲ့၏။ 'သွားတော့'ဟူ၍ ငါတို့က မလွှတ်ပဲ သူ့အလိုအတိုင်း သွားခဲ့၏။ သူ့အလိုအတိုင်း သွားရာလာရာ၌ ငါတို့ စိုးရိမ်ပူဆွေး ငိုကြွေးနေခြင်းဖြင့် ဘယ်အကျိုး ရှိနိုင်မည်နည်း"

ဤမည် ထိုမည်သော စကားများဖြင့် လယ်သမားမိသားစုကို မေးမြန်း ပြောဆို ခန့်နေသူကား ခရီးသွားဟန်ဆောင်လာသော သိကြားမင်းကြီးတည်း။ မှန်၏။ သိကြားမင်းသည် လယ်သမားမိသားစု၏ မရဏာဿတိသီလတရား ကြောင့် လယ်သမားမိသားစုအပေါ် ဆင်းသက်လာခဲ့ရခြင်းဖြစ်သည်။ သေခြင်း ဆို ချိန့်လားဟု မေးရလောက်အောင် သေခြင်းတရား အမြင်သန်လှသော လယ်သမားမိသားစု၏ သီလတန်ခိုးကြောင့် ဆင်းသက်လာခဲ့ရခြင်းလည်း ဖြစ် သည်။

သိကြားမင်းကြီး လယ်သမားမိသားစုထံ ဆင်းသက် ချဉ်းကပ်လာခြင်း သည် သေသူကို ပြန်လည် အသက်ရှင်စေရန်မဟုတ်။ စင်စစ်သော်ကား သိကြားမင်းသည်"သူတော်ကောင်း နတ်ကောင်း စောင့်မ"ဟူသော လောက ကြွေးကြော်သံကို အကောင်အထည် ဖော်ဆောင်ရန် သက်သက်ကြောင့်သာ ဆင်းသက် ချဉ်းကပ်လာခြင်း ဖြစ်သည်။ သိကြားမင်း၏ အကြံအစည်ကား သေခြင်းတရားကို လက်ဖျားခါယူရလောက်အောင် အမြင်သန်လှသော လယ် သမားမိသားစုအား တသက်တာ စားမကုန်နိုင်သော ရတနာများကို စောင့်မ ပေးသနား၍ တာဝတိံသာသို့ ပြန်လည်ရန် ဖြစ်သည်[၁]။

ပူဆွေးသောက ရောက်ကြရသော ဗုဒ္ဓဘာသာ တရုတ်အနွယ်များအား ဥရဂဇာတ်ကို ဟောပြောပြသ ဆုံးမခြင်းဖြင့် တရားချရလေသည်။ တရားပြ၍ တရားချအပြီးတွင် သာသနာပြုအဖွဲ့မှာမောင်းတိန်းဗျူးမြို့မှပြန်လည်ခဲ့ကြသည်။ မောင်းတိုန်းဗျူးမြို့ကား ပါလိုအာတိုမြို့နှင့် တဆက်တည်းဖြစ်၍ တံတားတခု သာ ခြားလေသည်။ ယင်းတံတားကား ရှမ်းပြည်တောင်ပိုင်း ရထားလမ်းရှိ

၁။ ဇာတက ပါဠိ၊ ၁၂၂။

ဘဝသံသရာ တံဘားမျိုး ဖြစ်သည်။ တလမ်းပေါ်တလမ်း ကျော်လွှား၍ ဖောက်လုပ်ထားခြင်း ဖြစ်ပေသည်။

ယင်းတံတား၏မြောက်ဘက်ကို မောင်းတိမ်းဗျူးမြို့၊ တောင်ဖက်ကို ပါလိုအာတိုမြို့ဟု ပိုင်းခြားထားသည်။ ပါလိုအာတိုမြို့တွင် ခမ်းနားကြီးမားသော စတဒ်ဖို့ဒ်တက္ကသိုလ်ကြီးများရှိသလို မောင်းတိမ်းဗျူးမြို့တွင်လည်း ခမ်းနားကြီးကျယ်သောကုမ္ပဏီကြီးများ၊ တိုက်ချင်းပစ် ဒုံးပျံနှင့်ဂြိုဟ်တုစသည် ထုတ်လုပ်ရာ စက်မှုလုပ်ငန်းကြီးများ ရှိကြောင်းလေ့လာသိရှိခဲ့ရလေသည်။

**ဒေသန္တရ ရှင်ထိုမျှသို့**
**ဗုဒ္ဓဘာသာ ဖွံ့ဖြိုးရေးတက္ကသိုလ်**

အမှန်ဆိုရသော် ဗုဒ္ဓဘာသာဖွံ့ဖြိုးရေး တက္ကသိုလ်ဟူသည် အမေရိကန်နိုင်ငံတွင် စင်စစ် မရှိသေးပါချေ။ သို့မရှိလင့်ကစား ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာရီနာဆာကာ၏ ကာလီဖိုးနီးယား တက္ကသိုလ်ကြီးသည် ဗုဒ္ဓဘာသာ ကျောင်းသူ ကျောင်းသားများကို နှစ်စဉ် မွေးထုတ်ပေးလျက်ရှိသောကြောင့် ကာလီဖိုးနီးယား တက္ကသိုလ်ကြီးကိုပင် သာသနာ့ပြုအဖွဲ့ဘွဲ့အနေဖြင့် "ဗုဒ္ဓဘာသာ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီး" ဟု တင်စားအမည်ပေးထားခြင်း ဖြစ်သည်။ ယင်းသို့ တင်စားခေါ်ဝေါ် နိုင်လောက်အောင်ကလည်း ကာလီဖိုးနီးယား တက္ကသိုလ်ကြီး၌ အရည်အသွေးများ ရှိနေပေသည်။

ဩဂုတ်လ ၂၉-ရက်နေ့က ဖြစ်သည်။ ဘာရစ်၏ ဆွမ်းကပ်ပွဲအပြီးတွင် တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ မိုးရွှီးရ်မက်ကွယ်ယားအိမ်၌၎င်း၊ ဥက္ကဋ္ဌနှင့် ပါမောက္ခဖြစ်သော ဓမ္မကထိက ဒေါက်တာရီနာဆာကာ၏ ကာလီဖိုးနီးယား တက္ကသိုလ်၌၎င်း သရဏဂုံနှင့် ငါးပါးသီလများချီးမြှင့်ခဲ့သည်။

အမေရိကန်အစိုးရသည် ယင်းတက္ကသိုလ်တွင် အာရှလေ့လာရေးဌာနကို ပူးတွဲထားရှိပေးသည်။ ယင်းတက္ကသိုလ် အာရှလေ့လာရေးဌာန၏ အာရှလေ့လာရေးဆိုင်ရာများတွင် ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာများလည်း ပါဝင်၏။

ဒေါက်တာရီနာဆာကားသည် ယင်းဌာနတွင် ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဓမ္မကထိကအဖြစ်ဖြင့် တာဝန်ထမ်းဆောင်လျက် ရှိသည်။

အရှေ့တိုင်း ယဉ်ကျေးမှုများတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများကို ဤတက္ကသိုလ်ကြီးက သင်ကြားပို့ချပေးလျက် ရှိ၏။ ဗုဒ္ဓဘာသာကျောင်းသူ ကျောင်းသားများကို ဤတက္ကသိုလ်ကြီးက နှစ်စဉ်နှစ်တိုင်း မွေးထုတ်ပေးလျက် ရှိပေ၏။ ယင်းသို့သော အရည်အသွေးများကြောင့် ယင်းတက္ကသိုလ်ကြီးကို သာသနာပြုအဖွဲ့အနေဖြင့် "ဗုဒ္ဓဘာသာ ဖွံ့ဖြိုးရေးတက္ကသိုလ်"ဟု တင်စားခေါ်ဝေါ်လိုက်ခြင်း ဖြစ်လေသည်။

ကာလီဖိုးနီးယားတက္ကသိုလ် ဗုဒ္ဓဘာသာ လေ့လာရေးဆိုင်ရာတွင် လေ့လာသင်ကြားဆည်းပူးကြသော ကျောင်းသူ ကျောင်းသားများကား တရုတ်၊ ဂျပန်၊ အမေရိကန်၊ မြန်မာ၊ ကုလားစသော လူမျိုးစုအသီးသီး ဖြစ်၏။ အနောက်တိုင်း တက္ကသိုလ်ကြီးများအနက် ဤကာလီဖိုးနီးယားတက္ကသိုလ်သည် ဗုဒ္ဓဘာသာ လေ့လာရေးတွင် တခုသောပါအဝင် ဖြစ်ပေ၏။ ဤတက္ကသိုလ်ကြီးကား ဗုဒ္ဓဘာသာအတွက် အားတက်စရာတကွက် ဖြစ်နေပေသည်။

ပါမောက္ခ ဒေါက်တာရီနာဆာကားသည် မိမိ၏တက္ကသိုလ်တွင် ဗုဒ္ဓဘာသာ အမာခံအသင်းကြီးကိုလည်း အောင်မြင်စွာ တည်ထောင်ဖွဲ့စည်းထားနိုင်လေသည်။ ယခုထိ ပါမောက္ခဒေါက်တာရီနာဆာကား၏ ဗုဒ္ဓဘာသာ အမာခံအသင်းကြီးတွင် အသင်းသူ အသင်းသားပေါင်း ခြောက်ရာကျော်မျှ ရှိသွားပြီဟု ဆိုလေသည်။ ဤသည်လည်း ဗုဒ္ဓဘာသာအတွက် ပို၍အားတက်စရာအချက်ပင် ဖြစ်၏။

ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာရီနာဆာကား၏ တက္ကသိုလ်ရှိ ဗုဒ္ဓဘာသာလူမျိုးစု ကျောင်းသား ကျောင်းသူတို့အား သရဏဂုံနှင့် ငါးပါးသီလများ ချီးမြှင့်အပြီးတွင် တက္ကသိုလ် စာကြည့်ခန်းမသို့ သာသနာပြုအဖွဲ့ ရောက်ရှိသွား၏။ တက္ကသိုလ် စာကြည့်တိုက်တွင် ဂေါတမဗုဒ္ဓ၏ အတွေးအခေါ်များဖြစ်သည့် ပိဋကတ်စာပေများကို အင်္ဂလိပ်ဘာသာနှင့် တွေ့မြင်ရ၏။

အင်္ဂလိပ်ဘာသာ ပိဋကတ်များအပြင် ပါဠိဘာသာ ပိဋကတ်များလည်း အနည်းငယ်မျှ ရှိသေး၏။ ပါဠိဘာသာ အနည်းငယ်မျှ ရှိရခြင်းမှာ ပါဠိအားမသန်၍ဖြစ်ဖွယ်ရှိသည်။ ဤဌာနကား ဂေါတမဗုဒ္ဓ၏ အတွေးအခေါ်ကိုသာ ဖြန့်ဖြူးရာ ဌာနဖြစ်ခြင်းကြောင့် ဂေါတမဗုဒ္ဓ၏ အတွေးအခေါ်ဖြစ်သော စာရွက်စာတန်းများနှင့်ချည်း အတိပြီး နေဘိ၏။

ဂေါတမဗုဒ္ဓ အတွေးအခေါ်ဆိုင်ရာတွင် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ သုံးဖြာသော ပိဋကတ်နှင့် သံယုတ္တနိကာယ်စသော အခြားသောနိကာယ်များကိုလည်း အနည်းအကျဉ်း တွေ့ရှိခဲ့ရ၏။ အားလုံး အင်္ဂလိပ်သာသာနှင့်ချည်း ဖြစ်ကြသည်။ ယင်းနေ့က ကာလီဖိုးနီးယားတက္ကသိုလ်ဘွင် ဟောကြားခဲ့သော ဓမ္မအနှစ်သာရကား ဤသို့ဖြစ်၏။

"တောကသုံးပါး၌ (သတ္တဝါတို့ သက်ရှည်ကျန်းမာ ချမ်းသာရေးတွင်) ဆေးဝါးအမျိုးမျိုးရှိကြ၏။ ယင်း ဆေးဝါး အမျိုးမျိုးသည် သတ္တဝါတို့ သက်ရှည်ကျန်းမာ ချမ်းသာရေးတွင် အားကိုးရသည် ဆိုစေကာမူ တရားတည်းဟူသော ဆေးလောက် အားကိုးရသောဆေး မရှိသေးချေ။ အို–သူတော်ကောင်းတို့၊ တရားတည်းဟူသော ဆေးကို သောက်သုံးကြပါကုန်။

တရားတည်းဟူသောဆေးကို သောက်သုံးလိုက်ကြခြင်းကြောင့် မအိုနိုင်၊ မသေနိုင်။ သက်ရှည်ကျန်းမာ ချမ်းသာ၍ သမထ ဝိပဿနာ တရားများကို အားထုတ်ကြသော် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြကုန်ရာ၏[၁]။"

**တိဗက်လားမား**

ဒေါက်တာရိနာဆာကား၏ တက္ကသိုလ်စာကြည့်တိုက်တွင် အစီအစဉ် မရှိပဲ တိဗက်လားမားကြီးနှင့် တွေ့ဆုံကြရ၏။ တိဗက်လားမားက "မြန်မာနိုင်ငံ၏ နေတဆူ လတပွင့်ပမာ ထင်ရှားသော ကျေးဇူးရှင်တောင်ပုလုတောရကမ္ဘာအေးဆရာတော်ဘုရားကြီးနှင့် ယခုကဲ့သို့ တွေ့ဆုံခွင့် ရခြင်းအတွက် ဝမ်းမြောက် ဝမ်းသာ ရှိလှပါကြောင်း" မိတ်ဆက်စကား ပြောကြား၏။

---

၁။ မိလိန္ဒပဉှာပါဠိ၊ ၃၁၉။

တိဗက်လားမားက သူ့အနေဖြင့် ယခုကဲ့သို့ လာရောက် တွေ့ဆုံရခြင်းမှာ အထူးဟုလည်း လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း ဆက်လက်ပြောကြား၏။ ယင်းနောက် အာလာပ သလ္လာပစကားများ ပြောဆိုကြရ၏။ တိဗက်လားမားက အမေရိကန်နိုင်ငံတွင် ဂေါတမဗုဒ္ဓသာသနာတော်ကြီး အရှည်စွာ ကြီးပွားတိုးတက်စေရန် ကျန်းမာ ချမ်းသာစွာ သာသနာပြုနိုင်ပါစေကြောင်း နှင့် တိဗက်လားမားကျောင်းသို့လည်း အခါအခွင့်သင့်လျော်သောနေ့များတွင် ကြွရောက် ချီးမြှင့်ပေးစေလိုကြောင်းများ လျှောက်ထားလေသည်။

တိဗက်လားမားက မြန်မာဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့အား နိဗ္ဗာန် လက်ဆောင်အဖြစ် ဉာဏ်တော်တလက်မမျှရှိသော ဗုဒ္ဓ ရုပ်ပွားတော်ငယ် တဆူစီ ပေးအပ်၏။ ယင်း ရုပ်ပွားတော်များကား ကြေးရုပ်ပွားတော်များ ဖြစ်လေသည်။

တိဗက်လားမား၏ ဝတ်ဆင်ပုံမှာ မြန်မာရဟန်းတော်များ၏ဝတ်ဆင် ပုံနှင့် မတူချေ။ မြန်မာရဟန်းတော်များ၏ ဝတ်ဆင်ပုံမှာ ခေါင်းပေါ်၍ လက်ယာ ပခုံးကိုဖော်ကာ လက်ဝဲပခုံးကို ဖုံးလွှမ်းထားသည်။ တိဗက်လားမားများကဲ့သို့ အင်္ကျီနှင့် ဘောင်းဘီလည်း မဝတ်ကြ။ ဘိုကေလည်း မထားကြ။ ဦးထုပ်လည်း မဆောင်းကြချေ။ ထို့ပြင် ရှူးဖိနပ်ကြီးများလည်း မစီးကြချေ။ သို့ရာတွင် မြန်မာရဟန်းတော်များနှင့် တူညီသော အချက်တချက်ရှိ၏။ ယင်းကား အိမ်ထောင်မပြုသော အချက်ပေတည်း။

တိဗက်သာသနာတွင် ထင်ရှားသော လားမားအနွယ်နှစ်မျိုး ရှိ၏။ ယင်းတို့ကား တာရှိလားမားအနွယ်နှင့် ဒလိုင်လားမားအနွယ်တို့ ဖြစ်လေသည်။ တာရှိလားမားသည် သာသနာရေး လောကတွင် ကျော်ကြား၍ ဒလိုင်လားမားသည် နိုင်ငံရေးလောကတွင် ကျော်ကြားလေသည်။

၁၃-ရာစုခေတ် တိဗက်လားမားများ၏ ဝတ်ဆင်ပုံနှင့် ကိုယ်ကျင့် သိက္ခာများသည် တိဗက်နိုင်ငံအတွင်းမှာပင် တူညီမှု မရှိခဲ့ကြချေ။ ယင်းသို့ ဖြစ်ရခြင်းကား တောတောင်ရှုပ်မြောင်ထူထပ်သော တိဗက်နိုင်ငံ၏ တရွာနှင့်

တရွာ၊ တရပ်နှင့်တရပ်၊ တမြို့နှင့်တမြို့ ကူးလူးဆက်ဆံမှု ခဲယဉ်းသောကြောင့်ဟု ဆိုလေသည်။

ယင်းအချိန်တွင် သဿပ္ပအမည်ရှိ မထေရ်တပါး ရောက်လာ၍ ဂေါတမ ဗုဒ္ဓကျမ်းဂန်များ တည်းဖြတ်သုတ်သင်ကာ ကျင့်ဝတ်သီလများကို တိဗက်နိုင်ငံ အတွင်း လှည့်လည်ဟောပြောလေသည်။

တိဗက်ပြည်သူတို့သည် ယင်း သဿပ္ပမထေရ်မြတ်ကို အလွန်အကျူး အထူးကြည်ညိုလေးစားကြ၏။ ဂေါတမကိုယ်တော်စားဟူ၍ပင် ကြည်ညိုကြ လေသည်။ သဿပ္ပမထေရ်သည် တိဗက်ပြည်သူတို့က ယင်းသို့ကြည်ညိုနေကြစဉ် သခ်ါရသဘောတရားကို မလွန်ဆန်နိုင်ကာ ပျံလွန်တော်မူရရှာ၏။

သို့ရာတွင် တိဗက်ပြည်သူတို့က မလျော့ကြ။ သဿပ္ပမထေရ်မြတ် လူဝင် စားကို တိဗက်နိုင်ငံအတွင်း လှည့်လည် ရှာဖွေစုံစမ်းကြသည်။ တွေ့သည်ဟူ၏။ ယင်းသို့ တွေ့ရှိသော သဿပ္ပမထေရ် လူဝင်စားပုဂ္ဂိုလ်ကို "တာရှိလားမား" ဟူသောဘွဲ့ အပ်နှင်း၍ ဆက်လက်ကိုးကွယ်ကြပြန်လေသည်။

တဖန် လူဝင်စား တာရှိလားမား ကွယ်လွန်ပြန်လျှင် ယခင်အတိုင်း လူဝင်စား ရှာကြပြန်၏။ တွေ့သောဟူ၏။ ယင်းတွေ့ရှိသည့် လူဝင်စားပုဂ္ဂိုလ် ကိုပင် တာရှိလားမားဘွဲ့ အပ်နှင်းကာ ကိုးကွယ်ကြပြန်လေသည်။ ဤသို့ဖြင့် တာရှိလားမားအနွယ်သည် အစဉ်မပြတ် တည်ရှိလာခဲ့ခြင်းဖြစ်လေသည်။

ဒလိုင်လားမားလည်း ထိုနည်းလည်းကောင်းဖြစ်၏။ မွန်ဂိုမင်း ကူဗလေ ခန်သည် တရုတ်ပြည်ကြီးကို အုပ်စိုးနေစဉ် ၁၆-ရာစုလောက်က တိဗက်နိုင်ငံ သည် တရုတ်ပြည်ကြီး၏ အစိတ်အပိုင်းတခု ဖြစ်ခဲ့၏။ ယင်းအချိန်တွင် တိဗက် နိုင်ငံ၌ ဒလိုင်လားမားအမည်ရှိ ဘုန်းတော်ကြီးတပါးသည် တန်ခိုးကြီးထွား လျက်ရှိ၏။ ကူဗလေခန်သည် ဒလိုင်လားမားကို သဘောကျကာ နိုင်ငံရေး ဩဇာအာဏာများ အပ်နှင်း၍ တိဗက်နိုင်ငံကို အုပ်ချုပ်စေလေတော့သည်။

တရုတ်ကူဗလေခန်ကလည်း ဒလိုင်းလားမားကို တိဗက်ရဟန်းမင်း တပါးအဖြစ် အသိအမှတ်ပြုလေသည်။

ယင်း ဒလိုင်းလားမား ပျံလွန်သောအခါ တာရှိလားမား ပျံလွန်စဉ်က ကဲ့သို့ လူဝင်စားကိုပင် နိုင်ငံအတွင်းလှည့်လည်ရှာဖွေကာ ဒလိုင်းလားမားဘွဲ့ကို အပ်နှင်း၍ အုပ်ချုပ်စေခဲ့ကြသည်။ ဤသို့ဖြင့် ဒလိုင်းလားမားအနွယ်လည်း အစဉ်မပြတ် ရှိလာခဲ့ရခြင်း ဖြစ်ပေ၏။

တိဗက်နိုင်ငံတွင် တအိမ်ထောင်လျှင် တယောက်ကျ ရဟန်းပြုရိုးထုံးစံ ရှိကြ၏။ ယင်းသို့သော အကြောင်းများကြောင့် တိဗက်နိုင်ငံတွင် လားမား အများအပြား ရှိနေခြင်းဖြစ်လေသည်။ ယင်း လားမားများသည်ပင် နိုင်ငံ၏ တာဝန်ကို ထမ်းဆောင်လျက် ရှိကြသည်။လားမားဟူသည်ကား ဘုန်းတော်ကြီး ဟု အဓိပ္ပာယ်ရ၏။

ညနေ ၅-နာရီတွင် ယင်းတက္ကသိုလ်မှ ပြန်လည်ထွက်ခွာခဲ့ကြ၏။တိဗက် လားမားကြီးအားလည်း အကြောင်းညီညွတ်ပါက လားမားကြီးကျောင်းသို့ လာရောက်နိုင်ပါမည်အကြောင်း စကားကောင်း ပါးလိုက်ရပေ၏။ နှုတ်ကြွေး သာ တင်ခဲ့ချေသည်။ အမေရိကန်မှ ပြန်လာသည့်တိုင်အောင် တိဗက်လားမား ကြီးကျောင်းသို့ မရောက်ဖြစ်ခဲ့ကြချေ။

## တောင်စခန်းရိပ်သာသို့

စက်တင်ဘာ ၄-ရက်နေ့က သာသနာ့ပြုအဖွဲ့ တောင်စခန်းရိပ်သာသို့ သွားရောက်ခဲ့ကြသေး၏။ ဤတောင်စခန်း ရိပ်သာကား ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာရီနာဆာကား အမှူးပြုသော ဗုဒ္ဓဘာသာအမေရိကန် များ ရံဖန်ရံဖန် တရားအားထုတ်ရာ ဌာနကြီးတခု ဖြစ်လေသည်။ တကြိမ် တရားအားထုတ်လျှင် ရက်သတ္တတပတ်ကြာသည်ဟု သိရှိရ၏။

ဤစခန်းကြီးတွင် ဒေါက်တာရီနာဆာကား အမှူးပြုသော ဗုဒ္ဓဘာသာ အမေရိကန်တို့သည် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာနအား ဆရာတော် ဘုရားကြီး မကြွလာမီ သုံးပတ်တိတိ တရားအားထုတ်ပြီးပြီဟု ဆိုလေသည်။

ယင်းတောင်စခန်းရိပ်သာတွင် အဖွဲ့လိုက် တကြိမ်တရားအားထုတ်ပါက တရက်အတွက် အမေရိကန်ဒေါ်လာ ၁၇၅-ဒေါ်လာပေးရ၏ဟု ဆို၏။

မြန်မာငွေနှင့်သော်ကား တရက်အတွက် ၁၂၁ (တစ်ထောင်နှစ်ရာနှစ်ဆယ့် တစ်) ကျပ် ကုန်ကျလေသည်။ သူတို့ပြောသံကြားရ၍ ယင်းတောင်စခန်းရိပ်သာ သို့ သွားရမည်ကိုပင် မချင့်မရဲဖြစ်မိလာ၏။

ယခုဖွင့်လှစ်တည်ဆောက်ထားသည့် တောင်ပုလုကမ္ဘာ့အေး ဓမ္မရိပ်သာ ကိုပင် ဤတောင်စခန်းရိပ်သာ၌ ဖွင့်လှစ်ရန် ယခင်က စီစဉ်ခဲ့ကြသေးသည်ဟု ဆို၏။ နောက်သော် မြန်မာသာသနာပြုအဖွဲ့ အမေရိကန်တွင် ဝါကျဝါဆို ရမည်ကာတကြောင်း၊ နေ့ရှည်ရက်များ သီတင်းသုံးနေထိုင်ရာ၌ ဤတောင်စခန်း ရိပ်သာကြီးနှင့် မလျော်သည်ကလည်း တကြောင်းကြောင့် ဤတောင်စခန်း ရိပ်သာတွင် မဖွင့်ဖြစ်ပဲ တောင်ပုလုကမ္ဘာ့အေး ဓမ္မရိပ်သာကို ယခုနေရာ၌ပင် သီးသန့်ဖွင့်လှစ်ခဲ့ရသည်ဟု ဆိုလေသည်။

သာသနာပြုအဖွဲ့ တောင်စခန်းရိပ်သာသို့ ကားများဖြင့် ထွက်လာခဲ့ကြ ၏။ အကျွန်ုပ် ပညာဒီပ၊ အရှင်နာရဒနှင့် အချို့အမေရိကန် ရဟန်းတော်များ လိုက်ပါလာကြ၏။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် ပခုက္ကူဆရာတော်၊ သာစည်ဆရာတော်တို့မူကား တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာ၌ပင် နေရစ် ခဲ့လေသည်။

"ဟာ——မင်းတို့ဟာ တောင်စခန်းရိပ်သာဆိုပြီး လက်စသတ်တော့ သမုဒ္ဒရာ—

"မှန်ပါ။ ရဟန်းလောင်း ဆံပင်များ ရေမျှောစရာရှိတာနဲ့—— ဒီဘက်ကို—

"မောင်မင်းကြီးသားတို့၊ ခပ်ဝေးဝေးသွား မြန်မြန် မျှော"

ဟုတ်ပေ၏။နံနက်က ရဟန်းလောင်းသုံးပါး ဆံချထားတာရှိ၏။ယင်းဆံ ပင်များ ရေမျှောရန်အကြောင်းကား ဆိုက်လာပေသည်။ အမေရိကန်များသည် ရဟန်းလောင်း မောင်ရှင်လောင်းများ၏ ဆံပင်များကို အမှတ်မဲ့ ပြီးစလွယ် နေရာမရွေး စွန့်ပစ်လေ့မရှိကြချေ။ အားလပ်သည့် နေ့ရက်များတွင်မှ သမုဒ္ဒရာ သို့သွား၍ ရေမျှောတတ်ကြ၏။



ပုံ(၉) သိမ်နိမိတ် ကြားနေသော ဆရာတော်အား ဗုဒ္ဓဘာသာ အမေရိကန်
ပြည်သူတို့က သိမ်အပြင်မှ ကြည်ညိုနေကြပုံ

ယနေ့ထိ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာတွင် အမေရိကန်ရဟန်းတော်ပေါင်း ၁၅-ပါး၊ သာမဏေ ၆-ပါးနှင့် ရသေ့မလေးများ ၅-ပါးမျှ ရှိလာခဲ့ပြီဖြစ်သည်။ ယင်း အမေရိကန်ရဟန်းတော် သာမဏေ သီလရှင်ဆရာလေးများ၏ ဆံပင်များသည် ဤသမုဒ္ဒရာသို့ချည်း ဖြိုင်ဖြိုင်ဝင်ကြရ၏။ ရဟန်းတော် သာမဏေ သီလရှင် ဆရာလေးများ၏ ဆံပင်ဟူသမျှကို အမေရိကန်တို့သည် ဤသမုဒ္ဒရာသို့ချည်း မျှောပစ်လေ့ရှိကြ၏။ ဤကား စနေ တနင်္ဂနွေနေ့များတွင် အမေရိကန်တို့ လုပ်လေ့ရှိသော လုပ်ငန်းတရပ်ဖြစ်နေလေ၏။

ယနေ့ကား တနင်္ဂနွေနေ့မဟုတ်။ တနင်္လာနေ့ဖြစ်၏။ သို့ရာတွင် အနီ့တနင်္လာနေ့သည်လည်း အမေရိကန်ရုံးပိတ်ရက်နှင့် လာကြုံလျက်သား ဖြစ်နေ၏။ ထို့ကြောင့် တနင်္ဂနွေနေ့မဟုတ်စေကာမူ အမေရိကန်ရုံးပိတ်ရက်ဖြစ်၍ မဟာသမုဒ္ဒရာတွင် လေညင်းခံ အပန်းဖြေသူများ၊ ရေချိုးသူများနှင့် ပြည့်နှက်နေသည်။ ကားကြီးကားငယ်များမှအစ ဆိုင်ကယ်များအထိ အလွန်များပြားလျက် ရှိသည်။

မဟာသမုဒ္ဒရာမှ မကြာမြင့်မီ ထွက်ခွါခဲ့သည်။ လမ်းတနေရာတွင် အလံများကိုင်ဆောင်ကာ ဆန္ဒပြသူလူတစုနှင့် ပက်ပင်းတိုးမိ၏။ စုံစမ်းသိရှိရသည်ကား ကုန်ဈေးနှုန်းချတာ မကျေနပ်ကြ၍ လယ်သမားများက ဆန္ဒပြကြသည်ဟု သိရှိရသည်။ ဆန္ဒပြသူလူအစုကို ရှောင်ကွင်း၍ ကားကို ခပ်သုတ်သုတ် မောင်းစေရသည်။

လှပသော ထင်းရှူးမြိုင်ကြီးအတွင်းတွင် "တောင်စခန်းရိပ်သာ"ဟူသော ဆိုင်းဘုတ်ကြီးက ရှေ့မှ ဆီးကြိုနှုတ်ဆက်လျက် ရှိသည်ကို တွေ့ရှိရသည်။ တောင်စခန်းရိပ်သာသို့ ရောက်ရှိကြလေပြီ။ ခင်းထားအပ်သော ကတ္တရာလမ်းကလေးအတိုင်း ချိုးကွေ့ဝင်လိုက်ကြ၏။

ပါမောက္ခနှင့်မမွှကထိက ဒေါက်တာရီနာဆာကားအမှူးပြုသည့်ဗုဒ္ဓဘာသာ အမေရိကန်တို့ ခုနစ်ရက်စခန်းဖွင့်ကာ တရားအားထုတ်ကြသည့်ခန်းမကြီးဆီသို့ သာသနာပြုအဖွဲ့ ရောက်ရှိသွားကြ၏။ ကျယ်ဝန်းသော ခန်းမကြီးတခုပါပေ။ ပတ်ဝန်းကျင်တွင် အေးမြမှုကို အားဖြည့်ပေးသည့် သစ်ပင် ပန်းမန်များကလည်း စိမ်းလန်းစိုပြေလျက် ရှိ၏။

တောင်စခန်းရိပ်သာအတွင်း သစ်မ်းကျောင်း ကဲ့သို့သော ဗိုလ်တဲငယ်များကလည်း အစိတ်သုံးဆယ်ခန့်မျှ ရှိ၏။ ဗိုလ်တဲငယ်တိုင်းမှာပင် ဆိုဖာ၊ မွေ့ရာနှင့် ကုတင်များ ထားရှိပေးသည်။ ရေမီးများလည်း ပြည့်စုံလှ၏။ တောင်စခန်း ရိပ်သာအတွင်းရှိ စမ်းချောင်းတလျှောက်တွင် စကြံသွားနိုင်ရန်လည်း ပတ်လမ်းကြီးတခု ဖောက်လုပ်ထားရှိသည်။

ပတ်လမ်းတလျှောက်တွင်လည်း ရဟန္တာမူကျောင်းအဖြစ်အသုံးပြုနိုင်သော သစ်ပင်ကြီးငယ်များကိုလည်း အများအပြားပင် တွေ့ရှိ၏။ တရားအားထုတ်ရန် သင့်လျော်သော နေရာတခုပင် ဖြစ်ပါချေသည်။ ဒေါက်တာရီနာဆာကား တို့ ဤတွင်လာ၍ တရားအားထုတ်ခဲ့ကြသည်မှာ သုံးကြိမ်ရှိပြီဟု ဆိုသည်။ တကြိမ်အားထုတ်လျှင် ယောဂီပေါင်း ခုနစ်ဆယ်ကျော် ရှစ်ဆယ်ခန့်မျှ ရှိ၏ ဟု ဆိုသည်။

အချုပ်ဆိုရသော် ဤတောင်စခန်း ရိပ်သာကြီးကား တရားအားထုတ်လိုသူတို့ချမ်းသာစွာ တရားအားထုတ်နိုင်ကြသည့်အပြင်အပန်းဖြေလိုသူတို့လည်း အပန်းဖြေနိုင်ရန် ကြည်နူးဖွယ် သဘာဝရှုခင်းများဖြင့် ဝေဆာတင့်တယ်လျက်ရှိပေ၏။ အားကစားဝါသနာပါသူတို့ လာရောက် အားကစားနိုင်ရန် ရေကူးကန်နှင့် လှော်ခတ်စရာလှေများ ဘော်လီဘောကွင်း ဘတ်စကက်ဘောကွင်းမှ အစ သေနတ်ပစ်ကွင်းများအထိ ထားရှိပေးသည်။ တောင်စခန်း ရိပ်သာတွင် သမထလုပ်ငန်း လုပ်နေကြသူများကိုလည်း တွေ့ရှိခဲ့ရသည်။

ယင်းနေ့က တောင်စခန်း ရိပ်သာအတွင်း မိနစ် ၂၀-မျှ လှည့်လည်ကြည့်ရှုပြီး ပြန်လာခဲ့ကြသည်။

## ဂျပန် ဘုန်းတော်ကြီးများ

စက်တင်ဘာလ ၆-ရက်နေ့တွင် တောင်ပုလု သာသနာပြုအဖွဲ့သည် ဂျပန်ဘုန်းတော်ကြီးများ၏ "ဆန်ဖရန်စစ္စကိုဇင်ဆင်တာ" သို့ရောက်ရှိသွားကြသည်။ ဂျပန် ဘုန်းတော်ကြီးများ ကျောင်းသည် "ဇင်ဆင်တာ"ဟု ဆိုသည့်အတိုင်း ဇင်ဝါဒကိုသာ ရှုမှတ်ပွားများရသော ကျောင်းကြီးတခုဖြစ်သည်။

သာသနာပြုအဖွဲ့ ရောက်ရှိသွားချိန်တွင် ဘုရားဝတ်ပြုနေသူ လူပေါင်း ၁၀-ခန့်ကို တွေ့ရှိရလေသည်။ သေသေချာချာ လေ့လာသုံးသပ်ကြည့်ရာ လူ ၁၀-ခန့်သည် ဂျပန်ဘုန်းတော်ကြီးများကို အလည်တည့်တည့်ထား၍ သရဏဂုံကို ပီပီသသ ရွတ်ဆိုကာ ဘုရားဝတ်ပြုနေသည်ကို တွေ့ရှိရသည်။ မြန်မာသာသနာပြုအဖွဲ့အား ဘုရားဝတ်ပြု ကြည်ညိုခြင်းဖြင့် ကြိုဆိုဟန်ရှိသည်။

ကျောင်းတော်ကြီးကား အထပ်လေးထပ်မျှရှိ၍ အနီရောင်အဆောက် အအုံကြီးတခု ဖြစ်လေသည်။ ဘုရားဝတ်ပြုရာ ခန်းမတွင် တပ်ပျဉ်ခွေ ဗုဒ္ဓ ရုပ်ပွားတော်တဆူနှင့် မတ်ရပ်တော် တဆူရှိသည်ကို တွေ့ရှိရသည်။ အနုပညာ လက်ရာနှင့် ဆင်ယင်ထုံးဖွဲ့မှုကို ခန့်မှန်းကြည့်ရာ မြန်မာအနုပညာလက်ရာနှင့် ဆင်ယင်ထုံးဖွဲ့မှုဟု ခန့်မှန်းရသည်။ အခြားတနေရာတွင် လူလိုလို နတ်လိုလို ရုပ်တုတခုကို တွေ့ရှိရသည်။ မဟာယာနဂိုဏ်း၏ မဟာယာနဘုရားဟု ယူဆ ရသည်။

ဂျပန်ဘုန်းတော်ကြီးများသည် မြန်မာသာသနာပြုအဖွဲ့ကို လေးစား ကြည်ညိုကြသည်။ မြန်မာသာသနာပြုအဖွဲ့အား လိုက်လံပြသစရာရှိသည်များကို လိုက်လံ ပြသကြသည်။ ဇင်ဗမ္မသင်တန်းအဖွင့်တွင် တီးခတ်လေ့ရှိသည်ဆိုသော ကုလားတက် တုံးမောင်းများနှင့် မြန်မာ့ခေါင်းလောင်းကဲ့သို့သော ခေါင်း လောင်းတခုကို တီးခတ်ပြသည်။ မြန်မာတို့သုံးသော ဘင်တူရိယာကဲ့သို့သော ဘင်တခုလည်း ရှိ၏။

ခန်းမကြီးတခုကား တရားအားထုတ်ရာ ခန်းမကြီးဟု ယူဆရ၏။ နှစ် တောင်ပတ်လည် ခုံယော်များပေါ်တွင် ထိုင်စရာဟု ယူဆရသော တတောင် ပတ်လည် ဖုံယော်ကလေးများကိုလည်း တွေ့ရှိရ၏။ ရေတွက်ကြည့်ရာ တရာ တိတိ ရှိ၏။ တရားအားထုတ်သော နေရာလားဟု မေးကြည့်ရာ ဟုတ်မှန် ကြောင်း ပြော၏။

ယင်းခင်းထားအပ်သောနေရာများကို ကြည့်သဖြင့် တရားအားထုတ်သူ ယောဂီပေါင်း တရာရှိကြောင်း သိနိုင်၏။ ထိုင်ခုံများ၏ အရောင်မှာ အားလုံး နက်ပြာရောင်ချည်း ဖြစ်ကြ၏။ အဝါရောင်သည် မြန်မာရဟန်းတော်များ၏

အရဟာဒ္ဓဇသင်္ကန်းရောင်ဖြစ်သလို နက်ပြာရောင်သည်လည်း ဂျပန်ရဟန်းတော်များ၏ အရဟာဒ္ဓဇ သင်္ကန်းရောင် ဖြစ်၏။

ဂျပန်ရဟန်းတော်များ၏ ဆင်ယင်ထုံးဖွဲ့မှုမှာ တိဗက် လားမားကြီးများနှင့် မတူ တမူခြားနေပြန်၏။ နက်ပြာရောင် ဘောင်းဘီပေါ်တွင် နက်ပြာရောင် အင်္ကျီပွကြီးတထည် ဝတ်ဆင်ထား၏။ ယင်းအင်္ကျီပေါ်တွင် မြန်မာရဟန်းတော်များ၏ ကိုယ်ရုံ ဧကသီကဲ့သို့ နက်ပြာရောင် အဝတ်တထည်ကို အခန်းကလေးများဖွဲ့ကာ လက်ဝဲပခုံးကိုဖုံး၍ ကြိုးဖြင့် သိုင်းချည်ကာ ဝတ်ဆင်ထားသည်။

မြန်မာရဟန်းတော်များနှင့် ဂျပန်ရဟန်းတော်များ တူညီသောအချက်ကား ဆံပင် မုတ်ဆိတ် ရိတ်ပယ်ခြင်းနှင့် လက်ယာပခုံး ဖော်ထားခြင်း တူညီကြလေသည်။ ယင်းကျောင်းတော်ကြီးတွင် ယောဂီရဟန်းတော်ပေါင်း လေးဆယ်နှင့် လူယောဂီပေါင်း နှစ်ရာမျှ ရှိကြောင်း သိရှိရလေသည်။

နာရီဝက်မျှ အကြာတွင် ဆန်ဖရန်စစ္စကို ဇင်ဆင်တာမှ ပြန်ခဲ့ကြ၏။ တိုက်အုပ်ဘုန်းတော်ကြီးနှင့် ဂျပန်ရဟန်းတော်များက သာသနာပြုအဖွဲ့အား ကားထားရာအထိ လိုက်ပါပို့ဆောင်ကြပေ၏။

## လော့(စ်)အိန်ဂျလိ(စ်)မြို့သို့ သာသနာပြုခရီး
## မြန်မြန်ရောက်ချင် ကားမစီးနဲ့

ဆန်ဖရန်စစ္စကို လေဆိပ်သို့ သာသနာပြုအဖွဲ့ တကျော့ ပြန်ရောက်ကြပြန်ပြီ။ စက်တင်ဘာ ၁၄-ရက်နေ့ ဖြစ်၏။ လော့(စ်)အိမ်ဂျလိ(စ်)မြို့သို့ သာသနာပြု ထွက်ခွာရန် ဆန်ဖရန်စစ္စကိုမြို့ လေဆိပ်သို့ တကျော့ ပြန်ရောက်နေရခြင်းဖြစ်သည်။ သာသနာပြု အဖွဲ့ဝင်များ အဖြစ်ဖြင့် ကပ္ပိယ ဦးမောင်မောင်နှင့် တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ဂေါပကများဖြစ်သည့် တောင်ဝီလီယံစ်နှင့် ဒေါက်တာရီနာဆာကားတို့ လိုက်ပါကြသည်။ မစ္စပူတူးလည်း သာသနာပြုအဖွဲ့ဝင်အဖြစ် လိုက်ပါလာသည်ကိုတွေ့ရှိရ၏။

သာသနာပြုအဖွဲ့မှာ ဝါတွင်းဖြစ်၍ ဗုဒ္ဓဘာသာ ရဟန်းတော်များ ထုံးစံအရ ခုနစ်ရက်အတွင်း ဝါကပ်ရာဒေသသို့ ပြန်လာပါမည်ဟု အာမဝန္တံ ခံခဲ့ကြရသည်။ ယင်းသို့အာမဝန္တံခံရခြင်းကို ဗုဒ္ဓဘာသာ သာသနာဝေါဟာရအရ "ဝါ"ပန်သည်ဟု ခေါ်ဆိုလေသည်။ ဤကား ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်များ၏ အခြားဘာသာ ရဟန်းတော်များနှင့် မတူသော ဝိသေသ လက္ခဏာတရပ်ဖြစ်လေ၏။

ယင်းသို့ ထူးခြားသော ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ကျင့်ထုံးကို အနီးကပ်လေ့လာ တွေ့ရှိသူတိုင်းက ထေရဝါဒ ဗုဒ္ဓဘာသာနှင့် မြန်မာရဟန်းတော်များအပေါ် တိုး၍တိုး၍ ယုံကြည်ကိုးစားလာကြ၏။ ဝါတွင်းအခါများတွင် ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော်များအနေဖြင့် မပြီး ပြတ်သော ကိစ္စ ရှိစေကာမူ မိမိတို့ ဝါကပ်ရာ နေရင်းဒေသသို့ ခုနစ်ရက် အတွင်း ပြန်လာကြရသည်ဆိုခြင်းကိုလည်း အမေရိကန်များက စိတ်ဝင်စား လာကြ၏။

ယင်းသို့ စိတ်ဝင်စားမှု ရှိလာခြင်းကြောင့်လည်း အမေရိကန် နိုင်ငံ ဟိုနယ် သည်နယ်၊ ဟိုမြို့ သည်မြို့မှ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာသာသနာပြု အဖွဲ့အား ပင့်ဖိတ်လျက်ရှိကြ၏။ ယင်းသို့ ပင့်ဖိတ်လျက် ရှိကြသော်လည်း မြန်မာသာသနာပြုအဖွဲ့၏ ထေရဝါဒ ဗုဒ္ဓသာသနာအခြေခံစခန်းက ဆန်ဖ ရန်စစ္စကိုမြို့နှင့် မိုင်ငါးဆယ်အကွာ စိန့်ကလဲမြို့ကလေးအနီးတွင် တည်နေသည် ကတကြောင်း၊ ဝါတွင်းဖြစ်၍ လှုပ်ရှားခွင့်ရက် အလွန်နီးပါး နေသည်က တကြောင်းများကြောင့် ခရီးစဉ်များကို စိစစ်လက်ခံနေကြရ၏။

ယင်းသို့သော အကြောင်းများကြောင့် နယ်များတွင် ဒုလ္လဘ ရဟန်း ပြုမပေးနိုင်သလို အေးအေးဆေးဆေး တရားအားထုတ်စေဘို့ တရားဟောဘို့ ဆိုသည်ကလည်း အချိန်မရဖြစ်နေလေသည်။

တနေရာမှ တနေရာ တအိမ်မှ တအိမ်ဆိုသလို နည်းနည်းနှင့် ကျဲကျဲဝိုင်း နေကြရ၏။ ဒုလ္လဘရဟန်းပြု၍ အေးဆေးစွာအမြတ်တရားရှာလိုပါက တောင် ပုလု ကမ္ဘာအေးဓမ္မရိပ်သာသို့ လာရောက်ကြရန် ဖိတ်မန္တကပြုကြရ၏။ ယခု

လော့(စ်)အိန်ဂျလိ(စ်) သာသနာပြု ခရီးစဉ်သည်ပင် ငါးရက် တာမျှသာ အချိန်ရသော ခရီးစဉ်တခုဖြစ်ပေသည်။

လော့(စ်)အိန်ဂျလိ(စ်)နှင့် ဆန်ဖရန်စစ္စကိုသည် မိုင်လေးရာမျှဝေး၏။ ဘိုးအင်းလေယာဉ်ဖြင့် ခရီးနှင်သော် ၄၅-မိနစ်မျှကြာ၏။ ယင်းသို့ ၄၅-မိနစ်မျှ ကြာသော်သည်း အပြန်အသွား၊ အဆင်းအတက်၊ အစောင့်အဆိုင်း များနှင့် တနေကုန် တနေခန်းဖြစ်ကြရသည်။ ယင်းသို့သော သာသနာပြု ခရီးစဉ်များ တွင် သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်စေရုံနှင့် တရားတိုကို ဟောရုံမှ အပ ရဟန်းများပြုပေးနိုင်ခြင်းမရှိခဲ့ချေ။ ထို့ကြောင့် ရဟန်းပြုကာ ဓူတင်ကျင့်၍ အမြတ်တရားရှာလိုသော ပုဂ္ဂိုလ်များ တောင်ပုလုကမ္ဘာအေးဓမ္မရိပ်သာသို့ အမြန် လာရောက်ကြရန် ဖိတ်မန္တက ပြုရခြင်း ဖြစ်ပေ၏။ လာလည်း လာကြ သည်။ ယနေ့အထိ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာသို့ လာရောက်တရား အားထုတ်သူ အမျိုးသား အမျိုးသမီးယောဂီပေါင်း နှစ်ထောင်ကျော်မျှ ရှိခဲ့ ချေပြီ။

ယခုလည်း မိမိတို့သာသနာပြုအဖွဲ့သည် လော့(စ်)အိန်ဂျလိ(စ်) မြို့ကို ခြေကုပ်စခန်းထားကာ အခြားမြို့များသို့လည်း သာသနာပြုရန် အစီအစဉ် များရေးဆွဲသွားပြီးဖြစ်၏။ စက်တင်ဘာ ၁၅-ရက်နေ့တွင် လောင့်ဘိချ်မြို့နှင့် လေ့လာရေးခရီးအဖြစ် ဟောလီးဝုဒ်၊ ၁၉-ရက်နေ့တွင် ဆန်ဒီယာဂို မြို့များနှင့် လေ့လာရေးအဖြစ် ပင်လယ်ကမ္ဘာပြပွဲကြီးနှင့် ၂၀-ရက်နေ့တွင် ဆန်ဖရန်စစ္စကို မြို့သို့ ပြန်သည်ထွက်ခွာရန်တို့ ဖြစ်လေသည်။

စက်တင်ဘာ ၁၄-ရက်နေ့ ၃-နာရီ ၁၅-မိနစ်တွင် ဆန်ဖရန်စစ္စကို လေဆိပ်မှ မိုင်လေးရာဝေးသော လော့(စ်)အိန်ဂျလိ(စ်)မြို့ သာသနာပြုအဖွဲ့ ထွက်ခွာခဲ့ရာ ၄-နာရီ ၁၃-မိနစ်တွင် ရောက်ရှိသွားကြ၏။ ၄၇-မိနစ်မျှကြာ၏။ သူတို့ပြောသော ၄၅-မိနစ်ဆိုသောစကားနှင့် ၂-မိနစ်မျှသာ ကွာသည်ကို တွေ့ရှိရ၏။ လေဆိပ် ခန်းမဆောင်ကြီးအတွင်းသို့ လေယာဉ်မှ တောက်လျှောက် ဝင်ခဲ့ကြသည်။

လေဆိပ် အဆောက်အအုံကား အဝိုင်းကြီးဖြစ်၏။ အတွင်းရှိ ကလီစာ များအဖြစ် တက်ဆင်း လှေခါးကြီးများ ပစ္စည်းစစ်ဆေးသည့် စက်ကိရိယာ



ပုံ (၁၀) ဆရာတော်နှင့် သံဃာ (၄) ပါးတို့ သိမ်သမုတ်နေတော်မူပုံ



ပုံ (၁၁) ဗုဒ္ဓဘာသာ အမေရိကန် ရဟန်းလောင်းများအား
နှစ်ပါးတတွဲ ရဟန်းပြုပေးနေပုံ

များ၊ ပစ္စည်းသယ်ကိရိယာများ၊ စကားပြောတယ်လီဖုန်းများ၊ တယ်လီဖုန်းနံပါတ် စာအုပ်နှင့် ပိုက်ဆံထည့်ရန်သေတ္တာများကို တွေ့ရှိရသည်။

သာသနာပြုအဖွဲ့လည်း မိမိတို့ပစ္စည်းများ လက်ဝယ် ရရှိသောအခါ အသင့် စောင့်ကြို နေကြသူများနှင့် ယာယီစံကျောင်းတော်သို့ ဆက်လက်ခရီး နှင်ခဲ့ရပြန်သည်။

လော့(စ်)အိန်ဂျလ်(စ်)မြို့ကား လေဆိပ်တွင် လေယာဉ်ရှုပ်ထွေးသလို မြို့တွင်းကားလမ်းများပေါ်တွင်လည်း ကားများရှုပ်ထွေးလျက်ရှိ၏။ လေဆိပ်၌ တမိနစ်လျှင် ပျမ်းမျှ လေယာဉ်နှစ်စင်း တက်သက်၏။ မြို့တွင်းလမ်းမပေါ်တွင် ကား ရှုပ်ထွေးလှလွန်းသဖြင့် ကားသွားမရလောက်အောင် ဖြစ်၏။ လက်ဝဲလက်ယာ မောင်းနိုင်၍ ပေတရာမျှကျယ်သော ကားလမ်းမကြီးတွင် တဖက် ငါးစီးစီလွတ်နေပါလျက် ပုရွက်ကြောင်းကဲ့သို့ ကားငါးစီတန်းကြီးမှာ ပတ်ကျဲနှင့် အပြိုင်နှဲနေရသလိုရှိ၏။

လာရောက်ကြိုဆိုသည့်ဌာနေတယောက်က လော့(စ်)အိန်ဂျလ်(စ်)မြို့တွင် ဆောင်ပုဒ်တခုရှိကြောင်း၊ ယင်းဆောင်ပုဒ်မှာ "မြန်မြန်ရောက်ချင် ကားမစီးနှင့်" ဟူသော ဆောင်ပုဒ်ပင်ဖြစ်ကြောင်း လျှောက်ထား၏။ ဟုတ်လောက်စရာ ရှိချေ၏။ ကားများအကြားတွင် ဆိုင်ကယ်များကို တွေ့နေရ၏။ ထိုလူများကား မြန်မြန်ရောက်ချင်၍ ကားမစီးကြသူများ ဖြစ်ပေမည်ဟု မှတ်ချက်ချမိတော့၏။

မြို့တွင်း လမ်းမများပေါ်တွင် များပြားလှသော ကားများ၏မီးခိုးများကြောင့် တလမ်းလုံး အုံ့မှိုင်းမှိုင်းကြီး ဖြစ်နေ၏။ သို့ရာတွင် မီးခိုးများက မည်းညစ်ညစ်မဟုတ်၍ အသက်ရှူချောင်၏။ အမေရိကန်နိုင်ငံတွင် မီးခိုး မည်းညစ်ညစ်ထွက်သော ကားများကို ဖမ်းဆီးအရေးယူသည်ဟု ဆို၏။ ဤစီမံချက်သည် ကျန်းမာရေးအတွက် ဆေးတခွက်ဖြစ်သည်ဟု ဆိုချင်၏။

လော့(စ်)အိန်ဂျလိ(စ်)မြို့သည် အမေရိကန်နိုင်ငံ၌ ဒုတိယအကြီးဆုံး မြို့စာရင်းတွင် တမြို့အပါအဝင် ဖြစ်ခြင်းကြောင့် ကားများ ဤမျှများပြားရသည်ဟု ဌာနေတို့က ဆိုလေသည်။ သာသနာပြု အဖွဲ့ဝင်များလည်း

ဒီလိုင်းများကဲ့သို့ ကားများအကြားမှ နှေးကွေးစွာ ရွေ့ရှားလာခဲ့ရာ ၅-နာရီ မိနစ် ၃၀-တွင် ယာယီစံကျောင်းသို့ ရောက်၏။

တောင်ပုလုသာသနာပြုအဖွဲ့တည်းခိုသော ယာယီစံကျောင်းတော်ကား သာမန် အိမ်တအိမ်ဖြစ်သည်။ နေရာသန့်ပြန့်လှ၏။ နောက်ဖေးဖက်တွင် မြေကွက်လပ် တခုရှိသည်။ ယင်းမြေကွက်လပ်သည် သာသနာပြုအဖွဲ့ လမ်း လျှောက် အညောင်းဖြေနိုင်ရန် အသင့်အနေထားတွင် ရှိနေသည်။ ယာယီ စံကျောင်းတော်ကား မကျဉ်းသော်လည်း အကျယ်ကြီးဟူ၍ကား မဆိုသာချေ။ သို့ရာတွင် လာသမျှပရိသတ်ကိုမူကား သင့်တင့် မျှတအောင်တော့ လက်ခံ တွေ့ဆုံနိုင်စွမ်း ရှိသည်။

အိမ်ကား လူမနေ၍ မြန်မာရဟန်းတော်များနှင့် လျှောက်ပတ်နေ ပေသည်။ ထို့ကြောင့်လည်း ယာယီစံကျောင်းအဖြစ် ရွေးထားဟန်တူပေ၏။ နောက်တော်ပါ တောင်ပုလု ကမ္ဘာ့အေးမွေရိပ်သာ ဝေါဟာ လူကြီးမင်း များကလည်း မြန်မာသာသနာပြုအဖွဲ့ လော့(စ်)အိန်ဂျယ်(စ်)မြို့သို့ သာသနာ ပြု ရောက်ရှိလာပြီ ဖြစ်ကြောင်းကိုလည်း ဗုဒ္ဓဘာသာ အမေရိကန်တို့အား ဗမ္မကြော်ငြာ ဖြန့်ချိလိုက်ကြသည်။

## သဘာတိမငေသရ်နှင့် ဗုဒ္ဓါနုဿတိဂုဏ်တော်

ဗုဒ္ဓဘာသာ အမေရိကန်များသည် မြန်မာ ဗုဒ္ဓဘာသာ သာသနာပြု အဖွဲ့တည်ရှိရာ ယာယီစံကျောင်းတော်သို့ တဖွဲဖွဲ ရောက်လာလျက် ရှိကြသည်။ အနေကဇာတင်ရန် ဗုဒ္ဓရုပ်ပွားတော်များလည်း ပင့်ဆောင်လာကြ၏။ကျေးဇူး ရှင်ဆရာတော်ဘုရားကြီးသည် ဆည်းကပ်လာကြသူ ဗုဒ္ဓဘာသာ အမေရိကန် တို့အား သရဏဂုံနှင့် ငါးပါးသီလ ချီးမြှင့်၍ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားတော်မူသည်။

ဗုဒ္ဓရုပ်ပွားတော်ကို ကြည်ညိုကိုးကွယ် ဆည်းကပ်ခြင်းနှင့် ပတ်သက်၍ ဘုရားကိုရုပ်ပွားမကွယ်စေရန်နှင့် ပုံတော်ကိုဂုဏ်တော်ဖြင့်ခြုံ၍ ကြည်ညိုကိုးကွယ် ဆည်းကပ်တတ်ရန် လမ်းညွှန်ပြသရသည်။ ယင်းသို့ လမ်းညွှန်ပြသရာ၌ ဗုဒ္ဓါ

နုဿတိဂုဏ်တော်မြတ်ကို ဘဝတိုင်း ပွားများ အားထုတ်ခဲ့သည့် ရှင်သုဘူတိ မထေရ်၏ အကြောင်းကို သာဓကတင်၍ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက လမ်းညွှန် ဟောကြားတော်မူသည်။

ရှင်သုဘူတိမထေရ်၏အကြောင်း အမြွက်ကား ဤသို့ဖြစ်၏။

ပဒုမုတ္တရ ဘုရားရှင်လက်ထက်တော် အခါကဖြစ်၏။ ကာလ အချိန်တာ အားဖြင့် ကမ္ဘာတသိန်းပင် လွန်ခဲ့ချေပြီ။ ယင်းအချိန်များသည် ရှင်သုဘူတိ မထေရ်၏ ဝိပဿနာဉာဏ်ရောင် မထွန်းပြောင်သေးသော အချိန်လည်းဖြစ်၏။ သို့ဖြစ်၍ ရှင်သုဘူတိမထေရ်သည် "နန္ဒ" ဟူသောအမည်ဖြင့် သာမန်သာဝက တဦးအဖြစ် ရပ်တည်ကျင်လည်ခဲ့ရသည်။

နန္ဒသည် ပဒုမုတ္တရဘုရားရှင်၏ ကြီးကျယ်သောတရားပွဲကြီးနှင့် အမှတ် မထင် ဆုံကြုံခွင့်ရကာ ပဒုမုတ္တရဘုရားရှင် ကိုယ်တော်မြတ်ကြီးကို မျက်ဝါး ထင်ထင် ဖူးမြင်ခွင့် ရလိုက်ပေ၏။ ပဒုမုတ္တရ ဘုရားရှင် ကိုယ်တော်မြတ်ထံမှ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ရရှိခဲ့ရုံမျှမက "ရှင်နန္ဒ" ဟူသော သမဏ ဘွဲ့တူးကို ပါ ရရှိခဲ့သူဖြစ်သည်။

ရှင်နန္ဒသည် လောကသုံးပါး၏ အထွတ်မြတ်ဆုံးဖြစ်သောဘုရားရှင်နှင့် တွေ့ရလင့်ကစား ဝိပဿနာဉာဏ်အလင်း မပေါက်သဖြင့် ဗုဒ္ဓါနုဿတိဂုဏ်တော် ကို အစဉ်တလျှောက်စီးဖြန်းယင်း ယခု ဘဒ္ဒကမ္ဘာ ဂေါတမဗုဒ္ဓ ပွင့်သည့်တိုင် သံသရာတခွင် ပြုပြစ်အောင် ကျင်လည်လာခဲ့ရရှာလေသည်။

ရှင်နန္ဒ၏ သံသရာဘဝခရီးကား ဝိပဿနာစခန်း မရောက်သော်လည်း ဗုဒ္ဓါနုဿတိ ဂုဏ်တော်အစွမ်းကြောင့် လျှမ်းလျှမ်းတောက် ဖြစ်ခဲ့ရပေသည်။ အသို့နည်းဆိုသော် ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ဘဝတိုင်း ဘဝတိုင်း ပွားများခဲ့ ခြင်းကြောင့် ဘဝတိုင်းဘဝတိုင်း စည်းစိမ်ဥစ္စာ ရတနာအများကို ပိုင်ဆိုင်ခဲ့ ခြင်း၊ ငရဲဆို ချိန့်လားဟု မေးရလောက်အောင် အပါယ်လေးပါးတံခါးပိတ် ခဲ့ခြင်း၊ နောက်ဆုံး ဂေါတမလက်ထက်အရောက်တွင် ဝိပဿနာဉာဏ် အလင်း ပေါက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခဲ့ခြင်းများဖြစ်လေသည်။

ရှင်နန္ဒကား ဂေါတမဗုဒ္ဓ လက်ထက်တော် အရောက်တွင် သာဝတ္ထိမြို့ သုမနသူဌေးကြီး၏သား အနာထပိဏ် သူဌေးကြီး၏ညီငယ် သုဘူတိသူကြွယ် ဟူသောအမည်ဖြင့် ဘဝတဖြစ်သို့ ရောက်ခဲ့ရပေသည်။ ပစ္စည်း ဥစ္စာကား ဘဝတိုင်းက အရိပ်ပမာ ကပ်လျက်ပါသော ဗုဒ္ဓါနုဿတိ ဂုဏ်တော် တန်ခိုးကြောင့် ကုဋေလေးဆယ်ကြွယ်ဝချမ်းသာလေသည်။

သုဘူတိ သူကြွယ်သည် ကုဋေလေးဆယ်သော အနှစ်ဥစ္စာရတနာများကို စွန့်ပစ်ပြီး ဂေါတမဗုဒ္ဓထံ ရဟန်းပြုရာ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဓာတ်ခံရင့်သန်သူ ပီပီ မကြာမီမှာပင် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်ကာ "ရှင်သုဘူတိမထေရ်"ဟု ကျော်ကြားခဲ့လေသည်။

ရှင်သုဘူတိရဟန္တာမထေရ်မြတ်သည် ဘဝသံသရာခရီးတခွင် ကျင်လည် ခဲ့ရစဉ် အခါများက အထူးအကျိုးခံစားခွင့် ရရှိပေခဲ့သော ဗုဒ္ဓါနုဿတိဂုဏ်တော်၏ အကျိုးတရားများကို အရှင်မြတ်၏ရဟန္တာဘဝ အဖွင့် နိဒါန်းအဖြစ် သုဘူတိထေရာပဒါန်တွင် ပြန်လည်ထုတ်ဖော်ထားကြောင်း ဗုဒ္ဓဘာသာ အမေရိကန်တို့အား သာဓကအဖြစ် လမ်းညွှန်ဟောကြားသည်။

ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကိုပွားများနိုင်ရန်အတွက် "ဣတိပိ သောဘဂဝါ အရဟံ" စသော ဂုဏ်တော် ၉-ပါးကို ဗုဒ္ဓဘာသာအမေရိကန်တို့အား နှုတ်တိုက်ချပေးလိုက်သည်။ ဗုဒ္ဓဂုဏ်တော် ၉-ပါးလုံးကိုဖြစ်စေ၊ ဗုဒ္ဓဂုဏ်တော် ၉-ပါးတွင် တပါးပါးကိုဖြစ်စေ အသက်ပေး၍ ပွားများအားထုတ်နိုင်ကြောင်း ကိုလည်း လမ်းညွှန်ဟောကြားသည်။

ပွားများရာတွင် ဥပမာ အရဟံဂုဏ်တော်ကို ပွားများရာ၌ အရဟံဂုဏ် တော်ကို အသက်ပေး၍"သော ဘဂဝါ ဣတိပိ အရဟံ"ဟု ပူဇော် အထူးကို ခံတော်မူထိုက်သည့် အရဟံဂုဏ်တော်ကို နှုတ်မှအသံထွက်၍ဖြစ်စေ၊ အာရုံစိတ်မှန်းဖြင့်ဖြစ်စေ မိမိစိတ်အာရုံတွင် ထင်မြင်လာအောင် ပွားများ ရကြောင်းကို လည်း ရှင်းလင်းလမ်းညွှန်လိုက်သည်။ ယင်းသို့ ရှင်းလင်း လမ်းညွှန် လိုက်သဖြင့် ဘုရားဒါယကာ ဗုဒ္ဓဘာသာအမေရိကန်များက နှစ်လိုအားရမ်းဝမ်းပန်းတသာ အနုမောဒနာပြုကြသည်။

အနေကဇာတင်ခြင်းအလုပ်ကလည်း ရောက်လေရာရာ နေရာတိုင်းမှာ ပြုလုပ်နေရသည့် သာသနာပြုအဖွဲ့၏ ပဓာန လုပ်ငန်းကြီးတခုလို့ဖြစ်နေသည်။ ထို့ကြောင့် နေရာတိုင်းမှာပင် ပဒုမုတ္တရဘုရားရှင် ကိုယ်တော်မြတ်၏ ဗုဒ္ဓါနုဿတိဂုဏ်တော် လမ်းညွှန်ချက်ကို ထပ်မံဟောဖော်ပေးနေရလေသည်။

"အို—သူတော်ကောင်းတို့၊ ဘာဝနာလေးဆယ်တို့တွင် အတုမရှိ အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများကြပါကုန်။ ယင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ယုံကြည်ကိုးစား ပွားများကြကုန်သည် ရှိသော် စိတ်အလိုဆန္ဒဟူသမျှ မဆိုင်းမတွ ပြည့်စုံလာနိုင်ကုန်လတ္တံ့" [၁]

## ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်သို့

လော့(စ်)အိန်ဂျလိ(စ်)ရောက် မြန်မာနိုင်ငံ တောင်ပုလုသာသနာပြု အဖွဲ့သည် ခရီးစဉ် ၂-အဖြစ် ကမ္ဘာ့ရုပ်ရှင်လောကတွင် နာမည်ကျော်ကြား လူကြိုက်များလှသည့် "ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်"သို့ လေ့လာရေးခရီး ထွက်ခဲ့ကြသည်။ ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်ကို လေ့လာဘို့ဆိုသော အခွင့် အရေးကလည်း မလွယ်ဟု ဌာနေများက ဆို၏။

ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်သို့ ဟောလီးဝုဒ် အလုပ်သမားများနှင့် အလုပ်သမားမိသားစုမှအပ အခြားအပြင်လူများကို ဝင်ရောက် လေ့လာခွင့် မပြုဟုလည်း ဌာနေများက ဆက်လက်ဆိုကြ၏။ အကြောင်းသော်ကား ၂၀ ရာစုနှစ် ပညာပြိုင်ခေတ်ကြီးတွင် ဟောလီးဝုဒ်၏ လျှို့ဝှက်ပညာများကို အတု ခိုးမှာစိုးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် မလွယ်ဟု ဆိုလေသည်။

အများအတွက် မလွယ်ကူသော်လည်း မြန်မာသာသနာပြုအဖွဲ့အတွက်မူ လွယ်ကူလာ၏။ သို့ရာတွင် တောင်ပုလု သာသနာပြုအဖွဲ့၏ အစွမ်းတော့ မဟုတ်ချေ။ ဌာနေ ပုဂ္ဂိုလ်များနှင့် နောက်တော်ပါ တောင်ဝိလီယံစ်နှင့် ဒေါ်ကတာ ရီနာဆာကားတို့၏ အစွမ်းကြောင့်ဖြစ်သည်။ အခြားပုဂ္ဂိုလ်များ

---

၁။ အင်္ဂုတ္တရ အဋ္ဌကထာ၊ ပ-တွဲ၊ ၁၇၃။ အပဒါနပါဠိ၊ ပ-တွဲ၊ ၇၄။ ဋ္ဌ၊ ပ-တွဲ၊ ၃၁။

လှေ့လာခွင့်မရသည့် ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်သို့ လေ့လာခွင့်ရအောင် စွမ်းဆောင်ပေးကြသော ဌာနေများအား ကျေးဇူးတင်မိ၏။

ထို့ထက် ကျေးဇူးတင်ရမှာက ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်၏ဒါရိုက်တာ ပုဂ္ဂိုလ်ကြီးများ ဖြစ်လေ၏။ ယင်းပုဂ္ဂိုလ်ကြီးများက လေ့လာခွင့်မပြုသော် ဌာနေများ၏ ကြိုးစားမှုများသည်လည်း အဟောသိကသာ ဖြစ်ပေရာ၏။ ထို့ကြောင့် ရုပ်ရှင်မြို့တော် ဟောလီးဝုဒ်၏ ဒါရိုက်တာပုဂ္ဂိုလ်ကြီးများကို ပို၍ ကျေးဇူးတင်မိ၏။

ဟောလီးဝုဒ် စတူဒီယိုကြီးကို မြန်မာနိုင်ငံ ဧတောင်ပုလုသာသနာပြု အဖွဲ့က "ရုပ်ရှင်မြို့တော်"ဟု တင်စားခေါ်ဝေါ်ခြင်းမှာ အောက်ပါ အရည်အသွေးများကြောင့် ဖြစ်ပေ၏။ ဟောလီးဝုဒ်စတူဒီယိုသည် မိုင်နှင့်ချီ၍ ကျယ်ဝန်း၏။ မိမိတို့နောက်ခံ ဘက်ဂရောင်းထား၍ ရိုက်လိုသည့်မြို့များ ရွာများကို စတူဒီယိုကြီးအတွင်းမှာပင် ချွတ်စွပ်တူအောင် တည်ဆောက်ကြ၏။ ယင်းမြို့ရွာ ရပ်ကွက်များရှိ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးကို စတူဒီယိုကြီး အတွင်းမှာပင် တသဝေမတိမ်း တည်ဆောက်ဖန်တီးထားကြသည်။

ကမ္ဘာ့ရုပ်ရှင်လောကတွင် ဟောလီးဝုဒ်မှထွက်လာသော ရုပ်ရှင် ဇာတ်ကားများ နာမည်ကျော်ကြား လူကြိုက်များသည်နှင့်အမျှ ယင်းဟောလီးဝုဒ် ရုပ်ရှင်ဇာတ်ကားကို မွေးထုတ်ရာ ဟောလီးဝုဒ် စတူဒီယိုတည်းဟူသော မိခင်ကြီးကလည်း သူမတူအောင် ကမ္ဘာကျော်လျက် ရှိပေ၏။ အဘယ့်ကြောင့် ကမ္ဘာကျော်သည်ဆိုခြင်းကို ဖော်ပြခဲ့ပြီးဖြစ်သော အရည်အသွေးများအပေါ် လေ့လာ၍ စာဖတ်ပရိသတ် ရိပ်စားမိပြီး ဖြစ်ပေလိမ့်မည်။

ဟောလီးဝုဒ်မှ ရုပ်ရှင်ကားများ တကားမက ကားတိုင်းလို ကမ္ဘာကျော်ကြား လူကြိုက်များရခြင်းမှာ ဟောလီးဝုဒ်မိခင်ကြီး လှလို့ပင်ဖြစ်၏။ ဟောလီးဝုဒ်မိခင်ကိုယ်နှိုက်က တမင်တကာ လှနေအောင်လည်း ကိုယ့်ကိုယ်ကို ဖီးလိမ်းပြင်ဆင်ထားသည်။ မွှမ်းမံခြယ်သထားလေသည်။

ဟောလီးဝုဒ်စတူဒီယိုကြီးအတွင်းမှာပင်"မိမိတို့နောက်ခံ ဘက်ဂရောင်း ထား၍ ရိုက်လိုသော မြို့ရွာများကို အစီအစဉ်တကျ တည်ဆောက်ထားသည်"

ဆိုခြင်းကို အထက်ကဆိုခဲ့သည့် ဥပမာပြုရလျှင် ဝါရှင်တန်မြို့ကို နောက်ခံ ဘက်ဂရောင်းထား၍ ရိုက်လိုသော ဝါရှင်တန်မြို့တော်ကြီးကို စတူဒီယိုအတွင်း မှာ ဝါရှင်တန်မြို့နှင့် ချွတ်စွပ်တူအောင် တည်ဆောက်ကြသည်။

စတူဒီယိုကြီးအတွင်းတွင် သစ်ပင်အတုကြီးများ၊ တောင်တန်းအတု ကြီးများ၊ ကျောက်ဆောင်ကျောက်တုံး အတုကြီးများ၊ ရေတံခွန် အတုကြီး များ၊ ရောမခေတ်မှ ယနေ့မျက်မှောက်ခေတ်အထိ လူအတုကြီးများ၊တိရစ္ဆာန် အတုကြီးများ စသည်ဖြင့် အတုကြီးပေါင်းများစွာကို ဖန်တီးတည်ဆောက် ထားကြသည်။

ဟောလီးဝုဒ်သည် တိုက်အိမ် အဆောက်အအုံများကို စက္ကူဖြင့်လည်း ကောင်း၊ တောင်တန်း တောင်စွယ်နှင့် ကျောက်ဆောင် ကျောက်တုံးကြီးများ ကို ဖော့ဖြင့်လည်းကောင်း၊ လူနှင့် လူဝန်းကျင်ရှိ တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန် များကို ပလတ်စတစ်များဖြင့်လည်းကောင်း အတု ဖန်တီး တည်ဆောက်ထား ကြသည်။

ယင်းသို့ဖန်တီးထားနိုင်ကြ၍ ဇာတ်ဝင်ခန်းများတွင် မီးလောင်ခန်းများ ပါရှိသော် ရက်ရက်ရောရော သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် မီးလောင်ပြနိုင်ကြ သည်။ တောင်ပြိုစရာရှိက ရက်ရက်ရောရော သဏ္ဍာန်လုပ် သရုပ်နှင့်တူအောင် တောင်ပြိုပြနိုင်ကြသည်။ ကျောက်ဆောင် ကျောက်တုံး ပိပြစရာရှိက ရက်ရက် ရောရော ကျောက်ဆောင် ကျောက်တုံး ပိပြကြသည်။

ဟောလီးဝုဒ် စတူဒီယိုမိခင်ကြီးက ဤမျှ ချောမောလှပသည်။ ထို့ ကြောင့်လည်း ကမ္ဘာကျော်ကြား လူကြိုက်များခြင်း ဖြစ်သည်။ ဟောလီးဝုဒ် ၏ အရင်းအနှီးကား ကြီးမားလှ၏။ အခြားအခြားသော ရုပ်ရှင်ကုမ္ပဏီကြီး များ ကမ္ဘာမကျော်နိုင်ခြင်းမှာလည်း ဟောလီးဝုဒ်ကဲ့သို့ အရင်းအနှီး မမြှုပ်နှံ နိုင်ခြင်းကြောင့်လည်း ဖြစ်တန်ရာသည်။

မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့အား ဟောလီးဝုဒ်ရှိ ဒါရိုက် တာများက စတူဒီယိုကြီးအတွင်းတွင် လွတ်လပ်စွာ ကြည့်လိုရာကို ကြည့်ရှုခွင့် ပြုကြလေသည်။ သာသနာပြုအဖွဲ့လည်း ကားကြီးကားငယ်များဖြင့် စတူဒီယို

ကြီးအတွင်း လှည့်လည်လေ့လာခဲ့၏။ ပုံစံတူ ထုတ်လုပ်ရာဌာန၊ ဖလင်ဆက်ရာ ဌာန၊ အသံသွင်းရာဌာန၊ အသံညှိရာဌာန၊ ကားကူး ကားဆေးရာဌာနစသည် များသို့လည်း လှည့်လည်ကြည့်ရှုခဲ့ကြသေး၏။

မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့ကား ဌာနေများနှင့် တောင် ဝီလီယံစ် စသောပုဂ္ဂိုလ်များ၏ကြိုးပမ်းမှုဖြင့် ဟောလီဝုဒ် စတူဒီယိုကြီးအတွင်း လှည့်ပတ်ကြည့်ရှု၍ တနာရီခန့်အကြာတွင် ယာယီစံကျောင်းသို့ ပြန်ခဲ့ကြ၏။

## ဝိပဿနာပညာသည် ဘ၀ဆင်ဆာ

ဟောလီးဝုဒ်စတူဒီယိုကြီးအတွင်း လှည့်လည်ကြည့်ရှု ပြန်လာခဲ့သော မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့သန္တာန်တွင် ဟောလီးဝုဒ်စတူဒီယို ကြီး ပေါ်မလာပဲ သံသရာနိုင်ငံ၏ ခန္ဓာစတူဒီယိုကြီးက အထင်းသား အစင်း သား ပေါ်လာသည်။ အဝိဇ္ဇာနှင့် တဏှာကို ခန္ဓာရုပ်ရှင် ထုတ်လုပ်သူများ အဖြစ် တွေ့မြင်လာသည်။ ကံအကြောင်းတရားများကို စီမံရိုက်ကူးသူ ဒါရိုက် တာများအဖြစ် သုံးသပ်လာမိသည်။တွေးတောဆင်ခြင်မှုပညာ ရှိ မရှိသဘောကို တည်းဖြတ်သူ ဆင်ဆာအဖြစ် ကောက်ချက်ချလာမိသည်။

သံသရာနိုင်ငံကြီး၏ ခန္ဓာ စတူဒီယိုကြီးတွင် ဒါရိုက်တာဖြစ်သူ ကံ အကြောင်းတရားသည် ထုတ်လုပ်သူ အဝိဇ္ဇာနှင့်တဏှာ လက်အောက်တွင် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအမျိုးမျိုးကို ရိုက်ကူးတင်ဆက်လျက် ရှိသည်ဟု တွေးမြင် လာသည်။ ကံစီမံဖန်တီးမှုကြောင့် ဖြစ်ပေါ်တိုးတက်လာရသော ရုပ်ခန္ဓာ၊ နာမ်ခန္ဓာအမျိုးမျိုးသည် ဆင်ခြင်တွေးတောမှု ရှိ မရှိသဘောပညာဖြစ်သော ဆင်ဆာခွင့်ပြုချက်ဖြင့် ဘဝဇာတ်ခုံပေါ်တွင် ဇာတ်ဆောင်များအဖြစ် ပါဝင် ကပြနေရခြင်းဖြစ်သည်ဟု သုံးသပ်မိလာသည်။ ဟောလီးဝုဒ်စတူဒီယိုကြီးကို လေ့လာပြန်ခဲ့သော မြန်မာသာသနာပြုအဖွဲ့ ကိုယ်တိုင်ပင်လျှင် ဘဝဇာတ်ခုံ ပေါ်တွင် ဘဝဇာတ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်သူ ဖြစ်နေခြင်း များကိုလည်း ဓမ္မသံဝေဂအဖြစ် ပွားများလာမိသည်။

ဟောလီးဝုဒ်စတူဒီယိုကြီး ကောင်းသည်ဆိုခြင်းမှာ ခန္ဓာစတူဒီယိုကြီး ကောင်းခြင်းနှင့်စာသော် ရယ်ဘွယ်ပင် ကောင်းနေပြန်သည်။ ဘဝဇာတ်ခုံပေါ် တွင် ပါဝင်သရုပ်ဆောင်ကြသူ လောကသားအားလုံးသည် ဆူကြုံ နိမ့်မြင့် အနု အကြမ်း အလွမ်း အဆွေးများကို ကပြသရုပ်ဆောင်ရာ၌ ပီပြင်သည်။ ထက်မြက်သည်။ လေးနက်သြဇာရှိသည်။ သံသရာတွင် ခန္ဓာပွဲကြည့်ပရိသတ်တို့ သြချယူရလောက်အောင် ရသမြောက်သည်။ ဂုဏ်မြောက်သည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် လောကသားများကို ရှုမြင်ကြရသော ပွဲကြည့် ပရိသတ်များအဖို့ သောကလိုက်ဖို့ ကြောက်အားပိုကြရသည်။ လူ့နတ်ဗြဟ္မာ လောကသားများကို ရှုမြင်ကြရသော ပွဲကြည့်ပရိသတ်များအဖို့ တစ္ဆလမ်းလမ်း တတမ်းမက်မက် တကေ်ကော်ဖြင့် ရတက်မပြေ အခက်ပွေလျက် ရှိကြသည်။

ငရဲခန်းတွင် ငရဲ၊ ဘုံခန်းတွင် ဘုံ၊ သူ့နေရာနှင့်သူ တကန့်စီ တသန့်စီ စီမံဖန်တီး ရိုက်ကူးတင်ဆက်ပေးနိုင်သော ဒါရိုက်တာ ကံအကြောင်းတရား၏ ဆော်ဖန်ကွပ်ကဲမှုကိုလည်း သံသရာနိုင်ငံမှ ခန္ဓာပွဲကြည့်ပရိသတ်တို့ သြချမဆုံး ရှိတော့သည်။ ဘဝဇာတ်ခုံပေါ်တွင် အလင်းအမှောင်၊ အပြောင်အမွဲ၊ အမဲ အဖြူ၊ အထူအပါး၊ အထားအသို၊ ပိုလိုမပေး၊အဝေးအနီး ဖြန့်ချိတင်ဆက် သော နေရာတွင်လည်း ဒါရိုက်တာ ကံအကြောင်းတရား၏ လက်ရာသည် ယနေ့ ကမ္ဘာတွင် နာမည်ကျော်ကြား လူကြိုက်များလှပါသည်ဆိုသော ဟော လီးဝုဒ်လက်ရာနှင့် မည်သို့မျှ တန်းမဆိုင်ပါချေ။

သံသရာနိုင်ငံတွင် ခန္ဓာဇာတ်ဆောင်များ၌ အကျော် ဝမ္ဗာ နံ့သာကရ မက် စွဲမက်စရာ အမွှေးနံ့သာ လိမ်းကျံစရာများလည်း ရှိပေသေးသည်။ ယင်း တို့ကား အသညသတ်လောကမှ လွဲ၍ အခြား လောကသားများသန္တာန်တွင် ကိန်းအောင်းလျက်ရှိသော စိတ် စေတသိက်တရားများပင် ဖြစ်ကြ၏။ ကြင်နာမှု ကရုဏာ၊ ဝမ်းမြောက်မှု မုဒိတာ တည်းဟူသော အမွှေးနံ့သာများလိမ်းကျံ၍ ကြည်လင်ရွှင်ပျ ရှုမဝသော ဘဝဇာတ်ဆောင်များ၏ ရုပ်ပုံလွှာကို ဘဝဇာတ်ခုံ ပေါ်တွင် လှလှပပကလေး တွေ့မြင်နိုင်သည်။ အမျက်ထွက်မှု ဒေါသ တည်းဟူ သော မကောင်းနံ့များလိမ်းကျံထား၍ အရုပ်ဆိုးအကျည်းတန်သောဘဝဇာတ် ဆောင်များ၏ ရုပ်ပုံလွှာများကိုလည်း ဘဝဇာတ်ခုံ ပေါ်တွင် အထင်းသား

တွေ့မြင်နိုင်သည်။ ဤကား နှံ့သာတကာတွင် အပေါစား နှံ့သာများသာဖြစ်ချေသည်။

သီဟိုဠ်နိုင်ငံတွင် ယင်းရနံ့များထက် သာလွန်ကောင်းမွန်၍ လေအောက် လေညာ၊ ဝေးနီးရာသို့ လှိုင်ပြန့်မွှေးကြိုင်လှသော အမွှေးနံ့သာများလည်းရှိသေး၏။ ယင်းနံ့သာများကား ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာဟူသော နံ့သာများပင်ဖြစ်သည်။ ယင်းနံ့သာများကို လိမ်းကျံကာ ဘဝဇာတ်ခုံ ပေါ်တွင် ဘဝဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ယင်း အကယ်ဒမီပန်းကို ဆင်မြန်းပန်ဆင်သွားကြသော ဘဝဇာတ်ဆောင်ကောင်းများလည်း ရှိခဲ့သည်။ မှန်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အရိယာသာဝကများဖြစ်သည့် ခန္ဓာဇာတ်ကောင်များသည် ဝီရိယ၊ သီလ၊ သမာဓိ၊ ပညာဟူသော အမွှေးနံ့သာများကို လိမ်းကျံကာ ဘဝဇာတ်ခုံပေါ်တွင် ပါဝင် သရုပ်ဆောင်ယင်းဖြင့် အရဟတ္တဖိုလ် အောင်ပန်းကို ဆင်မြန်းကာကျွတ်တမ်းဝင်သွားကြပြီးဖြစ်သည်။ ဘဝဇာတ်ခုံပေါ်မှ အပြီးတိုင် လွတ်မြောက်နိုင်ခဲ့ကြပြီးဖြစ်သည်။

အရင်းစစ် အမြစ်မြေက ဆိုသကဲ့သို့ ယင်းအရဟတ္တဖိုလ် အောင်ပန်းကို ဆင်မြန်းပေးနိုင်သူကား ဝိပဿနာပညာ ဘဝဆင်ဆာသမားကြီးပင် ဖြစ်ပေသည်။ ဝိပဿနာပညာ ဘဝဆင်ဆာသမားကြီးသည် ခန္ဓာဝန် ချုပ်ငြိမ်း၍ ဇာတ်သိမ်းလေကြကုန်ပြီးသော ဘဝသရုပ်ဆောင်ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရိယာသာဝကများအား ဘဝဇာတ်ခုံပေါ်မှ ရာသက်ပန် ဖြတ်ပယ်လိုက်နိုင်လေပြီ။

ယနေ့ကမ္ဘာလှည့်၍ မြန်မာနိုင်ငံတောင်ပုလုဗုဒ္ဓသာသနာပြုအဖွဲ့ ဖြန့်ဖြူးလျက်ရှိသော မဟာသတိပဋ္ဌာန် ဝိပဿနာပညာသည် လူ့ဘဝလူ့ခန္ဓာများကို ဆင်ဆာပြုလုပ်နိုင်ရေးပင်ဖြစ်သည်။ မဟာသတိပဋ္ဌာန်တရားတော်ကို အဖန်ဖန် ရှုပွားခြင်းဖြင့် သစ္စာတရားကို အရယူကာ အဝိဇ္ဇာနှင့် တဏှာထုတ်လုပ်သူများကို အပြီးတိုင် ချုပ်ငြိမ်းစေ၍ ခန္ဓာဝန် ဇာတ်သိမ်းရေးသည် ဝိပဿနာပညာ ဘဝဆင်ဆာ သမား၏ အစဉ်အလာပင်ဖြစ်သည်ဟူသော ကြည်နူးစိတ်ကလေးနှင့်အတူ ကမ္ဘာကျော် ဟောလီးဝုဒ်ရုပ်ရှင်ကြီးကို လေ့လာရာမှ ဓမ္မသံဝေဂ အမြတ်တရားများ ပွားများလာမိခြင်းဖြစ်သည်။

ဓမ္မသံဝေဂ အမြတ်တရားပွားများယင်း လော့(စ်)အိန်ဂျလိ(စ်)မြို့ ယာယီစံကျောင်းသို့ ညနေ ၅-နာရီတွင် ပြန်လည်ဆိုက်ရောက်ခဲ့ကြသည်။

## အရှေ့တိုင်း ဗုဒ္ဓရုပ်ပုံလွှာရှိ ရောင်ခြည်တော်စက်ဝန်း သဲလွန်စမှ

အနောက်တိုင်း သိပ္ပံပညာရှင်များက အရှေ့တိုင်း အနုပညာယဉ်ကျေးမှု နယ်ပယ်တွင် စိတ်ဝင်စားသောအရာတခုရှိ၏။ ဤအရာကား မည်သည့်အရာနည်းဟု သိပ္ပံပညာရှင်များ တွေးခေါ်လျက်ရှိကြ၏။ ယင်းသို့ သိပ္ပံပညာရှင်များ တွေးခေါ် လာခဲ့ကြသည်မှာ ကာလအားဖြင့် အတန်ညောင်းခဲ့ပြီဖြစ်၏။ ရာစုနှစ်ပေါင်း များစွာပင် ကျော်လွန်လာခဲ့ပြီဖြစ်သည်။

သိပ္ပံပညာရှင်များ တွေးခေါ်သည်နှင့်အမျှလည်း ယင်းအရာက ပြေးသွားလျက်ရှိသည်။နှစ်ဆယ်ရာစုနှစ်သို့ပင် ချဉ်းနင်း ဝင်ရောက် လာခဲ့ပြီဖြစ်၏။ သိပ္ပံပညာရှင်များ အမျှင်မပြတ်တွေးခေါ်လျက်ရှိသည့် ယင်းအရာကား အခြားမဟုတ်။ အရှေ့တိုင်း အနုပညာအသိုင်းအဝိုင်းက ရေးဆွဲသည့် ဂေါတမရုပ်ပုံလွှာတွင် ပါရှိသော "ရောင်ခြည်တော်စက်ဝန်း" ဖြစ်တော့သည်။

ယင်း ရောင်ခြည်တော် စက်ဝန်းကိုကြည့်၍ အနောက်တိုင်း သိပ္ပံပညာရှင်များက "ဤအရာသည် မည်သည့်အရာနည်း" ဟု တွေးခေါ် စူးစမ်းနေကြခြင်းဖြစ်၏။ ဂေါတမဗုဒ္ဓဘာသာဝင် တဦးတယောက်က ဤသို့ဆို၏။ ဤအရာကား ဂေါတမဗုဒ္ဓကိုယ်တော်မြတ်မှ ထွက်ပေါ်လာသော ရောင်ခြည်တော် ခြောက်ပါးဟူ၏။ ယင်းသို့ကြားသိရသော အနောက်တိုင်း သိပ္ပံပညာရှင်များ မျက်ခုံးမျက်လုံး ပင့်သွားကြ၏။ ယင်းအရာသည် မဖြစ်နိုင်သောအရာဟူ၍လည်း မှတ်ချက်ချလိုက်ကြသည်။

သို့ရာတွင် အနောက်တိုင်း သိပ္ပံပညာရှင်တစုသည် "ဂေါတမဗုဒ္ဓပြောသောစကားသည် မှန်သည်ကများ၏" ဟု မှတ်ချက်ချခဲ့ဘူးသော ဝေဿကာရပုဏ္ဏားကြီးကဲ့သို့ "ဂေါတမဗုဒ္ဓနှင့်ပတ်သက်သော အရာအားလုံးသည် နောက်ဆုံးတွင် လက်ခံရသည်ချည်းဖြစ်သည်" ဟု အခိုင်အမာ ယူဆကာ ယင်းအရာကို မျက်ခြည်မပြတ် လေ့လာစူးစမ်းခဲ့ကြလေသည်။

"နုပ်နုပ်သေးသေး၊ ပိုးခင်ထွေးကို၊ ဆေးလေးယှဉ်၊ ချားထက်တင်၍၊ သင်တတ်လေက၊ ဘယ်မျှမကြွင်း၊ ပင်တိုင်းရှင်းသို့၊ လင်းလင်းဖော်ပြ၊ ခေါင်းစဉ်ရသော်၊ တစပေါ်လျှင်၊ ဆယ်စမြင်လိမ့်"။

ဤကား မုံရွေးဆရာတော်၏ အဆိုအမိန့် ဖြစ်၏။ နုပ်နုပ်သေးသေး ဖြစ်သည့် ပိုးချည်ခင် အရှုပ်အထွေးသည်ပင် ချားထက်တင်၍ တဖြေးဖြေးချင်း သင်ပါက တစမကြွင်း ပိုးချည်အပင်တိုင်း မရှုပ်မထွေး ရှင်းရှင်းသွားရသကဲ့သို့ အရာဝတ္ထုဟူသည် မည်မျှပင် သေးဖွဲလေးနက်နေပါစေ၊ တဖြေးဖြေးတွေးဝေါမှန်းဆခြင်းဖြင့် သဲလွန်စ အစွန်းအစများ ပေါ်လာတတ်ကာ ထိုအရာမျိုး ဆယ်ဆမျှ ပြီးစီးအောင်မြင်တတ်ကြောင်း မုံရွေးဆရာတော်က အားပေးလမ်းညွှန်ထားပေ၏။

အနောက်တိုင်း သိပ္ပံပညာရှင်များသည် မြန်မာနိုင်ငံ မုံရွေးဆရာတော်၏ အားပေးလမ်းညွှန်ချက်များနှင့်အညီ အရှေ့ကိုင်း ဗုဒ္ဓရုပ်ပုံလွှာရှိ ရောင်ခြည်တော်စက်ဝန်း၏ သဲလွန်စကို ခြေရာကောက်ကာ လူ့ခန္ဓာကိုယ်မှ ရောင်ခြည်ထွက်ခြင်း ရှိ မရှိ ဆိုခြင်းကို တဖြေးဖြေးချင်း လေ့လာစူးစမ်းလာခဲ့ကြသည်။

ယင်းသို့ တဖြေးဖြေးချင်း အပတ်တကုတ် အားကုတ် စူးစမ်းရှာဖွေလာခဲ့ကြရာမှ "ဂေါတမဗုဒ္ဓနှင့် ပတ်သက်သော အရာအားလုံးသည် နောက်ဆုံးတွင် လက်ခံရသည်ချည်း ဖြစ်သည်" ဟူသော အနောက်တိုင်း သိပ္ပံပညာရှင်တို့၏ မှတ်ချက်နှင့်အညီ တိုးတက်လျက်ရှိသော နှစ်ဆယ်ရာစုနှစ် သိပ္ပံပညာပြိုင်ခေတ်တွင် လူ့ခန္ဓာကိုယ်မှ "ရောင်ခြည် ထွက်သည်" ဆိုခြင်းကို လက်ခံလာနိုင်ကြပြီ ဖြစ်သည်။

"လူ့ခန္ဓာကိုယ်မှ ရောင်ခြည်ထွက်ခြင်းကို ဆေးပညာလောကမှ စတင်တွေ့ရှိပါတယ်၊ ပထမ တွေ့ရှိသူက အင်္ဂလိပ် အမေရိကန် ဖြစ်ပြီး ဒုတိယ တွေ့ရှိသူက ဆိုဗီယက်ယူနီယံကပါ။ ဆိုဗီယက်ယူနီယံကတော့ ဓာတ်ပုံပင် ရိုက်နိုင်ထားပြီလို့ ဆိုပါတယ်။"

---

၁။ ပဋ္ဌာဂုဏ်ရည်မှ မှီရ၍ -၄၀။

ဤသို့လျှင် လော့(စ်)အိမ်ဂျလိ(စ်)မြို့ ယာယီစံကျောင်းတော်တွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား အမေရိကန်ဒကာတဦးက ဂေါတမဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်ပါးနှင့်ပတ်သက်၍ လျှောက်ထားနေခြင်း ဖြစ်ပေ၏။ ယင်းရလဒ်ကား အရှေ့တိုင်း ဗုဒ္ဓရုပ်ပုံလွှာရှိ ရောင်ခြည်တော်စက်ဝန်း၏ သဲလွန်စမှ ရရှိသော ရလဒ်ဖြစ်ပေ၏။ ယင်းသည် နှစ်ဆယ်ရာစုနှစ် သိပ္ပံပညာပြိုင်ခေတ်တွင် တိုးတက်ရရှိလာသော ရလဒ်များအနက် တခုမျှသာ ဖြစ်ပေသေး၏။

သာသနာ့ပြုအဖွဲ့အနေဖြင့် ထို့ထက် တိုးတက်ရစေချင်ပါ၏။ နှစ်ဆယ်ရာစုခေတ်တွင် လူ့ခန္ဓာကိုယ်မှ ထွက်ပေါ်လျက်ရှိသော ရောင်ခြည်များကို ဓာတ်ပုံရိုက်ရုံမျှမက အဘိဓမ္မာသဘာဝကို ကြံဆဆင်ခြင်ရသဖြင့် အထူးတလည် ကြည်လင်သန့်စင်သော စိတ်ဓာတ် ရှိတော်မူသည့်အလျောက် ရုပ်ဓာတ်မှ တဖျတ်ဖျတ် လွန့်လူး၍ ကွန့်မြူးကာ အနန္တစကြဝဠာသို့ ယခုတိုင် ပြေးသွားလျက်ရှိသော ဂေါတမဗုဒ္ဓ၏ ရောင်ခြည်တော်ခြောက်ဆိုင်ကိုလည်း ပိုင်ပိုင်ကြီး ဓာတ်ပုံရိုက်နိုင်ပါစေကြောင်း ထက်သန်စွာ ဆုတောင်းမိပါတော့သည်။

ဂေါတမဗုဒ္ဓဝါဒသည် ကြောင်းကျိုးဆက် ဝါဒဖြစ်၍ "လောကသုံးပါးတွင် အတုမရှိ"ဟု ကြွေးကြော်ကြွေးကြော်ထားသည့်ဖြစ်ရာ နောက်ဆုံးတွင် အမြင်မှန်များ ရကြပြီး လက်ခံကြရသည်ချည်း ဖြစ်ကြရသည်။ သိပ္ပံပညာရှင်များက လူ့ခန္ဓာကိုယ်မှ အရောင်သုံးမျိုးမှ ခြောက်မျိုးအထိ ထွက်ပေါ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆိုလေသည်။

ယင်းအရောင်များကား ဒေါသထစဉ် ထွက်သောအရောင်၊ ဝမ်းမြောက်စဉ် ထွက်သောအရောင်နှင့် တည်ငြိမ်စဉ် ထွက်သော အရောင်များ ဖြစ်ကြ၏။ သိပ္ပံပညာရှင်များက ယင်းအခြေခံ အရောင်သုံးမျိုးမှ ခြောက်မျိုးပြားလာသည် ဟုလည်း ဆိုလေသည်။

## ဆန်ဒေယာဂိုမြို့သို့ တထောက်

စက်တင်ဘာ ၁၉-ရက်နေ့တွင် သာသနာ့ပြုအဖွဲ့၏ခရီးစဉ်အမှတ်(၃)ကို စတင်ရလေသည်။ ယင်းကား ဆန်ဒေယာဂိုမြို့သို့ သရဏဂုံနှင့် ပရိတ်တရား ချီးမြှင့်ရန် ထွက်ခွာရခြင်းဖြစ်လေသည်။ သာသနာ့ပြုအဖွဲ့ ခေတ္တတည်းရှိရာ

လော့(စ်)အိမ်ဂျလိ(စ်)မြို့နှင့် ဆန်ဒေယာဂိုမြို့ကား မိုင်တရာ့ငါးဆယ်မျှ ဝေး၏။ ၂-နာရီမျှ ခရီးနှင်ရမည်ဟု ဆိုလေသည်။

လမ်းခရီးတွင် ကားပေါင်းများစွာဆင့်၍ တင်ဆောင်မောင်းနှင်လာသည့် ကားကြီးများကို ထပ်တလဲလဲ တွေ့ရှိနေရ၏။ အချို့ကားကြီးများသည် ကားစင်းရေ ရှစ်စင်းမှ ကိုးစင်းအထိပင် တင်ဆောင်မောင်းနှင်လာကြသည်။ ယင်းကားကြီးများကို တွေ့မြင်နေရသဖြင့် ငယ်စဉ်တောင်ကျေး ကလေးဘဝဆီက ကားမောင်းတမ်းကစားခဲ့သည့် ကစားဝှင်ဆီသို့ စိတ်အာရုံများက ပျံလွင့်ပြေးဝင်သွားလေသည်။

ကလေးအရွယ် လူမမယ်ဘဝက မီးခြစ်ခုံတပုံးကို ကားတစင်း ပြုလုပ်ကာ ယင်းကားပေါ်တွင် ကုန်ပစ္စည်းများအဖြစ် မီးခြစ်ခုံပုံးများစွာကို တပုံးပေါ်တပုံး ဆင့်၍ တင်ဆောင်မောင်းနှင်ခဲ့သည်။ ထိုစဉ်က အပေါ်ဝန်နှင့် မမျှ၍ ဒယိမ်းဒယိုင်ဖြစ်နေသော ကုန်ကားကြီးကို ကြည့်၍လည်းကောင်း၊ ပည်သည့်အထိန်းအချုပ်မျှ မပေါ်၍ ဖရိုဖရဲပြိုလဲပျက်စီးသော ကုန်ပစ္စည်းများကို ကြည့်၍လည်းကောင်း၊ ဒယိမ်းဒယိုင်ဖြစ်ပြီးနောက် ခွေယိုင်တိမ်မှောက်သွားသော မီးခြစ်ခုံပုံး၏ ကုန်ကားကြီးကို ကြည့်၍လည်းကောင်း အခါခါကြည်နူး၍ ဝမ်းမြူးမိခဲ့ရသည်။

ဘဝကတ္တားကား ပခြားသေးသော်လည်း အသိကတ္တားမှုကား ခြားခဲ့လေပြီ။ ငယ်စဉ်တောင်ကျေး ကလေးဘဝ မဟုတ်တော့ပြီမို့ မီးခြစ်ခုံပုံး ကုန်ကားကြီးကဲ့သို့သော ထိုကားကြီးများကိုကြည့်ကာ အခါခါကြည်နူး၍ ဝမ်းမြူးလို့မဖြစ်တော့။ မိမိတို့ဘေးတွင် တဝီဝီဖြတ်သန်း ပြေးသွားလျက်ရှိသည့် အဆိုပါ ကားကြီးများကိုကြည့်ကာ ရင်ထဲလိုက်ပို စိုးရိမ်ကြောင့်ကြစိတ်တွေ ပိုလာပါတော့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၏ မဟာလမ်းမတော်ကြီးများက ညီညာပြောင့်ဖြူးသဖြင့် စိုးရိမ်ကြောင့်ကြမှုကလေးများ မကြာမတင် လွင့်စဉ်သွားကြလေသည်။ မေးကြည့်ရာ ကားအရောင်းဆိုင်များသို့ သွားရောက်ပို့ဆောင်ကြသည့် ကားကြီးများဖြစ်ကြောင်း သိရ၏။

၆-နာရီ မိနစ် ၃၀-တွင် ဆန်ဒေယာဂိုမြို့သို့ သာသနာ့ပြုအဖွဲ့ ရောက်ရှိသွားကြ၏။ ဆန်ဒေယာဂိုမြို့ကား အတ္တလန္တိတ်သမုဒ္ဒရာ ကမ်းနဖူးတွင်တည်ရှိရာ မြန်မာနိုင်ငံ ရေဝတီကမ်းနဖူးရှိ ရေယဉ်ပတ်ဝိုင်း မြို့စစ်ကိုင်းနှင့် တူသယောင်ရှိ၏။ သို့ရာတွင် လူကုံထံ၊ ကြေးရတတ် ပင်စင်အငြိမ်းစား အထက်တန်းလွှာများ၏ အပန်းဖြေရာကွန်းခိုရာ နေထိုင်ရာ ဖြစ်ပြန်ခြင်းကြောင့် မြန်မာနိုင်ငံ မြောက်ပိုင်း ရှမ်းပြည်တံခါးဝမှ ပြင်ဦးလွင်ခေါ် မေမြို့နှင့် တူသည်ဟုလည်း ဆိုနိုင်ပြန်လေသည်။

သရဏဂုံနှင့် ပရိတ်တရားများ ချီးမြှင့်ရမည့် အိမ်သို့ရောက်လျှင် ရောက်ချင်း သရဏဂုံနှင့် ပရိတ်တရားတော်များ ချီးမြှင့်လိုက်ကြသည်။ ဘုရားအနေကဇာလည်း တင်ကြသေး၏။ သာသနာ့ပြုအဖွဲ့ ဆန်ဖရန်စစ္စကိုမှ ဝါပန်၍ ထွက်ခဲ့ကြသည်မှာ ယနေ့ထိဆိုပါက ခြောက်ရက်ရှိချေပြီ။ မနက်ဖန်စက်တင်ဘာ ၂၀-ရက်နေ့တွင် နေ့ချင်း ဆန်ဖရန်စစ္စကိုမြို့သို့ ပလွဲမသွေ ပြန်ကြရမည် ဖြစ်တော့သည်။

ထို့ကြောင့် သာသနာ့ပြုအဖွဲ့သည် စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လုပ်သုတ်သုတ်ဟူသော မြန်မာ့ သုတ်သုံးကျမ်းကို လိုက်နာကာ ရောက်လျှင် ရောက်ချင်း သရဏဂုံနှင့် ပရိတ်တရားတော်များ ချီးမြှင့်ကြရတော့သည်။ သရဏဂုံနှင့် ပရိတ်တရားချီးမြှင့်အပြီး ဟောကြားခဲ့သော သရဏဂုံအကျိုးပြ ဓမ္မာနုမ်သာရကား ဤသို့ဖြစ်လေသည်။

"အိုသူတော်ကောင်းတို့၊ ယခုဟောကြားဆုံးမ သွန်သင်ပြသသည့် အတိုင်း ဗုဒ္ဓ၏ဂုဏ်တော်ကို ဖြစ်စေ၊ ဓမ္မ၏ဂုဏ်တော်ကိုဖြစ်စေ၊ သံဃာ၏ ဂုဏ်တော်ကို ဖြစ်စေ မပြတ်အောက်မေ့ ပွားများကြကုန်သော သူတော်ကောင်းတို့အား ကြောက်ခြင်း ကိုယ်ခက်တရော်ဖြစ်ခြင်း ကြက်သီးမွေးညင်းထခြင်းများ မဖြစ်ပေလတ္တံ[၁]"။

---

၁။ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ၂၂၂။

## ပင်လယ်ကမ္ဘာပြပွဲကြီး

ယင်းအိမ်မှ သရဏဂုံနှင့် ပရိတ်တရား ချီးမြှင့်အပြီးတွင် သာသနာပြု အဖွဲ့သည် ဥာနေများဖိတ်မန်ရာ ပင်လယ်ကမ္ဘာပြပွဲကြီးဆီသို့ လိုက်ပါသွားကြရ ပြန်၏။ ပင်လင်ကမ္ဘာ ပြပွဲကြီးကား အတ္တလန္တိတ်ရေလက်ကြားရှိ ကျွန်းကလေး တကျွန်းပေါ်တွင် တည်ရှိသည်။

ယင်း ပင်လယ်ကမ္ဘာပြပွဲကြီး ကမ္ဘာကျော်ရခြင်းမှာ ကမ္ဘာကျော် လူသားစား ဝေလငါးကြီးများ ပင်လယ်သမုဒ္ဒရာတွင် ဗိုလ်ကျစိုးမိုး အနိုင်ကျင့် မင်းမူနေသည့် ပင်လယ်ဗိုလ် တိရစ္ဆာန်ကြီးများကို ဖမ်းသီး၍ ခိုင်းစေနိုင် လောက်အောင် သွန်သင်ထားခြင်းကြောင့် ဖြစ်သည်ဟု ဥာနေများက ဆို လေသည်။

စနေနှင့် တနင်္ဂနွေနေ့များတွင် တိုးမပေါက်အောင် လူစည်ကား၏ ဟုလည်း ဥာနေများက ဆိုကြသေး၏။ ပင်လယ်ကမ္ဘာပြပွဲကြီးကား တိရစ္ဆာန် ဥယျာဉ် ပြပွဲကြီးနှင့် မခြားဟု ဆိုချင်၏။ အကြောင်းသော်ကား ယင်းဥယျာဉ်ရှိ တိရစ္ဆာန်အမျိုးမျိုး၏ လိမ္မာရေးခြားရှိပုံကို ပြသနိုင်ခြင်းကြောင့်ပင်ဖြစ်ပေ၏။

ပင်လယ်ကမ္ဘာပြပွဲကြီးသည် ကမ္ဘာကျော်သည်နှင့်အမျှ အမေရိကန် နိုင်ငံရှိ ပျော်ပွဲရွှင်ပွဲများအနက် ဝင်ငွေအကောင်းဆုံး ကခုဖြစ်ကြောင်းလည်း သိရှိရပေ၏။ တဦးလျှင် အမေရိကန် ၆-ဒေါ်လာ ဝင်ကြေးပေးရသည်။

ပထမဆုံး ရှုမြင်ရသည်ကား တကိုယ်လုံး ရဲရဲတောက် နီမြန်းနေသော ဗျိုင်းကြီးတကောင် ဖြစ်၏။ တကိုယ်လုံး ရဲရဲတောက် နီမြန်းနေခြင်းကြောင့် သာသနာပြုအဖွဲ့က သူ့အား "မီးဗျိုင်း" ဟု အမည်ပေးလိုက်ကြသည်။ ပုံသဏ္ဍာန် ကား မြန်မာ့ရွှေဗျိုင်းဖြူနှင့် မည်သို့မျှ မခြားနားချေ။

နောက်တမျိုး အကြိုက်တွေ့ရသည်ကား ဝေလငါးကြီး၏ ပြကွက် ဖြစ်၏။ ဝေလငါးကြီးထားရာ ရေကန်သည် ၂၄-ပေမျှ နက်၏။ ဆားငန်ရေ အတိပြီး၏။ ရေကန်ကမ်းနဖူးတွင် ထိုင်ခုံများဝန်းကျင်း၍ ဝေလငါးကြီး၏ လိမ္မာရေးခြားရှိပုံနှင့် လူစကား နားလည်ပုံများကို ပြသည်။

**ကက်ဆက်မှ တီးလုံးသံဖွင့်ပေးလိုက်ရုံဖြင့် ဝေလငါးကြီးသည် ရေကန်ထဲမှ တဘွမ်းဘွမ်းရေသံပေးကာ အခြားကန်တဖက်မှ ပရိသတ်ရှေ့မှောက်ရှိ ကန်ဖက်သို့ ရောက်လာ၏။ သခင်လုပ်သူက ဝေလငါးကြီး ဆယ့်သုံးနှစ်သားရှိပြီ ဖြစ်ကြောင်းနှင့် ပိဿာချိန် သုံးထောင်ရှိကြောင်း ပရိသတ်နှင့် မိတ်ဆက်ပေး၏။ သခင်က ဂွမ်းထိုးခိုင်းရာ လေးကြိမ်တိတိ ရေပေါ်တက်၍ ထိုးပြလိုက်၏။**

ဝေလငါးကြီး၏ ဒုတိယပြကွက်မှာ ကန်ထောင့် တနေရာတွင် လူတယောက်ကို ဝါးတလုံး ထောင်လျက် ကိုင်နေစေ၏။ ဝါးလုံးထိပ်တွင် ဘောလုံးတလုံးလည်း ချိပ်ဆွဲထားလေသည်။ ဝါးလုံးဟု ဆိုရသော်လည်း ပလပ်စတစ်ပိုက်လုံးသာဖြစ်၏။ သခင်လုပ်သူက အချက်ပြလိုက်သည်နှင့် တပြိုင်နက် ဝေလငါးကြီးသည် ဘောလုံးရှိရာသို့ တည့်တည့်မတ်မတ်ကြီး ခုန်ပျံကာ ဘောလုံးကို ခေါင်းနှင့်တိုက်ပြလိုက်၏။ ဝေလငါးကြီးကား ၁၄-ပေတိတိ ခုန်နိုင်လေသည်။

ဝေလငါးကြီး၏ နောက်ဆုံးပြကွက်ကား နှုတ်ဆက်ပွဲဖြစ်၏။ ဝေလငါးကြီးသည် ရေလယ်တွင် အမြီးဖျားပေါ်ရုံ ဖင်ပူးတောင်းထောင် စိုက်လိုက်၏။ ပေါ်နေသော သူ့အမြီးဖြင့် လူများကို လက်ပြနှုတ်ဆက်သလို ရေထဲမှ အမြီးဖျား လှုပ်ခါ၍ ပရိသတ်ကို နှုတ်ဆက်ယင်း ပျောက်ကွယ်သွား၏။ ဝေလငါးကြီး နှုတ်ဆက်မှုကြောင့် ရှေ့ပွဲလာ ပရိသတ်အားလုံး ရေစိုကုန်ကြသည်။

နောက်တခန်းကား လပိုင်းညိုနောင်၏ ပြကွက်များဖြစ်၏။ သခင်လုပ်သူက လပိုင်တကောင်လျှင် ပေါင်ချိန် သုံးရာငါးဆယ်ရှိကြောင်း ပရိသတ်နှင့် မိတ်ဆက်ပေးလေသည်။ လပိုင်နှစ်ကောင်ကို သာသနာပြုအဖွဲ့က ငါးညီနောင်ဟု အမည်ပေးလိုက်ကြ၏။ ယင်းသို့ အမည်ပေးလိုက်ရခြင်းကား အထီး အမဟု ခွဲခြားမိတ်မဆက်သောကြောင့် ဖြစ်ပေ၏။ ငါးညီနောင်သည် မြန်မာ့နွားညီနောင်များ ထမ်းပိုးကထားသလို အတွဲညီညီကလေး ပရိသတ်ရှေ့မှောက်သို့ ဆိုက်ရောက်လာ၏။

ရှေ့ဂျမ်းနောက်ဂျမ်း အတဲ့ညီညီကလေးပစ်ကာ ရွှေပွဲလာများအား အသုံးတော်ခံ၏။ ကြည့်လို့ကောင်းလှ၏။ ရေပေါ် မတ်တတ်အရပ်နိုင်းရာ ရေထဲ အမြီးဖျားနစ်ရုံမျှနှစ်၍ အတဲ့ညီညီကလေး မတ်တတ်ရပ်ပြလိုက်ကြ၏။ လပိုင်ညီနောင်၏ နှုတ်သီးများကား ဝက်နှုတ်သီးများလို ချွန်နေ၏။

ယင်းနှုတ်သီးများနှင့် စွပ်မိရုံသာရှိသော သံကွင်းနှစ်ခုကို သခင်က ရေထဲပစ်ချလိုက်၏။ ငါးညီနောင်သည် သံကွင်းများ ရေအောက်ကြမ်းပြင် မရောက်မီ ယင်းတို့၏နှုတ်သီးများဖြင့် ရှာဖွေထိုးစွပ်လိုက်ကြ၏။ ရကြလေသည်။

ယင်းတို့၏နှုတ်သီးတွင် စွပ်လျက်သား သံကွင်းကြီးများကို ရန်ကုန်မြို့ အောင်ဆန်းကွင်း၌ အောင်ပန်းပန်ကြသူများ ကွင်းတပတ်လှည့်၍ ပရိသတ်အားပြသလို လပိုင်ညီနောင်ကလည်း စုံတွဲညီညီကလေးဖြင့် ကန်တပတ်လှည့်၍ ပရိသတ်အား ပြလိုက်ကြသည်။

နောက်ပြကွက်တခုကား လပိုင်တို့၏ လူသားများအပေါ် ကြင်နာမှုပင် ဖြစ်၏။ လူတယောက်ကို ရေကန်တွင်းပစ်ချလိုက်ရာ လပိုင် ညီနောင်သည် ယင်းလူသားကို ယင်းတို့၏ကျောပေါ်ရှိ ဆူးတောင်ကြီးများဖြင့် ချီမ၍ ဘေးလွတ်ရာသို့ ပို့ဆောင်ကယ်တင်ပုံ ဖြစ်လေသည်။

နောက်ပြကွက်တခုကား လပိုင်ညီနောင်အနက် တကောင်၏ ပါးစပ်တွင် မြင်းဇက်ခွံ့သလို ကြိုးတချောင်းတပ်လိုက်၏။ ဇက်ခွံ့ထားသော ငါး၏ ကျောပေါ်တွင် လူတယောက်က မြင်းစီးသလို ခွစီးကာ မြန်မာနိုင်ငံ နွားပြိုင်ပွဲများတွင် အပြေးမောင်းသကဲ့သို့ ငါးညီနောင်ကို အတွဲညီညီကလေး အပြေး မောင်းပြလိုက်၏။ ငါးညီနောင်ကား ကန်ပတ်လည်တွင် ကဆုန်ပစ် ပြေးပြကြ၏။ လပိုင်ညီနောင်၏ နောက်ဆုံးပြကွက်ကား ဝေလငါးကြီးကဲ့သို့ နှုတ်ဆက်ခြင်းပင် ဖြစ်လေသည်။

ယင်း ပင်လယ်ကမ္ဘာပြပွဲကြီးတွင် အခြားသတ္တဝါကြီးများ ဖြစ်သည့် ပင်လယ်ဆင်ကြီးများ၊ ပင်လယ်ခြသေ့ကြီးများလည်း ရှိပေသေး၏။ နွားတွန်သလို တွန်၍ မာန်ဖီနေကြသည်။ ကြောက်မက်ဖွယ်ကောင်းလှ၏။ ယင်းပြပွဲ



ပုံ (၁၂) ပွင့်သစ်စ အမေရိကန် ရဟန်းတော်များ သိမ်အထွက်တွင် ဗုဒ္ဓဘာသာ
အမေရိကန် ပြည်သူတို့က ပစ္စည်းများ လောင်းလှူနေကြပုံ

တွင် အကြီးဆုံး လူသတ်ဝေလငါးကြီး၏ ပြကွက်ကိုလည်း လေ့လာခဲ့ရသေးသည်။ သူ့ပြကွက်များကလည်း တဘာသာ ဆန်းသစ်နေပြန်လေသည်။

အကြီးဆုံး ဝေလငါးကြီးကား ၃၇ ပေနက်သော ရေကန်ကြီးတခု အတွင်း ဖြစ်၏။ ယင်းဝေလငါးကြီးကား သက်တမ်းအားဖြင့် ၁၉-နှစ်သာ ရှိသေးကြောင်းနှင့် ပေါင်ချိန် ရှစ်ထောင်ကျော်ပြီဖြစ်ကြောင်း ပရိသတ်နှင့် မိတ်ဆက်ပေးလေသည်။ ဝေလငါးကြီးအား ငှမ်းအမျိုးမျိုး အပစ်ခိုင်းရာ ရေထဲတွင် တဘွမ်းဘွမ်း ငှမ်းပစ်နေတော့သည်။ မတဲတတ်ရပ်၍ မြန်မာများ ဆိုင်းတီးသကဲ့သို့ ဝိုင်းကြီးပတ်ပတ်လည် တီးပြလိုက်၏။ ကြီးမားသည့်သတ္တဝါကြီးဖြစ်၍ ရွှေပွဲလာများ သဘောကျရခြင်းနှင့်အတူ ရေများလည်း စိုကြရပြန်သည်။

ကမ်းစပ်မှ လူနောက်လူပြောင်တယောက်က ဝေလငါးကြီးအား ရေဖြင့် လှမ်းပက်ရာ ဝေလငါးကြီးကလည်း လာမစမ်းနှင့်ဟူသော အဓိပ္ပာယ်ဖြင့် သူ့ဆူးတောင်ကြီးများဖြင့် ပြန်လည်ပက်လိုက်လေသည်။ ပရိသတ်များ ဟားကြရ၏။ ကမ်းစပ်ရှိ လူတယောက်ကို မွှေးမွှေးအပေးခိုင်းရာ ကြီးမားလှသော သူ့ခန္ဓာကိုယ်ကြီးကို ကမ္ဘားယံဖြင့်မှီ၍ မွှေးမွှေးပေးလိုက်၏။ ပရိသတ်များ တသောသော ဖြစ်ကြရပြန်သည်။

ယင်းငါးကြီး၏ ဦးခေါင်းတနေရာတွင် အပေါက်ကြီးတခုရှိ၏။ ယင်းအပေါက်ကြီးဖြင့် အသက်ရှူသည်ဟူ၍လည်းကောင်း၊ ယင်းအပေါက်ကြီးကို ပိတ်၍လည်း ရေထဲတွင် ငုပ်လျှိုးကျက်စားနိုင်သည် ဟူ၍လည်းကောင်း သက်ဆိုင်ရာများက အစီရင်ခံလေသည်။

ပင်လယ်ကမ္ဘာပြပွဲကြီးသည် ပင်လယ်ကမ္ဘာပြပွဲဟု ဆိုလင့်ကစား ပင်လယ်ပျော်သတ္တဝါကြီးများ၏ ပြကွက်များကိုသာမက တခြားပြပွဲများဖြစ်သည့် လောကဓာတ်သိပ္ပံပညာပြပွဲများကိုပါ ခင်းကျင်းပြသထား၏။ လောကဓာတ်ကြီးတွင် ဖြစ်ပေါ်လေ့ရှိသည့် မိုးသားမိုးရိပ်များဆင်လာပုံ၊ မိုးရွာသွန်းလာပုံ၊ မိုးများထစ်ချုန်းလာပုံနှင့် လျှပ်စီးများလက်လာပုံ စသည်များကို ယနေ့မျက်မှောက်ခေတ် သိပ္ပံပညာဖြင့် ဖန်တီးပြသထားသည်။

သို့ရာတွင် ယင်းပြကွက်များကို ပညာပေးပြကွက်များအဖြစ် ရည်ရွယ်ပြသလင့်ကစား လောကကြီး၏ဖြစ်မြဲ သဘာဝတရားများ၊ သို့မဟုတ် မိုးရွာတိုင်း ကြုံတွေ့နေရသော လောကဓာတ်ကြီး၏ နိယာမသဘာဝတရားများ ဖြစ်နေခြင်းကြောင့် ပရိသတ်အားပေးခြင်း စိတ်ဝင်စားခြင်းများစွာ မရှိလှချေ။

၈-နာရီ မိနစ် ၃၀-တွင် သာသနာပြုအဖွဲ့ ပင်လယ်ကမ္ဘာပြပွဲကြီးမှ လော့(စ်)အိန်ဂျလိ(စ်) ယာယီစံကျောင်းသို့ ပြန်လည်ခဲ့ကြသည်။ ပြင်သင့်ဆင်သင့်သော ပြင်ဆင်ဖွယ်များ ပြင်ဆင်၍ စက်တင်ဘာ ၂၀-ရက်နေ့တွင် နေရင်း ဆန်ဖရန်စစ္စကိုမြို့သို့ ပြန်လာခဲ့ကြလေသည်။

**လော့(စ်)အိန်ဂျလိ(စ်)မှအပြန် ဆန်ဖရန်စစ္စကိုတွင်**
**ကမ္ဘောဒီးယား ဗုဒ္ဓသာသနာ လေ့လာခွင့်ကြုံခြင်း**

ဗုဒ္ဓသာသနာ အခြေစိုက်စခန်းဖြစ်သည့် တောင်ပုလုကမ္ဘာအေး ဓမ္မရိပ်သာနှင့် ခုနစ်ရက်တာမျှ ကင်းကွာနေရသော တောင်ပုလု သာသနာပြုအဖွဲ့တွင် အလုပ်ကြွေးများ တင်ရှိနေပေသည်။ ယင်းတို့ကား ရဟန်းသာမဏေ ပြုပေးခြင်းနှင့် တရားစစ်ဆေးခြင်းအလုပ်များ ဖြစ်တော့၏။

ရိပ်သာအတွင်းရှိ အမေရိကန်ရဟန်းတော်များ သာမဏေများနှင့် အမေရိကန်ရသေ့မယောဂီ လူယောဂီများအားလုံးကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနှင့် တွေ့ရှိရပေ၏။ အားလုံး တရားအစစ်အဆေးခံကြသည်။ မိမိတို့ တွေ့ရှိခံစားချက်များကိုလည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား တင်ပြလျှောက်ထားကြ၏။

သာသနာပြုအဖွဲ့မရှိ၍ ရဟန်းပြုခွင့်မရကြသေးသော ဘရစ်နှင့်အခြား အမေရိကန်တဦးကိုလည်း ရဟန်းပြုပေးကာ သိမ်းကျောင်းကလေးများတွင် နေရာချ၍ ဓုတင်နှင့် သတိပဋ္ဌာန် ဝိပဿနာ တရားများကို အားထုတ်စေသည်။ ဘရစ်ကား လော့(စ်)အိန်ဂျလိ(စ်) မကြွမီက သာသနာပြုအဖွဲ့အား သူပိုင်ဟော်တယ်ကြီးသို့ ပင့်ဆောင်ကာ ဆွမ်းကပ် သရဏဂုံဆောက်တည် ငါးပါးသီလခံယူ၍ ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာသူ အမေရိကန်တဦး ဖြစ်သည်။

သူ့ဆွမ်းကပ်ပွဲအပြီးတွင် သူသာမက သူ၏ အလုပ်သမားများနှင့် သူ့မွေးချင်းတစုတို့ကိုပါ သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်စေကာ ဗုဒ္ဓဘာသာအဖြစ် ခံယူစေခဲ့သူတဦးလည်း ဖြစ်သည်။ ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်လာသူ တဦးဖြစ်ရုံမျှမက သာသနာဘောင်အတွင်း သက်ဆင်း၍ ယခုကဲ့သို့ ရဟန်းပြုလိုက်ပေသေးသည်။

ဘရှစ်၏ရဟန်းတော်ဘွဲ့မှာ "အရှင်ပုည" ဖြစ်၍ အခြားအမေရိကန် တဦး၏ ရဟန်းဘွဲ့တော်မှာ "အရှင်နရိန္ဒ" ဖြစ်သည်။ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာတွင် ရဟန်းနှင့် သာမဏေများ၊ သီလရှင် ယောဂီနှင့် လူယောဂီ များကား တနေ့တခြား ဒီရေအလားကဲ့သို့ တိုးပွားလျက်ရှိသည်။

ဘရှစ်ရဟန်းပြုပြီး၍ နှစ်ရက်မြောက်ဖြစ်သော စက်တင်ဘာ ၂၃ ရက် နေ့တွင် သာသနာပြုအဖွဲ့သည် တယ်လီဗီးရှင်းမှတဆင့် ကမ္ဘောဒီးယားနိုင်ငံ၏ ဗုဒ္ဓဘာသာ သွေးချင်းများအကြောင်းကို တစေ့တစောင်း လေ့လာခွင့်ရရှိ၏။ ကမ္ဘောဒီးယား ဗုဒ္ဓဘာသာ သွေးချင်းရဟန်းတော်များကို ဆဋ္ဌသံဂါယနာ၏ နောက်ပိုင်းတွင် တွေ့ဆုံခွင့်မရပဲရှိခဲ့ရာ ဤအကြိမ်သည် ပထမဆုံး အကြိမ် တွေ့ဆုံခွင့်ရရှိခြင်း ဖြစ်ပေ၏။

ကမ္ဘောဒီးယား ဗုဒ္ဓဘာသာ သွေးချင်း ရဟန်းတော်ကြီးများသည် မြန်မာဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် သွေးချင်းသည်နှင့်အညီ ထေရဝါဒီ များဖြစ်ကြ၏။ ဆင်ယင်ထုံးဖွဲ့မှုများမှအစ ဘမျိုးတိုးတူဆိုသကဲ့သို့ မြန်မာ ရဟန်းတော်များနှင့် တထေရာတည်းဖြစ်၏။

ပါဠိပါဌ်သား ဖတ်ရွတ်ပုံ ကွဲသည်မှလွဲ၍ သင်္ကန်းရုံပုံ၊ သင်္ကန်း လက်ကတော့ ထိုးပုံများကလည်း တူညီလျက်ရှိသည်။ တယ်လီဗီးရှင်းတွင် ကမ္ဘောဒီးယား ဗုဒ္ဓဘာသာ သွေးချင်းရဟန်းတော်များ ကော်စာကျင့်ပုံနှင့် တရားထိုင်ပုံများကို ဖူးတွေ့ရ၍ ဘဝတူ ယောဂီအချင်းချင်း ကြည်ညို သဒ္ဓါပွား မိရသည်။ အလုပ်စခန်းများတွင်—

"ခွေတင်ပလ္လင်၊ ထိုင်စေချင်၊ ကိုယ်လျှင် ဖြောင့်ဖြောင့်ထား။
အာရုံများဖြင့်၊ ကြားမဝင်၊ စိတ်လျှင် မလွင့်ပြား။
မျက်နှာတည့်ကာ၊ မှိတ်ထားပါ၊ နားမှာ စိတ်ကိုထား။
ကြားသည့်အသံ၊ စိတ်စိုက်ပြန်၊ ရှုရန် ယောဂီများ။
ဖြစ်ပြီးကပျက်၊ အဆက်ဆက်၊ ဖြစ်ပျက် မြင်အောင်ပွား"[၁]—

ဟူသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ လမ်းညွှန်ချက်များနှင့်အညီ ကမ္ဘောဒီးယား ဗုဒ္ဓဘာသာသွေးချင်း ရဟန်းတော်များ ကမ္မဋ္ဌာန်းကို ရှေးရှု၍ ကိုယ်ကို ဖြောင့်မတ်စွာထားကာ ဝီရိယ သီလ သမာဓိ တွန်းအားများကို အရင်းတည်လျက် ဝိပဿနာ ပညာစခန်းသို့ တက်လှမ်းနေကြပုံများကလည်း သွေးချင်းဆိုသည်မှ သွေးချင်းဆိုသည်နှင့်အညီ မြန်မာ ရဟန်းတော်များနှင့် ထပ်တူပင် ဖြစ်လေသည်။

**သွေးချင်းတို့၏ အိုဘယ့် ကမ္ဘောဒီးယား**

၁၉၇၆-ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ သုံးသန်းကျော်မျှ ရှိသော သွေးချင်းကမ္ဘောဒီးယား ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ နေရင်း ဌာနီ ကမ္ဘောဒီယား နိုင်ငံကလေးမှာ ကမ္ဘာ့ပြည်သူတို့ သိကြပြီးဖြစ်သည့် အတိုင်း ကရုဏာသက်စရာ ကောင်းနေပေတော့သည်။

အမှန်ဆိုရသော်ကား သွေးချင်းကမ္ဘောဒီးယား ဗုဒ္ဓဘာသာ ရဟန်းတော်များသည် ဌာနီသာဖြစ်၍ ကမ္ဘောဒီးယား နိုင်ငံတည်းဟူသော နေရပ်ကသာ ဌာနဖြစ်လေသည်။ ပရမ္မုခကာလက ဌာနကမ္ဘောဒီးယား အမည်များ အပြောင်းအလဲများခဲ့၍ သမ္မုခကာလအခြေတွင် ပညတ်သွားရာ ခေတ်သက်များ ပါနေရော့သလားဟု သံသယများပြီး ကရုဏာ ပွားမိရပေသည်။

ယင်းသို့ ဆိုလိုက်ရသည်နှင့်အညီ ဌာနကမ္ဘောဒီးယား အမည်များကလည်း ရေလဲနှင့် သုံးနှုန်းထားသည့်အလား များပင်များလှပါဘိသည်။ ရှုပါဦး။ ကမ်ဗူ၊ ကမ္ဗုပူရ၊ ကမ္ဘောဇ၊ ကမ္ဘောဒီးယား၊ ခမာဟူသော အမည်

---

၁။ တောင်ပုလု ဝိပဿနာရှုမှတ်နည်း။

များသည် ပရမ္မုခကာလက ဖြစ်ပေါ်ခဲ့သော အမည်များဖြစ်သည်။ သမ္မုခကာလဟုခေါ်သော မျက်မှောက်ခေတ်တွင်မူကား ကမ်ပူချားဟူသော အမည်သည် ယင်းအမည်များ၏နေရာတွင် ဝင်ရောက်နေရာယူလျက် ရှိလေပြီ။ မမျှော်မှန်းနိုင်သည့် အနာဂတ်ခေတ်များဆီတွင် မည်မျှအထိ နာမည်များနေဦးမည် မသိနိုင်ပါချေ။

သွေးချင်း ကမ္ဘောဒီးယား ရဟန်းတော်များ၏ "ကမ္ဘောဒီးယား" ဟူသောအမည်မှာ ဟင်ဒူဘာသာစကား "ကမ်ဗူ" မှ ဆင်းသက်လာခြင်း ဖြစ်ပေ၏။ ခမာလူမျိုးများ ဆင်းသက် ပေါက်ပွားလာခြင်းကြောင့် ကမ်ဗူမှတဆင့် ခမာနိုင်ငံဟု ပြောင်းလဲလာကြောင်း ဒဏ္ဍာရီက ဆိုလေသည်။ ကမ္ဘောဇနိုင်ငံကို အေဒီ ၄၃၅-ခုနှစ်တွင် ပလ္လဝါလူမျိုးများ တည်ထောင်ခဲ့သည်။ ပလ္လဝါလူမျိုးများ စမ္ပဒေသသို့ ရောက်ရှိ ဆက်ဆံသော အခါမှသာ ကမ္ဘောဇနိုင်ငံမှာ ထင်ရှားလာခဲ့ခြင်း ဖြစ်သည်။

ပလ္လဝါလူမျိုးများ ဗုဒ္ဓဘာသာကို အားပေးကြရာမှအစ ကမ္ဘောဇနိုင်ငံတွင် ဗုဒ္ဓဘာသာထွန်းကား၍ စေတီ၊ ပုထိုး မြေပြင်ပြည့်မျှ တည်ထားကိုးကွယ်နိုင်ခဲ့သည်။ အေဒီ-၉-ရာစုတွင် ကမ္ဘောဇနိုင်ငံကို ဇယာဝရမန်မင်းများ အုပ်ချုပ်ခဲ့ရာ နှစ်ပေါင်းလေးရာမျှ ကြာခဲ့လေသည်။ ယင်းအချိန်တွင် ကမ္ဘောဒီးယားနိုင်ငံနှင့် အန်နမ်ခေါ် ယခု "ဗီယက်နမ်" နိုင်ငံတို့မှာ ထိပ်ပြိုင် နှုန်းပြိုင်နိုင်ငံများ ဖြစ်ခဲ့ကြပေ၏။

ဇယဝရမန်မင်းများကား စုမတြာကျွန်းမှ သီရိဝိဇယမင်းမျိုးဖြစ်၏။ ဇယဝရမန်မင်းသည် သက္ကရာဇ် ၈၆၀-ပြည့်နှစ်တွင် "အန်ကော" နေပြည်တော်ကို တည်ထောင်ခဲ့လေသည်။ အန်ကောဝတ် ကျောင်းမှာကား ကမ္ဘောဒီးယားနိုင်ငံ အလယ်ပိုင်းရှိ စတုရန်းမိုင် ၇၇၀-ကျယ်ဝန်းသော တုန်လီဘက်အိုင် အနီးတွင် တည်ရှိ၍ ၁၂-ရာစုက တည်ထောင်ခဲ့သည်ဟု သမိုင်းသုတေသီများက ယူဆခဲ့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံတွင် ရှေးဗိသုကာ လက်ရာနှင့် ဗုဒ္ဓဘာသာထွန်းကားပုံကို ဤအန်ကောဝတ်ကျောင်းက ရိပ်စားမိစေခဲ့သည်။ သို့ရာတွင်

ဇယာဝရမန်မင်းသည် အန်ကောဝတ်ကျောင်းကြီး မပြီးမီ နတ်ရွာစံခဲ့ရာ "ယသောဝရမန်"မင်းက ပြီးစီးအောင် ဆက်လက် တည်ဆောက်ခဲ့ရလေသည်။

သွေးချင်း ဗုဒ္ဓဘာသာ ရဟန်းတော်တို့၏ ကမ္ဘောဒီးယားနိုင်ငံသည် ယသောဝရမန်မင်း အုပ်ချုပ်သော ၉-ရာစုမှ ၁၂-ရာစုတိုင် တိုးတက်ထွန်းကား ခဲ့လေသည်။ ဤကား သွေးချင်းကမ္ဘောဒီးယား ဗုဒ္ဓဘာသာ ရဟန်းတော်များ ၏ ကမ္ဘောဒီးယားနိုင်ငံ နောက်ခံ သမိုင်းကြောင်းများပေတည်း။

## အမေရိကန် ပြန်ကြားရေးဌာနက မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်း

စက်တင်ဘာ ၂၇-ရက်နေ့ကား တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာရှိ ရဟန်းရှင်လူအားလုံး ပို၍အလုပ်လုပ်ကြရသော နေ့ဖြစ်သည်။ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာတွင် အမေရိကန်ပြန်ကြားရေးဌာနက သတင်းနှင့် ဓာတ် ပုံများ လာရောက်ရိုက်ကူးမည်ဆို၍ အားလုံးပို၍ အလုပ်လုပ်နေကြရခြင်း ဖြစ်သည်။

နံနက်လင်းသည်နှင့် တပြိုင်နက် ရိပ်သာအတွင်းမှ ရဟန်း သာမဏေ ရသေ့မှအစ လူယောဂီများအထိ ပို၍ အလုပ်လုပ်ကြရသည်။ အထူးပို၍ အလုပ်လုပ်ကြရသည်မှာ ဖြစ်သစ်စ အမေရိကန်ရဟန်းတော်များနှင့် သာမဏေ များအတွက် ဖြစ်လေသည်။ သတင်းနှင့် ဓာတ်ပုံရိုက်မည်ဖြစ်၍ ယင်းတို့အတွက် အနေအထိုင် အဝတ်အစား အသွားအလာမှအစ အချိုးကျဖို့က အရေးကြီး နေပေရာ အထူးပို၍ အလုပ်လုပ်နေကြရခြင်းပင် ဖြစ်သည်။

ဖြစ်သစ်စ ရဟန်းတော်များနှင့် သာမဏေများသည် ဝိနည်းတရား တော်ကို အလွန်အကဲ အလေးမူကြသည်။ အသို့နည်းဆိုသော် "ဥက္ခိတ္တ စက္ခု"အရ လေးတောင်ခန့်သာ ကြည့်ရမည်ဟု ဆိုရာ လေးတောင်ခန့်မျှ မကြည့်ပဲ မေ့၍ နှစ်တောင်သာ ကြည့်မိနေကြသဖြင့် အခက်တွေ့နေရ၏။ ယင်း သို့ ကြည့်သော နှစ်တောင်ကား အရှေ့အရပ် နေထွက်ရာ မိုးကုတ်စက်ဝိုင်းနှင့် အနောက်အရပ် နေဝင်ရာ မိုးကုတ်စက်ဝိုင်းများ ဖြစ်လေသည်။ ရဟန်း သာမ ဏေ ဖြစ်သစ်စဖြစ်၍ အကျင့်ပါနေကြခြင်း ဖြစ်သည်။

ဘောင်ပုလု သာသနာပြုအဖွဲ့မှာ မြန်မာနိုင်ငံ အခါကြီးရက်ကြီးများ ဖြစ်သည့် ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့၊ တပ်မတော်နေ့စသည်များ မကျင်းပမီ သက်ဆိုင်ရာ ပုဂ္ဂိုလ်များက အခမ်းလှေ့ကျင့်ပွဲကြီးများ လုပ်ပေးနေရသကဲ့သို့ ရိပ်သာတွင် အခမ်းလှေ့ကျင့်ပွဲများ ပြုလုပ်ပေးနေရသည်။ အားလုံးသော ရဟန်းယောဂီ လူယောဂီများအား ဝတ်စုံပြည့် လေ့ကျင့်ပေးနေရသည်။

အမေရိကန် ပြန်ကြားရေးဌာန၏ အစီအစဉ်တွင် စားသောက်ခန်းများကိုလည်း ရိုက်ကူးရန် အစီအစဉ်များ ပါရှိရာ ယင်းအတွက်လည်း ဝိနည်းဒေသနာလာ စားသောက်မှုနှင့်အညီ စားသောက်တတ်ဖို့က အရေးကြီးသော ဘာသာယဉ်ကျေးမှု အစိတ်အပိုင်းကြီး ဖြစ်နေပေသည်။ ထို့ကြောင့် ဖြစ်သစ်ရဟန်းနှင့် သာမဏေများအား "ကြက်ဥထက်မြောက်၊ ဒေါင်းဥအောက်လျှင်၊ ချောက်ချောက်မများ၊ လုတ်ရေစားလျက်" ဟူသော ဝိနည်းလမ်းညွှန်ချက်နှင့်အညီ စားတတ်ရန်ကိုပါ လက်ပူးလက်ကြပ် သင်ပြလမ်းညွှန်ရသည်။

ခက်သည်ကား အချို့ရဟန်းသစ် သာမဏေသစ်များအနေဖြင့် ရဟန်းဖြစ်ကတည်းက ဖားဖက်တော်အဖြစ် ပါလာသော မည်းချိပ်ချိပ်သပိတ်ဖြင့် မသုံးဆောင်တတ်ခြင်းပင် ဖြစ်သည်။ သုံးဆောင်တတ်သည်ဖြစ်စေ၊ မသုံးဆောင်တတ်သည်ဖြစ်စေ သည့်ပွဲတွင် ကြိုးစားပြီး သပိတ်ဖြင့် သုံးဆောင်ရန် အားပေး သွန်သင် လမ်းညွှန်ရသည်။ စိတ်ခေတ်မကျရန်နှင့် ဗုဒ္ဓဘာသာအပေါ် ခံယူချက် လေးနက်စေရန် အားပေးရခြင်းဖြစ်သည်။

မိမိတို့ဖက်က အခမ်းအနားပြင်ဆင်မှုဟု ခေါ်သည့် "ဆက်တင်" များကို ကြိုတင်စီမံပြုလုပ်ကြရသည်။ ဆက်တင်ဟု ဆိုရသော်လည်း မိမိတို့ သာသနဝန်ထမ်း ရဟန်းတော်များ၏ ဆက်တင်ပစ္စည်းများမှာ မယ်မယ်ရရဟူ၍ မရှိပဲ သပိတ်၊ ယပ်တောင်၊ တောင်ဝှေး၊ ထီး၊ ဖိနပ်များနှင့် ဝိပဿနာ ရှုမှတ်မှုများသာ ဖြစ်လေသည်။

---

၁။ အရှင်မဟာသီလဝံသ၏ "အရေးကြီး" ချီ စွတင်ရတုပိုဒ်စုံ။

အမေရိကန် ပြန်ကြားရေးဌာနမှ သတင်းနှင့် ဓာတ်ပုံရိုက်မည့်ပုဂ္ဂိုလ်များ ရောက်လာချေပြီ။ ယင်းတို့က ယင်းတို့၏ အစီအစဉ်များကို တောင်ပုလုအဖွဲ့အား တင်ပြလျှောက်ထားကြသည်။ သာသနာပြုအဖွဲ့ကလည်း "ဂေါတမဗုဒ္ဓတရားတော်သည် လာလှည့် ရှုလှည့်ဟု ပြဆိုထိုက်သော ဟေိပဿိကဂုဏ်နှင့် ပြည့်စုံတော်မူသည်ဖြစ်ရာ ယခုကဲ့သို့ လာရောက် မှတ်တမ်းတင်ကြသည်ကို ဝမ်းမြောက်ကြောင်းဆိုပါကြောင်း"စသည်ဖြင့် ပြန်ကြားလိုက်သည်။

အမေရိကန်ပြန်ကြားရေးဌာန၏ အစီအစဉ်တွင် လှမ်းလောင်းနေသည့်ပုံ ဆွမ်းခံနေသည့်ပုံများကိုသည်း ရိုက်ရန် အစီအစဉ်ပါရှိနေပြန်ရာ ယင်းအစီအစဉ်များ ၁၀-နာရီ မိနစ် ၃၀-မှ ရရှိနိုင်မည်ဖြစ်ကြောင်းပြန်လည် အမိန့်ရှိရ၏။ အစီအစဉ်များ နေသားတကျ စီစဉ်ပြီးဆုံးသွားသောအခါ အမေရိကန်ပြန်ကြားရေးဌာန၏ လိုအပ်ချက်များကို ရိပ်သာတခုလုံးက ကောင်းစွာ ဖြည့်တင်းပေးနိုင်ကြသည်။

ကျေးဇူးရှင်ဆရာတော်ဘုရား ကြီးနှင့်တကွ တောင်ပုလုကမ္ဘာအေး ဓမ္မရိပ်သာအတွင်းရှိ သာသနာပြုအဖွဲ့ဝင်များ၊ အမေရိကန် ရဟန်းတော်များ၊ သာမဏေများ၊ ရသေ့မများ၊ လူယောဂီများနှင့် တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ဂေါပကအဖွဲ့ဝင် လူကြီးမင်းများသည် သစ်လွင်သောအဆင်အပြင်များဖြင့် ရိပ်သာဘည်ရှိရာ ကုန်းမြေတွင် "အက်တင်" များ လုပ်ပေးကြသည်။ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ကုန်းမြေဘဝိုက်တွင် အဆင်းအတက် လုပ်ပေးကြခြင်းဖြစ်၏။

ယင်းသို့ အက်တင်များ လုပ်ပေးနေယင်း တနေ့ဆီက တယ်လီဗီးရှင်းတွင် လေ့လာခွင့်ရလိုက်သော သွေးချင်း ကမ္ဘောဒီးယား ဗုဒ္ဓဘာသာ ရဟန်းတော်များကို သွားရောက်သတိရလာမိသည်။ သွေးချင်းတို့လည်း ယခုကဲ့သို့ အက်တင်များ လုပ်ပေးကြရခြင်း ဖြစ်ပေမည်ဟု ပြန်လည်သတိရလာခြင်းဖြစ်သည်။ ယင်းသို့အက်တင်များပြုလုပ်ပေးကြရခြင်းဖြင့် ဆင်းရဲသည်ဟု မအောက်မေ့ပဲ အမျိုးနှင့်သာသနာအတွက် အလေးအနက်ထားကာ စေတနာကြီးစွာ လုပ်ဆောင်ပေးခဲ့ကြသည်။

ဂေါတမ ဗုဒ္ဓသာသနာ ကမ္ဘာပြန့်နိုင်ရေးတွင် အမေရိကန်အစိုးရက ယခုကဲ့သို့ တတပ်တအား ပါဝင်၍ သဘောထားကြီးစွာ မှတ်တမ်း တင်ပေးခြင်းအတွက် တောင်ပုလု သာသနာပြုအဖွဲ့ အနေဖြင့် စာဖြင့် ဖော်မပြနိုင်လောက်အောင် အထူးကျေးဇူးတင်မိရသည်။

အများစုပေါင်း စကြံလျှောက်၍ ရှုမှတ်မှု ပြီးဆုံးပြီးလျှင် တဦးချင်း ရှုမှတ်မှုများကို မှတ်တမ်းတင်စေသည်။ ယင်းအစီအစဉ်များ ပြီးဆုံးသွားသောအခါ အများစုပေါင်း တရားရှုမှတ်နည်းများကို ဆက်လက် မှတ်တမ်းတင်၏။ ယင်းနောက် တဦးချင်းရှုမှတ်နည်းများ၊ တရားစစ်ဆေးနေကြပုံများ၊ တရားအစစ်ခံနေကြပုံများနှင့် တရားကျင့်နေကြပုံများကို ဆက်လက်မှတ်တမ်းတင်သည်။

သစ်တပင် ဝါးတပင်အောက်တွင် ရှုတင်ကျင့်နေပုံများ၊ ရှုတင်ကျင့်ယင်း မဟာသတိပဋ္ဌာန်ရွတ်ဖတ်နေပုံများ၊ သိမ်းကျောင်းဝယ်များနှင့် သိမ်းကျောင်းများအတွင်း မဟာသတိပဋ္ဌာန် ရှုဆင်ခြင်နေပုံများကိုလည်း ဆက်လက်မှတ်တမ်းတင်သည်။

တရားအလုပ်စခန်းများ မှတ်တမ်းတင် ပြီးဆုံးသွားသောအခါ စားသောက်ရေးများကို ဆက်လက်မှတ်တမ်းတင်၏။ ''သုံးပါးအဝန်း၊ ခါးပန်းပတ်ရစ်၊ ပုဆစ်ဒူးမှ၊ ရစ်သမ်ချ၍၊ ဝတ်ထ သင်းပိုင်၊ ထပ်ပြိုင်ရုံရုပ်၊ ဒုကုဋ်တို့ထက်၊ လေးသစ်ဘက်၍[၁]'' စသော ရိုးရိုး ရုံနေကျတွင် ဒုကုဋ် သင်္ကန်းကြီးကိုပါ ထပ်ရုံ၍ အဝန်းသုံးပါးနှင့် ပြည့်စုံခြင်းဟူသော ရှုတင်ပဋိပတ် တရားမြတ်နှင့်အညီ ဆွမ်းခံနေပုံများ၊ ဆွမ်းလောင်းနေပုံများနှင့် ဆွမ်းဘုဉ်း ပေးနေကြပုံကိုလည်း ဆက်လက်မှတ်တမ်းတင်သည်။

အထက်ပါကိစ္စများ ပြီးပြေသွားသောအခါ ရိပ်သာရှိ ရဟန်းသာမဏေများနှင့် ရိပ်သာဂေါပက အဖွဲ့ဝင်များ ပူးပေါင်း၍တမျိုး၊ ခွဲခြား၍ တဖုံ အခန်းမျိုးစုံကို မှတ်တမ်းတင်၏။ဤသို့လျှင် အမေရိကန် ပြန်ကြားရေးဌာန၏ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခြင်းမှာ နိဂုံးကမ္ပတ် အပြီးသတ်လေတော့သည်။

---

၁။ ရှင်မဟာသီလဝံသ၏ ''အရှည်ကင်''၏ ရှုတင်ရတုပိုဒ်စုံမှ။

## မဟာယာနတိဗက်လားမားနှင့် ဂျပန်ဇင်ယောဂီများ ထေရဝါဒယူခြင်း

တိဗက်လားမားနှင့် ဂျပန်ဇင်ဘုန်းတော်ကြီးများအကြောင်းကို ဤစာအုပ်တနေရာတွင် ပြခဲ့ပြီးဖြစ်သည်။ ယင်း တိဗက်လားမားနှင့် တပည့်များ၊ ဂျပန်ဇင် ရဟန်းတော်များနှင့် တပည့်များသည် အောက်တိုဘာ ၅-ရက်နေ့တွင် ထေရဝါဒ တောင်ပိုင်း ကမ္ဘာ့အေးဇမ္မရိပ်သာသို့ လာရောက် နည်းခံကြရုံမျှက ထေရဝါဒ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလိုက်ကြသည်။

သို့ရာတွင် အချို့သော တိဗက်လားမားများနှင့် အချို့သော ဂျပန်ဇင်ရဟန်းတော်များသည် ထေရဝါဒရဟန်းအသွင်ကိုမယူပဲ မိမိတို့ ဂျပန်ဇင်အသွင်ဖြင့်ပင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နည်းသက်သက်ကိုသာ ခံယူကြကာ မဟာသတိပဋ္ဌာန် တရားတော်များကို ရှုမှတ်ကြသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးကလည်း နည်းခံတရားအားထုတ်စေတော်မူသည်။

ထေရဝါဒ ရဟန်းအသွင်ကိုမယူပဲ မိမိတို့မဟာယာနအသွင်ဖြင့် နည်းခံတရားအားကျင့်ကြသော တိဗက်လားမားနှင့် ဂျပန်ဇင် ရဟန်းတော် များသည် သိက္ခာ ၅-၀ ရ၍ အသက် ၂၅-နှစ်မျှသာရှိသေးသော တောင်ပိုင်းသာသနာပြုအဖွဲ့ဝင် အကျွန်ုပ် ပညာဒီပကိုပင် ရှိခိုးဦးတင်ခြင်းအမှုကို ပြုလုပ်ကြသည်။

မဟာယာန ဂျပန်ဇင်ကျောင်းတော်ကြီးမှ ဂျပန်ဇင်ရဟန်းတော်များနှင့်အတူ ဝတ်လုံများ၊ ဒေါက်တာများ၊ ကျောင်းဆရာများစသည်ဖြင့် လူတန်းစား အလွှာစုံလည်း လိုက်ပါလာကြသည်။ယင်းတို့ကို သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်စေ၍ ရဟန်းပြုပေးလိုက်သည်။ ယင်း တိဗက်လားမားနှင့် ဂျပန်ရဟန်းတော်များအား သစ်မင်းကျောင်းများ၌ အသီးအသီး နေရာချထားကာ ဓုတင်များ ဆောက်တည်စေယင်း မဟာသတိပဋ္ဌာန်တရားတော်များကို ရှုမှတ်ပွားများစေသည်။

နေ့လယ်နေ့ခင်းများတွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် တိဗက်ရဟန်းတော်များနှင့် တပည့်များ၊ ဂျပန်ရဟန်းတော်များနှင့် တပည့်များအား တရားပြခြင်း၊ တရားစစ်ဆေးခြင်းအလုပ်များကို ကိုယ်တော်တိုင် ပြုလုပ်ဆောင်ရွက်တော်မူလေသည်။ အခြားသော ရဟန်းယောဂီများနှင့် လူယောဂီများကိုမူကား ပဓာနဆရာတော်ကသာ တရားစစ်ဆေးသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် "ခွေတင်ပလ္လင်၊ ထိုင်ခုံချင်၊ ကိုယ်လျှင် ဖြောင့်ဖြောင့်ထား"စသော တောင်ပုလု၏ဆောင်ပုဒ်ကလေးများကို နှုတ်တိုက်ချပေး၍ ရှုပွားစေသည်။

တိဗက်ရဟန်းတော်များနှင့် တပည့်များ၊ ဂျပန်ရဟန်းတော်များနှင့် တပည့်များကား ကျေးဇူးရှင်ဆရာတော်ဘုရား၏ ထံပါးတွင် နေ့လယ်နေ့ခင်းများ၌ တရားဆွေးနွေးနေတတ်ကြသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကလည်း အထူးစေတနာထား၍ တရားရှုပွားနည်းကိုသာမက ထေရဝါဒ ဝိနည်းတရားတော်များကိုပါ သင်ကြားပြသတော်မူလေသည်။

ထေရဝါဒသို့ ကူးပြောင်းလာကြသော တိဗက်ရဟန်းတော်များနှင့် ဂျပန်ရဟန်းတော်များမှာ မြန်မာရဟန်းတော်များနှင့် သင်္ကန်းရောင်နှင့် ဝတ်ရုံပုံ တူညီကြသော်လည်း ထေရဝါဒသို့ မကူးပြောင်းကြသူ အခြားရဟန်းတော်များကား သင်္ကန်းရောင်နှင့် ဝတ်ရုံပုံ အသွင်အပြင်ခြင်း မတူပဲ ရှိကြ၏။ တိဗက်ရဟန်းတော်များက သင်္ကန်း နီညိုရောင်ဖြစ်၍ ဂျပန်ဇင်ရဟန်းတော်များက သင်္ကန်း နက်ပြာရောင်များ ဖြစ်ကြသည်။

ဤနေ့ကား အမေရိကန်သို့ သာသနာပြုအဖွဲ့ ရောက်ခဲ့ပြီး လ ရက်များအနက် သာသနာပြုအဖွဲ့၏ အအောင်မြင်ဆုံးနေ့နှင့် အမေရိကန်တို့ စိတ်အဝင်စားဆုံးနေ့ ဖြစ်သည်ဟု ဆိုရချေမည်။ အကြောင်းသော်ကား သရဏဂုံနှင့် ငါးပါးသီလဆောက်တည်၍ ဗုဒ္ဓဘာသာသို့ ကူးပြောင်းသူပေါင်း ဤတနေ့တည်းမှာပင် ၂၀၀-ကျော်မျှ ရှိသောကြောင့်ပင် ဖြစ်၏။

တောင်ပုလုဂေါပကအဖွဲ့၏အစီရင်ခံစာတွင် ဗုဒ္ဓဘာသာသို့ကူးပြောင်းသူ အမေရိကန်စုစုပေါင်း ၈၀၀-ကျော် ရှိပြီဟု ဖော်ပြထားလေသည်။ သာသနာပြုခရီးကား စင်စစ်အောင်မြင်သော သာသနာပြု ခရီးပေတည်း။

## မက်ဆက်ချူးဆက်ပြည်နယ်မှ ဆရာတော်ကြီး ပြန်ရောက်ခြင်း

ကျန်ရစ်သည့် သာသနာ့ပြုအဖွဲ့ဝင်များသည် ဆန်ဖရန်စစ္စကိုလေဆိပ်သို့ ဆရာတော်ဘုရားကြီးအား အကြိုအထောက် ရောက်နေကြရ၏။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် နောက်ပါပဋ္ဌာနသမဏ အရှင်နာရဒနှင့်အတူ ဆန်ဖရန်စစ္စကိုမြို့နှင့် မိုင်ပေါင်း သုံးထောင်ဝေးသည့် မက်ဆက်ချူးဆက်ပြည်နယ်၊ ဘာရီမြို့သို့ အောက်တိုဘာလ ၁၀-ရက်နေ့က သာသနာ့ပြု ကြွရောက်တော်မူခဲ့ခြင်း ဖြစ်သည်။

ဤသို့ကြွရောက်တော်မူခြင်းမှာ ဘာရီမြို့ ဝိပဿနာအသင်းမှ ဓမ္မကထိကတဦးဖြစ်သူ ဂျက်ကားဖီးလ်က ဆန်ဖရန်စစ္စကိုမြို့သို့ လာရောက်၍ ဆရာတော်ဘုရားကြီးအား ဖူးမြော်ပြီးလျှင် ဘာရီမြို့၊ မိမိတို့ကမ္မဋ္ဌာန်းရိပ်သာသို့ ကြွရောက်ပါရန် ပင့်ဖိတ်ပန်ကြားခြင်းကြောင့် ဖြစ်ပေသည်။ ၎င်းကမ္မဋ္ဌာန်းရိပ်သာတွင် ပြည်နယ်အသီးသီးမှ လာရောက်ကာ ကမ္မဋ္ဌာန်းအလုပ်စခန်း ဝင်နေကြသော အမေရိကန် အမျိုးသား အမျိုးသမီး ၁၅၀-ခန့်ကို တရားချီးမြှင့်ပေးပါမည့်အကြောင်းကိုလည်း လျှောက်ထားတောင်းပန်ခဲ့သေးသည်။

ဆရာတော်ဘုရားကြီးသည် နောက်ပါအမေရိကန် ဦးပဥ္စင်း ဦးပုည (Bruce Mittedorf)ရှိနာဆာကား၊ အဲန်တေးချ်၊ ကပ္ပိယဦးမောင်မောင်တို့နှင့်အတူ ဆန်ဖရန်စစ္စကိုမှ ဘာရီမြို့သို့ လေယာဉ်ဖြင့် ကြွတော်မူသည်။ ဘော့စ်တန် လေဆိပ်သို့ အရောက်တွင် ဘာရီကမ္မဋ္ဌာန်းရိပ်သာမှ ဓမ္မကထိကများဖြစ်ကြသော ဂျိုးဇက်၊ ဂျက်၊ ဂျက်ကလင်းနှင့် ရှာရွန်တို့က ဦးဆောင်၍ ပန်းမွှေယာများ ခင်းကာ တရိုတသေ ကြိုဆိုပြီး သဒ္ဒါကြည်ညိုစွာ ကန်တော့ကြသည်။ လေဆိပ်မှ ဘာရီကမ္မဋ္ဌာန်းရိပ်သာသို့ ကားကြီးများဖြင့် ပင့်ဆောင်ကြသည်။ ဘာရီကမ္မဋ္ဌာန်းရိပ်သာမှာ ဧက ၈၀-ခန့်ကျယ်၍ ပတ်ဝန်းကျင်တောမြိုင်ယံတွင် မေပဲလ်ပင်များသည် နီမြန်းသော ကြေးစင်ရောင်မှ ဝါဝင်းသော ရွှေစင်ရောင်သို့ ပြောင်းလဲနေဆဲဖြစ်ပေရာ သဘာဝရှုခင်းသည် အထူးပင် လှပတင့်တယ်လျက် ရှိပေသည်။ ထိုလှပတင့်တယ်သော ရှုခင်းထဲတွင် ခမ်းနားဝင့်ထယ်သော အဆောက်အအုံကြီးများကိုလည်း တွေ့မြင်ရချေသည်။

ဘာရီကမ္မဌာန်းရိပ်သာသို့ ဆရာတော်ဘုရားကြီး ဆိုက်ရောက်သည့်အခါ အသင့်စောင့်ကြိုနေကြသော အလုပ်စခန်းဝင် အမေရိကန်ယောဂီများအား သရဏဂုံနှင့် သီလများပေးသည်။ ညစဉ် ဝိပဿနာတရားချီးမြှင့်၍ နေ့စဉ် နံနက်နှင့် နေ့လည် ၂-ကြိမ်၊ တကြိမ်လျှင် အမေရိကန်ယောဂီ ၂၅-ဦးခန့်ကို ဆရာတော်ဘုရားကြီးက တရားစစ်ဆေး၍ ရိနာဆာကာနှင့် ရိပ်သာခမ္မကထိကများက စကားပြန်အဖြစ် ဆောင်ရွက်ကြသည်။

ဆရာတော်ဘုရားကြီးသည် မက်ဆက်ချူးဆက်ပြည်နယ် ဘာရီမြို့တွင် သုံးရက်တာ သာသနာပြုပြီး လေးရက်မြောက်သည့် အောက်တိုဘာ ၁၄-ရက် နေ့တွင် ဆန်ဖရန်စစ္စကိုမြို့သို့ ပြန်လည်ဆိုက်ရောက်မည် ဖြစ်သည်။ ထို့ကြောင့် သာသနာပြုအဖွဲ့ဝင်များ ယခုကဲ့သို့ အကြိုအထောက် ရောက်ခဲ့ရခြင်း ဖြစ်လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဆန်ဖရန်စစ္စကို စံတော်ချိန် နေ့ ၂-နာရီတွင် ဆိုက်ရောက်လာ၏။ မက်ဆက်ချူးဆက် စံတော်ချိန်အနေဖြင့် ညနေ ၅-နာရီတိတိတွင် ဆန်ဖရန်စစ္စကိုသို့ ရောက်ရှိသည်ဟု ဆိုရသည်။ အကြောင်းသော်ကား မက်ဆက်ချူးဆက်ပြည်နယ် ဘာရီမြို့မှ နံနက် ၁၀-နာရီက ထွက်ခွာခဲ့သောကြောင့် ဖြစ်၏။

မက်ဆက်ချူးဆက်ပြည်နယ် ဘာရီမြို့တွင် သာသနာပြု လုပ်ငန်းများ ထမြောက်အောင်မြင်ပါကြောင်းနှင့် သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ် ခံယူကြသူများလည်း ရှိခဲ့ပါကြောင်းဖြင့် မက်ဆက်ချူးဆက် သာသနာပြုအဖွဲ့ထံမှ ခရီးရောက်မဆိုက် အစီရင်ခံသံ ကြားရ၍ နှစ်လိုအားရမ်း ဝမ်းပန်းတသာ ပီတိဖြာမိသည်။

မက်ဆက်ချူးဆက်ပြည်နယ်၏ ဘာသာရေးနောက်ခံသမိုင်းကြောင်းကို ပြန်လည်သုံးသပ်လျှင် ဤသို့ တွေ့မြင်ရ၏။ မက်ဆက်ချူးဆက်ပြည်နယ်သည် တရံရောအခါက အင်္ဂလိပ်ကိုလိုနီနယ် ၁၃-နယ်တွင် တနယ်အပါအဝင် ဖြစ်ခဲ့သည်။ ခရစ်နှစ် ၁၆၂၀-ပြည့်တွင် ပျူရီတန်ဂိုဏ်းဝင် အင်္ဂလိပ်လူမျိုး ယောကျ်ားမိန်းမတစုသည် အင်္ဂလိပ်အစိုးရ၏ ဘာသာရေး ဖိနှိပ်ချုပ်ချယ်မှုကို မခံမရပ်

နိုင်သောကြောင့် အင်္ဂလန်ပြည်မှ ထွက်ခွာခဲ့ပြီး မြောက်အမေရိကတိုက် အရှေ့ဖက်ကမ်းခြေရှိ မက်ဆက်ချူးဆက်ပြည်နယ်တွင် ကိုလိုနီတည်ထောင်၍ နေထိုင်ခဲ့သည်။

ပျူရီတန်ဂိုဏ်းကား မူလက ခရစ်ယာန်ရိုမန်ကက်သလစ် ဘာသာပင်ဖြစ်၏။ သို့ရာတွင် အင်္ဂလန်ပြည် ဘာသာရေး အရေးတော်ပုံများ ပေါ်ပေါက်လာပြီးနောက် ကလဗင်ဂိုဏ်းဟု ဂိုဏ်းကွဲတဂိုဏ်းပေါ်ပေါက်လာသည်။ ကလဗင်ဂိုဏ်းကား ဂျွန်ကလဗင်အမည်ရှိ ပုဂ္ဂိုလ်တဦး ခေါင်းဆောင်သော ဂိုဏ်းကို ခေါ်ဆိုခြင်းဖြစ်သည်။

နောင်သောအခါတွင် ကလဗင်ဂိုဏ်းသည်လည်း ပျူရီတန်ဂိုဏ်း၊ ဘက်ပတစ်ဂိုဏ်းခေါ် နှစ်ခြမ်းကွဲဂိုဏ်းဟူ၍ ဂိုဏ်းများ ကွဲပြားသွားပြန်၏။ ယခု မက်ဆက်ချူးဆက်ပြည်နယ်တွင် သန္ဓေတည်ခဲ့သော ဘာသာရေးဂိုဏ်းကား ကလဗင်ဂိုဏ်းမှ ခွဲထွက်ခဲ့သည့် ပျူရီတန်ဂိုဏ်းဖြစ်လေသည်။

ပျူရီတန်ဘာသာ အခြေခိုင်သော မက်ဆက်ချူးဆက်လို ပြည်နယ်မျိုးတွင် ဂေါတမဗုဒ္ဓသာသနာပြုအဖွဲ့၏ သာသနာပြု ကြိုးပမ်းမှုများ ထမြောက်အောင်မြင်ခဲ့သည်ဟု ကြားရ၍ ယင်းသို့ နှစ်လိုအားရမ်း ဝမ်းပန်းတသာ ပီတိဖြာလေတော့သည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်ကပင် မက်ဆက်ချူးဆက်ပြည်နယ် ဘာရီမြို့တွင် သာသနာပြုလုပ်ငန်းဆိုင်ရာများ အားရကျေနပ်ဖွယ်ကောင်းလှကြောင်း အမိန့်ရှိရာ ပို၍ ဝမ်းပန်းတသာ ပီတိဖြာမိရပေ၏။ ထိုနေ့က ၂-နာရီ မိနစ် ၂၁-တွင် တောင်ပုလု ကမ္ဘာ့အေးခမ္မရိပ်သာသို့ ပြန်လည်ဆိုက်ရောက်ခဲ့ကြသည်။

တိဗက် ရဟန်းတော်နှင့် တပည့်များ ဂျပန်ရဟန်းတော်နှင့် တပည့်များလည်း လာရောက် ဖူးမြော် ကန်တော့ကြ၏။ မက်ဆက်ချူးဆက် ပြည်နယ် ဘာရီမြို့သို့ တောင်ပုလု သာသနာပြုအဖွဲ့ တဖွဲ့လုံး ကြွရောက် သာသနာပြုရန်ဖြစ်သော်လည်း ရိပ်သာတွင် တိဗက်နှင့် ဂျပန်ရဟန်းတော်များ ရှိနေ၍ သာသနာပြုအဖွဲ့ဝင်အချို့ နောက်ချန်နေရစ်ခဲ့ခြင်းဖြစ်လေသည်။

## ဝါရှင်တန်သို့ သာသနာပြုခရီး
## ဒင့်ဗားရှ်မြို့သို့ ရောက်

အောက်တိုဘာ ၁၈–ရက်နေ့တွင် သာသနာပြုအဖွဲ့ ဆန်ဖရန်စစ္စကို လေဆိပ်သို့ ထပ်မံရောက်ကြရပြန်၏။ ဝါရှင်တန်မြို့သို့ သာသနာပြုခရီးဆန့်ရန် ဖြစ်ပေသည်။ တောင်ပုလု သာသနာပြုအဖွဲ့ ဝါကျွတ်ရန် ရက်ပေါင်း ၂၀-မျှ လိုသေး၍ ဝါပန်ထွက်ခဲ့ကြရ၏။ သာသနာပြုအဖွဲ့ဝင် ဆရာတော်များ အားလုံး စုံညီစွာ လိုက်ပါလာကြသည်။

ဥပါသကာ အဖွဲ့ဝင်များအဖြစ် ကပ္ပိယ ဦးမောင်မောင်၊ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာ ဥက္ကဋ္ဌများဖြစ်သည့် တောင်ဝီလီယံစ်၊ ဒေါက်တာရီးနာ ဆာကား၊ ဒု-ဥက္ကဋ္ဌဖြစ်သည့် မိုးရှိရ်မက်ကွယ်ယားဓေါ်ရဒေသူမကလေး ဒေါ်ပီလာသီ၊ ဒေါက်တာဂေါသီ မစ္စပူဘူး၊ ဦးချစ်ထွန်းနှင့် ဒေါ်ခင်ယွေးတို့လိုက်ပါ လာကြသည်။

ဝါရှင်တန်သို့ သာသနာပြုအဖွဲ့ သာသနာပြု ကြွရခြင်း အကြောင်းကား ဝါရှင်တန် ဗုဒ္ဓဝိဟာရမှ ဦးပိယနန္ဒနှင့် ဦးဂုဏရတနတို့ ဦးဆောင်ကာ ဝါရှင်တန်ရှိ ဗုဒ္ဓဘာသာအမေရိကန်တို့၏ ဖိတ်မန့်ချက်ကြောင့် ကြွရခြင်းဖြစ်ပေ သည်။ ဦးပိယနန္ဒနှင့် ဦးဂုဏရတနတို့ကား သီဟိုဠ် ရဟန်းတော်များဖြစ်၍ ထေရဝါဒ ဗုဒ္ဓဘာသာရဟန်းတော်များ ဖြစ်လေသည်။

ညဉ့် ၁၀-နာရီတွင် ဆန်ဖရန်စစ္စကိုလေဆိပ်မှ ထွက်ခွာခဲ့ကြ၏။ ခရီးစဉ်ကား ညခရီးစဉ်ဖြစ်၏။ အထက်စီးမှမြင်နေရသော ဆန်ဖရန်စစ္စကို၏ ညဉ့်ရှုခင်း၊ ကာလီဖိုးနီးယား ပြည်နယ်၏ ညဉ့်ရှုခင်းများမှာ မီးခင်းပွဲတော်ကြီး ပမာ သာယာလှပပေသည်။ သို့ရာတွင် သာယာလှပသောညဉ့်ရှုခင်းသာများ သည် တဒင်္ဂအတွင်းမှာပင် မှောင်ချခံလိုက်ရသည်။

လေယာဉ်ကြီးတိမ်တောင်တိမ်လိပ်များအကြား ရောက်သည်နှင့်တပြိုင် နက် ယင်းရှုခင်းသာများက လေယာဉ်ခရီးသည် အားလုံးအားနောက်ကျောခိုင်းသွား ကြလေပြီ။ လေယာဉ်ပေါ်တွင် မီးများထိန်ညီးနေသလောက်အပြင်လောကတွင်

အမှောင်ထုက စိုးမိုးလျက်ရှိသည်။ လေယာဉ်ဝေဟင်ရောက်သည်နှင့် တပြိုင်နက် မိမိ၏စိတ်သည် ထိုင်းမှိုင်းသထက် ထိုင်းမှိုင်းလာကာ အိပ်မောကျဘိသို့ ခံစားလိုက်ရ၏။

မည်၍မည်မျှ အိပ်မောကျသွားသည် မသိ။ လေယာဉ် ငြိမ့်ကနဲဖြစ်၍ လန့်ဖျပ်နိုးလာမှပင် သတိများ ပြန်လည်သက်ဝင်လာတော့၏။ ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ လူများ လှုပ်လှုပ်ရှရှဖြစ်နေသည်ကို တွေ့ရှိရသည်။ လေယာဉ် ဆိုက်ကပ်နေကြောင်းကိုလည်း သဘောပေါက်မိ၏။ အနီးရှိ တောင်စီလီယံ့ဖ်ကို မေးကြည့်ရာ ဒင့်ဗားရ်မြို့ လေယာဉ်ကွင်းသို့ ခေတ္တတဖြောက် ဆိုက်ကပ်ကြောင်း သိရှိရလေသည်။

ဒင့်ဗားရ်မြို့ဆင်းမည့် လေယာဉ်ခရီးသည်များ ကိုယ့်အလုပ်အပိုးများကိုယ်ဆွဲ၍ ဆင်းသွားကြသည်။ အချို့ ခရီးသည်များ အပြင်ထွက်ကြသော်လည်း သာသနာပြုအဖွဲ့မှုကား နေရာမပျက် ရှိနေ၏။ အပြင်လောကကို စူးစမ်းယောက်လှမ်းသော်လည်း အလင်းရောင် ပျံ့နှံ့ရာ အရပ်များလောက်သာ စူးစမ်းထောက်လှမ်းလို့ရသည်။ ဟန်ဖရန်စစ္စကို စံတော်ချိန် ညဉ့် ၁၂-နာရီ ၄၅-မိနစ်မျှရှိနေပြီဖြစ်၍ လေယာဉ်လုပ်သားနှင့် ခရီးသည်များမှအပ အခြားရုပ်ဝတ္ထုများ၏ လှုပ်ရှားမှု တစုံတရာ မရှိချေ။

၅-မိနစ်မျှ ခရီးသည်များ ချအပြီးတွင် ဝါရှင်တန်သို့ လေယာဉ် ဆက်လက် ထွက်ခွာလာခဲ့သည်။ ဒင့်ဗားရ်မြို့ကား ခါးလိုရဒိုပြည်နယ်တွင် ပါဝင်သည်ဟု သိရှိခဲ့ရသည်။

**ဒါလပ်စ်မှ အကြိုတော်များ**

တလမ်းလုံး တညလုံး အမှောင်ဖုံးလျက်ရှိခဲ့ရာ ဝါရှင်တန်၏ အရုဏ်ရောင်နီဦးကို ငေးမောမျှော်ယင်း လိုက်ပါလာခဲ့ရ၏။ သို့ရာတွင် ဝါရှင်တန် အပြည်ပြည်ဆိုင်ရာ ဒါးလပ်စ်လေယာဉ်ကွင်းသို့အရောက်တွင် မိုးရွာသွန်းစဉ်နှင့် ကြုံရသဖြင့် ရင်မောသွားရပြန်သည်။ ဝါရှင်တန်၏ အရုဏ်ဦးကား မည်းရုံတွင်မက သည်းပင် သည်းလာလိုက်ချေသေးသည်။ သာသနာပြု အဖွဲ့လည်း

လေယာဉ်လှေကားနှင့် တပြေးညီ ဆိုက်ကပ်ထားသည့်ကားပေါ်သို့ တက်ခဲ့ရတော့သည်။

သာသနာပြုအဖွဲ့မှာ လမ်းမသာသော်လည်း ဝမ်းကတော့ မဟာလှပါ။ အဘယ့်ကြောင့်ဆိုသော် ဆန်ဖရန်စစ္စကို စံတော်ချိန် နံနက် ၃-နာရီ ၁၅-မိနစ်၊ ဝါရှင်တန်စံတော်ချိန် နံနက် ၅-နာရီတိတိတွင် လေယာဉ်ပေါ်၌ပင် နံနက်စာ ဆွမ်းဘုဉ်း ပေးခဲ့ပြီးဖြစ်သောကြောင့်ပေတည်း။

ဆန်ဖရန်စစ္စကိုနှင့် ဝါရှင်တန်ကား ၂-နာရီကွာ၏။ ဆန်ဖရန်စစ္စကိုက ၂-နာရီနောက်ကျ၏။ ဝါရှင်တန်ကား အရှေ့ဖက် အတ္တလန္တိတ် သမုဒ္ဒရာ ကမ်းခြေတွင်ရှိ၍ ဆန်ဖရန်စစ္စကိုကား အနောက်ဖက် ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေတွင် ရှိသည်။ ယို့ကြောင့် ဝါရှင်တန်က နေကို ဦးစွာတွေ့မြင်ရပြီး ဆန်ဖရန်စစ္စကိုက နေကို နောက်မှတွေ့မြင်ရသည်။ ယို့ကြောင့် ဆန်ဖရန်စစ္စကိုက နာရီနောက်ကျရခြင်း ဖြစ်သည်။

လေယာဉ်သက်ဆင်းပြီးဖြစ်သော်လည်း မြန်မာသာသနာပြု အဖွဲ့အား လာရောက်အကြိုထောက်သူဟူ၍ တယောက်တလေမျှ မတွေ့ရပဲ ရွှေမိုးညိုနှင့် ခိုကိုးစရာအဖြစ် မော်တော်ကားကြီးတစီးသာ တွေ့ရသည်။ စုံစမ်းကြည့်ရာ ဝါရှင်တန်တွင် ယခု ဒါးလပ်စ်လေယာဉ်ကွင်းနှင့်ပါ လေယာဉ်ကွင်း သုံးကွင်း ရှိကြောင်း လေဆိပ်နှင့် လေယာဉ်ကွင်းမှာ တခြားစီသာ ဖြစ်ကြောင်းများနှင့် ယခုကားဖြင့် လေဆိပ်သို့ ပို့ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

မှန်ပါသည်။ ဝါရှင်တန်စံတော်ချိန် နံနက် ၈-နာရီ၊ မိနစ် ၂၀-တွင် လေဆိပ်သို့ ရောက်ရှိသွားရာ မြန်မာသာသနာပြုအဖွဲ့၏ အကြိုတော်များကို ကောင်းစွာတွေ့ရှိရသည်။ ဝါရှင်တန် အကြိုတော်အဖွဲ့၏ ဦးဆောင်ပုဂ္ဂိုလ်များကား သီဟိုဠ်ဆရာတော် ဦးပိယနန္ဒနှင့် ဆရာတော် ဦးဂုဏရတနတို့ဖြစ်သည်။ ဆရာတော်ဦးပိယနန္ဒက သိက္ခာတော် ၄၅-ဝါရရှိပြီး ဆရာတော် ဦးဂုဏရတနက သိက္ခာတော် ၃၅-ပါ ရရှိလေသည်။ ဆရာတော်ကြီး ၂-ပါးကား ကျေးဇူးရှင် တောင်ပုလုဆရာတော်ကြီးမှလွဲလျှင် မြန်မာသာသနာပြုအဖွဲ့ဝင် သာစည်ဆရာတော် ပခုက္ကူဆရာတော်များနှင့် အသက်အားဖြင့် မတိမ်း

မယိမ်းပင် ဖြစ်ကြသည်။ အသက်အားဖြင့် ကြီးရင့်ချိန် ရောက်ကြသော်လည်း ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီးနည်းတူ ဂေါ်ဘမ ဗုဒ္ဓသာသနာ ကမ္ဘာတဝန်း စည်ပင်ပြန့်ပွားရေးအတွက် တက်တက်ကြွကြွ ဆောင်ရွက်တော်မူကြသည်ကို အားရဖွယ်ရာ တွေ့ရှိရသည်။

ယင်းဆရာတော် ၂-ပါးနှင့်အတူ ဝါရှင်တန် ဗုဒ္ဓဝိဟာရ၏ ဒါရိုက်တာ လူပုဂ္ဂိုလ်များလည်း ကြိုဆိုရေးအဖွဲ့တွင် ပါဝင်သည်ကို တွေ့ရှိရသည်။ မိုးရွာပြီ ရွာသွန်းနေသဖြင့် ကြိုဆိုရေးအခမ်းအနားကို သိသင့်ကျင်းပနိုင်ခြင်း မရှိပဲ အသင့် စီစဉ်ထားသော ကားများဖြင့် ဝါရှင်တန်ဗုဒ္ဓဝိဟာရသို့ ဆက်လက် ထွက်ခွာခဲ့ကြသည်။ အောက်တိုဘာ ၁၉-ရက်နေ့ ဝါရှင်တန် စံတော်ချိန် နံနက် ၈-နာရီ၊ မိနစ် ၃၀-တွင် ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းသို့ သာသနာပြု အဖွဲ့ ချောမောစွာ ရောက်ရှိသွားကြသည်။

## ဝါရှင်တန် ဗုဒ္ဓဝိဟာရ

ဝါရှင်တန် ဗုဒ္ဓဝိဟာရသို့ အမ် ဒဗလျူ ၁၆-လမ်းအတိုင်း ဝင်ကြရသည်။ ဝါရှင်တန် ဗုဒ္ဓဝိဟာရအရှေ့ဘက် မိုးဖွဲ့ကားသားအောက်တွင် ဝါရှင်တန် တဝိုက်မှ ဗုဒ္ဓဘာသာ အမေရိကန်သူတော်စင်များ၊ စာနယ်ဇင်းဌာန အသီး အသီးမှ ပုဂ္ဂိုလ်များ၊ ပြန်ကြားရေးဌာနမှပုဂ္ဂိုလ်များနှင့် အမေရိကန်V.O.A, အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှ ပုဂ္ဂိုလ်များကို တွေ့ရှိရသည်။

ယင်းပရိသတ်များထဲတွင် အရှင်ဝိမလညာဏအမည်ရှိ ဂျာမန်ရဟန်းတပါး ကိုလည်း ထူးထူးခြားခြား တွေ့မြင်ရသည်။ အရှင်ဝိမလညာဏသည် သာသနာပြုအဖွဲ့နှင့် ဗုဒ္ဓဘာသာ သွေးချင်းတော်စပ်ရုံမျှမက ထေရဝါဒချင်း တူမျှ နေသဖြင့်လည်း သွေးချင်းအရင်းအချာ ဖြစ်နေပေသည်။ မြန်မာသာသနာပြု အဖွဲ့ကို ဝါရှင်တန်ဗုဒ္ဓဝိဟာရ ကျောင်းတော်၏ အထက်ထပ်တွင် နေရာချထား ပေးလေသည်။

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး ဦးဆောင်သော မြန်မာနိုင်ငံ တောင်ပုလုသာသနာပြုအဖွဲ့ အမေရိကန်

ရှင်တန်မြို့ ဝါရှင်တန်ဗုဒ္ဓဝိဟာရသို့ ရောက်ရှိလာခြင်းနှင့် ပတ်သက်၍ တပတ်သုံးကြိမ်ထုတ် ဝါရှင်တန် ဗုဒ္ဓဘာသာစာစောင် အယ်ဒီတာက သူ၏ အယ်ဒီတာအာဘော်ခန်းတွင် ဗုဒ္ဓဘာသာ အမေရိကန်များသို့ အစီရင်ခံထားပေရာ ယင်းမှ ကောက်နုတ်ချက် အချို့ကို တင်ပြလိုပါသည်။

"ဝိဟာရကျောင်းတော်ရှိ ပုဂ္ဂိုလ်အားလုံးအတွက် တောင်ပုလု ဆရာတော်နှင့်အဖွဲ့ ကြွရောက်လာခြင်းမှာ ဝိဟာရကျောင်းတော်၏ သမိုင်းတွင် အမိကကျသော ဖြစ်ရပ်တခုဟု ဆိုရပေမည်။ မြန်မာ အုပ်စုမှ ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်အတော်များများသည် ဤကဲ့သို့ ဆရာတော်နှင့်အဖွဲ့ကြွရောက်လာဖြစ်အောင်အကောင်အထည်ဖော်ရာ၌ အလှူငွေများစွာကို ထည့်ဝင်ခဲ့ကြပါသည်။ အထူးသဖြင့် မြန်မာအုပ်စု၏ ကြိုးပမ်းမှုကြောင့် ဆရာတော်နှင့်အဖွဲ့ ယခုလို ကြွရောက်လာခြင်းသည် ပြိုင်ဘက်မရှိ အလွန်အကျိုး ထူးမြားကောင်းမြတ်သော မင်္ဂလာ ဖြစ်ပေသည်"—

ဟု ဖော်ပြ အစီရင်ခံထားပေသည်။

ဝါရှင်တန် ဗုဒ္ဓဘာသာ စာစောင်၏ ဖော်ပြချက်ကို ကောက်နုတ်ခြင်းအားဖြင့် ဝါရှင်တန် ဗုဒ္ဓဝိဟာရသို့ မြန်မာနိုင်ငံ တောင်ပုလုသာသနာပြုအဖွဲ့ ကြွရောက်လာခြင်းကို အဘယ်မျှ ဝမ်းမြောက်ကြိုဆိုထားကြောင်း ဗုဒ္ဓဘာသာ သူတော်စင်အားလုံး ခန့်မှန်းနိုင်ကြမည် ဖြစ်သည်။ ဤဝါရှင်တန် ဗုဒ္ဓဝိဟာရအရောက် သီဟိုဠ်ဆရာတော်ကြီးများနှင့် ဗုဒ္ဓဘာသာအမေရိကန်တို့၏ နှုတ်ခွန်းဆက် စကားများကလည်း သာသနာပြု အဖွဲ့၏ အေးလာသော ရွှေရင်တော်ကို နွေးထွေးစေပါတော့သည်။

ဆရာတော်ဘုရားများ မကြွလာမီ သုံးလေးရက်လောက်က ဝါရှင်တန်တွင် နှင်းများဆန်လာပြီး အအေးဓာတ်ပိုကာ ရေများပင် ခဲခဲ့ပါကြောင်း၊ ဆရာတော်ဘုရားများ ဝါရှင်တန်လေဆိပ်မှ ကျောင်းတော်သို့တိုင်အောင် မိုးထဲရေထဲမှ ကြွလာရပါသော်လည်း ကျောင်း

တော်သို့ ရောက်သည့်အခါ မိုးစဲရုံမျှမက နေကိုပင် လုံးဝမြင်ရသည့် အထိ ထူးခြားလှပါကြောင်း”–

ဟူသော နှုတ်ခွန်းဆက်စကားကို ရိုသေစွာ လျှောက်ထားလေသည်။

ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းထိုင် ဆရာတော်များဖြစ်သည့် သီဟိုဠ်ဆရာတော်များ ချထားအပ်သော နေရာများတွင် မြန်မာနိုင်ငံ တောင်ပုလုသာသနာပြုအဖွဲ့က အသီးသီး နေရာယူလိုက်ကြ၏။ မြန်မာသာသနာပြုအဖွဲ့ခရီးရောက်မဆိုက် ယက်တကမ်းမျှသာ လိုတော့သည့် နံနက် ၉-နာရီအချိန်တွင် V.O.A အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှ အချိန်မီ အသံလွှင့်နိုင်ရန် သက်ဆိုင်ရာပုဂ္ဂိုလ်များအား သတင်းဦးများ ကမ်းလှမ်းလိုက်၏။ ထို့ပြင် ဝါရှင်တန် ဗုဒ္ဓဝိဟာရတွင် မြန်မာသာသနာပြုအဖွဲ့ သာသနာရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် အကြမ်းဖျင်းကိုလည်း ရေးဆွဲပေးလိုက်၏။

အမေရိကန် နေ့အခါသည် မြန်မာနိုင်ငံ ညအခါဖြစ်ရကား V.O.A အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှ မြန်မာသာသနာပြုအဖွဲ့နှင့်သက်ဆိုင်သော သတင်းကြေငြာချက်များကို မြန်မာနိုင်ငံ၌ ညအခါတွင် ဖမ်းယူ နားဆင်နိုင်ကြမည် ဖြစ်ပေ၏။ နံနက် ၉-နာရီ ၁၅-မိနစ်တွင် V.O.A အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှ မြန်မာသာသနာပြုအဖွဲ့နှင့် သက်ဆိုင်ရသော သတင်းကြေငြာချက်ကို ဝါရှင်တန် ဗုဒ္ဓဝိဟာရရှိ ရေဒီယိုမှ ဤသို့ဖမ်းယူ နားဆင်မိကြရသည်–

“တောင်ပုလုဆရာတော်နှင့်အဖွဲ့ အမေရိကန်သို့ ရောက်ရှိလာခြင်း။ မြန်မာနိုင်ငံမှ ခေတ္တခဏ ကြွရောက်လာပြီး အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့အနီး ပူါလိုအာတိုမြို့တွင် ဝါကပ်သီတင်းသုံး နေတော်မူကြသော တောင်ပုလုတောရ ကမ္ဘာအေးဆရာတော် ဦးနန္ဒိယ၊ ဆရာတော်ဦးနန္ဒောဘာသ၊ ဆရာတော်ဦးသူရိယ၊ ဆရာတော်ဦးနာရဒ၊ ဆရာတော် ဦးပညာဒီပတည်းဟူသော သံဃာတော် ငါးပါးတို့နှင့် အဖွဲ့သည် ယနေ့နံနက် ၇-နာရီ ၃-မိနစ်အချိန်တွင် ဝါရှင်တန်မြို့တော်၌ ရက်သတ္တတပတ်ကြာ သီတင်းသုံးတော်မူရန်အတွက် ဒါးလပ်စ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်ရှိခဲ့ကြပါသည်။

"တောင်ပုလု ဆရာတော်နှင့် အခြားဆရာတော် လေးပါးတို့သည် ဝါရှင်တန်မြို့ ဗုဒ္ဓဝိဟာရ အသင်းတည်ရှိရာ ဝါရှင်တန် ဗုဒ္ဓဝိဟာရ တရားကျောင်းတွင် သီတင်းသုံးကြမည် ဖြစ်ပါသည်။

"သီဟိုဠ်ဆရာတော် ဦးပိယနန္ဒနှင့် ဆရာတော် ဦးဂုဏရတနတို့ ဦးစီးသည့် ယင်းဗုဒ္ဓဝိဟာရအသင်းတွင် ဝါရှင်တန်တဝိုက်မှ ဗုဒ္ဓဘာသာဝင်များသည် အရဏ်ဆွမ်းကပ်ခြင်း၊ နေ့ဆွမ်းကပ်ခြင်း၊ ငါးပါးသီလခံယူခြင်း၊ ဓမ္မတရားတော်များ ကြားနာခြင်းတို့ကို နေ့စဉ်နံနက် ၄-နာရီခွဲမှ စတင်ပြီး ည ၇-နာရီခွဲအထိ ပြုလုပ်ကြရန် အစီအစဉ်များ ရေးဆွဲထားပါသည်။"[၁]

ဤကား V.O.A အသံလွှင့်ဌာန၊ မြန်မာပိုင်းအစီအစဉ်က ထုတ်လွှင့်လိုက်သည့် မြန်မာနိုင်ငံတောင်ပုလု သာသနာပြုအဖွဲ့၏ သတင်းဦး ကြေငြာချက်ဖြစ်သည်။ ဝါရှင်တန်ဗုဒ္ဓဝိဟာရသည် V.O.A အသံလွှင့်ဌာနက ထုတ်လွှင့်သလို အာရှနှင့် အမေရိကန် ဗုဒ္ဓဘာသာလူမျိုးစုတို့၏ အသင်းတိုက်ကြီးတခု ဖြစ်သည်။

သီဟိုဠ်၊ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ အမေရိကန်စသည်ဖြင့် ဗုဒ္ဓဘာသာလူမျိုးစုအားလုံး ပါဝင်ဖွဲ့စည်းထားသော ဗုဒ္ဓဘာသာ အသင်းကြီး၏ တည်ရာဖြစ်သည်။ ယင်းအသင်းကြီးကို သီဟိုဠ်ဆရာတော် ဦးပိယနန္ဒနှင့် ဦးဂုဏရတနတို့က ဦးဆောင်ဦးရွက်ပြုထားပေသည်။

တနည်းဆိုရသော် ဗုဒ္ဓဘာသာယဉ်ကျေးမှုများနှင့် ပတ်သက်သော ယဉ်ကျေးမှုအားလုံးကို ယင်းအသင်းကြီးက တာဝန်ယူသင်ကြားပို့ချ ပြသပေးသည်ဖြစ်ရာ ယင်းဝါရှင်တန် ဗုဒ္ဓဝိဟာရကို "ဗုဒ္ဓဘာသာ မဟာဝိဇ္ဇာယတန" ဟူ၍ ခေါ်ဆိုနိုင်ပေ၏။ ဂေါတမဗုဒ္ဓဘုရားတော်များ ဟောကြားရာဖြစ်ခြင်းကြောင့် "ပဟာဓမ္မသာလာ"ဟူ၍လည်း ခေါ်ဆိုနိုင်ပြန်သည်။

---

၁။ ၁၉-၁၀-၇၀ နေ့ည အသံလွှင့်ဌာန မြန်မာပိုင်းအစီအစဉ်မှ။

အမေရိကန်နိုင်ငံတွင် ကာလီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့ရှိ ပါမောက္ခနှင့် ဓမ္မကထိက ဒေါက်တာ ရီနာဆာကား၏ ကာလီဖိုးနီးယားတက္ကသိုလ်၊ ဝါရှင်တန်ရှိ သီဟိုဠ်ဆရာတော် ဦးပိယနန္ဒနှင့် ဦးဂုဏရတနတို့ ဦးစီးသည့် ယခုဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်တို့ကား ဗုဒ္ဓဘာသာ ထေရဝါဒ အတွက် အားတက်စရာကြီးများ ဖြစ်နေပေသည်။

အခန်းအောင်း အညောင်းဆန့်လိုက်၍ နေကိုမမြင်ရသော်လည်း နာရီလက်တန်များက ၁၀-နာရီခွဲပြီဖြစ်ကြောင်းကို ပြသလျက်ရှိနေပေရာ ဆွမ်းဘုဉ်းပေးကြရတော့သည်။ သီဟိုဠ်ဆရာတော်များနှင့် ဂျာမန်ဆရာတော်များက မိမိတို့ဘုဉ်းပေးနေကျ ပန်းကန်ပြားများဖြင့် ဘုဉ်းပေးကြ၍ မြန်မာသာသနာပြုအဖွဲ့မှာမူ မိမိတို့၏ ဖွားဖက်တော် သပိတ်ဖြင့်ပင် ဘုဉ်းပေးလိုက်ကြသည်။ သွေးချင်းရဟန်းတော်များက မြန်မာသာသနာပြုအဖွဲ့အား အလွန်နှစ်ခြိုက်သဘောကျနေကြသည်။

## သီဟိုဠ်အမွေနှင့် အချင်ဂုဏဘိုလက်ဘရ

သီဟိုဠ်ရဟန်းတော်များကား သာသနာပြုအဖွဲ့နှင့် ထေရဝါဒဗုဒ္ဓဘာသာချင်းတူညီကြသော်လည်း ဆင်ယင်ထုံးဖွဲ့မှုချင်းက မတူဖြစ်ကြရပြန်သည်။ သွေးချင်းသီဟိုဠ်ရဟန်းတော်များတွင် သက်နှံးရောင်ဆွယ်တာလက်ရှည် လက်တိုဦးထုပ် ခေါင်းစွပ်အမျိုးမျိုး၊ ခြေအိတ်အမျိုးမျိုးနှင့် ရှူးဖိနပ်အမျိုးမျိုးပါ ဆင်ယင်ထုံးဖွဲ့ထားကြသည်။

အနှီသို့သော ဆင်ယင်ထုံးဖွဲ့မှုများအပြင် သက်နှံးရောင်လုံးဝမဟုတ်သော ကွတ်အင်္ကျီနှင့် ခြေဖျားအထိရှည်သော လောင်းကွတ်ကြီးများကိုလည်း ဝတ်ဆင်အသုံးပြုကြသည်။ နေ့ဆွမ်းကိုလည်း နေ့ ၁-နာရီအထိ ဘုဉ်းပေးသောဟူ၏။

သွေးချင်းသီဟိုဠ်ရဟန်းတော်များ၏ ဦးထုပ်များကို တွေ့မြင်ရသဖြင့် အင်းဝခေတ်နှောင်းမှ ဖြစ်ကြောင်းကလေးများကို စိတ်အာရုံတွင် ထင်ယောင်မြင်ယောင်လာသည်။ အင်းဝခေတ်နှောင်း၏ ဖြစ်ရပ်ဟောင်းကလေးများကား ဤသို့ဖြစ်သည်။

အချိန်ကား သက္ကရာဇ် ၁၀၆၀-ပြည့်နှစ်၊ ဝမ်းဘဲအင်းစံမင်းကြီး သားတော် မာရ်အောင်ရတနာစနေမင်း အင်းဝရွှေနန်းတော်ကို သိမ်းမြန်းစ ဖြစ်သည်။ ယင်းအချိန်၌ မြန်မာသာသနာရေးလောကတွင် တခါဘူးမျှမပေါ် ပေါက်ခဲ့ဘူးသည့် သာသနာ့ အရေးအခင်းကြီးတခုသည် နေပြည်တော်အင်းဝ တွင် ကောက်ရိုးမီးမြိုက်သကဲ့သို့တဟုန်တိုး ပေါ်ပေါက်လာသျက် ရှိသည်[၁]။

ယင်းအရေးအခင်းကြီးကား ကောက်ရိုးမီးမြိုက်သကဲ့သို့ဟု ဆိုရသော် လည်း စင်စစ်အားဖြင့် သက္ကရာဇ် ၁၀၆၀-ပြည့်နှစ်မှ သက္ကရာဇ် ၁၁၄၆-ခု နှစ်၊ ဘိုးတော်လက်ထက်တိုင်အောင် နှစ်ပေါင်း ၈၀-ကျော်မျှ ကြီးစိုးသွား ခဲ့သော အရေးအခင်းကြီးတခု ဖြစ်ချေသည်။ ယင်းအရေးအခင်းကြီးကို စတင် ဖန်တီးသူကား ယခင်မြစ်ကိုင်းရွာ (ယခုပခုက္ကူ) သားကြီးဖြစ်သည့် အရှင်ဂု ဏာဘိလင်္ကာရပင် ဖြစ်လေသည်။ အရှင်ဂုဏာဘိလင်္ကာရသည် ယင်းမြစ်ကိုင်း ရွာ၌ သက္ကရာဇ် ၁၀၀၁-ခုနှစ်တွင် ဖွားမြင်ခဲ့၍ သက္ကရာဇ် ၁၀၂၁-ခုနှစ်တွင် ရဟန်းဖြစ်ခဲ့လေသည်[၂]။

ရဟန်းဖြစ်ပြီးနောက် ဗန္ဓုကျိဆယ်တိုက်အဝင် တုံရွာတွင်နေထိုင်ခဲ့ဘူးရာ ယင်းရွာကို အစွဲပြု၍ အရှင်ဂုဏာဘိလင်္ကာရသည် သာသနာ့ လောကနှင့် မြန်မာစာပေလောကတွင် “တုံဘုန်းကြီး”ဟူ၍လည်း ကျော်ကြားခဲ့သူဖြစ်လေ သည်။ အရှင်ဂုဏာဘိလင်္ကာရခေါ် တုံဘုန်းကြီး တီထွင်ဆန်းသစ်သောဂိုဏ်း ကိုလည်း “တုံဂိုဏ်း”ဟူ၍လည်းကောင်း၊ တုံတောနေဂိုဏ်း” ဟူ၍လည်းကောင်း အတင်ဂိုဏ်းဟူ၍လည်းကောင်း မြန်မာသာသနာဝင်နှင့် မြန်မာရာဇဝင် တို့က ဖော်ပြလာခဲ့ကြသည်။

ယင်းသို့ တီထွင်ဆန်းသစ်၍ သမိုင်းဆရာများက အသိအမှတ် ပြုလာရ လောက်အောင်ကလည်း အရှင်ဂုဏာဘိလင်္ကာရသည် ယင်းခေတ်၏ သမိုင်း ရေစီးကြောင်းများဖြစ်သော စကားပြေကျမ်းများနှင့် ပျို့ကဗျာများကိုရေး သားပြုစုခဲ့ပေသည်။သက္ကရာဇ် ၁၀၆၄-ခုနှစ်တွင် “နတ်နှင့်တကွသော” အစချီ

---

၁။ သုခသာမိတမဟာရာဇဝင်၊တ-တွဲ၊ ၂၉၈။
၂။ မဟာဋ္ဌါရနိကာယ၊ ၂၈၆။

သည့် အစိန္တေယျ လေးပါးဝတ္ထုကျမ်းကိုလည်းကောင်း၊ သက္ကရာဇ် ၁၀၉၃-ခုနှစ်တွင် "လောကဗောဓိ၊ တုမရှိသား" အစချီသည့် ရွှေပြည်ဝင်ပျို့ကြီးကိုလည်းကောင်း၊ သက္ကရာဇ် ၁၀၉၈-ခုနှစ်တွင် "အဟံ၊ ငါသည်။ ရတနတ္တယံ၊ ရတနာသုံးပါးတို့၏ အပေါင်းကို" အစချီသည့် ပုစ္ဆာဝိသဇ္ဇနာ ကျမ်းကိုလည်းကောင်း ရေးသားပြုစုခဲ့ပေရာ ကျမ်းပြုအကျော်နှင့် စာဆိုတော်တဦးပင်ဖြစ်လေသည်။

အရှင်ဂုဏာဘိလင်္ကာရ၏ တီထွင်သော ဝါဒကား ယခုလက်ရှိ ရဟန်းသာမဏေများ လက်ျာပုခုံး တဖက်ဖော်ဝတ်ရုံနည်းတွင် ဒုကုဋ်သင်္ကန်းပမာဏ်မှ ကင်းသော အလျားသုံးတောင်၊ အနံတတောင်ရှိ သင်္ကန်းငယ်ကို လက်ဝဲပုခုံးပေါ်သို့ ရှေ့နောက်တစစီ ကျစေကာ တင်ထားရသည်။ တဖန် အလျားနှစ်တောင်၊ အနံလက်ရှစ်သစ်ရှိ သင်္ကန်းငယ်ဖြင့် ယခင်ရှေ့နောက် တစစီ ကျလျက်ရှိသော သင်္ကန်းမကျရုံ နုတ်ကတော်များ ရင်စီးသကဲ့သို့ ရှေ့ရင်ဘတ်ပေါ်တွင် နှစ်စထွက် ဘွဲ့ချည်ထားရသည်။

အရှင်ဂုဏာဘိလင်္ကာရသည် မူလအရညဝါသီ တောနေဂိုဏ်းကြီးထဲမှ ခွဲထွက်ကာ ယင်းဝါဒကို တီထွင်ဆန်းသစ် လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် ယင်းသို့ တီထွင်ဆန်းသစ်ခြင်းဖြင့် အရှင်ဂုဏာဘိလင်္ကာရခမျာ မူလ အရည ဝါသီ တောနေဂိုဏ်းကြီး၏ ချီးကျူးသြဘာပေးခြင်းမခံရသည့်ပြင် ဆန့်ကျင်ဘက်ဖြစ်သည့် ဂါမဝါသီ ဦးထုပ်ဆောင်းဂိုဏ်း၏ ချီးကျူးသြဘာပေးခြင်းကိုလည်း မခံရရှာချေ။ ချီးကျူးသြဘာပေးခြင်း မခံရရုံမျှမက "ဦးထုပ်ဒေါက်ချာမဆောင်း အညွန့်အသား မင်္ဂလာမရှိကုန်သော ရဟန်းတို့ မနေကြစေနှင့်[၁]" ဟူ၍ ကဲ့ရဲ့ရှုတ်ချကာ သက္ကရာဇ် ၁၀၇၃-ခုနှစ်၊ ကဆုန်လတွင် အင်းဝမြို့တွင်းမှ နှင်ထုတ်ပစ်ခြင်းကိုပင်ခံရရှာသည်။ အရှင်ဂုဏာဘိလင်္ကာရကို အင်းဝမှနှင်ထုတ်လိုက်သောသူကား ဂါမဝါသီ ဦးထုပ်ဆောင်းဂိုဏ်းမှ ညောင်စဉ်ရွှေကျောင်းဆရာတော် ရှင်ဥတ္တမသိက္ခာဖြစ်သည်။

ယင်းအချိန်က အင်းဝနေပြည်တော်တွင် ဂါမဝါသီ ဦးထုပ်ဆောင်းဂိုဏ်းသားများ လွှမ်းမိုးကြီးစိုးလျက်ရှိသည်။ ဦးထုပ် မဆောင်းလိုသော အရ

---

၁။ မဟာဒွါရနိကာယ၊ ၁၀၇။

ညဝါသီ တောနေ ရဟန်းတော်များမှာ "တောနေ" ဟု ဆိုရသည့်အတိုင်း ချောင်ကပ်နေကြရ၏။ မင်းကလည်း အားမပေး၍ အရညဝါသီ တောနေ ရဟန်းကောင်း ရဟန်းမြတ်တို့မှာ အထူးအင်အားနည်းနေရသည်။ အင်အား နည်းရသည့်အထဲ ရှင်နည်းရာအဂ္ဂလူထွက်ဆိုသလို အရှင်ဂုဏာဘိ လင်္ကာရက တဖန် သာပရိသတ်များနှင့် ဝါဂိုဏ်းဟုအမည်ခံကာ အရညဝါသီဂိုဏ်းမှ ခွဲထွက် လာခဲ့ကြသဖြင့် အင်အားနည်းသတက် နည်းသွားခြင်းဖြစ်တော့၏။ အရှင်ဂုဏာ ဘိလင်္ကာရသည် အရညဝါသီ တောနေဂိုဏ်းမှ ခွဲထွက်ကာ ဒုကုဋ်တင် ရင်စီး သော်လည်း ဂါမဝါသီ ရဟန်းများကဲ့သို့ ဦးထုပ်မဆောင်းချေ။ ထို့ကြောင့် ဂါမဝါသီရဟန်းများက "အညွန့်အသားမှကင်းသည်၊ မင်္ဂလာမရှိ"ဟုဆိုကာ အရှင်ဂုဏာဘိ လင်္ကာရအား အင်းဝမှ နှင်ထုတ်ခဲ့ကြခြင်းဖြစ်သည်။ ဂါမဝါသီ ရဟန်းတော်များ၏အညွှန့်အသားဟူသည်ကား ခေါင်းပေါ်တွင် ဆောင်လျက် ရှိသော "ဦးထုပ်ဒေါက်ချာ" ဖြစ်သောဟူ၏။

သို့ဖြစ်၍ အရှင်ဂုဏာဘိလင်္ကာရသည် နောက်ပါ ရဟန်းတပည့် ၃၀၊ သာမဏေတပည့် ၃၃၊ လူတပည့် ၃၃၊ စုစုပေါင်း ၉၆-ယောက်နှင့်အတူ အင်းဝမြို့ အနောက်ဖက် ဆင်တဲရွာကလေးသို့ ပြောင်းရွှေ့ ခဲ့ရလေသည်။ ရွှေပြည်ဝင်ပျို့ နှင့် ပုဏ္ဏောဝါဒသုတ္တန်ကျမ်းကို ယင်းဆင်တဲရွာကလေးမှာပင် ရေး သားပြုစုခဲ့သည်ဟု အရှင်ဂုဏာဘိလင်္ကာရက သူ၏ပုဏ္ဏောဝါဒသုတ္တန် ကျမ်းဦး စကားပလ္လင်တွင် အထင်အရှားဖော်ညွှန်းထားခဲ့သည်။

အရှင်ဂုဏာဘိလင်္ကာရ အင်းဝမှ ပြောင်းရွှေ့စေခဲ့သော ဦးထုပ်ကား မြန်မာ သာသနာဝင်နှင့် မြန်မာရာဇဝင်ဆရာအားလုံးက "သီဟိုဠ် အမွေ အနှစ်"ဟု သမိုင်းစဉ်တလျှောက်လုံး လက်ခံယူဆလာခဲ့ကြသည်။ ယခု သွေး ချင်းများဖြစ်သည့် သီဟိုဠ်ရဟန်းတော်များ၏ ဆင်ယင်ထုံးဖွဲ့မှုများကို လက်တွေ့ မြင်တွေ့လာခဲ့ရသောအခါ ယင်းမြန်မာသာသနာဝင်နှင့် မြန်မာရာဇဝင်ဆရာ များ၏ လက်ခံယူဆချက်သည်"ဟုတ်လောက်စရာရှိ၏"ဟု အင်းဝခေတ်နှောင်း ၏ အဖြစ်ဟောင်းကလေးများကို ပြန်ပြောင်း သတိရလာမိခြင်းဖြစ်သည်။

ဤအကြောင်းအရာများကို ဖော်ပြနေခြင်းသည် မြန်မာ့စာပေ ဇာတ်စင်တွင် ငုပ်ဝင်ပျောက်ကွယ်လျက် ရှိသည့် အရှင်ဂုဏာဘိလင်္ကာရ၏

သမိုင်းတကွက်ကိုဖြည့်စွက်လိုရုံ ဆန္ဒမှအပ အခြားဆန္ဒမရှိပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်။ ယနေ့ တကမ္ဘာလုံး ဗုဒ္ဓဘာသာနိုင်ငံအသီးအသီးရှိ ဗုဒ္ဓဘာသာရဟန်းတော်များ၏ ဆင်ယင်ကိုးကွယ်မှုများသည် လည်းကောင်း၊ အကျင့်စရဏာဘရားသည်လည်းကောင်း ယင်းဗုဒ္ဓဘာသာနိုင်ငံ အသီးအသီး၏ ဓလေ့စရိုက်အလျောက် ဖြစ်ပေါ်တိုးတက်နေခြင်းမျှသာ ဖြစ်သည်ဟု အလေးအနက် ခံယူယုံကြည်လျက် ရှိပါသည်။

မည်သို့ဆိုစေ၊ မြန်မာရဟန်းတော်များနှင့် သီဟိုဠ် ရဟန်းတော်များ ကား ယခုမှ သွေးချင်းတော်စပ်ကြသည် မဟုတ်ပါချေ။ မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ အရှယ်ရောက်စ ပုဂံခေတ်ကပင် သွေးချင်းအရင်းအချာများ ဖြစ်ခဲ့ကြသည်။ တချိန်က ပုဂံသာသနာဝင်တွင် လျှမ်းလျှမ်းတောက်ခဲ့သည့် ဆပ္ပဋ စသောပုဂ္ဂိုလ်များသည်လည်း သီဟိုဠ်တွင် စာသင်၍ သီဟိုဠ်တွင် ရဟန်းဖြစ်ခဲ့သော ပုဂ္ဂိုလ်များပင် ဖြစ်ကြသည်။

အင်းဝခေတ်တွင်လည်း အရှင်မဟာရဋ္ဌသာရဆရာရင်း စစ်ကိုင်းချောင် အရှင်ဝရစက္ကပါလသည်လည်း သီဟိုဠ်တွင် စာသင်ခဲ့သည်။ ထို့နောက် မြန်မာသမိုင်းပညာရှင်များက အရှင်ဝရစက္ကပါလကို "သီဟိုဠ် ရောက်ကြီး"ဟု အသိအမှတ် ပြုထားကြသည်။ အရှင်မဟာရဋ္ဌသာရကလည်း သူ့ဆရာ၏ အကြောင်းကို ကိုးခန်းပျို့နိဂုံးတွင် ပိဋကတ်တတ်စွာ၊ သုဒ္ဓါစာရ၊သီလဂုဏဝန်၊ ထေရ်မှန်ပုဂ္ဂိုလ်၊ သီဟိုဠ်ရောက်ကြီး၊ သံသာ့ထီးကို၊ ယှဉ်မိုးညာဏ်တောက်၊ ထိပ်ထက်အောက်[၁]"ဟု အမှတ်ထင်ထင် ရေးတင်ခဲ့သည်။

သက္ကရာဇ် ၈၃၇-ခုနှစ်တွင် ရာမာဓိပတိမင်းသည် သန့်ရှင်းစင်ကြယ်သော သီဟိုဠ်သာသနာတော်ကို မြတ်နိုးခုံမင်သူ မင်းတပါးဖြစ်၍ မြန်မာနိုင်ငံ ဟံသာဝတီနေပြည်တော်မှ ရဟန်းတော်ပေါင်း ၂၂-ပါးမျှကို သီဟိုဠ်နိုင်ငံသို့ပင့်ကာ ပဉ္စင်းအသစ် ရယူစေခဲ့ဘူးလေသည်။ ယင်း အဖြစ်အပျက်ကိုလည်း သီဟိုဠ်ကလျာဏီပြန် မထေရ်များ ကြီးမှူးသမုတ်ခဲ့သည့် ပဲခူးမြို့

၁။ စတုဓမ္မသာရကိုးခန်းပျို့၊ ပိုဒ်ရေ-၄၊ နိ။

ကလျာဏီသိမ်တော်ကြီးက သက်သေခံလျက်ရှိပေသည်။ ဤသို့လျှင် မြန်မာနှင့် သီဟိုဠ်ကား သမိုင်းစဉ်တလျှောက် သွေးချင်းများ ဖြစ်ခဲ့ကြသည်။

**အမေရိကန် ဗုဒ္ဓရုပ်ပွားတော်များနှင့် သာသနိက အဆောက်အအုံများ**

ကိုယ်လက်သန့်စင်မှုများ ဖျောက်ဖျက်ပြီး ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းအတွင်း လှည့်လည်ကြည့်ရှုရာ ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်ကြီး၏ အောက်ထပ် ခန်းမဆောင်ကြီးအတွင်းတွင် ဘုရားတော်လေးတောင်ခန့်မျှရှိ၍ ရွှေပိန်းချထားသော တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်ကြီးတဆူကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။

အမေရိကန်နိုင်ငံရှိ ဖူးတွေ့ခဲ့ရသမျှ ဗုဒ္ဓရုပ်ပွားတော်များတွင် ဤရုပ်ပွားတော်ကြီးသည် အကြီးမားဆုံးနှင့် ကြည်ညိုဖွယ်ရာ အရှိဆုံးဖြစ်သည်။ သို့ရာတွင် မြောက်အမေရိကတိုက် တောင်ပိုင်း လူအီစယားနားစတိတ်ခေါ် လူအီစယားနား ပြည်နယ် ငွေးတောင်ချောင်၌ ဘုရားတော်ကိုးတောင်ရှိ ဗုဒ္ဓရုပ်ပွားတော်တဆူရှိသေးကြောင်းနှင့် အမေရိကန်နိုင်ငံတွင် ယင်းဗုဒ္ဓရုပ်ပွားတော်သည်သာ အကြီးဆုံးဖြစ်ကြောင်းကို ဌာနေတို့က ဆိုကြသည်။

လူအီစယားနားပြည်နယ်ကား ခုနစ်နှစ်စစ်ပွဲအပြီး ပြင်သစ်တို့ထံမှ ဝယ်ယူထားသော ပြည်နယ်တခု ဖြစ်လေသည်။

လူအီစယားနားပြည်နယ်ရှိ ဗုဒ္ဓရုပ်ပွားတော်သည် နိုင်ငံတကာဥယျာဉ်ဖြစ်သည့် ဘားမားဂါးဒင်းန်ခေါ် မြန်မာဥယျာဉ်အတွင်း ကျောက်ဂူအာရုံခံတန်ဆောင်း၌ အရှေ့သို့ မျက်နှာမူကာ ကိန်းဝပ်တော်မူနေသည်ဟု ဆိုသည်။

ယင်းရုပ်ပွားတော်မြတ်ကို အမေရိကန် ရေတ်သူဌေးတဦးက ကိုးကွယ်ထား၏။ ယင်းရေတ်သူဌေးသည် စိုက်ပျိုးရေးကို အထူးဝါသနာထုံသူဖြစ်ရာ မြန်မာနိုင်ငံသို့ လာရောက်၍ ရေတ်စိုက်ပျိုးနည်း ပညာရပ်များ လေ့လာယင်း ကြီးမားလှသော ဤဗုဒ္ဓရုပ်ပွားတော်ကြီးကို သဘောဖြင့် ပင့်ဆောင်ကိုးကွယ်ခဲ့သည်ဟု ဆိုလေသည်၊ သို့ရာတွင် ဤဗုဒ္ဓရုပ်ပွားတော်ကြီးကား အလွန်ကြီး

၁။ ကလျာဏီကျောက်စာ မြန်မာပြန်၊ ၇၆။

မားတော်မူလှသဖြင့် ကိုးနှစ်ကြာမှပင် အမေရိကန်နိုင်ငံ လူအိစယားနားပြည်နယ်၊ မြန်မာ့ဥယျာဉ်ပြခန်းသို့ ရောက်ရှိသောဟူ၏။

ယင်းဗုဒ္ဓရုပ်ပွားတော်များအပြင် နယူးယောက်ပြည်နယ် နယူးယောက်မြို့ နိုင်အဂ္ဂါရာ ရေတံခွန်အနီးတွင် ၁၉၂၀-ပြည့်နှစ်လောက်ဆီက အောင်မင်းခေါင်ဟု ခေါ်သော ဆရာတော်ဘုရား တည်ထား ကိုးကွယ်ခဲ့သည့် ဉာဏ်တော် ဆယ့်နှစ်တောင်အမြင့်ရှိ စေတီတော်တဆူလည်း ရှိသေးကြောင်းကို ဌာနေတို့က ပြောပြလေသည်။

ဝါရှင်တန်ရှိ ဗုဒ္ဓဘာသာသာသနိက အဆောက်အအုံများကား သီဟိုဠ်ဘုန်းတော်ကြီးကျောင်း၊ ယိုးဒယားဘုန်းတော်ကြီးကျောင်း၊ ကမ္ဘောဒီးယားဘုန်းတော်ကြီးကျောင်းနှင့် ဗီယက်နမ်ဘုန်းတော်ကြီးကျောင်းများ ဖြစ်လေသည်။ ယင်းကျောင်းအားလုံး ဗုဒ္ဓဘာသာချည်း ဖြစ်ကြ၏။

ဝါရှင်တန်တွင် ထေရဝါဒ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအပြင် ဂျပန်ဇင်ဘုန်းတော်ကြီးကျောင်းနှင့် တိဗက်ဘုန်းတော်ကြီးကျောင်းများလည်း ရှိသေး၏။

ဝါရှင်တန် ဗုဒ္ဓဝိဟာရအတွင်း လှည့်လည်ကြည့်ရှုယင်း စပ်မိစပ်ရာ စကားလက်ဆုံကျနေကြရာ တနာရီခန့်မျှ ကြာသွား၏။ အချိန်လင့်လာသည်နှင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် သာသနာပြုအဖွဲ့ဝင်များ ဝါရှင်တန်တွင် ပြုလုပ်ကြမည့် 'သာသနာပြု ရွှေလုပ်ငန်းစဉ်များကို အချိန်ဇယားရေးဆွဲသတ်မှတ်ကြ၏။ ဝါရှင်တန် ဗုဒ္ဓဝိဟာရတွင် သာသနာပြုအဖွဲ့ သီတင်းသုံးနေခိုက် အနေကဇာတင်စေလိုသူတို့၏ ဗုဒ္ဓရုပ်ပွားတော်များကို အနေကဇာတင်ရန် အစီအစဉ်များ ပြုလုပ်သည်။

အောက်တိုဘာ ၂၂-ရက်နေ့တွင် ရှင်ပြုနားသမင်္ဂလာ အခမ်းအနားကျင်းပရန်၊ ၂၃-ရက်နေ့တွင် ဝါရှင်တန်တရိုက် လှည့်လည်လေ့လာရန်နှင့် ၂၅-ရက်နေ့တွင် ဝါရှင်တန်မှ ပြန်လည်ထွက်ခွါရန် အစီအစဉ်များကို ရေးဆွဲကြသည်။ ယင်းအစီအစဉ်များကိုလည်း ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ကြီး အမေရိကန်သို့ အဘယ့်ကြောင့် ကြွချီလာရကြောင်း

များနှင့် ပူးတွဲအသံလွှင့်နိုင်ရန် V-O-A အသံလွှင့်ဌာနက သတင်းအဖြစ် လာရောက်ယူလေသည်။ ယင်းအသံလွှင့်ချက်ကိုလည်း ၂၀-၁၀-၇၀ နေ့ ညတွင် ဗုဒ္ဓဘာသာ အမေရိကန်များနှင့် ဗုဒ္ဓဘာသာ မြန်မာတို့ ဖမ်းယူနားဆင်နိုင်ခဲ့ကြပြီး ဖြစ်သည်။

## ဓမ္မသဘင် ဆင်ယင်ကျင်းပ ဤသည့်ည

ညတွင် တရားပွဲကျင်းပရာ ဝါရှင်တန်အနီးတဝိုက်မှ ဗုဒ္ဓဘာသာ အမေရိကန် သူတော်စင်များ၊ ဗုဒ္ဓဘာသာ မြန်မာသူတော်စင်များ၊ ဗုဒ္ဓဘာသာ သီဟိုဠ် သူတော်စင်များ၊ ဗုဒ္ဓဘာသာ တရုတ်သူတော်စင်များနှင့် ဗုဒ္ဓဘာသာ အိန္ဒိယသူတော်စင်များစသည့် လူမျိုးစုံ ဗုဒ္ဓဘာသာသူတော်စင်များ အားလုံး လာရောက် နာယူမှတ်သားကြ၏။

တရားပွဲတွင် ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်၏ ဒါရိုက်တာများ ဖြစ်သည့် ဆရာတော် ဦးပိယနန္ဒ၊ ဆရာတော် ဦးဂုဏရတနစသော ရဟန်းပုဂ္ဂိုလ်များသည်လည်းကောင်း၊ ဒေါ်မြစိန်စသော လူပုဂ္ဂိုလ်များသည်လည်းကောင်း စုံညီစွာ တက်ရောက်နာကြားသည်ကို တွေ့ရှိရ၏။

ယင်းတရားနာပရိသတ်များအပြင် အခြားတရားနာပရိသတ်များဖြစ်သည့် ဂျာမန်ရဟန်းတော် ဦးဝိမလဉာဏနှင့် အိန္ဒိယရဟန်းတော် ဦးနာဂသေနတို့လည်း အမေရိကန်ဗုဒ္ဓဘာသာ သူတော်စင်များနှင့်အတူ တရားနာယူမှတ်သားသည်ကို တွေ့ရှိရ၏။ ဦးနာဂသေနကား ၁၉-ဝါသာ ရရှိသေး၏။ ဤအရှင်လည်း ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်တပါးပင် ဖြစ်လေသည်။

ယင်းညတွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက "ကိလေသာ ငြိမ်းစေတတ်တာ သမထပဲ" အတူတူအပြားပြားအားဖြင့် ရှုမှတ်ပွားများနေတာ ဝိပဿနာပဲ စသော သမထနှင့် ဝိပဿနာအကြောင်းကိုလည်းကောင်း၊ "ငါဆိုတာ၊ ယောကျ်ားဆိုတာ၊ မိန်းမဆိုတာဟူသမျှ ပညတ်ချည်းပဲ။ မြင်တာ၊ ကြားတာ၊ စားတာ၊ နံတာ၊ ထိတာ၊ သိတာဟူသမျှ ပရမတ်ချည်းပဲ" စသော ပညတ်နှင့် ပရမတ်အကြောင်းကိုလည်းကောင်း ဟောကြားတော်မူလေသည်။

ယင်းနောက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် မဟာသတိပဋ္ဌာန် တရားတော်ကို ဆက်လက် ဟောကြားတော်မူသည်။ ယင်းသို့ ဟောကြား ရာတွင် လိုရင်းအချုပ်ဖြစ်သော ဓမ္မအနှစ်သာရကား ဤသို့ဖြစ်းလသည်။

"မြင်တာကို မြင်တယ် မြင်တယ်လို့ မှတ်တာဟာ ဖြစ်တာပဲ။ မြင်တိုင်း မြင်တိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၏။

ကြားတာကို ကြားတယ် ကြားတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ။ ကြားတိုင်း ကြားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ် တိုင်း ပျက်၏။

နံတာကို နံတယ် နံတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ။ နံတိုင်း နံတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၏။

စားတာကို စားတယ် စားတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ။ စားတိုင်း စားတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်း ပျက်၏။

ထိတာကို ထိတယ် ထိတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ။ ထိတိုင်း ထိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၏။

သိတာကို သိတယ် သိတယ်လို့ မှတ်တာဟာ ဖြစ်တာပဲ။ သိတိုင်း သိတိုင်းမှတ်၊ မှတ်တိုင်း မှတ်တိုင်းဖြစ်၊ ဖြစ်တိုင်း ဖြစ်တိုင်းပျက်၏[၁]။"

"ရုပ်ခေတ်နာမ်ခေတ်၊ ပရမတ်စစ်၊ ဖြစ်ပျက်နှစ်သွယ်၊ မမြင်ကွယ် သော်၊ ရစ်ဆယ်ကိုးဆယ်၊ အရှယ်ကျော်ကာ၊ တရာလှလှ၊ နေရစေဦး၊ လူဖြင့်ကြုံထူး၊ မမြတ်ဖူးတဲ့၊ ဖြစ်ပျက်နှစ်ပါး၊ ထိုတရားကို၊ ထင်ရှား သိမြင်၊ တရက်ပင်သာ၊ နေရပါလျက်၊ တရာထက်သာ၊ မြတ်လှ စွာ၏။[၂]"

---

၁။ တောင်ပုလုဆရာတော်၏ မဟာသတိပဋ္ဌာန် ရှုပွားနည်း၊ ၂၄။

၂။ ဓမ္မပဒပါဠိ၊ ၃၀။ မဟာသတိပဋ္ဌာန် ရှုပွားနည်း၊ ၂၅၊

"တပည့်အပေါင်းတို့၊ မပြတ်မလပ် ကြပ်ကြပ်နှလုံးသွင်း၍ အား ထုတ်ကြလော၊ အလွန်အကျိုးများလှ၏။ တရားပွားများ အားထုတ် လို့ရှိလျှင် တခဏလေး ပွားများအားထုတ်ရုံနှင့် အသက်တရာ နေရ သူထက် မြတ်ပြီ။ [၁]"

ဤကား ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော် ဘုရားကြီး ဟောကြားတော်မူသော ဓမ္မအနှစ်သာရ ဖြစ်သည်။ အချိန် တနာရီ ခွဲနေပြီဖြစ်၍ တရားပွဲကို ရုပ်သိမ်းလိုက်ကြသည်။

## အာလင်တန် သာမဏေ

အောက်တိုဘာ ၂၂-ရက်နေ့ကား ဝါရှင်တန် ဗုဒ္ဓဝိဟာရ၏ ထူးခြား သော နေ့ တနေ့ပင် ဖြစ်သည်။ အကြောင်းသော်ကား ရှင်ပြုနှင့် နားသ မင်္ဂလာပွဲ ရှိသောကြောင့် ဖြစ်သည်။ အလှူဒါယကာ အလှူဒါယိကာမတို့ကား ဦးအောင်ဖေ ဒေါ်စံရင်တို့ ဖြစ်ကြသည်။ ဦးအောင်ဖေ ဒေါ်စံရင်တို့သည် မိမိတို့ ရင်နှစ်သည်းချာ သားရတနာဖြစ်သော အသက် ၁၅-နှစ်ရှိ ဓော အောင်ဝင်းဖေအား ဗုဒ္ဓမြတ်စွာ သာသနာ့ဘောင် အတွင်းသို့ ရှင်သာမဏေ အဖြစ် သွတ်သွင်းချီးမြှင့်ကြမည် ဖြစ်ပေသည်။

ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်တွင် စာနယ်ဇင်းများမှ ဓာတ်ပုံ သတင်းထောက်များ၊ ဆောင်ပါးရှင်များ၊ ပို့စကာဒ်ရှင်များနှင့် တယ်လီဗီးရှင်းမှ သတင်းထောက်များနှင့် ခြေချင်း လိမ်လျက်ရှိသည်။ လေ့လာသူများအနေဖြင့် မူကား တိုးမပေါက်အောင်ပင် ရှိတော့သည်။

အမေရိကန်တို့သည် ရှင်သာမဏေ အလောင်းအလျာအား ရှင်ပြု ပေးနိုင်ရန် ဆံချ ခေါင်းရိတ်ပေးသည်ကိုပင် တိုးဝှေ့ လေ့လာကြသည်။ ဓာတ်ပုံရိုက်ကြသည်။ သတင်းမှတ်တမ်း ပြုစုကြသည်။ ယင်းရှင်ပြုပွဲသည် အမေရိကန်နိုင်ငံ၊ ဝါရှင်တန်မြို့တွင် ပထမဆုံးသော ရှင်ပြုပွဲကြီးလည်း ဖြစ် ပေသည်။

---

၁။ မဟာသတိပဋ္ဌာန် ရှုပွားနည်း၊ ၂၅။

ရှင်ပြုနားသမင်္ဂလာ အခမ်းအနားနှင့် ပတ်သက်၍ စာနယ်ဇင်းအသီးသီး၏ ဝေဖန်ရေးသားချက်များကို မလေ့လာအားခဲ့သော်လည်း မြန်မာနိုင်ငံသို့ ပြန်လည်ဆိုက်ရောက်၍ အချိန်အနည်းငယ် အကြား လေ့လာခွင့်ရလာသောအခါ ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်၏ တပတ်သုံးကြိမ်ထုတ် ဝါရှင်တန်ဗုဒ္ဓဘာသာ စာစောင်ကြီး၏ ခေါင်းကြီးပိုင်းတွင် ဗုဒ္ဓဘာသာ အမေရိကန်တို့အား ဤသို့ အစီရင်ခံထားသည်ကို ဖတ်ရှုရသည်။

"ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်တွင် ပထမအကြိမ် ပြုလုပ်ခဲ့သော ဤ ရှင်ပြုအခမ်းအနားပွဲကို သတင်းစာများတွင် ကောင်းစွာ ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဝါရှင်တန် ပို့စ်သတင်းစာကြီးသည် အထူးဆောင်းပါး တရပ်အနေဖြင့် သတင်းစာ၏ ဘာသာရေးကဏ္ဍအတွက် ယင်းအပတ် သောကြာနေ့က ရေးသား ဖော်ပြခဲ့ပါသည်"—

ဟူ၍ အယ်ဒီတာက သူ၏ ခေါင်းကြီးပိုင်းကဏ္ဍတွင် အစီရင်ခံထားသည်။

ဦးအောင်ဖေ-ဒေါ်စံရင်တို့ကား အမေရိကန်နိုင်ငံ အာလင်တန် မြို့သူမြို့သားများ ဖြစ်ကြသည်။ ဦးအောင်ဖေသည် မိမိ၏ ရင်နှစ်သည်းချာ သားရတနာအား ကောင်းစွာ ရှင်ပြုနိုင်ရေးအတွက် သားဖြစ်သူ စောအောင်ဝင်းဖေအား အတော်အတန် စည်းရုံးယူခဲ့ရဟန် ရှိသည်။

သာသနာပြုအဖွဲ့လည်း ဆန်ဖရန်စစ္စကိုမြို့တွင် ရှင်ပြုရေးဆိုင်ရာ၌ တွန့်ဆုတ်ခဲ့ကြသူ မောင်ရှင်လောင်းကလေးများကို ဦးအောင်ဖေကဲ့သို့ စည်းရုံးယူခဲ့ရပေါင်း များခဲ့လှပြီဖြစ်သည်။ ရှင်ပြုရေးဆိုင်ရာတွင် အချို့ရှင်သာမဏေလောင်းကလေးများက ကြောက်နေကြသည်။ တွန့်ဆုတ်နေကြသည်။ စိုးရိမ်နေကြသည်။ ယင်းသို့သော အခါမျိုးတွင် သာသနာပြုအဖွဲ့သည် ရှင်သိင်္ဂဝတိုးနှလုံးမူ၍ ရှင်သာမဏေ အလောင်းအလျာများထံ မေတ္တာဖြင့် ချဉ်းကပ်ကြရသည်။ ယင်းသို့ ချဉ်းကပ်ခဲ့ကြရာ ချဉ်းကပ်သည့် အခါတိုင်း မိမိတို့ဘက်သို့ ပါသည်ချည်း ဖြစ်သည်။

ဦးအောင်ဖေသည်လည်း ယင်းသို့ ချဉ်းကပ်ခဲ့ရာ ရှင်ပြုရေးဆိုင်ရာ အောင်မြင်မှုသရုပ်ကို ဆောင်နိုင်ခဲ့သဖြင့် ယခုကဲ့သို့ ရှင်ပြုမင်္ဂလာပွဲ ဆင်နွဲ နိုင်ခဲ့ခြင်းဖြစ်သည်။ သားတော်မောင် စောအောင်ဝင်းဖေသည် အာလင်တန်ရှိ သောမတ်စ်ဂျက်ဖာဆန် အင်တာမီဒီရိတ်ကျောင်းမှ ကျောင်းသားတဦးဖြစ် သည်။ စောအောင်ဝင်းဖေသည် အစပထမတွင် သူ့ဆံပင်များကို ကြည့်၍ ဆံချရန် တွန့်ဆုတ်နေခဲ့သည်။

သို့ဖြစ်၍ ဖခင်ဖြစ်သူ ဦးအောင်ဖေသည် သားတော်မောင်အား အာ ပေါက်အောင် နားချယူခဲ့ရလေသည်။ ယင်းအကြောင်းများကိုလည်း ဦးအောင် ဖေက ဝါရှင်တန်ပို့စ် စာရေးဆရာအဖွဲ့ဝင် စာရေးဆရာ ကက်သရင်းဂျီရိုဗစ် နှင့် တွေ့ဆုံရာတွင် ဤသို့ ဖွင့်ဟခဲ့လေသည်—

> "ကျွန်တော်က သားတော်မောင်ကို သည်လို ရှင်းပြခဲ့ရပါတယ်။ 'ရုပ်ခန္ဓာ၏ အရေးပါမှုကို စွန့်လွှတ်ရန်အတွက် ကတုံးရိတ်ခြင်းဟာ လိုအပ်တယ်။ သည့်အပြင် ဗုဒ္ဓဝါဒရဲ့ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝကြီး နားလယ်ရန်အတွက်လဲ ကတုံးရိတ်ခြင်းဟာ လိုအပ်တယ်'လို့ ရှင်းပြခဲ့ ပါတယ်"—

ဟူ၍ ဖြစ်လေသည်။

ဆောင်းပါးရှင် စာရေးဆရာ ကက်သရင်း၏ဆောင်းပါးကို ဤစာအုပ် တနေရာတွင် သီးသန့်ဖော်ပြထားသည်။ ရှင်ပြုရေးဆိုင်ရာ၌ အဘယ့်ကြောင့် ခေါင်းရိတ် ဆံချရသည်ဆိုခြင်းကိုလည်း ဤစာအုပ်တနေရာတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

ရှင်ပြုရေးဆိုင်ရာတွင် အဓိက လိုရင်းအချက်များကား ဆံချခြင်း၊ သင်္ကန်းဝတ်ခြင်းနှင့် သရဏဂုံကို ပီသအောင်ရွတ်ဆိုစေခြင်းများပင် ဖြစ်သည်။ ရှင်ပြုမင်္ဂလာအခမ်းအနားကျင်းပပုံအစီအစဉ်များကို ရှင်မဟာဗုဒ္ဓဃောသကက သူ၏ ဓမ္မပဒ အဋ္ဌကထာတွင် ပဏ္ဍိတသာမဏေအကြောင်းနှင့် သုခသာမဏေ အကြောင်း၊ မူလပဏ္ဏာသပါဠိနှင့် အဋ္ဌကထာတွင် ဓမ္မဒိန္နာအကြောင်း စသည် များ၌ အကျယ်တဝင့် ဖော်ညွှန်းလျက်ရှိသည်။

စောအောင်ဝင်းဖေသည် ဖခင်၏စည်းရုံးမှုကို သဘောပေါက် လက်ခံကာ ရခဲ့သောလူ့ဘဝတွင် ထပ်ဆင့်ရခဲ့သော ရှင့်အဖြစ်ကို ကောင်းစွာ ရယူသွားနိုင်ခဲ့လေသည်။ သူ့အမည် "ရှင်ဇဝန" ဟု တွင်၏။ သူ့အား အမေရိကန် စာနယ်ဇင်းအသိုင်းအဝိုင်းက အာလင်တန်မြို့သားဖြစ်ခြင်းကြောင့် "အာလင်တန်သာမဏေ" ဟု အသိအမှတ်ပြုကြလေသည်။

## နားသမင်္ဂလာ

"ပုတ္တဒါရဿ သင်္ဂဟော၊ ရှင်စော ဘဂဝ၊ အရဟံ တဆူက၊
မင်္ဂလာမမွက္ခန်ကျပြီး၊ အသေဝနာ စ ဗာလာနံ၊ အာဒိခံ အန္တနောက်
က၊ ဖုဋ္ဌဿတဲ့၊ ထုတ်ဟာမိန့်မှာ၊ သုံးဆယ့်ရှစ် ဒေသနာကို၊ သေအချာ
ဆင်နာခံလို့မို့၊ ကဋ္ဌနာပျံ အပ်ရွှေမြင်ယ်နှင့်၊ နုတ်ဆွေတမျှ ချစ်မပြီး
လှတဲ့၊ ချစ်သမီးအလှကလေး ပုဗ္ဗစာဂကြောင့်၊ ရုပ်ပကာသနှ သူတွေ
မြင်၊ နှစ်ဆူအရှင် အမိအဖတို့က၊ အတိ မနာပ အလှန်မြတ်နိုးလှ သ
ဖြင့်၊ မြကျူးနုပရုတ် ကိုးသွယ်ပုတီးတို့နှင့်၊ ဖြိုးကြွယ်တနည်း စိန်တပွင့်
ဆင်လို့ပါလား၊ အချိန်သင့် နားရီလောင်းလိုက်တော့၊ ဗျာသီကောင်း
ကာလဲ ဝိသာခါကိုး"

"ဝိသာခါ ထွန်းတဲ့အခါမို့၊ မိတရာအလှ ရှုမဝကလေးအားယုဇန
ပန်းခိုင် စံပယ်နှံ့သာဆီ အနှစ်သွေးပြီလိမ်း၊ ဆယ်ရတီအစစ် နဝရတ်
ကိုးသွယ်ဆင်၊ နုတ်မိုးမယ် အသရေထင်ရအောင်၊ ရွှေနားပန် လေပြန်
ခကြစို့ရဲ"

"ဒါကြောင့် တပြေစံ ရွှေညာဏ်မောက်သူ့ဟ၊ နဘေသံ ကာရန်နှင့်
ကောက်ပါအုံး၊ အမော်ကြတကာ့ဘုရင်၊ ဘုရင်တကာ့ထိပ်ခေါင်တင်ရှဲ၊
အဆောင်ဆောင် လေပြေညင်းသည့်နှယ်၊ ရွာစား ထောင်ရောင်နေ
သီချင်းဖွဲ့တော်မူစမ်း[၁]"

---

၁။ အရှင်ဝိသုတာဘိဝံသရေး ဇလ္လူမင်္ဂလာမှ၊ [လက်နှိပ်စက်ကော်ပီမှ]

ၦယခရှၤဃီၣ်ၣ်ယၢဖိမ့ၤ ၥလၢၤနၢၤဒြိၣ်လၢ ပှၤဘိၣ်ခ့ၣ်ဖျၢ ၤနၢ်ဘိဖၣ်ၤၣ်ပီ
ပှၤလၢဂ့ၢ်ပှၤလၢလၢ ၤဏခၢဂီၤ လဲၢ်ဒ့ၣ်ၤယၢ ပှဲၤစိၤနၢ်စၢနၢ်လ (၄၄) ဂ့ၤ



ဤကား မြန်မာတို့ ရှင်ပြုနားသမင်္ဂလာအခမ်းအနားတွင် မပါလျှင် မပြီးတတ်သော ဘိသိက်ဆရာ၏ နားသမင်္ဂလာအဖွင့်စကား ဖြစ်ပေသည်။ အကယ်၍ ယခု ရှင်ပြုနားသမင်္ဂလာပွဲသည် အမိမြန်မာ့ရေမြေပေါ်တွင် ဖြစ်ပါမူ ဆိုင်းဗုံများဖြင့် တိုင်းတုန်အောင် ခြိမ့်ခြိမ့်ညံလျက်ရှိပေမည်။ ဘိသိက်ဆရာ၏ နဘေသံ ကာရန်သံများကလည်း ရွှေပွဲလာများ၏ ရွှေနားပန်တွင် လေပြန်နှင့်အတူ ခ-လျက်ရှိပေမည်။ ယခုသော်ကား ကြည်နူးဖွယ် မြောခတ်ပြားနှင့် မောင်ထွန်းရွှေ၏ ဒိုးပတ်သံများသာ ညံနိုင်ချေသည်။

ဗုဒ္ဓဘာသာမြန်မာတို့သည် မိမိတို့ရင်သွေးများတွင် သားရတနာကို ရှင်ပြုမင်္ဂလာ ဆင်ယင်မှုပြုလုပ်သောအခါ သမီးရတနာကိုလည်း နားထွင်း နားသမင်္ဂလာပြုလုပ်လေ့ရှိကြသည်။ ဤကြောင့် ဦးအောင်ဖေ ဒေါ်စံရင်တို့သည် သမီးကိုလည်း ယခုကဲ့သို့ နားထွင်းနားသ မင်္ဂလာ ပြုလုပ်ခြင်း ဖြစ်ပေသည်။ သမီးကို နားထွင်းနားသ မင်္ဂလာ ပြုလုပ်ခြင်းသည် လောကုတ္တရာရေးမဟုတ်ပဲ လောကီရေးသက်သက်မျှသာဖြစ်သည်။

သားရတနာကို ရှင်ပြုမင်္ဂလာပြုလုပ်ရာတွင် အသက်ဆယ့်ကိုးနှစ်ထက် မကြီးစေကြသကဲ့သို့ သမီးရတနာကို နားထွင်းနားသ မင်္ဂလာပြုလုပ်ရာတွင်လည်း အသက်ဆယ့်နှစ်နှစ်ထက် မကြီးစေပေ။

သို့ရာတွင် ယမနစီရင်သည့် ရာဇမတ္တဏ်၌မူကား ၁-နှစ်၊ ၃-နှစ်၊ ၅-နှစ် စသော မစုံသော နှစ်များတွင် နားထွင်းနားသ မပြုလုပ်အပ်ကြောင်းနှင့် မွေးဖွားသည်မှ ၂-နှစ်၊ သို့မဟုတ် ၄-နှစ်စသော စုံကျသော နှစ်များတွင်သာ နားထွင်းနားသ မင်္ဂလာ ဆင်ယင်ပြုလုပ်အပ်ကြောင်းကို အကျယ်တဝင့် ဖော်ညွှန်းထားလျက်ရှိသည်။

တဖန် သမီးကို နားထွင်းနားသ မင်္ဂလာ ဆင်ယင်ပြုလုပ်ရာ၌ အမှတ်မဲ့နေ့များတွင် မပြုလုပ်အပ်ကြောင်းနှင့် ကောင်းမြတ်သောနေ့များတွင်သာ နားထွင်းနားသမင်္ဂလာ ဆင်ယင်ပြုလုပ်အပ်ကြောင်းများကို ရာဇမတ္တဏ်ဆရာက ဆက်လက်ဖော်ညွှန်းထားသည်—

တနင်္ဂနွေနေ့ နားထွင်းမူ နားနှစ်ဖက် ခြောက်ကပ်အံ့။
တနင်္လာနေ့ နားထွင်းမူ နားနှစ်ဖက် သွေးတစိုစို ရှိအံ့။
အင်္ဂါနေ့ နားထွင်းမူ နားနှစ်ဖက် ပျက်အံ့။
ဗုဒ္ဓဟူးနေ့ နားထွင်းမူ နားတဖက်ကောင်း၍ နားတဖက်အပေါက် သေးအံ့။
ကြာသပတေးနေ့ နားထွင်းမူ နားနှစ်ဖက် လှပတင့်တယ်အံ့။
သောကြာနေ့ နားထွင်းမူ နားနှစ်ဖက်လုံး ကောင်းအံ့။
စနေနေ့ နားထွင်းမူ နားနှစ်ဖက်လုံး အပေါက်မရှိဖြစ်အံ့။

၎င်းကား ရာဇမတ္တဏ်ဆရာ၏ အဆိုအမိန့်ဖြစ်သည်။ နားသမင်္ဂလာပြုလုပ်စဉ်အခါ၌ သမီးကိုလည်း သားနည်းတူ စလွယ်သွယ်ပျောင်း ဗောင်း နားတောင်းတို့ဖြင့် ဆင်ယင်ဝတ်စားစေမြဲ ဖြစ်သည်။ ဗုဒ္ဓဘာသာမြန်မာတို့၏ မိမိရင်နှစ်သည်းချာ သမီးရတနာကို တဆယ့်နှစ်နှစ်မြောက်တွင် နားထွင်း နားသမင်္ဂလာ ဆင်ယင်ကျင်းပ ပြုလုပ်ခြင်းကလည်း ခိုင်လုံသောအကြောင်း ရှိပေသည်။

ယင်းကား အခြားမဟုတ်။ မင်းမျိုး ပုဏ္ဏားမျိုးမဟုတ်သူ သူဆင်းရဲများအနေဖြင့် စလွယ်သွယ်ပျောင်း ဗောင်း နားတောင်းများကို တဆယ့်နှစ်နှစ်ရှိမှ ဆင်ယင်ဝတ်စားခွင့် ရရှိခြင်းပင် ဖြစ်ပေသည်။

ရာဇမတ္တဏ်ဆရာက မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဆင်းရဲမျိုးတို့ စလွယ်များ ဝတ်ဆင်ရာတွင် ပုဏ္ဏားမျိုးအနေဖြင့် မွေးဖွားသည်မှ ၈-နှစ်မြောက်၊ မင်းမျိုး အနေဖြင့် မွေးဖွားသည်မှ ၁၀-နှစ်မြောက်၊ သူဆင်းရဲမျိုးအနေဖြင့် မွေးဖွား သည်မှ ၁၂-နှစ်မြောက်တွင်သာ စလွယ်များ ဆင်ယင်ဝတ်စားသင့်ကြောင်း ဖော်ညွှန်းထားသည်။

နားသခြင်းဟူသည် နားထွင်း နားဖောက်ခြင်းကိုပင် ဆိုလိုသည်။ ယင်းသို့ နားထွင်းနားဖောက်ရာတွင် ဗုဒ္ဓဘာသာမြန်မာတို့သည် စူးရှထက်မြက်

---

ဥ။ ယမနဆရာရွှေး ရာဇမတ္တဏ်ကျမ်း၊ ကဏ္ဍဝေဒိအခန်း။ (လက်နှိပ်စက်မူ)

သော အပ်ဖျားဖြင့် ဖြည်းညင်းသာယာစွာ နားထွင်း နားဖောက်ခဲလေ့ရှိကြသည်။ နားထွင်းနားဖောက် ကြရခြင်းဖြင့် ယင်းသားသမီးရတနာများအတွက် လူ့ဘဝ၏လေးနက်သော အတိတ်နိမိတ်ကို ခံယူလိုက်ခြင်းပင်ဖြစ်သည်။

ဤကား လောကီဖြစ်သော ဝေဒကျမ်းလာ အဆိုအမိန့်များတည်း။ လောကီဝေဒကျမ်းလာ အဆိုအမိန့်များသည် မှန်သည်လည်း ရှိတတ်၍ မမှန်သည်လည်း ရှိတတ်သည်။ လွန်သည်လည်း ရှိတတ်၍ ယျွန်သည်လည်း ရှိတတ်သည်။ စင်စစ် လူနတ်ပြဟ္မာဟူသော လောကသုံးပါးတွင် ကံသာ မိတ်ဆွေကံသာဥစ္စာဖြစ်သည်။ ကံကိုသာ ယုံကြည်ကြ။ ဗေဒင်ကို မယုံကြနှဲဟူသော မုံရွေးဆရာတော်၏ အဆိုအမိန့်ကလည်း ဗေဒင်နှင့်လူသားကို အသဲယားစေလျက်ရှိသည်။

"လောကီတံထွာ၊ ဗေဒင်လာကား၊ မှန်ရာကားမှန်၊ လွန်ရာလွန်၏၊ ကျန်ရာကျန်ကြွင်း၊ သုံးခွင်းလောက၊ ဟူသမျှ၌၊ ကမ္မပန္နု၊ ကံသာပြု၏"[၂]။

ညနေ ၄-နာရီခန့်တွင် ရှင်ပြုနားသမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြသည်။ ရှင်ပြုမင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ဝါရှင်တန် ဗုဒ္ဓဘာသာ စာစောင်ကြီးတွင် ရေးသားဖော်ပြထားသည့် ဝါရှင်တန်ဗုဒ္ဓဝိဟာရကျောင်းတော်၏ ဒါရိုက်တာလည်းဖြစ် စာရေးဆရာမလည်း ဖြစ်သူ မြန်မာအမျိုးသမီး ဒေါ်မြစိန်၏ "မြန်မာဗုဒ္ဓဘာသာ ရှင်ပြုမင်္ဂလာအခမ်းအနား" ဆောင်းပါးကိုလည်း ဤစာအုပ်တနေရာတွင် သီးသန့်ဖော်ပြထားသည်။

**သူတို့အမြင်နှင့် သူတို့အတွေး**
**ရှင်ပြုနားသမင်္ဂလာနှင့် ကက်သရင်းအမြင်**

အောက်တိုဘာ ၂၂-ရက်နေ့က ဝါရှင်တန် ဗုဒ္ဓဝိဟာရကျောင်းတော်၌ ဆင်ယင်ကျင်းပ ပြုလုပ်ခဲ့သည့် ဦးအောင်ဖေ-ဒေါ်စံရင်တို့၏ ရှင်ပြုနားသမင်္ဂလာအခမ်းအနားနှင့် ပတ်သက်၍ ဝါရှင်တန်ပို့စ် သတင်းစာကြီးတွင်

---

၂။ ကုသဇာတ်၊ ပိုဒ်ရေ-၉၄။

"ဗုဒ္ဓဘာသာ ရှင်ပြုမင်္ဂလာ ကျင်းပခြင်း"ဟူသော ခေါင်းစဉ်ဖြင့် ရေးသား ဖော်ပြထားသည့် ဝါရှင်တန်ပို့စ် စာရေးဆရာအဖွဲ့ဝင်တဦးဖြစ်သူ ဆောင်းပါး ရှင် ကက်သရင်းချီရို့ဗ်စ်၏ ဆောင်းပါးကို ဆီလျော်သလို ဘာသာပြန်၍ ဤနေရာတွင် ဖော်ပြလိုက်ပါသည်။

"အရေးပါ ထင်ရှား၍ အသက်ရှင်လျက်ရှိသည့် ဗုဒ္ဓဘာသာ ဆရာတော်များထဲတွင် တပါးဖြစ်သော သက်တော် ၇၃-နှစ်အရွယ်ရှိ မြန်မာ ဆရာတော်တပါးသည် ပြီးခဲ့သည့်အပတ်က ဝါရှင်တန်မြို့သို့ ကြွရောက်သီတင်းသုံးခဲ့ပါသည်။

ဤအရပ်ဒေသတွင် ယခုအချိန်အထိ ထင်ရှားကျော်စောခြင်း မရှိ သေးသော်လည်း တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်သည် ဗုဒ္ဓ ဘာသာကို ရာစုနှစ်ပေါင်းများစွာ လိုက်နာကျင့်သုံးပြီး ဖြစ်သည့် ဆရာတော်၏ဇာတိ မြန်မာပြည်တွင် ကြည်ညိုလေးစားခြင်း များစွာ ခံရပါသည်။

ဝါရှင်တန်မြို့ရှိ မြန်မာအုပ်စုတွင် ပါဝင်သူများ အချင်းချင်း စည်းရုံးလှုံ့ဆော် ငွေကြေးလှူဒါန်းရာမှ ဖြစ်ပေါ်သော ဆရာတော်၏ ဝါရှင်တန်မြို့သို့ ကြွရောက်လာခြင်း၏ အခြေခံ အဓိကအချက်မှာ အသက် ၁၅-နှစ်အရွယ်ရှိ အာလင်တန်မြို့မှ စောအောင်ဝင်းဖေကို လွှန်ခဲ့သည့် တနင်္ဂနွေနေ့က သာမဏေဘောင်သို့ သွတ်သွင်းရှင်ပြုခြင်း အခမ်းအနားဖြစ်ပါသည်။

ယင်းရှင်ပြုပွဲ အခမ်းအနားကို အန်ဒေဗလျူ ၁၆-လမ်း ဝါရှင်တန် ရှိ ဗုဒ္ဓဘာသာကျောင်းတော်တွင် ကျင်းပခဲ့ပါသည်။ ယင်းကျောင်း တော်သည် ဝါရှင်တန်ဒေသတလျှောက်လုံးရှိ အာရှနှင့်အမေရိကတိုက် မှ ဗုဒ္ဓဘာသာဝင်များအတွက် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။

မြန်မာပြည်မှ ဤနိုင်ငံ (အမေရိကန်)သို့ ၁၉၆၇-ခုနှစ်က ရောက် လာခဲ့သော စောအောင်ဝင်းဖေ၏ ဖခင် ဦးအောင်ဖေက သူတို့၏ မိသားစုသည် အမြဲပင် သူတို့၏သားအား ရှင်ပြု သင်္ကန်း ဝတ်ပေးရန်

မျှော်လင့်နေခဲ့ကြောင်းပြောကြား၏။ "ကျွန်တော်တို့က တောင်ပုလု ဆရာတော်ဘုရား ဝါရှင်တန်မြို့သို့ ကြွလာပြီ ဟု သိရတဲ့ အခါမှာ ကျွန်တော်တို့၏ သားတော်မောင်အား ရှင်ပြုသင်္ကန်းဝတ်ပေးရန် အစီအစဉ်များကို နောက်ဆုံးပိတ်အနေဖြင့် ပြင်ဆင်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ ဤကဲ့သို့ ဆရာတော် ကြွရောက် လာခြင်းသည် တသက်မှ တခါကြုံသော အခွင့်အရေးကောင်းကြီးတခုဟု ကျွန်တော်တို့ သဘောပေါက်ခဲ့သည့်အတွက်ကြောင့် ဖြစ်ပါတယ်"—

ဟု ဖော်ကျူးခဲ့ပါသည်။

တနင်္ဂနွေနေ့သည် စောအောင်ဝင်းဖေ၏ မိသားစု အတွက် သာမက ဝိဟာရကျောင်းတော်အတွက်ပါ အရေးပါသောနေ့ထူးနေ့မြတ် တရက် ဖြစ်ခဲ့ပါသည်။ ယင်းကျောင်းတော်တွင် ဤရှင်ပြုမင်္ဂလာသည် ပထမဦးဆုံးအကြိမ် ကျင်းပသော ရှင်ပြုအခမ်းအနားဖြစ်ပါသည်။ ကျောင်းတော်၏ ခန်းမကြီးသည် ရှင်ပြုမင်္ဂလာ အခမ်းအနားသို့ လာရောက်ကြည့်ရှုသူများဖြင့် ပြည့်လျှမ်းနေခဲ့ပါသည်။ အလွန်များပြားသော ပရိသတ်ကြီးသည် တောင်ပုလု ဆရာတော် နှစ်ပေါင်းများစွာကပင် ကျင်းပခဲ့သော ရှင်ပြုမင်္ဂလာ အခမ်းအနားပွဲကိုမြင်တွေ့ရန်အတွက် လည်တမော့မော့နှင့် ခန်းမကြီးများအတွင်း၌ မတ်တပ်ရပ် စောင့်ဆိုင်းနေခဲ့ကြပါသည်။

ဦးအောင်ဖေက ပြောကြားခဲ့သည်မှာ အာလင်တန်ရှိ သောမတ်ဂျက်ဖာဆန် အင်တာမီဒီရိတ်ကျောင်းမှ ကျောင်းသားတယောက် ဖြစ်သော သူ၏သားသည် ကတုံးရိတ်ရန်အတွက် တွန့်ဆုတ်နေခဲ့ပါသည်။ ကတုံးရိတ်ခြင်းသည် ရှင်ပြုမင်္ဂလာပွဲ၏ရိုးရာအစိတ်အပိုင်းတခု ဖြစ်ခဲ့သည်။ သို့သော် ဦးအောင်ဖေက "ကျွန်တော်က သားတော်မောင်ကို သည့်လိုရှင်းပြခဲ့ရပါတယ်။ ရုပ်ခန္ဓာ၏ အရေးပါမှုကို စွန့်လွှတ်ရန်အတွက် ကတုံးရိတ်ခြင်းဟာ လိုအပ်တယ်။ သည့်အပြင် ဗုဒ္ဓဝါဒကို ပြည့်ပြည့်ဝဝ နားလည်ရန် အတွက်လည်း ကတုံးရိတ်ခြင်းဟာ လိုအပ်တယ်"ဟု ဦးအောင်ဖေက ပြောကြားခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၆၀၀ ခန့် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါက ဤကဲ့သို့သော ရှင်ပြုမင်္ဂလာ အခမ်းအနားသည် လူငယ်

တယောက် ဗုဒ္ဓသာသနာ့ဘောင်သို့ဝင်ရောက်ခြင်းအတွက် အထိမ်းအမှတ်ဖြစ်ခဲ့ပါသည်။ ယင်းကဲ့သို့သော ရှင်ပြုမင်္ဂလာ အခမ်းအနားသည် ယင်းလူငယ်မိသားစုအတွက် ကြီးမားသော ဂုဏ်သိက္ခာနှင့် လူမှုအဆင့်အတန်းကို ဖြစ်ပေါ်စေခဲ့ပါသည်။

ရှင်ပြုအခမ်းအနားသည် ရှင်မြူးစေသည်သာမက လေးနက်သောအခမ်းအနားတခုလည်း ဖြစ်ပါသည်။ ခရစ်ယာန်ဘာသာဝင်များအဖြစ် အခိုင်အမာပြုလုပ်ခြင်း၊ သို့မဟုတ် ဂျူးလူမျိုးတို့၏ "ဘားမစ်ဗား"အခမ်း အနားပွဲနှင့် ဆင်ဆင်တူပါသည်။ ယင်းကဲ့သို့ ရှင်ပြုအခမ်းအနားပွဲသည် ပုဂ္ဂိုလ် တဦးချင်း၏ သင်ကြားနာယူမှုနှင့် ထပ်လောင်းပေါင်းစပ်ပေးသော ဘာသာရေးနှင့်ဆိုင်သည့်တာဝန်ကို ထမ်းဆောင်ရန်အတွက် ကိုးတက်ခဲ့သော အရည်အချင်းကို အသိအမှတ်ပြုပေးပါသည်။

တောင်ပုလု ဆရာတော်၏ ဝါရှင်တန်မြို့သို့ကြွရောက်သီတင်းသုံးခြင်းမှာ ဩဂုတ်လအတွင်း စတင်ခဲ့သော ခရီးစဉ်၏အလယ်ပိုင်းတွင် ဖြစ်ပါသည်။ယင်းခရီးစဉ်တွင် ဆန်ဖရန်စစ္စကို၊ လော့(စ်)အိန်ဂျလိ(စ်)၊ ဆန့်ဒီယာဂိုနှင့် မက်ဆက်ချူးဆက်ပြည်နယ် ဘာရီမြို့တွင်လည်း ဆရာတော်သည် ခရီးရပ်နား သီတင်းသုံးခဲ့ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆရာတော်သည် ရှင်ပြုမင်္ဂလာအခမ်းအနားပေါင်း ၃၀-ကျော်ကို ကမကထ ပြုလုပ်ကျင်းပပေးပြီးဖြစ်ပါသည်။ ရောက်ရှိခဲ့ရာ တနေရာစီတွင်လည်း ဘာဝနာပွားများခြင်းနှင့် ပတ်သက်၍ တရားဟောကြားပြသပြီးလည်းဖြစ်ပါသည်။ ဆရာတော်သည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ တောရဆောက်တည်သည့် ရဟန်းတော်တို့ အလေ့အကျင့် ပြုရမည်ဖြစ်သော ဘာဝနာပွားများခြင်းကို ဟောပြောခဲ့သည့် ရှေ့ဆောင်ဆရာတော်များတွင် တပါးအပါအဝင်ဖြစ်ပါသည်။

အခြားပုဂ္ဂိုလ်များနှင့်မတူပဲ တောင်ပုလုဆရာတော်ဘုရားသည် ဗုဒ္ဓဝါဒကိုနိဗ္ဗာန်ရောက်ရှိမှုအတွက် နည်းလမ်းကောင်းတခုအနေဖြင့် သင်ပြဟောကြားတော်မူပါသည်။ ဆရာတော်သည် ဤကဲ့သို့ အမေရိကန် ပြည်ထောင်စုသို့ကြွရောက်လာခဲ့ခြင်းမှာ လွန်ခဲ့သည့်နှစ်က အထက်မြန်မာပြည်ရှိ ဆရာတော်၏ တောင်ပုလုကျောင်းသို့ အလည် သွားရောက်ခဲ့သော အမေရိကန်လူမျိုး ၆-

ယောက်အား ဆရာတော်က ဗုဒ္ဓဝါဒ ကျင့်စဉ်၏ ကောင်းမြတ်သော သဘော တရားကို ဟောဖော်ညွှန်ပြခဲ့ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

အာရှတိုက် လေ့လာသင်ကြားမှုအတွက် ဖွင့်လှစ်ထားသော ကာလီဖိုးနီးယား ဗဟိုဌာနမှ ဗုဒ္ဓဘာသာလေ့လာမှုများ၏ ဒါရိုက်တာဖြစ်သူ အမျိုးသမီးကြီး ဒေါက်တာရီနာဆာကားက ပြောကြားခဲ့သည်မှာ "ကျမ၏ကျောင်းသားများဟာ ထိုဆရာတော်ကို သိပ်ပြီး လေးစားကြည်ညိုခဲ့ကြတဲ့အတွက် ထိုဆရာတော်ကို အမေရိကန် ပြည်ထောင်စုသို့ ပင့်ဖိတ်ရန် အလိုရှိခဲ့ကြပါတယ်။ ဆက်လက်၍ ထိုအမျိုးသမီးကြီးက ပြောကြားပြန်သည်မှာ "ထိုဆရာတော်ဘုရားသည် ဗုဒ္ဓဝါဒ၏ နည်းဥပဒေများ၊ သို့မဟုတ် ဝိနယအားလုံးကို လုံးဝ ကျင့်သုံးပြီး ဆရာတော်၏ အသိပညာသည် ပြည့်စုံပြီး ဖြစ်ပါသည်။ ဆရာတော်ဘုရား၏ ကျင့်စဉ်များမှာလည်း အလွန်လွယ်ကူပြီး နက်ရှိုင်းသော ဘာသာရေးသဘောတရား သက်သက်ချည်းသာ ဖြစ်ပါသည်။ ဆရာတော်၏ ဟောကြားပြသမှုတို့၏ အဆီအနှစ်သာရတို့မှာ ဗုဒ္ဓဝါဒပန်းတိုင်သို့ ရောက်ရန်ပင် ဖြစ်ပါသည်။ ထိုပန်းတိုင်မှာ အမြင်မှန်ရခြင်း၊ သို့မဟုတ် အစစ်အမှန် တရားကို သိနားလည်ခြင်းများ ဖြစ်ပါသည်။ ထို့အပြင် ထိုအသိတရားကို တဦးတယောက်၏ နေ့စဉ်ဘဝတွင် လက်တွေ့ ကျင့်သုံးရန် ဖြစ်ပါသည်"ဟု ပြောကြားခဲ့ပါသည်။

တောင်ပုလု ဆရာတော်ဘုရားသည် အသက် ၄-နှစ်သားမှာပင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် နေထိုင်ခဲ့ပြီး ထိုကျောင်းတော်မှာပင် လိုဏ်ဂူသဏ္ဌာန်တူသော ဆရာတော်၏အခန်းမှ မည်သည့်အခါမှ ထွက်ခွာသွားခဲ့ခြင်းမရှိခဲ့ပါ။ထိုအခန်းတွင် ဆရာတော်သည် လုံးဝမှောင်လုနီးပါး ဖြစ်နေသော အမှောင်အတွင်း၌ တရားဘာဝနာကို ဆက်တိုက်ပွားများခဲ့ပါသည်။

ထိုင်လျက်အနေအားဖြင့် ကျိန်းစက်ပါသည်။ ယင်းကဲ့သို့ ကျင့်လာခဲ့သည်မှာ အမေရိကန်ပြည်ထောင်စုသို့ ဤခရီးကြွချီလာသည့်တိုင်အောင် ဖြစ်ပါသည်။ တနင်္ဂနွေနေ့က ရှင်ပြုမင်္ဂလာ အခမ်းအနားတွင် အဘယ့်ကြောင့် ဆရာတော်သည် နက်မှောင်သော နေကာမျက်မှန်ကို တပ်ဆင်ရပါသနည်းဟု မေးမြန်း လျှောက်ထားသည့်အခါ ဆရာတော်၏ နောက်ပါသံဃာများထဲမှ တပါးသည် ဤကဲ့သို့ ပြန်လည် မိန့်ကြားခဲ့ပါသည်—

"အလင်းရောင်သည် ဆရာတော်၏ မျက်စိများကို ကျိန်းစပ်စေပါသည်"

တောင်ပုလုဆရာတော်သည် ပြီးခဲ့သည့် ရက်သတ္တ တပတ်လုံး သီတင်းသုံးနေထိုင်ကာ တရားဒေသနာများ ဟောကြားခဲ့ရာ နာကြားရသူ ဝိဟာရကျောင်းတော်၏ အဖွဲ့ဝင်တဦးက ပြောသည်မှာ "သင်တို့ သိရှိသည့်အတိုင်း ဆရာတော်သည် အလုပ်ကိစ္စအတွက် ဆောင်ဩသည့်အနေဖြင့်ပင် ပတ်ဝန်းကျင်သို့ ကြွရောက်ခြင်း ပရှိခဲ့ပါ။ ဆရာတော်သည် စစ်မှန်သော ပုဂ္ဂိုလ်တပါးဖြစ်ပါသည်။ အသက်ရှင်လျက်ရှိသော ရဟန္တာပုဂ္ဂိုလ် တပါးဖြစ်ပါသည်"ဟူ၍ ဆောင်းပါးရှင် ကက်သရင်းက သူ့အမြင်ကို တင်ပြထားသည်။

## နားသမင်္ဂလာနှင့် ဒေါ်မြစိန်အမြင်

ဒေါ်မြစိန်ကား ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးတဦး ဖြစ်သည်။ ဒေါ်မြစိန်သည် ဝါရှင်တန်ဗုဒ္ဓဝိဟာရကျောင်းတော်ကြီး၏ဒါရိုက်တာအဖွဲ့ဝင် အမျိုးသမီးတဦး ဖြစ်ရုံသာမက စာရေးဆရာမ တယောက်လည်း ဖြစ်သည်။ ဦးအောင်ဖေ ဒေါ်စံရင်တို့၏ ရှင်ပြုနားသမင်္ဂလာနှင့် ပတ်သက်၍ သူ့အမြင် သူ့အတွေးကိုလည်း ဝါရှင်တန်ဗုဒ္ဓဘာသာ စာစောင်ကြီးတွင် "မြန်မာဗုဒ္ဓဘာသာ ရှင်ပြုမင်္ဂလာ အခမ်းအနား"ဟူသော ခေါင်းစဉ်ဖြင့် ဤသို့ ဖော်ကျူးထားသည်။

မြန်မာနိုင်ငံ တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်နှင့် ဘိက္ခုရဟန်းတော် ၄-ပါးတို့ ကြွရောက်ချီးမြှင့်သော ဝါရှင်တန်မြို့ အာလင်တန်ရှိ ဗုဒ္ဓဘာသာ ဝိဟာရကျောင်းတွင် ကျင်းပသည့် ဦးအောင်ဖေ၏သား အသက် ၁၅-နှစ်အရွယ်ရှိ စောအောင်ဝင်းဖေ၏ ရှင်ပြုအခမ်းအနား အကြောင်းကို တင်ပြလိုပါသည်။ ပါဠိစာပေ အရေးအသားများတွင် ဖော်ပြထားသကဲ့သို့ ကျင်းပခဲ့သော ရှင်ပြုမင်္ဂလာ အခမ်းအနားသည် ထေရဝါဒဗုဒ္ဓဘာသာ တိုင်းပြည်များတွင် တူညီကြပါသည်။ သို့သော် အခမ်းအနား ကျင်းပခြင်းများနှင့်ပတ်သက်၍ ဓလေ့ထုံးစံများတွင် ခြားနားချက်များ ရှိပါသည်။ အချို့နိုင်ငံများတွင် ငယ်ရွယ်သူယောကျ်ားကလေး၊ သို့မဟုတ် ငယ်ရွယ်သူအမျိုးသား

တယောက်သည် ဗုဒ္ဓဘာသာကျောင်းတော်သို့ ဝင်ရောက်သည့်အခါတွင် ဘိက္ခုရဟန်းတပါး အနေဖြင့် ဘာသာရေးအဖွဲ့အစည်းတွင် အမြဲနေရန်သည် သူ၏ဆန္ဒအတိုင်း ဖြစ်ပါသည်။ သို့သော် မြန်မာပြည်တွင် ခရစ်နှစ် ၁၀၀- အေဒီတွင် မြန်မာပြည် အလယ်ပိုင်းဘုရင့်နိုင်ငံတခု၏ မင်းနေပြည်တော်ရှိ လူမှုရေးဘဝကို ဖော်ကျူးခဲ့သော တန်မင်းဆက်တွင် ရေးသားသည့် တရုတ်ရာဇဝင် မှတ်တမ်းတခုအရဆိုရလျှင် ၇-နှစ်အရွယ်ရှိသော ယောကျ်ားကလေး မိန်းကလေးအားလုံးတို့သည် သူတို့၏ဆံပင်များကို ရိတ်ပြီး ရှင်သာမဏေများ အဖြစ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွင် နေ၍ အာဘက်သွားခဲ့ရသည်။ အသက် ၂၀-အရွယ်တွင် အကယ်၍ သူတို့ဆန္ဒရှိခဲ့လျှင် ဆံပင်ကို တဖန်ပြန်ထားပြီး လူ့ဘောင်သို့ပြန်၍ ဝင်ရောက်နိုင်ပါသည်။

ထိုဘုရင့်နိုင်ငံ ပျက်သုဉ်းသွားသည့် နောက်ပိုင်းတွင် ဘုန်းတော်ကြီးကျောင်း၌ ခေတ္တခဏ သွားရောက်နေထိုင်ခြင်းဖြစ်သော ဤဓလေ့ထုံးစံသည် ဆက်လက်တည်ရှိခဲ့သည် မရှိခဲ့သည်ကို ကျွန်ုပ်တို့ မသိပါ။ သို့သော် ၁၁-ရာစုတွင် ပထမ မြန်မာနိုင်ငံကို တည်ထောင်ခဲ့သည့် အနော်ရထာမင်းသည် ထေရဝါဒဗုဒ္ဓဘာသာကို ခိုင်မြဲစွာ တည်ဆောက်ခဲ့သောအခါ အမျိုးသား အမျိုးသမီးများသည် ပါဠိစာပေများ ကောင်းစွာတတ်ကျွမ်းခဲ့ကြသည် ဆိုသည့် အချက်ကို ဖော်ပြသည့် အထောက်အထားရှိပါသည်။ ခရစ်နှစ် ၁၂၆၆-ခုနှစ်တွင် တာတာလူမျိုးများအတွင်းတွင် ဘိက္ခုနီများ၏ အဖွဲ့အစည်း စံနစ်သည် ကွယ်ပျောက်လုနီးပါးဖြစ်သွားသည်ဟု ထင်ရသည်။ ယို့နောက် လူ့အဖွဲ့အစည်းများထဲတွင်နေကြသော ဝတ်ဖြူကိုဝတ်ထားသည့် ဘာသာရေးဆိုင်ရာ အမျိုးသမီးများသည် စာပေကျမ်းဂန် တတ်ကျွမ်းပြီး မိဖုရားများ ဘုရင့်သမီးတော်များနှင့် နန်းတွင်းအမျိုးသမီးများအား စာပေကျမ်းဂန်များ သင်ကြားပေးခဲ့သည်ဟူသော ဖော်ပြချက်တရပ် ရှိခဲ့ပါသည်။

သို့သော် ထိုအမျိုးသမီးများသည် သံဃာ့အဖွဲ့ဝင်များ ဖြစ်သော ဘိက္ခုနီရဟန်းမများအဖြစ်သို့ သွတ်သွင်းခြင်း မခံခဲ့ကြရပါ။ ထို့ကြောင့် အချိန်ပိုင်းတခုအနေဖြင့် ယောကျ်ားကလေးများသာလျှင်ဗုဒ္ဓဘာသာကျောင်းတော်သို့ ဝင်ရောက်ခြင်းမှာ ဓလေ့ထုံးစံတခု ဖြစ်လာခဲ့ပါသည်။

ဗြိတိသျှတို့ မြန်မာပြည်ကို စစ်နိုင်၍ သိမ်းပိုက်ခြင်း မပြုခင်ကာလတွင် ယောကျ်ားကလေးများသည် ဘိက္ခုရဟန်းတော်များအဖြစ်ဖြင့် အရိုးထုတ်ရန် ဆန္ဒမရှိခဲ့လျှင် ရှင်သာမဏေများအဖြစ် တနှစ်၊ သို့မဟုတ် အနည်းဆုံး သုံးလ ခါန်တာကြာ ဗုဒ္ဓဘာသာ တဝါနေခဲ့ကြရသည်။ သူတို့သည် ဘုန်းတော်ကြီး ကျောင်းတော်မှ ထွက်လာခဲ့ကြသောအခါ အရွယ်ရောက် လူကြီးများအဖြစ် သတ်မှတ်ခြင်းခံရပြီး အမျိုးမျိုးသော အသက်မွေး ဝမ်းကျောင်းမှုများတွင် ဝင်ရောက် ဆောင်ရွက်ကြသည်။ ဤခေတ်အခါတွင် မြန်မာပြည်သို့ အလည် အပတ် ရောက်ခဲ့ကြသူများက အမျိုးသားအားလုံးနှင့် အမျိုးသမီး ရာခိုင်နှုန်း တော်တော်များများသည် စာရေးစာဖတ် တတ်ကြသူများဖြစ်ကြ၍ မြန်မာ နိုင်ငံသည် ကလောင်ဖြင့် အုပ်ချုပ်ခြင်း ခံခဲ့ရသည်ဟု ရေးသား ဖော်ပြခဲ့ကြ ပေသည်။

ခေတ်သစ်ကာလတွင် ကျေးရွာရှိ ယောကျ်ားကလေးများသည် ဗုဒ္ဓ ဘာသာ ကျောင်းတော်ရှိ စာသင်ကျောင်းများတွင် ယခုတိုင် တက်ရောက် ပညာသင်ယူခဲ့ကြပါသည်။ ယင်းအပြင် ရှေးယခင်ကကဲ့သို့ပင် ရှင်သာမဏေ များ ဝတ်ခဲ့ကြပါသည်။ သို့သော် စာသင်ကျောင်းအသစ်များ ဖွင့်ကြပြီးသော မြို့များတွင် ယောကျ်ားကလေးများသည် ကျောင်းပိတ်ရက်များ အတွင်းသာ ရှင်သာမဏေများအဖြစ် နေနိုင်ခဲ့ကြသည်။ မြန်မာပြည်တွင် ဗုဒ္ဓဘာသာ မိသားစုတစုအတွင်း၌ သားယောကျ်ား မွေးဖွားလျှင် မွေးဖွားချင်း မိဘများ က သူနှင့် သူ့အိမ်ထောင်စုတို့ ကုသိုလ်ရရှိရန် သူ့အား ရှင်ပြုမည့်နေ့ရက်အတွက် စီမံကြတော့သည်။ အဆင်းရဲဆုံး လယ်သမား မိဘများပင်လျှင် ရှင်ပြုမင်္ဂလာ အခမ်းအနားအတွက် စုဆောင်းကြပါသည်။ ယင်းရှင်ပြုမင်္ဂလာအခမ်းအနား သည် ရှင်မြူးပျော်ရွှင်ဖွယ်ဖြစ်သော ဘာသာရေးနှင့်လည်း စပ်ဆိုင်သောအချိန် အခါသမယ ဖြစ်ပါသည်။ ကလေးမရှိသည့် ဇနီးမောင်နှံများသည်ပင် တခါ တရံ ဤရှင်ပြုပွဲလုပ်ရန်အတွက် အခြားသူများ၏ သားယောကျ်ားကလေး များကို မွေးစားကြရပါသည်။ သို့မဟုတ် ဆွေမျိုးသားချင်းတဦး၏ ရှင်ပြုပွဲ အခမ်းအနားကို ငွေကြေးမြောက်မြားစွာ ထည့်ဝင်ကြပါသည်။

ကျေးရွာများတွင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားသော ရှင် လောင်းသည် သူ၏နေအိမ်မှ ဘုန်းတော်ကြီးကျောင်းသို့ မြင်းစီး၍ သွားပါ

သည်။ ယင်းဘုန်းတော်ကြီးကျောင်းသည် ထုံးစံအားဖြင့် ရွာ၏အပြင်ဘက်တွင် ရှိပါသည်။ ငှားရမ်းထားသော ထီးဖြူတလက်၊ သို့မဟုတ် ထီးဖြူများကို ဘုရင့် အခမ်းအနား အထိမ်းအမှတ်သဘောမျိုးဖြင့် ရှင်လောင်းလှည့်ရာတွင် သယ် ဆောင်ကြပါသည်။ ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် ဘုရားအလောင်း သိဒ္ဓတ္ထ မင်းသား တောထွက်ခြင်း၏ သရုပ်ကို ဖော်ဆောင်ခြင်း ဖြစ်ပါသည်။ အစဉ် အလာ ပြောဆိုခဲ့သည့် စကားအရဆိုလျှင် ရှင်လောင်းလှည့်သည့် အယူအဆ မှာ ဘုရားလက်ထက်တော်က ဝိသာခအမည်ရှိ ချမ်းသာသည့် ကုန်သည် တဦးသည် အလှူခံစားရသည့် ရဟန်းမများ၏ ကျောင်းတော်သို့ အဖွဲ့ဝင် တဦးဖြစ်ရန် အလိုရှိသော ဇနီးသည် ဓမ္မဒိန္နာ၏ ဆုံးဖြတ်ချက်ကို ထောက်ခံ ပြီး ဇနီးသည် ဓမ္မဒိန္နာအား ရွှေဝေါပေါ်တွင်တင်လျက် မြို့တွင်းလှည့်လည် သော အခမ်းအနားတွင် ထိပ်ဆုံးကနေစေပြီး ရဟန်းမများ ကျောင်းတော် သို့ စေလွှတ်ခြင်းမှ ပေါ်ပေါက်လာခဲ့ပေသည်[၁]။ ဓမ္မဒိန္နာ ရဟန်းမ ပြုလုပ် ရန် ဆုံးဖြတ်ချက်မှာ ဝိသာခသည် ဘုရားတရားတော်ကို နာကြားခဲ့ရပြီး နောက် အိမ်ပြန်လာခဲ့ပြီး ဓမ္မဒိန္နာအား လှူဘောင်သို့ နောက်ထပ် ပြန်ရောက် မလာတော့မည့် ရဟန်းတဦးအနေဖြင့် သူလက်ခံခဲ့သည့် စည်းကမ်းကျင့်ဝတ် များကို ဓမ္မဒိန္နာအား ပြောကြားခဲ့သည်။ နောက်တနေ့တွင် သူမ ပေါ် ပေါက်လာခဲ့သည်။ ဝိသာခသည် ဇနီးသည်အား ၎င်းတို့နေထိုင်သည့် စံအိမ် တွင် ဆက်လက်၍နေရန် ဆန္ဒရှိသလား၊ သို့မဟုတ် ဇနီးသည်သည် မိဘ အိမ်သို့ ဥစ္စာပစ္စည်းများကိုယူပြီး ပြန်လိုသလားဟု မေးမြန်းခဲ့သည်။ ထိုအခါ ဇနီးသည် ဓမ္မဒိန္နာက ဤမေးမြန်းချက် နှစ်ရပ်စလုံးကို ငြင်းပယ်ပြီး လှူဘောင် ကို စွန့်၍ ရဟန်းမဘဝကိုသာ အလိုရှိကြောင်း ဖော်ပြခဲ့ပါသည်။ သူမသည် လင်ယောကျ်ားထံမှ ခွင့်ပြုချက်ကို ရရှိခဲ့သည့်နောက်ပိုင်းတွင် တရားဒေသနာ ကို ဟောကြားနိုင်ခဲ့သော အလှူခံစားရသည့် ဘိက္ခုနီရဟန်းမများထဲတွင် ပထမဦးဆုံးပုဂ္ဂိုလ် ဖြစ်လာခဲ့ပါသည်။

သေးယ်ပြီး ကြွခိုင်သူ( ? )အမည်ရှိ အခြားအလှူခံစားရသည့် ဘိက္ခုနီ ရဟန်းမတဦးသည် အလှူခံစားရသည့် ဘိက္ခုနီ ရဟန်းမများ၏

---

၁။ မူလပဏ္ဏာသပါဠိ၊ ၃၇၃။ သင်း အဋ္ဌကထာ၊ ဒု-တွဲ၊ ၂၅၇။

ကျောင်းသော်သို့ ရွှေဝေါပေါ်တင်၍ စေလွှတ်ခြင်းခံခဲ့ရပါသည်။ ယခုခေတ်အခါ၌ မြို့များတွင် ရှင်လောင်းလှည့်လည်ပွဲ ကျင်းပသည့်အခါ ထိုးစံအားဖြင့် မော်တော်ကားများဖြင့် လှည့်လည်ကြပါသည်။ ခမ်းနားစွာ ဝတ်စားထားသော ရှင်လောင်းသည် ရွှေဆိုးကကားကို စီးနင်း၍လိုက်ပါရပါသည်။ ဘုန်းတော်ကြီးကျောင်း၊ သို့မဟုတ် အထူးတည်ဆောက်ထားသော ယာယီမဏ္ဍပ်သို့ ရောက်လာသည့်အခါ အခမ်းအနား ဆောင်ရွက်ချက်မှာ ဝါရှင်တန် ဗုဒ္ဓဝိဟာရတွင် ကျင်းပသော အခမ်းအနားကဲ့သို့ပင် ဖြစ်ပါသည်။ ယောကျ်ားကလေးများသည် အဖိုးတန်သော အဝတ်အစားများကို ချွတ်လိုက်ရပါသည်။ ယင်းအပြင် ဆံပင်ရှည်လုံကွင်းကိုသာ ဝတ်ဆင်လျက် ဘိက္ခုရဟန်းတော်များထဲမှ တပါးပါးက သူ၏ဆံပင်ကို ရိတ်ပေးပါသည်။

ထို့နောက် ထိုသူငယ်သည် သင်္ကန်းတောင်း၍ သင်္ကန်းဝတ်ရုံပြီးသော အခါ သူ၏ ဆရာသမားဖြစ်လာမည့် ကမ္မဝါစာပြုလုပ်သော ရဟန်းတော်၏ အကူအညီဖြင့် နာယကဆရာတော်ကြီး၏ ရှေ့မှောက်သို့ ပြန်၍လာရပါသည်။ ထိုဆရာတော်က သူ့အား ဆယ်ပါးသီလကို ပေးပါသည်။ ထို့နောက် ရှင်သာမဏေသည် ပါဠိဘာသာဖြင့် မှည့်ခေါ်သော အမည်တခု ရပါသည်။ ဤတွင် သူသည် သူ၏မိသားစုအဖွဲ့ဝင်တဦး မဟုတ်တော့ဟု ယူဆပါသည်။ သူ၏မိဘများ ဆွေမျိုးသားချင်းများနှင့် သူငယ်ချင်းများက သံဃာတော်များကဲ့သို့ ရိုသေပူဇော်မှုကို သူ့အား ပေးရပါသည်။

မြန်မာပြည်တွင် ဆွမ်းခံကြွကြသော ဘိက္ခုရဟန်းတော်များနောက်တွင် သပိတ်ပိုက်လျက် လိုက်ပါလာသော သူ့အား သူ့အိမ်သားများနှင့် သူငယ်ချင်းများက ဘုန်းတော်ကြီးကျောင်းတွင် ရှိနေစဉ် သူလိုအပ်မည်ဖြစ်သော ဝတ္ထုပစ္စည်းများကို လှူဒါန်းကြပါသည်။ ဤသို့ လှူဒါန်းခြင်းမှာ ရှင်သာမဏေဖြစ်ပြီးနောက် သူသည် အသန့်ရှင်းဆုံးပုဂ္ဂိုလ်တဦး ဖြစ်သည်ဟု ယူဆကြသောကြောင့် ဖြစ်ပါသည်။ ဤကဲ့သို့ ကျောင်းတွင် ရက်သတ္တတပတ်၊ သို့မဟုတ် ဆယ်ရက်နေထိုင်ခြင်းသည် မြန်မာပြည်ရှိ ဗုဒ္ဓဘာသာ ယောကျ်ားလေးများအတွက် မမေ့နိုင်သော အတွေ့အကြုံတရပ် ဖြစ်ပါသည်ဟု ဒေါ်မြစိန်က သူ့အမြင်ကို ဤသို့လျှင် ဖော်ကျူးခဲ့သည်။

**သူတို့အမြင် သူတို့အတွေး**

ကျေးဇူးရှင် တောင်ပုလု ကမ္ဘာ့အေးဆရာတော်ဘုရားကြီးသည် ပဋိပတ်အရာတွင် အလွန်ထူးချွန်သော မထေရ်တပါးဖြစ်သည်ဆိုခြင်းကို ဗုဒ္ဓဘာသာ မြန်မာပြည်သူတို့ စွဲမြဲယုံကြည် လက်ခံကြပြီးဖြစ်သည်။ မြန်မာပြည်တဝန်းလုံး အတိုင်းအတာနှင့် လက်ခံယုံကြည်သည်ဟု ဆိုရခြင်းထက် ကျေးဇူးရှင် တောင်ပုလုဆရာတော်ကို အနီးကပ် ဖူးမြော်ခွင့် ရကြသည့် တောင်ပုလုတောရနှင့် ရွာနီးချုပ်စပ်ရှိ ဒကာ ဒကာမများက မမိုတ်မသုန် ယုံကြည်သည်ဟု ဆိုရခြင်းက ပို၍ သဘာဝကျမည် ဖြစ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားသည် ဝါ-၂၀အရ တောထွက်သည်မှစ၍ ဆွမ်းခံရှိမှအပ လူသူနှင့်အတွေ့မခံပဲ တတောထွက်ပင် တပင်ငုပ်လျှိုး ဟာချုံတိုး၍ တရားကျင့်ခဲ့သည်ကို ယခု တောင်ပုလုတောရဟူ၍ အခြေတကျမပေါ်ထွန်းမီကာလကပင် ဖူးတွေ့ရခဲ့သောကြောင့် ဖြစ်ပေသည်။

တနေရာတွင် အတန်ကြာနေ၍ လူသူများ အရောက်အပေါက်များလာသောအခါ ကျေးဇူးရှင် တောင်ပုလုဆရာတော်သည် ထိုနေရာကိုစွန့်ခွာ၍ အခြားတနေရာသို့ ပြောင်းရွှေ့ကြွသွားတတ်လေသည်။ ဤနည်းဖြင့် ဧကစာ ကျင့်လာခဲ့သည်မှာ တောင်ပုလုတောရဟူ၍ မပေါ်ထွန်းမီအထိ ဖြစ်သည်။ တောင်ပုလုတောရဟူ၍ ပေါ်ထွန်းလာသောအချိန်သည် တောင်ပုလုဆည်ကြီး ပေါ်ပေါက်ချိန်မှ စခဲ့သည်။

တောင်ပုလုတောရဟူ၍ မပေါ်ပေါက်မီ အချိန် ကာလပိုင်းတွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တဝိုက်ရှိ ကျောက်ဆောင် ကျောက်ဂူမ်းပါး ချောက်ကြာ ကောင်းကောင်းနှင့် သစ်ပင် ချုံဖုတ် ကောင်းကောင်းများသည် ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရား၏ သီတင်းသုံး စံပျော်ရာ ကျောင်းတော်များ ဖြစ်ခဲ့လေသည်။

ကျေးဇူးရှင်ဆရာတော်ဘုရား ယင်းသို့ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ခြင်းသည် ကျော်ကြားမှု အကြည်ညိုခံရမှုကို ရှေးရှု၍ ကျင့်ကြံကြိုးကုတ် အား

ထုတ်ခဲ့ခြင်းမဟုတ်ပဲ အမြွတ်တရားကို အရရှာဖွေခြင်း သက်သက်ကြောင့်သာ ဖြစ်ပေသည်။ တနည်းဆိုရသော် ဝိပဿနာသမားသည် တောကောင်သက်သက် ဟူသော ခံယူချက်ကြောင့်သာ ဖြစ်သည်။

တတောထွက်ဝင် တပင်ငုပ်လျှိုး တချုံကိုး၍ ဓုတင်တရား ၁၃-ပါးကို မပြတ်ကြိုးကုတ် အားထုတ်တော်မူယင်း သတိပဋ္ဌာန်တရားတော်ကို အမြဲ မပြတ် ပွားများလာခဲ့သည်မှာ ယနေ့အထိပင် ဖြစ်ပေသည်။ ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီးသည် တောထွက်ခဲ့သည်မှစ၍ ဓုတင်တရား ၁၃-ပါးနှင့် တရံတဆစ်မျှ ကင်းကွာတော်မူခြင်း မရှိခဲ့ချေ။ ဓုတင်တရား ၁၃-ပါးကို ဤစာအုပ်တနေရာတွင် အစီရင်ခံခဲ့ပြီး ဖြစ်သည်။

တောင်ပုလုဆည်ကြီး ပေါ်ထွန်းလာချိန်သည်ကား ကျေးဇူးရှင် ဆရာတော် ဘုရားသည် တောင်ပုလုဘောင်၏ အနီးတဝိုက်ရှိ သစ်ပင် ချုံဖုတ်နှင့် ကျောက်ဆောင် ကျောက်ကမ်းပါးများတွင် လှည့်လည် သီတင်းသုံးနေတော် မူသည့်အချိန်ပင် ဖြစ်သည်။ တခါတရံ ဆည်မြောင်းလုပ်သားများထံ ဆွမ်းခံ ဘုဉ်းပေး၍ တခါတရံ အနီးအပါးရှိ သဖန်း၊ ကျောင်းကုန်း၊ ဆည်ရွာ၊ အိုမတွေ၊ ညာကန်၊ ရှောက်တော၊ တစု၊ ဖက်ကုန်း၊ ဂုံတော၊ သရက်ကန်၊ ဂုံကန်၊ မုန်တော၊ ခံကုန်း၊ ခံပုံ၊ တောင်ညိုကုန်း၊ သံပိုက္ကုန်းစသော ရွာများသို့ ကြွရောက်၍ ဆွမ်းခံဘုဉ်းပေးတော်မူသည်။ ဆွမ်း ကိစ္စများ ပြီးသောအခါတွင် ကျေးဇူးရှင် ဆရာတော်ဘုရားသည် မိမိ၏ သစ်ပင်ချုံဖုတ်နှင့် ကျောက်ဆောင် ကျောက်ကမ်းပါး ကျောင်းများသို့ ပြန်လည်သီတင်းသုံးနေထိုင်တော်မူခဲ့သည်။

ယင်းသို့သော အခြေအနေကို စိတ်မချမ်းမသာ ဖြစ်ကြရသော ထိုစဉ်က မိတ္ထီလာအမတ် ဆရာထိန်နှင့် ဆည်မြောင်းဌာန ကန်ဗိုလ်ဦးစံငြိမ်းတို့က ကျေးဇူး ရှင် ဆရာတော်ဘုရားအား တောင်းပန်လျှောက်ထား၍ ကပ်မိုး ကပ်ကာ ကျောင်းကလေးတဆောင် ဆောက်လုပ်လှူဒါန်းလိုက်ကြသည်။ ဤကပ်မိုးကပ် ကာ ကျောင်းကလေးသည် နောင်တချိန်တွင် တောင်ပုလုတောရဟူ၍ မွေး ဖွားလာမည့် သန္ဓေလောင်းကလေးပင် ဖြစ်သည်။

ဆရာတော်သည် ဤကပ်မိုးကပ်ကာ ကျောင်းကလေးအတွင်းတွင် နိသဇ္ဇ မှုတင်ကျင့်ဝတ်အရ ထိုင်လျက်သာ ကျိန်းစက်တော်မူခဲ့ရာ ဖူးမြော်လာသူ ဒါယကာ ဒါယိကာမများအနေဖြင့် ဆရာတော်ဘုရား ကျိန်းစက်တော်မူရာ နေရာကို ရှာမတွေ့ ဖြစ်နေသည်။ ယင်းသို့ ဆရာတော်ဘုရား ထိုင်လျက် ကျိန်းစက်သည်ကို အချို့ဒါယကာများက အယုံအကြည်မရှိခဲ့ကြချေ။

အယုံအကြည်မရှိကြသော ဒါယကာအချို့သည် ဆရာတော်ဘုရား ကျိန်းစက်ပုံကို ညဥ့်နက် သန်ကောင်သန်လွဲ အမှတ်မထင် ချောင်းကြည့်ခဲ့ကြရာ ဆရာတော်ဘုရား ထိုင်လျက်ကျိန်းစက်သည်ကိုပင် ကြည်ညိုဖွယ်ရာ ဖူးတွေ့ကြရသည်။ သို့တစေ ယင်းဒါယကာများသည် ဤမျှဖြင့် လက်ခံယုံကြည်နိုင်ခြင်း မရှိခဲ့ကြ။ တိုက်ဆိုင်၍သာ ယင်းသို့ ဖူးတွေ့ရခြင်းဖြစ်နိုင်သည်ဟု ယူဆကာ ကျေးဇူးရှင် ဆရာတော်ဘုရား၏ ကျိန်းစက်ပုံကို ညပေါင်းများစွာပင် ချောင်းကြည့်ခဲ့ကြသည်။ ကြည့်ကြသည့်အခါတိုင်းလည်း ထိုင်လျက်ပင် ကျိန်းစက်သည်ကို ဖူးမတွေ့ရပြီ ဖူးတွေ့ရသည်။

ဤသည့်အချိန်မှစ၍ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး၏ ကျော်စောခြင်း သီလရနံ့တော်သည် အရပ်လေးမျက်နှာသို့ လှိုင်ပျံ့ထွက်ပေါ်လာခဲ့သည်။ တရားထူးကို ရ၍သာ ဤသို့ထိုင်လျက် ကျိန်းစက်နိုင်ခြင်းဖြစ်မည်ဟု သဒ္ဒါကြည်ညို ပိုမိုလာကြလေသည်။ ထိုမျှသာမက "တောင်ပုလုဆရာတော် ရဟန္တာဖြစ်ပြီ"ဟု လက်ခံ ယုံကြည်လာခဲ့ကြသည်။ ယင်းသို့ လက်ခံ ယုံကြည်လာခဲ့ကြသည့် အတိုင်းအတာသည် မြန်မာပြည်တွင်းသာမက ကမ္ဘာသို့ ချဉ်းနင်းပျံ့နှံ့လာခဲ့ပြီ ဖြစ်ပေသည်။

ဝါရှင်တန်ပို့စ် စာရေးဆရာအဖွဲ့ဝင်တဦးဖြစ်သူ စားရေးဆရာ ကက်သရင်းက ဝါရှင်တန် ဗုဒ္ဓဝိဟာရအဖွဲ့ဝင်တဦး၏ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အပေါ် လက်ခံယုံကြည်ချက်ကို "သင်တို့ သိရှိပြီး ဖြစ်သည့်အတိုင်း ဆရာတော်သည် အလုပ်ကိစ္စအတွက် ဆော်ဩသည့်အနေဖြင့် ပတ်ဝန်းကျင်သို့ မကြွခဲ့ပါ။ ဆရာတော်သည် စစ်မှန်သော ပုဂ္ဂိုလ်ဘဝါး ဖြစ်ပါသည်။ အသက်ရှင်လျက်ရှိသော ရဟန္တာပုဂ္ဂိုလ်ဘဝါး ဖြစ်ပါသည်"ဟု ဖော်ကသည်ချဲ

ထားခဲ့ပေသည်။ ကက်သရင်း၏ ဆောင်းပါးကို ဤစာအုပ်တနေရာတွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။

တဖန် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အမေရိကန်နိုင်ငံမှ အိန္ဒိယနိုင်ငံအရောက် ခရီးရောက်မဆိုက်မှာပင် ဗုဒ္ဓဘာသာ အိန္ဒိယသူတော်စင်တို့က "ဆရာတော်ဘုရားကြီး ပကြွလာမီ သမိုင်းအတွင်းက တပည့်တော်များ အိန္ဒိယနိုင်ငံ မဟာဗောဓိ စေတီတော်၏ အလယ်ကောင်းကင်ယံတွင် ပြောင်ပြောင်ဝင်းဝင်း အရောင်တော်ကြီးတခုကို တွေ့မြင်ကြရပါသည်။ ထိုအရောင်တော်ကြီးသည် အိန္ဒိယနိုင်ငံသို့ ဆရာတော်ဘုရားကြီး ကြွချီတော်မူလာခြင်း၏ အရိပ်နိမိတ်ပင် ဖြစ်ပေလိမ့်မည်ဟု တပည့်တော်တို့ ယုံကြည်လျက် ရှိပါသည်" ဟု သဒ္ဒါပိုမို ကြည်ညိုလျှောက်ထားကြသည်။

ဗုဒ္ဓဘာသာ အမေရိကန်များနှင့် အိန္ဒိယသားများ၏ လက်ခံယုံကြည်ခြင်းမျိုးနှင့် တူသော လက်ခံယုံကြည်ခြင်းမျိုးသည်လည်း ဗုဒ္ဓဘာသာ မြန်မာများသန္တာန်တွင် ကိန်းလျက် ရှိခဲ့ကြသည်။ ယင်းသို့ ရှိခဲ့သည်မှာ ကျေးဇူးရှင် တောင်ပုလုဆရာတော် အမေရိကန်နှင့် အိန္ဒိယသို့ ပကြွမီနှင့် ကြွပြီး ပြန်ရောက်လာသည့်နောက် ဖြစ်သည်။

အသို့နည်းဆိုသော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်အဖွဲ့သည် ဆန်ဖရန်စစ္စကိုမှ လော့(စ်)အိန်ဂျလိ(စ်)မြို့သို့ လေယာဉ်ဖြင့်အကြွ လေယာဉ်ကွင်းအဆင်း ဘီးချမရပဲရှိနေစဉ် လေယာဉ်မှူး၏ မျက်စိထဲတွင် ဆရာတော်ဘုရားကြီးကို ဖူးမြင်လိုက်ရတော့မှ လေယာဉ်ဘီးချ၍ ရသွားသည်ဟူသော သတင်းသည် မြန်မာနိုင်ငံသို့ ပြန်မကြွမီကပင် ရောက်နှင့်နေပေရာ ဗုဒ္ဓဘာသာ မြန်မာတို့က သဒ္ဒါပိုမို ကြည်ညိုနေနှင့်ကြပြီး ဖြစ်တော့သည်။

မြန်မာနိုင်ငံသို့ ပြန်ကြွလာသော အခါများ၌မူကား ဤသို့ကြည်ညိုကြပြန်သည်။ မိတ္ထီလာမြို့ မင်းရပ်နေ အမျိုးသမီးကြီး တဦးသည် နံနက်အရုဏ် ဆွမ်းချက်နေစဉ် ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီးသည် သူမအနားမှ ဖြတ်သန်းကြွသွားသည်ကို ဖူးမြင်လိုက်ရသည်ဟု ဆိုလေသည်။ ယင်းအကြောင်းကို တောင်ပုလုတောရ ကမ္ဘာအေး ရိပ်သာသို့အရောက်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက "နင်တွေ့သလား"ဟု မေးသည်။ အမျိုးသမီးကြီးက "တွေ့ကြောင်း"လျှောက်ထားရာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ပြုံးနေသောဟူ၏။

ဤသည်ဤသည်တို့ကား သူတို့အမြင်နှင့် သူတို့အတွေးများ ဖြစ်ကြသည်။ ပုထုဇဉ်တို့ လောကအမြင်တွင် ပုဂ္ဂိုလ်တဦး၏ ထူးခြားချက်ကို မျက်ဝါးထင်ထင် တွေ့မြင်လာကြသောအခါ ဤသို့ဤနှယ် သဒ္ဓါလွန်တတ်ကြခြင်း ကလေးများသည် သဘောတံထွာ ဓမ္မတာပင် ဖြစ်ချေသည်။ ယင်းသို့သော သဒ္ဓါလွန်မှု ကလေးများကို ဤစာအုပ်တွင် အလေးတမူ အရေးယူ၍ ဖော်ပြနေခြင်းသည် ဟုတ်လိနိုးနိုး ထင်ယောင်ထင်မှား ဖြစ်ကြစေရန် ရည်ရွယ်၍ ဖော်ပြနေခြင်းမဟုတ်။ ယင်းသဒ္ဓါလွန်မှုကလေးများ၏ မဟုတ်ဟူသော အချက်ကို ဤစာအုပ်ဖြင့် အပြတ်အသတ် အဖြေပေးလို၍ ဖြစ်သည်။

တနည်းအားဖြင့် ယင်းသို့သော သဒ္ဓါလွန်မှုကလေးများကို ဤစာအုပ်တွင် အလေးတမူ အရေးယူ၍ ဖော်ပြရခြင်း၏ အဓိကအချက်ကား ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို ဖော်ကျူးလိုသော အချက်ပင် ဖြစ်သည်ဟု ဆိုက ပိုမိုသင့်နိုးအံ့ ထင်သည်။

ပုထုဇဉ်တို့၏ လောကအမြင်တွင် ယင်းသို့သော သဒ္ဓါလွန်မှုကလေးများ ပေါက်ဖွားလာရခြင်း အကြောင်းရင်းမှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များမှ အခြေခံကြောင်း အသင့်အားဖြင့် နှလုံးသွင်းကြရသည်။

မည်သို့ဆိုစေ သမ္ဗုဒ္ဓခေါန်လုံ့လဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်လာခဲ့သော ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်များကို ကြည်ညိုလက်ခံနေကြပြီဆိုလျှင် ယင်းသို့သော သဒ္ဓါလွန်မှုကလေးများကို လက်မခံနိုင်လင့်ကစား အသင့်အားဖြင့် သဘောထားနိုင်ကြမည်ဟု ယုံကြည်မိပေသည်။

## သူတို့အမြင်နှင့် သူတို့အတွေးနှင့် ဘာသာရေးကြေငြာချက်

မြန်မာနိုင်ငံ တောင်ပုလုသာသနာပြုအဖွဲ့သည် ဆန်ဖရန်စစ္စကို စသော အခြားသောမြို့များတွင် သာသနာပြုသကဲ့သို့ ဝါရှင်တန်မြို့မှာလည်း သာသနာပြုခဲ့သည်။ သရဏဂုံနှင့် သီလချီးမြှင့်ခြင်း၊ ညစဉ်သတိပဋ္ဌာန် ဝိပဿနာတရားတော်များ အားထုတ်စေခြင်း၊ ဟောကြားခြင်း၊ ရှင်သာမဏေပြုပေးခြင်း၊ ရှင်ပြုနားသမင်္ဂလာ ဆင်ယင်ကျင်းပလိုသူတို့အတွက် ဆင်ယင်ကျင်းပပေးခြင်း စသော သာသနာရေးဆိုင်ရာ လုပ်ငန်းများကို ပြုမြဲတိုင်း ပြုလုပ်ခဲ့ကြလေသည်။

ယင်းသို့သော လုပ်ငန်းဆိုင်ရာများကို သာသနာရေးဆိုင်ရာ လုပ်ငန်းများနှင့် မပတ်သက်ဟု ယူဆကြ၍လားမသိ။ "မြန်မာပြည်မှ ရဟန်းတော်များသည် အမေရိကန်ပြည်၌ ဘာတွေများ လုပ်နေပါလိမ့်" ဟူသော လေသံသည် အမေရိကန် မိုးသက်လေနှင့်အတူ တောင်ပုလုသာသနာပြုအဖွဲ့ နားဝတွင် ပြန့်ဝင်လာခဲ့သည်။ ထို့ကြောင့် ဘာတွေများ လုပ်နေပါလိမ့်ဟု ဆိုသူတို့ သိရှိနိုင်ရန် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် ဘာသာရေး ကြေငြာချက်ကို အမေရိကန်နိုင်ငံ တဝန်းလုံးသို့ ထုတ်ပြန်လိုက်လေသည်။ ကျေးဇူးရှင် တောင်ပုလု ဆရာတော်ဘုရားကြီး၏ ဘာသာရေးကြေငြာချက်ကို ဤနေရာတွင် မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော

# ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းတဲ့ လုပ်ငန်းလမ်းစဉ်

၁၃၄၀-ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၆-ရက် ဘနက်ခံဓနေ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မြန်မာပြည်မှ ရဟန်းတော်များသည် အမေရိကန်ပြည်၌ ဘာတွေများ လုပ်နေပါလိမ့်ဟု မေးတတ်သူက ပေးအပ်သော စကားကိုဖြေကြားပါမည်။

ငါတို့ ယခုသာသနာရေးအမှု၌ ပြုစုကျိုးတောင်သော လုပ်ငန်းလမ်းစဉ်သည် ပညာရှိသော်လျှင် ထိထိမိမိ သိရှိနိုင်ပါမည်။

ပညာရှိသော်ကား—

၁။ "နတ္ထိ ခန္ဓသမာ ဒုက္ခာ" လွန်မင်းစွာ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးကို သည်ပိုးရွက်ဆောင်၍ လူသာမန်တို့ မမျှော်မှန်းနိုင်သော အလွန်ရှည်လျားသော အဓွန့်ရှိသော သံသာရဝဋ္ဋဒုက္ခတည်းဟူသောခရီးခဲကြီး၌ သိရှိသဖြင့် အပြစ်ကိုထင်မြင်နိုင်ပါသည်။

၂။ လွန်မင်းစွာ လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးကို သည်ပိုးရွက်ဆောင်၍ လူသာမန်တို့ မမျှော်မှန်းနိုင်သော အလွန်ရှည်လျားသော အဓွန့်ရှိသော သံသာရဝဋ္ဋဒုက္ခ တည်းဟူသော ခရီးခဲကြီး၌ အပြစ်ကို ထင်မြင်နိုင်မှသာလျှင် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာအားလုံးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုရှိသော (သဉပါဒိသေသ) နိဗ္ဗာန်နှင့်အကျိုးကို ထင်မြင်နိုင် ပါမည်။

၃။ ပူပန်စေတတ် နှိပ်စက်တတ်သောကိလေသာအားလုံးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုရှိသော(သဉပါဒိသေသ နိဗ္ဗာန်) ၌ အကျိုးကိုထင်မြင်မှ

သာလျှင် လွန်မင်းစွာ ကြပ်တည်းကျဉ်းမြောင်းသော ဃရာဝါသ အိမ်ထောင်မှုကိုပြုရာ၌ အပြစ်ကိုထင်မြင်နိုင်ပါမည်။

၄။ လွန်မင်းစွာ ကြပ်တည်းကျဉ်းမြောင်းသော ဃရာဝါသအိမ်ထောင်မှုကို ပြုလုပ်ရာ၌ အပြစ်ကို ထင်မြင်နိုင်မှသာလျှင် ကြပ်တည်းကျဉ်းမြောင်းခြင်းမရှိ သက်သာချောင်ချိသော ပဗ္ဗဇ္ဇာဟု ဆိုအပ်သော ရဟန်းအဖြစ်၌ အကျိုးကိုထင်မြင်နိုင်ပါမည်။

၅။ ကြပ်တည်း ကျဉ်းမြောင်းခြင်းမရှိ သက်သာချောင်ချိသောပဗ္ဗဇ္ဇာဟု ဆိုအပ်သော ရဟန်းအဖြစ်၌ အကျိုးကို ထင်မြင် နိုင်မှသာလျှင် ပဗ္ဗဇ္ဇာဟု ဆိုအပ်သော ရဟန်းအဖြစ်ကိုပြုသဖြင့် စာပေကျမ်းဂန်များကို သင်ကြား၍ (သို့မဟုတ်) စာပေကျမ်းဂန်များကို မသင်ကြားပဲ ဆရာသမားများထံ နည်းခံ၍ သမထ ဝိပဿနာတရားများကို ပွားများအားထုတ်နိုင်မှသာလျှင် ဈာန်မဂ်ဖိုလ်တရားများ ရရှိနိုင်ပါမည်။

၆။ သမထ ဝိပဿနာတရားများကို ပွားများအားထုတ်၍ ဈာန်မဂ်ဖိုလ် တရားများကို ရရှိနိုင်မှသာလျှင် ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ အားလုံးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုရှိသော သဥပါဒိသေသဆိုတဲ့ နိဗ္ဗာန်ကို ရရှိနိုင်ပါမည်။

၇။ ပူပန်စေတတ် နှိပ်စက်တတ်သော ကိလေသာ အားလုံးတို့၏ အကြွင်းမဲ့ ချုပ်ငြိမ်းမှုရှိသော သဥပါဒိသေသဆိုတဲ့ နိဗ္ဗာန်ကိုရရှိနိုင်မှသာလျှင် လွန်မင်းစွာလေးလံသော ဝန်ထုပ်ဝန်ပိုးကြီးတည်းဟူသော ခန္ဓာငါးပါး နာမ် ရုပ်တရားတို့သည် လောင်စာ မရှိသော မီးကဲ့သို့ အကြွင်းမဲ့ ချုပ်ငြိမ်းမှုရှိသော အနုပါဒိသေသဆိုတဲ့ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ဇာတ်သိမ်းတဲ့နိဗ္ဗာန်ကို ရပါတော့သည်။

ဤသည်ကား မြန်မာပြည်မှရဟန်းများသည် အမေရိကန်ပြည်၌ ဘာတွေများလုပ်နေပါလိမ့်ဟု မေးတတ်သူက မေးအပ်သော စကားကို ကျေးဇူးရှင် တောင်ပုလု ကမ္ဘာအေးဆရာတော်ကြီး ဖြေကြားခြင်းပင်တည်း။

## ဂျော့ဝါရှင်တန်၏ ဝါရှင်တန်မြို့တော်

မနက်ဖြန်တွင် နေရင်းဆန့်ဖရန်စစ္စကိုရှိ တောင်ပုလု ကမ္ဘာအေး ဓမ္မရိပ်သာသို့ ပြန်ရတော့မည် ဖြစ်သဖြင့် ဝါရှင်တန်မြို့တွင်းသို့ ဦးဂုဏရတနနှင့် အတူလေ့လာရေး ထွက်ခဲ့လာခဲ့ကြသည်။ ဦးဂုဏရတနကား ကားလည်းမောင်းတတ်သည်။ ဝါရှင်တန်တက္ကသိုလ်ကြီးတခုတွင် စာလည်းပြသည်။ ဝါရှင်တန် ဗုဒ္ဓဝိဟာရတွင် ဗုဒ္ဓဘာသာ သင်တန်းများလည်း ပို့ချသည်။ စာလည်းရေးသည်။ အချုပ်ဆိုရသော် ဦးဂုဏရတနကား စွယ်စုံရသော ပညာရှင်တဦးဖြစ်ချေသည်။

ဝါရှင်တန်မြို့တွင်းလှည့်ပတ်ယင်း ဂျော့ဝါရှင်တန်ကို သတိရလာမိသည်။ သူ့မြေ သူ့ရေ သူ့မြို့တော်တွင် လှုပ်ရှားနေရ၍ သူ့ကိုမေ့ပျောက်မရ ဖြစ်လာရသည်။ ၁၇၅၆-၁၇၆၃ ခုနှစ်၊ ခုနစ်နှစ် စစ်ပွဲအတွင်းကဖြစ်သည်။ခုနစ်နှစ်စစ်ပွဲသည် ဥရောပတိုက်တွင် ဩစတေးရီးယားဘုရင်မ မရီးယား သရီးစားနှင့် ပရပ်ရှားမင်း ဖရက်ဒရစ်တို့ တယောက်နှင့် တယောက် မကျေမနပ်မှုများကြောင့် ဖြစ်ပွားရသောစစ်ပွဲဖြစ်သည်။

ယင်းစစ်ပွဲတွင် အင်္ဂလိပ်တို့က ပရပ်ရှားဖက်မှ ဝင်တိုက်ပြီး ပြင်သစ်က ဩစတေးရီးယားဖက်မှ ဝင်တိုက်သည်။ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် ဥရောပတိုက်မှာသာမကပဲ အမေရိကတိုက်နှင့် အာရှတိုက်များတွင်လည်း အပြင်းအထန် တိုက်ခိုက်နေကြသည်။ အမေရိကတိုက်တွင် ခုနစ်နှစ် စစ်ပွဲမဖြစ်မီကပင် အင်္ဂလိပ် အမေရိကန် ကိုလိုနီနယ်သားများနှင့် ပြင်သစ်ကိုလိုနီနယ်သားတို့သည် တဦးနှင့်တဦး တိုက်ခိုက်နေကြပြီဖြစ်သည်။ ပြင်သစ်ကိုလိုနီ နယ်သားများကို ပြင်သစ်အစိုးရက လက်နက်လူသူ ကူညီထောက်ပံ့သည်။ ထို့ပြင်မကပြင်သစ်တို့သည် အမေရိကန်တိုင်းရင်းသား ရက်အင်ဒီယန်းများနှင့် သင့်တင့်စွာ ဆက်ဆံသောကြောင့် ရက်အင်ဒီယန်းတို့၏ ကူညီမှုကိုလည်း ရရှိကြလေသည်။

ထို့ကြောင့်အင်္ဂလိပ် ကိုလိုနီနယ်သားများသည် ပြင်သစ်နှင့် ရက်အင်ဒီယန်းတို့၏ အန္တရာယ်နှင့် ရင်ဆိုင်နေကြရ၏။ အင်္ဂလိပ်ကိုလိုနီနယ်သားများသည်

ပြင်သစ်နှင့် ရက်အင်ဒီယန်းတို့၏ အန္တရာယ်ကို ကာကွယ်တားဆီးရန် ဗြိတိသျှ အစိုးရထံ ချဉ်းကပ်ကြရတော့သည်။ သို့ရာတွင် ဗြိတိသျှအစိုးရသည် အင်္ဂလိပ် ကိုလိုနီနယ်သားများအတွက် ငွေကုန်ကြေးကျ မခံလို။ ထို့ကြောင့် အင်္ဂလိပ် ကိုလိုနီနယ်သားများအား ကိုလိုနီတပ်ဖွဲ့များဖွဲ့စည်း၍ ပြင်သစ်နှင့် ရက်အင်ဒီ ယန်တို့အား တွန်းလှန်ရမည်ဟု အမိန့်ထုတ်လိုက်လေသည်။

ထို့ကြောင့် ဗားဂျီးနီးယားနယ်သား ဂျော့ဝါရှင်တန်သည် စုဆောင်း၍ ရသမျှသော လက်နက်လူသူဖြင့်တပ်ကလေးတတပ်ဖွဲ့စည်းကာ ၁၇၅၆-ခုနှစ်တွင် ပြင်သစ်တို့ကို တိုက်ခိုက်လေတော့သည်။ ဝါရှင်တန်တပ်ကလေးမှာ တဖက်ရန်သူ အင်အားနှင့် မမျှတ၍ မရှုမလှရှုံးကာ အညံ့ခံလိုက်ရသည်။ သို့ရာတွင် ဝါရှင်တန် တယောက် မူကား လွတ်မြောက်ခဲ့၏။ ဂျော့ဝါရှင်တန်ကား ဇွဲမလျှော့ပဲ အမေရိ ကန် ကိုလိုနီနယ်သားတို့၏ ကယ်တင်ရှင်ဖြစ်သူပီပီ စစ်ကို ဆက်လက်ဆင်နွှဲလာ ခဲ့ရာ ၁၇၆၃-ခုနှစ်တွင် စစ်ပွဲကြီး ပြီးဆုံးသွားလေတော့သည်။ စစ်ကြီးပြီးဆုံး သွားသော်လည်း အင်္ဂလိပ်အစိုးရက ကိုလိုနီနယ်သားများကို လက်ဝါးကြီးအုပ် ထားပြန်၏။ ယင်းကို ဂျော့ဝါရှင်တန်တို့လူစုက မကြေနပ်ကြချေ။ ထို့ကြောင့် ကိုလိုနီ နယ်သားများသည် လွတ်လပ်မှုကိုချုပ်ချယ်သော အင်္ဂလိပ်အစိုးရ၏ ဥပဒေများကိုဆန့်ကျင်ကန့်ကွက်ကြပြန်သည်။ ကန့်ကွက်၍မရသဖြင့် ၁၇၇၅-ခု နှစ်တွင် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်ကြပြန်၏။

အမေရိကန် ကွန်ဂရက် အစည်းအဝေးကြီးက ၁၇၇၆-ခုနှစ်တွင် အမေရိကန်လွတ်လပ်ရေးကို ကြေငြာလိုက်ပြီးနောက် စစ်ကို သဲသဲမဲမဲတိုက်ရန် ဆုံးဖြတ်လိုက်လေသည်။ ယင်းစစ်ပွဲတွင် အင်္ဂလိပ်၏ ရန်သူဟောင်းများဖြစ်သော ပြင်သစ်နှင့် စပိန်တို့က ကိုလိုနီနယ်သားများဖက်မှ ဝင်ရောက်တိုက်ခိုက်ကြသည်။ ထိုမျှမက အမေရိကန်ကိုလိုနီနယ်များသို့ လက်နက်ရိက္ခာများ ပေးပို့ကူညီသည် ဆိုပြီး ဥရောပနှင့် အမေရိကန်သို့ သွားလာခုတ်မောင်းလျက်ရှိသော ဒိန်းမတ်၊ ဆွီဒင်၊ ရုရှားနိုင်ငံများ၏ သင်္ဘောများကို ရပ်တန့်ရှာဖွေခြင်းကြောင့် ယင်းနိုင်ငံ များကလည်း မကျေမနပ်ဖြစ်ကာ အင်္ဂလိပ်ကိုတိုက်ရန် စစ်ပြင်ဆင်ကြတော့၏။

ဤသို့လျှင် အဖက်ဖက်မှ ရန်သူအဝိုင်းခံရပြီဖြစ်သော အင်္ဂလိပ်အစိုးရ သည် လက်လျှော့ကာ ၁၇၈၃-ခုနှစ် ဗားဆိုင်းစာချုပ်ချုပ်ဆိုပြီး စစ်ပြေငြိမ်း

လိုက်ရတော့သည်။ ယင်းစာချုပ်အရ အမေရိကန် ကိုလိုနီနယ် ၁၃-နယ်ကို သီးခြား လွတ်လပ်သော အချုပ်အချာ အာဏာပိုင်နိုင်ငံများအဖြစ် အင်္ဂလိပ်တို့က အသိအမှတ်ပြုလိုက်ရသည်။ လွတ်လပ်ရေးရရှိသော အမေရိကန်ကိုလိုနီနယ်များသည် " အမေရိကန် ပြည်ထောင်စု သမ္မတနိုင်ငံကြီး " ကို ဖွဲ့စည်းတည်ထောင်ပြီးလျှင် ဂျော့ဝါရှင်တန်ကိုလည်း အမေရိကန်၏ပထမဆုံး သမ္မတကြီးအဖြစ် တင်မြှောက်ခဲ့ကြကာ ယခုမြို့တော်ကိုလည်း ဝါရှင်တန် မြို့တော်ဟု ဂုဏ်ပြု မှည့်ခေါ်ကြ မင်္ဂလာ ... မေ်ကွန်းထိုးခဲ့ကြလေသည်။

ဂျော့ဝါရှင်တန်ကို သတိရ၍ အတွေးနယ်ချဲ့လာရာ ပန်းခြံကြီးတခု အတွင်းသို့ ရောက်မှန်းမသိ ရောက်သွားသည်။ ပန်းခြံကြီးကား ၅-မိုင်ခန့်မျှ ကျယ်ဝန်း၏။ ယင်းပန်းခြံအတွင်းတွင် အပန်းဖြေနားနေရာ နေရာထိုင်ခင်းများ ရှိလေသည်။ ယင်းပန်းခြံကြီးကား မြန်မာနိုင်ငံ ဆောင်းအကုန် နွေအကူး တွေ့ရလေ့ရှိသော ရှက်ဝါတောကြီးသဖွယ် ဖြစ်သည်။

ရာသီအားဖြင့် မိုးရာသီ ဖြစ်သော်လည်း ပန်းခြံကြီးအတွင်းရှိ သစ်ပင် ပန်းပင်များက နွေရာသီ၏ သဘာဝအလှကိုသရုပ်ပီပြင်စွာ ဖော်ထုတ်ထားသည် ဖြစ်ရာ ကျွန်ုပ်၏ စိတ်အစဉ်များသည် တခဏချင်းဖြစ် နွေရာသီသို့ ရောက်ရှိသွားတော့၏။ ယင်းကဲ့သို့သော သစ်ပင်များနှင့် သာသနာပြုအဖွဲ့၏ ရက္ခမူ မူတင်တို့ကား အံမဝင် ခွင်မကျဟု မှတ်ချက်ချမိသည်။ အကြောင်းသော်ကား အရွက်မရှိသောကြောင့်တည်း။

ထိုမှတဆင့် ဌာနေများသယ်ဆောင်ရာသို့ ပါသွားကြရာ အမေရိကန် မှာသာမက ကမ္ဘာပေါ်တွင် အကြီးဆုံး ဈေးကြီးဖြစ်သည့် တိုင်စင်စကောနား ဈေးကြီးသို့ ရောက်ရှိသွားကြသည်။ တိုင်စင်စကောနား ဈေးကြီးကား ကမ္ဘာကျော် ဈေးကြီးဖြစ်သည်နှင့် အညီ စည်ကားလှသည်။ ဈေးကြီးအတွင်း တွင် အတက်အဆင်း ပတ်တာလေှကားကြီးများ၊ လှပသောသစ်ပင်များ၊ အအေးစက်နှင့် အနွေးစက်များလည်း ထားရှိပေသည်။

ယင်းဈေးကြီးတွင် ရောင်းသူမဲ့ ဈေးဆိုင်ကြီးများကိုလည်း တွေ့ရှိရသည်။ ယင်းဈေးဆိုင်ကြီးများတွင် ပစ္စည်းကို ဆွဲကြည့်လိုက်ရုံနှင့် အထဲ၌စက်က

ပ်စ္စည်း၏ တန်ဖိုးကို မီးနီဖြင့် ပြသလျက် ရှိသည်။ အမဲ သားငါးဆိုင်များကလည်း အလှကုန်ဆိုင်ကြီးများပမာ မှန်ဘီရိုကြီးများနှင့် ခန့်ထယ်လှသည်။ အမဲ သားငါးများကို ပလပ်စတစ်ဖြင့် ထုတ်လုပ်ရောင်းချ၍ ညှီစော်နံခြင်းမှ ကင်းသည့်အပြင် ယင်အုံခြင်းလည်း လုံးဝမတွေ့ရချေ။ ဝါရှင်တန်တွင် ယင်းသို့သော ဈေးကြီး သုံးဈေးရှိသည့်အနက် ယခုတိုင်စင်စကောနား ဈေးကြီးသာ အစည်ကားဆုံးဟု ဌာနေများက ဆိုလေသည်။

ယင်းဈေးကြီးမှ အပြန် လင်ကွန်းရုပ်တုကြီး။ ဂျှန်အက်ဖ်ကနေဒီ အနုပညာ ခန်းမကြီး၊ ဂျက်ဖာဆင် သတိရခန်းမကြီး၊ လင်ကွန်းသတိရ ခန်းမ ဆောင်ကြီးနှင့် အိုင်ဝိုဂျင်မာ ရုပ်တုကြီးများသို့လည်း ရောက်ခဲ့ကြသည်။

အိုင်ဝိုဂျင်မာရုပ်တုသည် ဂျပန်ကျွန်းဆွယ်တခုကို အမေရိကန်တို့ သိမ်းယူစဉ်က အလံထူနေပုံကို ရိုက်ကူးထားသော ဓာတ်ပုံရုပ်တုကြီး ဖြစ်လေသည်။ အထူးသဖြင့် ကြည်လင်ပြတ်သားရာ ထိုအချိန်က ကမ္ဘာကျော်ဓာတ်ပုံကြီး ဖြစ်ခဲ့သည်ဟုအဆိုရှိလေသည်။ဓာတ်ပုံကားစစ်သားငါးယောက်ကအလံတိုင်ကို အားသွန်ခွန်စိုက် ထူနေပုံဖြစ်သည်။ ယင်းဓာတ်ပုံကို အမှတ်တရ ဖြစ်စိမ့်သောငှါ ဓာတ်ပုံရုပ်တု ထုထားခြင်းဖြစ်သည်။ ဓာတ်ပုံနှင့် ဓာတ်ပုံရိုက်ကူးသူကို ဂုဏ်ပြုသောအနေဖြင့် အမေရိကန်နိုင်ငံ၏ စစ်ဖက် တံဆိပ်များတွင်လည်း ယင်းဓာတ်ပုံကိုပင် တပ်ဆင် အသုံးပြုကြသည်ဟု ဌာနေများက ဆိုလေသည်။

ထိုနေ့က ၄ နာရီ၊ ၂၅-မိနစ်တွင် ဝါရှင်တန် ဗုဒ္ဓဝိဟာရသို့ သာသနာပြုအဖွဲ့ ပြန်လည်ဆိုက်ရောက်ကြသည်။ ပြန်ရောက်သော်လည်း စိတ်အေးလက်အေး မနေပဲ မနက်ဖန် ဆန်ဖရန်စစ္စကိုသို့ ပြန်ရန်အတွက် အထုပ်အပိုးများ ပြင်ဆင်ကြရသည်။ မြန်မာဗုဒ္ဓဘာသာ ရဟန်းတော်များ၏ ဝါတွင်းခရီးသွား မိဇာသက်တမ်းက တရက်သာ ကျန်တော့သဖြင့် ကုန်ဆုံးလုလု ဖြစ်နေသည်။

## ရှီကာဂိုသို့ သာသနာပြုခရီး
## ရှီကာဂို နိဒါန်း

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော် အမှူးရှိသော တောင်ပုလု သာသနာပြုအဖွဲ့သည် နေ့ ၁၂- နာရီတွင် ဆန်ဖရန်စစ္စကို လေဆိပ်သို့ ဆိုက်ရောက်လေသည်။ သာသနာပြုအဖွဲ့နှင့် ဆန်ဖရန်စစ္စကို လေဆိပ်တို့ကြား အကျွမ်းတဝင် ခင်မင်ရင်းနှီး နေကြပြီ။ မခင်မင် မရင်းနှီးချင်၍လည်း မဖြစ်ချေ။ အကြောင်းသော်ကား ဆန်ဖရန်စစ္စကို လေဆိပ်တွင် သာသနာပြုအဖွဲ့ တဝဲလည်လည် ရောက်ခဲ့ရပေါင်း များလှသောကြောင့် ဖြစ်ပေသည်။ "ဤပုံကိုကြည့်ပါ။ အဝေးက မြင်နိုင်ပါသည်"ဟူသော ရှေးဟောင်းမြန်မာ ဖတ်စာကဲ့သို့ သပိတ်လွယ်နှင့် ယပ်တောင်နှင့် ဖြစ်သော ရုပ်ဆင်းသွင်ပြင်တို့ကို မြင်ရရုံမျှနှင့် မြန်မာသာသနာပြုအဖွဲ့ ဖြစ်သည်ဆိုခြင်းကို ဆန်ဖရန်စစ္စကို လေဆိပ်က သိရှိပြီး ဖြစ်ပေသည်။

သာသနာပြုအဖွဲ့သည် ဝါရှင်တန်မှ ဆန်ဖရန်စစ္စကို တောင်ပုလု ကမ္ဘာ့အေးဓမ္မရိပ်သာ ဗဟိုဌာနသို့ ရောက်ပြီးနောက် ရက်သတ္တ ၂-ပတ်မျှ ဓမ္မရိပ်သာတွင် သာသနာရေးဆိုင်ရာ ဆောင်ရွက်ဖွယ်များကို ခါတိုင်းကဲ့သို့ ဆောင်ရွက်ပြီး တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ သို့မဟုတ် နိုဝင်ဘာလ ၁၀-ရက်နေ့တွင် ရှီကာဂိုသို့ သာသနာပြုကြွရန် ယခုကဲ့သို့ ဆန်ဖရန်စစ္စကိုလေဆိပ်သို့ ရောက်ကြပြန်ခြင်းဖြစ်သည်။

သာသနာပြုအဖွဲ့ ရှီကာဂိုသို့ သာသနာပြု ထွက်ခွါရခြင်း အကြောင်းရင်းကား ယိုးဒယားရဟန်းတော်ဦးဝရပညာဦးဆောင်သည့် ယိုးဒယားထေရဝါဒ ဗုဒ္ဓဘာသာ တပည့်ဒကာများ၏ ဖိတ်မန်ပင့်လျှောက်ခြင်းကြောင့်ပင် ဖြစ်ပါသည်။ ရှီကာဂို၌ နိုဝင်ဘာ ၁၁-ရက်၊ ၁၂-ရက်နေ့များတွင် သာသနာပြု၍ ၁၃-ရက်နေ့တွင် ရှီကာဂိုမှ ပြန်လည်ထွက်ခွါရန်စီစဉ်ထားသည်။

ရှီကာဂိုသာသနာပြုခရီးစဉ်၏ ထူးခြားချက်မှာ သာသနာပြုအဖွဲ့ဝင်များတွင် ရဟန်းတော်များချည်းဖြစ်၍ဉပါသကာအဖွဲ့ဝင်အဖြစ် ကပ္ပိယကြီးဦးမောင်

မောင်တယောက်သာ ပါဝင်ခြင်းပင် ဖြစ်သည်။ ယခုသာသနာပြု အဖွဲ့တွင် မြန်မာရဟန်းတော်များဖြစ်ကြသော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၊ သာစည်ဆရာတော်၊ ပခုက္ကူဆရာတော်၊ အရှင်နာရဒနှင့် အကျွန်ုပ်ပညာဒီပတို့ အစုံအလင်ပါဝင်ပြီး အမေရိကန်ရဟန်းတော်များ ဖြစ်ကြသော အရှင်ပုည၊ အရှင်အာဒိစ္စဝံသ၊ အရှင်ပဏ္ဍိတတို့လည်း ပါဝင်ကြလေသည်။

လေဆိပ်ခန်းမဆောင်အတွင်းရှိ သစ်လွင်လှသော ထိုင်ခုံများပေါ်တွင် လေယာဉ်ကိုစောင့်မျှော်ယင်း ထိုင်နေကြရသည်။ တခါတခါတွင် လှပသော ပန်းအိုးကြီးများနှင့် ပန်းကုံး ပန်းဆိုင်းကြီးများဆီသို့ တစေ့တစောင်းကြည့်မိသည်။ ယင်းပန်းအိုး ပန်းကုံးကြီးများကား ပလပ်စတစ်ဖြင့် ပြုလုပ်ထားသော ပန်းအိုးကြီးများဖြစ်သည်။ ယင်းပန်းအိုးပန်းကုံးကြီးများသည် သာသနာပြု အဖွဲ့အား ဝင်းဖန့်သည့် အဆင်းဖြင့် အပြည့်အဝ ကောင်းစွာညှော်ခံနိုင်စွမ်း ရှိစေကာမူ သင်းပျံ့သောရနံ့ဖြင့်မူကား ကောင်းစွာညှော်မခံနိုင်ကြချေ။

နေ့လည် ၂-နာရီ၊ ၅ - မိနစ်တွင် ဆန်ဖရန်စစ္စကို မြို့တော်ကြီးကို ကျောခိုင်းခဲ့လေသည်။ စီးခဲ့ရသမျှလေယာဉ်ကြီးများတွင် ဤလေယာဉ်ကြီးက တဘာသာထူးခြားနေပြန်သည်။ ထိုင်ခုံလက်မှတ်တွင် ပါရှိသော ထိုင်ခုံအမှတ် စဉ် ဂဏန်းများကိုလည်း ထိုင်ခုံ၏အထက် တန်းပေါ်တွင် ရေး၍ထိုင်ခုံ၏အမှတ် စဉ်များဖြစ်သည့် A.B.C. စသော အက္ခရာများကိုမူ ထိုင်ခုံလက်တင်ပေါ်တွင် ရေးသားထားလေသည်။ ရှာမတွေ့ပဲ ဖြစ်ရတတ်၏။

ထိုင်ခုံလက်တင်၌ပင် ရေဒီယို၊ နားကြပ်၊ အသံတိုးကျယ် ခလုတ်နှင့် လေယာဉ်မယ်ခေါ်သည့်ခလုတ်များကို တပ်ဆင်ထားသည်။ လေယာဉ်ကြီးသည် ပေလေးသောင်းအထိထိုးတက် ပျံသန်းနေရကား ပသာဒစက္ခုတွင် တိမ်ပုပ် တိမ်မဲများသာ တိုးဝင်လာသည်။ လေယာဉ်ကြီးသည် အရှေ့အရပ်ဆီသို့ ဦးတည် ပျံသန်းလာရာ ၄-နာရီတီးနေပြီဖြစ်၍ အမှောင်ထုထဲတွင် တဝတစတိုးဝင်လျက် ရှိသည်။ မကြာမီတွင် လေယာဉ်မှ တယ်လီဗီးရှင်းဖြင့် ဧည့်ခံပြသလေသည်။ ရေကူးပြိုင်ပွဲဖြစ်နေ၍ သမ်းဝေလာသည်။

ဂှ်ဂီုင်ထောဝ်ဒှ်ခ္ဍာဲးဓဝ
းငါဂြိုင်ထေါးနှ်ကဲ နှ်ယဗ္ဂကၟဇ ဘှ်နးဗ္ဂဳးဓဝ်ငၚ်ထောဓဝ (၆၀) ဂှ်



**ရှီကာဂိုအကြိုတော်များ**

သာသနာပြုအဖွဲ့၏ ဝါကျွတ်ရက်ကလည်း တစတစ နီးကပ်လာပြီဖြစ်သည်။ သာသနာပြုအဖွဲ့ ပဌမဝါဆိုခဲ့ကြောင်း ဤစာအုပ်တနေရာတွင် ဖော်ပြပြခဲ့ပြီးဖြစ်သည်။ ဝါကျွတ်ရက်က တစတစ နီးကပ်လာသလို အမိနိုင်ငံသို့ပြန်ရက်ကလည်း တနေ့ထက်တနေ့ နီးကပ်လာနေလေပြီ။ ပြန်ရက်များ တနေ့ထက်တနေ့ နီးကပ်လာသည်နှင့်အမျှ သာသနာပြုအဖွဲ့၏ သာသနာပြုခရီးစဉ်ကလည်း စိပ်သည်ထက် စိပ်လာသည်။ ယခုလည်း ရှီကာဂိုမြို့သို့ သာသနာပြု ထွက်လာခဲ့ရပြန်ချေသည်။

"လဆန်းကိုးရက်၊ ဝါပွန်ထွက်၊ ပြန်ရက်မရှိပြီ" ဟူသော ဗုဒ္ဓဘာသာမြန်မာရဟန်းတော်တို့၏ ဆောင်ပုဒ်အရ သာသနာပြုအဖွဲ့သည် ရှီကာဂိုတွင် အလိုရှိသလောက် နေနိုင် သီတင်းသုံးနိုင်ပြီဖြစ်သည်။ အကြောင်းသော်ကား သာသနာပြုအဖွဲ့ ဝါပန်ထွက်ခဲ့သော နေ့ရက်သည် တန်ဆောင်မုန်းလဆန်း၁၁-ရက်၊ နိုဝင်ဘာလ ၁၀-ရက်ဖြစ်၍ တန်ဆောင်မုန်း လဆန်း ၁၅-ရက်၊ နိုဝင်ဘာလ ၁၄-ရက်နေ့တွင် ဝါကျွတ်မည် ဖြစ်သောကြောင့်ပင်တည်း။ ဝါကျွတ်ရန် ၄-ရက်မျှသာ လိုတော့သည်။ ထို့ကြောင့် သာသနာပြုအဖွဲ့ ရှီကာဂိုတွင် အလိုရှိသလောက် နေနိုင် သီတင်းသုံး နိုင်ခြင်းဖြစ်လေသည်။

သို့ပါသော်လည်း ရှီကာဂိုတွင် သာသနာပြုအဖွဲ့ နေ့ရှည်ရက်များနေ၍ မရပါချေ။သာသနာပြုအဖွဲ့သည် ပြီးခဲ့သည့်ခရီးစဉ်တလျှောက်တွင် တက်သုတ်နှင်ခဲ့ရသကဲ့သို့ ဤရှီကာဂိုခရီးစဉ်တွင် တက်သုတ် နှင်ကြရလေသည်။ အကြောင်းသော်ကား သာသနာပြုအဖွဲ့သည် အပြန်ခရီးတွင် အိန္ဒိယသို့ဝင်ကာ တလတာမျှ သာသနာပြုရန်ရှိနေ၍ အမေရိကန်မှ နိုဝင်ဘာ ၂၀ရက်နေ့တွင် ထွက်ခွါရန် ရက်သတ်မှတ်ပြီးဖြစ်သောကြောင့်ပေတည်း။

သာသနာပြုအဖွဲ့ ရှီကာဂိုမြို့သို့ သာသနာပြု ထွက်ခွါသည်အထိ ဆန်ဖရန်စစ္စကို တောင်ပုလု ကမ္ဘာ့အေးမေ့ရိပ်သာတွင် သာသနာပြု လုပ်ငန်းဆိုင်ရာအောင်မြင်မှုများကို ရေတွက် ရပ့ါလျှင် အမေရိကန် ရဟန်းတော်ပေါင်း

၄၅-ပါး၊သာမဏေပေါင်း ၁၅-ပါး၊ ရသေ့မများနှင့် ယောဂီပေါင်း ၃၁-ပါး သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာသို့ ကူပြောင်းလာကြသူပေါင်း- ၇၀၀ ခန့်နှင့် တရားလာရောက် အားထုတ်ကြသူပေါင်း ၁၀၀၀-ကျော်မျှ ရှိခဲ့ပေသည်။

ဤသည့် အောင်မြင်မှုများတွင် အဆီညှစ်၍ အနှစ်ကိုထုတ်ကြည့်မည် ဆိုပါက သရဏဂုံဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ် ခံယူကြသူပေါင်း ၇၀၀-ခန့်ကို တွေ့ရှိရမည် ဖြစ်ပေသည်။ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေး ဆရာတော်ဘုရားကြီး ဦးဆောင်သော သာသနာပြုအဖွဲ့၏ သရဏဂုံနှင့် ငါးပါးသီလ ဆောက်တည်ခြင်း၊ ရှင်နှင့် မဟာသတိပဋ္ဌာန် ဝိပဿနာတရားများ ရှုပွားအားထုတ်စေခြင်းတည်းဟူသော သာသနာပြုခြင်းများဖြင့် တမင်္ဂတဖိုလ်ကို ရက်တိုတိုနှင့်မရစေဦး၊တပုဒ် တဂါထာတပါဒ သိရရုံမျှနှင့် သရဏဂုံ ဆောက်တည်ကာ ဗုဒ္ဓဘာသာအဖြစ် ခံယူကြသော အသစ်ကျပ်ချွတ် ဗုဒ္ဓဘာသာ ၇၀၀-ခန့်သည်ပင်လျှင် မနည်းလှသော အောင်မြင်မှုဖြစ်တော့သည်ဟု ဆိုရချေမည်။ ယင်းအောင်မြင်မှုကြီးကို ကြားသိကြသော မည်သည့်ဗုဒ္ဓဘာသာ သူတော်စင်များမဆို နှစ်လိုအားရမ်း ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုကြမည် မလွဲဟု ထင်မိပေသည်။ ကျွန်ုပ်သည် ဤမသေးလှသော အောင်မြင်မှုကို ဝမ်းသာကြည်နူးယင်း မြန်မာအစိုးရနှင့် အမေရိကန် အစိုးရများအပေါ် မေတ္တာဘာဝနာများ ပွားများနေမိပေတော့သည်။

"ကျမတို့လေယာဉ်ကြီး မကြာမီ ရှိကာဂိုသို့ ဆိုက်ရောက်ပါတော့မယ်ရှင်"

နားကြပ်ကို နားတွင် တပ်လျက်ထားစဉ် လေယာဉ်မယ်၏ အထက်ပါ အသံကို ကြားလိုက်ရသည်။ ဟုတ်ပါပြီ။ ရှိကာဂို၏ ညရှုခင်းကြီးကို အပေါ်စီးမှ တွေ့မြင်နေရပါပြီ။ မိနစ်ပိုင်းအတွင်းမှာပင် ရှိကာဂို လေယာဉ်ကွင်းသို့ သက်ဆင်းတော့မည်ဖြစ်ကြောင်း ရိပ်စားမိပါသည်။

ဆန်ဖရန်စစ္စကို စံတော်ချိန် ၅-နာရီ၊ ၁၅-မိနစ်၊ ရှိကာဂိုစံတော်ချိန် ၇-နာရီ၊ ၁၅-မိနစ်တွင် သာသနာပြုအဖွဲ့သည် ရှိကာဂိုသို့ ချောမောစွာ ဆိုက်

ရောက်ခဲ့သည်။ ဆန်ဖရန်စစ္စကိုနှင့် ရှိကာဂိုကား နာရီအားဖြင့် ၂-နာရီတိတိ ကွာခြားသည်။ သာသနာပြုအဖွဲ့၏ အကြိုတော်များကို လေဆိပ်တွင် ဆိုက်ဆိုက် မြိုက်မြိုက်ပင် တွေ့ရလေသည်။

လေဆိပ်တွင် ဦးဝရပည ဦးဆောင်၍ ယိုးဒယား ထေရဝါဒဗုဒ္ဓဘာသာ ရဟန်းတော် ၃-ပါးနှင့် ယိုးဒယား ထေရဝါဒဗုဒ္ဓဘာသာ လူပုဂ္ဂိုလ်များ ပါဝင်သော ရှိကာဂို ပင့်ဆောင်ရေးအဖွဲ့ကို လေဆိပ်ခန်းမကြီးတွင် ကောင်းစွာ တွေ့ရလေသည်။ ညဖြစ်၍ ပတ်ဝန်းကျင်ကို လေ့လာခွင့်မရပဲ ပင့်ဆောင်ရေးအဖွဲ့၏ ဆောင်ကြဉ်းရာသို့ ကားများဖြင့် လိုက်ပါကြရသည်။ ရှိကာဂို လေဆိပ်သည် ကမ္ဘာ့အကြီးဆုံး လေဆိပ်ဖြစ်သည်ဟု သာမန်မျှလောက်သာ သိရသည်။

ဂ-နာရီ၊ မိနစ်-၃ဝတွင် ဘက်စန်ဗီလို ယာယီစံကျောင်းတော်သို့ ချောမောစွာ ရောက်ရှိကြသည်။

**မစ်ချီကန် ရေကန်ကြီးသို့**

နိုဝင်ဘာ ၁၁-ရက်နေ့တွင် သာသနာပြုအဖွဲ့သည် ယိုးဒယားရဟန်းတော်များနှင့်အတူ မစ်ချီကန် ရေကန်ကြီးသို့ ထွက်ခွာလာခဲ့ကြသည်။ ယိုးဒယား အမျိုးသား ၅-ဦးကို ရဟန်းပြုပေးရန် ထွက်ခွာလာကြခြင်း ဖြစ်သည်။ ယိုးဒယား ဒါယကာ ဒါယိကာမများလည်း လိုက်ပါလာကြသည်။ မစ်ချီကန် ရေကန်ကြီးကား သာသနာပြုအဖွဲ့ တည်းခိုရာ ဘက်စန်ဗီလို ယာယီစံကျောင်းတော်နှင့် ၁ဝ-မိုင်မျှ ဝေးသည်။

မစ်ချီကန် ရေကန်ကြီးသည် စင်စစ် ရေလက်ကြားကြီးတခုသာ ဖြစ်သည်။ ယင်းကို အမေရိကန်တို့က "ရေကန်ကြီး"ဟု ခေါ်ဆိုထားခြင်း ဖြစ်သည်။ ယင်းရေလက်ကြားကြီးသည် အတ္တလန္တိတ်သမုဒ္ဒရာနှင့် တဆက်တည်းပင်ဖြစ်ရာ အတ္တလန္တိတ်သမုဒ္ဒရာအထိ မိုင်ပေါင်း ၁၇ဝဝ ရှိသည်။ ရှိကာဂိုမြို့နှင့် ကူးသန်းသွားလာ ဆက်သွယ်လျက်ရှိသည့် သင်္ဘောကြီးငယ်များ

လွယ်ကူစွာ ကူးသန်းသွားလာနိုင်ရန် ရေကန်ကြီး၏ ဆိပ်ခံများကို ကောင်းမွန်စွာ ပြုပြင်ထားသည်။ သာသနာပြုအဖွဲ့က ယင်းရေကန်ကြီးကို ရေသိမ်အဖြစ် အမှတ်ထား၍ ယိုးဒယားရဟန်းလောင်း ၅-ပါးအား ရဟန်းပြုပေးရန်အတွက် ယင်းရေကန်ကြီးသို့ ထွက်ခွာလာခဲ့ခြင်း ဖြစ်သည်။ ယင်းရေကန်ကြီးကို အမေရိကန် အစိုးရက လုံးဝပိုင်ဆိုင်သည်ဟု ဆိုလေသည်။

ယင်းရေကန်ကြီးအပြင် ကနေဒါနိုင်ငံနှင့် ထက်ဝက်စီ ပိုင်ဆိုင်သော စုပီးရီးယား ရေကန်၊ ဟူးရန် ရေကန်၊ အီးရီရေကန်၊ အွန်တေးရီးယို ရေကန်ကြီးများ ရှိသည်ကိုလည်းကောင်း၊ ယင်းရေကန်ကြီးများအနက် စုပီးရီးယား ရေကန်ကြီးသည်သာ အကြီးဆုံးဖြစ်သည်ကိုလည်းကောင်း လေ့လာသိရှိရသည်။ ရှိကာဂိုမြို့ကား ယင်းရေကန်ကြီးများအလယ်တွင်တည်ရှိ၍ အချမ်းအအေးတွင် "ဝင့်ဒ်စတီး" ဟု အထူးနာမည်ကြီးလှသည်။

တချိန်က ရှိကာဂိုတွင် နှင်းများ ၇-ပေအထိ ကျခဲ့ဘူးသည်။ ယနေ့ မျက်မှောက်ခေတ်တွင်မူ ဤမျှလောက် နှင်းများမကျတော့ဟု ဌာနေများက ဆိုလေသည်။ ၆-လက်မ တပေဟူသော နှင်းထုသည် ရှိကာဂိုတွင် နှင်းအပါးဆုံး အချိန်ဖြစ်သည်ဟု ဌာနေများက ဆက်လက်ဆိုကြသည်။ ရှိကာဂိုတွင် ကားပျက်ကြီးများကိုမြင်၍ မေးကြည့်ရာ နှင်းများထူထပ်လှသဖြင့် ကားများ အပျက်အစီးများရပါကြောင်း ဖွင့်ဟကြသည်။ ဖြစ်ရပုံမှာ ကားလမ်းပေါ်တွင် ခဲလျက်ရှိသော နှင်းများအရည်ပျော်စေရန် ဆားဖြင့်ပက်ဖြန်းရသည်ဟု ဆိုသည်။ အရည်ပျော်လျက်ရှိသော ဆားရေများထဲတွင် ကားများမောင်းကြရ၍ ဆားရေများစိုကာ ကားများပျက်စီးကြပြီး ကားမည်မျှပင်ကောင်းကောင်း ရှိကာဂိုတွင် တနှစ်သာအသုံးပြုကြရသည်ဟု ဆိုလေသည်။ ရှိကာဂို၏ ကားဒုက္ခကား ကမ္ဘာပေါ်တွင် အမြင့်ဆုံးဖြစ်ဖွယ်ရှိသည်။

ဆားရေများပက်၍ နှင်းထုခွဲရသည်အထိ နှင်းထန် အေးချမ်းလှသော ရှိကာဂိုသည် သာသနာပြုအဖွဲ့ရောက်ခိုက် ရှိကာဂို မဟုတ်သကဲ့သို့ ရှိဘိသည်။ ရှိကာဂို၏ ရာသီဥတုကား မျှတလျက် ရှိချေသည်။



ပုံ (၁၅) ဆရာတော်ဘုရားကြီးနှင့် တပည့်ဒုလ္လဘ ရဟန်းတော်များ
စင်္ကြံကြွတော်မူနေပုံ

ယင်း ရေကန်ကြီးထဲသို့ အဲနင်ဒီကေးတုအမည်ရှိ မော်တော်ရေယာဉ်က လေးတစင်းဖြင့် ထွက်ခွါလာခဲ့သည်။ မော်တော်ကလေးကား ၂၅-ပေမှ ပေ ၃၀အထိ ကျယ်ဝန်း၏။ သာသနာပြုအဖွဲ့အား ဝမ်းလိုဏ်အတွင်းတွင် နေရာချ ထားသည်။ ဤရေယာဉ်ကလေးကလည်း ကိရိယာစုံလှ၏။ နေရာတိုင်း ယာဉ် တိုင်းတွင် တွေ့ရလေ့ရှိသည့် အအေးစက်၊ အနွေးစက်၊ ရေဒီယို ရုပ်မြင်သံကြား၊ အိမ်သာ၊ ရေချိုးခန်းနှင့် အိပ်ရာများပါ ပါရှိလေသည်။ အထက်ထပ်တွင် လေညင်းခံ ထိုင်ခုံများလည်း ပါရှိပေရာ ရေကန်ကြီး၏ သာယာသောရှုခင်း များကို ရှုမျှော်နိုင်ကြ၏။ မော်တော်ကို အထက်ထပ်က ပဲ့ကိုင် မောင်း နှင်သည်။ ရေအလယ်သို့အရောက် ကျောက်ချရပ်နားကာ ဥပသမ္ပဒကံ စီမံ ဆောင်ရွက်ကြရလေတော့သည်။

ရဟန်းလောင်းများကို နှစ်သုတ်ခွဲ၍ ရဟန်းပြုပေး ရပေရာ ၁၀-နာရီ ထိုးမှ အလုံးစုံအောင်မြင် ပြီးမြောက်လေသည်။ မစ်ချီကန် ရေကန်ကြီးမှအပြန် ဝုပ်ဓမ္မရာမ်ခေါ် ယိုးဒယား ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ကြ၏။ ယင်းကျောင်း၌ ဦးသျှရီဒသာနအမည်ရှိ ယိုးဒယား ရဟန်းတော်တပါး သီတင်း သုံးနေထိုင်လေသည်။ သိက္ခာ ၂၀-ဝါရပြီဟု သိရှိရ၏။ ဦးဝရပညာက သာသ နာပြုအဖွဲ့အား ကျောင်းထိုင်ဆရာတော် ဦးသျှရီဒသာနနှင့် မိတ်ဆက်ပေးသည်။ ဦးသျှရီဒသာနက သူတို့တတွေ အမေရိကန်၌ ယခုလိုခိုင်မာစွာ ရပ်တည်နေနိုင် ခြင်းမှာ ယိုးဒယား နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ ကူညီမှုများကြောင့် ဖြစ် သည်ဟု ဆိုလေသည် ယိုးဒယား။ နိုင်ငံတော်အစိုးရက ဝတ်ကျေဝတ်ကုန် ကူညီရုံမျှမဟုတ်ပဲ ရဟန်းတော်များ၏ လိုအပ်သော အသုံးအဆောင်ဟူသမျှကို ကူညီထောက်ပံ့ လှူဒါန်းသည်၊ ကျောင်းမရှိခဲ့လျှင် ကျောင်းမြေနေရာကိုပါ ဝယ်၍ လှူဒါန်းသည်ဟု ဦးသျှရီဒသာနက ဆက်လက် ပြောဆိုလေသည်။

ယိုးဒယားဗုဒ္ဓဘာသာ ပြည်သူပြည်သားတို့ အနေဖြင့်လည်း အဖက် ဖက်မှ လိုလေသေးမရှိအောင် လှူဒါန်းကြသည်ဟုလည်း ဆိုပေရာ ယိုးဒယား နိုင်ငံအစိုးရနှင့် ယိုးဒယားဗုဒ္ဓဘာသာ ပြည်သူပြည်သားတို့ကား ရွှေသွားနောက် ညီလှပေတော့၏။ ထို့ကြောင့် ဤအမေရိကန်နိုင်ငံတွင် ဤအရပ်ဒေသ မှသာမက အခြားအခြားသော ဒေသများ၌လည်း ယိုးဒယားဗုဒ္ဓဘာသာ

ဘုန်းတော်ကြီးကျောင်းများ ရှိကြသည်ဟု ဆိုလေသည်။ အခြားအခြားသော ဒေသများမှာလည်း ရှိကြသည်ဆိုသော ဘုန်းတော်ကြီးကျောင်းများမှာ ခိုလိုရှဒိုး ယိုးဒယား ဘုန်းတော်ကြီးကျောင်း၊ ဝါရှင်တန်ဒီစီ ယိုးဒယား ဘုန်းတော်ကြီးကျောင်း၊ လော့(စ်)အိန်ဂျလိ(စ်) ယိုးဒယား ဘုန်းတော်ကြီး နှင့် ရှိကာဂို ယိုးဒယားဘုန်းတော်ကြီးကျောင်းများ ဖြစ်ဖွယ်ရှိသည်။

အမေရိကန်နိုင်ငံရှိ ယိုးဒယား ဘုန်းတော်ကြီးကျောင်းအားလုံးကို ယိုးဒယားနိုင်ငံ အစိုးရက ထောက်ပံ့လှူဒါန်းသည်ချည်း ဖြစ်သည်ဟု ဆိုလေသည်။ထိုနေ့က ယင်းယိုးဒယား ဝပ်ဓမ္မာရာမ် ကျောင်းမှာပင် ဆွမ်းဘုဉ်းပေးကြ၏။ ယင်းဝပ်ဓမ္မာရာမ်ကျောင်းတွင် သာသနာပြုအဖွဲ့ ပရိတ်ရွတ်ကြသေး၏။ ညနေ ၃-နာရီ မိနစ် ၂၀-တွင်မှ သာသနာပြုအဖွဲ့သည် ယာယီစံကျောင်းသို့ ပြန်သည်ရောက်ရှိ ကြရတော့သည်။

## ရေဖျန်း၍မစဲ ယိုးဒယားတို့ ပရိတ်ပွဲ

နံနက်က ရဟန်းခံအပြီး ဆွမ်းဘုဉ်းပေးခဲ့ရသော ယိုးဒယား ဘုန်းတော်ကြီးကျောင်းသို့ သာသနာပြုအဖွဲ့ တကျော့ ပြန်ကြရပြန်သည်။ အကြောင်းကား ယိုးဒယားနိုင်ငံမှ ပင့်ဆောင်ခဲ့သော ဗုဒ္ဓရုပ်ပွားတော်ငယ် ၄၀၀-(လေးရာ) ခန့်ကို အနေကဇာ တင်ရန်ဖြစ်ပေ၏။ ယင်းနှင့်တဆက်တည်း ပရိတ်ပွဲကျင်းပရန်လည်း ရှိလေသည်။ သာသနာပြုအဖွဲ့က အနေကဇာတင်မှုကို ရွက်ဆောင်၍ ပရိတ်ရွတ်မှုကိုမူ ယိုးဒယား ဘုန်းတော်များက ရွက်ဆောင်ကြသည်။

ညက်တော် တတ္တာခန့်မျှသာရှိ· ဗုဒ္ဓရုပ်ပွားတော်များကို စင်မြင့်တွင် ဖူးတွေ့ရသည်။ ပန်းနှံ့သာများနှင့် ပူဇော် ထားရှိကြသည်ကိုလည်း လေ့လာရမိ၏။ယင်း ဗုဒ္ဓရုပ်ပွားတော်များကို ယိုးဒယားနိုင်ငံ အစိုးရက အမေရိကန်နိုင်ငံရှိ ယိုးဒယား ဗုဒ္ဓဘာသာဝင်တို့ ပူဇော်ကိုးကွယ်နိုင်ကြရန် ပင့်ဆောင်စေခဲ့ခြင်း ဖြစ်သည်ဟု သိရှိရလေသည်။ သာသနာပြုအဖွဲ့၏ လုပ်ငန်းဆိုင်ရာဖြစ်သည့် အနေကဇာတင်ခြင်း လုပ်ငန်းကား ၁၅-မိနစ်အတွင်း ပြီးစီးသွားသည်။

သာသနာပြုအဖွဲ့၏ အစီအစဉ်များ ပြီးဆုံးသွားသောအခါ ယိုးဒယား ဘုန်းတော်ကြီးများ၏ အစီအစဉ်များ စကြတော့၏။ ယိုးဒယားသံဃာတော် များက စင်မြင့်တွင် အသင့် နေရာယူလိုက်သည်။ ထို့နောက် ပြန်ကြားရေး ဝန်ကြီးဆိုသူ ဒကာတယောက်က "မယံ ဘန္တေ တိသရဏေန သဲဟ"စသော သီလ တောင်းကို အများကိုယ်စား အများကို ရည်စူး၍ ပါဠိဘာသာဖြင့် သီလများ တောင်းခံ၏။ ကျန်ပရိသတ် အနေဖြင့်ကား တစုံတခုကိုမျှ လိုက် လံရွတ်ဆိုမှုမပြုပဲ ငြိမ်သက်စွာ အာရုံပြု နားစိုက်နေကြ၏။

ယင်းနောက် ဘုန်းတော်ကြီးက "နမော တဿ" ကို မြန်မာရဟန်းတော် များကဲ့သို့ သုံးခေါက်ပင် ချပေးသည်။ ယင်း "နမော တဿ"ကိုလည်း ယင်း ပြန်ကြားရေးဝန်ကြီး တယောက်သာလျှင် လိုက်၍ ဆိုရ၏။ အခြား ပရိသတ် များကမူ အာရုံစိုက် နားဆင်လျက်ပင် နေကြသည်။ သရဏဂုံသုံးပါးကိုလည်း ယင်းနည်းတူ တယောက်တည်းပင် လိုက်၍ဆိုသည်။

ယိုးဒယား ဗုဒ္ဓဘာသာ သူတော်စင်များအနေဖြင့် "ပါဏာတိပါတာ" စသော ငါးပါးသီလ သိက္ခာပုဒ်တော်ကျမှသာ သံပြိုင်ညီညာစွာ လိုက်၍ဆို ကြသည်ကို မိမိတို့ရှေ့မှောက်တွင် မျက်ဝါးထင်ထင် တွေ့မြင်နေကြရ၏။ ယိုးဒယား ဗုဒ္ဓဘာသာ ရဟန်းတော်များ ငါးပါး သီလပေးကြရာတွင် ဗုဒ္ဓ ဘာသာ မြန်မာရဟန်းတော်များကဲ့သို့ "အပ္ပမာဒေန သမ္ပာဒေထ"ဟု နိဂုံး အုပ်ခြင်း မရှိချေ။

ထို့နောက် ပရိတ်ရွတ်ပွဲကို စတင် ကျင်းပကြ၏။ ပရိတ်ရွတ်ရာတွင် "နမော တဿ၊ သရဏဂုံ၊ သမ္ဗုဒ္ဓေဂါထာ၊ မင်္ဂလသုတ်၊ အာဋာနာဋိယသုတ်၊ ယံဒုန္နိမိတ္တံ၊ အင်္ဂုလိမာလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ မေတ္တာပို့၊ ဘုရားဂုဏ်တော်နှင့် ဘဝတု သဗ္ဗမင်္ဂလံ" ဂါထာများကို ရွတ်ဖတ် ကြ၏။ မြန်မာရဟန်းတော်များ ပရိတ်ရွတ်ရာတွင် "ယံဒုန္နိမိတ္တံ" သုံးဂါထာကို ရွတ်ဆို နိဂုံးချုပ် အဆုံးသတ်သကဲ့သို့ ယိုးဒယား ရဟန်းတော်များ၏ ပရိတ် ရွတ်ပွဲ သည်လည်း "ဘဝတု သဗ္ဗမင်္ဂလံ" သုံးဂါထာကို အသံရှည်လျားစွာ ဆွဲငင်ရွတ်ဆိုခြင်းဖြင့် နိဂုံးအုပ် အဆုံးသတ်ထားလေသည်။

ပရိတ်ရွတ်၍ ပြီးဆုံးသွားသောအခါ ပြန်ကြားရေးဝန်ကြီးက ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာ့အေးဆရာတော်ဘုရားကြီးအား ညှိထွန်းထားသော ဖယောင်းတိုင်ကြီးကို လက်ကိုင်ပါသောသံပြားဖြင့် ငြိမ်းသတ်စေ၏။ ဖယောင်းတိုင်ကြီးကား လက်ကိုင်ပါသော သံပြားနှင့် အုပ်လိုက်ရုံမျှဖြင့် မီးငြိမ်းသွားတော့သည်။ မီးငြိမ်းသတ်ပြီးလျှင် ပရိတ်အိုးအသီးသီးတွင် ဖယောင်းစက်များ ချပေး၏။

အမိပ္ပာယ်ကား ပူပန်မှုကို တခဏချင်း ငြိမ်းအေးစေလိုက်သည့် သဘောပင် ဖြစ်ဟန်ရှိသည်။ ယင်းနောက် သံဃာစင်ရှေ့တွင် ပြန်ကြားရေးဝန်ကြီးကအစ အားလုံးပရိသတ်များ ဒူးထောက်ထိုင်နေကြရသည်။ ထို့နောက် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား အမွှေးတိုင်ကို ကိုင်စေပြန်၍ ယင်းအမွှေးတိုင်ဖြင့် ယခင် ဖယောင်းစက်များချထားသည့် ပရိတ်အိုးထဲရှိ ပရိတ်ရေကို တန်းစီလာနေသူ ယိုးဒယား ဗုဒ္ဓဘာသာ ဒကာ ဒကာမအသီးသီးအား တွေတ်ဖျန်းပေးရပြန်သည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး လက်ညောင်းမည်စိုး၍ ကူညီ ဖျန်းပက်ပေးရသည်လည်း ရှိသည်။ ယိုးဒယားတို့ ပရိတ်ပွဲကား ရေများဖျန်းပက်မစဲ ရှိပေတော့၏။

ပရိတ်ရေများ ဖျန်းပက်ပြီး သောအခါ ယိုးဒယား ဘုန်းတော်ကြီးက ရေစက်ချ ဆိုပေးနေသည်ကို ပြန်ကြားရေးဝန်ကြီးက လိုက်၍ဆိုယင်း ရေစက်ချလေသည်။ သို့ရာတွင် အမျှပေးဝေခြင်းကား မပြု။ ပရိသတ်က သာဓုခေါ်ခြင်းလည်းမရှိချေ။ ယင်းသို့ဖြင့် ရေများပက်ဖျန်း၍ မစဲသောပရိတ်ပွဲကား နိဂုံးကမ္ပတ် အပြီးသတ်ဟန် ရှိလေသည်။

သာသနာပြုအဖွဲ့သည် နောက်တနေ့တွင်လည်း ဤဝုပ်မေ့ရာမ် ကျောင်းသို့ပင်သွား၍ ကထိန်တရား ချီးမြှင့်ရပြန်သည်။ အစီအစဉ်ကား ယမန်နေ့က အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ဤကထိန်ပွဲတွင် ယိုးဒယား သံအမတ်ကြီးပါ တက်ရောက်သည်ကို တွေ့ရှိရရာ ယိုဒယား ဗုဒ္ဓဘာသာဝင်သူတော်စင်များအား ယိုးဒယား "သံအမတ်ကြီးက" စနေနှင့် တနင်္ဂနွေနေ့များတွင် ဘာသာရေး သင်တန်း မှန်မှန်တက်ရောက်ကြရန်နှင့် ငြိုငြင်မှုမရှိပဲ အလှူတော်ငွေများ ထည့်ဝင်ကြရန် ဆော်ဩသွားသည်ကို တွေ့ရသည်။

ယင်း အခြင်းအရာများကို တွေ့ရ၍ ဝမ်းသာကြည်နူး ဖြစ်မိသည်။ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသော ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံများအနေဖြင့် အမေရိကန်တွင် ကျောင်းများရှိနေပြီး ဖြစ်၍ ယင်းအမျိုးသားများအနေဖြင့် အားလပ်သည့် စနေနှင့် တနင်္ဂနွေနေ့များတွင် မိမိတို့ ဗုဒ္ဓဘာသာမိရိုးဖလာ တရားတော်ကို သင်ကြားဆည်းပူးခွင့် ရကြသည်။ ယိုးဒယားသံအမတ်ကြီး၏ ကမကထ ပြုလုပ်ဆောင်ရွက်ပုံကို ထောက်ရှုလျှင် သက်ဆိုင်ရာနိုင်ငံအစိုးရ၏ အားပေးမှု ထုထည် အတိုင်းအတာ ကြီးမားကြောင်းကို ခန့်မှန်းသိရှိနိုင်ပေသည်။

သာသနာပြုအဖွဲ့သည် ရီကာဂိုမြို့အတွင်းသို့ အနည်းငယ်မျှ လှည့်လည်ကြည့်ရှုအပြီး၊ နိုဝင်ဘာ ၁၃-ရက်နေ့တွင် နေရင်းဆန်ဖရန်စစ္စကို တောင်ပုလုကမ္ဘာအေးဓမ္မရိပ်သာသို့ ပြန်ခဲ့ကြလေသည်။

**တောင်ပုလု၏ အမေရိကန်နောက်ဆုံးနေ့များ**

**အမေရိကန်က မဲဇာ**

အယ်လင်နေ့ာလ်ပြည်နယ် ရီကာဂိုမှအပြန် ဆန်ဖရန်စစ္စကိုအရောက်တွင် သာသနာပြုအဖွဲ့အား အမေရိကန် ရာသီဥတုကမှတ်လောက်အောင် အစွမ်းပြလျက်ရှိသည်။ အေးလှပါသည်ဆိုသော အမေရိကန်ရာသီဥတုကို အပြောနှင့်ပင် ကျောချမ်းခဲ့ရသော သာသနာပြုအဖွဲ့မှာ ယနေ့မူ အမှန်ပင် ကျောချမ်းကြရချေပြီ။

ရေပတ်လည်ဝိုင်း၍ အအေးတိုင်းတွင် ဝင့်ဖ်စတီးဟု အထူးနာမည်ကြီးလှသော ရီကာဂို၌ပင် ဤမျှပြင်းထန်သော အအေးဒဏ်ကို သာသနာပြုအဖွဲ့မခံစားခဲ့ရပါချေ။ ဆန်ဖရန်စစ္စကိုသို့ ပြန်ရောက်သော နိုဝင်ဘာ ၁၄-ရက်နေ့တွင်မူ အမေရိကန်၏အအေးဒဏ်ကို သာသနာပြုအဖွဲ့ ကောင်းကောင်းကြီးခံစားရချေပြီ။ ဓမ္မရိပ်သာ၏ အပြင်ဘက်တွင် ငွေနှင်းများ ဝေလျက်ရှိတော့သည်။

"တတောင်လုံးမှိုင်း၊စရှဲဆိုင်းသော်၊ ထောင့်တိုင်းယှက်၍၊ ဝန်းကာဝေ့သည်၊ တောင်ငွေဝေဝေ၊ အထွေထွေနှင့်၊ လေလည်းရောရော၊ မိုးမပါပဲ၊ သံဝါဖြောက်ဖြောက်၊ ဆီနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား တောင်တော်ဖျားကာ၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ရောင်ဝါမထွန်း၊ ချမ်းရှာလွန်း၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု၊ စေ့ရေလှည့်လည်၊ တလျက်မြည်သည်။ ။နေခြည်ဖြာမှ နွေးသောကြောင့်"

ဤကား ဆင်ဖြူရှင် မင်းတရားကြီးလက်ထက် မဲဇာတောသို့ အပို့ခံရသော လက်ဝဲသုန္ဒရဘွဲ့ခံ အမတ်ကြီး ဦးမြတ်စံ၏ "မဲဇာတောင်ခြေ" ချီ ရတုမှ တစိတ်တဒေသ အဖွဲ့အနွဲ့ဖြစ်သည်။ စာဆိုတော် လက်ဝဲသုန္ဒရ၏ ထက်မြက်လှသော ကလောင်အစွမ်းကြောင့် မြန်မာပြည်သူတွေ မဲဇာဆိုလျှင် ကြားရုံနှင့် ကျောချမ်းကာ ဖိမ့်ဖိမ့်တုန်ခဲ့ရသည်။ မဲဇာဆိုလျှင် တောရိပ်တောင်ရိပ် နက်ရှိုင်းသည်။ စိမ့်စမ်းကြီးသည်။ ဆီးနှင်းထူထပ်သည်ဟု မြန်မာပြည်သူတွေ သိနားလည်ပြီး ဖြစ်သည်။

ယခုကြုံတွေ့လျက်ရှိသည့် တောင်ပုလု ကမ္ဘာ့အေးမြရိပ်သာကုန်းမြေဟူသော အမေရိကန် မဲဇာတောကား မြန်မာ့မဲဇာတောနှင့် မည်သို့မျှ မခြားနားပါချေ။ လက်ဝဲသုန္ဒရ၏ မဲဇာတောမှ ရင့်ကျူးသံကဲ့သို့ ရင့်ကျူးရသော် ဤသို့ ရင့်ကျူးရအံ့ထင်သည်။ ငွေနှင်းများသည် တောင်ပုလု ကမ္ဘာ့အေးမြရိပ်သာ ကုန်းမြေတဝိုက်နှင့် တောတန်းတောင်တန်းတဝိုက်တွင် တတောလုံး တတောင်လုံး ညို့မှိုင်း ညို့ဆိုင်းလျက်ရှိပါသည်။တောငွေ တောင်ငွေများသည် တောတိုင်း တောင်တိုင်းလိုပင် ဘော်ငွေရောင်အဆင်းရှိသည့် ကတ္တီပါကမ္ဗလာကြီးကို လွှမ်းခြုံထားဘိသို့ ထင်ရသည်။ ရိပ်သာဝန်းကျင်ရှိ တောတန်းတောင်တန်းများကို သဲကွဲစွာ မမြင်ရတော့ချေ။

မြောက်လေညင်းကလေးနှင့်အတူ တောင်ပုလု ကမ္ဘာ့အေးမြရိပ်သာတွင် သွန်းချလာသော ငွေနှင်းပေါက်များကလည်း မိုးလောက် ပြင်းထန်

---

၁။ လက်ဝဲသုန္ဒရ၏ "မဲဇာတောင်ခြေ" ချီရတု။

လှပါဘိသည်။ ယုဂန်ထင်ရှား တောင်ထိပ်ဖျားမှ ရထားယာဉ်သာ နေစကြာသည်ပင် ချမ်းရှာလွန်း၍ထင့် ရောင်ဝါလွှန့်လူးကာ မကွန့်မြူးနိုင်ရှာတော့ချေ။ ယင်းရထားယာဉ်သာ နေစကြာနှင့်အတူ ချမ်းရှာလွန်းသူများကတော့ သာသနာပြုအဖွဲ့ပင် ဖြစ်ချေသည်။ ချမ်းလွန်းမက ချမ်းလှ၍ နေခြည်သာလျှင် နွေးလိမ့်နိုးနိုးဖြင့် "မွန်းတည့်ချိန် မြန်မြန်ရောက်ပါစေတော့"ဟူ၍ပင် မြည်တမ်းမိပါတော့သည် ဟူ၍ဖြစ်၏။

နေခြည်ဖြာလျှင် နွေးလိမ့်နိုးနိုးဖြင့် မြန်မြန်မွန်းတည့်ပါစေတော့ ဟု မြည်တမ်းရသော်လည်း ရထားယာဉ်သာ နေစကြာမှုကား မျက်စိဖွင့်ဖော်ပင် မရ။ ယင်းနေ့တနေ့လုံး ဘော်ငွေရောင် ငွေနှင်းကမ္ဘလာကြီး အတွင်းဘွင် ကွေးလျက်ပင် နေခဲ့သည်။ သာသနာပြုအဖွဲ့မှုကား မိမိတို့ဘာသာ သာသနာ အတွက်ဖြစ်၍ အေးသော်လည်း ကွေး၍မရ။ "အေးတယ် အေးတယ်"ဟူသော သတိပဋ္ဌာန် ရှုမှတ်မှုဖြင့် အအေးဒဏ်ကို တွန်းလှန်ယင်း နောက်ဆုံးပိတ်အနေဖြင့် အမေရိကန်တဦးကို ရဟန်းပြုပေးရန် သိမ်အတွင်းသို့ ကြွကြရသည်။

သိမ်အတွင်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆက်ကပ်လှူဒါန်းထားသည့် ရေကြည်တော်ခွက်ရှိ ရေများသည်ပင် ရေခဲဘဝသို့ တဖြစ်လဲလျက်ရှိချေပြီ။ အမေရိကန်နိုင်ငံတွင် အရိုးအဆစ်တွေ ကြွေကျလာသည်အထိ အေးဘူးသည်ဟု ကြောက်ပါတယ်ဆို ဌာနေများ၏စကားက မျက်လုံးဖြူချောက်သလို ရှိနေပြန်ချေသည်။ "သည်ပုံဖြင့် ပေါက္ကံပြည်၊ ကြာရှည်မှ နန်းစံနိုင်ပမလား"ဟူသော စကားကဲ့သို့ သည်ထက် ရာသီဥတုကြမ်းလာလျှင် သာသနာပြုအဖွဲ့၏ ကျန်းမာရေးသည်ပင် စိတ်ချရပမလား၊ အထူးသဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရား၏ ကျန်းမာရေးသည်ပင် စိတ်ချရပမလားဟု တွေးတောပူပန်မိလာသည်။

သို့ရာတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် အတွေ့အကြုံများသော အသိပညာရင့်ကျက်သော သီလဝန်၊ ဂုဏဝန်၊ ပညာဝန်ဖြစ်တော်မူသော ပုဂ္ဂိုလ်ပီပီ ကျန်းမာရေးကို အထူးထိန်းသိမ်း စောင့်ရှောက်ကာ တပည့်တပန်းများနှင့်အတူ ဥပဇ္ဈာယ်တာဝန်ယူ၍ ရဟန်းပြုပေးခြင်းကိစ္စကို အောင်မြင်စွာ ချီးမြှင့်တော်မူနိုင်ခဲ့သည်။ ရဟန်းပြုပေးအပြီး သာသနာပြုအဖွဲ့ ကျောင်းတွင်းသို့

ဝင်ကာ "အေးတယ် အေးတယ်"ဟု ရှုမှတ်ယင်း အအေးဒဏ်ကို ခုခံ ကာကွယ် နေကြရသည်။

အမေရိကန် ရာသီဥတုကား နိုဝင်ဘာ ၂၀-ရက်နေ့တွင် အမေရိကန် နိုင်ငံမှ ပြန်လည်ထွက်ခွါတော့မည့် သာသနာပြုအဖွဲ့အား နောက်ဆုံးနှုတ်ဆက် ကန်တော့ပန်း ဆင်နေဘိသို့ ထင်သည်။ အေးမြဲ အေးလျက်ပင် ရှိသည်။

## အမေရိကန် ရှင်လိင်ပြန်

ယမန်နေ့ကစ၍ နှုတ်ဆက်ကန်တော့ပန်း ပန်ဆင်လျက်ရှိသော အမေ ရိကန် ရာသီဥတုသည် နိုဝင်ဘာ ၁၅-ရက်နေ့ဟူသော ယနေ့တွင်လည်း ကန် တော့ပန်း ဆက်လက်ပန်ဆင်မြဲပင် ရှိ၏။ အမေရိကန်ရာသီဥတုက အအေး ဓာတ်ဖြင့် ရစ်ပတ် ထွေးနှောင်စေကာမူ မကွေးတတ်သူ သာသနာပြုအဖွဲ့မှာကား အမေရိကန်ရဟန်းနှင့် သာမဏေအားလုံးကို ရှင်လိင်ပြန်စေကြရသည်။

တောင်ပုလု သာသနာပြုအဖွဲ့သည် အမေရိကန်နိုင်ငံတွင် ၁၉၇၈-ခုနှစ်၊ ဩဂုတ်လ ၂-ရက်နေ့မှ စတင် သာသနာပြုခဲ့ရာ ၁၉၇၈-ခုနှစ်၊ နိုဝင်ဘာလ ၁၅-ရက်နေ့ဟူသော ယနေ့အထိ အမေရိကန်ရဟန်းတော်ပေါင်း ၄၅-ပါး သာမဏေပေါင်း ၁၅-ပါးနှင့် ရသေ့မယောဂီပေါင်း ၃၅-ပါးကို ဗုဒ္ဓဘာသာ အယူဝါဒနှင့် သာသနာ့အမွေများ ပေးအပ်နိုင်ခဲ့သည်။ အခြားအခြားသော ဘာသာမှ ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းလာကြသူများကား တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာ ဂေါပကအဖွဲ့၏ အစီရင်ခံစာအရ ၇၀၀-ကျော် ၈၀၀- ခန့်ရှိသည်ဟု သိရှိရလေသည်။ ယင်းရဟန်းနှင့် သာမဏေအားလုံးကို ယနေ့ရှင် လိင်ပြန် စေကြရသည်။

ရှင်လိင်ပြန်ခြင်းဟူသည် လူဝတ်လဲခြင်းကိုပင် ခေါ်ဆိုသည်။ ရဟန်း တော်များ လူဝတ်လဲလိုသောအခါ ပထမသိက္ခာချရသည်။ သိက္ခာချခြင်းဖြင့် သာမဏေအလိုအလျောက် ဖြစ်သွားကာ ထိုမှတဆင့် ရှင်လိင်ပြန်ရသည်။ ရဟန်းတော်များ သိက္ခာတင်ရာတွင် အင်္ဂါ ၄-ပါးနှင့် ပြည့်စုံရသကဲ့သို့ သိက္ခာ



၍ ဩဂိုင်ငှယ်ဝန်ခံးဂစးငွီးရွှီး ဖြိုးငါးပြုဂိုယ္ဂဏ် းငါးနှံတစ်ဿလိခ် နှယ်ပွဂခဏ (၅၀) ၍

ချရာတွင်လည်း အင်္ဂါ ၆-ပါးနှင့် ပြည့်စုံစေရသည်။ ရဟန်းတော်များ သိက္ခာတင်ရာတွင် ပြည့်စုံရမည့် အင်္ဂါ ၅-ပါးကို ဤစာအုပ် တနေရာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ရဟန်းတော်များ သိက္ခာချရာ၌ အင်္ဂါ ၆-ပါးနှင့် ပြည့်စုံရခြင်းကို သာသနာ့ ဝေါဟာရအနေဖြင့် "သိက္ခာချ ဆင္ဒင်္ဂ"ဟု ခေါ်ဆိုထားသည်။ သိက္ခာချရာ၌ ပြည့်စုံရမည့် အင်္ဂါ ၆-ပါးကား စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ပုဂ္ဂိုလ်နှင့် ဝိဇာနနခေါ် အသိတို့ဖြစ်လေသည်။ ယင်းတို့တွင် စိတ်ဟူသည် သိက္ခာချလိုသူ၏ လူဖြစ်လိုသောစိတ်ပင် ဖြစ်လေသည်။ သိက္ခာချသူသည် လူထွက်လိုသော စိတ်ရှိရမည်။ လူထွက်လိုသောစိတ်ဖြင့် သိက္ခာချမှ သိက္ခာကျသည်။ ရယ်ရွှင်မြူးထူးလို၍ သိက္ခာချသော် သိက္ခာမကျချေ။ ယင်းသို့သော စိတ်နှင့် ပြည့်စုံခြင်းကို "စိတ်နှင့် ပြည့်စုံသည်"ဟု ခေါ်ဆိုရသည်။

ခေတ်ဟူသည် "သိက္ခာကို စွန့်ပါ၏" စသည့် ၂၂-ပါးသော ခေတ်ပုဒ်များကို ဆိုလိုသည်။ ခေတ်ပုဒ် ၂၂-ပါးတို့တွင် တပါးပါးဖြင့် ဆို၍ သိက္ခာချမှ သိက္ခာကျသည်။ ခေတ်ပုဒ် ၂၂-ပါးမှတပါး အခြားတခုခုကိုဆို၍ သိက္ခာချသော် သိက္ခာမကျချေ။ ယင်းသို့သော ခေတ်နှင့် ပြည့်စုံခြင်းကို "ခေတ်နှင့် ပြည့်စုံသည်"ဟု ခေါ်ဆိုရသည်။

ကာလဟူသည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ဟူသော ကာလသုံးပါးတွင် ဤ၌ ပစ္စုပ္ပန်ကာလကိုသာ "ကာလ"ဟု ဆိုလိုသည်။ သိက္ခာချလိုသူသည် "သိက္ခာကို စွန့်ပါ၏"ဟူသော ပစ္စုပ္ပန်ကာလဖြင့်သာ ဆို၍ သိက္ခာချရသည်။ ပစ္စုပ္ပန်ကာလဖြင့် မဆိုမူပဲ "သိက္ခာကို စွန့်ပြီ"ဟူ၍လည်းကောင်း၊ "သိက္ခာကို စွန့်လတ္တံ့"ဟူ၍လည်းကောင်း၊ "သိက္ခာချလျှင် ကောင်းမှာပဲ"ဟူ၍လည်းကောင်း အတိတ်၊ အနာဂတ်၊ ပရိကပ္ပအားဖြင့်ဆို၍ သိက္ခာချသော် သိက္ခာမကျချေ။ သို့ရာတွင် ကာလကို မသုံးသပ်ပဲ "သိက္ခာဖြင့် အလိုမရှိ"ဟုဆို၍ သိက္ခာချသော်ကား သိက္ခာကျသည်ဟု ဆိုသေး၏။ ယင်းသို့သော ပစ္စုပ္ပန်ကာလနှင့် ပြည့်စုံခြင်းကို "ကာလနှင့် ပြည့်စုံသည်ဟု" ခေါ်ဆိုရသည်။

ပယောဂဟူသည် သိက္ခာချလိုသူ၏ "သိက္ခာကို စွန့်ပါ၏"ဟု ဝစီဘေဒအားဖြင့် နှုတ်မြွက် ပြောဆိုခြင်းကို ဆိုလိုသည်။ သိက္ခာကို စွန့်ပါ၏ဟု စာရေးသား၍ ဖြစ်စေ၊ အခြားသင်္ကေတ တခုခုပြု၍ ဖြစ်စေ သိက္ခာချသော် သိက္ခာ မကျချေ။ ယင်းသို့သော ဝစီဘေဒပယောဂနှင့် ပြည့်စုံခြင်းကို "ပယောဂနှင့် ပြည့်စုံသည်"ဟု ခေါ်ဆိုရသည်။

ပုဂ္ဂိုလ်ဟူသည် သိက္ခာချသူ၊ သိက္ခာအချခံသူ နှစ်ဦးလုံး၏ ကျန်းမာ သန်စွမ်းသူ ဖြစ်ခြင်းနှင့် သိက္ခာအချခံသူ အနီးအပါး၌ ရှိနေခြင်းကိုပင် ဆို လိုသည်။ နှစ်ဦးလုံး ရူး၍၊ စိတ်ပျံ့လွင့်၍ သိက္ခာချသော် သိက္ခာမကျ။ သိက္ခာချလိုသူသည် အနီးအပါးမရှိသူထံ စာရေး၍ဖြစ်စေ၊ လူစေလွှတ်၍ဖြစ်စေ သိက္ခာချသော်လည်း သိက္ခာမကျချေ။ ယင်းသို့သော ကျန်းမာသန်စွမ်းသူများ ဖြစ်ရခြင်းကိုပင် "ပုဂ္ဂိုလ်နှင့် ပြည့်စုံသည်"ဟု ခေါ်ဆိုကြရသည်။

ဝိဇာနန ခေါ် "အသိ"ဟူသည် သိက္ခာချသူ၏ ဖော်ပြခဲ့ပြီး ဖြစ်သော ခေတ်ပုဒ်များတွင် တပုဒ်ပုဒ်ကို ရွတ်ဆိုပြီးသည်နှင့် တပြိုင်နက် နှစ်ဦးလုံးက "သိက္ခာကျသွားပြီ၊ သာမဏေဖြစ်သွားပြီ"ဟူသော သိခြင်းမျိုးကို ဆိုလိုသည်။ နောက်မှ တွေးတောကြံဆ၍ သိသော်ကား သိက္ခာမကျ။ သိက္ခာအချခံသူမှ တပါးသူ သိသော်လည်း သိက္ခာမကျချေ။ ယင်းသို့သော သိခြင်းမျိုးနှင့် ပြည့်စုံခြင်းကိုပင် "ဝိဇာနနခေါ် အသိနှင့် ပြည့်စုံသည်"ဟု ခေါ်ဆိုရခြင်း ဖြစ်သည်။

ဖော်ပြခဲ့ပြီးဖြစ်သော အင်္ဂါ ၆-ပါးနှင့်ပြည့်စုံမှ သိက္ခာကျကြောင်း၊ သိက္ခာမကျပဲလျက် ဖိုမဆက်ဆံခြင်း အပြုမည်ကို ပြုသောပုဂ္ဂိုလ်သည် လက်ရှိ ဘဝတွင် သေတပန် သက်တဆုံး ရဟန်းဘဝကို မရနိုင်တော့ကြောင်း၊ ယင်းသို့ ရဟန်းဘဝကို နောက်ထပ်တဖန် ပြန်လည် မရနိုင်ခြင်းကို သာသနာ့နယ်ပယ်က "ထန်းလည်သီး ပြတ်"ဟု ခေါ်ဆိုထားကြောင်း။ ဆိုလိုသည်မှာ လည်သီးမှ ပြတ်ကျသော ထန်းပင်သည် နောက်ထပ်တဖန် စည်ပင်ပြန့်ပွားနိုင်ခြင်း မရှိ သကဲ့သို့ သိက္ခာမကျပဲ ဖိုမဆက်ဆံခြင်းကို ပြုသော ပုဂ္ဂိုလ်သည်လည်း ရဟန်း ဘဝအနေဖြင့် ကုသိုလ်တရားများ မပြန့်ပွားနိုင်ဟု ဆိုလိုခြင်းဖြစ်ကြောင်း၊

သိက္ခာကျအောင် ချခြင်းဖြင့် မိမိတသက်တာကာလတွင် အလိုရှိသော အချိန်၌ ရဟန်းဘဝကို ပြန်လည်ရယူနိုင်ခြင်းစသော အကျိုးထူးများကို ရနိုင်ကြောင်းနှင့် ထို့ကြောင့် သိက္ခာချခြင်းသည် ဗုဒ္ဓဝိနယအတွက် အဓိကကျ၍ လိုအပ်ကြောင်း များကို ဗုဒ္ဓဘာသာ အမေရိကန်တို့အား ရှင်းပြရသည်။

သိက္ခာကျသွားသောရဟန်းသည် "အလိုအလျောက် သာမဏေဖြစ်ပြီး ဖြစ်သည်"ဟု ဗုဒ္ဓဝိနယကခံယူသည်။ သာမဏေအဖြစ်မှ လူ့အဖြစ်သို့ ကူးပြောင်း ကြရသည်။ ယင်းသို့ လူ့အဖြစ်သို့ ကူးပြောင်းကြရခြင်းကို ဗုဒ္ဓဝါဒီနယ်ပယ်က "ရှင်လိုင်ပြန်သည်"ဟု ခေါ်ဆိုထားခြင်း ဖြစ်သည်။ ဗုဒ္ဓဝါဒီ မြန်မာတို့ နယ်ပယ်တွင် ရှင်လိုင်ပြန်သောနေ့သည် အပျော်ဆုံးနေ့ကြီးများတွင် အပါ အဝင် ဖြစ်သည်။ ဘာ့ကြောင့် အပျော်ဆုံးနေ့စာရင်းတွင် ပါဝင်ရသည်ဆို ခြင်းကို ဤနေရာ၌ အကျယ်မချဲ့လိုပြီ။

ရှင်လိုင်ပြန်သောနေ့သည် ဗုဒ္ဓဝါဒီမြန်မာတို့ နယ်ပယ်တွင် အပျော် ဆုံးနေ့ ဖြစ်လင့်ကစား ဗုဒ္ဓဝါဒီအမေရိကန်တို့ အတွက်မူကား စိတ်ဝမ်းငယ် ရသော နေ့တနေ့ ဖြစ်လျက်ရှိသည်။ အကြောင်းသော်ကား ဗုဒ္ဓဘာသာ အမေရိကန်များသည် "မိမိတို့ ရဟန်းဘဝကို မစွန့်လွှတ်ချင်ပဲလျက် စွန့်လွှတ် ရသည်"ဟူသော အသိကြောင့် ဖြစ်သည်။

ဗုဒ္ဓဘာသာ အမေရိကန်တို့အား သိက္ခာကို စွန့်လွှတ်စေရခြင်း အကြောင်းရင်းမှာ အမေရိကန် ရဟန်းတော်များအနေဖြင့် ဗုဒ္ဓဝိနယများကို မကျေပွန်မှုပင် ဖြစ်သည်။ ဗုဒ္ဓဝိနယကို မကျေပွန်ပဲလျက် သာသနာတော်တွင် ရဟန်းဘဝနှင့် သေတပန် သက်တဆုံး အရိုးထုတ်ရာတွင် ကုသိုလ်တရား ပွား များခြင်းထက် အကုသိုလ်တရား ပွားများခြင်းက နီးစွာသောအကြောင်း ဖြစ် ချေသည်။ ရဟန်းတရား မပွန်းတီးပဲလျက် ရဟန်းဘဝနှင့် သေတပန် သက် တဆုံး အရိုးထုတ်သွားခြင်းသည်လည်း သဘာဝကျသော လုပ်ရပ် မဟုတ်ချေ။

ဤနေရာ၌ ရဟန်းတရားဟူသည် "သမထ၊ ဝိပဿနာတရား ဖြစ်သည်" ဟု ဆိုရခြင်းထက် စင်စစ် "ဝိနည်းတရားသာ ဖြစ်သည်"ဟု ဆိုရခြင်းက ပို၍

သဘာဝကျချိမ့်မည်။ ရဟန်းလောကတွင် ဝိနည်းတရားသည် ပင်မရေသောက်မြစ်ဖြစ်၍ သမထ၊ ဝိပဿနာတရားသည် စင်စစ်အညွန့်သာ ဖြစ်သည်။ ဝိနည်းတရားဟူသော ပင်မရေသောက်မြစ် မခိုင်မာလျှင် သမထ၊ ဝိပဿနာတရားတည်းဟူသော အညွန့်များသည်လည်း ကြီးပွားရှင်သန်နိုင်ခြင်း မရှိကြချေ။

ဖော်ညွှန်းလိုသည်ကား ရဟန်းလောကတွင် ဝိနည်းတရား မကျွမ်းကျင်လျှင် အာပတ်သင့်သည်။ အာပတ် ခုနစ်ပါးတွင် အသေးစားဖြစ်သော ဒုက္ကဋ်အာပတ်ကပင် ဈာန်မဂ်ဖိုလ်ရရေးကို တားဆီးဟန့်တားနိုင်သေးရာ အကြီးစားဖြစ်သော အာပတ်များကား ဆိုဖွယ်ရာပင် မရှိချေ။ ရဟန်းလောကတွင် အရှက်မရှိ၍ ဖြစ်စေ၊ မသိ၍ ဖြစ်စေ၊ နောင်တပူပန်၍ ဖြစ်စေ၊ မအပ်သည်ကို အပ်သည်ဟု အမှတ်ရှိ၍ ဖြစ်စေ၊ အပ်သည်ကို မအပ်ဟု အမှတ်ရှိ၍ ဖြစ်စေ၊ သတိမေ့၍ ဖြစ်စေ အာပတ်များ သင့်နိုင်လေသည်။ အာပတ်တန်းလန်းနှင့် တရားအားထုတ်လျှင် အညွန့်ဖြစ်သော ဈာန်မဂ်ဖိုလ်တရားများကို မရနိုင်ချေ။ ဈာန်မဂ်ဖိုလ်တရားများကို မရပဲလျက်လည်း နိဗ္ဗာန်ကို မည်သည့်နည်းနှင့်မျှ မျက်မှောက်မပြုနိုင်ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းလိုခြင်း ဖြစ်သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ အမေရိကန် ရဟန်းတော်များအား သိက္ခာကို စွန့်လွှတ်စေရသည်။

ယင်း သဘောတရားများကိုလည်း ဗုဒ္ဓဘာသာ အမေရိကန်တို့အား ရေလည်အောင် ရှင်းလင်းပြသရသည်။ အမေရိကန်တို့အား သဘာဝကျအောင် ရှင်းလင်းပြလျှင် သဘောပေါက် နှစ်ခြိုက်ကြသည်။ ရှင်းပြ၍ ရေလည်သောအခါ ရှင်လိုင်ပြန်ရမည် ဖြစ်သဖြင့် စိတ်အားငယ်နေသော အမေရိကန်တို့၏ မျက်နှာများသည် မဲ့ရာမှ ပြုံးလာကြသည်။ မိမိတို့၏ ပဗ္ဗဇိတဘာဝ ဒုလ္လဘကို ပြန်လည်ရယူနိုင်ရေးတွင် သိက္ခာချခြင်းသည် အဓိကကျသည်။ ရှင်လိုင်ပြန်ခြင်းသည် လိုအပ်သည်ဟု ခံယူလာကြသည်။ သို့ဖြင့် အမေရိကန် ရဟန်းနှင့် သာမဏေများ ကြည်နူးဝမ်းသာစွာ ရှင်လိုင်ပြန်ကြတော့သည်။ ရှင်လိုင်ပြန်ပွဲကြီးသည် ဝမ်းနည်းစရာအဖြစ်မှ ဝမ်းသာစရာအဖြစ်သို့ ရောက်ရှိသွားတော့သည်။ ရသေ့မများလည်း လူဝတ်လဲကြတော့သည်။

သို့ရာတွင် ဇင်ဝါဒမှ ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူ ရှင်မဘောရီမူကား လူဝတ်မလဲရုံမျှမက "အမေရိကန်နိုင်ငံမှာပင် မနေ။ ကျေးဇူး

ဗုဒ္ဓရှင် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ မြန်မာနိုင်ငံအထိပင် လိုက်ပါမည်'' ဟု သူမ၏ ရဲရင့်ပြတ်သားသောစကားကို ပရိသတ်ဗိုလ်ပုံအလယ် ထုတ်ဖော် ပြောဆိုတော့သည်။

ရှင်မဘောရီသည် ချောင်တလုံးအဆုံးခံကာ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်၍ကစ၍ ၁၀ ပါးသီလကို စောင့်ထိန်းသည်။ စွမ်းနိုင်သော ဓူတင် တရားများကို စွမ်းနိုင်သလောက်ကျင့်ယင်း မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ရှုမှတ်ပွားများသည်။ အလှူခံ စားသောက်လေ့ရှိသည်။ ရှင်မဘောရီ၏ ကျင့်ကြံပုံများက သာမန်ယောဂီများထက် အထက်တန်းကျ၍ ''ရဟန်းမကလေးလား''ဟု အမှတ်မှားရလောက်သည်။ သို့ရာတွင် ဂေါတမ ဗုဒ္ဓသာသနာ၌ ရဟန်းမခေတ် ကုန်ဆုံးခဲ့ပြီဖြစ်၍ ရဟန်းမကလေးတော့ မဖြစ် နိုင်ပြီ။ သူမအား တင်စားသောအားဖြင့်သာ ''ရှင်မဘောရီ''ဟု ဝှဲချီးလိုက် ရသည်။

ရှင်မဘောရီ၏စကားကြောင့် အမေရိကန် ရဟန်းရှင်လူတို့၏ စိတ်အာရုံ များသည် ရှင်မဘောရီဆီသို့ ဦးလှည့် ရောက်ရှိသွားတော့သည်။ ရှင်မဘောရီ ထံမှ တစုံတခုသောစကားကို ကြားရအံ့နိုးနိုးဖြင့် မျှော်ကိုးငံ့လင့်သကဲ့သို့လည်း ရှိသည်။ ရဟန်းရှင်လူတို့ မျှော်ကိုးငံ့လင့်သည့်အတိုင်း ရှင်မဘောရီထံမှ ရှင်မ ဘောရီ၏ဆန္ဒကို ကြားလာရသည်။ ''ကျွန်မ၏ ဝိပဿနာတရားဖြင့် သစ္စာတရား ရှာဖွေရေးလမ်းစဉ်ဟာ အစပိုင်းမျှသာ ဖြစ်ပါသေးတယ်။ သစ္စာတရားကို အရရှာရာ၌ ဝိပဿနာအသားမကျမီတွင် ဆရာဟာ အမိကကျတယ်လို့ ကျွန်မ ခံယူပါတယ်။ ဒါကြောင့် ကျွန်မကျေးဇူးရှင်ဆရာတော်ဘုရားကြီး သီတင်းသုံး ရာ မြန်မာနိုင်ငံကိုလိုက်ဖို့ ကျွန်မ ဆုံးဖြတ်ခြင်းဖြစ်ပါတယ်''ဟု ရှင်မဘောရီက ထုတ်ဖော်ပြောဆိုလေသည်။

ရှင်မဘောရီ၏ ယော်နာမည်ကား ခတ်ထလီနာ ဖြစ်သည်။ ခတ်ထလီနာ၏ ဝိပဿနာပညာဖြင့် သစ္စာတရားကို ရယူရေးအပေါ်တွင် ထားရှိသော သံမဏိ စိတ်ဓာတ်ကို အများက လက်ဖျားခါကြသည်။ ခတ်ထလီနာသည် အသက် ၂၈-နှစ်မျှရှိ၍ မီးလ်ဘယ်လီမြို့သူကလေးဖြစ်သည်။အမေရိကန်နိုင်ငံ ဝင်ကိုဆင်

တက္ကသိုလ်ကျောင်းကြီးတွင် သူမ၏ အသက်မွေးပညာရပ်များ သင်ကြား ဆည်းပူးစဉ် ဂျပန်ဇင်ဝါဒကို လိုက်နာအားထုတ်ယင်းက ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီး၏ ဝိပဿနာ နည်းနာနယကို သဘောကျနှစ်သက်သွားလည်ကာ သျှောင်တလုံးအဆုံးခံ၍ ရှင်မဘောရီအဖြစ် ဘဝသစ်ကို ဖွင့်လှစ်လာခဲ့သူ ဖြစ်သည်။

ခတ်ထလီနာသည် သူမ၏ ခိုင်မာတောင့်တင်းသော သံမဏိစိတ်ဓာတ် အတိုင်း ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးရှိရာ မြန်မာနိုင်ငံသို့ ၁၉၇၉-ခုနှစ်၊ မတ်လ ၂၀-ရက်နေ့က ရောက်ရှိလာခဲ့သည်။ ယခုအခါ ရှင်မဘောရီသည် တောင်ပုလုတောရ ကမ္မဋ္ဌာန်း ရိပ်သာတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဝိပဿနာ နည်းနာများကို ဆက်လက် ခံယူကာ မဟာသတိပဋ္ဌာန်တရားတော်များ ရှုပွားလျက်ရှိသည်။

ယင်းနေ့က အမေရိကန် ရှင်လိင်ပြန်ပွဲကြီးကား ချမ်းအေးလှသော အမေရိကန် ရာသီဥတုကြီးနှင့်အတူ ညနေ ၃-နာရီတွင် ပြီးဆုံးခဲ့သည်။

## ဗုဒ္ဓဘာသာ အမေရိကန်တို့၏ ပူဇော်ပွဲ

နိုဝင်ဘာ ၁၀-ရက်နေ့သည် ဗုဒ္ဓဘာသာ အမေရိကန် လူမျိုးစုများ၏ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်း ဆရာတော်ဘုရားကြီးအား နောက်ဆုံးကန်တော့သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်သည်။ အမေရိကန်ရာသီဥတု သည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား စိတ်ရှိသလောက် ကန်တော့ လိုက်ရသဖြင့် အားရကျေနပ်သွားဟန်ရှိသည်။ နိုဝင်ဘာ ၁၀-ရက်နေ့ဖြစ်သော ယနေ့တွင် သာယာကြည်လင်လျက် ရှိသည်။ တနည်းဆိုရသော် အမေရိကန် ရာသီဥတုသည် ဗုဒ္ဓဘာသာ အမေရိကန် လူမျိုးစုများအား ကျေးဇူးရှင် ဆရာ တော်ဘုရားကြီးအား အားရအောင် ကန်တော့ကြဟု ခွင့်ပြုသည့်အလား တောင်ပုလု ကမ္မဋ္ဌာန်းဗမ္မရိပ်သာတဝိုက်တွင် အနွေးဓာတ်များဖြင့် ထွေးပတ် လျက်ရှိသည်။



ဂန္ဓလေါဂဥ္ဇၚ်အ ဒွံင်ငှ်ယဝ်စေးနှ်ဟာဗနှ်ဂပါ
လေစလေးဒွင်ကြိုးဃဲ ငွ်ငေထေထေဇီမံ ဓေဝ္ဗထောဓ ဂ်ဓေဝ္ဘွဓ (၄၈) ဂှ်

မှန်ပါသည်။ အမေရိကန် ရာသီဥတုသည် ဗုဒ္ဓဘာသာ အမေရိကန် လူမျိုးများအား အမေရိကန်နိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ကန်တော့ပန်း ပန်ဆင်ရန် အလှည့်အကြိမ်ကို အမှန် ပင် ပေးခဲ့ပြီးဖြစ်သည်။ နိုဝင်ဘာ ၁၄-ရက်နေ့မှ အစပြုကာ အအေးခေတ်ဖြင့် ကန်တော့ပန်း ပန်ဆင်ခဲ့သော အမေရိကန်ရာသီဥတုသည် နိုဝင်ဘာ ၁၇-ရက် နေ့တွင် အဆုံးသတ်ခဲ့ပြီးဖြစ်သည်။ အမေရိကန် ဗုဒ္ဓဘာသာ လူမျိုးစုများ၏ နောက်ဆုံးပူဇော်ပွဲကြီးဖြစ်သည့် နိုဝင်ဘာ ၁၈-ရက်ဟူသော ယနေ့တွင်ကား ရာသီဥတု တမုဟုတ်ချင်း ကြည်လင်သာယာလာ၍ ဗုဒ္ဓဘာသာ အမေရိကန် လူမျိုးစုများ အထူးအံ့ဩ ဝမ်းသာကြသည်။

အအေးခေတ်အောက်တွင် တိတ်ဆိတ်လျက်ရှိခဲ့သော တောင်ပုလု ကမ္ဘာ့အေး ဓမ္မရိပ်သာသည် နိုဝင်ဘာ ၁၈-ရက်ဖြစ်သော ယနေ့တွင် ပြန်လည် အသက်ဝင်လျက်ရှိသည်။ အအေးခေတ်ကြောင့် အနွေးထက်ဖြင့် ကွေးလျက်ရှိခဲ့ သော ဗုဒ္ဓဘာသာ အမေရိကန်များလည်း တောင်ပုလုကမ္ဘာ့အေးဓမ္မရိပ်သာသို့ တဖွဲဖွဲ လာရောက်လျက်ရှိသည်။ ကြည်လင်သာယာသော အမေရိကန်ရာသီဥတု က နွေးထွေးမှာ ပြုစုကူမသော်လည်း ၄၈-နာရီအကြာတွင် ကျေးဇူးရှင် ဆရာ တော်ဘုရားကြီးနှင့် မလွဲမသွေ ခွဲခွာရတော့မည်ဟူသောအသိကြောင့် ဗုဒ္ဓ ဘာသာ အမေရိကန်များ၏ မျက်နှာများတွင် ပုထုဇဉ်များ၏ လောကအမြင် တွင် အစဉ်ရှိစမြဲဖြစ်သော သောကဆင်းရဲမှုကလေးများကို တွေ့နေရသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာသာ အမေရိကန်တို့အား မိမိတို့ကြည်ညို လေးစား သော ပုဂ္ဂိုလ်နှင့် ကင်းကွာခြင်းကြောင့် စိတ်ဆင်းရဲရသည်မှာ မှန်ကြောင်း၊ ယင်းသို့သော ဆင်းရဲဖြင့် မိမိတို့ကိုယ်ကျိုးများ ပယုတ်စေသင့်ကြောင်းနှင့် ယင်းဆင်းရဲကို ပေါင်းဆုံခြင်းသည် ခွဲခွာခြင်းလျှင် အဆုံးရှိသည်ဟူသော အသင့်အားဖြင့် ရှုမှတ်ပွားများခြင်းကသာလျှင် ကျွံကျွံခံနိုင်ကြောင်း စသည် ဖြင့် သွန်သင်ဆုံးမရသည်။

သို့ တရားပြ၍ တရားချသော်လည်း "အရှင်ဘုရားတို့က ကိုယ့်နိုင်ငံကို ပြန်ရတော့မယ်ဆိုတော့ ပြောနိုင်မှာပေါ့"ဟု လျှောက်ထားကြသဖြင့် သာသာ

နာပြုအဖွဲ့မှာ မေတ္တာကိုသာ တွင်တွင်ကြီး ပွားများနေရတော့သည်။ တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာတွင် တဖွဲ့ဖွဲ့လာရောက်လျက်ရှိသော ဗုဒ္ဓဘာသာ အမေရိကန်ပရိသတ်ထုကြီးမှာ ၃၀၀-ကျော် ၄၀၀-ခန့် ရှိလာခဲ့ပြီဖြစ်သည်။ ဤမျှသော လူထုပရိသတ်ကြီးနှင့် ရိပ်သာအဆောက်အအုံမှာ မမျှတသဖြင့် ရိပ်သာဝင်းအတွင်းနှင့် အပြင်ဖက်တွင် ဖြစ်သလို နေရာယူထားကြသည်ကို တွေ့ရှိရသည်။

ရိပ်သာဝင်းအတွင်းနှင့် အပြင်ဖက်ရှိ ဗုဒ္ဓဘာသာ အမေရိကန်ပရိသတ်ထုကြီးမှာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ပူဇော်ကန်တော့ရန် အသင့်ဖြစ်နေကြလေပြီ။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့်တကွ သာသနာပြုအဖွဲ့ဝင်များလည်း ပူဇော်ကန်တော့ခံစင်မြင့်သို့ ကြွကြွရပြီ။ တောင်ပုလု ကမ္ဘာအေးဓမ္မရိပ်သာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌက အာစရိယပူဇော်ပွဲ အခမ်းအနားစတင်ဖွင့်လှစ်ကြောင်း ကြေငြာလိုက်လေသည်။ ပူဇော်ပွဲအခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်၍ ဖွင့်လှစ်လိုက်ခြင်း ဖြစ်သည်။

ပူဇော်ပွဲ အခမ်းအနား ဖွင့်လှစ်အပြီးတွင် အခမ်းအနားမှူးက အခမ်းအနားအစီအစဉ်ကို ဆက်လက်ကြေငြာရာ အစီအစဉ်များတွင် ကန်တော့ရန် ဩဝါဒမိန့်ခွန်းတော်ကို ရိုသေစွာ ခံယူကြရန်နှင့် ၅-မိနစ် ဟရားအား ထုတ်၍ ပူဇော်ပွဲအခမ်းအနားကို ရုပ်သိမ်းရန်များ ပါဝင်လေသည်။ ရိပ်သာဝင်းအတွင်းနှင့် အပြင်ဖက်ရှိ ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစု ပရိသတ်ထုကြီးမှာ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် သာသနာပြုအဖွဲ့ဝင်များကို ပူဇော်ရန် ငံ့လင့်စောင့်စားလျက် ရှိသည်။

"အဇ္ဇတဂ္ဂေ ပါဏုပေတံ အာစရိယဂုဏံ အဟံ ဝန္ဒာမိ ပါဘုရား"

ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစုများသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာကျေးဇူးတော်များကို ဤသို့လျှင် ပူဇော်ကန်တော့ခဲ့ကြသည်။ သို့တစေ အာစရိယ ကန်တော့ချိုးကို မည်သူမျှ ပီပီသသ ရွတ်ဆို၍ ပူဇော်ကန်တော့နိုင်ခြင်း မရှိကြချေ။ အမေရိကန်နိုင်ငံတဝန်းတွင် ၃-လနှင့် ရက် ၂၀-ကြာမျှ ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစု

များအား လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အမွေကို ပေးသွားပေသော ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဦးဆောင်သော သာသနာပြုအဖွဲ့နှင့် ဒို့တတွေ ၄၀၀-နှာရီအကြာတွင် မလွဲမသွေ ခွဲခွာရတော့မည်ဟူသော အသိက ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစုများ၏ နှလုံးသားအစုံကို ဆွဲကိုင်စေ့ထားဘိသို့ ရှိသည်။ ဗုဒ္ဓဘာသာ အမေရိကန်တို့၏ မျက်နှာများသည် သောက ပရိဒေဝမီးများ တောက်လောင်နေ၍ နီးမြန်းလျက် ရှိချေသည်။

ဤလောကကြီးရှိ သတ္တဝါတစု အမှန်ကို သတိမပြုမိကြ၍သာ ယခုကဲ့သို့ သောက ပရိဒေဝမီး တောက်လောင်နေကြခြင်း ဖြစ်သည်။ အကယ်၍ ဖြစ်ပေါ်ခြင်းသည် ပျက်စီးခြင်း၏ နီးစွာသောအကြောင်း၊ ပေါင်းဆုံခြင်းသည် ကွဲကွာခြင်း၏ နီးစွာသောအကြောင်းဟု အမှန်အတိုင်း သတိပြုမိကြပါမူ ယခုကဲ့သို့ သောကပရိဒေဝမီး တောက်လောင်ကြမည် မဟုတ်ချေ။ ယခုသော်ကား ပုထုဇဉ်တို့၏ ဝိညာဉ်အလွှာတွင် တိမ်သလာဖုံးခဲ့ပြီ ဖြစ်ရကားမည်သည့် သဘောတရားကိုမျှ မဆင်ခြင် မတွေးတောနိုင်တော့ပဲ သောက ပရိဒေဝမီး လောင်မြဲ လောင်လျက်ပင် ရှိချေသည်။

ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစုများ၏ အာစရိယကန်တော့ပွဲအဆုံးတွင် တည်ကြည်လေးနက်သော ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော် ထွက်ပေါ်လာသည်။

## ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်

"ဒို့ ဘုရားကိုယ်တော်မြတ်ကြီးသည် သက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ လောကသုံးပါး၌ အတုမရှိသော ဘုရားအဖြစ်သို့ ရောက်ခဲ့ပါသည်။ ဘုရားဖြစ်ပြီးနောက် မိဂဒါဝုန်တော တရားဦးပွဲကစပြီး ပုထုဇဉ်လောကမှ ရဟန္တာခြောက်ကျိပ်တိတိ ရရှိခဲ့ပါသည်။ ဘုရားကိုယ်တော်မြတ်သည် ဤရဟန္တာခြောက်ကျိပ်နှင့်အတူ မိဂဒါဝုန်တောမှာ ပထမဝါဆိုပြီး ဝါကျွတ်တဲ့နောက် ဘုရားကိုယ်တော်မြတ်က တပည့်ရဟန္တာခြောက်ကျိပ်အား အရေးကြီးတဲ့ သာသနာပြု အမှာမိန့်ခွန်းတရပ် မိန့်ကြားတော်မူပါသည်။

"ချစ်သားတို့၊ ကိလေသာ ကျော့ကွင်းအားလုံးမှ ငါဘုရား ကျွတ်လွတ်ခဲ့ပြီ။ ချစ်သားတို့လဲ ကိလေသာ ကျော့ကွင်းအားလုံးမှ ကျွတ်လွတ်ကြပြီ"

"ချစ်သားတို့၊ လူများအပေါင်း စီးပွားဖြစ်ရန်၊ ချမ်းသာရန်၊ လောကကြီးကို မပျက်စီးအောင် စောင့်ရှောက်ရန် သာသနာပြုခရီး လှည့်လည်ကြ၊ ခရီးတကြောင်းတည်းကို နှစ်ပါးမသွားကြနှင့်"[၁]

ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ဤမိန့်ခွန်းဖြင့် ကိုယ်တော်မြတ်သည် လောကသုံးပါးတွင် ဘုရားဖြစ်ပေါ်လာရခြင်းမှာ "လူများအပေါင်း စီးပွားဖြစ်ရန်၊ ချမ်းသာရန်၊ ကမ္ဘာကြီးကို စောင့်ရှောက်ရန်" ဟူသော ရည်မှန်းတော်မူချက်ဖြင့် ဘုရားဖြစ်ပေါ်လာခြင်းဖြစ်ကြောင်းကို ပေါ်လွင်ထင်ရှားစေခဲ့ပါသည်။ ဤမိန့်ခွန်းဖြင့် မိမိတို့အားလုံး ကိလေသာကျော့ကွင်းမှ ကျွတ်လွတ်ရုံသာမက လောကသုံးပါးရှိ ကျွတ်ထိုက်သူအားလုံး ကိလေသာကျော့ကွင်းမှ ကျွတ်လွတ်ကြရန်ဟူသော ရည်မှန်းတော်မူရင်းသည်လည်း လောကသုံးပါးအပေါ် ကိုယ်တော်မြတ်၏ ထားရှိသော မဟာကရုဏာ ရွှေဉာဏ်တော်မြတ်ကို စင်စစ်ပေါ်လွင် ထင်ရှားစေသည်သာ ဖြစ်ပါသည်။

ယခုငါတို့တစုအမေရိကန်ပြည်ထောင်စုသို့သာသနာပြုရောက်လာရခြင်းသည် ကိုယ်တော်မြတ်၏ မဟာကရုဏာ ဉာဏ်တော်ရိပ်ကို ခိုလှုံ၍ ရောက်ရှိလာခြင်းဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါသည်။ ကိုယ်တော်မြတ်၏ "ခရီးတကြောင်းတည်း နှစ်ပါးမသွားနှင့်" ဟူသောမှာပုံတော်သည် ဝိပဿနာနှင့် သစ္စာတရားကို ကမ္ဘာသူကမ္ဘာသားတွေ မည်မျှစေ့စေ့ငှငှ သိစေချင် ရစေချင်သော သမ္မာဆန္ဒတော်ကို စင်စစ် ပေါ်လွင်ထင်ရှားစေသည်သာ ဖြစ်ပါသည်။ ယခုငါတို့တစု အမေရိကန်ပြည်ထောင်စုတွင် ကိုယ်နှင့်အသက်မငဲ့ကွက်ပဲ သရဏဂုံငါးပါးသီလနှင့် ဝိပဿနာပညာများကို ဖြန့်ချိဝေငှခြင်းသည် ကိုယ်တော်

---

၁။ ဝိနည်းမဟာဝါပါဠိ၊ ၂၇။

မြတ်၏ သမ္မာဆန္ဒတော်ကို ကောင်းစွာ ဖြည့်ဘင်းပေးနိုင်ခွင့် ရရှိလိုက်ခြင်း ဖြစ်သည်ဟု ငါတို့တစု အလေးအနက် ယုံကြည်ပါသည်။

ကိုယ်တော်မြတ်၏ တပည့်သာဝကတို့အား ယင်းသို့တိုက်တွန်းဆော်ဩ တော်မူခြင်းသည် ကမ္ဘာသူကမ္ဘာသားတို့ သန္တာန်တွင် အစဉ်လောင်ကျွမ်း လျက်ရှိသော မီး ၁၁-ပါးကို မဂ္ဂင်ရှစ်ပါး တရားတည်းဟူသော ရေစင်ရေသန့် ဖြင့် အပြီးတိုင် ငြိမ်းသတ်ရန်ဖြစ်သည်ဟု ငါတို့တစု အလေးအနက် ယုံကြည် ပါသည်။ ယင်းမီး ၁၁-ပါးကို အကျဉ်းချုံးရလျှင် ဒုက္ခတလုံးသာ ရသည်ဟု ငါတို့တစု ခံယူပါသည်။ ယင်းမီး ၁၁-ပါးသည် ကမ္ဘာသူ ကမ္ဘာသားတို့ သန္တာန်တွင်—

(၁) ကျန်းမာရေး၊

(၂) စီးပွားရေး၊

(၃) လူမှုရေး၊

(၄) အိမ်ထောင်ရေး၊

(၅) ပညာရေး—

ဟူသော ကဏ္ဍကြီး ငါးခုမှ ပေါ်ထွက်လောင်ကျွမ်းလျက် ရှိသည်ဟု ငါတို့တစု ယုံကြည်ပါသည်။

ကမ္ဘာသူ ကမ္ဘာသား တိုင်း ကျန်းမာလိုကြသည်မှာ မလွဲမသွေ ဖြစ်ပါ သည်။ ယုတ်စွအဆုံး မည်သူမျှ ခေါင်းပင်ခဲချင်ကြမည်မဟုတ်ဟု ငါတို့တစု ယုံကြည်ပါသည်။ ကျန်းမာသန်စွမ်းမှုမရှိ။ နာကျင်ခြင်း၊ ကိုက်ခဲခြင်း၊ ခြေလက် အင်္ဂါချို့တဲ့ခြင်းစသည်များကြောင့် ဖြစ်ပေါ် တိုးတက်လာရသော ဆင်းရဲဟူ သမျှသည် ကမ္ဘာစောင့်တရား ငါးပါးတွင် ပါဏာတိပါတကံ မသိုခြင်းမှု ကြောင့်ဖြစ်သည်''ဟု ငါတို့တစု ခံယူပါသည်။ ''ပါဏာတိပါတကံ'' ဟူသည် သူတပါးကိုညှဉ်းဆဲခြင်း၊ သူတပါးအသက်ကို မညှာမတာ သတ်ဖြတ်ခြင်းများ ကို ဆိုလိုပါသည်။ နာကျင်ကိုက်ခဲမှု ကင်းဝေး၍ သက်ရှည် ကျန်းမာချမ်းသာ

လိုလျှင် ပါဏာတိပါတ သိက္ခာပုဒ်တော်ကို အသက်ပေးစောင့်ထိန်း၍ အသက်ထက်ဆုံး သတ္တဝါအချင်းချင်း မညှဉ်းဆဲနှင့်၊ သတ္တဝါအချင်းချင်း အနိုင်မယူလိုနှင့်၊ သတ္တဝါတိုင်း၏ အသက်ကို မညှာမတာ မသတ်ဖြတ်နှင့်၊ သတ္တဝါအချင်းချင်းအပေါ် မေတ္တာကမ္မဋ္ဌာန်း ပွားများကြဟု တိုက်တွန်းလိုပါသည်။

ကမ္ဘာသူကမ္ဘာသားတိုင်း စီးပွားဥစ္စာ ကြွယ်ဝ ချမ်းသာလိုကြမည်မှာ မလွဲမသွေ ဖြစ်ပါသည်။ ယုတ်စွအဆုံး မိမိ စီးပွားဥစ္စာမှ အပ်တချောင်းမျှ ပျောက်ဆုံးခြင်း၊ မုံ့ညင်းတစေ့ခန့်မျှ ယုတ်လျော့ခြင်းကို မည်သည့် ကမ္ဘာသူကမ္ဘာသားကမျှ အလိုရှိကြမည်မဟုတ်ဟု ငါတို့တစုယုံကြည်ပါသည်။ စီးပွားဥစ္စာ တိုးတက်ဖြစ်ထွန်းမှု မရှိ။ အပ်တချောင်းမျှ ပျောက်ဆုံးခြင်း၊ မုန့်ညင်းတစေ့ခန့်မျှ ယုတ်လျော့ခြင်းစသည်များကြောင့် ဖြစ်ပေါ်တိုးတက်လာရသော ဆင်းရဲဟူသရွေ့သည် ကမ္ဘာစောင့်ထရေး ငါးပါးတွင် "အဒိန္နာဒါနကံ မလုံခြုံမှုကြောင့်ဖြစ်သည်"ဟု ငါတို့တစု ခံယူပါသည်။ ယနေ့ ကမ္ဘာလုံးတွင် မိမိစီးပွားဥစ္စာများကို မပိုင်သောတံခါး၊ မထားသောအစောင့်များ ထားရှိပြီး မည်သူမျှ သောက ဗျာပါဒကင်းစွာ မနေနိုင်ကြဟုလည်း ငါတို့တစုယုံကြည်ပါသည်။ မိမိစီးပွား ဥစ္စာများကို မပိတ်သောတံခါး၊မထားသောအစောင့်များ ထားရှိပြီး သောက ဗျာပါဒ ကင်းစွာနေလိုလျှင် "အဒိန္နာဒါန သိက္ခာ ပုဒ်တော်ကို အသက်ပေး ကျင့်သုံးလိုက်နာ၍ အသက်ထက်ဆုံး ကိုယ်နှုတ်ဖြင့် မပေးသော ဥစ္စာကို ခိုးယူခြင်း၊ လုယက်ခြင်း၊ ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ကြ၊ ချမ်းသာ ဆင်းရဲသူများ အပေါ် မေတ္တာကမ္မဋ္ဌာန်း ပွားများကြ" ဟု တိုက်တွန်းလိုပါသည်။

ကမ္ဘာပေါ်တွင် အိမ်ထောင်ရေး ဖောက်ဖျက်ကျူးလွန်မှုကို မည်သည့် ကမ္ဘာသူ ကမ္ဘာသားတိုင်းကမျှ အလိုရှိကြမည်မဟုတ်ဟု ငါတို့တစု ယုံကြည်ပါသည်။ အိမ်ထောင်ရေး ဆိုင်ရာတွင် လင်သားအရေး၊ ဇနီးအရေးသာမက ဇနီးမောင်နှံဟူသော မိဘနှစ်ပါး၏ မျိုးဆက်များဖြစ်သည့် သားရေး၊သမီးရေး များလည်း ပါဝင် ပတ်သက်ပါသည်။ မိဘနှစ်ပါး၏ မျိုးဆက်များ ဖြစ်သည့် သားသမီးများ၏ အိမ်ထောင်ရေးဆိုင်ရာတွင် ဖောက်ဖျက်ကျူးလွန်ခြင်းသည် ပင်မ မိဘနှစ်ပါးလျှင် အရင်းခံရှိကြောင်း သတိချပ်ကြရပါမည်။ယင်းသို့သော

အိမ်ထောင်ရေးဆိုင်ရာ မသာယာမှုကြောင့် ဖြစ်ပေါ် တိုးတက်လာရသော ဆင်းရဲဟူသရွေ့သည် ကမ္ဘာစောင့်တရားငါးပါးတွင် “ကာမေသုမိစ္ဆာစာရကံ မလုံခြုံမှုကြောင့် ဖြစ်သည်”ဟု ငါတို့တစု ယုံကြည်ပါသည်။ ကာမေသုမိစ္ဆာစာရကံဟူသည် မိမိကာမပိုင်မယားမှ တပါးသောမယား၌ ဖောက်ဖျက်ကျူးလွန်ခြင်းကို ဆိုလိုပါသည်။ အိမ်ထောင်ရေးဆိုင်ရာ သာယာ၍ သာယာဝပြောသော လူမှုအဆောက်အအုံကို တည်ဆောက်လိုလျှင် “ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်တော်ကို လုံခြုံအောင် အသက်ပေးစောင့်ထိန်း၍ အသက်ထက်ဆုံး သူတပါးသားမယားကို ပြစ်မှားခြင်း၊ လွန်ကျူး၍ ကျင့်ခြင်းမှရှောင်ကြဉ်ကြ” ဟု တိုက်တွန်းလိုပါသည်။

ကမ္ဘာပေါ်တွင် လူမှုရေးဖောက်ဖျက်ကျူးလွန်မှုကို မည်သည့် ကမ္ဘာသူ ကမ္ဘာသားတိုင်းကမျှ အလိုရှိကြမည် မဟုတ်ဟု ငါတို့တစု ယုံကြည်ပါသည်။ လူမှုရေးဆိုင်ရာတွင် လိမ်ညာခြင်းသည် လူတဦး၊ သို့မဟုတ် လူတစုအတွက် အော့နှလုံးနာစရာဖြစ်ပါသည်။ လိမ်ညာခြင်းသည် စင်စစ် လှည့်ပတ်ခြင်းပင် ဖြစ်ပါသည်။ လှည့်ပတ်ရာတွင် ဖြစ်ဆဲအကြောင်း၊ ဖြစ်ပြီးအကြောင်း၊ ဖြစ်မည့် အကြောင်းများကိုပြ၍ လှည့်ပတ်တတ်ရာ မည်သည့်အကြောင်းကိုပြ၍လှည့်ပတ်သည်ဖြစ်စေ လိမ်ညာခြင်းပင်ဖြစ်ပါသည်။ ယင်းသို့သော လိမ်ညာခြင်းမျိုးဖြင့် လိမ်ညာခံရ၍ လူမှုရေးဆိုင်ရာ ကိုယ်ကျင့်တရားများ ပျက်ပြားကာ နောင်တ ကြီးစွာ ဖြစ်ပေါ်တိုးတက်လာရသော ဆင်းရဲသည် ကမ္ဘာစောင့်တရားငါးပါးတွင် “မုသာဝါဒကံ မလုံခြုံမှုကြောင့်ဖြစ်သည်”ဟု ငါတို့တစုယုံကြည်ပါသည်။ မုသာဝါဒကံဆိုသည်မှာ မဟုတ်မမှန်ပြောဆိုခြင်းကို ဆိုလိုပါသည်။ လူမှုရေးဆိုင်ရာကျင့်ဝတ်တရားများ ဖွံ့ဖြိုး၍ ကမ္ဘာသူ ကမ္ဘာသား အချင်းချင်းမိတ်ဆွေ မပျက်ဆက်ဆံလိုလျှင် “မုသာဝါဒ သိက္ခာပုဒ်တော်ကို လုံခြုံအောင် အသက်ပေးစောင့်ထိန်း၍ အသက်ထက်ဆုံး လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ကြ”ဟု တိုက်တွန်းလိုပါသည်။

ကမ္ဘာပေါ်တွင် ပညာရေးဆိုင်ရာ ချို့တဲ့မှုများကို မည်သည့်ကမ္ဘာသူ ကမ္ဘာသားကမျှ အလိုရှိကြမည် မဟုတ်ဟု ငါတို့တစု ယုံကြည်ပါသည်။ ပညာရေးဆိုင်ရာတွင် မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများသည် လူ

တဦး၊ သို့မဟုတ် လူတစု၏ အော့နှလုံးနာစရာ ဖြစ်ပါသည်။ ယနေ့ မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်တိုးတက်လျက်ရှိသည့် မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများသည် လူတဦး၊ သို့မဟုတ် လူတစု၏ အတွေးအခေါ် ပညာကိုသာမက လူမျိုးကိုပါ ပျက်ပြုန်းစေသည်ဟု ငါတို့တစုယုံကြည်ပါသည်။ ထက်မြက်စူးရှသော အတွေးအခေါ်နှင့်အသိပညာ ချို့တဲ့မှုကြောင့် ဖြစ်ပေါ်တိုးတက်လာသော ဆင်းရဲသည် ကမ္ဘာစောင့်တရား ငါးပါးတွင် သုရာမေရယကံကို မစောင့်ထိန်းမှုကြောင့် ဖြစ်သည်ဟု ငါတို့တစုယုံကြည်ပါသည်။ သုရာမေရယကံ ဆိုသည်မှာ မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများကို သောက်သုံးမှီဝဲခြင်းကို ဆိုလိုပါသည်။ ပညာရေးဆိုင်ရာတွင် အတွေးအခေါ်နှင့် အသိပညာ တရားများ ဖွံ့ဖြိုးတိုးတက်၍ ပညာတန်ဆောင် ထွန်းပြောင်စေလိုလျှင် "သုရာမေရယသိက္ခာပုဒ်တော်ကို အသက်ပေး စောင့်ထိန်း၍ အသက်ထက်ဆုံး မူးယစ်ထုံထိုင်းစေသော အဖျော်နှင့် ဆေးဝါးများကို သောက်သုံးခြင်းမှ ရှောင်ကြဉ်ကြ" ဟု တိုက်တွန်းလိုပါသည်။

ဤကမ္ဘာစောင့်တရား ငါးပါး မလုံခြုံရာမှ ပေါ်ထွက်တောက်လောင်လျက်ရှိသော မီး ၁၁-ပါးကို ကမ္ဘာစောင့်တရား ငါးပါးကို အသက်ပေး၍ လုံခြုံအောင် စောင့်ထိန်းခြင်းဖြင့် ငြိမ်းသတ်နိုင်ကြမည်ဟု ငါတို့တစု ယုံကြည်ပါသည်။ ကမ္ဘာစောင့်တရား ငါးပါးသည် တည်ကြည်မှု သမာဓိကို ကောင်းစွာ ဖြစ်စေတတ်၍ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသာဝကတို့ မြတ်နိုးနှစ်သက်သောတရား ဖြစ်ပါသည်။ ယခု ငါတို့တစု အမေရိကန်ပြည်ထောင်စုတွင် ချီးမြှင့်ခဲ့သော သရဏဂုံနှင့် ငါပါးသီလသည် ဗုဒ္ဓဘာသာ အမေရိကန် တပည့် ဒါယကာ ဒါယိကာမတို့အား တည်ကြည်မှုသမာဓိကို ရစေ၍ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တရားများကို ကောန်မျက်မှောက်ပြုနိုင်ပေလိမ့်မည်ဟု ငါတို့တစု ယုံကြည်မျှော်မှန်းလျက် ရှိပါသည်။

နိဂုံးချုပ်အနေအားဖြင့် မိမိထက် အသက်ဂုဏ်ဝါ ကြီးမားကြကုန်သော ပုဂ္ဂိုလ်တို့အား ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ကြကုန်သော ဗုဒ္ဓဘာသာ အမေရိကန် တပည့် ဒါယကာ ဒါယိကာမအပေါင်းတို့သည် ယခု သွန်သင်ပြသခဲ့ပြီးသော ကမ္ဘာစောင့်တရား ငါးပါးကို အသက်ပေး စောင့်

သုံးခြင်းကြောင့် တည်ကြည်မှု သမာဓိကို ကောင်းစွာ ရရှိကြပြီး မီး ၁၁-ပါး တို့ ချုပ်ရာငြိမ်းရာ နိဗ္ဗာန်သို့ လျင်မြန်စွာ ရောက်ပါစေကုန်သတည်း။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်သည် တည်ကြည်ခန့်ညား၍ လေးနက်သြဇာရှိလှသည်။ သောတ ပရိဒေဝတို့ဖြင့် ပြည့်လျှမ်းနေသော ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစုတို့၏ မျက်နှာများသည် တက်သစ်စလပမာ ကြည်လင်ဝင်းပ၍ လာသည်။ ဗုဒ္ဓဘာသာ အမေရိကန်လူမျိုးစုများသည် ကြည်လင်ရွှင်ပျသော မျက်နှာများဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်ကို ကောင်းချီးနှုမော် သာဓုခေါ်နိုင်ခဲ့ကြသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဩဝါဒမိန့်ခွန်းတော်အပြီးတွင် အခမ်းအနားအစီအစဉ် ၃-အရ ၅-မိနစ် တရားထိုင်ကာ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြသည်။

မြန်မာနိုင်ငံတွင် တောင်ပုလု သာသနာပြုအဖွဲ့သည် ၁၉၇၀-ခုနှစ်၊ ဩဂုတ်လ ၂-ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသို့ ရောက်ခဲ့၍ ၁၉၇၀-ခုနှစ်၊ နိုဝင်ဘာလ ၂၀-ရက်နေ့တွင် အမေရိကန်နိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့လေသည်။

တောင်ပုလု၏ အမေရိကန် ဗုဒ္ဓနေ့များ

ဤတွင် ပြီးဆုံးပါပြီ။

# တောင်ပုလု၏ ဗုဒ္ဓသာသနာပြု အိန္ဒိယခရီး

## နမော တိရတနာယ

### ကာလကတ္တားသို့ သာသနာပြုခရီး

### ကာလကတ္တားနိဒါန်း

မြန်မာနိုင်ငံ ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ကြီးအမှူးရှိသော တောင်ပုလု သာသနာပြုအဖွဲ့သည် အမေရိကန်နိုင်ငံမှ အိန္ဒိယနိုင်ငံသို့ သာသနာပြုခရီး ဆက်ကြသည်။ လေယာဉ်ကြီးသည် တိမ်တောင်တိမ်လိပ်များအကြားတွင် တရိပ်ရိပ် ပျံသန်းလျက် ရှိသည်။ သာသနာပြုအဖွဲ့၏ အိန္ဒိယနိုင်ငံသို့ သာသနာပြု ကြွရခြင်း အကြောင်း ရင်းကလည်း အမေရိကန်နိုင်ငံတွင် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့ သာသနာပြုဘို့ရန် ဖန်တီးပေးသော ဒေါက်တာရီနာဆာကားတွင်ပင် မြစ်ဖျားခံလေသည်။

မှန်ပါသည်။ ဒေါက်တာရီနာဆာကားတွင် မွေးချင်း ၆-ဦးရှိသည့်အနက် ဒေါက်တာရီနာဆာကားနှင့် အစ်မကြီးတဦးသာ အမေရိကန်နိုင်ငံမှာ ရှိပြီး ကျန် ၄-ဦးက အိန္ဒိယနိုင်ငံမှာ ရှိနေကြသည်။ ယင်း ၄-ဦး၏ ဖိတ်မန်ချက်နှင့် ဒေါက်တာရီနာဆာကား၏ စီမံလမ်းခင်းပေးချက်များဖြင့် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့သည် အိန္ဒိယနိုင်ငံသို့ သာသနာပြုခရီး ဆက်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

တနည်းအားဖြင့် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့ အိန္ဒိယသို့ သာသနာပြုနိုင်ရန် အဓိကလမ်းခင်းပေးခဲ့သူများမှာ အိန္ဒိယနိုင်ငံ မဟာဗောဓိ အသင်းနှင့် ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများ ဖြစ်ကြသည်ဟု ဆိုလျှင်လည်း ဆိုနိုင်ဖွယ် ရှိပေသည်။

မှန်ပါသည်။ မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့ အိန္ဒိယနိုင်ငံသို့ သာသနာပြုကြွနိုင်ခြင်း အကြောင်းရင်းတွင် မဟာဗောဓိအသင်း ဥက္ကဋ္ဌ ဆရာတော် ဦးဓမ္မဓရ၊ ဦးရဋ္ဌပါလတို့ ဦးဆောင်သော သွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများသည် အဓိကကျသော အစိတ်အပိုင်းကြီးများ ဖြစ်ခဲ့ကြသည်။ ယင်းသွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများ၏ စေတနာနှင့် သဒ္ဓါကို အမှီတံကဲ သဟဲပြုကာ သာသနာပြုအဖွဲ့သည် အိန္ဒိယသို့ သာသနာပြု ကြွလာနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

သာသနာပြုခရီးတလျှောက် ကျေးဇူး များခဲ့ရသောကြောင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ အမေရိကန်အစိုးရ၊ အိန္ဒိယအစိုးရနှင့် သွေးချင်းဗုဒ္ဓဘာသာ ကမ္ဘာပြည်သူတို့အပေါ် အခါခါ မေတ္တာပွားများ နေမိသည်။ မိမိတို့ သာသနာပြုအဖွဲ့၏ သာသနာပြုလုပ်ငန်းဆိုင်ရာ အောင်မြင်မှုများကိုလည်း တစိမ့်စိမ့်တွေးယင်း ကြည်နူးနေမိတော့၏။

မိမိတို့သာသနာပြုခရီး ဆက်လာပုံကို တွေးတောနေမိရာ လေယာဉ်မယ်လာ၍ စားဖွယ်၊ သောက်ဖွယ်များ ဆက်ကပ်မှုပင် အတွေးအမျှင်များ ပြတ်သွားတော့၏။ ထိုင်ခုံတွင် အဆင်သင့်ရှိသော ရေမွှေးဆွတ် လက်ကိုင်ပုဝါဖြင့် မျက်နှာကို ဘယ်ပြန် ညာပြန် ပွတ်တိုက်နေမိယင်းက လေယာဉ်မယ်၏ စားဖွယ် သောက်ဖွယ်များဆီသို့ လက်များက ရောက်ရှိသွားတော့သည်။

ယိုးဒယားစံတော်ချိန် နံနက် ၉-နာရီ မိနစ် ၂၀-ရှိနေပြီဖြစ်ရာ ယခုကဲ့သို့ စားဖွယ်၊ ကြောက်ဖွယ်များ လာရောက်ဆက်ကပ်ခြင်း ဖြစ်ပေသည်။ ကော်ဖီ၊ သစ်သီးစုံ၊ ပေါင်မုန့်၊ ထောပတ်၊ ကြက်ဥမုန့်ကြီး ပန်းကန်ပြားနှင့် တချပ်၊ ဝက်သားကြော်၊ ဝက်အူချောင်း၊ ကိတ်မုန့် စသည်ဖြင့် စုံလင်လှပေ၏။ ဘုဉ်းပေးနေစဉ် လေယာဉ်မယ်က လေယာဉ်ကြီး မြန်မာနိုင်ငံ ရန်ကုန်မြို့ကိုဖြတ်ကျော်ပျံသန်း နေပါပြီဆို၍ မြင်ရနိုးနိုးဖြင့် အောက်သို့ ငုံ့ကြည့်မိနေပြန်ချေ၏။ သို့ရာတွင် သာသနာပြုအဖွဲ့၏ မျက်နှာစာတွင် တိမ်တောင် တိမ်လိပ်များက ကာဆီးထားရကား အမိမြန်မာနိုင်ငံကို စိတ်မှန်းဖြင့် ကြည့်ရှုကာ အလွမ်းဖြေကျေနပ်ရတော့၏။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံ အစိုးရနှင့်

တကွ မြန်မာပြည်သူ ရဟန်းရှင်လူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေဟူ၍သာ မေတ္တာဘာဝနာ ပွားများရတော့သည်။

**ကာလကတ္တား အကြိုတော်များ**

သာသနာပြုအဖွဲ့ ယိုးဒယားစံတော်ချိန် နံနက် ၁၁-နာရီ၊ ၈-မိနစ်တွင် ကာလကတ္တားမြို့ အပြည်ပြည်ဆိုင်ရာ ဒမ်ဒမ်လေဆိပ်သို့ ဆိုက်ရောက်ကြသည်။ အာရှနိုင်ငံများသည် ဖွံ့ဖြိုးစ နိုင်ငံများဖြစ်သည် အားလျော်စွာ အဆင်အပြင်များ ခေတ်မီရန် အားထုတ်ဆဲအခြေတွင် ရှိနေ၏။ လေယာဉ်မှ မြေပြင်သို့ လှေခါးဖြင့်ဆင်း၍ လေဆိပ်ခန်းမသို့ ကားဖြင့်သွားကြရသည်။ လေဆိပ်ခန်းမဆောင်ကြီးသို့ ရောက်သည်နှင့်တပြိုင်နက် သာသနာပြုအဖွဲ့၏ အကြိုတော်များကို ကောင်းစွာ တွေ့ရှိရတော့သည်။ ထေရဝါဒဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ ဖြစ်ကြသည့် မဟာဗောဓိအသင်း ဥက္ကဋ္ဌ ဆရာတော်ဦးဓမ္မရေ၊ ဘိက္ခုရဋ္ဌပါလ၊ ဘိက္ခုအဂ္ဂနန္ဒ၊ ဦးကောဝိဒ၊ ဦးဝိမလ၊ ဗီယက်နမ်ရဟန်းတော်၊ ကမ္ဘောဒီးယား ရဟန်းတော်နှင့် သီဟိုဠ် ရဟန်းတော်စသည့် ရဟန်းတော်များ ဦးဆောင်သော ရဟန်းပုဂ္ဂိုလ် ကြိုဆိုရေး အဖွဲ့များကိုလည်းကောင်း၊ ဟိန္ဒူ၊ ဘင်္ဂါလီစသည့် နှစ်ရာခါးဆယ်ခန့်ရှိသော လူပုဂ္ဂိုလ် ကြိုဆိုရေး အဖွဲ့ဝင်များကိုလည်းကောင်း ကောင်းစွာ တွေ့ရှိရလေသည်။

ဟိန္ဒူဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့သည် သာသနာပြုအဖွဲ့ ဦးစီးခေါင်းဆောင် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးအား အိန္ဒိယ ဟိန္ဒူဗုဒ္ဓဘာသာတို့၏ ယဉ်ကျေးမှု ထုံးစံအတိုင်း ရှိခိုး ဦးချကန်တော့ကြ၏။ အိန္ဒိယ၏ ဇစ်မြစ်ပီသသော "ပဉ္စပတိဋ္ဌိတ" ခေါ် ထိခြင်းငါးပါးဖြင့် ရှိခိုးဦးချခြင်းကို ဤတွင် ပထမဆုံးအကြိမ် တွေ့ရှိရခြင်း ဖြစ်ပေသည်။ ဟိန္ဒူ၊ ဘင်္ဂါလီ ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့သည် ကျေးဇူးရှင် ဆရာတော်ဘုရား၏ ခြေဖမိုးတိုင်အောင် သူတို့၏ မျက်နှာများကို အပ်၍အပ်၍ ရှိခိုးဦးချ ကန်တော့ကြ၏။

ကာလကတ္တား စံတော်ချိန် ၁၀-နာရီ၊ မိနစ် ၃၀-ရှိနေပြီဖြစ်၍ ဒမ်ဒမ်လေဆိပ်ရှိ စားသောက်ခန်းမကြီး၌ပင် နေ့ဆွမ်းကိုစ ပြီးဆုံးစေကြရသည်။

သာသနာပြုအဖွဲ့၏ ကြိုဆိုရေးအဖွဲ့ဝင် ရဟန်းတော်များလည်း လေဆိပ်ရှိ စားသောက်ခန်းမကြီးမှာပင် သာသနာပြုအဖွဲ့နှင့်အတူ ဆွမ်းကိစ္စကို ပြီးစီးစေကြသည်။

ဆွမ်းကိစ္စပြီးစီး၍ လေဆိပ်မှ မဟာဗောဓိကျောင်းတိုက်သို့ ထွက်ခွါလာခဲ့ကြသည်။ ၁၂-နာရီတွင် မဟာဗောဓိကျောင်းတိုက်သို့ ရောက်ရှိကြတော့၏။ မဟာဗောဓိကျောင်းတိုက်ကြီးတခုလုံး ပရိသတ်များ ပြည့်လျှံသွားသည်ကို တွေ့ရှိရ၏။ ပရိသတ်များထဲတွင် အလွှာစုံ ပါဝင်လေသည်။ ကြည်ညိုပူဇော်လိုသူများ ပါရှိသလို လေ့လာလိုသူများလည်း ပါရှိကောင်းပါရှိမည် ဖြစ်ပေသည်။ မည်သို့ဆိုစေ၊ မဟာဗောဓိကျောင်းတိုက်အတွင်း ပရိသတ်ကြီး ကြက်ပျံမကျ စည်ကားလှသည်ကား အမှန်ပင် ဖြစ်ပေ၏။

ဟိန္ဒူဗုဒ္ဓဘာသာ၊ ဘင်္ဂါလီဗုဒ္ဓဘာသာစသည့် သေွးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများသည် သာသနာပြုအဖွဲ့အား သူဦးငါလျှင် တိုးဝှေ့ ရှိခိုးပူဇော်ဖူးမြော်ကန်တော့ကြ၏။ အထူးသဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား အလုအယက် တိုးဝှေ့ ဖူးမြော်ကြသည်ကို လေ့လာတွေ့ရှိရလေသည်။ သာသနာပြုအဖွဲ့ မဟာဗောဓိကျောင်းတိုက်သို့ ခရီးရောက်မဆိုက် သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများက ဤသို့လျှင် စကားဦးကြို နှုတ်ခွန်းဆိုကြ၏—

"ဆရာတော်ဘုရားကြီး မကြွလာမီ လပိုင်းအတွင်းက တပည့်တော်များ အိန္ဒိယနိုင်ငံ မဟာဗောဓိစေတီတော်ကြီးအထက် ကောင်းကင်ယံတွင် ပြောင်ပြောင်ဝင်းဝင်း အရာဝတ္ထုကြီးတခုကို တွေ့မြင်ကြရပါသည်။ ထိုအရာဝတ္ထုကြီးသည် အိန္ဒိယနိုင်ငံသို့ ဆရာတော်ဘုရားကြီး ကြွချီတော်မူလာခြင်း၏ အရိပ်နိမိတ်ပင် ဖြစ်လိမ့်မည်ဟု တပည့်တော်များ ယုံကြည်လျက် ရှိကြပါသည်"။

သွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများ၏ စကားဦးကြို ခွန်းဆက်ဆိုခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ နေ့လည် ၁၂-နာရီ နေပူဒဏ်ကို သာသနာပြုအဖွဲ့ ခံနိုင်ရည် ရှိသွားပြီ ဖြစ်၏။ သာသနာပြုအဖွဲ့တွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၊ ပဋ္ဌာနသမဏတပါးနှင့် ကပ္ပိယ ဦးမောင်မောင် ပေါင်းသုံးဦးကို

မဟာဗောဓိကျောင်းတိုက်ကြီးတွင် နေရာချထား၍ ကျန်သာသနာပြုအဖွဲ့ဝင် သုံးပါးကိုမူ မြန်မာဗုဒ္ဓဘာသာကျောင်းတွင် နေရာချထားလေသည်။ သာသနာပြုအဖွဲ့လည်း သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများ ချထားအပ်သော နေရာများတွင် ပင်ပန်းနွမ်းနယ်မှုများကို ဖြေဖျောက်နေကြသည်။

ဂုဏ်ပြု အပူဇော်ခံမင်္ဂလာ

သာသနာပြုအဖွဲ့မှာ နေရာအားဖြင့် နှစ်ဌာနကွဲနေသော်လည်း ၂-နာရီအတွင်းမှာပင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးနှင့် ပြန်လည်ပေါင်းစည်းမိကြ၏။ အကြောင်းသော်ကား ကာလကတ္တား ဗုဒ္ဓဘုရားရှိခိုးကျောင်းလမ်းရှိ ဗုဒ္ဓဓမ္မင်္ကုရ ဝိဟာရကျောင်းတွင် ကျင်းပပြုလုပ်မည့် ဂုဏ်ပြု အပူဇော်ခံမဏ္ဍပ်သို့ ဂုဏ်ပြု အပူဇော်ခံ ကြွရန်ပင် ဖြစ်လေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဦးဆောင်သည့် သာသနာပြုအဖွဲ့သည် ဗုဒ္ဓဘုရားရှိခိုးကျောင်းလမ်းရှိ ဗုဒ္ဓဓမ္မင်္ကုရဝိဟာရသို့ ကားဖြင့် ထွက်ခဲ့ကြ၏။ ဗုဒ္ဓဓမ္မင်္ကုရဝိဟာရကား ထေရဝါဒဗုဒ္ဓဘာသာကျောင်းများ သမိုင်းစဉ်တွင် ရှေးအကျဆုံး ကျောင်းကြီးတကျောင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရ၏။ အထပ်ပေါင်း လေးထပ်မျှ ပါဝင်သည်ဟု ဆိုလေသည်။

သာသနာပြုအဖွဲ့သည် ဗုဒ္ဓဓမ္မင်္ကုရဝိဟာရကျောင်းတိုက်ကြီးသို့ ရောက်ရှိကြလေပြီ။ သာသနာပြုအဖွဲ့အား ဂုဏ်ပြုရာ မဏ္ဍပ်ကြီးနှင့် ဗုဒ္ဓဓမ္မင်္ကုရဝိဟာရကျောင်းတိုက်ကြီးကား သူချော ငါလှ အပြိုင်ပြဘိသကဲ့သို့ ရှိလှ၏။ မဏ္ဍပ်ကြီးကား ရွှေဝါရောင် မဏ္ဍပ်ကြီး ဖြစ်၏။ အဆင်အပြင်အားဖြင့် မဏ္ဍပ်ကြီးကို လှပသော လိုက်ကာကြီးများ၊ ခန်းဆီးကြီးများဖြင့် တန်ဆာဆင် မွမ်းမံထား၏။

မဏ္ဍပ်ကြီးအတွင်းရှိ စင်မြင့်ပေါ်တွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့်တကွ သာသနာပြုအဖွဲ့ဝင်များ သီတင်းသုံးနေကြရ၏။ ပူဇော်ချီးဝဲ့သူ ပရိသတ်များထဲတွင် ကာလကတ္တားမြို့ပေါ်ရှိ ဗုဒ္ဓဘာသာရဟန်းတော် ၃၀-ခန့်



ပုံ (၁၈) ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ ပူဇော်ပွဲတွင် ဒေါက်တာဂိုနာဆရာကား၏
အစ်ကို ကောပီဆရာကားက နှုတ်ခွန်းဆက်စကားပြောကြားနေပုံ

နှင့် ဟိန္ဒူ၊ ဘင်္ဂါလီစသည့် ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူ တထောင်ခန့်ကို တွေ့ရှိရ၏။ ဗုဒ္ဓဘာသာ ပင်မနိုင်ငံကြီးဖြစ်သော အိန္ဒိယတွင် ဤမျှ များပြားသောလူ ရဟန်းပရိသတ်ကြီးကို တခဲနက် တွေ့မြင်ရ၍ ဝမ်းပန်းတသာ ပီတိဖြာမိပေသည်။

သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ ပူဇော်ချီးဝှဲပွဲကြီးသည်ကား အလွန်အမင်း စည်ကားလှပါတော့သည်။ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများသည် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဗုဒ္ဓတရားတော်၏ ဆရာတဆူအဖြစ် လက်ခံယုံကြည်ကြသည်။ ယင်းသဘောတရားကိုလည်း သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ ဂုဏ်ပြုလွှာကြီးက ဖော်ညွှန်းလျက် ရှိလေသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ပူဇော်ချီးဝှဲကြသူ ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများအား သရဏဂုံ၊ ငါးပါးသီလနှင့် ပရိတ်တော်များဖြင့် ချီးမြှင့်၏။ ပူဇော်ပွဲကြီး၏ ဓမ္မအဆင်တန်ဆာအဖြစ် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက "သတုလ္လပကာယိကသုတ်"ဖြင့် တန်ဆာဆင်ပေးခဲ့လေသည်။ တရားများ ချီးမြှင့်အပြီးတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုလွှာဖြင့် ပူဇော်ချီးဝှဲ၍ မှန်ဘောင်သွင်းပြီးဖြစ်သော ဂုဏ်ပြုလွှာကြီးကိုလည်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းလိုက်ကြလေသည်။

**ဗုဒ္ဓဓမ္မင်္ကုရဝိဟာရ၏ နှုတ်ခွန်းဆက် ပန်ကြားလွှာ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မြန်မာနိုင်ငံ ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီးအား

## နှုတ်ခွန်းဆက်ပန်ကြားလွှာ

အရှင်သူမြတ်ကြီးဘုရား—

မြို့တော်၏ ရှေးအကျဆုံးဖြစ်သော ဗုဒ္ဓဓမ္မင်္ကုရဝိဟာရသို့ ကြည်ညိုဖွယ်ရာ ကြွရောက်တော်မူလာသော ဆရာတော်ဘုရားကြီးအား အိန္ဒိယပြည် အနောက်

ဘင်္ဂလား ဗုဒ္ဓဘာသာဝင်များကိုယ်စား ဘုရားတပည့်တော်များက ချစ်ကြည်လေးမြတ်စွာ ကြိုဆိုကြပါသည်ဘုရား။ ဆရာတော်ဘုရားကြီးသည် ကမ္ဘာ့နိုင်ငံပေါင်းများစွာတွင် သန်းပေါင်းများစွာသော လူထုကြီးအား ဝိပဿနာ ကမ္မဋ္ဌာန်းနည်းဖြင့် သစ္စာတရားကို ရှာရန်အတွက် မကြာခဏ တိုက်တွန်းညွှန်ပြတော်မူသည်မှာ စင်စစ် နှစ်ထောင်းအားရဖွယ်ပင် ဖြစ်ပါတော့သည်ဘုရား။

ဆရာတော်ဘုရားကြီးသည် မြန်မာပြည်တွင်းနှင့် ပြည်ပ နှစ်ဌာနတွင် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကိုလည်းကောင်း၊ ဗုဒ္ဓယဉ်ကျေးမှုကိုလည်းကောင်း တိုးတက်ကြီးပွားစေရန်အတွက် ကိုယ်အသက်ကို မငဲ့ကွက်ပဲ သာသနာ့တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်ခဲ့ပါပေသည်။ ဆရာတော်ဘုရားကြီး၏ ဖြူစင်မြင့်မြတ်သော သာသနာပြုလုပ်ငန်းကြောင့် သဘောပေါက် နားလည်လာကြသော အမေရိကန်လူမျိုး ထောင်ပေါင်းများစွာတို့သည် ရှင်သာမဏေပြုခြင်း၊ ရဟန်းပြုခြင်းတို့ဖြင့် ဗုဒ္ဓဘုရား ဟောညွှန်တော်မူခဲ့သည့် လမ်းမှန်အတိုင်း လိုက်နာကြပါပြီဘုရား။ လောကလူသားအပေါင်းကို ဗုဒ္ဓသာသနာတော်အတွင်း၌ စည်းလုံးညီညာမှု ရရှိစေရန် အရှင်ဘုရား၏ မမောနိုင် မပန်းနိုင် ကြိုးပမ်းအားထုတ်မှုများ၏ အကျိုးတရားတို့သည် တိုးတက်ဖြစ်ထွန်းလျက်ရှိနေကြပါသည် ဘုရား။

ဗုဒ္ဓမြတ်စွာ၏ တရားများသည် အိန္ဒိယပြည်၏ ယဉ်ကျေးမှုဘာသာတရားတို့နှင့် ယှဉ်တွဲပူးကပ်လျက် ရှိပါသည်။ ဆရာတော်အရှင်မြတ်ကို ယင်းဗုဒ္ဓတရားတော်၏ ဆရာတဆူအဖြစ် အနောက်ဘင်္ဂလားပြည်ရှိ ဗုဒ္ဓဘာသာများက မှတ်ယူကြသည်မှာ ဂုဏ်ယူဖွယ် ဖြစ်ပါတော့သည်ဘုရား။ အရှင်ဘုရား၏ ဒေသစာရီ ကြွချီတော်မူခြင်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံနှစ်နိုင်ငံတို့၏ ယဉ်ကျေးမှုဆက်ဆံရေးကို ဆက်လက်ခိုင်မာစေလိမ့်မည်ဟု တပည့်တော်များ ယုံကြည်ကြပါသည် ဘုရား။

• နိဂုံးချုပ်အားဖြင့် ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာ မြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ဆရာတော်ဘုရားကြီးသည် ကိုယ်စိတ်နှစ်ဖြာ

ချမ်းသာ၍ သက်တော်ရာကျော်ရှည်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုလိုက်ပါသည်။ ကျေးဇူးရှင် ဆရာတော်မြတ်ကြီး ဘုရား ^၁^။

တရားတော်ကို ကျင့်သုံးစောင့်ထိန်းလျက်

ဒါယကာနှင့် ဒါယိကာမများ

ဗုဒ္ဓမမ္မကရဝိဟာရ။

ဤဂုဏ်ပြုလွှာကို ဖတ်ကြား၍ ဂုဏ်ပြုအပြီးတွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ခြေဆင်းသီတင်းသုံးထိုင်နေတော်မူစေ၍ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများက တဦးချင်းတန်းစီကြကာ အိန္ဒိယတို့၏ မြင့်မြတ်သော ဓလေ့ထုံးတမ်းအရ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ခြေတော်အစုံကို လက်ဝါးဖြင့် လည်းကောင်း၊ မျက်နှာဖြင့် လည်းကောင်း ရှိခိုးပူဇော် ဖူးမြော်ကန်တော့ကြ၏။ သို့ရာတွင် ယင်းအခွင့်အရေးမျိုးကို အမျိုးသားများသာ ရရှိကြ၍ အမျိုးသမီးများမှာမူကား မရရှိကြချေ။

## သတ္တလ္လပကာယိကသုတ်

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမမ္မကရဝိဟာရ ကျောင်းတိုက်ကြီးအတွင်း ဂုဏ်ပြုပွဲတွင် ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများအား သတ္တလ္လပကာယိကသုတ်ဖြင့် တုံ့ပြန် ချီးမြှင့်ခဲ့၏။ သတ္တလ္လပကာယိကသုတ်ကား သတ္တလ္လပကာယိကနတ်များအကြောင်းကို မှတ်တမ်းတင် ဟောကြားထားသော သုတ်ဖြစ်လေသည်။ သတ္တလ္လပကာယိကနတ်ဟူသည် "သူတော်ကောင်းတရားကို ပြောကြားတတ်သော နတ်များအပေါင်း"ဟု အဓိပ္ပာယ်ရ၏။ သတ္တလ္လပကာယိကသုတ္တန်သည် ဂေါတမဗုဒ္ဓ သက်တော်ထင်ရှား ရှိစဉ်ကပင် ပေါ်ပေါက်လာသော သုတ္တန်တခုလည်း ဖြစ်ပေသည်။

---

၁။ ဦးချစ်တင် သာသနာရေးဦးစီးဌာန ဘာသာပြန်သည်။

ဂေါတမဗုဒ္ဓသည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ် တခုသောညချမ်း၏ သန်ကောင်ယံအချိန်တွင် ဖြစ်ပေ၏။ ဂေါတမဗုဒ္ဓထံပါးတွင် သတုလ္လပကာယိက နတ်များ ဝိုင်းဝိုင်းလည် လျက်ရှိကြ၏။

အဘယ့်ကြောင့် သတုလ္လပကာယိကနတ်များ ဝိုင်းဝိုင်းလည်နေကြ သနည်း။

သင်္ဘောကြီးတစင်းသည် ခရီးသည် ခုနစ်ရာခန့်ကို တင်ဆောင်ကာ သမုဒ္ဒရာအလယ်တွင် အရှိန်ပြင်းစွာ လွင့်နှင်လျက်ရှိ၏။ ကမ်းမမြင် လမ်းမမြင် အောင် ကျယ်ပြော၍ စကြာဝဠာအနားရစ်နှင့်အမျှ နခမ်းသတ်လျက်ရှိသော သမုဒ္ဒရာကြီးအလယ်တွင် ခရီးပြင်းနှင်လာခဲ့ရာ ခုနစ်ရက်မြောက်သောနေ့၌ မမျှော်လင့်ပဲ ဘေးအန္တရာယ်ကြီး တခုနှင့် ပက်ပင်းတိုးကြတော့၏။ ယင်းဘေး အန္တရာယ်ကြီးကား မုန်တိုင်းကြီးပင် ဖြစ်လေသည်။

ကြီးစွာသောလှိုင်းလုံးကြီးများသည် တလိမ့်လိမ့် တရိပ်ရိပ်ဖြင့် တက်၍ တက်၍လာကာ သင်္ဘောကြီးကို လွှမ်းမိုးစပြုလာပြီဖြစ်၏။ သင်္ဘောကြီးအတွင်း သို့ပင် ရေများဝင်လျက် ရှိချေပြီ။ "သတ္တဝါအားလုံးသည် သေဘေးကို ကြောက်ကြ၏"ဟူသော ဗုဒ္ဓ၏ဖော်ညွှန်းချက်အတိုင်း သတ္တဝါတွင် အပါအဝင် ဖြစ်သော သင်္ဘောသားအားလုံးသည်လည်း သေဘေးကို ကြောက်ကြတော့ ၏။ သေဘေးနှင့် ရင်ဆိုင်တွေ့ရသော သင်္ဘောသားအားလုံး ဆောက်တည်ရာ မရ ဖြစ်ကြရှာ၏။

ကယ်ပါ ယူပါ တစာစာဖြင့် သံကုန်ဟစ်အော် လက်ယပ်ခေါ်သော် လည်း ကယ်သူမပေါ်။ မိမိတို့ထံသို့ တလိမ့်လိမ့် ပြေးတက်လာလျက်ရှိသော လှိုင်းလုံးကြီးများကိုသာ တွေ့မြင်နေရချေသည်။ သေမင်းတမန် လှိုင်းလုံးကြီး များသည် ခုနစ်ရာမျှသော သင်္ဘောသားများအား ကလူနှိပ်စက်လျက် ရှိနေ ပေ၏။ မိမိတို့အတွက် ကိုးကွယ်ရာမဲ့နေတော့မှန်း သိရှိလာကြသောအခါ မိမိတို့ ကိုးကွယ်ရာများကို အငမ်းမရ ရှာကြံကြလေတော့၏။ အချို့သော ခရီးသည် များက မိမိတို့ မိရိုးဖလာ ကိုးကွယ်လာခဲ့သော နတ်များကို သံကုန်ဟစ်အော်

လက်မြှောက်ပူဇော်ယင်း မိမိတို့ထောက်တည်ရာကို ရှာကြံနေကြသည်။လောကီ လောကုတ္တရာ ယင်းနှစ်ဖြာတွင် ဆရာသည် အရေးကြီးလှ၏။ ဆရာသည် လောကီ လောကုတ္တရာ ထိုနှစ်ဖြာကို ပဲ့ကိုင်မောင်းနှင်မည့် ပဲ့ကိုင်ယောကျ်ား လည်း မည်ပေ၏။

ပညာရှိယောင်၊ ဟန်ပန်ဆောင်၍၊ လွှားထောင်ပေါ်ကြွေ၊ ထဲသော့ သော့နှင့်၊ စိတ်ပေါ့ပေါင်းပျစ်၊ အိုအောင်ချစ်လည်း၊ အနှစ်မရ၊ ပင်ပန်းရှာ ကြသော အပေါင်းပါ နောက်လိုက်များသည်လည်း ဒုက္ခနှင့်ရင်ဆိုင်တွေ့နေကြ ရှာပြီ။ ထို့ကြောင့် ဆရာသည် အရေးကြီးလှ၏။ဆရာသည် လောကီ လောကုတ္တ ရာ ယင်းနှစ်ဖြာတွင် ပဲ့ကိုင်မောင်းနှင်မည့် ပဲ့ကိုင်ယောကျ်ား မည်ခြင်းလည်း ဖြစ်ပေ၏။

မိမိတို့ ထောက်တည်ရာ ရစိမ့်သောငှာ မိမိတို့ဆရာဖြစ်သော နတ်များ ကို သံကုန်ဟစ်အော် လက်မြှောက်၍ ပူဇော်ကြရသော ခရီးသည်တို့မှာကား အကြောက်မပြေ ရတက်ပွေလျက် ရှိချေ၏။ သည်းအူလှိုက်ဖို ငိုယိုကျဆင်းခဲ့ သော မိမိတို့မျက်ရည်များသည် သမုဒ္ဒရာရေ၏ အင်အားပြခြင်းကို ဆီးတား ခြင်းငှာ မတတ်နိုင်ဟူသည်ကိုလည်းကောင်း၊ မျက်ရည်များ ကျဆင်းစဉ် အတွင်း၌ပင် နစ်မွန်း၍ သေရချေမည်ဆိုသည်ကိုလည်းကောင်း သူတို့တတွေ သတိကင်းကွာ မေ့ပျောက်နေရှာကြပြီ။

"အို အမောင်လုလင်၊ အခြားအခြားသော သူများသည် သည်းအူ လှိုက်ဖို ငိုယိုမြည်တမ်းနေကြရပါလျက် သင့်မှာမူကား ဘေးမရှိသူကဲ့သို့ အေးဆေးငြိမ်သက်လျက်ပါတကား"

ဆရာကောင်း၏ တပည့်သည် ဤသို့လျှင် ပန်းကောင်းပန်စမြဲ ဖြစ် ပေ၏။ ဆရာတို့၏ သွန်သင်ဆုံးမမှုများသည် တပည့်ချင်း ယှဉ်မိသည့် အခါ တိုင်းတွင် ဤသို့လျှင် သိသာထင်ရှားလှ၏။ ကမ္ဘာပျက်ခမန်း ငိုကြွေးမြည် တမ်းကြသော သဘော်စီး ခရီးဖော်တို့၏ အသံ၊ ဖိမည် ဖိုမည်ဟု တဝုန်း ဝုန်း တဗိုင်းဗိုင်း မြည်ဟည်းထိုးတက်လာသော ရေမလှိုင်းလုံးကြီးများ၏ အသံ၊

ဤနွယ်သော အဆင်း၊ ဤနွယ်သော အသံများကို မကြားသည့်ယောင်၊ မမြင်သယောင် မသိကျိုးကျွန်ပြုကာ မိမိဆောက်တည်လာသော သရဏဂုံနှင့် ငါးပါးသီလကိုသာ အားကိုးအားထားပြု၍ ယောဂီပုဂ္ဂိုလ်တယောက်ကဲ့သို့ တင်ပျဉ်ခွေထိုင်နေယင်း ရှုပွားနေသော ဂေါတမဗုဒ္ဓ၏ တပည့်သာဝက ဖြစ်သူ ခရီးသည်လုလင်ကို ဝိုင်း၍ မေးမြန်းနေကြလေပြီ။

"အို–ခရီးသည်အပေါင်းတို့၊ သင်္ဘောထွက်ခဲ့သည့်နေ့က ငါသည် ရဟန်းအပေါင်းအား လျှောက်ဒါန်း၍ သရဏဂုံနှင့် ငါးပါးသီလများ ဆောက်တည်ခဲ့သည်။ ထိုသရဏဂုံနှင့် ငါးပါးသီလကြောင့် ငါ့အား ကြောက်မက်ဖွယ်ဟူ၍ မရှိတော့ပြီ"

ခရီးသည်လုလင်က ဆိုလေသည်။ အခြားခရီးသည်များသည် ယင်းလုလင်ထံ ချဉ်းကပ်၍ ဖြစ်နိုင်လျှင် သရဏဂုံနှင့် ငါးပါးသီလများ ဆောက်တည်လိုပါကြောင်း တောင်းပန် တိုးလျှိုးကြသောအခါ ခရီးသည်လုလင်က ဖြစ်နိုင်ပါကြောင်းနှင့် ခရီးသည်ခုနစ်ရာကို တရာလျှင် တစုပြု၍ ခုနစ်စု စုကာ ဆောက်တည်စေ၏။

ပထမအသုတ် ဆောက်တည်စဉ် သင်္ဘောပေါ်၌ ရေသည် ခြေသလုံး၊ ဒုတိယအသုတ် ဆောက်တည်စဉ် သင်္ဘောပေါ်၌ ရေသည် ပုဆစ်ဒူးဝန်း၊ တတိယအသုတ် ဆောက်တည်စဉ် သင်္ဘောပေါ်၌ ရေသည် ပေါင်လယ်၊ စတုတ္ထအသုတ် ဆောက်တည်စဉ် သင်္ဘောပေါ်၌ ရေသည်ချက်၊ ပဉ္စမအသုတ် ဆောက်တည်စဉ် သင်္ဘောပေါ်၌ ရေသည် ရင်ခေါင်း၊ ဆဋ္ဌမအသုတ် ဆောက်တည်စဉ် သင်္ဘောပေါ်၌ ရေသည် လည်ပင်းအထိ ဆိုက်နေချေပြီ။ သတ္တမအသုတ် ဆောက်တည်စဉ်တွင်ကား သင်္ဘောပေါ်၌ ရေသည် ပါးစပ်နှင့်အမျှ ရှိနေပြီ ဖြစ်ပေသည်။

သေခါနီး လက်တကမ်းမျှသာလိုတော့သော အချိန်ပိုင်းကလေးတွင် ကပ်၍ ဆောက်တည်ခဲ့ရသော သရဏဂုံနှင့် ငါးပါးသီလကြောင့် သင်္ဘော ခရီးသည် ခုနစ်ရာလုံးသည် နတ်သားများ ဖြစ်လာခဲ့ကြသည်။ ယင်းနတ်သားများ

အထဲတွင် သရဏဂုံချပေးသူ လုလင်သည် သတော်ခရီးသည် နတ်သားတကာ တို့၏ဆရာ နတ်သားကြီး ဖြစ်လာလေသည်။ နတ်သားများသည် ဆရာဖြစ်သော နတ်သား၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးလိုခြင်းကြောင့် ဂေါတမဗုဒ္ဓ ထံပါးတွင် ယခုကဲ့သို့ ဝိုင်းဝိုင်းလည်နေကြခြင်း ဖြစ်ပေသည်။ သတုလ္လပကာ ယိက နတ်သားများ၏ ဆရာဖြစ်သော နတ်သား၏ ဂုဏ်ကိုဖော်ကျူးသော ဓမ္မသေတ္တု အနှစ်စုကား ဤသို့ဖြစ်ပေ၏။

"အို—လူအများအပေါင်းတို့၊ သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ် ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကိုသိလျှင် ဒုက္ခအားလုံးမှ လွတ်မြောက်နိုင် တော့၏"

## ကာလိကက်မှ ကာလကတ္တား

အားလပ်ခွင့်ရသည်နှင့် တပ်ြိုင်နက် သာယာနာပြုအဖွဲ့သည် ကာလ ကတ္တားမြို့တွင်းသို့ လေ့လာရေးခရီး ထွက်ခဲ့ကြ၏။ ကာလကတ္တားမြို့ကြီးသည် အိန္ဒိယနိုင်ငံတွင် အကြီးဆုံးမြို့ကြီးဖြစ်သည်နှင့်အညီ လူဦးရေ ၁၇-သန်းမျှ နေထိုင်သော မြို့ကြီးဖြစ်ပေသည်။ လူဦးရေများပြားသည်နှင့်အမျှ အနေ အစားလည်း ဆင်းရဲကြ၏။ သန့်ရှင်းမှုလည်း နည်းပါးနေ၏။

ကာလကတ္တားမြို့သည် ဂင်္ဂါမြစ်၏အနောက်ဖက်မြစ်ခွဲဖြစ်သော ဟူဂလီ မြစ်ကမ်းနဖူးတွင် တည်ရှိသည်။ ဘင်္ဂလားပင်လယ်အော်နှင့် ၈၆-မိုင်ခန့်မျှ ဝေး၏။ နက်ရှိုင်းကောင်းမွန်သော ဆိပ်ကမ်းများရှိ၍ ပင်လယ်ကူးသင်္ဘော ကြီးငယ်များ ထွက်ဝင် ဆိုက်ကပ်နိုင်လေသည်။

ဟူဂလီမြစ်ကမ်းတလျှောက်၌ ၁၀-မိုင်ခန့်မျှရှိသော သင်္ဘောဆိပ်ကမ်း နှင့် သင်္ဘောကျင်းများမှာလည်း မြစ်ကြောင်းသွား လှေသင်္ဘောများ၊ ပင်လယ် ကူးသင်္ဘောကြီးများ၏ ကုန်စည်ချင်းဖလှယ်ရာ၊ သယ်ယူပို့ဆောင်ရာများဖြစ်၍

---

၁။ သဂါထာဝဂ္ဂသံယုတ္တပါဠိ၊ ၁၆။ ၃၊ ၅၂။

အိန္ဒိယနိုင်ငံ၏ တံခါးသဖွယ် ဖြစ်သည်။ ကမ္ဘာ့ရောင်းဝယ်ရေးကဏ္ဍတွင် ထင်ရှားသော မြို့ကြီးလည်း ဖြစ်ပေသည်။

ကာလကတ္တားမြို့သည် ၁၉၅၂-ခုနှစ်တိုင်အောင် အိန္ဒိယအစိုးရ၏ ရုံးစိုက်ရာမြို့ကြီးတမြို့ ဖြစ်ခဲ့ပေသည်။ ကာလကတ္တားမြို့ကြီးကား ရှေးဟောင်းမြို့ကြီးတမြို့ဖြစ်သည့်အလျောက် မြို့တော်၏လမ်းမကြီးများသည်လည်း ကွေ့ကောက်လျက်ပင် ရှိ၏။ တချိန်က ပွန်ဒီချယ်ရီစသော မြို့များသည် ပြင်သစ်အစိုးရ၏ ကြီးစိုးရာ ဖြစ်သလို ကာလကတ္တား၊ ဘုံဘေစသော မြို့များသည်လည်း အင်္ဂလိပ်တို့၏ ကြီးစိုးရာ မြို့ကြီးများ ဖြစ်ခဲ့သည်။ မိုင်ဒန်ကွင်း အရှေ့ဖက်ရှိ ဥရောပတိုက်သားများ နေထိုင်ရာ ရပ်ကွက်များကား သန့်ရှင်း၏။ ခန့်ညားသော တိုက်တာအဆောက်အအုံကြီးများလည်း ရှိပေ၏။ မိုင်ဒန်ကွင်းကြီး အလယ်တွင် ဖို့ဝီလျံခေါ် ရှေးဟောင်းခံတပ်ကြီးတခု ရှိသည်။ ယင်းခံတပ်ကြီးကို ၁၉၅၇-ခု နှစ်တွင် ဗိုလ်ချုပ်လော့ကရိုက်က တည်ဆောက်ခဲ့ရာ ၁၇၇၃-ခုနှစ်တွင်မှ ပြီးစီးခဲ့သည်ဟု အဆိုရှိလေသည်။ ယခုအခါတွင် အိန္ဒိယတပ်သားများ နေထိုင်လျက်ရှိသည်ကို တွေ့မြင်ရ၏။

၁၉၄၇-ခုနှစ်တွင် အိန္ဒိယနိုင်ငံကို ဒိုမီနီယံအဆင့်ဖြင့် အုပ်ချုပ်ခဲ့ရာ ကာလကတ္တားမြို့သည် အနောက်ဘင်္ဂလားပြည်နယ်သို့ ပါဝင်သွားခဲ့သည်။ ကာလကတ္တားမြို့သည် ၁၄-ရာစုခေတ်က ကာလီကက်ဟု တွင်ခဲ့၏။ ထို့ကြောင့် ကာလကတ္တားဟူသော ယနေ့ မျက်မှောက် အမည်သည် "ကာလီကက်"ဟူသော အမည်မှ ဆင်းသက်ပြောင်းလဲလာကြောင်း တွေ့ရှိရလေသည်။

သာသနာပြုအဖွဲ့သည် ကာလကတ္တားမြို့တွင် လှည့်လည်ခဲ့ရာ နာရီဝက်ခန့်မျှ ကြာသွား၏။ ဂယာသို့ ကူးရန်ရှိနေ၍ ယာယီစံကျောင်းတော်သို့ ပြန်လာကာ အထုပ်အပိုးများ ပြင်ဆင်ကြရပြန်သည်။ သာသနာပြုအဖွဲ့ ကာလကတ္တားမှ ဂယာမြို့သို့ ထွက်ခွါစဉ် ရာပေါင်းများစွာသော သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့က လိုက်ပါ ပို့ဆောင်လိုက်ကြသေး၏။

**ဗုဒ္ဓဂါယာသို့**
**မဟာဗောဓိနိဒါန်း**

သာသနာပြုအဖွဲ့ ဗုဒ္ဓဂါယာသို့ ခရီးဆက်ခဲ့ကြသည်။ နိုဝင်ဘာ ၂၇ ရက်နေ့တွင် ဖြစ်သည်။ သာသနာပြုအဖွဲ့တွင် အဖွဲ့ဝင်များ စုံညီစွာ ပါရှိကြ၏။ ဒေသခံအနေဖြင့် မဟာဗောဓိအသင်းဥက္ကဋ္ဌ ဆရာတော် ဦးဓမ္မဓရ၊ ဦးရဋ္ဌပါလနှင့် ဆရာတော် ဦးကောဝိဒတို့ ပါဝင်ကြ၏။

ဗုဒ္ဓဂါယာသို့အလာ ဟောင်ရာ ဗောခံတံတားကြီးအလွန် တဘူတာတွင် သူခိုးသူဝှက်နှင့် အလစ်သုတ်သမားများ အလွန်ခြေရှုပ်သည်ဟု ဆိုလေသည်။ ခါးပိုက်နှိုက်များကလည်း ပြောင်ပြောင်တင်းတင်းပင် ဆွဲယူပြေးတတ်ကြသည်ဟုလည်း ဆို၏။ ခရီးသည်များ သူခိုးသူဝှက်ဘေးမှ ကင်းဝေးစေရန် သတိပေး စာတန်းကြီးများကိုလည်း ယင်းဘူတာတွင် တွေ့ရှိရလေသည်။

ဂါယာဘူတာသို့မရောက်မီ ဘုရားရှင် ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူခဲ့သော ဒုက္ကရစရိယတောင်တန်းကိုလည်းကောင်း၊ သုဇာတာ သူဌေးသမီး၏ ဃနာနို့ဆွမ်းကို ဘုဉ်းပေးအပြီး ရွှေခွက်မျှောတော်မူရာ နေရဉ္စရာမြစ်ကိုလည်းကောင်း ရထားပေါ်မှ လှမ်း၍ မြင်နေရ၏။

သာသနာပြုအဖွဲ့ ကာလကတ္တားမှ ဗုဒ္ဓဂါယာသို့ အလာတွင် ရထား တဘန် ကားတတန်ဖြင့် လာခဲ့ကြရ၏။ အိန္ဒိယရထားများမှာ မြန်မာပြည်မှ ရထားများလောက် ငြိမ်သက်ခြင်းမရှိသည်ကို တွေ့ရှိရသည်။ တခုထူးခြားသည် ကား အိန္ဒိယရထား အထူးတန်းများ၌ အခန်းအပြင်ဘက်တွင် စကြံလျှောက်၍ ရခြင်းပင် ဖြစ်လေသည်။

ဂါယာဘူတာသို့ နံနက် ၆-နာရီ မိနစ် ၂၀-တွင် ဆိုက်ရောက်ခဲ့ကြ၏။ အကြိုတော်များအဖြစ် ဆရာတော် ဦးရဋ္ဌပါလ၏ တပည့် ရဟန်းတော်များဖြစ်သည့် ဦးဉာဏိန္ဒနှင့် ဦးခိပ္ပပညတို့ဦးဆောင်သော တပည့်ဒကာ ဒကာမ လူလေး ငါးဆယ်ခန့်ကိုတွေ့ရသည်။ ဂါယာဘူတာတွင် ခေတ္တမျှ အပန်းဖြေနေပြီး ဗုဒ္ဓဂါယာသို့ ကားဖြင့် ဆက်လက်ခရီးနှင်ခဲ့ကြသည်။

ဂါယာနှင့် ဗုဒ္ဓဂါယာကား ၈-မိုင်မျှ ဝေးသည်။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ရေမြေချင်း ဆက်စပ်နေကြသည်နှင့်အညီ ရာသီဥတုချင်း ပါ ကွာခြားမှု မရှိရကား မြန်မာနိုင်ငံ၌ တန်ဆောင်မုန်းလများတွင် စပါးများ ရိတ်သိမ်းနေသလို အိန္ဒိယနိုင်ငံတွင်လည်း စပါးများ ရိတ်သိမ်းလျက်ရှိသည်ကို လမ်းဘေးများတွင် တွေ့မြင်နေရသည်။ ရွှေဝါရောင် လယ်ကွင်းကြီးများ၊ ကုလားပဲခင်းကြီးများနှင့် မြစိမ်းရောင် ကြက်သွန်ခင်းကြီးများကို တမျှော်တခေါ် တွေ့မြင်နေရ၏။

သာသနာပြုအဖွဲ့သည် မဂဓယူနီဗာစီတီခေါ် မဂဓတက္ကသိုလ်ကြီးအနီးရှိ ဆရာတော် ဦးရဋ္ဌပါလ၏ ကျောင်းသို့ ၇-နာရီတွင် ဆိုက်ရောက်ကြလေသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ယင်းကျောင်းတွင် ခေတ္တအပန်းဖြေနားနေယင်း ဖူးမြော်လာကြသူ ဆရာတော် ဦးရဋ္ဌပါလ၏ တပည့်ဒကာ၊ ဒကာမအပေါင်းတို့အား သရဏဂုံနှင့် ငါးပါးသီလကို ချီးမြှင့်တော်မူလေသည်။

မဂဓဗ-တက္ကသိုလ်သည် မဂဓတိုင်းကို အကြောင်းပြု၍ ခေါ်ဆိုထားခြင်းဖြစ်ပေရာသည်။ မဂဓတိုင်းသည် ဂင်္ဂါမြစ်ဝှမ်းတွင် ရှိလေသည်။ ယခုအခါ ဘီဟာနယ်တွင် ပါဝင်လေသည်။ ယင်းအချိန်က မြို့တော်ကား ရာဇဂြိုဟ်ဖြစ်သည်။ ဗုဒ္ဓဂါယာနှင့် အနီးပင် ဖြစ်လေသည်။ မဟာဗောဓိကို အလွန်ဖူးချင်နေသော သာသနာပြုအဖွဲ့မှာ မဟာဗောဓိသို့ ခြေလျင်ကြွခဲ့ကြသည်။

မဟာဗောဓိစေတီတော်တွင် သာသနာပြုအဖွဲ့သည် အခြားသော တိဗက်၊ ယိုးဒယား၊ တရုတ်၊ ဂျပန်၊ အမေရိကန်စသော ပင်လယ်ရပ်ခြားဗုဒ္ဓဘာသာ ဘုရားဖူးများနှင့်လည်း ကြုံဆုံကြရသေး၏။ မဟာဗောဓိစေတီတော် ဝန်းကျင်တွင် ဘုရားဖူးများဖြင့် ပြည့်ကြပ်လျက်ရှိသည်။ အိန္ဒိယတိုင်းရင်းသား ဗုဒ္ဓဘာသာများမူကား အလွန်ပင် များလှပေ၏။ စေတီတော်ကို ဖူးမြော်ခွင့်ရရန် လူတဦးလျှင် အိန္ဒိယရူပီးငွေ ပြားငါးဆယ်ကို ဂိတ်ဝင်ကြေးအဖြစ် ပေးကြရသည်။ ရဟန်းတော်များကား အခမဲ့ ဖူးခွင့်ရကြသည်။

ရဟန်းတော်များ အခမဲ့ ဖူးခွင့်ရရှိသာမက ရဟန်းတော်များ၏ ဖိနပ် ကိုပင် အခမဲ့ စောင့်ပေးလိုက်ကြသေးသည်။ စိတ်ချမ်းသာရာ ရ၏။ မဟာ ဗောဓိ စေတီတော်ကြီးကား ချိုင့်ဝှမ်းကြီးအတွင်းတွင် ဖြစ်လေသည်။ ချိုင့်ဝှမ်း ကြီးကား ဒယ်အိုးနှင့် သဏ္ဍာန်တူ၏။ မဟာဗောဓိစေတီတော် ချိုင့်ဝှမ်းကြီး အတွင်းတွင် ကိန်းဝပ်တော်မူရခြင်းကား ဘာသာခြားတို့၏ စော်ကား အနိုင် ကျင့်မှုကြောင့် ဖြစ်လေသည်။

တနည်းဆိုရသော် ထိုစဉ်က အိန္ဒိယတိုင်းရင်းသား ဗုဒ္ဓဘာသာများ၏ ညံ့ဖျင်းမှုကြောင့်ပင် ဖြစ်သည်။ ဟန်လူမျိုးများ ဝင်ရောက် တိုက်ခိုက်သဖြင့် မဂဓ လက်နက်နိုင်ငံကြီး ပျက်သုဉ်းပြီးနောက် အိန္ဒိယတွင် တန်ခိုးထက်မြက် သော မင်းများမှာ အနှစ်တရာအတွင်း ပေါ်ပေါက်ခြင်း မရှိတော့ချေ။ ယင်းသို့ ပေါ်ပေါက်ခြင်းမရှိခြင်းကပင် ဘာသာခြားတို့၏ ထမ်းသလို ခြယ် လှယ်နိုင်သော အခွင့်အရေးကြီးတရပ်လို ဖြစ်ခဲ့တော့၏။ ၇-ရာစုခေတ်တွင် "ဟာသျံ"အမည်ရှိ မင်းတပါး ပေါ်ပေါက်လာသောအခါမှသာ ကျယ်ပြန့် သော လက်နက်နိုင်ငံကြီးကို ထူထောင်နိုင်ခဲ့လေသည်။

ဘာသာခြားတို့အား အံ့ဖွယ်ရာတခုတော့ ကောင်းနေပြန်၏။ ဤမျှ ထုထည်ကြီးမားသော စေတီတော်ကြီးကို စုံးစုံးမြုပ်အောင် မြှုပ်ပစ်နိုင်သော အင်အားကလည်း အထူးအံ့ဖွယ်ကောင်းနေပြန်သည်။ ထို့ထက်အံ့ဖွယ်ကောင်း နေပြန်သည်ကား သွေးချင်းများဖြစ်ကြတော အိန္ဒိယအစိုးရနှင့် ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့ စေတနာနှင့် လုပ်အားပင် ဖြစ်ပေ၏။

မြန်မာနိုင်ငံတွင် ရှေးဟောင်းသုတေသနဌာနက သရေခေတ္တရာ၊ ဟန် လင်း၊ ဗိဿနိုးစသည့် ရှေးမြို့ဟောင်းများရှိ မြေအောက် ငုပ်လျှိုးနေသော ရှေးဟောင်းအဆောက်အအုံကြီးများကို ပုံမပျက် ပန်းမပျက် တူးဖော်ထား သကဲ့သို့ ဘာသာခြားများ၏ မထိမဲ့မြင်ပြုမှုကြောင့် မြေအောက်တွင် ကိန်း ဝပ်တော်မူရသော မဟာဗောဓိစေတီတော်ကြီးကို အိန္ဒိယအစိုးရနှင့် သွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများက ပုံမပျက် ပန်းမပျက် တူးဖော်ထားခြင်း ကလည်း အထူးအံ့ဖွယ်ရာ ကောင်းနေပြန်တော့သည်။

အဆောက်အအုံကြီးတခုကို မြေအတွင်းမြှုပ်နှံရာ၌ ယင်းအဆောက်အအုံကြီးဘေးမှပန်း၍ တွင်းတူးမြှုပ်နှံရန် လွယ်ကူမည်ဖြစ်သော်လည်း ပြန်လည်တူးဖော်ရာ၌ ယင်းအဆောက်အအုံကြီးကို အထက်မြေညီသပ်သို့ ပြန်လည် ဆယ်မတ္တိုဆိုသည်မှာ ထည့်သွင်းစဉ်းစား၍ပင် မဖြစ်ချေ။ ယင်းအခြင်းအရာကို ယခုဖူးမြော်ခွင့်ရရှိသည့် မဟာဗောဓိစေတီတော်ကြီးက ဖော်ညွှန်းလျက် ရှိနေပေသည်။ထို့ကြောင့်လည်း အိန္ဒိယအစိုးရနှင့် သွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ စေတနာနှင့် လုပ်အားက အထူးအံ့ဖွယ်ကောင်းနေပြန်ခြင်း ဖြစ်ပေသည်။

သာသနာ့ပြုအဖွဲ့ မဟာဗောဓိစေတီတော်ကို ဖူးမြော်ရန် မဟာဗောဓိစေတီတော် ကိန်းဝပ်ရာ ရင်ပြင်တော်ချိုင့်ဝှမ်းသို့ အုတ်လှေကားဖြင့် ဆင်းကြရ၏။ လှေကားထစ်များကို နှုတ်မှရေတွက်ယင်း ဆင်းခဲ့ရာ လှေကားထစ်ပေါင်း ၄၁-ထစ်မျှရှိသည်ကို လေ့လာတွေ့ရှိရလေသည်။ စေတီတော်ကြီးကား လေးထောင့် စေတီတော်ကြီးဖြစ်သည်။ စေတီတော်၏ ရင်ပြင်တော် မျက်နှာစာများတွင် ပန်းအိုးကြီးငယ်များနှင့် ပန်းပင်ကြီးငယ်များကို စိုက်ပျိုးထားကြသည်။

ဘုရားဖူးလာ ဗုဒ္ဓဘာသာ သူတော်စင်များ ဘုရားဖူးယင်း ကြည်နူးမှုရရှိသည့်ပြင် လှပသော သစ်ပင်ပန်းမန်များကြောင့် စိတ်ဓာတ် ရွှင်မြူးမှုကိုလည်း ရစေတော့၏။ ဘုရားဖူးလာ ဗုဒ္ဓဘာသာ ကမ္ဘာပြည်သူတို့၏ စေတနာသဒ္ဓါ တတ်အားသရွေ့ ထည့်ဝင်လှူဒါန်းကြသော နဝကမ္မဝတ္ထုငွေများဖြင့်လည်းကောင်း၊ ဘုရားဖူးလာ ဗုဒ္ဓဘာသာ ကမ္ဘာပြည်သူတိုင်းအား ဘုရားဖူးဂိတ်ဝင်ကြေး ပြား ၅၀-ဟူသော အသပြာများဖြင့်လည်းကောင်း မဟာဗောဓိစေတီတော်ကြီးအား ဘက်ပေါင်းစုံမှ ရောင်တော်ဖွင့်၍ ဗုဒ္ဓဘာသာ ကမ္ဘာပြည်သူတို့၏ စိတ်နှလုံးကို ရွှင်ပြုံး ချမ်းမြေ့နိုင်ပါစေဟု ရှိခိုး ဆုတောင်းယင်း ရင်ပြင်တော်ချိုင့်ဝှမ်းရှိ စေတီတော်အတွင်းသို့ သာသနာ့ပြုအဖွဲ့ ဝင်ရောက်ခဲ့ကြတော့သည်။

## ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်

ဂေါတမဗုဒ္ဓ ဗောဓိပင်နှင့် ရွှေပလ္လင် အောင်မြင်တော်မူပြီး ပထမ သတ္တာဟဖြစ်သည့် ခုနစ်ရက်ပတ်လုံး သီတင်းသုံးစံပျော်ရာဌာနကို ဖူးမြင်ရန် မြန်မာသာသနာပြုအဖွဲ့ မဟာဗောဓိစေတီတော်ကြီး၏ လိုဏ်ဂူကြီးအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ဂေါတမဗုဒ္ဓနှင့် ဖွားဖက်တော်ဖြစ်သော ညောင်ပင်ကြီးကို ဘာသာ ခြားများက ခုတ်လှဲဖျက်ဆီးပြီးနောက် ဘီစီနှစ်ရာစုလောက်တွင် အာသောက မင်းတရားကြီးက ဤဗောဓိပင်နှင့် ရွှေပလ္လင်နေရာ မပျောက်ပျက်စေရန် စေတီ တော်ကြီးတဆူတည်ကာ မှတ်တမ်းတင်ထားနိုင်ခဲ့လေသည်။ ယင်း စေတီတော် ကြီးကား ယခု မဟာဗောဓိစေတီတော်ကြီးပင် ဖြစ်ပေသည်။

အာသောကမင်းတရားကြီးကား ဂေါတမဗုဒ္ဓသာသနာတော်တွင် အလွန် ကျေးဇူးများသော မင်းတပါးဖြစ်ခဲ့လေသည်။ သူ့ဘဝအစတွင် ဗုဒ္ဓဘာသာ ကိုစက်ဆုပ်ခြင်းနှင့် သူ့ဘဝအဆုံးတွင် ဗုဒ္ဓဘာသာကို အသက်တမျှ ကိုင်းရှိုင်း ကျိုးနွံမှုတို့ကား သူ့ဘဝဖြစ်စဉ်တွင် ထင်ရှားသော သမိုင်းမှတ်တိုင်ကြီးများ ဖြစ်ခဲ့လေသည်။ အာသောကမင်းတရားကြီးသည် သူ၏ မောရိယမင်းဆက်တွင် အထင်ရှားဆုံးသော မင်းတပါ ဖြစ်လေသည်။

ဤမဟာဗောဓိစေတီတော်ကြီးသည် ဂေါတမဗုဒ္ဓ၏သမိုင်းဖြစ်စဉ်တွင် ထူးခြားသော ဝိသေသလက္ခဏာများကို ဖော်ဆောင်လျက်ရှိခဲ့၏။ ဂေါတမ ဗုဒ္ဓ၏ သမိုင်းဆိုင်ရာများတွင် သတ္တဋ္ဌာန ခုနစ်ပါးတွင် ပလ္လက်သတ္တာဟဖြစ်ခြင်း၊ သံဝေဇနီယဌာန လေးပါးတွင် တပါးအပါအဝင်ဖြစ်ခြင်း၊ အဝိဇဟိတဌာန လေးပါးတွင် တပါးအပါအဝင် ဖြစ်ခြင်းများကြောင့် ဂေါတမဗုဒ္ဓ သမိုင်း ဆိုင်ရာများတွင် ထူးခြားသောအသွင်ကို ဖော်ဆောင်လျက်ရှိသည်။ ထိုမျှမက ဤမဟာဗောဓိ စေတီတော်ကြီး၏ ကိန်းဝပ်ရာ နေရာသည် ကမ္ဘာဦးတွင်လည်း ဘုရားရှင်တို့၏ သပိတ် ပရိက္ခရာများနှင့် ဦးစွာပေါ်ပေါက်သော နေရာဖြစ်ရှိ သာမက ကမ္ဘာပျက်သောအခါတွင်လည်း နောက်ဆုံးမှ ဆိတ်သုဉ်း ပျောက်

ကွယ်ရာနေရာဖြစ်ခြင်းများကြောင့် လောကဓာတ်ဆိုင်ရာတွင် အုံချီးဖွယ်ရာတခု အဖြစ် ရပ်တည်နေလေသည်။

သတ္တဋ္ဌာနခုနစ်ပါးကား—

(၁) ပလ္လင်္ကသတ္တာဟ၊
(၂) အနိမိသ သတ္တာဟ၊
(၃) စင်္ကမသတ္တာဟ၊
(၄) ရတနာဃရသတ္တာဟ၊
(၅) အဇပါလသတ္တာဟ၊
(၆) မုစလိန္ဒသတ္တာဟ၊
(၇) ရာဇာယတနသတ္တာဟ[၁] တို့ဖြစ်ကြသည်။

သံဝေဇနိယ ဌာနလေးပါးကား—

(၁) ဘုရားအလောင်းဖွားမြင်ရာ၊
(၂) မဟာဗောဓိမဏ္ဍိုင်၊
(၃) ဓမ္မစကြာ တရားဦးဟောရာ၊
(၄) ပရိနိဗ္ဗာန်စံရာ[၂]များ ဖြစ်ကြ၏။

အဝိဇဟိတ ဌာနလေးပါးကား—

(၁) မဟာဗောဓိပင်၊
(၂) ဓမ္မစကြာ တရားဦးဟောရာ၊

---

၁။ ဝိနည်း မဟာဝါပါဠိ၊ ဋ၊ ၂၃၀။
၂။ မူလပဏ္ဏာသ ပါဠိ၊ ၂၁၆။ ဋ၊ ဒု-တွဲ၊ ၇၂။

(၃) တာဝတိံသာမှ ဆင်းသက်စဉ် ခြေတော်ချရာ သင်္ကဿနဂိုရ်မြို့ တံခါးဝ၊

(၄) ဇေတဝန်ကျောင်းတော်ဂန္ဓကုဋီတိုက်အတွင်းရှိ ညောင်စောင်း တော်ခြေလေးချောင်းနေရာ များဖြစ်ကြသည်။

မဟာဗောဓိ စေတီတော်ကြီး၏ မုခ်ဝသည် အရှေ့ဘက်သို့ လှည့်၏။ စေတီတော်ကြီး၏ အရှေ့ဘက်မုခ်တွင် ဘီစီ သုံးရာခေတ် အာသောကမင်း လက်ထက် ထုလုပ်ကိုးကွယ်၍ ညာဏ်တော်သုံးတောင်တမိုက်ရှိ ဗုဒ္ဓရုပ်ပွားတော် ရှိလေသည်။ ယင်းရုပ်ပွားတော်ကား ကျောက်ဆင်းတု ရုပ်ပွားတော် ဖြစ်ပေ သည်။ အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်းရှိ မာကျောသော အိန္ဒိယကျောက် နက်ကို ထုလုပ်ကိုးကွယ်ထားသည်ဟု ဆိုလေသည်။

သို့ရာတွင် ဗုဒ္ဓရုပ်ပွားတော်ကို ရွှေပိန်းချထား၍ မြန်မာနိုင်ငံဖြစ်သင်္ကန်း တော်ဖြင့် လွှမ်းခြုံထားသည်ဖြစ်ရကား အပြောနှင့်ပင် ကျောက်နက်ကျောက် ဆင်းတုဟု မှန်းဆကြည့်ရှုခဲ့ရသည်။ ရုပ်ပွားတော် ကိန်းဝပ်ရာ အခန်းသည် အလျားအနံ လေးတောင်နှင့် လက်နှစ်သစ်စီရှိသော ကျောက်ပြား နှစ်ချပ်ကို တော့လျက်စပ်ခင်းထားသောကြောင့် ရှစ်တောင်နှင့် လက်လေးသစ် ကျယ်သော အခန်းဟု သိရှိခဲ့ရပေသည်။

ရုပ်ပွားတော်မြတ်၏ရှေ့တွင် ရှေးကျသော ဆိမ်းခွက်၊ ကြေးအိုးများကို တွေ့ရှိ၏။ ဆုတောင်းဆုယူနှင့်အမျှဝေရန် အခန်းကဏ္ဍတွင် ရန်ကုန်မြို့၊ ပရိက္ခရာ ကုန်သည် ဒေါ်သိန်းမေ မိသားစုတို့၏ ကောင်းမှုဖြစ်သော ကြေးချိန် ၁၂- ပိဿာ၊ ၆ဝ-ကျပ်သားရှိ ကြေးစည်ကြီးတလုံးကိုလည်း တွေ့ရှိရသည်။ယင်းကြေး စည်ကြီးကို ဒေါ်သိန်းမေ မိသားစုတို့က ၁၃၁၈-ခုနှစ်တွင် လှူဒါန်း ခဲ့သည်ဟု ကမ္ပည်းများက ဖော်ပြလျက်ရှိလေသည်။

ဘုရားခန်းမအတွင်း အလှူခံသေတ္တာ၏ အရှေ့ဖက်တွင် ချိုင့်ကြီးတခုကို တွေ့၍ မေးကြည့်ရာ ဟိန္ဒူများကြီးစိုးစဉ် တချိန်က "သိဝလိင်္ဂနတ်ဘုရား"

---

၁။ ဒီဃနိကာယ မဟာဝဂ္ဂပါဠိ၊ ၁၁၆။

ဟူသောကိုယ်လုံးတီး အရုပ်ကြီးထားကြောင်း၊ ယင်းအရုပ်ကြီးကို ဗုဒ္ဓဘာသာဝင်တို့က ကန့်ကွက်သဖြင့် ရှေပစ်ရသောကြောင့် ယခုကဲ့သို့ ချိုင့်ခွက်ကြီးဖြစ်နေကြောင်းများကို ဌာနေများက ပြောပြလေသည်။

စေတီတော်မုခ်အတွင်းမှထွက်၍ စေတီတော်ကြီး၏အပေါ်ထပ်သို့ တက်ကြရပြန်ရာ လှေခါးထစ် ၃၃-ထစ် ရှိကြောင်း လေ့လာတွေ့ရှိရ၏။ အပေါ်ထပ်ရောက်၍ စေတီတော်ယင်ပြင်အောက်ထပ်ကို ဆန်းစစ်ကြည့်ရာ တောင်ဖက်တွင် အရံစေတီပေါင်း-၂၄၊ အနောက်ဖက်တွင် အရံစေတီပေါင်း-၂၃၊ မြောက်ဖက်တွင် အရံစေတီပေါင်း ၂၇-ဆူရှိသည်ကို လေ့လာတွေ့ရှိသည်။ အပေါ်ထပ်ယင်ပြင်တော် အကျယ်အဝန်း ရှစ်တောင်မျှသာရှိ၏။ အပေါ်ထပ် အရှေ့ဖက်မုခ်တွင် မတ်ရပ်ရုပ်ပွားတော်တဆူရှိပေသည်။

မဟာဗောဓိ စေတီတော်၏ အရှေ့အနောက် အလျား ၅၇-တောင်၊ တောင်မြောက် အနံအတောင်-၅၀ ရှိလေသည်။ စေတီတော်ကြီးကို အရံစေတီတော်ကြီး ၄-ဆူ၊ စေတီငယ်ပေါင်း ၉၉-ဆူ ခြံရံထားသည်။ စေတီတော်ကြီးကား လေးထောင့်ပုံစံဖြစ်၍ ဉာဏ်တော်အတောင် ၁၇၀- ရှိသည်ဟု လေ့လာသိရှိရလေသည်။

သာသနာပြုအဖွဲ့သည် ဤပလ္လင်သတ္တာဟမှတပါးသော အခြား သတ္တဌာနများသို့လည်း ရောက်ခဲ့သေး၏။ ယင်းသတ္တဌာနများတွင် တည်ဥ္စစီ ကျိန်းစက် ဖူးမြော်ခဲ့ကြသည်။ ညနေ ၆-နာရီတွင် သာသနာပြုအဖွဲ့သည် နေရဥ္စရာ မြစ်ကမ်းတလျှောက် စကြံလျှောက်ယင်း ယာယီစံကျောင်းတော်သို့ ပြန်ခဲ့ကြသည်။

## မင်းတုန်းမင်းကြီး ကုသိုလ်တော်

မဟာဗောဓိ စေတီတော်၏ နောက်ကွယ်တွင် မဟာဗောဓိပင်ကြီးကို ဖူးမြင်နိုင်ကြ၏။ ဟိန္ဒူဘုရင်"သသက်"ခုတ်လှဲပစ်၍ မူလဗောဓိပင်ကြီး မဟုတ်တော့ဟု ဌာနေများက ဆိုကြ၏။ ယခုဗောဓိပင်ကြီးကား မူလဗောဓိပင်ကြီး အမြစ်မှပေါက်သော ဗောဓိပင်ဟု လေ့လာမှတ်သားခဲ့ရသည်။

ဗောဓိပင်ကြီးအောက်တွင် အလျား ၅-တောင်နှင့် အနံ ၃-တောင် ၆-သစ်ရှိ ကျောက်သားပလ္လင်ကြီးတခု ရှိလေသည်။ ဗောဓိပင်ကြီး၏ ခက်မကြီးများကို သံထောက်ကြီး ၆-ချောင်းဖြင့် ထောက်ကန်ထား၏။ သံထောက် တချောင်းလျှင် တထောင်တန်ဟု ဆိုလေသည်။

၁၉၇၀-ခုနှစ်၊ မေလလောက်တွင် ဗောဓိပင်ကြီးကို မီးပူဇော်သူများပြားမှုကြောင့် မီးပူရှိန်ဟပ်ကာ ဗောဓိပင်ကြီး ညှိုးနွမ်းခဲ့ရသေးရာ ဆေးများပင် ထိုးနှံခဲ့ရသေးသည်ဟူ၏။ အတောင်တရာခန့် မြင့်မည်ဟု ခန့်မှန်းရသည်။ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများသည် မဟာဗောဓိပင်ကြီးကို ဆလိုက်မီးများဖြင့်လည်းကောင်း၊ ပန်းမျိုးစုံဖြင့်လည်းကောင်း၊ ပန်းကြိုးများဖြင့်လည်းကောင်း၊ ပင်စည်ကို ရွှေများချ၍လည်းကောင်း ပူဇော် ကိုးကွယ်ထားကြလေသည်။

ဗောဓိပင်ကြီး၏ အောက်ဖက်တွင် ဂေါတမဗုဒ္ဓ ခုနစ်ရက် သီတင်းသုံးစံတော်မူရာ ရာဇာယတနသတ္တာဟ ရှိ၏။ ရာဇာယတနသဒ္ဒါကား လင်းလွန်းပင်ကို ဟော၏။ လင်းလွန်းပင်ရှိသော အရပ်ဟု ဆိုလိုသည်။ မှန်၏။ ယင်းရာဇာယတနသတ္တာဟ အရပ်တွင် ၁၉၇၀-ခုနှစ်၊ နိုဝင်ဘာ ၁၀-ရက်နေ့က မြန်မာအိန္ဒိယ နယ်နိမိတ်ကော်မရှင် ဗိုလ်မှူးလှအောင်နှင့် အဖွဲ့က လင်းလွန်းပင် တပင် စိုက်သွားသည်ကို ပူပူနွေးနွေးပင် တွေ့ရလေသည်။ အရပ် ခုနစ်ပေမြင့်၍ ဝေဝေဆာဆာ ဖြစ်နေပေပြီ။ ဤလင်းလွန်းပင်လည်း အနာဂတ်ကာလတွင် မြန်မာ အိန္ဒိယနယ်နိမိတ် ကော်မရှင်၏ သမိုင်းမှတ်တိုင်ကြီးတခုပင် ဖြစ်ပေလိမ့်မည်။

ယင်းမှအပြန် ဂယာတွင် အချမ်းသာဆုံးနှင့် အကြွယ်ဝဆုံးဖြစ်သည့် ဟိန္ဒူကျောင်းတိုက်ကြီးအတွင်းရှိ မင်းတုန်းမင်းကြီး၏ ကျောက်စာကို သွားရောက်လေ့လာကြသည်။ သို့ရာတွင် မြန်မာဘုရင်၏ ကျောက်စာတိုင်ကြီးမှာ ဟိန္ဒူများ၏ ဒဏ်ခတ်ခြင်း ခံနေရ၍ သာသနာ့ပြုအဖွဲ့ လာရောက်လေ့လာသည်ကိုပင်ကုန်စင်အောင် ပြန်လည်ခွန်းတုံ့မှုခြင်း မပြုနိုင်ရှာတော့ချေ။

မြန်မာ့ဘုရင် ကျောက်စာကြီးက မြန်မာသာသနာပြုအဖွဲ့ကို ဖြစ်ကြောင်းကုန်စင် မှလင်းနိုင်လင့်ကစား လိုက်လံပို့ဆောင်သူ သွေးချင်း ဗုဒ္ဓဘာသာတဦး၏ ဖွင့်ဟချက်များက ကျောက်စာကြီး၏ ဒဏ်ရာ ဒဏ်ချက်များ အကြောင်းကို လှစ်ပြသကဲ့သို့ ရှိချေ၏။

မင်းတုန်းမင်းတရားကြီးသည် သဒ္ဓါသန့်သူပီပီ မဟာဗောဓိစေတီတော်ကြီးတွင် ဌာပနာရန် စိန်လုံးရေ ၅၁၁-လုံး၊ မြလုံးရေ ၃၁၁-လုံး၊ ကျောက်နီလုံးရေ ၃၉၆၆-လုံးနှင့် ပုလဲလုံးရေ ၆၂၃-လုံးတို့ကို လှူဒါန်းခဲ့သည်ဟု ဆိုလေသည်။ ယင်းသို့ လှူဒါန်းရာတွင် ဘုရားဌာပနာရန်မှာ မလွယ်ကူ၍ မဟာဗောဓိအနီးတွင် ပြတိုက်ကြီးတတိုက်ကို ဆောက်လုပ်ကာ ကျောက်စာနှင့်တကွ လှူဒါန်းခဲ့သည်ဟု ဆိုလေသည်။

**ဥရုဝေလ တောဝမြိုင်ခွင် ခရီးနှင်**

"ဟဲ့ ကဿပ၊ နင်ဘယ်တော့မှ ရဟန္တာ မဖြစ်ဘူး။ နင်ဟာ အရဟတ္တမဂ်နှင့်လဲ မပြည့်စုံဘူး။ အရဟတ္တမဂ်ကို ပြည့်စုံစေနိုင်တဲ့ အကျင့်လဲ နင့်မှာ မရှိဘူး"[၁]

သာသနာပြုအဖွဲ့ ဥရုဝေလ တောင်တန်းကို ဖြတ်သန်းလိုက်သည်နှင့် တပြိုင်နက် အကျွန်ုပ်သည် တချိန်က ဂေါတမဗုဒ္ဓ၏ ဥရုဝေလ ကဿပအား ကြိမ်းမောင်းသံကို ကြားယောင်လာမိ၏။ ဥရုဝေလကဿပသည် ယင်းသို့ ကြိမ်းမောင်းယူရလောက်အောင်လည်း ခေါင်းမာသူ တဦးဖြစ်ခဲ့သည်။ ဥရုဝေလ၏ ခေါင်းမာမှုများသည် ဂေါတမဗုဒ္ဓ၏ နောက်ဆုံး ကြိမ်းမောင်းသံနှင့်အတူ စကြဝဠာအနန္တတိုင် ပြေးသွားလျက် ရှိ၏။

"ကာယဝစီ၊ သည်နှစ်လီမှာ၊ သိဖို့သာ၏၊ သဒ္ဓါဂရော၊ စိတ်မနောကား၊ ကိုယ်ဇော့ဖြစ်ဘိ၊ ကိုယ်သာသိလိမ့်၊ မိမိကိုယ်ကို၊ ဆုံးမဆို၍၊ အညိုအရီ၊ နွမ်းရစ်ငြိမူ၊ ရေအတိလျှမ်း၊ မြစ်ပြင်ကမ်းက၊ ဒဏ်ထမ်း သည့်ယောင်၊ သဲကိုဆောင်၍၊ ကျွန်းသောင်ငူမော၊ သည်ချပ်တောမှာ၊ ဆေးကြောသော့ဟန်၊ နောက်မလှန်ဟု၊ မိဌာန်၍သာ၊ ပုံကြရှာလေ့"[၂]

---

၁။ ဝိနည်း မဟာဝါပါဠိတော်၊ ၄၂။ ဝိနည်းမဟာဝါအဋ္ဌကထာ၊ ၂၃၄။

"ဆရာမိန့်တိုင်း၊ စိတ်ညစ်မှိုင်းမှု၊ မရှိုင်းစေရ၊ လောင်းရှာကြသည်၊ ကြီးလှဖူးရောင်၊ သဲစုတောင်သည်၊ မြင့်ခေါင်ကြီးထုံ၊ ရှိသည်မှုကြောင့်၊ ဥရုဝေလ၊ အမည်ရ၏"

ပါဠိစာပေနှင့် မြန်မာစာပေများက ဥရုဝေလတောအကြောင်းကို ဤသို့လျှင် ဖော်ကျူးထားကြသည်။ ဥရုဝေလတောကို မြန်မာလို "သဲတော" ဟု ခေါ်နိုင်သည်။ အဝေးမှ လှမ်းမြင်ရသဖြင့် တော၏ သဘာဝကို မည်သို့မျှ မသိရသော်လည်း အဋ္ဌကထာဆရာကြီးက ဥရုဝေလ သဘာဝကို ဤသို့ ဖော်ကျူးထားပေသည်။ အဋ္ဌကထာဆရာကြီး၏ အဆိုအမိန့်အရ ကံသုံးပါးတွင် ကိုယ်သောင်းကျန်းမှု ကာယကံနှင့် နှုတ်သောင်းကျန်းမှု ဝစီကံတို့မှာ ပတ်ဝန်းကျင်က သိသာနိုင်သည်။ စိတ်သောင်းကျန်းမှု မနောကံကား မိမိကိုယ်၌ဖြစ်သည်ကို မိမိသာ သိသာနိုင်သည်။ ထို့ကြောင့် စိတ်သောင်းကျန်းမှု ဖြစ်သူသည် မြစ်မှ သဲကိုထမ်း၍ ဤနေရာတွင် ပုံခြင်းဖြင့် မိမိအပြစ်ကို သေးကြောကြ ဟူသော ဆရာ၏ အမိန့်ကို တသဝေမတိမ်း တပည့်ရသေ့တို့ လိုက်နာ ပြုလုပ်ခဲ့ကြခြင်းကြောင့် သဲတောကြီး ဖြစ်ခဲ့ရသည်။ သဲတောဟူသော အမည်သည် ဥရုဝေလတော၏ ဘောင်းဆိုသော သဘာဝအမည်တခုသာ ဖြစ်ချေသည်။

ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပဟူသော စကားခွန်းများတွင် ကဿပဟူသော စကားခွန်းများသည် ယင်းရသေ့တို့၏ အမျိုးအနွယ်ကို ဖော်ညွှန်းသော စကားခွန်းများဖြစ်၍ ဥရုဝေလဟူသော စကားခွန်း၊ နဒီဟူသောစကားခွန်း၊ ဂယာဟူသော စကားခွန်းများသည် ယင်းတို့၏ နေရာဌာနကို ဖော်ညွှန်းသော စကားခွန်းများ ဖြစ်ချေသည်။

မှန်၏။ ဥရုဝေလကဿပသည် ဥရုဝေလတောအရပ်တွင် နေခြင်းကြောင့် ဥရုဝေလ ကဿပဟု တွင်သည်။ နဒီကဿပသည် မြစ်ကမ်းနားတွင် နေခြင်းကြောင့် နဒီကဿပဟု တွင်သည်။ ဂယာကဿပသည် ဂယာအရပ်၌ နေခြင်းကြောင့် ဂယာကဿပဟု တွင်လေသည်။

---

၁။ နာရဒပျို့ ပိုဒ်ရေ၊ ၇၅။

ဥရုဝေလကဿပတွင် တပည့်ရသေ့ အခြံအရံ ငါးရာရှိလေသည်။ နဒီကဿပတွင် တပည့်ရသေ့ အခြံအရံ သုံးရာရှိလေသည်။ ဂယာကဿပတွင် တပည့်ရသေ့အခြံအရံ နှစ်ရာရှိလေသည်။ ထို့ကြောင့် စာဆိုအကျော် ရှင်မဟာသီလဝံသ ဆရာတော်သည် ဆုတောင်းခန်းပျို့၌ "ဥရုဝေလ၊ ကဿပက၊ စသည်ညီနောင်၊ ရှင်တတောင်ကို၊ တိမ်မှောင်မိစ္ဆာ၊ ဒိဋ္ဌိခွါ၍၊ အရာနောက်တော်၊ ပါအောင်ခေါ်ပြီး"ဟူ၍ စပ်ဆိုခဲ့လေသည်။

"သည် ဥရုဝေလတောတန်းဟာ ဂေါတမဗုဒ္ဓ တန်ခိုးပြင့်ဟာ ပြ၍ အာဒိတ္တ ပရိယာယ သုတ္တန်ကို ဟောကြားကာ ဥရုဝေလကဿပနှင့် အပေါင်းပါ နောက်လိုက် ရသေ့တထောင်ကို အကျွတ်တရားရစေခဲ့တဲ့ တောတန်းတခု ဖြစ်သည်သာမက ဂေါတမဗုဒ္ဓ ခြောက်နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်သုံးခဲ့တဲ့ တောတန်းတခုလည်း ဖြစ်ခဲ့ပါတယ်"ဟု လိုက်ပါပို့ဆောင်ကြသော သွေးချင်းဗုဒ္ဓဘာသာ ဟိန္ဒူများက ရှင်းပြကြသည်။

ဥရုဝေလကဿပနှင့် ရသေ့ညီနောင် ရှင်တထောင်တို့သည် နေရဉ္ဇရာမြစ်ကို အမှီပြု၍ နေခဲ့ကြသည်။ ဥရုဝေလတောသည်ပင် လက်ရှိအနေအထားအရ နေဉ္ဇရာမြစ်၏ ရေဟိုက်စားခြင်းဒဏ်ကို အလူးအလဲ ခံရလျက်ရှိသည်။ သာသနိက အဆောက်အအုံဆို၍ ခိုင်ခိုင်မာမာမရှိပဲ ညောင်ပင်ကြီးများနှင့် အုတ်ပလ္လင်များ၊ ကျောက်စာများ၊ ရေတွင်းများသာရှိသည်ကိုတွေ့ရလေသည်။

**ဒုက္ကရစရိယတောင်**

လာရဘိုရွာ အနီးရှိ ဒုက္ကရစရိယတောင်သို့ သာသနာပြုအဖွဲ့ ကားဖြင့် ခရီးထွက်ခဲ့ကြသည်။ ယခုအခါ ဒုက္ကရစရိယတောင်ကို "ဒုမွေစရိယတောင်" ဟု ခေါ်သည်။ ကားကို နေရဉ္ဇရာမြစ်၏ တဖက်ကမ်းတွင် ရပ်ထားခဲ့ကာ ဒုက္ကရစရိယတောင်သို့ ခြေလျင်သွားကြသည်။ နေရဉ္ဇရာမြစ်နှင့် ဒုက္ကရစရိယတောင်မှာ ၃-မိုင်မျှ ဝေးလေသည်။

နေရဉ္ဇရာမြစ်ကား ချောင်းဟု ဆိုရလောက်အောင်ပင် တိမ်ကောနေချေပြီ။ ရေပြင်အစား ကျယ်ပြန့်သော သဲသောင်ပြင်ကြီးကိုသာ ဖြတ်ကျော်ကြရသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးလည်း မမောနိုင် မပန်းနိုင်

ခြေလျင်ကြွတော်မူသည်။ ခရီးကား ပျော်စရာကောင်းနေ၏။ အကြောင်းမူ ကျေးဇူးရှင် ဆရာတော်ထံတွင် နည်းခံ အားထုတ်နေကြသော ဂျပန်၊ ဩစ ရေးလီယား၊ ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန်နှင့် တိဗက်စသော ကမ္ဘာ့ လူမျိုးစုံ ၂၅-ယောက်တို့သည် ဆရာတော်နှင့် အတူပါလာသောကြောင့် ဖြစ်သည်။

ကျေးဇူးရှင် ဆရာတော်ဘုရားသည် အသက်ပင် ထောက်သော်လည်း ၃-မိုင်ရှည်သော သဲခရီးကို လူငယ်များကဲ့သို့ ဇွဲကြီးကြီးဖြင့် အောင်မြင်စွာ လျှောက်နိုင်ခဲ့လေသည်။ ဒုက္ကရစရိယ တောင်ပေါ်သို့ အရောက်တွင် တိဗက် လားမား ကျောင်းတကျောင်းကို တွေ့ရှိရသည်။ ဗုဒ္ဓဘာသာ သွေးချင်း အရင်းအချာ ဖြစ်သောကြောင့် တိဗက်လားမားက ဧည့်ဝတ် ကျေပွန်လှ ပေသည်။

"ဟိန္ဒူတွေဟာ ဂေါတမဗုဒ္ဓ ဒုက္ကရစရိယာကျင့်တော်မူရာ ဌာနမှာ တိရစ္ဆာန်တွေကို ခေါင်းဖြတ်ပြီး နတ်ပူဇော်ကြတယ်။ ဗုဒ္ဓဘာသာ ရောက် လာတာကို ဒေသခံ ဟိန္ဒူတွေက မလိုလားကြပါဘူး။ သည်ကျောင်းကြီးဟာ ဟိန္ဒူတွေနှင့် အရှုပ်အထွေး ဖြစ်နေတဲ့ကြားက မရအရဇွတ်တိုးပြီး ဆောက်ခဲ့ ရတဲ့ ကျောင်းပါ"ဟု တိဗက်လားမားကြီးက ကျောင်း၏ သမိုင်းစဉ်ကို ရှင်း ပြလေသည်။

တိဗက်လားမား၏ ကျောင်းပရိဝုဏ်တွင် ကျောင်းနှစ်ကျောင်းနှင့် စေတီတဆူ ရှိလေသည်။ ဟိန္ဒူများ၏ လက်ရာဟု ယူဆရသော နတ်ကွန်း တခုကိုလည်း တွေ့ရှိရလေသည်။ ရေကို တောင်အောက်မှ စက်ဖြင့်ပို့ပေး၍ ဖောဖောသီသီ သုံးရသည်။ ဘုရားအလောင်း ဘုရားမဖြစ်မီ အကြိုကာလက ဒုက္ကရစရိယာကျင့်ရာတွင် ဤတောင်တစိုက်မှာသာ လှည့်လည်၍ ကျင့်တော် မူသည်က များသည်ဟု တိဗက်လားမားက ဆက်လက်ပြောပြလေသည်။

"ဂေါတမဗုဒ္ဓ အလောင်း ဒုက္ကရစရိယာကျင့်စဉ်က ရာသီဥတု ဒဏ်ကို ဘယ်လိုတွန်းလှန်၍ ဘယ်လို ကြံ့ကြံ့ ခံနိုင်ခဲ့တယ်ဆိုတာ

သည်သဘာဝ ကျောက်ဂူကြီးက အဖြေပေးလျက် ရှိပါတယ်"ဟု ဒေသခံများက ထင်မြင်ချက်ပေးကြသည်။

ကျောက်ဂူကြီးကား တလုံးတည်းသော ကျောက်တုံးကြီးက သဘာဝ အလျောက် ဥမင်လိုဏ်ခေါင်းသဖွယ် ဖြစ်ပေါ်နေခြင်းပင် ဖြစ်တော့သည်။ လိုဏ်ဝကား ဘဲဥပုံဖြစ်သည်။ အကျယ်အဝန်းကို တိုင်းတာကြည့်ရာ အလျား ရှစ်တောင်နှင့် အနံ ခုနစ်တောင်ကျယ်ဝန်းကြောင်း လေ့လာ တွေ့ရှိရလေသည်။ အထက်သို့မူ ရှစ်တောင်ခန့်မျှ မြင့်မည်ဟု မှန်းရသည်။ သွေးချင်းဗုဒ္ဓဘာသာ တိဗက်ပြည်သူများက ပြင်ဆင်ထားသဖြင့် ကျောက်ဂူအတွင်းတွင် အခင်းနှင့် တံခါးပေါက်နှင့် ဖြစ်နေပေသည်။

တောင်ကြီး၏ ထိပ်ပေါ်သို့ တက်ရန်မှာ ခဲယဉ်းလှသဖြင့် အောက်မှ လှမ်းမျှော်ကြည့်ရာ စေတီပျက်ဟု ယူဆရသော အုတ်ပုံပျက်ကြီးနှစ်ခုကို တွေ့ရှိ ရပြန်သည်။ အချုပ်ဆိုရသော် ဒုက္ကရစရိယ တောင်တခုလုံး ခြောက်ခန်းလှ သော်လည်း တိဗက်လားမားကျောင်းနှင့် ကျောက်ဂူကြီး အနီးတဝိုက်တွင်ကား သစ်ပင်များ စိုက်ပျိုးထား၍ ကေစာကျင့်လိုသူများအတွက် စိတ်ကြည်နူးစဖွယ် ဖြစ်ပေလိမ့်မည်ဟု ထင်သည်။ တနာရီခန့်မျှ လေ့လာအပြီး ဒုက္ကရစရိယ တောင်မှ သာသနာပြုအဖွဲ့ဝင်များ ပြန်လည် ထွက်ခွါလာခဲ့ကြလေသည်။

**သီလဝိသောဓနီ သိမ်တော်**

ဒီဇင်ဘာ ၂-ရက်နေ့တွင် မဟာဗောဓိမှ ၃-မိုင်ကွာ မဂဓယူနီဗာစီ တီခေါ် မဂဓတက္ကသိုလ်ကြီးအနီးရှိ "အင်တာနေရှင်နယ် မယ်ဒီတေးရှင်း ဆင်န်တာ"ခေါ် ကမ္ဘာ့ကမ္မဋ္ဌာန်းရိပ်သာသို့ သာသနာပြုအဖွဲ့ သွားရောက် ကြသည်။ အကြောင်းမှာ သိမ်သမုတ်ရန် ဖြစ်လေသည်။

ယင်း ရိပ်သာကြီးကို အုပ်ချုပ်သော ဆရာတော်ကြီးက သာသနာပြုအဖွဲ့ ဆိုက်ရောက်ခိုက် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ရိပ်သာအတွင်း သိမ်တလုံး သမုတ်ပေးပါရန် လျှောက်ထား တောင်းပန်သော်ကြောင့် သိမ် သမုတ်ရန် အကြောင်းဖန်လာခြင်း ဖြစ်ပေသည်။

သာသနာပြုအဖွဲ့သည် သံဃာတော် ၁၁-ပါးနှင့် သိမ်နုတ်ကြသည်။ မိုးရွာနေသဖြင့် ညနေ ၄-နာရီမှ နုတ်ကြရာ ည ၈-နာရီ၊ မိနစ် ၃၀-မှ ပြီးစီးလေသည်။ နောက်တနေ့တွင် သိမ်ကို ဆက်လက် သမုတ်ကြသည်။ နံနက် ၁၀-နာရီတွင် သိမ်သမုတ်ခြင်းကိစ္စများ ပြီးဆုံး အောင်မြင်ခဲ့၏။ သိမ်တော်ကြီး၏ ဘွဲ့အမည်ကိုလည်း "သီလဝိသောဓနီသိမ်တော်"ဟု ကမ္ပည်းကျောက်စာ တင်ခဲ့လေသည်။ ဤသီလဝိသောဓနီ သိမ်တော်ကြီးကား မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့၏ အိန္ဒိယနိုင်ငံ သာသနာပြုခရီးတွင် အမြဲ သမိုင်းမှတ်တိုင်ကြီးအဖြစ် တည်ရှိရစ်ပေတော့မည်။

သီလဝိသောဓနီ သိမ်တော်ကြီး ဖြစ်မြောက်အောင်မြင်ပြီး ဖြစ်၍ ရဟန်းပြုလိုသူများလည်း အလျှိုအလျှို ထွက်ပေါ်လာကြသည်။ ယခု မြန်မာနိုင်ငံ ဒေသအသီးအသီးသို့ ကျေးဇူးရှင် တောင်ပုလုဆရာတော် ကမ္ဘာ့အေးဆရာတော်ဘုရားကြီးနှင့်အတူ လိုက်ပါလျက်ရှိသော အမေရိကန် အမျိုးသား အရှင်ဝေသာရဇ္ဇသည်လည်း ဗုဒ္ဓဂါယာ မဟာဗောဓိပင်အောက်တွင် ဆံများရိတ်ပယ်ခဲ့၍ ဤသီလဝိသောဓနီသိမ်တော်ကြီးတွင် ရဟန်းအဖြစ်ကို ရခဲ့သော ပုဂ္ဂိုလ်တဦး ဖြစ်လေသည်။

အရှင်ဝေသာရဇ္ဇကား အမေရိကန်နိုင်ငံ မစ်လန်တက်စက်မြို့သား ဖြစ်၍ အသက် ၂၆-နှစ်မျှသာ ရှိသေးသည်။ အရှင်ဝေသာရဇ္ဇသည် လူဘဝက သူ၏ဌာနေ ဆန်ဖရန်စစ္စကိုပြည်နယ် ကာလီဖိုးနီးယားတက္ကသိုလ်မှ ဘီအေဘွဲ့ကိုလည်းကောင်း၊ အောက်စဖို့ဒ်တက္ကသိုလ်မှ အမ်အေဘွဲ့ကိုလည်းကောင်း ရရှိခဲ့သူ ဖြစ်ပေသည်။ အရှင်ဝေသာရဇ္ဇသည် ကျေးဇူးရှင် တောင်ပုလုဆရာတော် ကမ္ဘာ့အေးဆရာတော်ဘုရားကြီး အမေရိကန်နှင့် အိန္ဒိယသို့ သာသနာပြု ပြန်အလာ မြန်မာနိုင်ငံသို့ရောက်ပြီးနောက် ၁၉၇၉-ခုနှစ်၊ ဖေဖော်ဝါရီလ ၃-ရက်နေ့တွင် မြန်မာနိုင်ငံသို့ လိုက်ပါလာခြင်းဖြစ်ပေသည်။

သီလဝိသောဓနီ သိမ်တော်ကြီးသည် တောင်ပုလု သာသနာပြုအဖွဲ့၏ အိန္ဒိယ သာသနာပြုခရီးစဉ်တွင် သမိုင်းမှတ်တိုင်ကြီးဖြစ်သည့်နည်းတူ အမေရိကန် အမျိုးသား အရှင်ဝေသာရဇ္ဇသည်လည်း တောင်ပုလု သာသနာပြု

သမိုင်းကို ထပ်မံရေးခြယ်မည့် တောင်ပုလုသာသနာ့ပြုအဖွဲ့၏ အဓိကကျသော သွားရတနာကောင်းဖြစ်သည်ဟု ဆိုသော် သင့်နိုးအံ့ထင်၏။

ဤသီလဝိသောဓနီသိမ်တော်ကြီးတွင် တနေ့တည်းမှာပင် အရှင်ဝေသော ရဋ္ဌနှင့်အတူ အိန္ဒိယအမျိုးသား ဂ-ယောက်တို့လည်း ရဟန်းပြုကြသေးသည်။ ရဟန်းပြုရာတွင် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ သံဃာဖွဲ့စည်းပုံချင်း မတူကြ၍ အနည်းဆုံး ရဟန်းတော် ၁၀-ပါးရှိမှ ရဟန်း ပြုနိုင်လေသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့ သံဃာဖွဲ့စည်းပုံချင်း မတူညီကြောင်း ဤစာအုပ်တနေရာတွင် အစီရင်ခံခဲ့ပြီး ဖြစ်သည်။

ဝိနည်းဓိုရ်လျှင် ငါးပါးမြောက်ဖြင့် ရဟန်းပြုနိုင်ခြင်း၊ အလိုရှိသလို ရေချိုးနိုင်ခြင်း၊ အထပ်ထပ်သော ဖိနပ်ကို စီးနိုင်ခြင်း၊ သားရေနယ်ကို ဆောင်နိုင်ခြင်းဟူသော ဂေါတမဗုဒ္ဓ၏နည်းဥပဒေအကျိုးများကို မြန်မာနိုင်ငံစသော ပစ္စန္တရစ်မှာသာ ခံစားခွင့်သက်ရောက်ပြီး အိန္ဒိယလို မဇ္ဈိမဒေသအရပ်တွင် မူကား ဤအကျိုးခံစားခွင့်များ သက်ရောက်ခြင်း မရှိချေ။ သက်ရောက်ခြင်း မရှိရုံမျှမက ယင်းနှင့် ဆိုင်ရာဥပဒေများကို ကျူးလွန်လျှင် ပြစ်ဒဏ် အာပတ် အခတ်ခံကြရသေးသည်။

အိန္ဒိယနိုင်ငံတွင် ရဟန်းငါးပါးဖြင့် ရဟန်းမပြုနိုင်။ အနည်းဆုံး ဆယ်ပါးနှင့် ဆယ်ပါးအထက်ရှိမှ ရဟန်းပြုနိုင်လေသည်။ ယင်းအပြင် အိန္ဒိယ နိုင်ငံတွင် ရေကို အလိုရှိသလို မချိုးနိုင်။ တလနှစ်ကြိမ်သာ ချိုးခွင့်ရလေသည်။

> "တပည့်တော်များရဲ့အိန္ဒိယနိုင်ငံဟာ အရှင်ဘုရားများ သိတော်မူတဲ့အတိုင်း အလွန်ပူပြင်းလှပါတယ်။ နွေရာသီ၊ မိုးဦး လေဦးမှာသာ ၁၅-ရက်အတွင်း ရေချိုးနိုင်ပြီး အခုလို ဆောင်းရာသီမှာတော့ ၁၅-ရက်မပြည့်မီ ရေချိုးလိုလျှင် အမှိုက်လဲ့ကြရပါတယ်"-

ဟု အိန္ဒိယရဟန်းတော်တပါးက ပြောပြသည်။

မှန်ပါသည်။ အိန္ဒိယရဟန်းတော်များအတွက် ၁၅-ရက်မပြည့်မီ ရေချိုးနိုင်ရန် ဂေါတမဗုဒ္ဓသည် သူ၏ နည်းဥပဒေတွင် ခြွင်းချက်များလည်းထားရှိပေးခဲ့သေးသည်။ ယင်းတို့ကား နွေမိုးအကူး နှစ်လခွဲ မကျန်းမာသောအခါ၊ အလုပ်လုပ်သောအခါ၊ လေမုန်တိုင်းကျသောအခါ၊ ခရီးရှည် သွားသောအခါ ဖြစ်လေသည်။

သာသနာပြုအဖွဲ့သည် မနက်ဖြန်တွင် ဗာရာဏသီသို့ ခရီးဆက်ရမည်ဖြစ်၍ ယာယီစံကျောင်းဖြစ်သော မြန်မာဝိဟာရကျောင်းသို့ အထုပ်အပိုးများပြင်ဆင်ရန် ကမ္ဘာ့ကမ္ဘောဂန်းရိပ်သာမှ ပြန်လာခဲ့လေသည်။

## တောင်ငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်

သာသနာပြုအဖွဲ့သည် မာဝတိုင်း ရာဇဂြိုဟ်မြို့သို့ ထွက်ခွာခဲ့ကြသည်။ သာသနာပြုအဖွဲ့တွင် ဒေသခံများအဖြစ် မဟာဗောဓိအသင်း ဥက္ကဋ္ဌ ဆရာတော် ဦးဓမ္မဓရ၊ ဦးရဋ္ဌပါလ၊ ဦးသောဘိတ၊ ဦးညာဏိန္ဒနှင့် အမေရိကန် အမျိုးသား စပရင်းတို့ လိုက်ပါလာကြသည်။ ကားနှစ်စီးဖြင့် ကုန်းကြောင်းခရီးထွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကဲ့သို့ ကားရှားပါးသဖြင့် မိုင် ၃၀-ခရီးကို တစီးလျှင် ရူပီး ၂၅၀-မျှ ပေးရလေသည်။

ရာဇဂြိုဟ်မြို့သို့ အသွားလမ်းခရီးတွင် ဥရုဝေလတော၊ နေရဉ္ဇရာမြစ်၊ ဥပကရွာ၊ ဆာဂါမြို့များကို ဖြတ်သန်းခဲ့ရသည်။ ရာဇဂြိုဟ်မြို့၏ မဟာတံတိုင်းသဖွယ်ဖြစ်သော တောင်ငါးလုံးကို အဝေးမှ လှမ်းမြင်နေရချေပြီ။ မြို့အဝင်ဝတွင် ခန့်ညားသော ကျောက်တံဘိုင်းကြီးကို တွေ့ရှိရ၏။ ပိမ္ဗိသာရမင်း လက်ထက်က ကျောက်တံဘိုင်းဟု ဌာနေများက ဆိုကြသည်။ ရာဇဂြိုဟ်မြို့တွင် သာသနာပြုအဖွဲ့၏ အဓိကရှုကွက်မှာ ဂိဇ္ဈကုဋ်တောင်နှင့် ဒေဝဒတ် ကျောက်မောင်းဆင်ရာများ ဖြစ်သည်။

ရာဇဂြိုဟ်မြို့သည် မြို့ရိုးအဖြစ်သာ ကျန်ရှိတော့သည်။ ထို့ကြောင့် ဂိဇ္ဈကုဋ်တောင်နှင့် ဒေဝဒတ်ကျောက်မောင်းဆင်ရာကို ရွေးချယ်လိုက်ခြင်း

ဖြစ်လေသည်။ သာသနာပြုအဖွဲ့သည် ဇီဝက၏ သရက်ဥယျာဉ်ကြီးကို ဖြတ်၍ ဂိဇ္ဈကုဋ်တောင်သို့ ခရီးဆက်ကြသည်။

ဂိဇ္ဈကုဋ်တောင်ပေါ်သို့ ခြေလျင်တက်ရန်ကလည်း စဉ်းစားကြည့်ရုံမျှနှင့်ပင် စိတ်ပျက်စရာကောင်းလှတော့၏။ သို့သော် ထွက်ရပ်လမ်း တခုတော့ ရှိသည်။ ယင်းကား အခြားမဟုတ်။ ဂျပန်နိုင်ငံ မဟာယာန ဗုဒ္ဓဘာသာဝင်တို့က စီးပွားရှာရန်ထားသည့် မိုးပျံရထားပင် ဖြစ်လေသည်။

မှန်သည်။ ဂျပန်နိုင်ငံ မဟာယာန ဗုဒ္ဓဘာသာဝင်များသည် ဤ ဂိဇ္ဈကုဋ်တောင်ပေါ်ရှိ ယင်းတို့၏ မဟာယာနစေတီတော်ကြီး ရန်ပုံငွေအတွက် ဤမိုးပျံရထားကို ဖန်တီးထားခြင်းဖြစ်လေသည်။ ထွက်ရပ်လမ်းကလည်း ဤ တကြောင်းသာရှိသဖြင့် သာသနာပြုအဖွဲ့နှင့် ဒေသခံများအားလုံး ဂိဇ္ဈကုဋ်တောင်ပေါ်သို့ မိုးပျံရထားဖြင့်ပင် တက်ကြရတော့သည်။ တယောက်အတွက် တစ်ရူပီး ပေးရသည်။

ယင်းမိုးပျံရထားကို ခုံတင်ပေါင်း ၁၁-တိုင်ဖြင့် ချိတ်ဆွဲ မောင်းနှင်ထားလေသည်။ အတက်ခရီးဖြစ်၍ တောင်ခြေမှ တောင်ထိပ်သို့ နာရီဝက် တက်ခဲ့ကြရသည်။ တောင်ထိပ်သို့ရောက်သောအခါ မဟာယာန စေတီတော်ကို တွေ့ရှိရလေသည်။ မြန်မာနိုင်ငံ ကမ္ဘာအေးစေတီပုံစံအတိုင်းပင် ဖြစ်လေသည်။ ဘွဲ့တော်ကား "ဝိန္ဒသာလာစေတီ"ဟု ဘွဲ့ချည်ထားလေသည်။ ဉာဏ်တော် ၁၂၅-ပေမျှ မြင့်လေသည်။ ဖိနပ်ခင်း ၁၄၄-ပေနှင့် ထုထည် ၇၃-ပေ ရှိသည်ဟု ဖော်ပြထားလေသည်။

ခင်းကျင်းထားပုံကလည်း အပြစ်ဆိုစရာ မရှိအောင်ပင် ဖြစ်သည်။ စေတီတော် လေးမျက်နှာတွင် ဓမ္မစကြာတရားဦး ဟောပုံ၊ တင်ပျဉ်ခွေပုံ၊ မတ်ရပ်တော်ပုံနှင့် ပရိနိဗ္ဗာန် စံဝင်တော်မူပုံများကို ခင်းကျင်း ပြသထားသည်။ ယင်းစေတီတော်ကြီးကို အလုပ်သမားပေါင်း တသိန်းရှစ်သောင်းနှင့် ၁၈-လကြာမျှ ဆောက်လုပ်ခဲ့ရကြောင်း လေ့လာသိရှိရလေသည်။

ဒေဝဒတ်၏ ကျောက်မောင်းဆင်ရာကို ကြည့်ရှုချင်ပါသော်လည်း သစ်ပင်ကြီးများက ဖုံးကွယ်ထား၍ ဆတ်တင့်ဖြင့် တောင်ပေါ်မှ မိုးပျံ

ရထားနှင့် ဆင်းခဲ့ရတော့သည်။ တောင်ငါးလုံး ပိတ်ဖုံးကာခို ရာဇဂြိုဟ်ဟု ဆိုသော်လည်း စင်စစ်သော်ကား တောင်ငါးလုံးသည် ရာဇဂြိုဟ်မြို့ကိုသာမက မဂဓတိုင်းတတိုင်းလုံးကိုပါ ပိတ်ဖုံးကာဆီးထားသည်ကို တွေ့ရှိရလေသည်။ နေ့ဆွမ်းချိန် နီးကပ်နေပြီဖြစ်၍ ရာဇဂြိုဟ်မြို့သစ်ဆီသို့ ဆွမ်းဘုဉ်းပေးရန် သွားကြရပြန်သည်။

**ဗာရာဏသီ ပြည်ပူရီသို့**

**ဗာရာဏသီသည် ဘာသာရေးမြို့တော်**

လူအမည် မသိ ကိုအဝှာ တိုင်းပြည် မသိ ဗာရာဏာ၊ မင်းမသိတော့ ဖြဟ္မဒတ်ဟု မြန်မာစကားပုံနှယ်ပယ်က ပြောစမှတ်ပြုထားသော ဗာရာဏသီသို့ သာသနာပြုအဖွဲ့ ခရီးဆက်ခဲ့ကြသည်။ ဗုဒ္ဓဂါယာ မဟာဗောဓိနှင့် ဗာရာဏသီသည် ၁၂၉-မိုင်မျှ ဝေးသည်ဟု သိရသည်။ မီးရထားဖြင့် ခရီးဆက်ခဲ့ခြင်း ဖြစ်သည်။ သာသနာပြုအဖွဲ့ ရိုးရိုးတန်းဖြင့်ပင် လူတဦးလျှင် ၁၁-ရူပီး ၉၅ပြား ပေးရသည်။ သာသနာပြုအဖွဲ့တွင် အဖွဲ့ဝင်များ စုံညီစွာ ပါရှိကြပြီး ဒေသခံများအနေဖြင့် ဆရာတော်ဦးရဋ္ဌပါလနှင့် ဦးဉာဏိန္ဒတို့ လိုက်ပါလာကြသည်။ မိုင် ၁၂၉-မိုင် ရှည်လျားသည်နှင့်အမျှ လမ်းတွင်လည်း ဘူတာများစွာကို ဖြတ်ကျော်လာကြရသည်။ ကာသိဘူတာမရောက်မီတွင် ၃၅၁၀-ပေ ရှည်လျားသော ဂင်္ဂါမြစ်ဖြတ်တံတားကြီးကို ဖြတ်ကျော်ခဲ့ကြရသေးသည်။ ယင်း ကာသိဘူတာသည် ဗုဒ္ဓစာပေများတွင် တွေ့ရလေ့ရှိသော ကာသိတိုင်း၏ ရပ်ကွပ်းတခုပင် ဖြစ်လေသည်။ မိုးကုတ်စက်ဝိုင်းအောက်တွင် အနည်းငယ်မျှသော အိမ်ကလေးများဖြင့် အတိတ်ဆီမှ ကာသိတိုင်းကိုယ်စား သရုပ်ဆောင်လျက် ရှိသည်မှာ သံဝေဂရစရာ ကောင်းလှတော့သည်။

နံနက် ၁၁-နာရီ၊ မိနစ် ၄၀တွင် ဗာရာဏသီဘူတာသို့ ဆိုက်ရောက်ကြသည်။ အကြိုတော်များ အထူးမတွေ့ရ၍ ရှုပ်ထွေးလှသော လူအုပ်များအကြားမှ တိုးဝှေ့ကာ မြန်မာဝိဟာရကျောင်းသို့ ခြေလျှင်ကြွခဲ့ကြသည်။ မြန်မာဝိဟာရကျောင်းသော်ကား ဘူတာနှင့် ခရီးမဝေးလှ။ အနီးကလေးမျှသာ ဖြစ်ပေသည်။ ကျောင်းထိုင်ဆရာတော်ကား ဦးနန္ဒဝံသ ဖြစ်သည်။

ဆရာတော် ဦးရှင်ပုဂ္ဂလက သာသနာပြုအဖွဲ့နှင့် ကျောင်းထိုင်ဆရာတော် ဦးနန္ဒဝံသကို မိတ်ဆက်ပေးသည်။ ဆရာတော်ဦးနန္ဒဝံသကား အာဝုဒါသီကဝတ်နှင့် ပြည့်စုံကျေပွန်လှပေသည်။ ဆရာတော် ဦးနန္ဒဝံသ၏ ကျေပွန်လှသော အာဝုဒါသီကဝတ်ကလေးများဖြင့် ပင်ပန်းနွမ်းနယ်မှုကို ဖြေဖျောက်ချုပ်ငြိမ်းစေရတော့၏။ ကျောင်းတွင် ခေတ္တအပန်းဖြေပြီး ဗာရာဏသီမြို့တွင်းသို့ လေ့လာရေးခရီး ထွက်ခဲ့ကြသည်။

ဗာရာဏသီမြို့တော်ကား ဘာသာရေးမြို့တော်ကြီး ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးမြို့တော်ဖြစ်သကဲ့သို့ ဟိန္ဒူဘာသာဝင်တို့၏ ဘာသာရေး မြို့တော်လည်း ဖြစ်သည်။ ဗာရာဏသီသည် ဗုဒ္ဓဘာသာဝင်တို့၏ နှုတ်ဖျားတွင် သီးသလို ဟိန္ဒူဘာသာဝင်တို့၏ နှုတ်ဖျားတွင်လည်း သီးနေခဲ့သည်။

ဗုဒ္ဓဘာသာ ဇာတ်၊ နိပါတ်၊ ဒဏ္ဍာရီများတွင် ဗာရာဏသီမပါလျှင် မပြီးတတ်သလို ဟိန္ဒူတို့၏ ဇာတ်၊ နိပါတ်၊ ဒဏ္ဍာရီများတွင်လည်း ဗာရာဏသီမပါလျှင် မပြီးတတ်ပဲ ရှိချေ၏။ ဤမျှသာမကသေး၊ ဗာရာဏသီမြို့တော်သည်ကား ဟိန္ဒူဘာသာဝင်တို့၏ လူမှုဆိုင်ရာတွင် အဓိကကျ၍ အရေးပါ အရာရောက်သော မဟာမြို့တော်ကြီးတခု ဖြစ်ချေသည်။

အသို့နည်းဆိုသော် ဗာရာဏသီမြို့တော်မှာ နေ၍ ဗာရာဏသီမြို့တော်မှာ သေရသော် နတ်ပြည်သို့ ရောက်ရသည်ဟူ၍လည်းကောင်း၊ ဗာရာဏသီမြို့တော်ကို တပတ် ပတ်မိလျှင် စည်းစိမ်ဥစ္စာရတနာများ တိုးပွား၍ သက်ရှည်ကျန်းမာ ချမ်းသာသည်ဟူ၍လည်းကောင်း ဟိန္ဒူတို့က အလေးအနက်ခံယူထားကြလေသည်။ မြို့တော်ကို ပတ်နေကြသည်ကိုလည်း လက်တွေ့အားဖြင့် လေ့လာတွေ့ရှိခဲ့ရသည်။ ဗာရာဏသီမြို့တော်ကား မိုင် ၄၀-ပတ်လည် ကျယ်ဝန်းသည်။ ယင်းသို့သော အကြောင်းများကြောင့် ဗာရာဏသီမြို့တော်တွင် ဟိန္ဒူများ အဆမတန် ပေါများခြင်း ဖြစ်ပေရသည်။

တခုရှိသေးသည်။ ဟိန္ဒူနှင့် ဂင်္ဂါမြစ်၊ ဂင်္ဂါမြစ်နှင့် ဟိန္ဒူတို့ကား ရေကို သား၍ အကြားမထင်သကဲ့သို့ မည်သို့မျှ ခွဲခြားမရစကောင်းသော အရာများ ဖြစ်ချေသည်။ ဟိန္ဒူတို့၏ ငစ္စုပွန်၊ တင လှန် လူမှုဆိုင်ရာများတွင်

ဗာရာဏသီသည် အင်္ဂလိကျ၍ အရေးပါအရာရောက်သလို ဤဂင်္ဂါမြစ်ကလည်း အဓိကကျ၍ အရေးပါအရာရောက်လှသည်။ ဟိန္ဒူများသေသော် ဂင်္ဂါမြစ်စာ ဖြစ်ကြရသည်။ ဂင်္ဂါမြစ်ရေသော်ကား ဟိန္ဒူများ၏ အစာ၊ ဟိန္ဒူများ၏ ခိုကိုးရာ၊ ဟိန္ဒူများ၏ ဘဝကို ပဲ့ကိုင်ပေးသော ပဲ့ကိုင်ယောကျ်ားသာ ဖြစ်သည် ဟု ဆိုသော် လွန်အံ့မသင်။

အသို့နည်း။ ဟိန္ဒူတို့သည် ဂင်္ဂါမြစ်ကြီးက သူတို့ကို မွေးဖွားပေးသည်ဟု ထင်မြင်ယူဆထားကြသည်။ မိခင်ဂင်္ဂါမြစ်ရေဖြင့် သန့်စင်ဆေးကြောရသော် ဥပဒ်၊ ဘေး၊ ဒဏ်၊ ရန်မာန်ခပ်သိမ်း ကင်းငြိမ်း ပျောက်ကင်းရုံမျှမက စည်းစိမ်ဥစ္စာရတနာများ တိုးပွားသည်ဟု ယူဆထားတတ်ကြသည်။ ဟိန္ဒူတို့ သေဆုံးသော် မိခင်ဂင်္ဂါမြစ်ဆိပ်ရှိ ထင်းပုံထက်တွင် လဲလျောင်းတင်ထားကာ မီးသင်္ဂြိုဟ်ခြင်းအမှုကို ပြုကြရသည်။ ယင်းပြာကိုလည်း ဂင်္ဂါမြစ်စာ ကျွေးရသည်။ မျှောကြရသည်။ ယင်းသို့ မျှောခြင်းဖြင့် ကွယ်လွန်သူ ဟိန္ဒူများ နောင်တမလွန်တွင် နတ်ပြည်သို့ ရောက်ကြသည်ဟု ယုံကြည်ထားကြသည်။

ဤသို့ကြောင့် ဂင်္ဂါမြစ်သည် ဟိန္ဒူများနှင့် ရေကိုသား၍ အကြားမထင် သကဲ့သို့ ဖြစ်ပေသည်။ ဖြစ်နေရသည်။ ဖြစ်ခဲ့နေလိမ့်မည်။ အနှီသို့သော အကြောင်းများကြောင့် ဗာရာဏသီမြို့တော်သည် ဘာသာရေးမြို့တော်ဖြစ်နေရခြင်းလည်း ဖြစ်သည်။ သာသနာပြုအဖွဲ့သည် ဗာရာဏသီမြို့တွင်းသို့ လှည့်လည်လေ့လာပြီးနောက် မိဂဒါဝုန်သို့ ခရီးဆက်ခဲ့ကြပြန်သည်။

## မိဂဒါဝုန် ရန်မျိုးလုံ

သာသနာပြုအဖွဲ့သည် ဗာရာဏသီမြို့မှ မိဂဒါဝုန်သို့ ကားနှစ်စီးဖြင့် ဆက်လက်ထွက်ခွါလာခဲ့ကြသည်။ ဗာရာဏသီနှင့် မိဂဒါဝုန်သည် ၆-မိုင်မျှသာ ဝေးလေသည်။ သို့ဖြစ်သော်သည်း ကားခက တစ်စီးအတွက် အိန္ဒိယ ရူပီးငွေ ၅၀-ပေးရသည်။

ငါ့ချင်တို့၊ တရားအားထုတ်ခြင်းမှ ကင်းပြီး ပစ္စည်းရရင်သာ လှည့်လည်နေတဲ့ ရှင်ကြီးဂေါတမ လာနေပြီ။ ခရီးဦးကြိုမပြုကြနဲ့။ အကူအညီ မပေးကြနဲ့။”

သာသနာပြုအဖွဲ့ မိဂဒါဝုန်တောဝသို့ ရောက်ကြရပြီ။ တချိန်က ဂေါတမဗုဒ္ဓ မိဂဒါဝုန်တောသို့အကြွ၊ မိဂဒါဝုန်တောဝသို့ ရောက်စဉ် ပဉ္စဝဂ္ဂီငါးယောက်တို့၏ အသက်ပါအတိုင်း အချင်းချင်း စကားတီးတိုး ပြောဆိုသံကို သာသနာပြုအဖွဲ့ဝင် အကျွန်ုပ်တို့ သောတအာရုံတွင် ကြားယောင်လာသကဲ့သို့ ထင်ရသည်။

“သည်နေရာဟာ ဂေါတမဗုဒ္ဓနှင့် ပဉ္စဝဂ္ဂီငါးယောက်တို့ စတင်တွေ့ဆုံရာ ဖြစ်ပါတယ်။”

ဆရာတော် ဦးရဋ္ဌပါလသည် သာသနာပြုအဖွဲ့ လာလမ်း၏ လက်ဝဲဘက် တောင်ပူစာကလေးရှိ အုတ်ပုံကြီးတခုကို လက်ညှိုးညွှန်ယင်း ပြောပြနေသည်။ ဦးရဋ္ဌပါလ ညွှန်ပြရာသို့ မျက်နှာမူလိုက်သောအခါ စေတီပျက်ဟု ယူဆရသော အုတ်ပုံကြီးတခုနှင့် ဆောက်လက်စ အဆောက်အအုံများကို တောဘက်ဝန်းကျင်၌ တွေ့မြင်ရသည်။

“မျှော်စင်ကြီးကတော့ မူဆလင်များရဲ့ မျှော်စင်ကြီးပါ။ ဆောက်လက်စအဆောက်အအုံတခုကတော့ ယိုးဒယားအစိုးရရဲ့ ထေရဝါဒဗုဒ္ဓဘာသာကျောင်း ဖြစ်ပါတယ်”

ဆရာတော် ဦးရဋ္ဌပါလက ဤသို့ဆက်လက်ရှင်းပြသည်။ ယိုးဒယားအစိုးရ၏ ထေရဝါဒ ဗုဒ္ဓဘာသာကျောင်းသည် အတော်အတန် ထုထည်ကြီးမားမည့်ပုံရသည်။ ကျောင်းဆောက်ရန် ဝန်းခတ်ထားသော မြေနေရာသည်ပင် ကျယ်ဝန်းလှပေ၏။ ယိုးဒယားအစိုးရသည် မိမိနိုင်ငံ၏ ဘာသာယဉ်ကျေးမှု ပျံ့နှံ့ရေးတွင် ကိုယ်ဖိရင်ဖိလုပ်ဆောင်နေသည်ကို အားရဖွယ်ရာ တွေ့ရှိရသည်။ ယိုးဒယားအစိုးရ၏ ထေရဝါဒဗုဒ္ဓဘာသာ ပျံ့နှံ့ရေးတွင် အထူးလှုပ်ရှားထားသော ခြေရာလက်ရာများကို သာသနာပြုအဖွဲ့အနေဖြင့် အမေရိကန်တွင်လည်း အားရဖွယ်တွေ့မြင်ခဲ့ရပြီး ဖြစ်ချေသည်။

ယိုးဒယားနိုင်ငံကဲ့သို့ အခြားသောဗုဒ္ဓဘာသာနိုင်ငံ အသီးအသီးက လှုပ်ရှားကြပါလျှင် ဗုဒ္ဓဘာသာသည် ကမ္ဘာချင်းဦးမည်မှာ မြေကြီးလက်ခတ်

မလွဲဖြစ်ပေ၏။တွေးယင်းဆွေးနွေးယင်းဖြင့်ပင် သာသနာပြုအဖွဲ့သည် မိဂဒါဝုန်တောသို့ ရောက်ကြလေပြီ။ မိဂဒါဝုန်အတွင်းနှင့် ပြတိုက်ကိုပါ လေ့လာနိုင်ရန် နုစ်ရပ်ဒေါင်း ဂိတ်ဝင်ကြေးအဖြစ် လူတဦးလျှင် ပြား ၅၀ ပေးကြရသည်။ သူတောင်းစားများကလည်း မိဂဒါဝုန်တောနှင့် အပြည့်ဟု တင်စားပြောရလောက်အောင် ပေါများလှသည်။

ရှေးဦးစွာ ပြဘိုက်အဘွင်းကို လေ့လာကြသည်။ ဓမ္မစကြာတရားစက်ဝိုင်းပုံစံကို ပကတိကျောက်သားတွင် ထွင်းထုထားသည်။ ရှေးခေတ်လက်ရာကား ယခုခေတ် ပန်းတော့၊ ပန်းတမော့များ ထိုင်၍မှိုင်လောက်ပေသည်။ အချင်းခုနစ်တောင်မျှ ရှိသည်ဟု ခန့်မှန်းရသည်။ ဓမ္မစကြာတရားစက်ဝိုင်းပုံစံကြီးသည်လည်း ဘာသာခြားတို့၏ ဖြိုဖြင်ပွနှင့် မကင်းခဲ့သည်ကို ဓမ္မစကြာတရားစက်ဝိုင်းကြီး၏ ရုပ်ဘာဝက ဝန်ခံလျက်ရှိသည်။ အနည်းငယ်ကွဲအက်နေသည်ကို တွေ့ရသည်။ သို့ပါသော်လည်း ကြည့်ပျော် ရှုပျော်တော့ ရှိပေသေးသည်။

မိဂဒါဝုန်ပြတိုက်ကြီးအတွင်း ဗုဒ္ဓရုပ်ပွားတော်ကြီးငယ် အမျိုးမျိုးကိုလည်း လေ့လာဖူးတွေ့ရသည်။ ယင်းပြတိုက်ကြီးအတွင်းတွင် ရုပ်ပွားတော်ချည်းသက်သက် အခန်းလေးခန်းခွဲ၍ ခင်းကျင်းပြသထားသည်။ သီရိဓမ္မာသောကမင်းကြီး၏ ကျောက်သားခြင်္သေ့လေးကောင်ကလည်း လေ့လာသူအပေါင်းကို ခုန်အုပ်လိုက်မည်ကဲ့သို့ရှိကာ အနုပညာလက်ရာမြောက်လှသည်။ ယင်းပြတိုက်အတွင်း လေ့လာအပြီး သာသနာပြုအဖွဲ့ မိဂဒါဝုန်တောအတွင်းသို့ ဝင်ခဲ့ကြသည်။

တွေ့ကြပြီ။ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်လေလာ။ မဟုတ်ပါချေ။ အနောက်တိုင်းသား ဗုဒ္ဓဘာသာ လေ့လာရေးလူငယ် သုံးဆယ်ခန့်ဖြစ်၏။ သာသနာပြုအဖွဲ့အားဝိုင်း၍ ရှိခိုးကြ၏။ ပြီးလျှင် "ခုတ်ရိုက်ခွင့်ပေးတော်မူပါဘုရား" ဟု တောင်းပန်လျှောက်ထားကြသည်။ သာသနာပြုအဖွဲ့က လူငယ်များ ကျေနပ်အောင် ခွင့်ပြုပြီး ဆက်လက်လှည့်လည် လေ့လာကြသည်။ ဗုဒ္ဓဂယာတွင် နေရာတိုင်းမှာလို တွေ့မြင်ရတတ်သော ကျောင်းအိုကျောင်းဆွေးကြီးများကို ယခု မိဂဒါဝုန်တွင်လည်း တွေ့မြင်ကြရသည်။ ကျောင်းပျက်ကြီး

များကား မည်သို့မျှ ပြုပြင်မရအောင် ပျက်စီးနေကြလေပြီ။ ယင်းကျောင်း ပျက်ကြီးများနှင့်အတူ အာသောကမင်းကြီး၏ ကျောက်တိုင် ငါးတိုင်ကလည်း အပျက်ချင်းပြိုင်နေကြလေသလားဟု မေးရလောက်အောင် ပျက်စီးခြင်းမက ပျက်စီးနေကြတော့သည်။ ယင်းကျောက်တိုင်ကြီး ငါးတိုင်မှာ ငုံးတိတိနှင့် မလှုပ်မရှက် ငြိမ်သက်နေကြသည်။

ဓမ္မစကြာတရားဦး ဟောရာဌာနတွင်မူ ကျောက်သား ပလ္လင်တော်ကြီးကို အမိုးအကာအောက်တွင် စိတ်ချမ်းခြွဖွယ်ရာ တွေ့မြင်ရသည်။ ဓမ္မစကြာ ပလ္လင်တော်နှင့် မလှမ်းမကမ်းတွင် အာသောကမင်းတရားကြီး၏ ကောင်းမှုတော် ဓမ္မစကြာ စေတီတော်ကြီးကိုလည်း ကြည်ညိုဖွယ် ဖူးတွေ့ရသည်။ ဉာဏ်တော် ပေ ၁၅၀ မျှ ရှိလေသည်။ အောက်ခြေတွင် ကျောက်သားများ ဖြစ်၍ ခိုင်မာလှသော်လည်း ငစွယ် သပိတ်မှောက် စသည်များကား အုတ်များသာဖြစ်၍ ပျက်စီးယိုယွင်းလျက် ရှိလေသည်။

ယင်းဓမ္မစကြာစေတီတော်ကြီးကို လှည့်ပတ်ကြည်ညိုပြီး သာသနာပြုအဖွဲ့ ပြန်လာခဲ့ကြရာ အတိတ်ဆီမှ မိဂဒါဝုန်၏ အရိပ်နိမိတ်ကို ထင်ဟပ်ဖော်ကျူးထားသည့် ခြံကြီးတခြံဆီသို့ ရောက်ရှိသွားကြပြန်သည်။ ခြံကြီးအတွင်းတွင် သမင်၊ ဒရယ်၊ ချေ၊ ဒေါင်း၊ ငှက်စသည့် သတ္တဝါများကို တွေ့ရှိရသည်။ စုံစမ်းကြည့်ရာတွင် ဒေသအသီးအသီးရှိ ကောင်းမှုရှင်များက ဘေးမဲ့ပေးထားသော သတ္တဝါများဟု သိရှိရသည်။

ရှေးက သားသမင်တို့အား ဘေးမဲ့ပေး၍ "မိဂဒါဝုန် ရန်မျိုးလုံ" ဟူသော အပည်နာမကို ပန်ဆင်ရသော ဤတောကြီးသည် ယခုလည်း သားအပေါင်းတို့အား ဘေးမဲ့ပေးထားဆဲဖြစ်၍ မိဂဒါဝုန် ရန်မျိုးလုံဘွဲ့ပင် ရှိနေပါတကားဟု ဝမ်းသာကြည်နူးမိယင်း သာသနာပြုအဖွဲ့ မိဂဒါဝုန် ရန်မျိုးလုံမှ ပြန်လည်ထွက်ခွာခဲ့ကြလေသည်။

## မဒရပ်သို့ သာသနာပြုခရီး
## ပွန်ဒီချယ်ရီ၏ မင်္ဂလာဆင်ဇတော်

ဒီဇင်ဘာ ၇-ရက်နေ့တွင် သာသနာပြုအဖွဲ့သည် ကာလကတ္တား လေဆိပ်သို့ ရောက်ကြရပြန်သည်။ မဒရပ်သို့ သာသနာပြုရန် ဖြစ်လေသည်။ မဒရပ်မြို့ ခေါင်းတပ်၍ဆိုလင့်ကစား စင်စစ်အားဖြင့် ပွန်ဒီချယ်ရီတွင် သာသနာပြုရန်သာ ဖြစ်လေသည်။ ပွန်ဒီချယ်ရီသို့ သာသနာပြုအဖွဲ့ ရောက်ကြရခြင်းမှာ ပွန်ဒီချယ်ရီမြို့အနီး ဘာဟူမြို့ရှိ စက္ကူစက် မိသားစုများ ဖြစ်ကြသော ဗုဒ္ဓဘာသာ အိန္ဒိယဌာနေတို့၏ ဖိတ်မန်ပင့်ဆောင်ချက်ကြောင့် ဖြစ်ပေသည်။

ပွန်ဒီချယ်ရီ သာသနာပြု ခရီးစဉ်တွင် သာသနာပြုအဖွဲ့ တကိုယ်တော်တည်းဖြင့်သာ သာသနာပြု ကြွကြရခြင်းဖြစ်သည်။ ကျေးဇူးရှင် တောင်ပုလု ကမ္ဘာအေးဆရာတော်ဘုရားကြီး ဦးဆောင်သော မြန်မာနိုင်ငံ တောင်ပုလု သာသနာပြု အဖွဲ့အနေဖြင့် အမေရိကန်၊ အိန္ဒိယ သာသနာပြု ခရီးစဉ်တွင် တကိုယ်တော် သာသနာပြု ကြွကြရခြင်းသည် ပထမဆုံးနှင့် နောက်ဆုံး ဖြစ်ဖွယ်ရာရှိပေသည်။ တကိုယ်တော်တည်း သာသနာပြုရခြင်းဟူသည် ဒေသခံ လိုက်ပါပို့ဆောင်သူ မပါရှိခြင်းကို ရည်ညွှန်းဆိုလိုခြင်းဖြစ်ပေသည်။

သာသနာပြုအဖွဲ့တွင်မူ အဖွဲ့ဝင် သာသနာပြုပုဂ္ဂိုလ်များ စုံညီစွာ ပါရှိကြ၏။ ကာလကတ္တားမှ ညနေ ၃-နာရီ၊ ၄၅မိနစ်တွင် ထွက်ခွာခဲ့ကြရာ မဒရပ် လေဆိပ်သို့ ၆-နာရီ၊ ၁၀-မိနစ်တွင် ရောက်ကြရ၏။ မဒရပ်သို့ လာလမ်း တလျှောက်တွင် မိုးများရွာသွန်းနေသဖြင့် ဘယ်ဆီမျှော်မှန်း ရော်ရမ်းရမည် မသိ ဖြစ်ရသည်။ လေဆိပ်ရောက်သည့်တိုင် မိုးကမစဲသေး။ မိုးထဲရေထဲကပင် မိုင်တရာကျော်ကွာဝေးသော ပွန်ဒီချယ်ရီသို့ ခရီးဆက်ကြရပြန်သည်။

မိုးနှင့်အတူ အမှောင်ထုက လွှမ်းမိုးကြီးစိုးလျက် ရှိနေပြန်ချေပြီ။ အပြင် လောကနှင့် မျက်စိနှစ်ကွင်းတို့ အဆက်အသွယ် ပြတ်တောက်လျက်ရှိ၏။ လမ်း တလျှောက်တွင် မိုးပဇ္ဇုန်သည် သာသနာပြုအဖွဲ့အား ကက္ကဋ္ဌမည်ကြီးကို ရိုက်တီးဆော်ရွမ်းလျက် ကောင်းချီး ပေးနေပေသည်။ တချက်တချက်တွင် လျှပ်စီးရောင်ဖြင့်လည်း အမိုက်မှောင်ကို ဖျောက်လွှင့်ပေးလျက်ရှိသည်။ ည ၁၀-

နှာရိခဲ့တွင် ပွန်ဒီချယ်ရီသို့ သာသနာပြုအဖွဲ့ ကောင်းမွန်ချောမောစွာ ရောက်ကြလေသည်။ သာသနာပြုအဖွဲ့သည် မိုးကို အခြံအရံပြုကာ ပွန်ဒီချယ်ရီသို့ သာသနာပြု ကြွကြရခြင်းဖြစ်သဖြင့် ကြိုဆိုရေးအခမ်းအနား ဘယ်ဆီခနမှန်း မသိပဲ ရှိတော့၏။

သာသနာပြုအဖွဲ့သည် ပွန်ဒီချယ်ရီ သာသနာပြုခရီးတွင် မိုးနှင့်ပင် အစပျိုးခဲ့ရ၍ မိုးနှင့်ပင် အဆုံးသတ်ရလေသည်။ ပွန်ဒီချယ်ရီတွင် သာသနာပြုအဖွဲ့ သာသနာပြုနေစဉ်အတွင်း မိုးနှင့် ရင်ဆိုင်တိုးနေရသဖြင့် မြို့တွင်းသို့ ပရိတ်တရား ချီးမြှင့်ရခြင်းက နည်းပါးပြီး ယာယီစံကျောင်းအတွင်း ပရိတ်တရား ချီးမြှင့်ရသည်က များခဲ့သည်။ သတိပဋ္ဌာန် တရားအားထုတ်လိုသူများကိုလည်း ယာယီစံကျောင်းအတွင်းမှာပင် အားထုတ်စေရတော့သည်။

ဒီဇင်ဘာ ၂၇-ရက်နေ့ထုတ် အင်ဒီးယန်း အက်ကက်စ် ပရိုက်စ်သတင်းစာကြီးတွင် ၁၇-နှစ်အတွင်း ယခု ရွာသွန်းသောမိုးသည် အပြင်းထန်ဆုံးနှင့် ရက်အကြာဆုံးဖြစ်ကြောင်း ရေးသားထားသည်ကို ဖတ်ရှုရလေသည်။ ယင်းသတင်းစာကြီးမှာပင် ဒေရပ်နယ်တွင် မိုးပြင်းထန်၍ ရေကြီးကြောင်းများကို ဓာတ်ပုံများနှင့်တကွ ဖော်ပြထားသည်ကိုလည်း တွေ့ရှိရ၏။ သာသနာပြုအဖွဲ့သည်ပင် ပွန်ဒီချယ်ရီတွင် ကျောင်းတွင်းပုန်း၍ အခန်းအောင်းခဲ့ရသည့်နေ့ရက်က များလေသည်။

"တပည့်တော်တို့၏ ပွန်ဒီချယ်ရီ မြို့တွင် ဆရာတော်ဘုရားများ ရောက်ခိုက် ရွာသွန်းသောမိုးသည် အကြီးဆုံးဖြစ်၍ ဆရာတော်ဘုရားကို မိုးကောင်း ဆရာတော်ဘုရား ဟု တပည့်တော်များ ယုံကြည်နေကြောင်းပါဘုရား"—

ဟုလည်း လျှောက်ထားကြသည်။ ယင်းသို့ဖြစ်ရာ ပွန်ဒီချယ်ရီမြို့တွင် သာသနာပြုအဖွဲ့ဦးဆောင် ကျေးဇူးရှင် တောင်ပုလုဆရာ၊ ကမ္ဘာအေးဆရာတော်ဘုရားကြီးကို "မိုးကောင်းဆရာတော်ဘုရား" ဟု ပင် ယုံကြည်နေကြလေပြီ။ ပွန်ဒီချယ်ရီ ဗုဒ္ဓဘာသာ ဒကာ၊ ဒကာမများလည်း မိုးရွာသည့် အကြားမှ သရဏဂုံနှင့် ငါးပါးသီလများကို ခံယူလျက်ရှိကြ၏။ ပရိတ်တရားနာကြားလျက်

ရှိကြ၏။ သတိပဋ္ဌာန် ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများလျက်ရှိကြ၏။ မိုးပင်မစဲသော်လည်း ပွန်ဒီချယ်ရီရှိ တပည့် ဒကာ၊ ဒကာမတို့၏ပွဲမှာ ဆန့်ကျင်ဘက် ဝိရောဓိတရားများကြောင့် တွန့်ဆုတ်သွားခြင်း မရှိကြချေ။ ဤသည်ကို တွေ့ရ၍ သာသနာပြုအဖွဲ့မှာ အားရကျေနပ်နေပေတော့သည်။

သာသနာပြုအဖွဲ့ ပွန်ဒီချယ်ရီမြို့အနီး ဘာဟူ မြို့ကလေးရှိ ပွန်ဒီဖေးဖရ် စက္ကူစက်ရုံသို့ သရဏဂုံနှင့် ငါးပါးသီလ ချီးမြှင့်ရန် ကြွကြရ၏။ ထိုနေ့ကား ဒီဇင်ဘာ ၂၄-ရက်နေ့တွင်ဖြစ်သည်။ စက္ကူစက်ရုံမိသားစု၏ ပူဇော်ပွဲအခမ်းအနားမှာ ပွန်ဒီချယ်ရီတွင် အကြီးကျယ်ဆုံးခမ်းအနားဆုံးဖြစ်၏။ အတီးအမှုတ်များ ဟိန္ဒူဗုဒ္ဓဘာသာ ဝတ်အသင်းသူ၊ အသင်းသားများစသည်ဖြင့် အလွန်သိုက်မြိုက် မြိုင်ဆိုင်လှသည်ဖြစ်ရာ ဤပူဇော်ပွဲအခမ်းအနားကြီးမှာ ကျက်သရေရှိလှသည်။

ပူဇော်ပွဲ အခမ်းအနားတွင် ထူးခြားသည့် ဝိသေသလက္ခဏာတရပ်မှာ မင်္ဂလာဆင်တော်ကြီးပင်ဖြစ်ပေသည်၊ မင်္ဂလာဆင်တော်ကြီးသည် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ပန်းမာလ်များ ဆက်ကပ်လှူဒါန်းခြင်း၊ ရှိခိုးဦးချခြင်းများပြုလုပ်လေသည်။ ယင်းနေ့က စက္ကူစက် အတွင်းမှာပင် ဆွမ်းများဘုဉ်းပေးကြရသည်။ ပူဇော်ပွဲအခမ်းအနား ကျင်းပဖြစ်ရုံသာ မိုးကလင်းပေးပြီး ပူဇော်ပွဲပြီးနှင့်တပြိုင်နက် မိုးကရွာမြဲရွာလျက်ပင် ရှိနေပြန်သည်။ ယင်းနေ့က ပွန်ဒီချယ်ရီတွင် မိုးကောင်း နေခြင်းနှင့် ဆက်စပ်၍ "အင်္ဂတ်ပြဿနာ ဖြေရှင်းရေး တရားတော်"ကို ဟောကြားခဲ့လေသည်။

## အင်္ဂတ်ပြဿနာ ဖြေရှင်းရေးတရားတော်

"မြတ်သော မင်းကြီး၊ တိုင်း တတိုင်းလုံး၌ ဆာမွတ်သောဘေး၊ ရောဂါဘေး၊ အစာမရှိသောဘေးဟူသော ဘေးကြီးသုံးပါးကျရောက်လျက်ရှိပါသည်။ မိုးမရွာ၍ ကောက်ပဲ သီးနှံများ မပြည့်စုံကြပါ။ မကောင်းသော အစာကို စားရခြင်းကြောင့် ရောဂါနှိပ်စက်ခြင်းခံကြရကုန်သော ပြည်သူတို့သည် သားတွဲလဲ သမီးတွဲလဲဖြင့် ရေကြည်ရာ

မြက်နုရာသို့ ရွှေ့ပြောင်းလျက်ရှိကြပါသည်။မြတ်သောမင်းကြီး မိုးကို ရွာပါစေလော့။

ကာလိင်္ဂတိုင်း၏မြို့တော် ဒန္တပူရတွင် ဤသို့လျှင် ကြွေးကြော်သံများ အုတ်အော် သောင်းနင်း ပျံ့လွင့်ထွက်ပေါ်လျက်ရှိ၏။ ကာလိင်္ဂတိုင်း ဒန္တပူရ တွင် မိုးမရွာခဲ့သည်မှာ နှစ်ရှည် လများ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ ငတ်မွတ် ခေါင်းပါး အစာရှားခြင်းကြောင့် ပြည်သူပြည်သားများရောဂါဘယထူပြော၍ အတိဒုက္ခ ရောက်ကြရ၏။ ရောဂါမျိုးစုံသည် ငတ်မွတ်ခေါင်းပါး အစာရှား ခြင်းနှင့်အတူ ကပ်လျက်လိုက်ပါလာတတ်ကြသည်။ ယင်းရောဂါဘယ ဒဏ်ကို လည်း ကာလိင်္ဂတိုင်းသူ၊ တိုင်းသားများ အလူးအလှိမ့် ခံစား နေကြရ၏။ ထို့ကြောင့် တိုင်းသူပြည်သား လူအများတို့သည် မင်း၏နန်းတော်အနီးအပါးသို့ လာ၍ အုတ်အော်သောင်းနင်း ကြွေးကြော်ဟစ်အော်နေခြင်းဖြစ်၏။

ဒန္တပူရမင်းသည် မိုးခေါင်ရေရှား၍ ငတ်မွတ်ခေါင်းပါး အစာရှား ခြင်းဘေးဆိုက်ရောက်ကာ အတိဒုက္ခရောက်ကြရသော တိုင်းသူပြည်သားများ ကို လျစ်လျူရှုခြင်းမရှိသော်လည်း မိုးရွာစေရန်ကိုကား မည်သို့မျှ မဖန်တီးတတ် ဖြစ်ရရှာသည်။ ထို့ကြောင့် ဒန္တပူရမင်းသည် တိုင်းသူပြည်သားတို့၏ အငတ် ပြဿနာ ဖြေရှင်းရေးတွင် အကြံရကြပ်နေရှာ၏။ ယင်းသို့ မကြံတတ် မစည် တတ်ဖြစ်နေစဉ် "ရှေးမင်းကောင်းမင်းမြတ်များသည် မိုးမရွာသော် အလှူပေး ခြင်း၊ သီလဆောက်တည်ခြင်းများကိုပြုကာ အသရေရှိသော တိုက်ခန်းတွင် နေဇာမြက်ကိုခင်း၍ အိပ်စက်ခြင်းဖြင့် မိုးများရွာသွန်းစေသည်"ဟူသော သက် ကြီးသူမတို့ပြောစကားကို ယုံကြည်ကိုးစား၍ အသရေရှိသော တိုက်ခန်းအတွင်း တွင် နေဇာမြက်ကိုခင်း၍ အိပ်ခဲ့၏။ သို့ရာတွင် ယင်းသို့ အိပ်စက်ခြင်းသည် ဝတ်လဲတော်ညစ်နွမ်းရုံမျှအပ မိုးရွာသွန်းစေနိုင်ခြင်းမရှိသည်ကို မင်းကြီးသိလာ ရသည်။

သို့ဖြင့် ဒန္တပူရမင်းကြီးသည် ငြီးငွေ့ စိတ်ပျက်လာသည်။ အကြံကုန်၍ စိတ်မလုံဖြစ်လာသည်။ ယင်းအချိန်တွင် မိမိတိုင်းနှင့် အိမ်နီးချင်း ဖြစ်သော ကုရုတိုင်းတွင် လခွဲတကြိမ် မိုးမှန်မှန်ရွာသွန်းလျက်ရှိသည်ကို ဒန္တပူရမင်းကြီး

နှင့် ကာလိင်္ဂတိုင်းသူပြည်သားများ ကောင်းစွာသတိပြုမိလာကြသည်။ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့နန်းစံ ဓနဉ္စယကောရဗျမင်းတွင် အဉ္ဇနဝဏ္ဏ မည်သော မင်္ဂလာ ဆင်တော် ရှိသောကြောင့် ကုရုတိုင်းတွင် မိုးမှန်မှန် ရွာသွန်းသည်ဟု ဒန္တပူရမင်းနှင့် ကာလိင် တိုင်းသူပြည်သားတို့က ယုံကြည်ထားကြလေသည်။ ယင်းမင်္ဂလာဆင်တော်ကို ရရှိလျှင် ကာလိင်္ဂတိုင်းတွင်လည်း လခွဲတကြိမ် မိုးမှန်မှန် ရွာသွန်းရမည်ဟု သက်ဝင်ယုံကြည်ထားကြ၏။

ထို့ကြောင့် ဒန္တပူရမင်းနှင့်တကွ ကာလိင်္ဂတိုင်းသူပြည်သားတို့၏သန္တာန်တွင် အဉ္ဇနဝဏ္ဏ ဆင်တော်မင်္ဂလာရရှိရေးသည် အဓိကဖြစ်လာ၏၊ သို့ရာတွင် ကုရုတိုင်းတွင် ဘုရင်ဓနဉ္စယကောရဗျမင်းသည် ရဲစွမ်းသတ္တိရှိရုံမျှမက စစ်လက်နက်များလည်း ပြည့်စုံသူဖြစ်သောကြောင့် စစ်မက်ပြိုင်၍ အဉ္ဇနဝဏ္ဏ ဆင်တော်မင်္ဂလာကို ရယူဘို့ဆိုခြင်းကလည်း မဖြစ်နိုင်ဟူ၍ အလေးအနက် စဉ်းစားလာမိကြသည်။ ထို့ကြောင့် အကြမ်းနည်းကို စွန့်လွှတ်ကာ မြွေမသေ၊ တုတ်မကျိုး၊ သွေးထွက်သံယိုမရှိ နှစ်ပြည့်ဘပြည် ချစ်ခင်ရင်းနှီးရင်းရှိသည့်အတိုင်း မေတ္တာရပ်အလှူခံမှုတည်းဟူသော မမ္ဗိယလဒ္ဓ အနုနည်းဖြင့်သာ ဆင်တော်မင်္ဂလာကို အရယူနိုင်ခဲ့ကြသည်။

သို့ရာတွင် ကာလိင်္ဂတိုင်းသို့ မင်္ဂလာဆင်တော်ရောက်လာပါသော်လည်း မိုးတပေါက်မျှ မကျခြင်းကို ဒန္တပူရမင်းနှင့် ကာလိင်္ဂတိုင်းသူ တိုင်းသားများ ကြုံတွေ့ရပြန်သည်။ ဒန္တပူရမင်းနှင့် ကာလိင်္ဂတိုင်းသူ ပြည်သားများသည် ဆင်တော်မင်္ဂလာဖြင့် အဓိပ္ပါယ်မနာ မဖြေရှင်းနိုင်ခြင်းကိုလည်း၊ သတိပြုမိလာကြသည်။ ကုရုတိုင်းတွင် မိုးကောင်းမိုးမှန်သည်ကား ဂရုဓမ္မတရားကို မကျိုးမပေါက် စောင့်ထိန်းခြင်းကြောင့် ဖြစ်၏။ တိရစ္ဆာန်နှင့်မိုး မည်သို့မျှမဆိုင်ဟု ဝေဖန်ပြောဆိုလာကြ၏။ ထို့ကြောင့် ကာလိင်္ဂတိုင်းရှင် ဘုရင်ဒန္တပူရမင်းကြီးသည် ဆင်တော်မင်္ဂလာကို နေရင်းကုရုတိုင်းသို့ ပြန်လည်ပို့ဆောင်ကာ ဂရုဓမ္မတရားကိုသာ ရေးကူးစောင့်ထိန်းခဲ့ကြလေသည်။ ဂရုဓမ္မတရားကား—

(၁) သူတပါးအသက်ကို သတ်ခြင်းမှ အသက်ထက်ဆုံး ရှောင်ကြဉ်ခြင်း၊

(၂) အရှင်မပေးသော သူတပါး၏ဥစ္စာကို ခိုးယူခြင်းမှ အသက်ထက် ဆုံး ရှောင်ကြဉ်ခြင်း၊

(၃) သူတပါးသားမယားကို ပြစ်မှားလွန်ကျူးခြင်းမှ အသက်ထက် ဆုံး ရှောင်ကြဉ်ခြင်း၊

(၄) မဟုတ်မမှန် လုပ်ကြံပြောဆိုခြင်းမှ အသက်ထက်ဆုံး ရှောင် ကြဉ်ခြင်း၊

(၅) ကုသိုလ်တရားတို့၌ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ အသက်ထက်ဆုံး ရှောင် ကြဉ်ခြင်းများ ဖြစ်ကြလေသည်။

ကာလိဂ်တိုင်းရှင် ဘုရင်ဒန္တပူရမင်းနှင့် သူ၏တိုင်းသူ ပြည်သား များသည် ကုရုတိုင်းမှ ဂရုဓမ္မတရားကို ရေးကူး၍ ပင်းနှင့်တကွ တိုင်းသူ ပြည် သားတို့ အားထုတ်ခဲ့ကြခြင်းဖြင့် တိုင်းသူပြည်သားများ၏ အငတ်ပြဿနာကို ဖြေရှင်းနိုင်ခဲ့ကြလေသည်။ ယင်းအချိန်မှစ၍ ကာလိဂ်တိုင်းဟွပ် မိုးများ မှန်မှန် ရွာသွန်းခဲ့၍ ဆန်ရေစပါး ပေါများခဲ့လေသည်။

ပွန်ဒီချယ်ရီတွင် ယခုလောက်မိုးကောင်းနေခြင်းမှာ ကျော့ဇူ့ရှင်ဆရာ တော်၏ သီလတန်ခိုးကြောင့်သာမက အိန္ဒိယနိုင်ငံ အစိုးရမင်းများနှင့် ပွန်ဒီ ချယ်ရီ မြို့သူ မြို့သားများ အမြဲမပြတ် စောင့်ထိန်းလျက်ရှိသော ဂရုဓမ္မတရား ကြောင့်လည်း ဖြစ်ကြောင်း ဟောကြားရ၏။ သဲလျက်ရှိသော မိုးကြောင့် တရားသံ မိုးသံ့ရောကွဲ ဖြစ်ရသည့်ပြင် ဟောလက်စတရားများပင် ပျောက်ကွယ် လုလုဖြစ်နေရကား တရားပွဲကြီးကို ရပ်ဆိုင်းလိုက်ရတော့သည်။

**အချိပေါ် သကာလောင်း**

ဒီဇင်ဘာလ ၃၀-ရက်နေ့တွင် သာသနာပြုအဖွဲ့ ပွန်ဒီချယ်ရီမြို့ရှိ သကြားစက်ရုံကြီးသို့ သရဏဂုံ ငါးပါးသီလနှင့် ပရိတ်တရားချီးမြှင့်ရန် ထွက်ခွာ လာခဲ့ကြသည်၊ သကြားစက်ရုံနှင့် ပွန်ဒီချယ်ရီမြို့ကား ၁၅-မိုင်မျှဝေးသည်။ ယင်းသကြားစက်ရုံကြီးကား ပုဂ္ဂလိကပိုင် ဖြစ်လေသည်။ ယင်းသကြားစက်ရုံ

ကြီး၏ ဗိုင်ရှင်ကား အာဖရိကအမျိုးသားတဦးဖြစ်၏။ ယင်းသည် အာဖရိကတွင် မွေး၍ အိန္ဒိယတွင် ကြီးပြင်းခဲ့သူဖြစ်လေသည်။

စက်ရုံလုပ်သား ၁၂၀၀ မျှရှိ၍ ပူဇော်ပွဲအခမ်းအနားမှာ မြိုင်ဆိုင်လှပေ၏။ စက်ရုံလုပ်သားများမှာ ထေရဝါဒ ဗုဒ္ဓဘာသာ လုပ်သားများက အများစုဖြစ်၍ ပူဇော်ပွဲအခမ်းအနားမှာလည်း ဤသို့ခြိမ့်ခြိမ့်သဲ ဖြစ်ရပေတော့သည်။ ထို့ပြင် ပူဇော်သူ ပရိသတ်များထဲတွင် နဖူးနှင့်ပုခုံးတွင် တကြောင်းမှနှစ်ကြောင်းအထိ ထိုးသားထားသူ ဟိန္ဒူဘုန်းတော်ကြီးများသည် ထူးခြားသောအခမ်းအနားများတွင်သာ ယခုကဲ့သို့ ထိုးသားလေ့ရှိသည်ဟု ဆိုသည်။

သာသနာပြုအဖွဲ့သည် သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများအား သရဏဂုံ၊ ငါးပါးသီလ၊ ပရိတ်ဘုရားတော်၊ သတိပဋ္ဌာန် ဝိပဿနာတရားတော်များဖြင့် ကျေးဇူးတုံ့ပြန်ရတော့သည်။

"သွားချင်တာက နာမ်။ သွားတာက ရုပ်။ နာမ်ကသွားချင်လို့သာ ရုပ်က သွားရတယ်။ နာမ်က မသွားချင်လျှင် ရုပ်က လုံးဝမသွားဟုမှတ်"

"သွားချင်တာက နာမ်။ သွားရတာက ရုပ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ တပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝလိပ်ပြာ၊ အတ္တ မဟုတ်။ နာမ်ရုပ်သာ သွားသည်။ နာမ်ရုပ်သာ သွားသည်။

ရပ်ချင်တာက နာမ်။ ရပ်ရတာက ရုပ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝလိပ်ပြာ၊ အတ္တမဟုတ်။ နာမ်ရုပ်သာ ရပ်သည်။ နာမ်ရုပ်သာရပ်သည်။

ထိုင်ချင်တာက နာမ်။ ထိုင်ရတာက ရုပ်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝ လိပ်ပြာ၊ အတ္တ မဟုတ်။ နာမ်ရုပ်သာထိုင် သည်။ နာမ်ရုပ်သာ ထိုင်သည်။

အိပ်ချင်တာက နာမ်။ အိပ်ရတာက ရုပ်။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ဇီဝ လိပ်ပြာ၊ အတ္တမဟုတ်။ နာမ်ရုပ်သာ အိပ်သည်။ နာမ်ရုပ်သာ အိပ်သည်။

ချိုမြိန်ကောင်းမြတ်၍ အနံ့အရသာရှိလှသော သကြားစက်ကြီးထဲတွင် မဟာသတိပဋ္ဌာန် ရှုပွားနည်းဖြစ်သည့် ဓမ္မအနုစ်သာရတည်းဟူသော အတိုင်းမသိ ချိုမြလှစွာသော အမြိုက်ရည်ကို လောင်းခဲ့ကာ သာသနာပြုအဖွဲ့ စက်ရုံကြီးအတွင်းမှ ပြန်လည်ထွက်ခွာခဲ့၍ တဆက်တည်းမှာပင် ယင်းစက်ရုံပိုင်ရှင့် အိမ်တွင် သရဏဂုံ၊ ငါးပါးသီလနှင့် ပရိတ်တရားတော်များ ချီးမြှင့်ခဲ့ရသေးသည်။ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ သီလရနံ့ကား အမွှေးတိုင်ရနံ့များနှင့်အတူ လှိုင်ပျံ့လျက် ရှိပေစွတကား။

## ပွန်ဒီချယ်ရီ၏ မိခင်ကြီး

သာသနာပြုအဖွဲ့၏ အမိနိုင်ငံသို့ ပြန်ရက်ကလည်း တစထက်တစ နီးကပ်လာပြီ ဖြစ်သည်။ ယင်းနှင့်အမျှ သာသနာပြုအဖွဲ့၏ သာသနာပြုလုပ်ငန်းဆိုင်ရာ များကလည်း ကြားလပ်မရှိ စိပ်သထက်စိပ်လာ၏။ ဇန္နဝါရီလ ၆-ရက်နေ့တွင် မဟာသ်တလဗုဒ္ဓသမိတိအဖွဲ့ကြီး၏ ဂုဏ်ပြုပူဇော်ပွဲကြီးသို့လည်းကောင်း၊ ဇန္နဝါရီလ ၇-ရက်နေ့တွင် ဂရိယဗုဒ္ဓဆန့်ခရစ်တိဆံဆဒ်အဖွဲ့ကြီး၏ ဂုဏ်ပြုပူဇော်ပွဲသို့လည်းကောင်း ကြွရောက်အပူဇော်ခံရန် အစီအစဉ်များကို ရေးဆွဲထားသည့်ပြင် ယင်းဂုဏ်ပြုပူဇော်ပွဲကြီးများအပြီး ဇန္နဝါရီ ၉-ရက်နေ့တွင် အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာရန်လည်း သတ်မှတ်ထားပြီး ဖြစ်လေသည်။

ပွန်ဒီချယ်ရီတွင် မိုးနှင့် နိဒါန်းပျိုးခဲ့ရသဖြင့် သာသနာပြုအဖွဲ့ဝင်များမှာ အပြင်အပကို လေ့လာခွင့်အနည်းငယ်မျှပင် မရခဲ့ပါချေ။ ဒေသခံများအနေဖြင့် လေ့လာအပ်သော ဌာနများသို့ ပို့ဆောင်ပေးလိုပါသော်လည်း မစဲသောမိုးကြောင့် မည်သို့မျှ မတတ်နိုင်။ လက်မှိုင်ချကာ ငုတ်တုတ်ထိုင်ခဲ့ရလေသည်။ ဒီဇင်ဘာ ၃၁-ရက်ဖြစ်သော ယနေ့တွင်မူကား မိုးစဲရုံမျှမက မိုးကြောင့် အအိပ်ကြူးနေခဲ့သော ဖန်ဝါရောင်နေမင်းသည်ပင် မျက်စိ ပုတ်ခတ်ပုတ်ခတ်လုပ်၍ ဖွင့်ကြည့်ဖော်ရလာသည်။

ရာသီဥတုမှာ မကြည်လင်လှသော်လည်း မိုးလေဝသသုံး စကားဖြင့် ပြောရလျှင် သာယာလျက်ရှိသည်ဟု ပြောနိုင်၍ မြန်မာနိုင်ငံ အရပ်သုံးစကား

ဖြင့် ပြောရလျှင်ကား ခြေခင်းလက်ခင်း သာလာပြီဟု ပြောနိုင်ပြီ ဖြစ်ပေသည်။ ထို့ကြောင့် သာသနာပြုအဖွဲ့သည် ခယူးနမ်းဘားရ်ရွေးမိုမြစ်အတွင်း ဗိယက်နမ်ရဟန်းတော် အရှင်ခိပ္ပပည M.A အား သိမ်ထပ်ပေး၍ ဒုလ္လဘရဟန်းလောင်းတပါးကို ရဟန်းပြုပေးနိုင်ခဲ့သည့်ပြင် ပွန်ဒီချယ်ရီမြို့အတွင်းသို့ပင် လှည့်လည်လေ့လာနိုင်ခွင့်များ ရရှိခဲ့လေသည်။

ပွန်ဒီချယ်ရီမြို့သည် တခါက ပြင်သစ် ကြီးစိုးခဲ့သော မြို့ဖြစ်သည်နှင့် အညီ မြို့အတွင်းတွင် ပြင်သစ်ရုပ်ကွက်များကို တွေ့ရှိရ၏။ အင်္ဂလိပ် ကြီးစိုးသော ကာလကတ္တားတွင် အင်္ဂလိပ်ရပ်ကွက်နှင့် အင်္ဂလိပ်လူမျိုးများကို တွေ့ရသကဲ့သို့ပင် ဖြစ်လေသည်၊ "ဒါက ပွန်ဒီချယ်ရီရဲ့ မိခင်ကြီး အိမ်ဂေဟာပါ။ ပွန်ဒီချယ်ရီမြို့သူမြို့သားများကို သည်မိခင်ကြီးက စောင့်ရှောက်ထားပါတယ်" ဟု ဒေသခံများက ဂူကြီးတလုံးရှိရာသို့ လက်ညှိုးညွှန်ယင်း ပြောဆိုပြသကြသည်။

သာသနာပြုအဖွဲ့လည်း ပွန်ဒီချယ်ရီ၏ မိခင်ကြီး ဂူရှိရာသို့ ရောက်ရှိသွားကြ၏။ လောကရှိ လူသားများ၏ အသိုင်းအဝိုင်းတွင် ယဉ်ကျေးမှုများ ထူးထွေ ခြားနား ကွဲပြားနေခြင်းကို အထူးရှင်းပြနေရန်ပင် မလိုပါချေ။ လောကရှိ လူသားများ၏ အသိုင်းအဝိုင်းတွင် ယဉ်ကျေးမှု ကွဲပြား ခြားနားရခြင်း၏ အဓိကအကြောင်းရင်းကား ယုံကြည်ချက်ပင် ဖြစ်၏။

မှန်၏။ လူသားအချင်းချင်း ယုံကြည်ချက် ကွဲပြားခြားနားနေသည်နှင့် အမျှ ယဉ်ကျေးမှုများလည်း ကွဲပြားခြားနားနေကြမည်မှာ ဓမ္မတာပင် ဖြစ်လေသည်။ ပွန်ဒီချယ်ရီ၏ မိခင်ကြီးအိမ်ဂေဟာမှာ ဂူကြီးတလုံးသာ ဖြစ်ပေ၏။ မြန်မာနိုင်ငံ ဒေသအသီးသီးရှိ နတ်ကွန်းများသဘောပင် ဖြစ်သည်။ ယင်းဂူကြီးအတွင်း ခင်းထားအပ်သော ဇနေရာလပ်တခုကို ကွက်၍ ပန်းများဖြင့် ပူဇော်ပသထားသည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံ နတ်ကွန်းများတွင် ထိုနတ် ဤနတ်စသည့် နတ်ရုပ်များစွာကို တွေ့မြင်နိုင်သော်လည်း ဤပွန်ဒီချယ်ရီ၏ မိခင်ကြီးဂူတွင် ပွန်ဒီချယ်ရီ၏ မိခင်ကြီးရုပ်တုကို မတွေ့ရှိရချေ။ မြန်မာနိုင်ငံ ပုဂံကောင်းစားစဉ် အိမ်တွင်း

မင်းမဟာဂီရိကို အိမ်တိုင်းစေ ပူဇော်ပသကြသလို ပွန်ဒီချယ်ရီမြို့ရှိ အိမ်တိုင်းတွင်လည်း ယင်းမိခင်ကြီးကို တွေ့ရှိရတတ်သည်။

သာသနာပြုအဖွဲ့ ပြန်ခါနီးတွင် ပွန်ဒီချယ်ရီမြို့အတွင်း အနည်းငယ်မျှ လေ့လာခွင့်ရ၍ လေ့လာပြီးနောက် မဒရပ်သို့ ထွက်ခွါရန်ရှိသည့်အတွက် အထုပ်အပိုးများ ပြင်ဆင်ရန် ယာယီစံကျောင်းသို့ ပြန်လည်ခဲ့ကြသည်။

## ကြို့ဆိုပွဲမှသည် နှုတ်ဆက်ပွဲသို့

ပွန်ဒီချယ်ရီတွင် သာသနာပြုအဖွဲ့ သာသနာပြုလုပ်ငန်းဆိုင်ရာများ ပြီးဆုံးခဲ့ပြီဖြစ်၍ မဒရပ်သို့ ကားဖြင့် ပြန်လည်ထွက်ခွါခဲ့ကြသည်။ ဇန္နဝါရီ ၅-ရက်နေ့တွင် ဖြစ်၏။ မဒရပ်မှ ပွန်ဒီချယ်ရီသို့ လာခဲ့စဉ်က ညအမှောင်လည်း ဖြစ်၊ မိုးအမှောင်လည်း ဖြစ်ကာ မဒရပ်နှင့် ပွန်ဒီချယ်ရီမြို့အကြား ပြည်ဖုံးကားချခဲ့ရသော လမ်းခရီးအကြောင်းကို ယခု အပြန်ခရီးတွင် အတိုးချလေ့လာနိုင်ပြီ ဖြစ်၏။ ကားလမ်းတလျှောက်တွင် အိန္ဒိယနိုင်ငံ၏ သန်းပေါင်း ၆၀၀ သော လူထုကြီး စားဝတ်နေရေး ပြေလည်ရန်အတွက် ခံစစ်သဖွယ် ပြင်ဆင်ထားသော စီးပွားရေးခံကတုတ်ကြီးများကို တခုပြီးတခု တွေ့မြင်နေရသည်။ ယင်းတို့ကား အိန္ဒိယအစိုးရ၏ အကျိတ်အခဲဖြစ်သော ဆည်မြောင်းတာတမံများပင် ဖြစ်ပေသည်။

ယင်းဆည်မြောင်းတာတမံများကို တွေ့ရှိရသဖြင့် အိန္ဒိယနိုင်ငံရှိ သန်းပေါင်း ၆၀၀-သော လူထုကြီး စားဝတ်နေရေး ပြေလည်၍ မိဂဒါဝုန်တွင် စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ခဲ့ရသော အခြေအနေမှဲ့များ မကြာမီ ပျောက်သွားတော့မည်ဟု နှစ်ထောင်းအားရမှုများကို ခံစားမိခဲ့ရပေသည်။ အိန္ဒိယနိုင်ငံ၏ စီးပွားရေးဆိုင်ရာ စစ်မျက်နှာတိုင်းတွင် ယင်းသို့သော စီးပွားရေးခံကတုတ်များ တည်ဆောက်လျက် ရှိသည်ကို မစားရ ဝခမန်း တွေ့မြင်ခဲ့ရသည်။

"ဟိုရှေ့က ညို့မှိုင်းမှိုင်းဟာ ခုနစ်တောင်တိုက်ခန်း မီးမထွန်းပဲနှင့် လင်းတဲ့ ပဘာဝတီတို့ရဲ့ မဝုရစ်မြို့ပါ။ ယခုတော့ မဝုရကလို့ ခေါ်နေကြပါတယ်။

လိုက်ပါပို့ဆောင်သူ ဒေသခံများက ဦးတည်မောင်းနှင်လျက်ရှိသည့် မြို့ကို လက်ညှိုးညွှန်ကာ ဤသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။ သူတို့စကား ဆုံးသည်နှင့် တပြိုင်နက် လင့်မျက်နှာ မှလျှာဆိုကာ လင်ကို ပစ်ခွါပြေးရှာသူ မဒ္ဒရာဇ်တိုင်းသူ ပဘာဝတီကို သတိရလာမိသည်။

သာသနာပြုအဖွဲ့ကား မဒ္ဒရာစ်မြို့တွင်းသို့ ဝင်ခဲ့ကြသည်။ သာသနာပြုအဖွဲ့ကို သယ်ဆောင်လာသည့် ကားကလေးသည် ခရီးမိုင်လည်း အတော်အတန် ရလာပြီဖြစ်၍ မောပန်းနေဟန်ရှိသည်။ တရှူးရှူးတရှဲရှဲဖြင့် နှာများပင် မှုတ်ထုတ်လျက် ရှိသည်။ သူ၏ နှာခေါင်းမှ နှာရည်များသည်လည်း တသွင်သွင် စီးဆင်းလျက် ရှိသည်။ သခင်က နှာဝကို ကိုင်၍ ရေးများ လောင်းထည့်ပေးလိုက်ရာ အမောပြေသွားဟန်နှင့် ငြိမ်ကျသွားသည်။ သာသနာပြုအဖွဲ့သည် မဒ္ဒရာစ်တွင် တထောက်နား၍ ဆက်လက်ထွက်ခွါလာခဲ့ရာ မဒရပ်သို့ ၁၀-နာရီခွဲတွင် ရောက်ရှိကြသည်။

"ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ တရားကြောင့် အိန္ဒိယပြည်သူအပေါင်းနှင့် မြန်မာပြည်သူအပေါင်းတို့သည် ကြမ်းတပြေးတည်းကဲ့သို့ ပိုမိုချစ်ကြည် လေးမြတ်ကြမည်မှာ မလွဲမသွေ ဖြစ်ပါသည်။ ကမ္ဘာတဝန်းလုံးသို့ အမြိုက်တရား ဝေငှဖြန့်ဖြူးလျက်ရှိသည့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်၍ သာသနာတော်အကျိုး ဆထက်ထမ်းပိုး တိုး၍ သည်ပိုးရွက်ဆောင်တော်မူနိုင်ပါစေ"–

စသည်ဖြင့် သံပြိုင် ကြွေးကြော်သီးကျူးလျက်ရှိကြသော မဒရာစီအမျိုးသား အမျိုးသမီးတို့၏ မဒရာစီခမ္မတေးသံများသည် ပူဇော်ပွဲကြီးတခုလုံးကို လွှမ်းမိုးသွားကာ ထက်နဘ်သို့ပင် တက်ပျံ့ ပျံ့လွင့်လျက် ရှိချေသည်။ မဒရာစီအမျိုးသားများ၏ အကောင်ဒီယံ ဂီတသံကလည်း မဒရာစီခမ္မတေးသံနှင့်အတူ ပွဲတခဲညံလျက်ပင် ရှိပေသည်။ မဒရပ်ဗုဒ္ဓဘာသာ သူတော်စင်များသည် သာသနာပြုအဖွဲ့ အလာခရီးတွင် မပူဇော်ခဲ့ကြရ၍ အပြန်ခရီးတွင် ဤသို့ တခဲနက်ပူဇော်ကြလေသလားဟု အောက်မေ့မိသည်။ သူတို့ကား အားတက်သရော ကျိတ်ကျိတ်တိုး ပူဇော်လျက် ရှိကြသည်။

"မကောင်းမှုအားလုံးကို မပြုလုပ်ရ။ ကုသိုလ်အားလုံးနှင့် ပြည့်စုံစေရမယ်။ မိမိတို့၏ စိတ်ကို လုံး၀ ဖြူစင်စေကြရမယ်။ သည်သုံးပါးဟာ ဘုရားရှင်တို့၏ အဆုံးအမတော် ဖြစ်တယ်"

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သွန်သင် ဆုံးမသည့်အနေဖြင့် ပြန်လည်ရင့်ကျူးသော ဓမ္မတေးသံသည်လည်း ဝဲ၊ ယာ ရှေ့၊ နောက်၊ ထက်၊ အောက်၊ ခြောက်ထွေ ပျံ့နှံ့လျက် ရှိဟုံ၏။ ၁၁-နာရီထိုးပြီဖြစ်၍ သာသနာပြုအဖွဲ့ ဆွမ်းဘုဉ်းပေးကြရ၏။ ဤနေ့ ပူဇော်ပွဲကြီးသည်ကား ကြိုဆိုပွဲမှသည် နှုတ်ဆက်ပွဲသို့ဟု ဆိုနိုင်သော ပူဇော်ပွဲကြီး ဖြစ်ပေသည်။ အကြောင်းသော်ကား သာသနာပြုအဖွဲ့သည် ယင်းနေ့ည ၇-နာရီအချိန်တွင် မဒရပ်မှ ကာလကတ္တားသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

### တောင်ပုလု၏ အိန္ဒိယ နောက်ဆုံးနေ့များ

### မဟာဗောဓိတလဗုဒ္ဓသမိတိအဖွဲ့ကြီး၏ ဂုဏ်ပြုပူဇော်ပွဲ

သာသနာပြုအဖွဲ့သည် ဇန္နဝါရီလ ၉-ရက်နေ့တွင် အမိမြန်မာနိုင်ငံသို့ ပြန်လည်တက်ခွါကြတော့မည်ဖြစ်၍ မဟာဗောဓိတလဗုဒ္ဓသမိတိအဖွဲ့၏ ဂုဏ်ပြုပူဇော်ပွဲကြီးတွင် အပူဇော်ခံကြရလေသည်။ သာသနာပြုအဖွဲ့တည်းခိုရာ ယာယီစံကျောင်းဖြစ်သော မြန်မာ့ဝိဟာရကျောင်းတွင် ပူဇော်ကြသူများ တခဲနက် ပြည့်ကျပ်တိုးဝှေ့လျက် ရှိနေသည်။

"ဘုရားတပည့်တော်များက ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သစ္စာတရားဖြင့် တပည့်တော်များ၏ သောကကို ငြိမ်းအေးစေနိုင်ရုံသာမက တပည့်တော်များ၏ လောကီစီးပွားကိုလည်း တိုးတက်စေနိုင်သည်ဟု ယုံကြည်ပါသဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ယခုကဲ့သို့ တိုဝှေ့ဖူးမြော်ကန်တော့ခြင်း ဖြစ်ပါသည်။"

---

၁။ ဓမ္မပဒပါဠိ။ ၄၁။

ဖော်ပြပါ လျှောက်ထားချက်နှင့်အညီ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများသည် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ကြီးအား ယခုကဲ့သို့ အလုအယက် တိုးဝှေ့ ဖူးမြော်ကန်တော့ခြင်း ဖြစ်လေသည်။ ကျယ်ဝန်းသည်ဟု ထင်ရသော မြန်မာ့ဝိဟာရကျောင်းတော်သည်ပင် ကျပ်တည်းကျဉ်းမြောင်းသည့် ကျောင်းကလေးအသွင်သို့ တမုဟုတ်ချင်း ကူးပြောင်းသွားခဲ့လေသည်။ မတိုးဝှေ့ကြလိုသူ၊ မကိုးဝှေ့နိုင်ကြသူ သွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့ အများအပြား ပြန်သွားကြရရှာသည်။

သို့နှင့် မဟာဗောဓိဗုဒ္ဓဝိဟာရ ဥပါသကာ၊ ဥပါသိကာမများ၏ ပူဇော်ပွဲကြီး ပေါ်ပေါက်လာသည်ဟု ဆိုချင်ပေသည်။ ကြီးမားကျယ်ဝန်းလှသော ဤမဟာဗောဓိတလဗုဒ္ဓဝိဟာရ၌ ကျင်းပသည့် ဥပါသကာ၊ ဥပါသိကာမများ၏ ပူဇော်ပွဲကြီးမှာလည်း ပရိသတ်များလှန်းလှသဖြင့် အိန္ဒိယ လမ်းရှင်းရဲများသည်ပင် အလုပ်ရှုပ်နေသည်ကို တွေ့မြင်ရလေသည်။

ယင်းပူဇော်ပွဲ၏ အနှစ်သာရအဖြစ် သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ နှလုံးသားကို ဤသို့ ဖွင့်ထုတ်ပြသလိုက်ကြပေသည်—

မြန်မာနိုင်ငံ ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီးအား

နှုတ်ခွန်းဆက် ပန်ကြား လျှောက်ထားလွှာ

အရှင်သူမြတ်ကြီးဘုရား။

ဤတိုင်းပြည်၏ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုနှင့် လူမှုရေးတိုးတက်မှုအတွက် အလွန်အရေးပါစွာ ဆောင်ရွက်နေသော ဤဌာနသို့ ကြည်ညိုဖွယ်ရာ ကြွရောက်တော်မူလာသော ဆရာတော်ဘုရားကြီးအား လိုက်လှဲစွာ ကြိုဆိုခွင့် ရကြပါသဖြင့် မဟာဗောဓိတလဗုဒ္ဓဝိဟာရ ဥပါသကာ၊ ဥပါသိကာမများနှင့် မဟာဗောဓိတလ ဗုဒ္ဓသမိတိ အဖွဲ့ဝင်လူကြီးများက များစွာ ဂုဏ်ယူကြပါသည် ဘုရား။ ဆရာတော်ဘုရားကြီးသည် သာသနာပြုလုပ်ငန်း များပြားလှသည့်အကြားမှ ဘုရားတပည့်တော်များ ပင့်လျှောက်သည်ကို ကရုဏာရှေ့ထားသနားသည်းခံတော်မူ၍ ကြွရောက်တော်မူလာသည့်အတွက် ဘုရားတပည့်တော်

များအလှန် ကျေးဇူးဥပကာရ တင်ရှိပါသည်ဘုရား။ ဆရာတော်ဘုရားကြီး အား တပည့်တော်များ ကံကောင်းထောက်မ၍ ဖူးမြင်ကြရပါသည်ဘုရား။

ဆရာတော်ဘုရားကြီးသည် ဝိပဿနာကမ္မဋ္ဌာန်းနည်းဖြင့် သစ္စာတရား ကို ရှာရန် သန်းပေါင်းများစွာသော လူအပေါင်းတို့အား တိုက်တွန်း အား ပေးတော်မူခဲ့သည်မှာ စင်စစ်နှစ်ထောင်းအားရဖွယ်ပင် ဖြစ်ပါသည်။ ဤ ဝိပဿနာနည်းသည် လူသားများအား အလုံးစုံသော မကောင်းမှု အကုသိုလ် များမှ လွတ်ကင်းစေနိုင်ပါသည်။

သောကဗျာပါဒတို့ဖြင့် ပြည့်လျှမ်းနေသောစိတ်ဓာတ်ကို ငြိမ်းအေးစေ နိုင်ပါသည်။ ဒုက္ခဝပ်သိမ်း ကင်းငြိမ်းစေမည့် နည်းကို သင်ကြားပြသပေးနေ ပါသည်ဘုရား။ ဆရာတော်ဘုရားကြီး၏ ဖြူစင်မြင့်မြတ်သော သာသနာပြု လုပ်ငန်းကြောင့် ကမ္ဘာအရပ်ရပ်မှ ထောင်ပေါင်းများစွာသော လူတို့သည် တရားကိုနားလည်ကြ၍ ရှင်သာပဏေနှင့် ရဟန်းအဖြစ် ခံယူကာ အကျင့် လမ်းမှန်ကို လိုက်နာကျင့်သုံးနေကြပါပြီဘုရား။

သဒ္ဓါတရားထက်သန်သော ဗုဒ္ဓဘာသာဝင်တဦးအနေဖြင့် ဤတိုင်း ပြည် အတွင်း၌ ခရီးလှည့်လည်ခိုက်ဗုဒ္ဓဝင်နှင့် သာသနာဝင်ဆိုင်ရာ မြင့်မြတ် သော ဌာနများကို ဆရာတော်ဘုရားကြီးကိုယ်တိုင် လှည့်လည် ဖူးမြင်ခွင့် ရရှိခဲ့ပါသည်ဘုရား။

ဆရာတော်ဘုရားကြီး၏ ဒေသစာရီ ကြွချီတော်မူခြင်းဖြင့် အိန္ဒိယနှင့် မြန်မာနိုင်ငံတို့၏ယဉ်ကျေးမှုဆက်ဆံရေးကိုးအလွန်လက်ခိုင်မာစေပါသည်ဘုရား။

နိဂုံးချုပ်အားဖြင့် ဆရာတော်ဘုရားကြီးသည် ဘုရားရှင်၏ဂုဏ်ကျေးဇူး တော်ကြောင့် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ သက်တော်ရာကျော် ရှည်ပါစေ ကြောင်း ရိုးသားစွာ ဆုတောင်းပတ္ထနာ ပြုလိုက်ပါသည် ဆရာတော် အရှင် သူမြတ်ကြီးဘုရား ၁''

သတ္တဝါအားလုံး ချမ်းသာကြပါစေ။
ရိုသေစွာဖြင့်
မဟာဗောဓိလဗုဒ္ဓသမိတိ အဖွဲ့ဝင်လူကြီးများ။

---

၁။ ဦးချစ်တင်၊ သာသနာရေးဦးစီးဌာန ဘာသာပြန်သည်။

ပူဇော်ကြသူ သွေးချင်း ဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများနှင့် ပူဇော်ပွဲလာ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများ၏ နှလုံးသားကို သာသနာပြုအဖွဲ့ ဦးဆောင် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီးသည် ဤသို့လျှင် ငြိမ်းချမ်းစေခဲ့ပေသည်။

"အမြဲမပြတ် ဘုရား၊ တရား၊ သံဃာဟူသော ရတနာသုံးပါးအားရှိခိုးလေ့ရှိသော၊ မိမိထက် သီလ၊ သမာဓိ၊ ပညာစသော ကျေးဇူးဖြင့်ကြီးမားသောသူကို ရိုသေလေးမြတ်သော အလေ့ရှိသော ပုဂ္ဂိုလ်အားအသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်းဟူသော ကျေးဇူးတရားလေးပါးတို့သည် တနေ့တခြား ဒိရေအလားကဲ့သို့ တိုးပွားများပြားလေကုန်၏"

## ဂရိယမြို့ ပူဇော်ပွဲ

ဇန္နဝါရီ ၈-ရက်နေ့တွင် သာသနာပြုအဖွဲ့သည် ဂရိယမြို့နှင့် ဂရိယမြို့ဝန်းကျင်ရှိ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ ပူဇော်မှုကို ခံယူရန်ဂရိယမြို့သို့ ကားများဖြင့် ကြွကြရသည်။ ဂရိယမြို့နှင့် ကာလကတ္တားမြို့ကား ၃၄-မိုင်မျှ ဝေးသည်။ ဂရိယမြို့ ပူဇော်ပွဲကြီးသည်လည်း သာသနာပြုအဖွဲ့အား ပင်လယ်ရပ်ခြား သွေးချင်းဗုဒ္ဓဘာသာများအနေဖြင့် နောက်ဆုံးပူဇော်ပွဲကြီးဖြစ်သလို သာသနာပြုအဖွဲ့အနေဖြင့်လည်း ပင်လယ်ရပ်ခြား သွေးချင်း ဗုဒ္ဓဘာသာများအား နောက်ဆုံးနှုတ်ဆက်ပွဲကြီးလည်း ဖြစ်ပေသည်။

နောက်ဆုံး ပူဇော်ပွဲနှင့် နောက်ဆုံးနှုတ်ဆက်ပွဲကြီးဖြစ်သော ဤဂရိယမြို့နှင့် ဂရိယမြို့ဝန်းကျင်ရှိ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူများ၏ ပူဇော်ပွဲကြီးသည်လည်း ခမ်းနားကြီးကျယ်လှသည်ကို တွေ့ရသည်။ သာသနာပြုအဖွဲ့သည် ပူဇော်ပွဲ၏ ကနဦးအစအဖြစ် ဂရိယမြို့နှင့် ဂရိယမြို့ဝန်းကျင်ရှိ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ ဆွမ်းများကို အလှူခံကြရသည်။

---

၁။ ဓမ္မပဒ ပါဠိ၊ ၂၉။

ဆွမ်းလောင်းပွဲကြီးတွင် ဟိန္ဒူ၊ ဘင်္ဂါလီစသူတို့ ပါဝင်လျက် ရှိသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

သွေးချင်းဗုဒ္ဓဘာသာ ဂရိယမြို့သူမြို့သားများ၏ နှလုံးသားဆိုကြည့်တွင် အစဉ် ကိန်းအောင်းလျက်ရှိသောအချက်ကား "ကျေးဇူးရှင်ဆရာတော်ဘုရား ကြီးသည် အမျိုးဇာတ်နှင့် ဘာသာဝါဒ ခွဲခြားမှုမရှိ" ဟူသော အချက်ပင် ဖြစ်၏။ ယင်းသို့သော သဘောတရားများကိုလည်း ယင်းတို့၏ ပူဇော်ပွဲကြီး က အထင်းသား ဖော်ကျူးလျက် ရှိပေသည်။ ဆွမ်းလောင်းလှူပွဲကြီး အပြီး တွင် သာသနာ့ပြုအဖွဲ့ ဂရိယမြို့နှင့် ဂရိယမြို့ဝန်းကျင်ရှိ အိန္ဒိယပြည်သူများ၏ ပူဇော်ဝံ့ချီးခြင်းကို ခံယူကြရသည်။ ပူဇော်ဝံ့ချီးပွဲကြီး၏ အနှစ်သာရဖြစ်သော ဂရိယမြို့သူ မြို့သားများ၏ နှလုံးသားကိုလည်း ဤတွင် လှစ်ပြလိုက်ရပေသည်။

## နမော တိရတနာယ

**မြန်မာနိုင်ငံ ကျေးဇူးတော်ရှင် တောင်ပုလုဆေတာရ ကမ္ဘာအေး**

**ဆရာတော်ဘုရားကြီးနှင့် နောက်ပါရဟန်းတော်များအား**

**ကြိုဆိုရာတွင် ပန်ကြားလျှောက်ထားလွှာ**

ကျေးဇူးရှင်ဆရာတော် အရှင်သူမြတ်ကြီးဘုရား။

ဂရိယဗုဒ္ဓဝိဟာရသို့ ကြည်ညိုဖွယ်ရာ ကြွရောက်ဘော်မူလာသော ဆရာ တော် ဘုရားကြီးအား ဂရိယမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ ဗုဒ္ဓဘာသာဝင်များ ကိုယ်စား ဘုရားတပည့်တော်များ ရိုသေမြတ်နိုး ရှိခိုးပူဇော်ကြပါသည် အရှင် သူမြတ်ကြီး ဘုရား။

"မနုဿဘာဝေါ ဒုလ္လဘော" လူ့အဖြစ်ကိုရရန် ခဲယဉ်းပါသည်။ ထို့ထက် ဘုရားရှင်၏ ခြေတော်အစုံကို ဖူးမြော်ခွင့်ရရန်က ပို၍ပင် ခက်လှပါ သေးသည်။ သို့ပင်ဖြစ်လင့်ကစား ဆရာတော်ဘုရားသည် ဘုရား၏ တရားဓမ္မ

များကို ကျင့်သုံး၍ ဟောကြားပြသတော်မူခြင်းဖြင့် ထိခက်ခဲသော အခွင့်အရေးကြီး နှစ်ရပ်လုံးကို ပိုင်နိုင်စွာ ရရှိလျက်ရှိပါသည် ဘုရား။

ဆရာတော်ဘုရားကြီးသည် မြန်မာပြည်တွင်းပြည်ပ နှစ်ဌာနတွင် ဗုဒ္ဓမြတ်စွာ သာသနာကိုလည်းကောင်း၊ ဗုဒ္ဓယဉ်ကျေးမှုကိုလည်းကောင်း တိုးတက်ကြီးပွားစေရန်အတွက် သာသနာ့ဝန်ဆောင် ဆရာတော်အဖြစ်ဖြင့် ကိုယ်အသက်ကို မငဲ့မကွက် အားသွန်ကြိုးပမ်း ထမ်းဆောင်တော် မူလျက်ရှိပါသည်။ တုန်လှုပ်ချောက်ချား မငြိမ်မသက် ဖြစ်နေကြသည့် သန်းပေါင်းများစွာသော လူသားများအား ဝိပဿနာ တရားနည်းလမ်းဖြင့် သစ္စာတရားကို ရှာရန် တိုက်တွန်းညွှန်ကြားတော်မူခဲ့သည်မှာ နှစ်ထောင်းအားရဖွယ် ဖြစ်ပါသည်။ ထောင်ပေါင်း များစွာသော အမေရိကန်လူမျိုးများသည် "ဗဟုဇနဟိတာယ ဗဟုဇနသုခါယ" ဟူသော အရှင်ဘုရား၏ ဆန္ဒတော်အတိုင်း တရားတော်ကို သိမြင်နားလည်၍ ဉာဏ်အလင်းပေါက် ကြရပါသည်။

အမှန်စင်စစ် ဆရာတော်ဘုရားကြီးသည် အမျိုးဇာတ် ခွဲခြားမှုနှင့် ဘာသာ ဝါဒ ခွဲခြားမှု မရှိသော သာသနာ့ ရှေ့ဆောင်ဆရာတော်ကြီးဖြစ်တော်မူပါသည်။ ဆရာတော်ဘုရားကြီး၏ ဒေသစာရီ ကြွချီတော်မူခြင်းသည် မြန်မာပြည်သူလူထုနှင့် အိန္ဒိယပြည်သူလူထုတို့ တဦးနှင့်တဦး ပို၍ နားလည်မှု ရရှိကြလိမ့်မည်မှာ ကေန်အမှန်ပင် ဖြစ်ပါသည်ဘုရား။ ဆရာတော်ဘုရားကြီးသည် သက်တော်ရာကျော် ရှည်ပါစေ။ တပည့်တော်တို့အားလည်း ဗောဓိဉာဏ်သို့ ဆိုက်ရောက်စေကြောင်း အကျင့်လမ်းကောင်းသို့ ညွှန်ပြပို့ဆောင်တော်မူနိုင်ပါစေ။ အတိုင်းမသိသော မေတ္တာတော်ဖြင့် ဘုရားတပည့်တော်တို့အား ကောင်းချီးမင်္ဂလာ ဝေနိုင်ပါစေဟု နိဂုံးချုပ်အားဖြင့် ဆုတောင်းပတ္ထနာ ပြုလိုက်ပါသည်။ ကျေးဇူးတော်ရှင် ဆရာတော် အရှင်သူမြတ်ကြီး ဘုရား"

တရားတော်ဖြင့် နေထိုင်ကြလျက်
အဖွဲ့ဝင်များ။
ဂရိယ ဗုဒ္ဓဆရစ်တီ ဆံဆဒ်။

---

၃။ ဦးချစ်တင်၊ သာသနာရေးဦးစီးဌာန ဘာသာပြန်သည်။

ဂရိယမြို့နှင့် ဂရိယမြို့ဝန်းကျင်ရှိ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့၏ ချီးဝုံပူဇော်ပွဲကြီးအပြီးတွင် မြန်မာနိုင်ငံတော် တောင်ပုလု သာသနာပြုအဖွဲ့ ဦးဆောင် ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေးဆရာတော်ဘုရားကြီး၏ ဂရိယမြို့နှင့် ဂရိယမြို့ဝန်းကျင်ရှိ သွေးချင်းဗုဒ္ဓဘာသာ အိန္ဒိယပြည်သူတို့အား သွန်သင်ပြသ ဆုံးမခဲ့သော ဓမ္မအနှစ်သာရကား ဤသို့ဖြစ်ပေသည်—

"အို တပည့်အပေါင်းတို့၊ အသက်ဂုဏ်ဝါ ကြီးမားသောသူတို့အား ချီးဝုံပူဇော်ကုန်သော၊ တရား၌ လိမ္မာ၍ အသက်ဂုဏ်ဝါ ကြီးမားသော သူတို့ကို ချီးဝုံပူဇော်ကုန်သော သူတို့သည် ယခု မျက်မှောက်၌ပင် ချီးဝုံထိုက်သူတို့ ဖြစ်ကြကုန်၏။ နောင်တမလွန်၌လည်း ကောင်းရာ သုဂတိသို့ လားရောက်ကြရကုန်၏"[1]

## ရွှေပြည်တော်သို့

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး ဦးဆောင်သော မြန်မာနိုင်ငံ တောင်ပုလုသာသနာပြုအဖွဲ့သည် အိန္ဒိယနှင့် အမေရိကန်နှစ်နိုင်ငံ သာသနာပြုခရီးများ ပြီးဆုံးပြီဖြစ်သဖြင့် အမိနိုင်ငံ ရွှေပြည်တော်သို့ မြန်မာ့ U.B.A,လေကြောင်းခရီးဖြင့် အိန္ဒိယနိုင်ငံ ကာလကတ္တားလေဆိပ်မှ အိန္ဒိယစံတော်ချိန် ၄-နာရီ၊ မိနစ် ၄၀-တွင် ပြန်လည်ထွက်ခွာခဲ့ကြသည်။

အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကို လေဆိပ်တွင် ဗုဒ္ဓဘာသာ အမေရိကန် ပြည်သူများသည် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့အား ဝိပဿနာမလှိုင် ကြံ့ခိုင်သော အကြည့်ဖြင့်ကြည့်ကာ ကျန်ရစ်ရှာကြသကဲ့သို့ ဗုဒ္ဓဘာသာ အိန္ဒိယ ပြည်သူများသည်လည်း ဝိပဿနာမကျိုင် ကြံ့ခိုင်သော အကြည့်ဖြင့်ကြည့်ကာ ကာလကတ္တားလေဆိပ်တွင် ကျန်ရစ်ရှာကြသည်။ ဗုဒ္ဓဘာသာ နှစ်နိုင်ငံပြည်သူများသည် ပုထုဇဉ်၏ လောကအမြင်တွင် အစဉ်ရှိစကောင်းသော ချစ်ဖူးသောရေစက် ပန္နက်ဖူးသော ခင်မင်ရင်းနှီးမှုကြောင့်

---

၁။ ဇာတကပါဠိ၊ ပ-တွဲ၊ ၉။

ဖြစ်ပေါ်ပေါက်ဖွားလာရသော ကြေကွဲမှု၊ ဆွေးမြေ့မှုသဘောတရားကို မည်သို့မျှ နားမလည်သည့် ဝိပဿနာမကျိုင် ကြံခိုင်သောအကြည့်များဖြင့် ကြည့်ကာ ကျန်ရစ်ရှာကြခြင်းဖြစ်သည်။

အိန္ဒိယနှင့် အမေရိကန် နှစ်နိုင်ငံ ဗုဒ္ဓဘာသာပြည်သူများသည် ခင်မင်ရင်းနှီးမှုများကြောင့် ဖြစ်ပေါ်ပေါက်ဖွားလာရသော ကြေကွဲမှု၊ ဆွေးမြေ့မှုများကို မည်သို့မျှ နားမလည်သည့် ဝိပဿနာမကျိုင် ကြံခိုင်သောခံယူချက်များဖြင့် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့အား ဝှဲချီးနိုင်ခဲ့ကြသည်။ ပူဇော်နိုင်ခဲ့ကြသည်။ ယင်းသို့ ဝှဲချီးနိုင် ပူဇော်နိုင်ခြင်း အကြောင်းမှာလည်း ယင်းသို့ ဝိပဿနာမကျိုင် ကြံခိုင်ခြင်းကာသာလျှင် ကမ္ဘာတဝန်းတွင် ဂေါတမဗုဒ္ဓသာသနာတော်ကြီး အစဉ်တည်ထွန်း၍ ကမ္ဘာသူကမ္ဘာသားများ ခန္ဓာဝန်ဇာတ်သိမ်းကာ အပြီးတိုင် ချုပ်ငြိမ်းနိုင်ကြမည်ဟူသော ယုံကြည်ရင်း ရှိသောကြောင့်ဖြစ်သည်။ ဝိပဿနာ ပညာဘန်ဆောင်ဆီမီးသည်ကား အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံ ဗုဒ္ဓဘာသာ ပြည်သူများသန္တာန်တွင် အစဉ်အားဖြင့် ထွန်းပြောင်နေရစ်မည်သာ ဖြစ်ပေသည်။

မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့ အနေဖြင့်လည်း အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံလေဆိပ်တွင် နှစ်နိုင်ငံ ဗုဒ္ဓဘာသာပြည်သူများအပေါ် မေတ္တာကမ္မဋ္ဌာန်းများ စီးဖြန်းနိုင်ခဲ့ကြသည်။ ဗြဟ္မစိုရ်တရားများ ပွားများနိုင်ခဲ့ကြသည်။ သောက၊ ဗျာပါဒထူးပြော၍ ဆင်းရဲကြော နှစ်မျောကြရသော နှစ်နိုင်ငံ ဗုဒ္ဓဘာသာပြည်သူများအပေါ်နှင့် ကမ္ဘာသူ ကမ္ဘာသားများအပေါ်၌ဖြစ်စေ၊ ကာယသုခ၊ စိတ္တသုခနှင့်ပြည့်စုံ၍ ကြည်သာရွှင်ပျကြသော နှစ်နိုင်ငံ ဗုဒ္ဓဘာသာ ပြည်သူများအပေါ်နှင့် ကမ္ဘာသူ ကမ္ဘာသားများအပေါ်၌ ဖြစ်စေ၊ ဆင်းရဲ၊ ချမ်းသာ နှစ်လွှာသော နှစ်နိုင်ငံ ဗုဒ္ဓဘာသာ ပြည်သူများအပေါ်နှင့် ကမ္ဘာသူ ကမ္ဘာသားများအပေါ်၌ ဖြစ်စေ မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့သည် ဗြဟ္မစိုရ်တရားများကို နက်နက်ရှိုင်းရှိုင်း ပွားများနိုင်ခဲ့ကြသည်။ နောက်ဆုံးတွင် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့သည်

---

၃။ စတုဓမ္မသာရ ကိုးခန်းပျို၊ ပိုဒ်ရေ-၄၂။

"သဗ္ဗေသတ္တာ၊ သတ္တဝါဟူ၊ နာနာလောက၊ အနန္တကို၊ ကမ္မသကာ၊ မှတ်ထင်ရာသည်၊ ယင်းသာဘူတဝါဒီတည်း" ဟူသော ကဗျာပါရဂူ အရှင်မဟာရဋ္ဌသာရ၏ စာသွားအတိုင်း နာနာလောက အနန္တလောကရှိ သတ္တဝါအားလုံးသည် ကံသာလျှင် မိမိဥစ္စာဖြစ်ချေသည်ဟူသော ဥပေက္ခာကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ခဲ့ကြသည်။ ဗုဒ္ဓဘာသာ နှစ်နိုင်ငံပြည်သူများအပေါ်နှင့် ကမ္ဘာသူ ကမ္ဘာသားများပေါ်တွင် ဗြဟ္မစိုရ်တရားများကို ဖော်ကျူးခြင်းဖြင့် ဝိပဿနာ တန်ဆောင်တိုင်ဆီမီးကို ညှိထွန်းနိုင်ခဲ့ကြသည်။ ဝိပဿနာ ပညာ တံခွန်ဖြင့် သစ္စာတရားကို အရရှာကာ ကမ္ဘာသူ ကမ္ဘာသားများ သောကကင်းဝေး ငြိမ်းချမ်းရေးရကြပါစေဟူ၍ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းနိုင်ခဲ့ကြသည်။

ဂေါတမဗုဒ္ဓ၏ ဓမ္မဘဏ္ဍာတိုက်မှ မဟာသတိပဋ္ဌာန် ဝိပဿနာတည်းဟူသော အဖိုးမဖြတ်နိုင်သော ရတနာ ပစ္စည်းများကို အမေရိကန်၊ အိန္ဒိယ နှစ်နိုင်ငံ ပြည်သူတို့အား ဝေငှဖြန့်ဖြူး၍ ရရှိလာခဲ့သော ဂေါတမဗုဒ္ဓကိုယ်စားလှယ်တော်များဖြစ်သည့် မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့၏ အောင်မြင်ချက်များကိုလည်း လက်မလွှတ်ချင်အောင် ဖက်တွယ်ထားမိသည်။ ဂေါတမဗုဒ္ဓ၏ ဓမ္မဘဏ္ဍာတိုက်မှ မဟာသတိပဋ္ဌာန် ဝိပဿနာ ပစ္စည်းရတနာများကို ပင်လယ်ရပ်ခြား ရပ်ဝေးဒေသတွင် အသက်နှင့်ခန္ဓာကို ပမာမထားပဲ ထုတ်ဝေဖြန့်ဖြူးခဲ့ရာမှ ရရှိလာခဲ့သော အမြတ်အစွန်းများကို နှစ်လို့အားရမ်း တလန်းလန်းဖြင့် ဝမ်းပန်းတသာ ပီတိဖြာမိကြရသည်။ ရရှိလာခဲ့သော အမြတ်အစွန်း အထုပ်အပိုးကလေးများကို နှစ်လိုအားရမ်း တစမ်းစမ်းဖြင့် ဝမ်းပန်းတသာ ပီတိဖြာမိရခြင်းနှင့်အတူ အဖန်ဖန်ကြည်နူး၍ ရွှင်မြူးသော စိတ်ဖြင့်လည်း ပြေကြည့်နေမိပြန်သည်။

မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့သည် အမေရိကန်တွင် ၃-လ နှင့် ရက် ၂၀-ကြာမျှ သာသနာပြုခဲ့ရာ ရဟန်းတော်ပေါင်း ၄၅-ပါး၊ သာမဏေပေါင်း ၁၅-ပါးနှင့် ရဓသ္မ ယောဂီပေါင်း ၃၀-ကျော်မျှကို ဝိပဿနာ အမွေအနှစ်ကိုသာမက သာသနာ့အမွေအနှစ်ကိုပါ ခံယူစေနိုင်ခဲ့သည်။ အခြားအခြားသော ဘာသာများမှ ထေရဝါဒ ဗုဒ္ဓဘာသာသို့

ကူးပြောင်းလာကြသူများ၏ ကိန်းဂဏန်းများကလည်း ရှစ်ရာကျော်မျှရှိကာ ထောင်ဂဏန်းသို့တိုင် ချဉ်းနင်းလျက် ရှိခဲ့သည်။ ယင်းတို့ကိုလည်း ဂေါတမ ဗုဒ္ဓ၏ ရတနာသုံးပါးနှင့် ကံ ကံ၏အကျိုးကို ယုံကြည်မှုဟူသော ဗုဒ္ဓဘာသာ အမွေအနှစ်ကို ပေးအပ်နိုင်ခဲ့လေသည်။ ထေရဝါဒ ဗုဒ္ဓဘာသာသို့ ကူးပြောင်း လာကြသူများ စာရင်းဇယားကို မမှတ်သားမိသော်လည်း သာသနာ့အမွေ အနှစ်ကို ခံယူကြသူ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများ၏ စာရင်းဇယား ကိုကား တစိတ်တဒေသ မှတ်သားမိခဲ့၍ ပြန်လှန်သုံးသပ်ယင်း ကြည်နူးနေမိ သည်။

မြန်မာနိုင်ငံ တောင်ပိုင်းလု သာသနာပြုအဖွဲ့သည် အိန္ဒိယနိုင်ငံတွင် တလနှင့် ၁၅-ရက်မျှ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဝေငှ ဖြန့်ဖြူးခြင်းဖြင့် သာသနာပြုခဲ့ရာ ရဟန်းတော်ပေါင်း ၁၄-ပါး၊ သာမ ဏေပေါင်း ၁၂-ပါးနှင့် တရားအားထုတ်သူ ယောဂီအပေါင်း သုံးရာကျော်မျှ ရှိခဲ့သည်။ မြန်မာနိုင်ငံသို့ လိုက်ပါလာသော အရှင်ဝေသာရဇ္ဇ ဘီ-အေ၊အေ-အေ သည် မြန်မာနိုင်ငံ တောင်ပိုင်းလုသာသနာပြုအဖွဲ့ အိန္ဒိယသာသနာပြု ခရီးစဉ်၏ သမိုင်းမှတ်တိုင်ကြီး ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသို့ လိုက်ပါလာသော ရသေ့မ ကလေး မဘေရီသည်လည်း အမေရိကန်သာသနာပြု ခရီးစဉ်၏ သမိုင်းမှတ် တိုင်ကြီးပင် ဖြစ်သည်။ ယင်းအမြတ်အစွန်းများကို ကြည့်ကာ အဖန်ဖန် ကြည်နူး၍ ရွှင်မြူးနေမိခြင်း ဖြစ်သည်။ ထိုမျှသာမက မြန်မာပြည်သူတို့နှင့် အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံပြည်သူတို့၏ လူမှုယဉ်ကျေးမှုနှင့် ဘာသာယဉ် ကျေးမှုနယ်ပယ်တွင် အပြန်ပြန်အလှန်လှန် နက်နက်ရှိုင်းရှိုင်း ချစ်ကြည် ရင်းနှီး ခဲ့ကြခြင်းသည်လည်း မြန်မာနိုင်ငံ တောင်ပိုင်းလု သာသနာပြုအဖွဲ့၏ အမြတ်အစွန်းတခုပင် ဖြစ်သည်။

ပင်လယ်ရပ်ခြားတွင် မြန်မာများမှအပ အခြားအခြားသော လူမျိုး များတွင် ကိုယ့်ဘာသာအလျောက် ကိုယ့်ကျောင်းကိုယ့်ကန်များ အသီးသီး ရှိနေကြပြီ။ တိဗက်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ သီဟိုဠ်၊ ဗီယက်နမ်၊ စသော ဗုဒ္ဓဘာသာနိုင်ငံများမှ ဗုဒ္ဓဘာသာဝင် လူမျိုးများသည် နတ်များဖန်

ရေကန်အသင့်ကြာအသင့် ဆိုသကဲ့သို့ သူတို့နိုင်ငံတော်၏ အားပေးချီးမြှင့်မှုဖြင့် ကိုယ့်ကျောင်း ကိုယ့်ကန်များနှင့် ရှိနေကြပေပြီ။ ယိုးဒယား၊ သီဟိုဠ်စသော နိုင်ငံသားများဆိုလျှင် တကျောင်းမက နှစ်ကျောင်း သုံးကျောင်းအထိပင် ရှိနေကြပြီ။ မြန်မာအမျိုးသားများ သော်ကား ကျောင်းကန်အငတ်ဘေးကြီးနှင့် နပန်းလုံးနေကြရဆဲ ဖြစ်သည်။ ယင်းကျောင်းကန် အငတ်ဘေးကြီးကိုလည်း တောင်ပုလု သာသနာပြုအဖွဲ့ ခံစားခဲ့ရသည်။ ပင်လယ်ရပ်ခြားမြန်မာများထံမှ "လူသေလို့ ငိုရတာထက် သရဏဂုံမတင်ရလို့ ငိုရတာကများသည်" ဟူသော စကားသံကို ကြားခဲ့ရသဖြင့် သူတို့အား ကရုဏာသက်ကာ တနေ့နေ့ တချိန်တချိန်တော့ဖြင့် ဖြစ်ကောင်း ဖြစ်လာပါလိမ့်မည်ဟု အားပေးနှစ်သိမ့်ခဲ့ရသည်။

မြန်မာနိုင်ငံ တောင်ပုလု သာသနာပြုအဖွဲ့၏ အောင်မြင်မှု ကျေးဇူးတရားကို ဆိုရာ၌ တကွေ့ဘာကောင့်တွင် ရပ်တန့်မနေပဲ တောင်ပုလု သာသနာပြုအဖွဲ့ သာသနာပြုရာ နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံဗုဒ္ဓဘာသာ ပြည်သူများဆီသို့လည်း စိတ်များက ကျေးဇူးစကား ဆိုမိနေပြန်ပါသည်။ တောင်ပုလု သာသနာပြုအဖွဲ့ နှစ်နိုင်ငံ သာသနာပြုခဲ့ရာတွင် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံဗုဒ္ဓဘာသာ သူတော်စင်တို့၏ ကြီးမားသော ကျေးဇူးတရားနှင့် စင်စစ်မကင်းသည်ကို တွေ့မြင်လာရပါသည်။

> စားခတော်နွေးနွေး၊ ခေါင်လွေးလွေ့တွင်၊ ဟင်းလေးသူကာ၊ ပေးလှာသသော်၊ အားရနှစ်သက်၊ စုံမက်တခု၊ ဝမ်းလှုလှုလျှင်၊ သာစုပျံ့ပျူး၊ ရိုက်သံကျူး၏။[1] —

ဟူသော အရှင်အဂ္ဂသမာဓိ၏ စကားကဲ့သို့ ကမ္ဘာတဝန်း ဂေါတမဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းလင်းစေလိုသော ဆန္ဒရှိနေချိန်တွင် ဂေါတမဗုဒ္ဓ သာသနာထွန်းကားရေးအတွက် အမေရိကန်နှင့် အိန္ဒိယသို့ ကြွရောက်၍ ဝိပဿနာပညာ ဖြန့်ဖြူးခြင်းဖြင့် သာသနာပြုပါရန် စကားကမ်းလှမ်း လာခဲ့ကြရာမှ ဝိပဿနာပညာ ဖြန့်ဖြူးရင်းသာ သာသနာပြုခွင့်ကို မြိန်မြိန်ရှက်ရှက်

---

၁။ နေမိငရဲခန်းပျို့၊ ပိုဒ်ရေ-၁၂၉။

ကြီး ရလိုက်ခြင်းကြောင့် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံဗုဒ္ဓဘာသာ ပြည်သူတို့ အပေါ် သာဓုခေါ်ခေါ်၊ ဩဘာပေးပေး၊ ကျေးဇူးဆိုဆို နှစ်လိုဝမ်းသာ ပီတိဖြာမိကြရပါသည်။

"ကျွန်မဘို့လေယာဉ်ကြီး မကြာမီမှာပင် ရန်ကုန်မြို့ မင်္ဂလာဒုံလေဆိပ်သို့ ဆိုက်ရောက်ပါတော့မယ်ရှင်"

အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံသာသနာပြုရာမှ ရရှိလာသော အမြတ်အစွန်းများအပေါ် ပြန်လည်ဆန်းစစ်ယင်း အတွေးနယ်ချဲ့နေစဉ် မိုက်ကရိုဖုန်းမှ ထွက်ပေါ်လာသော လေယာဉ်မယ်၏ ပီသကြည်မြလှသော အသံကြောင့် အတွေးပျက်ကာ စိတ်များက လေယာဉ်မယ် စေညွှန်းရာဆီသို့ကောက်ကောက်ပါအောင် လိုက်သွားပြန်ချေသည်။ ဟုတ်ပါသည်။ အောက်မြေပြင်ဆီသို့ ငေးမောကြည့်လိုက်မိရာ အောက်မြေပြင်တွင် ပြာပြာဝပ်လျက် ပုဝိုင်းဝိုင်း ရှည်လျားလျား မညီမညာ ရပ်တည်နေကြသော မြို့ရွာများ၊ ကွေ့၍ကောက်၍ မပြောင့်မတန်း စီးဆင်းနေသော မြစ်ချောင်းများနှင့် လမ်းကြီး၊ လမ်းငယ်များကို တွေ့မြင်နေရပြီ။ ယင်းသို့သော သဘာဝသဏ္ဌာန်များသည် ကိုယ့်အိမ်ကိုယ့်ရာ၏ သရုပ်သဏ္ဌာန်ကို ဖော်ကျူးနေဘိသို့ ရှိသည်။

အိမ်ရောက်ချိန်နီး၍ ဝမ်းသာရွှင်မြူးနေရော့ထင့်၊ လေယာဉ်မယ်၏ အသံသည် ရွှန်းရွှန်းဖတ်ဖတ် ရှိလှသည်။ အိမ်ပြန်ချိန်ဟူသော အနီးသို့သော အချိန်မျိုးတွင် လူကိုမဆိုနှင့်ဦး။ တိရစ္ဆာန်ပင် ဖြစ်လင့်ကစား အူမြူးတတ်ကြစမြဲ မဟုတ်ပါလား။ ပခုံးနှစ်ဖက်ကြား ခေါင်းပေါက်၍ အသိတရား တောင်သို့ကြွားသော လူသားရင့်ပါကြီးများ အဖို့မှာမူ အဘယ်သို့လျှင် အူပမြူးပဲ ရှိချိမ့်မည်နည်း။ သဘာဝတရားဟူသည် နိယာမတရားဖြစ်သည်။ နိယာမဖြစ်သော သဘာဝသည် မည်သည့်အခါမျှ ဟန်ဆောင်ရပ်မရှိချေ။ ဖြစ်ချိန်တန်လျှင် သဘာဝအတိုင်း ဖြစ်ပေါ်လာတတ်၍ ပျက်ချိန်တန်လျှင် သဘာဝအတိုင်း ပျက်စီးတတ်သည်။ ယခုလေယာဉ်မယ်၏ အူမြူးသံကြားမဆန်း။ အိမ်ပြန်ချိန်ဟူသော အနီးသို့သော အချိန်ကပင် အူမြူးချိန်တွင် အူမြူးလေ့

ရှိသော စိတ်၏နိယာမသဘောတရားကို ဖော်ထုတ်ပေးခဲ့သည် မဟုတ်ပါလား။

အနီးသို့သော အချိန်မျိုးတွင် ဆွေးစရာရှိသူတို့သန္တာန်မှ စိတ်၏ ပူဆွေးမှုနိယာမ သဘောတရားများက မေးရာပါအတိုင်း ပေါ်ပေါက်လာခြင်း၊ ကြည်နူးရွှင်မြူးစရာ ရှိသူတို့သန္တာန်မှ စိတ်၏ ကြည်နူးရွှင်မြူးမှု နိယာမ သဘောတရားများက ဟန်ဆောင်မှုကင်းမဲ့စွာ ထွက်ပေါ်လာခြင်းသည် သဘာဝကျသည်။ မျှော်လင့်စရာရှိသူတို့ သန္တာန်မှ စိတ်၏မျှော်လင့်မှုနိယာမ သဘောတရားများ တဖွားဖွား ပေါ်လာချေမည်။ လေယာဉ်မယ်၏ စိတ်အစဉ်သည် ကိုယ့်အိမ်နားနီးကပ်ပြီဖြစ်၍ အဘယ်မျှ ပျော်ရွှာတော့မည်နည်း။ မကြာမီတွင် မိဘဆွေမျိုးများနှင့် တွေ့ရတော့မည်။ တွေ့လျှင် ကရားရေလွှတ် တတွတ်တွတ် အဘယ်သို့ ပြောပြလိုက်မည်။ မည်သူတွေက ငါ့ကို စောင့်မျှော်ရှာကြရော့မည်။ မျှော်ရှာသူ ပန်းရှာတော့မည်ဟူသော စိတ်၏ နိယာမ သဘောတရားများက လေယာဉ်မယ်၏ ရွှန်းရွှန်းဖတ်ဖတ် ရှိလှသောအသံကို ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ကြောင့် လေယာဉ်မယ်၏ အူမြူးသံသည် ထူးလျက်ပင် မဆန်းခြင်းဖြစ်တော့သည်။

အိမ်ပြန်ချိန်ဟူသော အူမြူးချိန်သည် လေယာဉ်မယ်အားသာ ဂယက်ရိုက်ခတ်ခဲ့သည် မဟုတ်။ တောင်ပုလုသာသနာပြုအဖွဲ့ဝင် ကျွန်ုပ်အားလည်း ဂယက်ရိုက်ခတ်ခဲ့သည်။ တောင်ပုလုသာသနာပြုအဖွဲ့၏ သန္တာန်အသီးသီးမှာပင် ယင်း နိယာမသဘောတရားများက ပေါ်ပေါက်လျက်ရှိအံ့ထင်သည်။ အကြောင်းသော်ကား သာသနာပြုအဖွဲ့ အိန္ဒိယနိုင်ငံသို့ သာသနာပြု အကြွ ယိုးဒယားနိုင်ငံတွင် ခေတ္တဝင်ရောက်ရပ်နားစဉ် မြန်မာနိုင်ငံရှိ တောင်ပုလု ကပ္ပိယကာရကအဖွဲ့မှ သာသနာပြု အဖွဲ့အား ပြည်တော်ပြန်ခရီးတွင် ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုရန် ခွင့်ပြုတော်မူပါမည့်အကြောင်း ၂၅-၁၁-၇၈ နေ့စွဲပါ ခွင့်ပန်လွှာ ကြေးနန်းတစောင် ရရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

တောင်ပုလု သာသနာပြုအဖွဲ့၏ သာသနာပြုခရီးစဉ်သည် တောင်ပုလုတောရကမ္ဘာ့အေးရိပ်သာမှ စတင်ခဲ့၍ တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာ

မှာပင် ပြန်လည်အဆုံးသတ်ကြရတော့မည် မဟုတ်ပါလား။ ကြိုဆိုရန် ခွင့်ပန်လျှောက်ထားကြသည့် တောင်ပုလုကပ္ပိယ ကာရကအဖွဲ့သည် မကြာမီတွင် ဆိုက်ရောက်တော့မည့် မင်္ဂလာဒုံလေဆိပ်မှ စောင့်ကြို နေကြမည်မှာ သေချာလှသည်။ မျှော်လင့်ခြင်းနှစ်ခု၏ ညီမျှခြင်းသည် ပေါင်းစည်းခြင်းသာဖြစ်သည်။ မကြာမီတွင် ယင်းညီမျှခြင်းသရုပ်သကန်သည် အမှန်ပင်ပေါ်ပေါက်လာတော့မည်မှာ မလွဲမသွေဖြစ်သည်၊

သို့ဖြစ်၍ မှူးကြွလျက်ရှိသော စိတ်အစဉ်သည် မင်္ဂလာဒုံ လေဆိပ်နှင့် သော်လည်းကောင်း၊ ကြိုဆိုသူ တပည့်ဒကာများနှင့်သော်လည်းကောင်း၊ မိမိတို့ ကျောင်းကန်နေရာ ရပ်ဝန်းများနှင့်သော်လည်းကောင်း မရေမတွက်နိုင်လောက်အောင်ပင် အခေါက်ခေါက်အခါခါ ကူးလူးဆက်ဆံလျက် ရှိချေပြီ။ မျှော်ရှာသူ တပည့်ဒကာအပေါင်းက မိမိတို့အား စိုင်းဝန်း၍ မေးမြန်းလျှောက်ထားနေချေပြီ။ မိမိတို့သာသနာပြုအဖွဲ့ကလည်း သာသနာပြုခရီးစဉ်ဘလျှောက် သာသနာပြုလုပ်ငန်းဆိုင်ရာ အောင်မြင်ချက်များကို ပါးစပ်မှ ကရားရေလွှတ်သလို တတွက်တွတ် ပြောဆိုနေမိချေပြီ။

အိမ်ပြန်ချိန် ဟူသောအခါမျိုး၌ သတ္တဝါများသန္တာန်တွင် စိတ်၏ဖြစ်မြဲနိယာမ သဘောတရားများအရ ရှင်မှူးစိတ်ကလေးများနှင့်အတူ စိတ်ကူးယဉ်နေမိစဉ် လေယာဉ်ငြိမ့်ကနဲဖြစ်သွား၍ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ရာ စက္ကူနှစ်ကွင်းတွင် မင်္ဂလာဒုံလေဆိပ်ကြီးက အထင်းသား ပေါ်လာလေတော့သည်။

တောင်ပုလု သာသနာပြုအဖွဲ့သည် ၁၉၇၀-ခုနှစ်၊ ဩဂုတ်လ ၁-ရက်နေ့တွင် မင်္ဂလာဒုံလေဆိပ်မှ အမေရိကန်သို့ စတင်ထွက်ခွာ၍ ၁၉၇၉-ခုနှစ်၊ ဇန္နဝါရီလ ၉-ရက်နေ့၊ ၃-နာရီ ၁-မိနစ်အချိန်တွင် ရန်ကုန်မင်္ဂလာဒုံလေဆိပ်သို့ ပြန်လည်ဆိုက်ရောက်ခဲ့ပါသတည်း။

တောင်ပုလု၏ ဗုဒ္ဓသာသနာပြု အိန္ဒိယခရီး

ဤတွင် ပြီးဆုံး ပါပြီ။

ကမ္ဘာ့သာသနာပြု

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီးအား

# ကြိုဆိုဂုဏ်ပြု ပူဇော်ခြင်း

---

## နမော တိရတနာယ

သာသနာပြုအဖွဲ့ကို သယ်ဆောင်လာသောမီးရထားကြီးသည် သာစည်ဘူတာသို့ စက်ရှိန်သတ်၍ ဝင်စပြုနေပါပြီ။ နာရီကိုကြည့်လိုက်ရာ နာရီလက်တံများက နံနက် ၅-နာရီ ရှိပြီဖြစ်ကြောင်း ကောင်းစွာ ပြသလျက်ရှိသည်။ လတကာတွင် နေ့တာတို၍ ညတာရှည်သော လပြာသို၏ နံနက် ၅-နာရီ ဟူသော အချိန်သည် မြန်မာပြည်သူတွေ မြောက်လေညင်းကလေးနှင့် အတူ အိပ်မောကျနေဆဲ အချိန်ဖြစ်သည်။

သို့ဖြစ်လင့်ကာစား မြောက်လေညင်းကြောင့် အအေးပြင်းလျက်ရှိသော လပြာသို၏ နံနက် ၅-နာရီ ဟူသောအချိန်တွင် သာစည်ဘူတာ၏ လှုပ်ရှားမှုသည် အခါတိုင်းဖြစ်မြဲထက် ပိုလွန်လှုပ်ရှားနေသည်ဟု ဆိုရချိမ့်မည်။ မီးရထားကြီးသည် ရှေ့ဦးဆီမှ လှုပ်လှုပ်သဏ္ဍာန်များ သတိ အနေအထားရှိစေရန် ဥဩဆွဲ၍ ဆွဲ၍ သတ်မှတ်ထားသည့် စင်္ကြံသို့ တဖြေးဖြေးချင်း ဝင်လျက်ရှိသည်။

စင်္ကြံနှင့်နီးကပ်လာသည်နှင့်အမျှ စင်္ကြံဦးတွင် လပြာသို၏ မြောက်လေညင်းကလေးနှင့်အတူ တဖျပ်ဖျပ် လွင့်လူးနေသော သာသနာ့ အောင်လံတော်ကြီးကလည်းကောင်း၊ ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီးအား ကြိုဆိုဂုဏ်ပြု ပူဇော်ပါ၏ ဟူသော မှန်ဦးနဖူးစည်း စာတန်းကြီးကလည်းကောင်း သာစည်ဘူတာတွင် မအိပ်မနေ

လှုပ်ရှားနေကြသော ဗုဒ္ဓဘာသာမြန်မာသူတော်စင်တို့၏ တက်ကြွသော သဒ္ဓါနှင့် ဝီရိယကို ကောင်းစွာဖော်ထုတ်ပေးလိုက်ပြီ ဖြစ်သည်။

မယ်ညိုတောင်တန်း စခန်းကိုခြုံ၊
တောင်ပုလုကျော မှိုင်တောရဂုံ၊
လူမနေ့ာတဲ့ သည်တောရဂုံ၊
အမြတ်ဆုံး ကျင့်သုံး ရှုဘင်စုံ[၁]။

ရှုဘင်တေရည် ကျင့်မြတ်ဆောက်တည်၊
ကိုယ်နှင့်အသက် ငဲ့ကွက်မရည်၊
အကျင့်ပြင်းလို့ ပွံ့သင်းဝေစည်၊
မြို့ပြည်တွင်း ထိန်လင်း ကျော်ခဲ့သည်။

မြန်မာပြည်မှ မကပါပြီ၊
တကမ္ဘာလုံး ခြိမ့်အုံးကျော်ညီ၊
ရှုဘင်ကျိုးနဲ့ တန်ခိုးစီရီ၊
အောင်မြင်မှု ဂုဏ်ပြု ဆိုဖွဲ့သီ[၂]။

မိုးရထားကြီး စက်ရှိန်သတ် ရပ်နားလိုက်ခြင်းနှင့်အတူ ကျေးဇူးရှင် တောင်ပုလုဆရာတော်ဘုရားကြီး၏ ဂုဏ်တော်ဘွဲ့ ရင့်ကျူးသံများသည် ဗုဒ္ဓဘာသာ သူတော်စင်တို့၏ ရွှေနားပန်တွင် မြောက်ခလပြန်နှင့်အတူ ခလျက်ရှိသည်။ တောင်ပုလုသာသနာပြုအဖွဲ့သည် ယခုစတင်တော့မည့် ပူဇော်ပွဲကြီးကဲ့သို့သော ပူဇော်ပွဲကြီးမျိုးကို ၁၉၇၉-ခုနှစ်၊ ဇန္နဝါရီ ၉-ရက်နေ့ ရန်ကုန် မင်္ဂလာဒုံလေဆိပ် လေယာဉ်ဆင်းသက်စဉ်ကပင် ချီးမြှင့်ခံခဲ့ရပြီး ဖြစ်သည်။ ဦးသာဒင် (ဥက္ကဋ္ဌ)၊ ဦးမောင် (ဒုတိယဥက္ကဋ္ဌ)၊ ဦးဘသင် (ဒုတိယဥက္ကဋ္ဌ)၊ ဦးရွှေလူ (အတွင်းရေးမှူး)၊ ဦးဘောင်လုံး (ငွေထိန်း)၊ ဦးကျော်စိန် (စာ

---

၁။ မလှိုင်၊ ကဗျာ့ဝိဒူရေး
၂။ ဝိုင်၊ အုန်း၊ ဘီ၊ အေ အရှင်ဝိသုတာဘိဝံသ ရေးသည်။

ရင်းစစ်)၊ ဦးဟန်တိုး၊ ဒေါ်အေးကြည်၊ ဦးအုံ့ကျော်၊ ဦးသိန်းအောင်၊ ဦးမောင်ကြီးတို့အားလုံး စုံညီပါရှိသည့် တောင်ပုလု ကပ္ပိယကာရကအဖွဲ့နှင့် ဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်) စသော ရန်ကုန်တပည့် ဒါယကာ၊ ဒါယိကာမတို့၏ ပူဇော်ပွဲကြီးဖြစ်သည်။ ထိုစဉ်က လူထု ပရိသတ်ကြီးသည် မင်္ဂလာဒုံလမ်းကြီးတလျှောက်မှ ဒူးဘန်းလမ်း ဦးဟန်တိုး၊ ဒေါ်သန်းကြွယ်တို့၏ နေအိမ်မင်္ဂလာ စံကျောင်းတော်အထိပင် ဖြစ်ခဲ့သည်။ ကမ္ဘာ့ သာသနာပြု ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ယာဉ် ဖြတ်သန်းနေစဉ် အခြားလမ်းသွယ်များမှ ယာဉ်များ ဖြတ်သန်းခြင်းမပြုပဲ ရပ်တန့်ဖူးမြော်ကြသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အစဉ်အလာတွင် ဤမျှ များပြားသော ကားတန်းကြီးနှင့် လူထုပရိသတ်ကြီးကို စပ်စပ် နှစ်ခြိုက်တော်မူခြင်း မရှိခဲ့ချေ။ သို့တစေ တောင်ပုလုကပ္ပိယကာရကအဖွဲ့၏ လျှောက်ထား အသနား ခံမှုကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက သည်းခံ ချီးမြှင့်တော်မူမည် ဖြစ်ကြောင်း ၁၉၇၉-ခုနှစ်၊ ဇန်နဝါရီလ ပထမပတ်အတွင်း အိန္ဒိယနိုင်ငံ၌ ရှိစဉ်ကပင် အကြောင်းပြန်ကြားတော်မူခဲ့သည်။ ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် မူလနှလုံးသွင်း မည်သို့ရှိစေကာမူ တပည့်ဒါယကာ၊ ဒါယိကာမတို့၏ စေတနာနှင့်သဒ္ဓါကို အထူးအလေးအနက်ထားကာ ရန်ကုန် တပည့် ဒါယကာ၊ ဒါယိကာမတို့၏ ကြိုဆိုဂုဏ်ပြုပူဇော်ပွဲကို ချီးမြှင့်တော်မူခဲ့ပြီး ဖြစ်သည်။ ယခုလည်း သာစည်နှင့် မိတ္ထီလာဒါယကာ၊ ဒါယိကာမတို့၏ ကြိုဆိုဂုဏ်ပြုပူဇော်ပွဲကို မလွဲမသွေ ချီးမြှင့်ရပြန်ပေပြီ။

---

စံဌာနီဟောင်း ပြန်ပြောင်းကြွလာ၊
တပည့်အများ ရှင်အားပိုကာ၊
သောင်းသောင်းဖြဖြ ကြိုကြသူငါ၊
ဆုမွန်တောင်း အောင်ကြောင်း မြတ်ဆရာ*။

---

*။ ဝိုင်၊ အမ်၊ ဘီ၊ ဓမ္မ အရှင်ဝိသုတာဘိဝံသ ရေးသည်။

အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံ သာသနာပြုရာမှ မူလစံဌာနီဟောင်းသို့ ပြန်ပြောင်းကြွချီတော်မူလာသော ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုံ ဆရာတော်ဘုရားကြီးအား တပည့်အများက နှစ်ထောင်းအားရ ရှိကြပါ၍ ချီးကျူးသြဘာ ထောမနာပြုကာ သောင်းသောင်းဖြဖြ လာရောက်ကြိုဆိုလျက် ရှိပါသည်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်တော်မူ၍ အမှန်တရား ဝေငှတော်မူနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာ ပြုလျက်ရှိပါသည်ဟူသော ဓမ္မစကြာအသင်းများ ရွတ်ဖတ် ပူဇော်ကျူးသီခနကြသည့် ဓမ္မဂီတသံသည် အလွန်တရာအေးမြလှသည့် လပြာသိုဏ်မြောက်လေညင်းကိုပင် မေ့ပျောက်ပါစေတော့သည်။

သာသနာပြုအဖွဲ့အား ရထားတွဲပေါ်မှာပင် သာစည်နှင့် မိတ္ထီလာနှစ်မြို့နယ်မှ ကြိုဆိုဂုဏ်ပြု ပူဇော်ရေးအဖွဲ့ဝင် ပုဂ္ဂိုလ်များက ပူဇော်ပွဲ အစီအစဉ်များကို နာရီဝက်ခန့်မျှ လာရောက်လျှောက်ထားကြသည်။ မိတ္ထီလာမြို့မှ ကြိုဆိုဂုဏ်ပြုပူဇော်ရေးအဖွဲ့တွင်—

ဦးဘထူး နာယက (မိတ္ထီလာမြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌ)၊

ဗိုလ်မှူးမောင်သန်း ဥက္ကဋ္ဌ(မိတ္ထီလာမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ)၊

ဦးထွန်းလွင် ဒု-ဥက္ကဋ္ဌ(မြို့နယ်ပြည်သူ့ကောင်စီ အတွင်းရေးမှူး)၊

ဆရာဆင့် ဒု-ဥက္ကဋ္ဌ (ရွှေမြင်မိ ဂေါပက၊ မြန်မာသမားတော်၊ ဒဟတ္တန်း)၊

ဦးညိုမြ ဒု-ဥက္ကဋ္ဌ (ရန်အောင်မြင်ဂေါပက၊ ဈေးရပ်)၊

ဦးညွန့် အတွင်းရေးမှူး (ဆုတောင်းပြည့် ဂေါပက၊ မော်ကွန်းဝင် ပထမဆင့်၊ ပန်းထိမ်တန်းရပ်)၊

ဦးလှထွန်း တွဲဘက် အတွင်းရေးမှူး(၁) (ဓမ္မာရုံဂေါပက၊ ပေါင်းချောင်းရပ်)၊

ဦးစံငွေး တွဲဘက်အတွင်းရေးမှူး (၂) (ရွှေမြင်မိ ဂေါပက၊ ဒဟတ္တန်း)၊

ဦးခင်မောင်ဝင်း ငွေထိန်း (ဆုတောင်းပြည့် ဂေါပက၊ ပုန်းထိမ် တန်းရပ်)၊

ဦးကျော်ဝင်း စာရင်းစစ် (၁) (ဆုတောင်းပြည့် ဂေါပက၊ ပန်းထိမ်တန်းရပ်)၊

ဦးကျော်ငြိမ်း စာရင်းစစ် (၂) (ရွှေမြင်မိ ဂေါပက၊ ဒဟတ္တန်းရပ်) စသည်တို့ ပါဝင်ကြသည်။

သာသနာပြုအဖွဲ့သည် တနာရီခန့် ပူဇော်ခွင့်ရသော သာစည်မြို့ ကြိုဆို ဂုဏ်ပြုပူဇော်ရေးအဖွဲ့၏ ယာဉ်အသီးအသီးပေါ်သို့ ၅-နာရီ၊ မိနစ် ၃၀-တွင် ကြွရောက်ကြရကာ တဆက်တည်းမှာပင် သာစည်မြို့ ဒါယကာ ဒါယိကာမ တို့၏ ပူဇော်မှုကို ချီးမြှင့်ရန် သာစည်ရေလယ်ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲ အခမ်းအနား မင်္ဂလာမဏ္ဍပ်တော်သို့ ကြွကြရသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ပူဇော်ဖူးမြော်ရန် ငံ့လင့်စောင့် စားနေကြသည့် ဗုဒ္ဓဘာသာ သူတော်စင် ပရိသတ်ကြီးသည် လမ်းတလျှောက် တွင် ခေါင်းချင်းထပ် ကိုယ်ချင်းညပ်လျက် ငံ့ချေသည်။ နံနက် ဝေလီဝေလင်း ဖြစ်နေ၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကားကို သဲကွဲစွာ မမြင်ရသဖြင့် အများ ဦးချကန်တော့ရာသို့ ဦးချကန်တော့နေကြသော အဖိုးကြီး၊ အဖွားကြီး များကိုလည်း လမ်းတလျှောက်တွင် တွေ့မြင်ခဲ့ရသည်။ သာသနာပြုအဖွဲ့သည် နံနက် ၅-နာရီ၊ ၄၅-မိနစ်တွင် ရေလယ်ကျောင်းအတွင်းရှိ ပူဇော်ကန်တော့ခံ မင်္ဂလာမဏ္ဍပ်တော်သို့ ရောက်ရှိသွားကြသည်။ သာစည် ပူဇော်ရေးအဖွဲ့၏ ဆွမ်းကို သာသနာပြုအဖွဲ့ ဘုဉ်းပေးကြရသည်။ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် တဆက်တည်း သာစည်မြို့ ဒါယကာ၊ ဒါယိကာမတို့၏ ပူဇော်ကန်တော့ခြင်းကို ခံယူရကြသည်။

ပူဇော်ကန်တော့ပွဲတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက သာစည်မုဒ္ဒဘာသာ သူတော်စင်တို့အား သရဏဂုံနှင့် ငါးပါးသီလ အကျိုးတရားများကို ချီးမြှင့်တော်မူခဲ့သည်။ ယင်းနေ့နံနက် ၇-နာရီတွင် ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ရုပ်သိမ်းကာ အသင့်စောင့်ဆိုင်းနေသော မိတ္ထီလာမြို့ ကြိုဆိုဂုဏ်ပြုပူဇော်ရေး အဖွဲ့၏ ကားများပေါ်သို့ တပါးလျှင် တစီးကျ ကြွရောက် ချီးမြှောက်ကြရသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကား ပန်းများမွမ်းမံ ဆင်ယင်ထားသော ဦးဘသာကားပေါ်တွင် သီတင်းသုံး ချီးမြှင့်ရသည်။

သာသနာပြုအဖွဲ့သည် မိတ္ထီလာမြို့ ကြိုဆိုဂုဏ်ပြု ပူဇော်ရေးအဖွဲ့ ပင့်ဆောင်ရာသို့ ၈-နာရီ တိတိတွင် ကြွချီလိုက်ပါကြရသည်။ ကားစင်းရေ ၁၃၀-တိတိ ပါဝင်သည်။ သာသနာပြုအဖွဲ့၏ရှေ့တွင် ပန်းဆိုင်း စည်တော်ကြီးနှင့် လမ်းရှင်း မော်တော်ဆိုင်ကယ် ၅-စီး၊ သာသနာပြုအဖွဲ့၏ နောက်တွင် ယာဉ်ထိန်းရဲအဖွဲ့၊ သံဃာတော် ၂၀၀၊ ဓမ္မစကြာအဖွဲ့ ၁၆-ဖွဲ့နှင့် လူထုပရိသတ် ၃၅၀၀-ပါဝင်သည်။ ရဟန်းရှင်လူ ပရိသတ်ကြီးသည် ကားအသီးသီးမှလိုက်ပါ၍ ပူဇော်ကြသည်ကို တွေ့ရှိရသည်။ ယင်းမော်တော်ယာဉ် ၁၃၀-ဖြင့် မိတ္ထီလာမြို့တွင်း လှည့်လည်အပူဇော်ခံ၍ ထီးသုံးဆင့် အောင်မင်္ဂလာရုံတော်ကြီးတွင် ဂုဏ်ပြုအပူဇော်ခံရန် ဖြစ်လေသည်။

"ထော်လော်ခုန့်လုန့်၊ မြေမှုန့်မြေကြမ်း၊ ခရီးလမ်း၌၊ သာချမ်းဆုံစေ၊ လွဲပယ်လေလျက်၊ ပဒုမောက္ကန်းပေါ်၊ မြတ်နုဘော်ဖြင့်၊ ရှင်တော်မှန်စင်၊ ငါ့သခင်ကို၊ စက်ရှင်မြတေ၊ ကြွသာစေဟု၊ ဝေးမြေတပါး၊ ဖဲခွဲရွား၍၊ ပြန်သွားမငြီး၊ သဲမွှေနှီးသည်။ ။ခရီးသာစွမှန်ပြီတည်း[၁]"

ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွရာမှ ပေါက်ဖွားလာသော ပေလေးပင် ရှင်လေးပါးသိုက်ဝင် ရှင်အုန်းညို၏ စာပန်းချီဖြစ်သည်။ ယခုလည်း ဤနှင့်မခြား သာစည်နှင့် မိတ္ထီလာ ၁၃-မိုင်ဟူသော ခရီးအကြား၌ ကမ္ဘာ့သာသနာပြု အရှင်မြတ်များ ချမ်းသာစွာ

---

၁။ ဂါထာ၄ခြောက်ဆယ်ပျို့၊ ပိုဒ်ရေ-၁၂။

ကြွကြွပါစေဟူသော စောဘနာ်သဒ္ဒါဖြင့် လပြာသို၌ ၈-နာရီ၊ ၉-နာရီဟူသော အချိန်တွင် ကျောကွဲပတတ် ပူဟုန်ပြင်းလှသော ဖန်သူရိန် နေမင်း၏ အပူငွေ့များသည် မြောက်လေညှင်းကလေးနှင့်အတူ လွင့်ပျောက်ခဲ့ပြီဖြစ်ရကား ဖူးသာ ပူဇော်သာသော ခရီးမှန်ကြီး ဖြစ်ခဲ့လေပြီ။

ပူဇော်ရေးအဖွဲ့၏ ယာဉ်စုသည် မိတ္ထီလာမြို့တံခါးဖြစ်သည့် ချည်စက်သို့ ရောက်လေပြီ။ ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီးအား ကြိုဆိုဂုဏ်ပြု ပူဇော်ပါ၏ဟူသော စာတန်းနှင့် မုခ်ဦးပြာသာဒ်ကြီးသည် အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံ သာသနာပြုအဖွဲ့ ဦးဆောင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကို အထင်းသား ပေါ်စေလျက် ရှိသည်။ ပူဇော်ပွဲ အစအဆုံး ယင်းသို့သောမုခ်ဦးပေါင်း ၂၂-ခုရှိသည်။ "အများ အများ၊ ထပ်လတ်ပွား၍၊ မအားခြေချ၊ တိုးကြဦးစီ၊ ကိုယ်ချင်းမှီလျက်" ဟူသော ရှင်အုန်းညို၏ စာပန်းချီကဲ့သို့ သာစည်မှ မိတ္ထီလာချည်စက် အထိ လမ်းဘေးဝဲယာ တိုးဝှေ့ဖူးမြော် ပူဇော်ကြသူ ဗုဒ္ဓဘာသာ သူတော်စင် နှစ်သောင်းခန့်သည် ခြေချင်းထပ်၍ ကိုယ်ချင်းညပ်လျက် ရှိခဲ့သည်။

ချည်စက်လုပ်သား တပည့်ဒါယကာ၊ ဒါယိကာမတို့၏ လျှောက်ထား အသနားခံမှုကြောင့် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင်ဆရာတော် ဘုရားကြီးသည် တပါးတည်း ကားဖြင့် ချည်စက်ကြီးကို လက်ျာရစ်လှည့် တပတ်ပတ်ကာ ပရိတ်ရွတ်ဖတ်၍ အန္တရာယ်များ ကင်းရှင်းစေခဲ့သည်။

သာသနာပြုအဖွဲ့ကို ပင့်ဆောင်လာသည့် ပူဇော်ရေးအဖွဲ့၏ ယာဉ်စုသည် မိတ္ထီလာမြို့သို့ ဝင်ပါပြီ။ ရှေ့ဆုံးမှ ဦးဆောင်လျက်ရှိသော ပန်းဆိုင်းစည်တော်ကြီးသည် ဗုဒ္ဓဘာသာ သူတော်စင်များ ကမ္ဘာ့သာသနာပြု အဖွဲ့အား ဖူးမြော်ပူဇော် ကန်တော့နိုင်ရန် ကောင်းချီးနှုမော် ကြွေးကြော်လျက် ရှိလေသည်။

"အလှန်တရာ၊ ဘယ်ဆရာ၌၊ အခါနိစ္စ၊ အာဝါသလျက်၊ ဆုံးမခံခံ၊
သုံးပါးကံဖြင့်၊ နှံမိလှည့်ပြား၊ စီးပွားအင်ခြိုက်၊ ကြိုက်ကြိုက်လည်လည်၊

အခြည်မြတ်နိုး၊ တန်ခိုးအဟုန်၊ ဂုဏ်နှင့်မကွာ၊ သဒ္ဓါချက်ချက်၊ကျေးဇူး နက်သည့်၊ ထေက်တေူ၊ အဘယ်သူအား၊ မြတ်မူစင်စစ်၊ ပူညခေတ်ဟု၊ နှစ်နှစ်လိုလို့၊ အဘယ်သို့လျှင်၊ သင်တို့တကာ၊ တံထွာမြဲဆုံး၊ ရှေးကျင့် ထုံးဖြင့်၊ နလုံးတချောင်း၊ ကြံမိရှောင်း၍၊ အပေါင်းများစွာ၊ ဤရပ် ရာ၌၊ ဗိုလ်ပါသို့စင် စည်သနည်း[၁]”

မြန်မာစာပေ ဖခင်ကြီးဖြစ်သည့် ရှင်မဟာ သီလဝံသ၏ စာပန်းချီဖြစ် သည်။ ဂေါတမဗုဒ္ဓအလောင်း သုမေဓာရှင်ရသေ့သည် ရမ္မာဝတီပြည်သို့ ကောင်းကင်ခရီး စျာန်ဟုန်စီး၍ ကြွချီခဲ့ရာ ဒီပင်္ကရာဘုရားရှင်အား ပင့်ဖိတ်ရန် လမ်းပြင်နေကြသည့် ရမ္မာဝတီပြည်သူများကို တွေ့မြင်၍ မေးမြန်းဟန်ကို စာဆိုတော် ရှင်မဟာသီလဝံသက ဤသို့လျှင် စာပန်းချီ ဖွဲ့သထားခဲ့သည်။ ယခုလည်း မြို့တွင်းတမုခ်မှ တမုခ်သို့တိုင် ကမ္ဘာ့သာသနာပြုအဖွဲ့အား အဆက် မပြတ် ရိုကျိုးနေကြသည့် ရှစ်သောင်းခန့်ရှိ ဗုဒ္ဓဘာသာ သူတော်စင်ပရိသတ် ကြီးအား ဤနှယ်မေးမြန်းလိုက်ချင်ပါသည်။

---

“ယုံကြည်မှု သဒ္ဓါရှိသူ၊ ကျင့်မှု သီလနှင့် ပြည့်စုံသူ၊ အခြံအရံ ပရိသတ်ရှိသောသူ၊ စီးပွားဥစ္စာနှင့် ပြည့်စုံသော သူသည် ရောက်လေ ရာရာ အရပ်တိုင်းတွင် ပူဇော်အပ်သူ ဖြစ်၏။[၂]”

ဗုဒ္ဓ၏ အဆိုအမိန့် ဖြစ်သည်။ ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင် ပုလုတောရ ကမ္မာဌာန်းဆရာတော်ဘုရားကြီးသည်ကား ယုံကြည်မှု သဒ္ဓါရှိသူ ဖြစ်သည်။ ကျင့်မှု သီလတည်းဟူသော ဓုတင်သီလတော်မြတ်များနှင့်လည်း ပြည့်စုံသည်။ရဟန်းတပည့်၊လူတပည့်တည်းဟူသော တပည့်တပန်းအခြံအရံများ လည်းရှိသည်။ သမထ၊ ဝိပဿနာ ပညာတည်းဟူသော ဓမ္မဘဏ္ဍာ ဓမ္မရတနာ ဓမ္မဥစ္စာများလည်း ရှိသည်။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ယင်း ဓမ္မ

---

၁။ ဆုတောင်းခန်းပျို့၊ ပိုဒ်ရေ-၁၃၃။

၂။ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ။ ၃၀၀။

ဘဏ္ဍာ ဓမ္မရတနာ ဓမ္မဥစ္စာများကိုလည်း အိန္ဒိယ၊ အမေရိကန် နှစ်နိုင်ငံ ဗုဒ္ဓဘာသာ သူတော်စင်တို့အား ဝေငှဖြန့်ချီခဲ့သူဖြစ်၍ ရောက်လေရာရာ နေရာတိုင်းတွင် ပူဇော်မှုကို ခံယူရသည်ချည်း ဖြစ်သည်။

ယခုလည်း နိုင်ငံရပ်ခြား တိုင်းတပါးတွင် ကိုယ်နှင့် အသက် မငဲ့ကွက်ပဲ ဓမ္မဘဏ္ဍာ ဓမ္မရတနာ ဓမ္မဥစ္စာများကို စွမ်းစွမ်းတမံ ဝေငှတော်မူခဲ့သော ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား မိတ္တိလာမြို့ ဗုဒ္ဓဘာသာသူတော်စင် ရပ်သောင်းတို့က ရပ်ကွက်တိုင်းတွင် မုခ်ဦးများဖြင့် မုခ်ဦးများအလိုက် ထီးခြင်းငါးပါးဖြင့် လက်အုပ်ချီမိုး ရှိခိုးပူဇော်ကန်တော့ကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့တွင် ကျောင်းသားသူငယ်များမှအစ သက်ကြီးရွယ်အိုအထိ ပါဝင်၍ မတ်တတ်ရပ်ပြီး ရှိခိုးသူ၊ ကြောင်ငေးနေသူဟုပင် မရှိသည့်အပြင် ဘာသာခြားအချို့ကပင် ရှိခိုးကန်တော့နေသည်ကိုလည်း တွေ့ရပေသည်။

သာသနာပြုအဖွဲ့သည် မိတ္တီလာပူဇော်ရေးအဖွဲ့၏ ပူဇော်ရာ မင်္ဂလာမဏ္ဍပ်တော်ဖြစ်သည့် ထီးသုံးဆင့် အောင်မင်္ဂလာရုံတော်ကြီးသို့ ယင်းနေ့ နံနက် ၁၀ နာရီတွင် ရောက်ရှိသွားကြသည်။ သာသနာပြုအဖွဲ့သည် နောက်ပါသံဃာတော် ၂၀၀-နှင့်တကွ အောင်မင်္ဂလာရုံတော်ကြီးအတွင်း ပူဇော်ကန်တော့ခံ စင်မြင့်အထက်မှာပင် ဆွမ်းကိစ္စများ ပြီးစီးစေကြရသည်။ နံနက် ၅-နာရီမှ နံနက် ၁၂ နာရီအထိ ၇-နာရီတိုင်တိုင် တောက်လျှောက်ချီးမြှင့်ခဲ့ရသဖြင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ပင်ပန်းတော်မူရကား ပူဇော်ပွဲအခမ်းအနားကို ခေတ္တရပ်ဆိုင်းထားရသည်။

ဇန္နဝါရီလ ၂၁-ရက်နေ့ ညတွင် ပူဇော်ပွဲအခမ်းအနားကို ပြန်လည်စတင် ကျင်းပကြပြန်သည်။ ဓမ္မာသနပလ္လင်ပေါ်သို့ ကြွရောက်ချီးမြှင့်တော်မူသော ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဂုဏ်တော်ဘွဲ့ ရှစ်လုံးဘွဲ့ မြန်မာကဗျာများဖြင့်လည်းကောင်း၊ ဂုဏ်တော်ဘွဲ့ ဂါထာဗန္ဓများဖြင့်လည်းကောင်း ဂုဏ်ပြုဖတ်ကြား ပူဇော်ကြသည်။ ကြိုဆိုဂုဏ်ပြု ပူဇော်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဗိုလ်မှူးမောင်သန်းကလည်း ဆရာတော်ဘုရားကြီးအား ဂုဏ်ပြုလွှာဖြင့် အောက်ပါအတိုင်း လျှောက်ထား ဖတ်ကြားဂုဏ်ပြုသည်။

ကမ္ဘာ့သာသနာပြု
ကျေးဇူးရှင်တောင်ပုလု ကမ္ဘာအေး ဆရာတော်ဘုရားကြီးအား
လျှောက်ထားဂုဏ်ပြုလွှာ

အရှင်သူမြတ်ကြီးဘုရား—

ဆရာဗုဒ္ဓ၏ အမှန်တရားများ ကမ္ဘာတဝန်းလုံး ပြန့်ပွားစေရန်နှင့် ထူပြောလှသော ကမ္ဘာသူ ကမ္ဘာသားတို့ သန္တာန်တွင် ပြည့်လျှမ်းလှသည့် သောက ဗျာပါဒမီးများ ချုပ်ငြိမ်းစေရန် ရည်သန်၍ တရားပြခြင်း၊ တရားဟောခြင်း၊ ရှင်ပြုပေးခြင်း၊ ရဟန်းပြုပေးခြင်းများဖြင့် အိန္ဒိယ၊ အမေရိကန်နှစ်နိုင်ငံတွင် အမှန်တရားများ မီးရှူးတန်ဆောင် ထွန်းပြောင်စေရေးဆိုင်ရာ လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်တော်မူလာသည့် အရှင်သူမြတ်ကြီးအား ယခုကဲ့သို့ ကြီးဆိုဂုဏ်ပြု ပူဇော်ခွင့်ရခြင်းသည် တပည့်တော်များ လွန်စွာ ကံကောင်းထောက်မ၍ ရသည်ဟု ယုံကြည်လျက်ရှိပါကြောင်း ဦးစွာ လျှောက်ထားလိုပါသည်ဘုရား။

အရှင်သူမြတ်ကြီး၏ ပင်လယ်ရပ်ခြား ကိုင်းတပါးသို့ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ဆရာဗုဒ္ဓ၏ အမှန်တရားများကို ထပ်ဆင့် ဖြန့်ဖြူးဝေငှခြင်းသည် အတိတ်မှ အရိပ်ကို ထင်ဟပ်စေသည်သာမက မျက်မှောက်နှင့် အနာဂတ်တွင်လည်း ရှေ့ဆောင်လမ်းပြ ဖြစ်လိမ့်မည်ဟု တပည့်တော်များ ယုံကြည်မျှော်လင့်လျက် ရှိပါသည်။ အရှင်သူမြတ်ကြီး၏ အမှန်တရား မီးရှူးတန်ဆောင် ထွန်းပြောင်ရေး ခရီးစဉ်သည် စင်စစ်အောင်မြင်သော ခရီးစဉ်သာ ဖြစ်ပါသည်။

"အမှန်တရားဖြင့် ရေပြင်ကို ဖြကင်သွားနိုင်၏။ အမှန်တရားဖြင့် အဆိပ်ကို ဖြတ်တောက်နိုင်၏။ အမှန်တရားဖြင့် သတ္တဝါတို့ စားနပ်ရိက္ခာကို သာယာဝပြောစေနိုင်၏။ အမှန်တရား၌ တည်၍ အတ္တချုပ်ငြိမ်းမှု နိဗ္ဗာန်ကို တောင့်တနိုင်၏။ မြေအပြင်ရှိ အရသာတကာတွင် အမှန်တရားသည်သာ အရသာကောင်းဖြစ်၏။ သမ္မာ ဗြာဟ္မဏအား

လုံးသည့် အမှန်တရား၌ တည်၍ ဇရာ၊ မရဏာကမ်းတဖက်ကို ကူးမြောက်နိုင်၏”—

ဟု ဆရာဗုဒ္ဓကိုယ်တော်တိုင် ဟောဖော်မြွက်ကြားတော်မူခဲ့ပါသည်။

ဆရာဗုဒ္ဓ၏ ဟောဖော်မြွက်ကြားချက်အားလုံးသည် စင်စစ် အမှန်တရားချည်းသာဖြစ်၍ ဆရာဗုဒ္ဓကို တကမ္ဘာလုံး၏ တဆူတည်းသော ဆရာဗုဒ္ဓအဖြစ် သက်ဝင်ဆည်းကပ်လာကြတော့မည်မှာ မလွဲမသွေဖြစ်ပါတော့သည် အရှင်သူမြတ်ကြီးဘုရား။

အရှင်သူမြတ်ကြီးသည် သက်တော်ရာကျော် ရှည်တော်မူ၍ “ဘူတံ ဘူတတော တစ္ဆ တစ္ဆတော” ဟု ဆရာဗုဒ္ဓ ညွှန်ကြားတော်မူချက်အတိုင်း ကမ္ဘာတဝန်းလုံးတွင် အမှန်တရားများ မီးရှူးတန်ဆောင် ထွန်းပြောင်နိုင်ပါစေ။ တပည့်ယော်များ ကမ္ဘာသူကမ္ဘာသားအားလုံးကို အမှန်တရား ဝေငှတော်မူခြင်းဖြင့် ဇရာ၊ မရဏာဘဖက်ကမ်းသို့ ဆောင်ကြဉ်းတော်မူနိုင်ပါစေ။ သောကများပါဒ ပြည့်လျှမ်းလှသည့် တပည့်တော်များ ကမ္ဘာသူကမ္ဘာသားအားလုံးကို အမှန်တရားမီးရှူး တန်ဆောင် ထွန်းပြောင်စေခြင်းဖြင့် ဗောဓိဉာဏ်သို့ အရောက်ပို့ဆောင်တော်မူနိုင်ပါစေဟု တပည့်တော်များ အလေးအနက် ဆန္ဒပြုလျက်ရှိပါသည်— တပည့်တော်များထိပ်တင် အရှင်သူမြတ်ကြီးဘုရား။

အမှန်တရားကို ကျင့်သုံးလျက်
ဗိုလ်မှူး မောင်သန်း

---

၁။ သဂါထာဝဂ္ဂသံယုတ္တအဋ္ဌကထာ၊ ၃၀၉။

ပူဇော်ဖူးမြော်လာကြသူ ဒါယကာ၊ ဒါယိကာမတို့အား ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးက သရဏဂုံနှင့် ငါးပါးသီလကို ချီးမြှင့်တော်မူသည့်ပြင် အမြဲတမ်း သရဏဂုံတည်ခြင်း၏ ကျိုးဆက်ဂုဏ်အင် အာနိသင်များကိုလည်း အကျယ်တဝင့် ဟောကြားတော်မူသည်။ ယင်းပူဇော်ပွဲတွင် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် တောင်ပုလုတောရ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီး ဟောကြားချီးမြှင့်တော်မူသော ဓမ္မအနှစ်သာရကား ဤသို့ ဖြစ်လေသည်။

## တောင်ပုလုဆရာတော်ဘုရားကြီး ဟောကြားတော်မူသော တရားတော် အနှစ်အချုပ်

ကိုယ်ကိုကျဉ်းကျဉ်းနဲ့ လိုရင်းပဲဟောမယ်။ စာသင်ဘူ သော်လဲ မှတ်နိုင်ပါတယ်။ ပညတ်နဲ့ ပရမတ်ကွဲအောင်၊ နာမ်နဲ့ရုပ် ကွဲအောင် မှတ်ကြရမယ်။ ပညတ်ဆိုတာ တကယ်မရှိ၊ မှိခေါ် ပညတ်ထားတဲ့ အပည်များသာ ဖြစ်တယ်။ ပရမတ်တရား၊ သို့မဟုတ် ပရမတ္ထတရားက အမှန်ရှိ အဟုတ်ရှိတဲ့ သဘာဝတရားပဲ။

ပရမတ္ထတရားက စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ပါပဲ။ ၄-ပါးထဲမှာ မှတ်ရတာလွယ်ပါတယ်။ စိတ်နဲ့ စေတသိက်က တူတယ်။ နာမ်လို့ခေါ်တယ်။ ရုပ်ကတော့ ပထဝီ-မြေ၊ အာပေါ-ရေ၊ တေဇော-အပူ၊ အအေး၊ ဝါယော-လေ ဆိုတဲ့ မဟာဘုတ် ၄-ပါး။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ အဆင်း၊ အနံ့၊ အရသာ၊ ဩဇာဆိုတဲ့ ဥပါဒါရုပ် ၄-ပါး ပေါင်းလိုက်တော့ ရုပ် ၈-ပါး။ အဲဒီ ရုပ် ၈-ပါးကို အဋ္ဌကလာပ် ရုပ် ၈-ပါးလို့ခေါ်တယ်။ တရားအားထုတ်သူဟာ ဒီရုပ် ၈-ပါးကိုသိရင် တော်လောက်ပြီ။ ဟို တခြားရုပ်တွေက သိမ်မွေ့တယ်။

သိတတ်တာက နာမ်၊ မသိတတ်တာက ရုပ်ပဲ။ တလောကလုံး ၃၁-ဘုံမှာ ရှိရှိသမျှ သတ္တဝါအားလုံးဟာ နာမ်နဲ့ရုပ်ချည်းပဲ၊ နာမ်ရုပ်ကို လူလို့ပညတ်လိုက်တယ်။ ပညတ်တဲ့အတိုင်း လူလို့ပဲ မြင်နေကြတယ်။ နာမ်ရုပ် ထိအောင် မမြင်ကြဘူး။ အဲဒီလို တကယ်မရှိတာကို တကယ်အရှိလို့ ထင်မြင်နေတာဟာ သက္ကာယဒိဋ္ဌိပဲ။ နာမ်ရုပ်ကို ခွေး၊ နွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ကြက်၊ ငှက်လို့ အသီးသီး

ပညတ်ထားတဲ့အတိုင်း ခွေး၊ နွား၊ ကျွဲ၊ သိုး၊ ဆိတ်၊ ကြက်၊ ငှက်လို့ပဲ မြင်တယ်။ နာမ်ရုပ်ထိအောင် အထင်အမြင် မရောက်ကြဘူး။ အဲဒါ သက္ကာယဒိဋ္ဌိဖြစ်ပုံပဲ။ ထိုနည်းတူ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ နတ်၊ သိကြား၊ ဗြဟ္မာရယ်လို့ ပညတ်တဲ့အတိုင်း ထင်မြင်နေတာလဲ သက္ကာယဒိဋ္ဌိပဲ။ ဒါကြောင့် နာမ်ရုပ် အထိရောက်အောင် သိကြ ယူကြရမယ်။ နာမ်ရုပ်ကိုသိကြရမယ်၊ ယူကြမယ် ဆိုရင် သက္ကာယဒိဋ္ဌိ မဖြစ်တော့ဘူး။

တလောကလုံးမှာ ပညတ်ဆိုတဲ့ ခေါ်ဝေါ်ပြောဆိုမှုကို ပြုတော့ပြုကြရတာပဲ။ ဒါပေမဲ့ ပညတ်မှာသာ ရပ်မနေပဲ ပရမတ် နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် သိမယ်၊ ယူမယ်ဆိုရင် ဒိဋ္ဌိ ၆၂-ပါးတွင် ဘယ်ဒိဋ္ဌိမှ မဖြစ်တော့ဘူး။ သမ္မာဒိဋ္ဌိ အစစ် ကေန်ဖြစ်ပြီလို့ ဘုရားရှင်ဟောတော်မူတယ်။ သမ္မာဒိဋ္ဌိအစစ် ဖြစ်သူဟာ အပါယ်မကျတော့ဘူး။ သူ့မှာ လားရာဂတိ ၂-ပါးသာရှိတယ်။ ဘဝပြောင်းရင် လူ့ဘဝသော်လည်းကောင်း၊ နတ်ဘဝသော်လည်းကောင်း ဖြစ်တယ်။ သူ့ကို စူဠသောတာပန်လို့ပင် ခေါ်တိုက်တယ်။

အမည်မှဲ့ခေါ်ထားတဲ့ ပညတ်ကိုချည်း ယူနေရင်တော့ သက္ကာယဒိဋ္ဌိ ဆိုတဲ့မီးဟာ ခေါင်းမှာလောင်နေတယ်။ သက္ကာယဒိဋ္ဌိဆိုတဲ့လှံဟာ ရင်ဝမှာ စူးနေတာပဲ။ ဒိမီးကို မြန်မြန်ငြိမ်းပစ်ကြ။ ဒိလှံကို မြန်မြန် နုတ်ပစ်ကြ။ ဒိမီးကို ဘယ်လိုငြိမ်းကြမလဲ။ ဒိလှံကို ဘယ်လို နုတ်ကြမလဲ။ နာမ်ရုပ်လို့မြင်လိုက် ယူလိုက်တာနဲ့တပြိုင်နက် သက္ကာယဒိဋ္ဌိ မီးကို ငြိမ်းလိုက်တာပဲ။ သက္ကာယဒိဋ္ဌိလှံကို နုတ်ပစ်လိုက်တာပဲ။

နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် ခွဲခြမ်း ဝေဖန်တတ်ကြဘို့၊ သိကြဘို့၊ ယူကြဘို့၊ သဘောပေါက်ကြဘို့ အင်မတန်လိုတယ်။ အခုအားလုံးထိုင်နေကြတယ်။ နာမ်က ထချင်လိမ့်မယ်။ ဒီတော့ရုပ်က ထရလိမ့်မယ်။ နာမ်က မထချင်သေးဘူးဆိုရင် ရုပ်က မထသေးဘူးပဲ။ နာမ်က ဦးဆောင်နေတယ်။ ဒီခန္ဓာကိုယ် ရုပ်ကြီးဟာ နာမ်ဆွဲငင်ရာသို့ ပါသွားတာပဲ။ နာမ်က ထချင်လို့ ရုပ်က ထရတာကို ဘယ်သူက ထတာလဲလို့မေးရင် ဘယ့်နှယ်ဖြေမလဲ။ သူထတာ၊ ငါထတာ၊ ပုဂ္ဂိုလ်ထတာ၊ သတ္တဝါထတာ မဟုတ်ဘူး။ ရုပ်နာမ်ထတာပဲလို့ ဖြေရမယ်။ နာမ်ရုပ်ကို ပိုင်ပိုင်နိုင်နိုင် မသိနဲ့အုံး။ နာမ်ရုပ်ကိုကြားရရုံနဲ့ပဲ အလွန်အကျိုးများနေပြီ။

ပညတ်ကို မခွါနိုင် မစွန့်နိုင်ရင်တော့ အဝိဇ္ဇာတွေ ဖုံးနေလို့ ပညတ်နဲ့ ပရမတ် မကွဲပဲ ဖြစ်ကြရတယ်။ ကိုင်း မေးရမယ်။

မေး။ ။ရွှေဟာ ပညတ်လား၊ ပရမတ်လား။

ဖြေ။ ။ပညတ်ပါ ဘုရား။

မေး။ ။ပညတ်ထဲမှာ ရွှေရှိသလား။

ဖြေ။ ။မရှိပါ ဘုရား။

မေး။ ။ရွှေထဲမှာ ခဲတ်လေးပါးရှိသလား။

ဖြေ။ ။ရှိပါတယ်ဘုရား။

မေး။ ။ခဲတ်လေးပါးထဲမှာ ရွှေရှိသလား။

ဖြေ။ ။မရှိပါ ဘုရား။

မေး။ ။ယောကျ်ားဟာ ပညတ်လား၊ ပရမတ်လား။

ဖြေ။ ။ပညတ်ပါဘုရား။

မေး။ ။ယောကျ်ားထဲမှာ နာမ်ရုပ်ရှိသလား။

ဖြေ။ ။ရှိပါသည်ဘုရား။

မေး။ ။နာမ်ရုပ်ထဲမှာ ယောကျ်ားရှိသလား။

ဖြေ။ ။မရှိပါဘုရား။

အဲဒီလို ပညတ်နဲ့ ပရမတ်ကို ခွဲခြားပြီး သတိနဲ့ သိကြရမယ်။ "ချစ်သား ရဟန်းတို့၊ သတိရှိသည်ဖြစ်၍ အသိရှိသည်ဖြစ်၍နေရာ၏"လို့ ဘုရားရှင်တကာ တို့ အစဉ်ဆုံးမတော်မူတယ်။ သတိနဲ့အသိနဲ့ နေတဲ့ သင်တို့ဟာ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်တွေ အစစ်ပဲ"လို့လဲ မိန့်ကြားတော်မူတယ်။

တရားအားထုတ်တယ်ဆိုတာ လေးလံတဲ့ တိုင်ကြီးထမ်းသလို၊ လွှဘိုက် သလို သဲသဲမဲမဲ ပင်ပင်ပန်းပန်း လုပ်ရလိမ့်မယ်လို့ အချို့ ထင်နေကြတယ်။

ဘုရားက ဒီလိုမဟောပါဘူး။ ဥပမာ-မြင်တယ်ဆိုပါတော့၊ မြင်တာကို မမြင် မြင်အောင် အားထုတ်ရတာ မဟုတ်ပါဘူး။ မြင်တယ် မြင်တယ်လို့ သိဘို့ပဲ။ သတိက မမေ့ဘို့ပဲ၊ ကြားတာကို ကြားတဲ့သူက ကြားတယ် ကြားတယ်လို့သိဘို့ပဲ။ မကြား ကြားအောင် အားထုတ်ရတာ မဟုတ်ပါဘူး။ ကြားတာကို သိအောင် သတိပြုတာကို အားထုတ်တယ်လို့ခေါ်တယ်။

ချွေးထွက်သံယို သိပ်ပြီးလုပ်ရတာ မဟုတ်ပါဘူး။ ကြားတာလေးကို ကြားတယ် ကြားတယ်လို့သိရင် ဝိဇ္ဇာဖြစ်တာပဲ။ ကြားတာကို ကြားတယ်လို့ အသိမပါရင် အဝိဇ္ဇာပဲ၊ အဝိဇ္ဇာမဖြစ်ပဲ ဝိဇ္ဇာဖြစ်ဖို့ အင်မတန် အရေးကြီးတယ်။ နံတာ၊ စားတာ၊ ထိတာ၊ သွားတာ၊ ရပ်တာ၊ ထိုင်တာ စသည်တွေမှာလဲ ဒီနည်းအတိုင်းပဲ။ နံရင် နံတယ်။ စားရင် စားတယ်။ ထိရင် ထိတယ်။ သွားရင် သွားတယ်။ ရပ်ရင် ရပ်တယ်။ ထိုင်ရင် ထိုင်တယ်လို့ သတိနဲ့သိဘို့ပဲ။ နံတာကို နံတယ်လို့ သိရင် တရား ဖြစ်တယ်လို့ မထင်ကြဘူး။ ဘုရားကတော့ တရားဖြစ်တယ်လို့ ဟောတယ်။ သတိဆိုတာက တအာရုံနဲ့ တအာရုံ အကူးအပြောင်း အဆက်အစပ်မှာ မေ့တတ်တာကို မမေ့အောင်၊ ထင်ရှား ပေါ်လွင်အောင် လုပ်ပေးတဲ့ သဘောတရားဖြစ်တယ်။

ကုသိုလ်လုပ်ဖို့ မကြောက်ကြနဲ့။ ကုသိုလ်ဟာများလေ ကောင်းလေပဲ၊ ကုသိုလ်ကို ငွေကြေးကုန်မှ ခန်းမှရတယ်လို့ အချို့ ထင်နေကြတယ်။ မကုန် မခန်းပဲနဲ့လဲ ကုသိုလ်ရနိုင်ပါတယ်။ တိုင်းတပါးနိုင်ငံစာရင် ဒီဆီမှာ ကုသိုလ် ရဘို့ အင်မတန်လွယ်တယ်။ ဘုရား၊ တရား၊ သံဃာကို ရှိမခိုးဘူးတဲ့ သူရယ်လို့ တယ်မရှိဘူး။ဘုရားသားတော် ရှင်သာမဏေလေးတွေရှိတယ်။ အဲဒီရှင်သာမ ဏေလေးတွေကို လူသာမန်မဆိုထားနဲ့၊ လေးကျွန်းလုံးကို အုပ်စိုးတဲ့ စကြာမင်း ကပင် ရှိသေစွာ ရှိခိုးထိုက်တယ်။ ရှိခိုးလို့ရတဲ့ ကုသိုလ်ဟာ ဘယ်လောက်များ သလဲဆိုရင် ငါဘုရားတပည့်သားကို ကြည်ညိုတဲ့စိတ်နဲ့ ရှိခိုးလို့ရတဲ့ကုသိုလ်ကို ၄-ပုံ ပုံလို့ တပုံကိုပင် လောကီလူပေါင်းများစွာကို အကုန်အကျခံကာ ကျွေး မွေး ပေးကမ်း စွန့်ကြဲလို့ရတဲ့ ကုသိုလ်က မမှီဘူးတဲ့။

ဒါကြောင့် အကုန်အကျမခံပဲနဲ့လဲ ကုသိုလ်များစွာ ရတယ်ဆိုတာ မှတ်ကြဖို့ပဲ။ ဘုရားရှင်က ကုသိုလ်လုပ်ကြဖို့ အလွန်အားပေးတယ်။ ဘယ်လိုလဲ ဆိုယင် "ချစ်သားတို့၊ ကုသိုလ်ပြုရန် မကြောက်ကြနဲ့၊ ကုသိုလ်ကောင်းမှု တည်းဟူသော အမည်သည် အလိုရှိအပ်သော၊ နှစ်သက်အပ်သော၊ နှလုံးကို ပွားစေတတ်သော၊ ချစ်အပ်သော လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ၏ အမည်ပင်ဖြစ်၏" လို့ ဖော်ညွှန်းတော်မူတယ်။ ကုသိုလ်ကို ယူတတ်ရင် ရတာ ချည်းပါပဲ။ သူတော်ကောင်းဟာ လွယ်လွယ်နဲ့ ကုသိုလ်ဖြစ်တယ်။ မသူတော် ကတော့ ကုသိုလ်ဖြစ်ဖို့ရန် အင်မတန်ခဲယဉ်းတယ်။ "ငါဘုရားကို တကြိမ်မျှ သဒ္ဓါကြည်ညိုပြီး တကြိမ်မျှ ချစ်ကြည်လေးစားစွာ ရှိခိုးတယ်ဆိုရင် ထိုသူရဲ့ လက်ကိုဆွဲကိုင်၍ နတ်ပြည်တင်လိုက်သလို ကောင်းကျိုး ဖြစ်ထွန်းတယ်" လို့ ဘုရားရှင် ဟောတယ်။ နတ်ပြည်ရောက်ဖို့ ဘယ်လောက်လွယ်သလဲ။ ဒါကြောင့် ကုသိုလ်လုပ်ရန် မကြောက်ကြနဲ့။ ကုသိုလ်များလေ ကောင်းလေပဲလို့ မှတ်ကြ ရမယ်။

ကုသိုလ်မှာလဲ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်ရယ်လို့ သုံးမျိုးသုံးစား ပြားတယ်။ ဒါနကုသိုလ်က လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း၊ သီလ ကုသိုလ်က ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို စောင့်ထိန်းခြင်း၊ ဘာဝနာကုသိုလ်က သမထဘာဝနာ၊ ဝိပဿနာဘာဝနာတို့ကို ပွားများ အားထုတ်ခြင်းတို့ပဲ။ ဒါနကုသိုလ်ထက် သီလကုသိုလ်က၊ သီလကုသိုလ်ထက် ဘာဝနာကုသိုလ်က ပို၍မြတ်တယ်။ ပို၍ အကျိုးများတယ်။ ပို၍အားကောင်း တယ်။ ဒီကုသိုလ်တွေများလေ အကုသိုလ်တွေ နဲပါးသွားလေပဲ။ အကုသိုလ် နဲပါးလေ အစစ်အမှန်အဟုတ်အမှန်အတိုင်း မြင်လာလေ။ တခဏလေးလောက် တရားအားထုတ်သူဟာ အသက်တရာနေရသူထက် မြတ်တယ်။ (တခဏဆိုတာ လက်ဖျစ် ၁၀-တွက်ချိန်တာနဲ့ ညီမျှတယ်လို့ မှတ်ကြရမယ်)။

တရားကိုပေါ့ပေါ့တန်တန် အားထုတ်လို့တော့မရဘူး။ နာမ်ရုပ်ကို ကွဲကွဲ ပြားပြား ပိုင်းပိုင်းခြားခြားမြင်အောင် အားထုတ်ရမယ်။ နာမ်ရုပ်ကို အဲဒီလို မြင်မှသာ မဂ်တရား၊ ဖိုလ်တရားကို ရနိုင်တယ်။ မမြင်ရင် ဘယ်လိုမှ မဂ်တရား၊

ဖိုလ်တရားကို မရနိုင်ဘူး။ "အကြင်သူသည် နာမ်ရုပ်ကို မြင်၏။ ထိုသူသည် မိန်းမ၊ ယောကျ်ားကို မမြင်ဘူးတဲ့။ အကြင်သူသည် မိန်းမ၊ ယောကျ်ားကို မြင်၏။ ထိုသူသည် နာမ်ရုပ်ကို မမြင်ဘူးတဲ့။ နာမ်ရုပ်ကိုမမြင်တဲ့ ထိုတွေဝေသူဟာ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ဖွဲ့ချည်ပြီး ဖြစ်လို့ သံသရာဝဋ်ဆင်းရဲမှ မကျွတ်မလွတ်နိုင်ဘူး"တဲ့။ အဲဒီလို ဘုရားဟောတယ်။ ဒီတော့ နာမ်ရုပ်ကို မြင်အောင်၊ သိအောင် ပွားများအားထုတ်ကြရမယ်။ နာမ်ရုပ်ကိုမှ ပထမမမြင်ခဲ့ရင် သက္ကာယဒိဋ္ဌိ ကပ်နေအုံးမှာမို့ မဂ်တရား၊ ဖိုလ်တရား မရနိုင်ဘူး။

တရားရတယ်၊ မရဘူးသိအောင် ချိန်ထိုးကြည့်တတ်ရမယ်။ လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်၊ ဝက်ဖြစ်ဖြစ်ကို ကြည့်လိုက်တဲ့အခါ ပညတ်ထားတဲ့ အတိုင်းသာ မြင်ရင် တရားမရသေးဘူးပဲ။ နာမ်ရုပ်ချည်းပဲလို့ မမြင် မြင်အောင် ဇွဲရှိရှိနဲ့ ဆက်လက်ပွားများ အားထုတ်ရလိမ့်အုံးမယ်။ ကြည့်လိုက်တိုင်း နာမ်ရုပ်ကို မြင်ပြီဆိုရင် ဘာဝနာမယဉာဏ်ကို ရနေပြီ။ ဒီတော့ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာဆိုတာ ဘာမျှမဟုတ်ပါကလား။ အနတ္တပါတကားလို့ သိလာတဲ့အခါ နိဗ္ဗိဒါဉာဏ်ရဘယ်။ ဒီက ဆက်အားထုတ်ပြန်ရင် ဉာဏ်စဉ် အဆင့်ဆင့်တက်ကာ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိ ရောက်သွားတယ်။ မဂ်ဉာဏ်ရတော့ သစ္စာ ၄-ပါးတရားကို တသားတည်း ထင်ရှား တပ်အပ်မြင်တော့တယ်။

ဘယ်လိုလဲဆိုယင် ပိုးကြိုးသည်ယက်ထားသော ရွှာသွန်းပြီး မိုးမှောင်ကြီး ကျနေစဉ် လျှပ်စီးတပြိုက်လက်လိုက်တဲ့အခါ လက်ပေါ်ပေါ် တင်ပြထားတဲ့ ပတ္တမြား ၄-လုံးကို မျက်ဝါးထင်ထင် တပြိုင်နက်မြင်ရသလို သစ္စာလေးပါး တရားကို ထင်းထင်းကြီး ဘွားကနဲ တွေ့မြင်တော့တယ်။ တဖန် ဆက်အားထုတ် လိုက်ရင် အရဟတ္တမဂ်ကိုရတယ်။ အဲဒါ နိဗ္ဗာန်ရပြီလို့ ဆိုရတယ်။ အရဟတ္တမဂ်ရတော့ သဉပါဒိသေသနိဗ္ဗာန် (ခန္ဓာကိုယ်အကြွင်းရှိသေးတဲ့ နိဗ္ဗာန်)ကို ရောက်တာပဲ။ နောက်ပြီးတော့မှ အနုပါဒိသေသနိဗ္ဗာန် (ခန္ဓာကိုယ် အကြွင်း မရှိတဲ့ နိဗ္ဗာန်)ကို ရောက်တယ်။ အဲဒီနိဗ္ဗာန်မှာ ဘာမျှမရှိတာမဟုတ်ဘူး။ ရှိပါတယ်။ နိဗ္ဗာန်မှာ ဘာမျှမရှိဘူးလို့ဆိုရင် ဘုရားကို ငြင်းရာရောက်မယ်။ ဒိဋ္ဌိလဲ ဖြစ်သွားလိမ့်မယ်။

အနုပါဒိသေသနိဗ္ဗာန်မှာ အာယတန ၁၂-ပါးထဲက ခန္ဓာထိုက်တဲ့ အာယတန ၁၁-ပါး မရှိဘူး။ ခန္ဓာမထိုက်တဲ့ ဓမ္မာယတန ၁-ပါးတော့ ရှိနေတယ်။ ဓာတ် ၁၈-ပါးထဲက ခန္ဓာထိုက်တဲ့ဓာတ် ၁၇-ပါး မရှိဘူး။ ခန္ဓာမထိုက်တဲ့ ဓမ္မဓာတ် ၁-ပါးတော့ ရှိနေတယ်။ သစ္စာ ၄-ပါးထဲက ခန္ဓာထိုက်တဲ့သစ္စာ ၃-ပါး မရှိဘူး။ ခန္ဓာမထိုက်တဲ့ နိရောဓသစ္စာတပါးတော့ ရှိနေတယ်ဆိုတာကို ကောင်းစွာ မှတ်ကြရမယ်—စသည်ဖြင့် တရားနာပရိသတ် ရှင်းလင်းပြတ်သားစွာ သိနားလည်ရလေအောင် ပိဋကတ်တော်မှ အကိုးအထောက် များစွာတို့ကို ထုတ်ဆောင်ကာ ဥပမာ၊ ဥပဒါ၊ ဥပမေယျတို့နှင့်ကွက် အကျယ်တဝင့် ဟောကြားတော်မူသည်ကို ဤ၌ အနှစ်ချုပ် ရေးသားဖော်ပြလိုက်ပါသည်။

---

"ပီတိပြောစွာ၊ လွန်သဒ္ဓါလျက်၊ နှံ့သာအမျိုး၊ ထုံခိုးလူလူ၊ ပျံ့ကြူလှောင်းလှောင်း၊ ကိုလ်အပေါင်းတို့၊ ဆယ်ချောင်းဆပ်ပြို၊ ဖူးလှာညီသည်။ ။ကိုယ်စီပန်းနှင့် ပန်းနှင့်တည်း"

ယနေ့ကား ဇန်နဝါရီ ၂၂-ရက်နေ့ဖြစ်သည်။ နာရီညောင်း၍ တရက်ပြောင်းသော်လည်း မိတ္ထီလာမြို့ ဗုဒ္ဓဘာသာသူတော်စင် တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပူဇော်ပွဲကြီးကား အပြီးသို့ မရောက်သေးပဲ ရှိသည်။ တောင်ပုလု သာသနာပြုအဖွဲ့၏ သာသနာပြု ခရီးစဉ်သည် တောင်ပုလုတောရ ကမ္ဘာအေး ရိပ်သာမှစ၍ တောင်ပုလုတောရ ကမ္ဘာအေး ရိပ်သာမှာပင် အဆုံးသတ်ကြရမည် မဟုတ်ပါလော။ ထို့ကြောင့် မိတ္ထီလာမြို့ ဗုဒ္ဓဘာသာသူတော်စင် တပည့်ဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ ၃၀၀-ခန့်ရှိသော ရဟန်းတော်များသည်လည်းကောင်း ကားအစီး ၈၀-ဖြင့် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား တောင်ပုလုတောရ ကမ္ဘာအေးမေ့ရိပ်သာသို့ ပူဇော်ပို့ဆောင်လျက် ရှိသည်။ တောင်ပုလုတောရ ကမ္ဘာအေး ရိပ်သာသို့ ပူဇော်ပို့ဆောင်ရေးယာဉ်စုသည် မိတ္ထီလာမြို့မှ နံနက် ၈-နာရီတွင် စတင်ထွက်ခဲ့ကြသည်။ ရှေ့ဆုံးမှ ပန်းဆိုင်းစည်တော်ကြီးသည် လမ်းဘေးဝဲယာရှိ ကျေးရွာ

---

၁။ ဂါထာခြောက်ဆယ်ပျို့၊ ပိုဒ်ရေ-၄၂။

ဗုဒ္ဓဘာသာသူတော်စင်တို့ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ကောင်းချီးနှုတ်မော် ကြွေးကြော်လျက်ရှိသည်။

ပြန်လည်ကြွချီရာ လမ်းခရီးတလျှောက်ရှိ စံပြအရွှေရွာ၊ ညောင်စောက်ကျေးရွာ၊ သဖန်းကျေးရွာများက မုခ်ဦးများထိုးကာ ပန်းနှံ့သာကိုယ်စီဖြင့် ပီတိပြောစွာ သဒ္ဓါချက်ချက် ရှင်အားတက်လျက် ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ပူဇော်ဖူးမြော် ကန်တော့ကြသည်။ ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ကျေးရွာဗုဒ္ဓဘာသာသူတော်စင်တပည့်ဒါယကာ၊ ဒါယိကာမများ၏ စေတနာနှင့်သဒ္ဓါကို အလေးအနက်ထား၍ မွမ်းမံ ပြင်ဆင်ထားသည့် မဏ္ဍပ်အတွင်းသို့ကြွကာ သံဃာရာဂုဏ်နှင့် ငါးပါးသီလများ ချီးမြှင့်တော်မူသည်။ တောင်ပုလုလမ်းခွဲမှ တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာအရောက် ၃-မိုင်ခရီးတလျှောက်တွင် လမ်းဘေးဝဲယာတွင် ဆရာတော်ဘုရားကြီး၏ ဂေါစရဂံရွာများမှ သူတော်စင် လူထုပရိသတ်ကြီးသည်လည်း ကိုယ်ချင်းထိလုဘနန်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ပူဇော် ဖူးမြော်ကန်တော့ခဲ့ကြသည်။

"ရွှေဘဝတွင်၊ ပဋ္ဌသီတင်း၊ စောင့်ခြင်းမသုံး၊ နှလုံးမယဉ်၊မယှဉ်ကောင်းရာ၊ မလိမ္မာသား၊ ပညာမရှိ၊ ကြမ်းကြုတ်မိ၍၊ တိရစ္ဆာန်၊ ဘုံဝယ်ကျရှင့်၊ လာကြလတ်သေး။ တစုဝေးလျက်၊ ဤဘေးဖြစ်လို့၊ ဤဆင်းရဲမှ၊ လွတ်ချင်စွဟု၊ တောင့်တကိုယ်ဘို့၊ ရှာမှီးမြို့သည်။ ။ ချင်းတို့ဘာသောင့် ဘာသာတည်း"

ဘုရားရှင်ကိုယ်တော်မြတ် ရာဇဂြိုဟ်ပြည်မှ ကပ္ပိလဝတ်ပြည်သို့ ကြွတော်မူရာ လမ်းခရီးတလျှောက်တွင် ငှက်တိရစ္ဆာန်များ နောင်တကြီးစွာရကာ ဘုရားရှင်ကိုယ်တော်မြတ်အား ဖူးမြော်ကန်တော့ကြဟန်ကို ပေလေးပင် ရှင်လေးပါးသိုက်ဝင် စာဆိုတော် ရှင်အုန်းညိုက ဤသို့လျှင် စာပန်းချီခြယ်သ

၁။ ဂါထာချောက်ဆယ်ပျို့၊ ပိုဒ်ရေ-၄၆။

ထားခဲ့သည်။ ယခုလည်း ဤနှယ်ဖြစ်သည်ဟု ဆိုရအံ့ထင်သည်။ စာအပေါင်းတို့သည် သောင်းသောင်းဖြဖြ တပင်မှသွား တပင်နားရှိလည်းကောင်း၊ ရှေ့နောက်ဝဲယာ ပျံ့ဝဲကာဖြင့်လည်းကောင်း "ဤဘေးဖြစ်လှဲ၊ ဤဆင်းရဲမှ၊ လွတ်ချင်စွ"ဟု ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ငှက်တို့ဘာသာ တိုင်တည်ကာ တောင့်တရည်ရေ ပူဇော်ဖူးမြော် ကန်တော့ကြသည်ဟူ၍တည်း။

တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာကြီးသို့ ကြိုတင်ရောက်ရှိနေကြသည့် ပျဉ်းမနား၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မလှိုင်၊ ရှမ်းပြည်စသော ရပ်ဝေးရပ်နီးမှ ဗုဒ္ဓဘာသာသူတော်စင်တပည့်ဒါယကာ၊ ဒါယိကာမများက ကမ္ဘာအေးဘုရား ခြေရင်းတော်မှ ရိပ်သာအရောက် စောင့်ကြိုပူဇော် ကန်တော့ကြသည်။ ယင်းတို့၏ ရိုးရာများဖြစ်သည့် တိုးနှယားအကၤ၊ ဆင်အကများဖြင့်လည်း ကခုန်ပူဇော်ကြသည်။ ရှမ်းပြည်နယ် တပည့်ဒါယကာ၊ ဒါယိကာမများက ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား မော်တော်ယာဉ်ပေါ်မှ စံကျောင်းတော်အရောက် ပန်းမွှေးခင်းကျင်း၍ ရောင်ခြည်တော် ခြောက်သွယ်ရှိသော ထီးတော်များဖြင့် ဆောင်းမိုးပူဇော် ပင့်ဆောင်ကြသည်။

ရိပ်သာအတွင်းရှိ သံဃာတော် ၆၀-နှင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား တောင်ပုလုတောရ ကမ္ဘာအေးရိပ်သာသို့ ပင့်ဆောင်လိုက်ပါလာကြသော သံဃာတော် ၃၀၀-အားလည်းကောင်း၊ ရိပ်သာအတွင်း စုဝေးရောက်ရှိလာသော ရပ်ဝေးရပ်နီးမှ သူတော်စင်ပရိသတ်ကြီးအားလည်းကောင်း မိတ္ထီလာမြို့ မြန်မာသမားတော်ကြီး ဥယျာဉ်ဆရာအောင်နှင့် မိသားစုက ဆွမ်းထမင်းဟင်းများ ဆက်ကပ်ကျွေးမွေး လှူဒါန်းခြင်းဖြင့် ပုညကုသလကုသိုလ်ထူးကို ရယူခဲ့ကြသည်။

ရိပ်သာအတွင်း သီတင်းသုံးတော်မူကြသည့် သံဃာတော်အရှင်မြတ်များက "ကမ္ဘာ့သာသနာပြု ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ပင့်ဆောင်

ပူဇော်ကြကုန်သော သူတော်စင်အပေါင်းတို့ကို ချီးကျူးသာဓု ခေါ်ကြပြီး ကျန်းမာချမ်းသာ၍ နိဗ္ဗာန်ရောက်ကြောင်းတရားကို ဘဝမခြား ကြိုးစား အားထုတ်နိုင်ကြပါစေ” ဟူသည့် ပတ္ထနာမေတ္တာစကားများ မိန့်ကြားကာ ယင်းနေ့ပူဇော်ပွဲကြီးကို နိဂုံးကမှတ် အပြီးသတ်ခဲ့ပါသတည်း။

အရှင်ဝိသုတာဘိဝံသ

အမေရိကန်ပြည်ထောင်စု ဆန်ဖရန်စစ္စကိုမြို့တွင်
၅-လတာမျှ သာသနာပြုရာမှ ပြန်လည်ကြွချီတော်မူလာသော
တောင်ပုလုဆရာတော်ဘုရားကြီးအား
ကြိုဆိုဂုဏ်ပြုပူဇော်အပ်သော

ဂုဏ်သောမနဿ ဂီတိကဗျာ

( Y..M.B.A အဲရှင်ဝိသုတာဘိဝံသ ရေးသားသည်။)

၁။ ထီလာမြို့မှ တာချတိုင်းတာ၊
ဆယ့်သုံးမိုင်မျှ ဝေးထအကွာ၊
သွားအပ် လာအပ် မြောက်ရပ်ဒိသာ၊
တောင်ပုလု ယခုတည်ရှိပါ။

၂။ တောင်ပုလုကျွန်း ရေဝန်းပတ်လည်၊
ရိပ်သာသခ်မ်း တင့်လျှမ်းဝေစည်၊
နိဗ္ဗာန်မဂ်နှန်း ဖြောင့်တန်းဦးတည်၊
သူတော်လေ့ ပျော်မွေ့ကြပါသည်။

၃။ တောင်ပုလုဟု ညွှန်းပြုခေါ်ကာ၊
ကမ္ဘာအေးဟု သွန်းထုသညာ၊
စေတီတော်ကြီး တည်ပြီးသောခါ၊
ကမ္ဘာအေး ပျံ့မွှေးထင်ပေါ်လာ။

၄။ ဌာနတံဆိပ် အရိပ်ပမာ၊
ဆရာတော်နောက် တောက်လျှောက်ကပ်ပါ၊
မြန်ပြည်အတွင်း ထင်လင်းကြေငြာ၊
တောင်ပုလု ကျော်မူမြတ်ဆရာ။

၅။ ရှုတင်တေရည် ကျင့်မြတ်ဆောက်တည်၊
ကိုယ်နှင့်အသက် ငဲ့ကွက်မရည်၊
အကျင့်ပြင်းလို့ ပျံ့သင်းဝေစည်၊
မြန်ပြည်တွင်း ထိန်လင်းကျော်ခဲ့သည်။

၆။ မြန်မာပြည်မှ မကာပါပြီ၊
တကမ္ဘာလုံး ခြိမ့်အုံးကျော်ညီ၊
ရှုဘင်ကျိုးနှင့် တန်ခိုးစီရီ၊
အောင်မြင်မှု ဂုဏ်ပြုဆိုဖွဲ့သီ။

၇။ ယိုးဒယားက အစတလီ၊
တိုင်းအိန္ဒိယ ဒေသရပ်ဆီ၊
အမေရိက စံပြဌာနီ၊
တောင်ပုလု ယခုပင့်ဆောင်ပြီ။

၈။ ကြသည့်ခုနှစ် တွက်စစ်သောခါ၊
တစ်သုံးလေးမှ သုညတဖြာ၊
ဝါခေါင်မာသ ရောက်ရချိန်တာ၊
နိုင်ငံခြား ကြွသွားမြတ်ဆရာ။

၉။ ဒေသန္တရခရီး အံ့ချီးစရာ၊
ပင်လယ်ရပ်ခြား ဖြန့်သွားသောခါ၊
အမေရိက ဗုဒ္ဓဘာသာ၊
မြန်မာသို့ မချိုပူဇော်ပါ။

၁၀။ အမေရိက မြန်းကြွအမှန်၊
ပင့်ရာဒေသ မြို့ဆန်ဖရန်၊
ဒေသနာဦး သွန်ဖြူးဖန်ဖန်၊
သဒ္ဒါပွား တရားအမြင်သန်။

၁၁။ အမေရိက ရောက်ရမှန်စွာ၊
ရောက်ရာဒေသ ဟောပြမှာ၊
ကြည်ညိုမြတ်လေး ပျံ့မွှေးသဒ္ဓါ၊
ဒုလ္လဘ ပြုကြသာသနာ။

၁၂။ ကမ္ဘာ့ဘာလွှား နာကြားစေရန်၊
အသံလေလှိုင်း မဆိုင်းလွှင့်ပြန်၊
မပြတ်မခြား နာကြားဖန်ဖန်၊
သဒ္ဓါပွား တရားအမြင်သန်။

၁၃။ ဗုဒ္ဓတရား ဟောကြားကမ္ဘာ၊
ရုပ်နာမ်ဓမ္မ နှစ်ဝသညာ၊
ဘာသာမျိုးခြား တရားမြင်လာ၊
အနိစ္စ ဒုက္ခအနတ္တာ။

၁၄။ ဝါရှင်တန်မှ ပြန်ကြွလာလျှင်၊
ကမ္ဘာ့နှံ့သိ အိန္ဒိယဝင်၊
ဘုရားပွင့်ရပ် တင့်အပ်ဖူးမြင်၊
သဒ္ဓါထူး ကြည်နူးစိတ်ပျော်ရွှင်။

၁၅။ တောင်ပုလုဟု မည်ပြုထေရ်ကျော်၊
ပင်လယ်ရပ်ခြား ကြိုးစားကြွသော်၊
အိုနာသေဘေး လွတ်ရေးရည်မျှော်၊
လူမျိုးခြား ဟောကြားတရားတော်။

၁၆။ ပင်လယ်ရပ်ခြား ကြွသွားခါသော်၊
မြန်ပြည်သူဖြင့် ဖူးခွင့်မပေါ်၊
သဒ္ဓါသည့်စိတ် ဂုဏ်ဟိတ်မမြော်၊
ဆရာမြတ် ရည်မှတ် ရှိပူဇော်။

၁၇။ ဒေသနာခရီး ဖြန့်ချီးခဲ့ရာ၊
နိုင်ငံခြားမှ ပြန်ကြွရောက်လာ၊
တပည့်အပေါင်း ထောင်သောင်းများစွာ၊
စိတ်ရွှင်မြူး ကြည်နူးလွန်ပမ်းသာ။

၁၈။ စံရှာနိဟောင်း ပြန်ပြောင်းကြွလာ၊
တပည့်အများ ရှင်အားပိုကာ၊
သောင်းသောင်းဖြဖြ ကိုကြသူငါ၊
ဆုမွန်တောင်း အောင်ကြောင်းမြွက်ဆရာ။

၁၉။ တပည့်အများ စိတ်အားငယ်သော်၊
ကြွလာမည့်ရက် ချင့်တွက်ကာမျှော်၊
ဆရာဘုရား ထင်ရှားရောက်သော်၊
ယခုမှ ဖူးရစိတ်ရွှင်ပျော်။

၂၀။ ဤသို့ဖူးရ ပုညထွေထွေ၊
များဝေနေယျ အမျှပေးဝေ၊
သာဓုသာဓု သာဓုခေါ်လေ၊
အမျှပေး မနေးရကြစေ။

အမေရိကန် ပြည်တော်ပြန်

ကမ္ဘာ့သာသနာပြု တောင်ပုလုဆရာတော်ဘုရားကြီး ကြိုဆိုပွဲဆိုင်ရာ

ရှစ်လုံးဘွဲ့ တုတိဝေဒလ္လ မြန်မာ့ကဗျာများ

(မလှိုင်မှ ကာဗျဝိဒူဆရာတော် ရေးဖွဲ့ပူဇော်သည်။)

၁။ ထီလာမြို့ကြီး ခရီးမိုင်တာ၊
ဆယ့်နှစ်မိုင်လောက် ခန်းထောက်မကွာ၊
တောင်ပုလုကျွန်း ရေဝန်းရံကာ၊
ကမ္ဘာအေး ရွာဝေးတောချမှာ။

၂။ သီတင်းသုံးတဲ့ မြတ်ဘုန်းထေရ်ရှင်၊
ဒို့တောင်ပုလု ဂုရုသခင်၊
ကမ္ဘာအေးဟု ပျံ့မွှေးပေါ်ထင်၊
ကမ္ဘာ့လွှမ်း သာထွန်း လရောင်သွင်။

၃။ မယ်ညိုတောင်တန် စခန်းကိုခြုံ၊
တောင်ပုလုကျော မြိုင်တောရဂုံ၊
လူမနှောတဲ့ သည်တောခိုလှုံ၊
အမြင့်ဆုံး ကျင့်သုံးစူဘင်စုံ။

၄။ ဒေါသမသန်း ပုံပန်းသပ္ပာယ်၊
ရဟန္တာလော တွေးတောရပြုံး၊
သီလရနံ့ မွှေးပြန့်စုန်ဆန်၊
သမာဓိ ကြီးဘိ မြင်းမိုရ်ဟန်။

၅။ ထိုဂုဏ်သတင်း လေညင်းသယ်ဆောင်၊
ပြည်တွင်းပြည်ပ ဘယ်မျှမရှောင်၊
အမေရိကာ ကမ္ဘာ့ပြည်ထောင်၊
ရန့်ပေး ပြန့်မွှေးဂုဏ်ရည်ပြောင်။

၆။ ပင်လယ်ရပ်ခြား တပါးနိုင်ငံ၊
လူတွေချဉ်းကပ် ထေရ်မြတ်အထံ၊
လေ့လာသောအား တရားနာခံ၊
ပင့်စာထောက် လာရောက်ဖူးမြော်ပြန်။

၇။ အမေရိက ငါးလရာသီ၊
တဝါကြွရောက် ချီးမြှောက်ခဲ့ပြီ၊
ဝိနည်းမချွတ် ကျင့်ဝတ်လျော်ညီ၊
မိန့်ခွန်းဟ ညွှန်းပြနိဗ္ဗာန်ဆီ။

၈။ ဆွမ်းခံဝတ်လဲ အမြဲပုံမှန်၊
ရဟန်းဝတ်စု တခုမချန်၊
ပရိတ်ရွတ်လို့ စိတ်ညွတ်စေရန်၊
နိစ္စဗဒ် စိတ်ဓာတ်စစ်ဆင်ပြန်။

၉။ တရားနှစ်မြို့ မချို့လူတွေ၊
ရဟန်းစိတ်စော မြတ်သောအနေ၊
ဒုလ္လဘနှင့် ကြုံရပြန်ချေ၊
ရဟန်းပြု မှန်းဆုစက်အောင်မြေ။

၁၀။ တရားသဘော စစ်ကြောဝေဖန်၊
ရုပ်နာမ်အသိ သတိတမန်၊
လောဘဒေါသ မောဟခွါရန်၊
တရားပေး အားမွေးချီးမြှောက်ရန်။

၁၁။ လောဘရှောင်ပြေး စစ်ရေးပြင်ဆင်၊
ရုပ်လောကထဲ စိတ်စွဲကြစဉ်၊
နာမ်လောကဘက် လှယက်ယူငင်၊
ဆွဲဆောင်ပေး နောင်ရေးလမ်းစထွင်။

၁၂။ ဗုဒ္ဓဝါဒ လမ်းစမှာဖုံ၊
ရွှေလမ်းဖောက်လို့ ဝမ်းမြောက်ခွင့်ကြုံ၊
အမေရိက ဒေသရွှေဘုံ
ဆက်ဆံကူး အိမ်ဦးကြမ်းပြင်ပုံ။

၁၃။ အမေရိက ကမ္ဘာ့ပြည်ထောင်၊
သံဃာရဟန်း သက်နှင်းအရောင်၊
သည်လိုထွန်းဘို့ ရည်ညွှန်းသယ်ဆောင်၊
ဘောင်ပုလု ဂုရုထေရ်ထိပ်ခေါင်။

၁၄။ ဝါရှင်တန်မှ ပင့်ကြပြန်သော်၊
ဒို့ထေရ်ကြွသွား ဝတ်အားအလျော်၊
လူတွေပြုံစု ဂုဏ်ပြုပူဇော်၊
ဖူးမဝ ဦးချကြိမ်ကြိမ်နော်၊

၁၅။ ဒေသစာခရီး ကြွနည်းပုံဟန်၊
အမေရိက ပြည်မှအသံ၊
သူ့လေလှိုင်းမှ နေ့တိုင်းပုံမှန်၊
နားစွင့်ရေး လွှင့်ပေးကြော်ငြာပြန်။

၁၆။ ထိုအသံကြား ရပ်ခြားရေမြေ၊
ထိုထိုပြည်မှ ပင့်ကြသလေ၊
ထိုင်းအိန္ဒိယ ဖူးကြနိုင်စေ၊
ခရီးထောက် ချီးမြှောက်ကြွပြန်ချေ။

၁၇။ ဟိုရပ်ထံမှ ပြန်ကြွအလာ၊
ကြိုဆိုပွဲမှီ ကိုယ်လဲအပါ၊
ထီလာကြိုပွဲ ဗိုလ်စွဲစေငှာ၊
အများနှင့် အားခဲသူ့ထက်ငါ။

၁၈။ ဘေးရန်ဝေးဘို့ ကြံတွေးကိုယ်စီ၊
ဒို့စုပေါင်းလို့ ဆုတောင်းကြပြီ၊
အထက်တန်းမှ သက်တမ်းရာချီ၊
ရှည်စေသား မြွက်ကြွား နှုတ်ဝစီ။

၁၉။ မထေရ်ထွတ်ထား အများကြိုဆို၊
ယခုထုံရ ပညာကုသိုလ်၊
အမျှပေးလို့ ရဓရေးကြိုဆို၊
ဘဝင်ကြွား ထက်ဖျား ရောက်စေလို။

ကျေးဇူးရှင် တောင်ပုလုတောရ ကမ္ဘာအေး ဆရာတော်ဘုရားကြီး၏
ဂုဏ်ကျေးဇူးတို့ကို ပူဇော်ကန်တော့သောအားဖြင့်

**သီကျူးဖွဲ့ဆိုသော ရတုကဗျာ**

ဖွဲ့ဆိုသူ-မဟာသရေစည်သူ ဦးချမ်းသာ (လက်ဝဲမင်းညို)

**တောင်ပုလု**

(၁) **တောင်ပုလု။** ။မျှော်ရှုမျှော်ခင်း၊ မျှော်ကွင်းသာလှ၊ သာစွ ပတ်လည်၊ သာမျိုးစည်တည့်၊ ရောင်ခြည်လျှံဝါ၊ သာသနာ လျှင်၊ မြန်ချာဝန်းလျား၊ ကမ္ဘာသားမှ၊ သိကြားနတ်ရွာ၊ ထက်ပြဟ္မာနှင့်၊ စက္ကဝါဆယ်ထောင်၊ ဝင်းထိန်ပြောင်၍၊ အမှောင်ပယ်ခွင်း၊ နိဗ္ဗူလင်းလျက်၊ ဖြည့်တင်းမဂ်ပွင့်၊ ဆင့်ရ ရင့်တည့်၊ ကျင့်လမ်းမှန်စွာ၊ သာသနာ့ရောင်ဝါ၊ ထောင်ရောင် ဖြာသည်။ ။အောင်ချာအောင်ဆု၊ တောင်ပုလု။

(သာသနာ)

(၂) **တောင်ပုလု။** ။သက်စုသက်ပေါင်း၊ သက်ရှည်ကောင်းဟု၊ သွန်း လောင်း မေတ္တာ၊ ဆယ်ရပ်ဖြာလျက်၊ ကမ္ဘာခြားခြား၊ မြောက်မြားဝဠာ၊ ဗိလာထက်အောက်၊ မေတ္တာပေါက်က၊ တောင်လောက်ပူမီး၊ လျှံညီးညီးကို၊ မိုးကြီးသွန်းလောင်း၊ ငြိမ်းအေးကြောင်းသို့၊ သောင်းလုံးလွှမ်းပတ်၊ လောကဓံတတ် ကို၊ လွှတ်ယတ်မေတ္တာ၊ မြရောင်ဖြာသော်၊ ချမ်းသာ အေးကြည်၊ သောင်းလုံးစည်သည်။ ။အောင်ခြည်အောင်ဆု၊ တောင်ပုလု။

(အေးမေတ္တာ)

(၃) တောင်ပုလု။ ။ကျော်မှုကျော်ခြင်း၊ ကျော်သတင်းကား၊ နှိုင်းလျှင်းမရှိ၊ နှံ့မျှသိရှင့်၊ ဝိပဿနာ၊ ကာ-ဝေ-စိတ္တာ၊ ဓမ္မလေးပါး၊ သတိထားလျက်၊ သွား-ရပ်-ထိုင်-လျောင်း၊ သတိဆောင်း၍၊ ဖြစ်ပြောင်းမှတ်ရှု၊ သတိပြုလျက်၊ ခြောက်စုအာရုံ၊ ခြောက်စုံဝိညာဉ်၊ ဖြစ်ပျက်ထင်မှ၊ လေးအင်သစ္စာ၊ မဂ်လေးဖြာကို၊ လျင်စွာဉာဏ်တွင်း၊ နိဗ္ဗူလင်းသည်။ ။အောင်ခြင်း အောင်ဆု၊ တောင်ပုလု။

(ဉာဏ်ရောင်ဝါ)

(၄) တောင်ပုလု။ ။မှတ်ရှုမှတ်သိ၊ မှတ်သတိကြောင့်၊ သမာဓိ အားပြောင်၊ ဉာဏ်လင်းဆောင်သော်၊ အောင်ဆု အောင်ရာ၊ အောင်ကျွန်းသာတွင်၊ သာသနာရောင်၊ မေတ္တာရောင်နှင့်၊ ဉာဏ်ရောင်ပျံ့တက်၊ လျှံဘဝဂ်မျှ၊ ရောင်ယှက်ဝန်းလည်၊ သုံးရောင်စည်၍၊ ရွှေပြည်ကူးတို့၊ တူ၏သို့ပင်၊ အောင်မျိုးခေမာ၊ ဆောင်ပို့ရာဟု၊ စက္ကဝါသောင်းကြွေး၊ ကောင်းချီးပေးသည်။ ။အောင်ရေးအောင်ဆု၊ တောင်ပုလု။

(သုံးရောင်ဖြာ)

(၅) တောင်ပုလု။ ။ဥတုသုံးလီ၊ ဒွါဒသီနှင့်၊ ချိန်ညီရတု၊ လှည့်လည်မှုတွင်၊ ဓုတင်ဆောင်သုံး၊ ကျင့်မြတ်ဆုံးကို၊ ဆင်ကုံးစိဋ္ဌာန်၊ ဦးထိပ်ပန်လျက်၊ သုံးတန်သိက္ခာ၊ မြင်းမိုရ်ချာသို့၊ လေးဖြာသီလ၊ ခိုင်မြဲလှလျက်၊ သုံးဝသာသနာ၊ ထွန်းလင်းဖြာ၍၊ သံသရာရဟာတ်၊ ဝဋ်သုံးပြတ်အောင်၊ မဂ်မြတ်လေးထွေ၊ ပင့်ဝေသို့၊ ညွှန်ပေပြရှာ၊ မြတ်ဆရာကို၊ ဆယ်ကြောင့်လက်၊ ဦးထိပ်ရွက်သည်။ ။အောင်မဂ်အောင်ဆု၊ တောင်ပုလု။

(မြတ်ဆရာ)

## အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊
## စိန့်ကလဲမြို့၊ စကိုင်းလိုင်းလမ်းကြီးအနီး၊ အမှတ် ၂၃၁၅၅-ရှိ
## တောင်ပုလုကမ္ဘာအေး ဓမ္မရိပ်သာတွင်
## သာသနာ့ဝန် ထမ်းဆောင်ခဲ့ကြသော

### ရဟန်း၊ သာမဏေ၊ ရသေ့၊ ရသေ့မများစာရင်း

| ဦးရေ ဘွဲ့အမည် | လူအမည် | အသက် | နေရပ် |
|---|---|---|---|
| ၁။ ဦးဝိသုဒ္ဓ | ဦးချန်တိဘ် | ၇၃ | ဖရီးမောင့်မြို့ |
| ၂။ ဦးကုသလ | ဦးချင်ထွန်း | ၆၃ | ဆန်ဖရန်စစ္စကိုမြို့ |
| ၃။ ဦးပဏ္ဍိတ | ဂျိုးဘိုက်စတားရစ် | ၃၃ | မောင်တယ်ရီယိုမြို့ |
| ၄။ ဦးဝိမလ | မောင်ဝင်းမော် | ၃၂ | မြလောင်းဘိမြို့ |
| ၅။ ဦးအာဒိစ္စဝံသ | ဒေးဗစ်ဝေါင်း | ၃၁ | ဆန်ဖရန်စစ္စကိုမြို့ |
| ၆။ ဦးသုရဓမ္မ | တောင်ဝိလီယံ-ဥက္ကဋ္ဌ | ၃၁ | ဗာကလစ်မြို့ |
| ၇။ ဦးပဏ္ဍိစ္စ | မောင်ကျော်ဝင်း | ၂၃ | ဆန်ဖရန်စစ္စကိုမြို့ |
| ၈။ ဦးကေသရ | ဦးခင်မောင်သန်း | ၄၃ | ။ |
| ၉။ ဦးကေလာသ | မောင်ကျော်ဇော | ၂၇ | ဆန်ဟိုဧးမြို့ |
| ၁၀။ ဦးဂန္ဓမာ | မစ္စတာလှုတ်ချက်မင်း | ၃၇ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၁။ ဦးကာဝိန္ဒ | ဖရဲန်ခလင်း | ၃၁ | ။ |
| ၁၂။ ဦးသုန္ဒရ | စိုင်ဖရမင် | ၃၃ | ။ |
| ၁၃။ ဦးနန္ဒိယ | မောင်ချာလီ | ၂၉ | ခိုးလခ်ဘ်မြို့ |
| ၁၄။ ဦးပုည | မစ္စတာဘရုးစ် | ၂၆ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၅။ ဦးဥက္ကံသ | မောင်ထွန်းကျော် | ၂၆ | မောင်တိခ်ဗျူးမြို့ |
| ၁၆။ ဦးကိတ္တိ | တင်မောင်ညွန့် | ၄၃ | ။ |
| ၁၇။ ဦးကေဟု | မောင်ကျော်ငြိမ်း | ၄၃ | ဘောကာဖိမြို့ |
| ၁၈။ ဦးဂန္ဓမာလာ | မတ်ခိုင်အိုစ် | ၂၉ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၉။ ဦးအာလောက | ဂျိုခ်ားစ်ထကာယ် | ၃၆ | လော့အိမ်ဂျဲလစ်မြို့ |
| ၂၀။ ဦးရာဟုလာ | ရောဘတ်ဟင်ပလင်း | ၃၀ | ဆန်ဖရန်စစ္စကိုမြို့ |
| ၂၁။ ဦးကေတု | မယ်ဘင်တူးစန်း | ၃၁ | ။ |

| ဦးရေ ဘွဲ့အမည် | လူအမည် | အသက် | နေရပ် |
|---|---|---|---|
| ၂၂။ ဦးဇဋ္ဌိလ | မောင်ဝေလွင် | ၂၇ | မောင်တိမ်မျိုးမြို့ |
| ၂၃။ ဦးအဂ္ဂဓမ္မ | မောင်ထွန်းအောင် | ၃၇ | ဆန်ဖရန်စစ္စကိုမြို့ |
| ၂၄။ ဦးလောကနာထ | ဦးဘပု | ၅၉ | ။ |
| ၂၅။ ဦးရေဝတ | ဒေါက်တာထွန်းထွန်း | ၃၄ | ။ |
| ၂၆။ ဦးကေသရ | မောင်အောင်ဝင်း | ၂၂ | ။ |
| ၂၇။ ဦးဝိမလ | ဦးလှထွန်း | ၄၄ | ဝါရှင်တန်မြို့ |
| ၂၈။ ဦးအဂ္ဂဝံသ | ဒေါက်တာအောင်သွင် | ၃၁ | ဘော်တီမိုးမြို့ |
| ၂၉။ ဦးစန္ဒိမာ | မိုက်ကယ်စင် | ၂၆ | အိမ်းစ်ဗယ်နိမြို့ |
| ၃၀။ ဦးပုဏ္ဏမာသ | ဦးမြသောင်း | ၃၄ | ဒေလီစစ်တီးမြို့ |
| ၃၁။ ဦးကုသလ | ရောဘတ်လှသိန်း | ၂၉ | ဆန်ဟိုဇေးမြို့ |
| ၃၂။ ဦးအာစိဏ္ဏ | မစ္စတာဂရင်းဗာဩဂုတ် | ၆၂ | ပါလိုအာ့တိုမြို့ |
| ၃၃။ ဦးသောဘဏ | ဖရစ်စမစ် | ၃၈ | ဖော့ရဗင်းမြို့ |
| ၃၄။ ဦးဇဋ္ဌိလ | မောင်ဝင်းနိုင် | ၂၈ | ဆန်ဖရန်စစ္စကိုမြို့ |
| ၃၅။ ဦးဓမ္မသာမိ | ကိုထိန်လင်း | ၃၅ | ယူနီယံစစ်တီးမြို့ |
| ၃၆။ ဦးအာသဘ | ကိုနင်ဝ | ၃၈ | မောင်တိမ်မျိုးမြို့ |
| ၃၇။ ဦးဥတ္တမသာရ | မေဂျာ့ခမ့်ဖရီ | ၃၀ | စက်ကာမဲတိုမြို့ |
| ၃၈။ ဦးခိပ္ပပည |  | ၄၉ | ဗီယက်နမ်နိုင်ငံ |
| ၃၉။ ဦးဉာဏက | ဗာပလိမြို့ | ၂၂ | အိန္ဒိယနိုင်ငံ |
| ၄၀။ ဦးဝိသုဒ္ဓ | ဟောင်းစ်ဒေး | ၄၁ | အိန္ဒိယနိုင်ငံ၊ ပွန်ဒီချယ်ရီမြို့ |

## သာမဏေများစာရင်း

| ဦးရေ | ဘွဲ့အမည် | လူအမည် | အသက် | နေရပ် |
|---|---|---|---|---|
| ၁။ | ရှင်ဝိလာသ | မောင်လှဖေ | ၁၆ | ဖနီးမော့မြို့ |
| ၂။ | ရှင်ဇာဂရ | မစ္စတာကာလစ်မ္ဘီ | ၁၅ | ။ |
| ၃။ | ရှင်ဣန္ဒြိယ | မောင်ရဲအောင်ကျော်မင်း | ၁၂ | ။ |
| ၄။ | ရှင်ဓမ္မသာမိ | မောင်မိုးထူး | ၇ | ။ |
| ၅။ | ရှင်ရေဝတ | မောင်လင်းလင်း | ၄ | ဆန်ဟိုဆေးမြို့ |
| ၆။ | ရှင်ဣသာရိယ | ဂျင်မီထမ်း | ၁၂ | မောင်တိမ်ဗျူးမြို့ |
| ၇။ | ရှင်သုမန | ဗီတာ့ထမ်း | ၉ | ။ |
| ၈။ | ရှင်ဇဝန | | ၁၇ | ဝါရှင်တန်မြို့ |
| ၉။ | ရှင်သုမန | | ၃ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၀။ | ရှင်ဓမ္မဒိန္န | ထွန်းနိုင်ပေါ် | ၂ | ဖနီးမော့မြို့ |
| ၁၁။ | ရှင်အာစရ | အောင်ကျော်လွင် | ၉ | ယူနီယံစစ်တီးမြို့ |
| ၁၂။ | ရှင်မာလာ | မျိုးကျော်လွင် | ၆ | ။ |

## ရသေ့မများစာရင်း

| ဦးရေ | ဘွဲ့အမည် | လူအမည် | အသက် | နေရပ် |
|---|---|---|---|---|
| ၁။ | မဝိလာသီ | မိုးရီးရ်မက်ကွယ်ရား | ၂၄ | ဆန်ဖရန်စစ္စကိုမြို့ |
| ၂။ | မဓမ္မဒသီ | မယ်ရီဝီလီယံ | ၂၀ | ဗာကလစ်မြို့ |
| ၃။ | မဓမ္မနန္ဒီ | ဒေါ်ဗာဂျီနီယာ | ၄၀ | စိန့်ကလဲမြို့ |
| ၄။ | မဇာလိနီ | ဒေါ်ပဲ့အယ် | ၄၀ | ဆင်းမလ်တီမြို့ |
| ၅။ | မဒေဘာရီ | ခတ်ထရီနာ | ၂၀ | မီးလ်ဘယ်နီမြို့ |
| ၆။ | မဓမ္မနန္ဒီ | ဒေါ်စ် | ၂၄ | ကယ်လီဖိုးနီးယားမြို့ |
| ၇။ | မသုန္ဒရီ | ဖတွေးရှမ်း | ၃၅ | မောင်တယ်ရီယိုမြို့ |
| ၈။ | မသာလီ | ဘီဘီအင်ဒေါလ်ရှစ် | ၂၅ | စီအာယ်တိုမြို့ |
| ၉။ | မမေဓာဝီ | အယ်လင်ဒေါ် ယုဂတီ | ၂၉။ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၀။ | မအာစာရီ | ပါယ်နီးစ် | ၂၀ | ဖီလာဒဲလ်ဖီးယားမြို့ |
| ၁၁။ | မနန္ဒီနီ | ဒေါ်တာနင်စီကော်တင် | ၃၁ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၂။ | မဏန္ဒာစာရီ | ရီအာစာမင် | ၃၃ | ။ |
| ၁၃။ | မနန္ဒာ | ရှာစတာဝေါ့ယ်စ် | ၂၀ | စန္ဒာကရုစ်မြို့ |
| ၁၄။ | မခေကာရီ | ကေရောလ်သေလရ် | ၃၅ | ဆန်ဖရန်စစ္စကိုမြို့ |
| ၁၅။ | မဉာဏီ | ဒိဒိဂျပန် | ၂၇ | ။ |
| ၁၆။ | မကာရုဏီ | အယ်မာလီ | ၂၆ | ။ |
| ၁၇။ | မတာဏီ | မေရီ | ၂၅ | ။ |
| ၁၈။ | မဝါစီ | အာရာဇ်စ် | ၂၇ | ။ |
| ၁၉။ | မဓမ္မဒိန္နာ | ဟယ်လင်ဂျိုးဇက် | ၂၇ | ဥက္ကလင်မြို့ |
| ၂၀။ | မစန္ဒာလီ | ပါယ်ဂီဒေးစ် | ၃၇ | ဆန်ဖရန်စစ္စကိုမြို့ |
| ၂၁။ | မဝိသာခါ | ဂျနီဖာစ် | ၁၆ | ပါလိုအာတိုမြို့ |
| ၂၂။ | မစန္ဒီ | အဲလစ်စဘက် | ၂၈ | ဆန်ဖရန်စစ္စကိုမြို့ |
| ၂၃။ | မဓမ္မဒိန္နာ (ဆရာမ) | ရူဒက်နစ်ဆင် | ၅၆ | လော့စမ်းဂျလစ်မြို့ |
| ၂၄။ | မဏန္ဒီ | လော်ရာစ် | ၂၀ | ပိုလန်မြို့ |
| ၂၅။ | မရေဝတီ | အဲလင်စဘက်လင်း | ၂၅ | မောင်တိန်ဗျူးမြို့ |

# ရသေ့များစာရင်း

| ဦးရေ | ဘွဲ့အမည် | လူအမည် | အသက် | နေရပ် |
|---|---|---|---|---|
| ၁။ | ရသေ့ ဦးသုမေဓ | ဒေါက်တာဘရှစ် | ၃၁ | ဆန်ဖရန်စစ္စကိုမြို့ |
| ၂။ | ရသေ့ ဦးအောင်ဇေယျ | ဒေါက်တာရိုးကြတ်စတိုင်း | ၃၂ | ။ |
| ၃။ | ရသေ့ ဦးမေဓာဝီ | ဒေါက်တာဂျော့ရ်ဂျိုဂရေးစ် | ၂၀ | ပါလိုအာတိုမြို့ |
| ၄။ | ရသေ့ ဦးမေဓာ | ပေါလ်အဲကာရမင် | ၃၀ | ဆန်ဖရန်စစ္စကိုမြို့ |
| ၅။ | ရသေ့ ဦးခန္တီ | မောင်တယ်ရီ | ၂၆ | ။ |
| ၆။ | ရသေ့ ဦးဝါသဝ | အမ်ကာနှဟန်ဆင် | ၃၂ | လော့စင်ဂျလစ်မြို့ |

## ပြင်ဆင်ဖတ်ရှုရန်

စာမျက်နှာ ၄၆၊ စာကြောင်းရေ ၁၂ တွင်-

အဘွင်းရေးမှုး ဦးရွှေ၏ကားအစား အတွင်းရေးမှုး ဦးရွှေလူ၏ ကားဟူ၍ဖတ်ရှု၍ရင်း၊

စာမျက်နှာ(ဂ) ခေါင်းစီးတွင်-

၁-၂-၃-မှာ အမှန်ဖြစ်၍

(၄) ဦးနာရဒ (တောင်ပုလု)

(၅) အရှင်ပညာဒီ-ဟူ၍ရင်း ဖြည့်စွက်ပြင်ဆင် ဖတ်ရှုပါရန်။

## ဝိုင်-အမ်-ဘီ-အော အရှင်ဝိသုတာဘိဝံသ



မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ဂျုပ်ပင်ကုန်းရွာ ဘဘ ဦးအုန်းခိုင်–အမိ ဒေါ်ခန်းကြည် တို့မှ ခရစ်နှစ် ၁၉၃၉-ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

ဂျုပ်ပင်ကုန်းကျောင်း ဆရာတော် အရှင် ခေမိန္ဒ နှင့် ဆိပ်သာကျောင်း ဆရာတော် အရှင် ကေလာသ တို့ထံတွင် အခြေခံ စာပေများကို သင်ကြား တတ်မြောက်ခဲ့သည်။ ၁၉၅၉-ခုနှစ်တွင် ဂျုပ်ပင်ကုန်းရွာ ဦးလှမောင်-ဒေါ်မြရင်တို့၏ စတုပစ္စယဒါနကို ခံယူကာ သာသနာ့ဘောင်သို့ တက်ရောက်ခဲ့သည်။

၁၉၆၀-ပြည့်နှစ်တွင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနာ့ရက္ခိတကျောင်း အရှင်တေဇနိယ ထံတွင် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းစာများ ဆည်းပူးသင်ကြားခဲ့သည်။ ဝါသနာအလျောက် တဘက် မှလည်း အင်္ဂလိပ်စာပေနှင့် သက္ကတစာပေများကို လေ့လာ သင်ကြား ခဲ့သည်။

၁၉၆၁-ခုနှစ်မှစ၍ ငယ်, လတ်, ကြီး စာမေးပွဲများကို ပါဠိဘာသာ ဖြင့် ဖြေဆို အောင်မြင်ခဲ့သည်။ ၁၉၆၇-ခုနှစ်တွင် စာချတန်းနှင့် မဟာ ဝဂ္ဂါဒိ ပါဠိဂုဏ်ထူးကျမ်းများကိုလည်း ဖြေဆိုခဲ့သည်။ ၁၉၆၃-ခုနှစ်မှ စ၍ "ရွှေညာသိရီ" "ဖုန်းမြိုင်–ပခုက္ကူ" ဟူသော ကလောင်အမည်များဖြင့် စာနယ်ဇင်းများတွင် ရေးသားခဲ့သည်။

၁၉၇၀-ပြည့်နှစ်တွင် ဆုတောင်းခန်းပျို၏ အဖြေဖြစ်သည့် "ကာဗျ-လိနတ္ထစိန္တာ" မည်သောကျမ်းဖြင့် ဝိုင်-အမ်-ဘီ-အော စာပေဆုကို ရယူ ခဲ့သည်။ ယခုအခါ မိတ္ထီလာမြို့ ရွှေစေတီလူးကျောင်းတိုက်တွင် စာပေ ပို့ချခြင်း, စာပေပြုစုရေးသားခြင်းတို့ဖြင့် သာသနာ့တာဝန်ကို ထမ်း ဆောင်လျက်ရှိသည်။